
သဏ္ဍာ စာအုပ်တိုက်
မောင်စိုးချိန်
သွေးပင်လယ်
နှင့် အခြားဝတ္ထုတိုများ

မောင်စိုးချိန်

# သွေးပင်လယ်

နှင့်

# အခြားဝတ္ထုတိုများ

## စာအုပ်မှတ်တမ်း

မောင်စိုးချိန်
သွေးပင်လယ် နှင့် အခြားဝတ္ထုတိုများ

မူပိုင်
သစ္စာတော်လှန်ရေး စာပေတိုက်

အုပ်ရေ
၁၀၀၀

ထုတ်ဝေနှစ်
၂၀၀၉ ခုနှစ် စက်တင်ဘာ

ပုံနှိပ်
ထိုင်းနိုင်ငံ – မဲဆောက်

ဖြန့်ချိ
သစ္စာတော်လှန်ရေး စာပေတိုက်

# ထုတ်ဝေသူများ စာရင်း

ဂျပန် – တိုကျို

မှ

ခင် (ကိုးသုံးလုံး)

မဖြူဖြူမွန်

နှင့်

ဂျပန် – ရှီစုအိုကာ

မှ

သစ္စာအင်အားစုဝင် နှစ်ဦးဖြစ်သည့်

ကိုစိုင်းလောင်မိန်းသက်

ကိုဝင်းမြင့်ဦး

# ကျေးဇူးတင် မှတ်တမ်းလွှာ

သွေးပင်လယ် ဝတ္ထုတိုစုစည်းမှုကို ထုတ်ဝေရာတွင် အမှာရေးပေးခဲ့သည့် ဆရာမောင်စွမ်းရည်နှင့် မျက်နှာဖုံးလက်ရာကို ဖန်တီးချယ်မှုန်းသည့် ပန်းချီဆရာ ကိုသီဟမောင်မောင်၊ စာအုပ်ပြင်ဆင်ပေးသော ကိုထွန်းအောင်(ကိုစိုး)တို့အား အထူးပင် ကျေးဇူးတင်ကြောင်း အလေးနက်ဖော်ပြအပ်ပါသည်။

ထိုနည်းတူ လွန်ခဲ့သည့် ၂၀၀၈ ကတည်းက အရင်းအနှီးမတည်ပြီး ထုတ်ဝေရန် ကြိုးစားခဲ့သော်လည်း အကြောင်းကြောင်းကြောင့် ဤဝတ္ထုတိုစုစည်းမှုကို မထုတ်ဝေနိုင်ခဲ့သဖြင့် မေတ္တာရပ်ခံတောင်းပန်ခဲ့ရသည့် ဂျပန်(တိုကျို)မှ ခင်(ကိုးသုံးလုံး)၊ မဖြူဖြူမွန်နှင့် ကိုစိုင်းလောင်မိန်းသက်တို့အားလည်းကောင်း၊ အောင်အောင်မြင်မြင် ထုတ်ဝေဖြစ်ရန်အတွက် လက်တလောလိုအပ်ချက်ကို ကူညီဖြည့်စည်းခဲ့သည့် ကိုဝင်းမြင့်ဦးအား လည်းကောင်း၊ မျှော်လင့်ချက်ကင်းစွာ လေးယောက်အင်အားဖြင့် စုစည်း ထုတ်ဝေပေးခဲ့ကြသည့်အတွက် ကျေးဇူးတင်၍မဆုံးကြောင်း ဖော်ပြခြင်းဖြင့် မှတ်တမ်းတင်အပ်ပါသည်၊

ဗမာစာပေလောကထဲတွင် မိခင်တိုင်းပြည်၏ပြည်ပ၌ စာရေးဆရာ တစ်ယောက်ခြင်း၏ ဝတ္ထုတိုများကိုဖြစ်စေ၊ စာရေးဆရာများ၏ ဝတ္ထုတိုလက်ရာများကိုပင်ဖြစ်စေ စုစည်းထုတ်ဝေမှုမှာ မရှိသလောက် ရှားပါးနေသည့်အခိုက်တွင် ထုတ်ဝေသူ၊ စာချစ်သူ၊ မိတ်ဆွေများအနေဖြင့် အခွင့်အရေးတရပ်ကို လက်လွှတ်မခံပဲ ထုတ်ဝေခဲ့သည့်အတွက်လည်း အံ့ဩလေးစားခြင်းနှင့်အတူ ကြည်နူးဝမ်းသာခဲ့ရပါသည်။ သည့်အတွက် ထပ်မံ၍ ကျေးဇူးတင်စကား ဆိုပါရစေ။ ။

မောင်စိုးချိန်

**စာရေးသူ**

**ဩဂုတ် ၂၇၊ ၂၀၀၉**

# မောင်စိုးချိန်



တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းတိုက်နယ်။ ချောင်းကျိုးကျေးရွာတွင် အဖ ဦးချိန်၊ အမိ ဒေါ်သိုင်းခြုံတို့က ၁၉၄၉၊ မတ်လ ၁၄ တွင် မွေးဖွားသည်။ အမည်ရင်း ဦးအောင်မြင့်စိုးဖြစ်သည်။ တော်လှန်ရေးသမား၊ နိုင်ငံရေးသမားဖြစ်ခဲ့သူ၊ ကုန်သည်၊ လယ်သမားဖြစ်ခဲ့သူ၊ စာပေအနုပညာ မျိုးစေ့ချပေးခဲ့သူ၊ ဖခင်ကို ဂုဏ်ပြုသောအားဖြင့် အဖနာမည်ကိုယူကာ "မောင်စိုးချိန်" ကလောင်အမည်ကိုတပ်ခဲ့သည်။ ဆင်းရဲ လယ်သမားမှ မွေးဖွားလာခဲ့သူ။ မွေးချင်းလေးယောက်အနက် ဒုတိယ။ ပြည်တွင်းစစ်ကာလ အရင်းရှင်ခေတ်နှင့် ဖက်ဆစ်စစ်အုပ်စုခေတ်တွင် လယ်သမား၊ အလုပ်သမား၊ ကျောင်းဆရာ၊ နိုင်ငံရေးသမား၊ လက်နက်ကိုင် တော်လှန်ရေးတွင် ပါဝင်ခဲ့သူ။ မောင်စိုးချိန်အပြင် ဖလို– အောင်မြင့်စိုး၊ သက်ကိုကို၊ စိုးမြင့်ကြည်၊ ထွန်းလင်းအောင်၊ အေးမြနှင်းရည်၊ ထူးတင့် စသည့် ကလောင်ခွဲများနှင့် စာရေးခဲ့သူ ...

၁၉၇၃၊ မေ ထုတ် "ရုပ်ရှင်အမြုတေ" မဂ္ဂဇင်းတွင်ဖော်ပြခံရသည့် " အနုပညာဆိုသည်မှာ " အဖွင့်ကဗျာသည် ပုံနှိပ်စာလုံးဖြင့် စတင်ဖော်ပြခံရသည့် ကဗျာဖြစ်သည်။ ငွေတာရီ၊ မိုးဝေစာပေမဂ္ဂဇင်း၊ ရှုမဝ၊ သောင်းပြောင်းထွေလာ၊ ဂီတပဒေသာ၊ ဟန်သစ်၊ အိပ်မက်ဖူး မဂ္ဂဇင်းတို့တွင် ဝတ္ထုနှင့် ကဗျာများရေးခဲ့သည်။ ၇၉ ခုနှစ်များတွင် အစဉ်တစိုက်ရေးခဲ့သော မဂ္ဂဇင်းမှာ မိုးဝေစာပေမဂ္ဂဇင်း ဖြစ်သည်။ ထားဝယ်ကောလိပ် မဂ္ဂဇင်းတွင် အယ်ဒီတာ၊ ထုတ်ဝေသူဖြစ်ခဲ့။

စစ်အာဏာရှင်စနစ် ဆန့်ကျင် ရုန်းကန်သည့် ၁၉၇၄ ကျောင်းသားလှုပ်ရှားမှု၊ ၇၅ အလုပ်သမား လှုပ်ရှားမှုတွင်ပါဝင်ခဲ့သူ။ ၁၉၇၇ မှ ၁၉၈၉ အထိ ရန်ကုန်တက္ကသိုလ်(ပင်မ)၊ လုပ်သားများကောလိပ်၊ မြစ်ကြီးနား ဒီဂရီကောလိပ်နှင့် ထားဝယ်ကောလိပ်တို့တွင် ဒဿနိကဗေဒဌာန ဆရာအဖြစ် စာသင်ခဲ့သူ။ ၈၈ အရေး တော်ပုံကာလ တက္ကသိုလ်နှင့် ကောလိပ်ကျောင်းဆရာများ သမဂ္ဂတွင် အမှုဆောင်အဖွဲ့ဝင်။ လုပ်သားများ ကောလိပ် ကျောင်းသားသမဂ္ဂဖွဲ့စဉ်က ပါဝင်ခဲ့သူ။ ဗကသ"လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ"ကို ထူထောင် စဉ် နိုင်ငံရေး ဦးဆောင်အဖွဲ့၌ အဖွဲ့ခေါင်းဆောင်အဖြစ် တင်မြှောက်ခြင်းခံရ (၈၈–၈၉)။ လက်နက်ကိုင် တော်လှန်ရေးထဲ ပါဝင်ခဲ့ (၁၉၈၉ ဇူလိုင် ၂၇)

"စာပေနှင့် အနုပညာရှင်များကလပ် " ကို မာနယ်ပလောတွင် ဖွဲ့စည်းကြစဉ် အထွေထွေ အတွင်း ရေးမှူးအဖြစ် တင်မြှောက်ခြင်းခံရ (၁၉၉၁ ဖေဖော်ဝါရီ ၂၈)။ စာပေကလာပ်က သစ္စာရီဗျူးထုတ်ဝေစဉ် တာဝန်ခံအယ်ဒီတာ၊ အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သူ (၁၉၉၁–၁၉၉၂)။ အမေရိကန်သို့ ရောက် လာစဉ်(၁၉၉၄၊ ဒီဇင်ဘာ) ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးတို့ကို ရေးသားထုတ်ဝေခဲ့။ ရေးသားထုတ်ဝေခဲ့သည့် ကဗျာစာအုပ်များမှာ ကိုယ်စားပြု ကျည်ဖူးတွေ (၁၉၉၁)။ လှပသော သေနတ်သံ(၁၉၉၈)။ မုန်တိုင်း မီးတောင် တွေ(၁၉၉၉ ဇန်နဝါရီ)။ ခံစစ်နွေ ထိုအလှ (၁၉၉၉ ဒီဇင်ဘာ)။ အချစ်လမင်း (၂၀၀၂ ဒီဇင်ဘာ)။ ထို့နောက် သစ္စာ ပျားရည်စက်တွေနှင့် အခြားဝတ္ထုများ(၂၀၀၃ မတ်လ)။ နောက် ဆက်လက်ထုတ်ဝေမည့် စာအုပ်များမှာ နွေဦးထိုးစစ် ... သို့ ... အလွမ်း (ကဗျာ)။ ဗမာပြည် မြေယာပြဿနာ (စစ်တမ်း)။ ဒီမိုကရေစီ ခုခံတော်လှန်စစ် (ဆောင်းပါးပေါင်းချုပ်) တို့ဖြစ်သည်။

" ဗမာပြည်အမျိုးသား လူငယ်များအဖွဲ့ချုပ် (အမေရိကန်)" အဖွဲ့အစည်းတွင် နိုင်ငံရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်အဖြစ် (၂၀၀၀ မှ ယခု အထိ)၊ သစ္စာတော်လှန်ရေး စာပေမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာ (၂၀၀၄ မှ ယခုထိ)ဆောင်ရွက်ဆဲ။

# မာတိကာ


ဒဂုန်တာရာ … ဝတ္ထုသဘောတရား

မောင်စွမ်းရည် … အမှာ

စာရေးသူ၏ … အမှာ

၁။ လိုက်ခဲ့ပါရစေ ကိုကို …

၂။ ညများကို ဖြတ်သန်းခြင်း …

၃။ သွေးပင်လယ် …

၄။ အချစ်တို့၏ ကောက်ရိုးအိမ် …

၅။ ဖေဖေ့အတွက် … ပြီးတော့ …

၆။ မသန်း၏ စစ်ရေးဒီမိုကရေစီ …

၇။ အရှေ့ဘက်ကမ်းသို့ တင်ပို့ခြင်း …

၈။ မှော်လက်ပိုင်ရှင် …

၉။ ပွင့်ကြွေတောက ပန်းလေးပွင့် …

၁၀။ တိမ်တိုက်တွေထဲက မီးလျှံ …

၁၁။ အမှောင်ည၏ မီးပွင့်များ …

၁၂။ သူ့ရဲကောင်း၏ ည …

၁၃။ တစ္ဆေအိမ်မက် …

၁၄။ နာတာရှည် …

၁၅။ အမွေ …

၁၆။ သစ္စာပျားရည်စက်တွေ …

၁၇။ နှင်းဝတ်ရည် …

# ဒဂုန်တာရာ၏ ဝတ္ထုသဘောတရား

(က)

စာရေးဆရာများ ဘာကြောင့် စာရေးကြသလဲဟူသော ပုစ္ဆာသည် စိတ်ဝင်စားဖွယ် ကောင်းပေသည်။ စာရေးဆရာများ၏ ဘဝကို လေ့လာလျှင် ယင်းအဖြေ လမ်းကြောင်းသည် ရှင်းလင်းပြတ်သားလာပေမည်။ စာရေးဆရာ၏ ဘဝဆိုရာ၌ လူမှုဆက်ဆံရေးဘဝကို ဆိုခြင်းဖြစ်ပေသည်။

ငွေကြေးအတွက် ရေးသားကြသလော။ အဘိဓမ္မာဆရာကြီး ကားလမတ်က စာရေးရန်အတွက် အသက်ရှင်ရန်ဖြစ်၍ အသက်ရှင်ရန်အတွက် စာရေးရန် မဟုတ်ပေဟု ဆိုဘူးသည်။ စာရေးလျှင် ငွေကြေးရရမည်ဖြစ်သော်လည်း ငွေကြေးရရန်အတွက် စာရေးရမည် မဟုတ်ပေဟု အဓိပ္ပါယ်ထွက်သည်။ တကယ် လက်တွေ့များကိုကြည့်က စာရေးဆရာများ၌ အမျိုးမျိုးသော ရည်ရွယ်ချက်များကို တွေ့ရပေသည်။ စာရေးဆရာတိုင်း ငွေကြေးအတွက်ဟု မဆိုနိုင်ပေ။

☆ ☆ ☆ ☆ ☆

အနုပညာ၌ အခြေခံအချက်မှာ ‘ဖော်ပြမှု’ ဖြစ်သည်။ စာရေးဆရာသည် စာရေးရာ၌ မိမိ ရင်တွင်း၌ရှိသော ဝေဒနာကို ဖော်ထုတ် ပြသလိုက်ခြင်းဖြစ်သည်။ ယင်းကို ဖော်ပြမှုဟု ခေါ်ကြသည်။ စာရေးဆရာများ ရေးကြသော စာပေများ တခုနှင့်တခု ခြားနားကြသည်။ ကွဲပြားကြသည်။ အဆင်အသွေး မတူကြသည် ဆိုသည်မှာ ယင်းစာရေးဆရာ အသီးသီး၏ လူမှုဆက်ဆံရေး ဘဝများ မတူကြသောကြောင့် ဖြစ်ပေသည်။ ယင်းသို့ စာရေးဆရာများ၏ လူမှုဆက်ဆံရေးဘဝများ မတူကြသောကြောင့် သူတို့၏ ခံစားမှု ဝေဒနာများလည်း မတူကြတော့ပေ။ ခံစားမှု ဝေဒနာကို ရေးထုတ်သော အနုပညာ ပုံသဏ္ဌာန်များလည်း မတူကြတော့ပေ။

သဇင်သင်းပြန်တော့ – စာ ၂၅၅၊ ၂၅၆

(ခ)

စာရေးဆရာသည် စာပေတရပ်ကို ဖွဲ့နွဲ့ရာ၌ သူ၏ခံစားမှု၊ သူ၏ဘဝအတွေ့အကြုံ၊ သူနေသော ပတ်ဝန်းကျင်၊ သူဖြတ်သန်းသော ခေတ်တို့ကို ဖော်ပြမြဲဖြစ်သည်။ ခံစားမှုကို ဖော်ပြခြင်းထက် ဘဝအတွေ့အကြုံကို ဖော်ပြခြင်းက ကျယ်ပြန့်သည်။ သူနေသော ပတ်ဝန်းကျင်ကို သရုပ်ဖော်လျှင် ပို၍ ကျယ်ပြန့်သည်။ သူဖြတ်သန်းသော ခေတ်ကို ဖော်ပြလျှင်ကား အကျယ်ပြန့်ဆုံး ဖြစ်တော့သည်။

ခေတ်ကိုဖော်ပြရာ၌ စာရေးဆရာတယောက်သည် ခေတ်တခေတ်လုံးကို ပြည့်စုံအောင် ခြယ်ရေးနိုင်မည် မဟုတ်ပေ။ ခေတ်၏ အရေးတော်ပုံများ၌ ကိုယ်တိုင်ကိုယ်ကျ ပါဝင်သော သူတယောက် ဖြစ်သည်ထားဦး သူသည် အရေးတော်ပုံ၏ နေရာအားလုံး၌ တပြိုင်နက်တည်း ပါဝင်နိုင်သည် မဟုတ်ပေ။

သူပါဝင်သော အရေးတော်ပုံ၏ တနေရာ၊ တဒေသ၊ သို့မဟုတ် တလွှာ၊ တဌာနၡ်သာလျှင် ပါဝင်နိုင်ပေလိမ့်မည်။ သို့သော် အရေးတော်ပုံတရပ်လုံး ခြုံငုံမိအောင်ကား သူ၏ အတွေ့အကြုံကို မူတည်၍ အခြားသူများ၊ အခြားဒေသ၊ အခြားဌာနမှ အဖြစ်အပျက်များကိုပါ စုဆောင်း၍ သရုပ်ဖော်ရပေမည်။ ခေတ်၏ အရေးတော်ပုံများ၌ ကိုယ်တိုင်ကိုယ်ကျ ပါဝင်သော စာရေးဆရာများက ဘက်စုံ ရေးနိုင်ကြလျှင်ကား သူတို့၏ အသီးသီးသော ပုံကားချပ်များကို စုပေါင်းဆက်စပ်ကာ ရောင်စုံ ဖန်စီ၊ မှန်စီ မြင်ကွင်းကျယ် နံရံကားချပ်ကြီး တခုအဖြစ်၊ သမိုင်းဝင် ရသစာပေ၊ သရုပ်ဖော်စာပေအဖြစ် ဖတ်ရှု နိုင်ကြပေလိမ့်မည်။

☆ ☆ ☆ ☆ ☆

'စာရေးဆရာသည် ရာဇဝင်ဆရာ မဟုတ်ရ' ဟူသော အယူအဆတရပ် ရှိသည်။ ကျွန်တော်တို့က စာရေးဆရာသည် 'ရာဇဝင်ဆရာ'ဟု ယူဆသည်။ ယနေ့ခေတ်သစ်၌ ဤအချက်သည် ပို၍ခိုင်မာလာသည်။ ယနေ့ခေတ်သစ်ကား တော်လှန်ရေးခေတ် ဖြစ်သည်။ တော်လှန်ရေးခေတ်ဖြစ်သဖြင့် တော်လှန်ရေးအင်အားနှင့် တော်လှန်ရေး ဆန့်ကျင်ဘက် အင်အားတို့သည် အင်အားချင်း ပြိုင်လျက်ရှိကြသည်။ ကျွန်တော်တို့သည် မည်သည့် အင်အားဖက်က ရပ်ကြမည်နည်း။ တော်လှန်ရေး ဆန့်ကျင်ဘက်နှင့် တော်လှန်ရေးဘက်၊ စစ်ဖက်နှင့် ငြိမ်းချမ်းရေးဘက်။ မည်သည့်ဘက်က ရပ်ကြမည်နည်း။

ဓနရှင်ဘက်မှ စာရေးဆရာများသည် ရာဇဝင်ကို လိမ်ရန် ကြိုးစားကြသည်။ ပြည်သူတို့၏ တော်လှန်ရေးအခန်းကို ဖုံးကွယ်ကြသည်။ ဖုံးကွယ်၍မရလျှင် မှေးမှိန်ရန် ကြိုးစားကြသည်။ ပုံပန်းဖျက်၍ သြဇာချကြသည်။

ထိုအခါ ရာဇဝင်ကို လိမ်လည်ရန်ကြိုးစားကြသော တော်လှန်ရေး ဆန့်ကျင်ဘက် အင်အားစုများနှင့် ဖက်ပြိုင်၍ ပြည်သူတို့၏ တော်လှန်ရေး(ဝါ)အမျိုးသား လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ဆိုရှယ်လစ်ရေး လှုပ်ရှားမှုများကို မှတ်တမ်းတင်ရန် လိုလာပေသည်။ ထို့ကြောင့်ပင်လျှင် တော်လှန်ရေးခေတ်၌ စာရေးဆရာ၊ အထူးသဖြင့် ခေတ်ကိုသရုပ်ဖော်သော ဝတ္ထုရေးဆရာသည် ပြည်သူ့ဘက်မှ ရာဇဝင်ရေးသူ(ဝါ) လူမှုရေးရာဇဝင်ဆရာလည်း ဖြစ်ရပေမည်။

သဇင်သင်းပြန်တော့ – စာ ၂၀၂၊ ၂၀၃၊ ၂၀၄

## (၈)

ဝတ္ထုကို အကဲဖြတ်ကြရာ၌ကား ဘဝ အတွေ့အကြုံများနှင့် ညှိကြည့်ကြရသည်။ ရာဇဝင်ခေတ်နှင့် ဆန်းစစ်ကြသည်။ သရုပ်ဖော်ဘက်ကလား။ စိတ်ကူးယဉ်ကဲသလား။ သဘာဝကျလွန်းနေသလား။ ဘယ်လူတန်းစားဘက်က ရပ်တည်သလဲကိုကား မမေ့ကြ။ မည်သည့်အင်အားစုကို အကျိုးပြုသလဲ။

တခါတရံ ဝတ္ထုတပုဒ်တည်းနှင့် အချိန်ကုန်သွားတော့သည်။ ဝတ္ထုမှာ ခေတ်ကိုထင်ဟပ်ပေရာ ကျွန်တော်တို့သည် အပြင်ဘက်မှ အခြေအနေကို ဝတ္ထုထဲမှာ ရှာကြရသည်။ တနေ့တနေ့ လုပ်စရာ မရှိသဖြင့် စာကို အထပ်ထပ်ဖတ်ထားမိကြသည်။ စာလုံးနောက်မှ အဘိဓမ္မာသည် ပြေး၍မလွတ်တော့။ စာရေးဆရာ၏ ရင်ခုန်သံကို စာလုံးမှတဆင့် စမ်းမိကြသည်။ စာဖတ်သူကို လိမ်၍မရ။

သဇင်သင်းပြန်တော့ – စာ ၂၃၁

## (ဃ)

စာရေးဆရာသည် အကြောင်းအရာနှင့် အနုပညာ ပုံသဏ္ဍာန်ပြဿနာကို ဖြေရှင်းနေကြရသည်။ အကြောင်းအရာသစ်တရပ်ကို ကိုင်လာလျှင် ယင်းနှင့်သင့်တော်အံကျမည့် အနုပညာပုံသဏ္ဍာန်ကို ရှာရစမြဲဖြစ်သည်။ အံကျအောင် ခက်ခက်ခဲခဲ၊ သို့မဟုတ် အလွယ်တကူ ချောချောမောမော သွင်းရသည်။ ခက်ခက်ခဲခဲ သွင်းရသည့်အခါ လိုတိုး၊ ပိုလျော့။ လှီးရ၊ ဖြတ်ရသည်။ ဤကား သဘာဝ။ လူကောင်ကြီးလာလျှင် အင်္ကျီကို ချဲ့ရသည်။ ပုံကိုပြင်ရသည်။ ရှည်ရ၊ တိုရ၊ ပြုပြင်ရသည်။ ပုံကို ပြောင်းပေးရသည်။ အကြောင်းအရာသစ်၏ ပုံသဏ္ဍာန်သစ်ရသည် ဆိုသည်မှာ ယင်းသဘောမျိုးဖြစ်သည်။

ခေတ်အခြေအနေကို ပေါ်လွင်ထင်ရှားအောင် ဖော်ပြမည်ဆိုသော်လည်း ယင်းနှင့်လိုက်သော ပုံသဏ္ဍာန်ကို ရှာရစမြဲဖြစ်သည်။ ခေတ်အခြေအနေဟူသော အကြောင်းအရာ၏ နေရာကကြီး၍ ဝင်လာသလောက် ဇာတ်လမ်းနေရာကို လှီးရ၊ ဖြတ်ရ၊ လုပ်ပစ်ရသည်၊ လျှော့ပစ်ရသည်။ ဇာတ်လမ်း ဇာတ်ကွက်ကို အသားပေးပါက မိမိဖော်ပြချင်သော ခေတ်အခြေအနေ(ဝါ) နိုင်ငံရေး အကြောင်းအရာမှာ မပေါ်ဘဲ မှိန်နေတတ်သည်။

☆ ☆ ☆ ☆ ☆

အနုပညာ ပုံသဏ္ဍာန်သစ်တရပ်ကို အတည်ပြုပေးရာကား စာဖတ်သူဖြစ်သည်။ စာဖတ်သူက နှစ်သက်လက်ခံလျှင် ယင်းပုံသဏ္ဍာန် တရပ်တည်း တည်မြဲခိုင်မာလာပေမည်။

သဇင်သင်းပြန်တော့ – စာ ၂၉၈၊ ၂၉၉

## (င)

အနုပညာသည် တနေရာတည်း၌ တန့်၍မနေ၊ ရှင်သန်စီးဆင်းသော သဘာဝရှိသည်။ ဝတ္ထုသည်လည်း ရှင်သန်နေသော စာပေအနုပညာဖြစ်သည်။ ခေတ်၏ လိုအပ်ချက်များနှင့်အညီ အနုပညာ ပုံသဏ္ဍာန်တို့သည် ပြောင်းလဲလာစမြဲ ဖြစ်သည်။

ယနေ့ခေတ်၌ စာပေသည် တော်လှန်ရေး၏ လက်နက်တခုဖြစ်သည်။ ဝတ္ထုသည် ယဉ်ကျေးမှု တော်လှန်ရေး၌ လက်နက်စွမ်းတခု ဖြစ်သည်။

သဇင်သင်းပြန်တော့ – စာ ၂၉၆

## ဒဂုန်တာရာ

# မောင်စွမ်းရည် အမှာ

မောင်စိုးချိန်နေထိုင်ရာ ဖို့တ်ဝိန်းမြို့ (အင်ဒီးယားနား) ကို ကျနော်ရောက်သွားတာက ၂၀၀၃ ခုနှစ် ဇန္နဝါရီ နောက်ဆုံးပတ်ထဲမှာ ဖြစ်ပါတယ်။ ကိုစိုးချိန်က စာပေဝါသနာ အလွန့်ကို ကြီးပုံရတယ်။ စာပေတောင်မှ နိုင်ငံရေး အတွေးအခေါ်ပါတဲ့ စာပေကိုပဲ စိတ်ဝင်စားတယ်။ "ဝတ္ထု""ကဗျာ" ဆိုတဲ့ စကားလုံးတွေနဲ့အတူ "တော်လှန်ရေး" ဆိုတဲ့ စကားလုံးကိုလည်း နှုတ်ကမချပါဘူး။ ဒီလို စာပေဝါသနာ ကြီးလွန်းလို့လဲပဲ ပြည်ပရောက် စာရေးဆရာ ဒုက္ခသည်တွေကို သူ့အိမ်မှာလာနေဖို့ မရရအောင် ဖိတ်ခေါ်တယ်။ တင်မိုး၊ မောင်သစ်ဆင်း၊ မောင်စွမ်းရည်တို့ကို သူ့အိမ်မှာနေစေတယ်။ ဝင်ငွေမရှိရင် အလကား ကျွေးထားတယ်။ သူ့ဆရာ တင်မိုးကို ဆိုရင် မိုင်ပေါင်းထောင်ချီဝေးတဲ့ တနေ့ခရီးကို ကားမောင်းပြီး သွားခေါ်တယ်။ နယူးယောက်ကနေ ဖို့တ်ဝိန်းကို "ကားတင်"သွားတယ်။ ကျနော် ရောက်လာတယ် ကြားတော့လဲ ဒေကာဘ် (ချီကာဂိုအနီး) သုံးနာရီခရီးကို ကားနဲ့လာကြိုတယ်။

ကျနော်တို့ ရောက်သွားတော့ အလုပ်ချိန်ကလွဲရင် စာကြောင်းပေကြောင်းပဲ ပြောတယ်။ အသံဖမ်း စက်နဲ့ မှတ်တမ်းတင်လိုက်၊ မှတ်စုစာအုပ်ထဲ လိုက်ရေးလိုက်နဲ့ အမြဲတမ်း အလုပ်ရှုပ်နေတယ်။ သီချင်းဆိုရင်လည်း မှတ်တမ်းတင်တာပါပဲ။ စာရေးဆရာတွေ အကြောင်း၊ စာအုပ်တွေအကြောင်း၊ စာပေ ဝေဖန်ရေးအကြောင်းနဲ့ စာပေ သဘောတရားတွေကို မေးလို့မြန်းလို့၊ မှတ်လို့မဆုံးနိုင်ပါဘူး။ သူကိုယ်တိုင်က မြန်မာပြည်မှာတုန်းက မိုးဝေမဂ္ဂဇင်းမှာ ကလောင်သွေးခဲ့ပြီး ဒဿနိကဗေဒ မဟာဝိဇ္ဇာတန်းအတွက် စာပေဝေဖန်ရေး ကျမ်းတစောင်လဲ ပြုစုခဲ့ပြီးပြီ။ ကျနော်က နဲနဲလျှော့ဖို့ တိုက်ရိုက်ရော၊ သွယ်ဝိုက်ပြီးတော့ရော ပြောမိတတ်ပါတယ်။ ကိုဘဂျမ်း (တင်မိုး) ကရော ကျနော်ပါ သူ့ကို စတဲ့နောက်တဲ့ ကဗျာတွေလည်း ရေးဖူးတယ်။ နောက်တော့ ကိုဘဂျမ်းက ဒီလို စိတ်ထက်သန်တဲ့လူမျိုးဟာ ပြောလို့ရမယ့် လူစားမျိုးမဟုတ်ဘူး။ သိပ်ပြောမနေပါနဲ့။ သူလုပ်ချင်တာ လုပ်ပါစေလို့ပဲ ပြောလာပါတယ်။

ကျနော်တို့နဲ့သာမက ကိုဝင်းခက်၊ ကိုဝင်းဖေ၊ မာမာအေးတို့ ရောက်လာရင်လည်း သူ့အိမ်မှာပဲ နေစေချင်တယ်။ တည်းခိုစေချင်တယ်။ လာချင်ရင် ကားနဲ့ကြိုပေးမယ်။ သွားချင်ရာ ကားနဲ့လိုက်ပို့ပေးမယ်။ တင်မိုးနဲ့ ဝင်းခက်တို့က ဆေးလိပ်နဲ့ပါးစပ် တပ်နေရမှ နေလို့ထိုင်လို့ရတဲ့ လူတွေပါ။ သူတို့မီးခိုးလုံးတွေက အတော်ကျယ်တဲ့ အခန်းကိုတောင် မှိုင်းဝအောင် လုပ်နိုင်ပါတယ်။ သူကိုယ်တိုင်က ဆေးလိပ်မီးခိုး အယ်လာဂျီ ရှိသူဖြစ်တဲ့အပြင် သူ့သမီးလေး ၁၀ နှစ်အောက်အရွယ်ကိုလဲ မီးခိုးနံ့ မခံစေလိုသူ ဖြစ်ပါတယ်။ ဒါ့ကြောင့် သမီးလေးကို အိမ်အပေါ်ထပ်မှာ တံခါးပိတ်ထားပြီး သူကိုယ်တိုင်က ခေါင်းကိုက်ပျောက်ဆေးသောက်ပြီး "တရားနာ" ပါတယ်။

တကယ်တော့ ခုမှာသာမဟုတ်။ ထိုင်းဗမာနယ်စပ်မှာ နေလာကတည်းက ဝတ္ထုရေးဆရာ နိုင်ဝင်းဆွေတို့နဲ့လဲ အဲဒီလိုပဲ စာပေဆွေးနွေးလိုက်၊ နိုင်ငံရေးဆွေးနွေးလိုက်၊ စာစောင်တွေ စာအုပ်တွေထုတ်ဖို့ စိုင်းပြင်းလိုက်နဲ့ 'ဆောက်တည်ရာမရ' ဆိုရမလောက် တက်ကြွခဲ့တာလို့ ကြားရဖူးပါတယ်။ စာရေးဆရာတွေ စာပေစကား ပြောသူတွေနဲ့သာ နေရ၊ ထိုင်ရ၊ စကားပြောနေရမယ်ဆိုရင် တခြားလူတွေနဲ့ စကားမပြောတော့။

စာရေးဆရာတွေထဲမှာ သူထိပ်တန်းထားပြီး ဖတ်ရှုလေ့လာခဲ့တာက ဒဂုန်တာရာ၊ ဇန်းမော် တင်အောင်၊ မြသန်းတင့်စတဲ့ ပြည်သူ့စာပေဝါဒီတွေ။ အထူးသဖြင့် ဒဂုန်တာရာ။ ဆရာတာရာရဲ့ စာတွေကို

ကျနော်တို့လဲ နှစ်သက်ပါတယ်။ လူချင်းလဲ ညီအကိုလို တူအရီးလို နေလာခဲ့ကြတာပါ။ ကျနော်တို့က ကျောင်းဆရာတွေ ဖြစ်နေလို့လားမသိ။ သူ့ရဲ့ နုရွတဲ့ ရေးဟန်ကိုတော့ဖြင့် ကျနော်တို့ စာတွေထဲမှာ ကူးစက်မလာပါ။ ကိုစိုးချိန်ကလဲ ဆရာပါပဲ။ ဒါပေမဲ့ တက္ကသိုလ်က ဒဿနိကဆရာပါ။ ဒါ့ကြောင့်လား မသိ။ သူ့မှာတော့ ဆရာတာရာတို့အရိပ်က သိပ်ပြီးလွှမ်းမိုးနေတယ်လို့ ကျနော်ထင်ပါတယ်။ ဒါ့ကြောင့် သူ့ကိုပြောရပါတယ်။ "သိပ်မနုနဲ့ဗျာလို့"။ သူကိုယ်တိုင်က သူ့စာတွေကို ဝေဖန်မှုခံယူချင်ကြောင်း တောင်းဆိုလို့လဲ ဒီလိုပြောခဲ့ရတာပါ။ သူငယ်ချင်း တင်မိုးကတော့ ပြောရှာပါရဲ့။ ရယ်ရယ်မောမောနဲ့ပါပဲ။"ကိုစိုးချိန်နော် … အဲဒီ ဝေဖန်ရေးဆရာက သိပ်ပြီး အလိုက်ကန်းဆိုးသိတာ မဟုတ်ဘူး"တဲ့။

ကိုစိုးချိန်က လယ်သမားသားပါ။ လယ်ကွင်းရွှံ့ညွှန်တွေထဲမှာ ချည်လုံချည်စုတ်နဲ့ ရုန်းကန် အလုပ်လုပ်လာသူပါ။ ဆရာတာရာက မြေရှင်ရဲ့သားပါ။ ပိုးလုံချည် တသက်လုံးဝတ်ပြီး စန္ဒရားခလုတ် နှိပ်တာထက်ပင်ပန်းတဲ့အလုပ်ကို လုပ်ဖူးသူမဟုတ်ပါ။ ကျနော်တို့ သူ့ကို ကြည်ညိုတာက သူ့ရဲ့ဝေဖန်စာ၊ သူ့ကဗျာတွေနဲ့ သူ့ရပ်တည်ချက်ပါ။ ဖိနှိပ်သူ အာဏာရှင်တွေကို တသက်လုံး မျက်နှာချိုသွေးခဲ့သူ မဟုတ်ဘဲ ရန်–ငါစည်းခြားနေနိုင်ခဲ့တာကို လေးစားတာပါ။ သူရဲ့ စာပေအများဆုံးက ပညာတတ်တွေကို ပစ်မှတ်ထားတဲ့ အလှဗေဒ ဒဿနတွေပါ။ သူ့စာတွေကို လယ်သမား၊ အလုပ်သမားတွေက ဖတ်ရှုနားလည်နိုင်မယ် မထင်ပါ။ ကိုစိုးချိန် ရေးနေတဲ့ စာပေ။ အထူးသဖြင့် ဝတ္ထုတွေဟာ အများပြည်သူတွေလည်း ဖတ်ရမယ့် စာမျိုးတွေပါ။ အချစ်၊ အလွမ်း၊ အနုအလှ သမုဒယတွေ မဟုတ်ပါ။ လယ်သမားတွေဘဝ၊ နယ်ခြားက ဒုက္ခသည်တွေဘဝ၊ တိုက်ပွဲဝင်ရဲဘော်တွေဘဝ၊ ဆင်းရဲသားတွေဘဝပဲ။ သူ့စာအများစုဟာ သူ့ အတွေ့အကြုံနဲ့မို့သာ ရေးနိုင်တာပါ။ တခြားပြည်တွင်းက စာရေးဆရာတွေ ရေးနိုင်မှာမဟုတ်သလို ရေးချင်လဲ မရနိုင်တဲ့စာမျိုးတွေပါ။ စာပေလောကမှာ အကြောင်းအရာသစ်တွေ အလွန်တန်ဖိုးရှိပါတယ်။ ဒီအကြောင်းအရာတွေ အများစုက နုမြရွှတဲ့ စကားလုံးပန်းပွင့်လေးတွေနဲ့ သိပ်မဟပ်မိဘူးလို့ ထင်ပါတယ်။ ဒါ့ကြောင့် သူ့ကိုအရင်တခါ ဝတ္ထုတိုပေါင်းချုပ်မှာတုန်းက သတိပေးခဲ့တာပါ။

ခုတခါ ဝတ္ထုတိုတွေမှာလဲ အကြောင်းအရာတွေက တမူထူးခြား ဆန်းသစ်ပါတယ်။ ဒါပေမဲ့ ဥပမာတခု ရွေးပြောပါရစေ။ လယ်သူမကြီးက လူဆိုးခါးပြကိုရင်ဆိုင်ဖို့ သူ့ရဲ့သားလှီးခါးကို ကောက်ယူ ကိုင်ဆုပ်လိုက်တာကို ရေးရမှာ"ရှမြခါး"ကို ကိုင်ဆုပ်လိုက်တယ်လို့ ရေးထားပါတယ်။ ထက်လှတဲ့ သားလှီးခါးကို ကောက်ကိုင်လိုက်တာလို့ နားလည်ပေမဲ့ "ရှမြ" ဆိုတဲ့စကားကြောင့် အာရုံက ဘေးရောက်သွားရပါတယ်။

ကိုစိုးချိန်ရဲ့ ဝတ္ထုတွေဟာ အားလုံးဆန်းသစ်ပြီး အဖိုးတန်ပါတယ်။ အမေရိကန်မိတ်ဆွေ အလုပ်သမားတဦးရဲ့ဘဝကို ရေးထားတာဟာ အထူးကောင်းပါတယ်။ အဲဒီလိုဝတ္ထုတွေ များများရေးပေးပါလို့ တိုက်တွန်းချင်ပါတယ်။ ဝတ္ထုမှာ ကဗျာဆန်ဆန် ဖွဲ့တာတွေ အရင်တအုပ်မှာထက် လျော့လာခဲ့လို့ ဝမ်းသာပါတယ်။

ကောင်းတယ်ဗျို့… ကိုစိုးချိန်။ ဆက်လုပ်ပါ။ ဝေဖန်သူရဲ့ ဥာဥ်ကိုတော့ ခွင့်လွှတ်ပါ။ ကောင်းသထက် ကောင်းစေချင်လို့ ရိုးရိုး အမှာစာမဟုတ်ဘဲ ဝေဖန်ရေးအမှာစာကို ရေးလိုက်ရပါတယ်။ ကလောင်သစ်တွေလဲ သင်ခန်းစာ ရစေချင်လို့ပါ။ အမှာစာ ရေးခွင့်ရတာ ကျေးဇူးတင်ပါတယ်။

**မောင်စွမ်းရည်**
**၂၀၀၈၊ အောက်တိုဘာ ၂၀**

# စာရေးသူ၏ အမှာ

## က

၁၉၈၈ – ၈၉ ပြည်တွင်း လူ့ဘောင်သစ်ပါတီတွင် ဒီမိုကရေစီနှင့် လွတ်လပ်ရေးအတွက် လှုပ်ရှားရင်း အန္တရာယ်က နောက်ကြောတွင် ရောက်လာသည်။ ဖက်ဆစ်က အန္တရာယ်ပေးရန် အသင့်ဖြစ်နေချိန်တွင် လက်နက်ကိုင် တော်လှန်ရေးဒေသသို့ ထွက်လာခဲ့ရသည်။ ထောင်ထဲမှာ တိုက်ပွဲဝင်မလား၊ လက်နက်ကိုင်တော်လှန်ရေးဖြင့် တိုက်ပွဲဝင်မလား။ နောက်တော့ ယတိပြတ် ဆုံးဖြတ်လိုက်သည်။ အမှန်က ၁၉၇၅ ကတည်းက လက်နက်ကိုင် တော်လှန်ရေးဒေသသို့ လိုက်ခဲ့ရန် ကျွန်တော့်ရဲဘော်ကခေါ်သည်။ လှုပ်ရှားလို့ ရနေသေးသဖြင့် မလိုက်ဖြစ်။ ၈၉ တွင် လှုပ်ရှား၍ မရနိုင်တော့သည့်အဆုံး သူပုန်လုပ်ဖို့ တောထဲ ရောက်လာခဲ့တော့တာပါပဲ။

ကျနော့်လက်ထဲတွင် အဝတ်တစုံပဲ ပါလာသည်။ ရုပ်ဝတ္ထုပစ္စည်းဆို၍ ဘာတခုမှပါမလာခဲ့။ ယူလာလို့လဲမဖြစ်။ ကျနော်နှင့် တပါတည်း ကပ်တွယ်ပါလာခဲ့သည့် အရာများမှာ ဝတ္ထုများပင်ဖြစ်သည်။ ထပ်ပြောရလျှင် ဝတ္ထုတို၊ ဝတ္ထုရှည်များကို မွေးဖွားပေးမည့် အကြောင်းအရာများ။ အဖြစ်အပျက်များ။ ခံစားမှုများ။ စိတ်ကူး ရုပ်ပုံလွှာများ။ အထူးသဖြင့် သမိုင်းဆိုင်ရာ ဇာတ်ကောင်များ။ တိုက်ပွဲထဲက လူထုရုပ်ပုံလွှာများ။ ၁၉၇၃ – ၇၄ – ၇၅ – ၇၆ ကျောင်းသား၊ အလုပ်သမား လှုပ်ရှားမှု ရုပ်ပုံလွှာများက ရင်ထဲ ဦးနှောက်၊ အသည်းလွှာတွင် တင်ကျန်ရစ်ဆဲ၊ ၈၈ အရေးတော်ပုံက ထပ်၍ဆောင်းလိုက်လေသည်။ ဦးနှောက် ကွန်ပျူတာရှိ အခန်းငယ်ကလေးများတွင် ထိုဝတ္ထုများ၊ ကဗျာများသည် ပြည့်မောက်လာခဲ့သည်။ ရင်တခုလုံးသည် ပြည့်၍ မောက်လျှံခဲ့သည်ပဲ။ အို … ရေးစရာတွေ အများကြီးပါလား။ အေးချမ်းသာယာစွာ အနားယူရင်း ဝတ္ထုတွေ ရေးချလိုက်ချင်သည်။

အေးချမ်းသာယာစွာ အနားယူဖို့၊ စာထိုင်ရေးဖို့ ဘဝက အခွင့်အလန်း မပေးခဲ့ပါ။ ဘဝက အချိုးအကွေ့များသလောက် ခက်ကြမ်းမာကြောနေလေသည်။ တောတွင်းရောက်လာစဉ် လက်နက်ကိုင် တော်လှန်ရေးအတွင်း သဘောတရားတိုက်ပွဲများက ထုပြောလာသည်။ ရှေ့ဆုံးမှ ကိုယ်တိုင်ပါဝင်ခဲ့ရသည်။ ရန်သူနှင့်စေ့စပ်ရေး၊ ကြေအေးရေး၊ အပစ်အခတ်ရပ်စဲရေးနှင့် ရန်သူနှင့်မစေ့စပ်စတမ်း အောင်ပွဲအထိ ဆက်တိုက်လိုသူ အင်အားစုတို့အကြား ကြီးမားသည့် ပဋိပက္ခနှင့်ကြုံရသည်။ လူထုကို သစ္စာဖောက်ပြီး တော်လှန်ရေးကို သစ္စာဖောက်သည့် ဖောက်ပြန်သည့် အဖွဲ့အစည်းအဖြစ် မရပ်တည်လိုသူတွေကတဖက် တော်လှန်ရေး လုပ်စားလိုသူနှင့် အချောင်သမားက တဖက်။ တော်လှန်ရေးထဲတွင် ဆုတ်လမ်းမရှိပေ။ ထိုတိုက်ပွဲထဲတွင် ချစ်စွာသောရဲဘော်တို့ အသက်အစတေးခံကြရသည်။ ဤအခြေအနေမျိုးတွင် နယ်စပ်မျဉ်းကိုကျော်ကာ ပြည်ပသို့ ခေတ္တရောက်လာခဲ့ခြင်းဖြစ်သည်။ အခြေချ အနေကျရန် တတိယနိုင်ငံသို့ ထွက်လာခဲ့ခြင်းမဟုတ်။ ဒါကသေချာသည်။

ကျွန်တော် ဘယ်ကိုရောက်ရောက် ထပ်ကြပ်မကွာ လိုက်ပါလာခဲ့သည့် အရာများမှာ စောစောက ပြောခဲ့သည့် တိုက်ပွဲအတွေ့အကြုံများ၊ သမိုင်းအတွေ့အကြုံများ၊ လူထု၏ လူမှုဘဝ အခြေအနေများ၊ ခံစားချက်များဖြစ်သည့် ဒေါသနှင့်ကြေကွဲမှုများ၊ ယုံကြည်ချက်နှင့် စိတ်ဓါတ်များဖြစ်သည်။ အချစ်နှင့်

အမုန်းများဖြစ်သည်။ ထိုအရာများကို ကျနော်ပိုင်ဆိုင်ထားလေသည်။ ထိုအရာများဖြင့်သာ ကြွယ်ဝနေလေသည်။ သို့သော်အချိန်က ဆင်းရဲလွန်းလှသည်။ အရင်းရှင်စက်ရုံထဲတွင် ကုန်ပစ္စည်းများ ထုတ်လုပ်စဉ် အလုပ်လုပ်ရသည့်၊ လုပ်အားကို ညှစ်ထုတ်ရောင်းစားနေရသည့် အလုပ်သမား။ စက်ရုံ ၄ ရုံထဲတွင် ၁၂ နှစ်အတွင်း လှည့်လည် လုပ်အားရောင်းချစားခဲ့သည့် အတွေ့အကြုံများကား ကျနော်၏ အတွေ့အကြုံ ခံစားမှု ဘဏ္ဍာတိုက်ထဲသို့ ခုန်လွှား ဝင်ရောက်လာခဲ့ကြပြန်သည်။

ကျေးလက်လယ်သမားဘဝ၊ ကျောင်းသားဘဝ၊ မြို့ပြ အောက်ခြေအလုပ်သမား နင်းပြားဘဝ၊ တက္ကသိုလ်ဆရာဘဝ၊ တော်လှန်ရေးသမားဘဝ၊ နိုင်ငံရေးသမားဘဝ၊ ကဗျာရေးသူ၊ စာရေးသူ၊ အယ်ဒီတာဘဝ၊ နယ်စပ်ရောက် အယ်ဒီတာဘဝ၊ နောက်ဆုံး စက်ရုံအလုပ်သမားဘဝ၊ ဘယ်ဘဝမှာပဲနေနေ၊ ဘယ်ဘဝကိုပဲရောက်ရောက် ဘဝကိုမြတ်နိုးကာ ရုန်းကန်လှုပ်ရှားခဲ့သည်။ ဘဝကို သစ္စာမဖောက်ခဲ့သမျှ ကျနော့်တွင် ဝတ္ထုခြယ်မှုန်းရန်အတွက် ကုန်ကြမ်းတွေက များလှပါဘိ။ အားလပ်ချိန် မရှိသည့်ကြားကပင် ရေးခြယ်ခဲ့သော ဝတ္ထုတို၊ ဝတ္ထုရှည်များမှာ အဖိနှိပ်အခြယ်လှယ်ခံ လူထု၏ဘဝကို ရေးခြယ်ခြင်းသာ ဖြစ်သည်။ တနည်းအားဖြင့် ရာဇဝင်ကို ရေးခြယ်မိလျက်သား ဖြစ်နေခဲ့သည်။

## ၁

မျက်မှောက်ကာလ ခေတ်ပြိုင် လူထုရုပ်ပုံလွှာ၊ လူထုဘဝကို ဝတ္ထုစာပေပုံစံဖြင့် သရုပ်ဖော်မိသည်။ ဖွဲ့စည်းမှုက အမျိုးမျိုး။ ဝတ္ထုအဖြစ် ဖွဲ့စည်းဖြစ်ခဲ့လေသည်။ တခါတရံတွင် ကဗျာပုံသဏ္ဌာန်ဖြင့် ဖွဲ့စည်းခဲ့သည်လည်းရှိသည်။ ကဗျာစာအုပ် ၅ အုပ် ထုတ်ဝေခဲ့ရာ ထိုကဗျာအသီးသီးတွင် လူထုဘဝကို ထင်ဟပ်ခြယ်သခဲ့သည်။ မုန်တိုင်းမီးတောင်တွေ ကဗျာရှည်ဖွဲ့စည်းမှု၌ ပစ္စည်းမဲ့လယ်ကူလီများ၊ အဖိနှိပ်ခံ၊ သွေးစုတ်ခံ လယ်သမားထုကြီး၏ ဘဝရုန်းကန်မှုနှင့် လွတ်လပ်ရေးတိုက်ပွဲကို သီကုံးထားခြင်းဖြစ်သည်။ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေးနှင့် လွတ်လပ်ရေးတိုက်ပွဲ။ တနည်းအားဖြင့် ၈၈ တော်လှန်ရေးတွင် လယ်သမားထု လှုပ်ရှားပါဝင်ပုံကို ဖွဲ့နွဲ့ထားခြင်းဖြစ်သည်။

ယခု ဝတ္ထုတိုစုစည်းမှု "သွေးပင်လယ်နှင့် အခြားဝတ္ထုတိုများ"တွင်လည်း ခေတ်ပြိုင်ခံစားမှု၊ ခေတ်ပြိုင်လူထုရုပ်ပုံလွှာတို့ကို ရေးဖွဲ့ရာ၌ တော်လှန်ရေးကျောင်းသား၊ လယ်သမား၊ အလုပ်သမား၊ နယ်စပ်ခြံစည်းရိုးကို ကျော်ဝင်လာသည့် စစ်ဘေးဒုက္ခသည်များ၊ ပုံကျ အလုပ်သမားများ စသည်တို့ပါဝင်သည်။ ဆိုခဲ့ပြီးသည့်အတိုင်း ဝတ္ထုရေးစရာ အကြောင်းအရာများ၊ ခံစားမှုများရှိနေခဲ့သည့်တိုင် ကျနော့်စိတ်နှလုံးကို ထာဝရ လွှမ်းမိုး နှိုးဆော်နေသည့် ဇာတ်ကောင်များကို ဦးစွာပထမ ရေးခြယ်မိသည်။ တကယ်က စွဲစွဲလန်းလန်း မှတ်ထင်နေခဲ့သည့် ဇာတ်ကောင်များက ဦးနှောက်ဆဲလ်များကတဆင့် စီးဆင်းကာ ရင်ပွင့်အောင် ခံစားစေခဲ့ရာမှ စကားလုံးများ ဖြစ်လာခဲ့သည်။ စကားလုံးများသည် ဇာတ်ကောင်များကို ရေးခြယ်ရင်း သမိုင်းဇာတ်ကောင်အဖြစ် ရုပ်ပုံ ထင်လာခဲ့ခြင်းဖြစ်သည်။

သူတို့ခံစားမှု စိတ်ဝေဒနာများက ကျနော့်ကို ကူးစက် ဖိစီးထားသည်။ ကျနော့်မှာ စိတ်ထိခိုက်လွန်းသဖြင့် ရှိုက်မိသည်။ ရေးရင်းက ဆက်ရေး၍ မရတော့။ ရပ်ထားလိုက်ရသည်။ ဆို့နှင့် ကြေကွဲရလွန်းသည့် ခံစားမှုကို မခံစားနိုင်တော့။ ဝါဝါလင်း၊ သီရိ၊ မိမိ၊ အဖွားအိုဒေါ်ခြုံနှင့် အဘစိန်၊ မောင်အေးနိုင်နှင့် မြမောင်တို့သည် ကျနော့်မျက်လုံးအိမ်တို့ကို မျက်ရည်တို့ဖြင့် ဝေဝါးစေသည်အထိ ရင်တနင့်နင့် ဖြစ်စေခဲ့သည်။

စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး အရေးတော်ပုံကြီးထဲတွင် သူရဲကောင်းများ ပေါ်ထွက်လာခဲ့သည်။ တော်လှန်ရေးက သူရဲကောင်းများကို မွေးဖွားပေးခဲ့သည်။ သေနတ်မကြောက်၊ ကျည်ဆံမကြောက်သည့် သူရဲကောင်း သက်တင်မျိုးသည် ကျနော့်အသွေးအသားထဲတွင် စွဲရစ်နစ်ဝင်နေခဲ့ရာ နှစ် ၂၀ အကြာတွင်မှ သူ့ကို မှတ်တမ်းပြု ဖော်ထုတ်ရတော့သည်။ သူ့ကို ဆုံးရှုံးခဲ့သမျှ နှမြောတသ၍ မဆုံးတော့။ ဝတ္ထုအဖြစ် ရေးဖွဲ့ပြီးသည့်အချိန်မှစ၍ ဝတ္ထုထဲမှ သူက ရုန်းထထွက်ပေါ်လာကာ ကျနော်နှင့် စကားတွေပြောနေတုန်း။ စစ်ရာဇဝတ်ကောင် လူသတ်သမားတွေကို ကျနော်ဘယ်တော့မှ မကြောက်ဘူး။ ကမ္ဘာမကြောက်ဘူး ဆရာရယ် … ဆိုသည့် သူ၏ သူရဲကောင်းစိတ်ဓါတ်ကို စာဖတ်ပရိသတ်က တွေ့ရပါလိမ့်မည်။ “မတရားဖိနှိပ် အနိုင်ကျင့်တာကို တွန်းလှန်ဆန့်ကျင်ပါမှ လူယဉ်ကျေးဖြစ်တယ်” ဆိုတာကို ရာဇဝင်သမိုင်းခန်းမှာ သက်တင်မျိုး ပြသသွားခဲ့သည်။ ကျနော်က စကားလုံးဖြင့် ပုံဖော် သရုပ်ဖော် ကြည့်မိခြင်းသာ ဖြစ်သည်။

နော်ခူးဖောနှင့် မင်းရွှေထူး။ ထို့နောက် မြိုင်၊ ကိုထွန်းခိုင်တို့ကို ဖွဲ့ကြူးခဲ့သည်။ ၈၈ အရေးတော်ပုံကြီး၏ သွေးစက်များပင် ပေတရာလမ်းမများပေါ်၌ မပျောက်ပျက်သေး။ ၈၉ ခု တောထဲရောက် သူပုန်တော်လှန်ရေးသမား ဖြစ်စကာလမှာ သူတို့နှစ်ယောက်အကြောင်းကို လှနိုင်သမျှလှအောင် ကြိုးစားအားထုတ်ကာ ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ နှင်းဝတ်ရည်ကို ဖန်ဆင်းသော အခါတွင်လည်း မြိုင်နှင့် ကိုထွန်းခိုင်တို့ ကဲသို့ပင် ရင်ခုန်လွန်းစွာ လိုက်ဆူခဲ့ရသည်။ ဝတ္ထုထဲက နှင်းဝတ်ရည်တို့ ဇနီးမောင်နှံမှာ ဝတ္ထု၏ အပြင်ဘက်တွင်လည်း ဝတ္ထုထဲကအတိုင်း ဖြစ်သည်။ သူတို့၏ ကြေကွဲစရာ ဘဝအတိုင်း တိုက်ရိုက်ကူးယူရေးခြယ်ထားခြင်းဖြစ်သည်။ အဲဒီဝတ္ထုထဲက တကယ့်ဘဝကို ဓါတ်ပုံရိုက်ကူးခဲ့ခြင်းဖြစ်သည်။ နှင်းဝတ်ရည်ကို မီးသဂြိုလ်စဉ်က ရိုက်ကူးထားသည့် ဓါတ်ပုံများ။ သုသာန်သင်္ချိုင်းတွင် သူ့အလောင်းကို ကျနော်ကိုယ်တိုင် သယ်ယူလာခဲ့သည့် ဓါတ်ပုံများမှာ ကျနော့်လက်ထဲမှာ မပျောက်မပျက် ရှိနေသေးသည်။ ညီမသဖွယ်၊ ရဲဘော်သဖွယ် လေးစားချစ်ခင်ခဲ့သည့် နှင်းဝတ်ရည်ကို သူ့ဘဝအတိုင်း သရုပ်ဖော် ရေးဖွဲ့မိခဲ့သည်။ သူသေဆုံးခါနီး သူပြောခဲ့သည့် စကားလုံးနှင့် ရှိုက်သံများမှာ ယခုထက်တိုင် ကျနော့်ရင်ထဲတွင် ကိန်းအောင်း စွဲထင်နေဆဲ ဖြစ်သည်။

## ဂ

စာပေတရားခွင်ဆိုသည်က ရှိပြီးသား။ စာပေဆိုသည်မှာ အမျိုးမျိုး။ အထူးသဖြင့် ခံစားမှုရသကို ပေးဝေသည့် ရသစာပေဖြစ်သည့် ကဗျာ၊ ဝတ္ထု၊ ပြဇာတ်၊ ဆောင်းပါးစသည်တို့ကို ဖတ်ရှုခံစားသော စာဖတ်ပရိသတ်သည် စာပေကို အဆုံးအဖြတ်ပေးလေသည်။ စာဖတ်ပရိသတ်ကလည်း အမျိုးမျိုး။ ကျောင်းသားလူငယ်၊ အလုပ်သမား၊ လယ်သမား၊ လယ်ကူလီလုပ်သားများ၊ နိုင်ငံရေးသမား၊ တော်လှန်ရေးသမား၊ ကုန်သည်ပွဲစား၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်၊ ရုံးဝန်ထမ်း၊ ပျံကျ ရွှေ့ပြောင်းအလုပ်သမား၊ စစ်သား၊ ရန်သူ့စစ်တပ်မှ ကြေးစားစစ်သား၊ အဖိနှိပ်ခံ အုပ်စိုးသူလူတန်းစားနှင့် ထိုလူတန်းစားကို ကိုယ်စားပြုသည့် စာဖတ်ပရိသတ် … စသည်ဖြင့် အမျိုးမျိုးအစားစား။ ယနေ့ခေတ်တွင် ဖိနှိပ်သူစစ်အုပ်စုနှင့် သူ၏ အဖွဲ့ဝင်များ၊ လက်ပါးစေ လက်ကိုင်ဒုတ်များမှလွဲ၍ ပြည်သူလူထုသည် စာပေကို အဆုံးအဖြတ် ပေးပါသည်။ ဖိနှိပ်အုပ်စိုးသူနှင့် သူ၏လက်ပါးစေများမှာ လူထုဘဝတွင် တည်ရှိနေသည့် အမှန်တရားကို မြင်အောင် မကြည့်နိုင်ကြပေ။ မြင်တွေ့လျှင်လည်း ယင်းအမှန်တရားကို ဖျောက်ဖျက်ပစ်သည်။ သို့မဟုတ်

ချေမှုန်းပစ်သည်။ လူထုဘဝသည် အမှန်တရားဖြစ်သည်။ ထို မလွဲကေန် ဖြစ်တည်နေသည့် ရုပ်ဘဝ၊ လှုပ်ရှားရုန်းကန်နေသော ဘဝကို ရေးခြယ်မွန်းသသည့် သို့မဟုတ် ထင်ဟပ်သည့် သရုပ်မှန်စာပေကို လူထုကသာ အဆုံးအဖြတ် ပြုနိုင်စွမ်းမှာ ဖြစ်သည်။ ထို့အပြင် ဖိနှိပ်ခြယ်လှယ်သူတို့၏ ဖောက်ပြန်ကောက်ကျစ်မှုဘဝကို ထင်ဟပ်သည့် ဘဝသရုပ်ဖော် စာပေကိုလည်း လူထုကသာ အဆုံးအဖြတ်ပေးသည်။

ရသစာပေ သို့မဟုတ် အနုပညာစာပေ ထွက်ပေါ်လာကတည်းကပင် စာဖတ်ပရိသတ်သည် ရှိလာခဲ့ပြီးဖြစ်သည်။ စာပေ တရားခွင်ကလည်း ကပ်၍ပါလာခဲ့ပြီးသား။ ကျနော်လည်း ဘယ်လာရှောင်ရှား၍ ရနိုင်ပါမည်နည်း။ “သွေးပင်လယ်နှင့် အခြားဝတ္ထုတိုများ” ခေါင်းစဉ်တပ်ထားသည့် ဝတ္ထုတိုစုစည်းမှု (ဒုတိယမြောက် ဝတ္ထုစုစည်းမှု) စာအုပ်ကို စာပေပရိသတ်သို့ ဖြန့်ချိလိုက်သည့် အချိန်မှ စတင်ကာ စာပေတရားခွင်သို့ ကျနော် ရောက်လာခဲ့ပါတော့သည်။ ဘယ်လာ ရှောင်ရှား၍ ရနိုင်ပါမည်နည်း။ စာပေတရားခွင် စင်မြင့်ထက်ဆီမှ စာဖတ်ပရိသတ်လူထုက ကျနော်ကို ငုံ့ကြည့်ကာ အဆုံးအဖြတ်ပေးကြပါလိမ့်မည်။ ကျနော့် ဖန်တီးမှု အနုပညာဝတ္ထု၏ အခြေခံ ရင်ခုန်သံသည် မြစ်ဖျားပိုင်းဒေသ လူထုထံမှ စီးဆင်းလာခဲ့ခြင်း ဖြစ်သည်ဟု ကျနော် အဘယ်မျှပင် ညွှန်းဆိုစေကာမူ စာဖတ်ပရိသတ် လူထုကသာ ဆုံးဖြတ်ကြပါလိမ့်မည်။ ဤသို့ဖြင့် စာဖတ်ပရိသတ် လူထုကို ယုံကြည်ကိုးစားမိသည် ဟူ၍သာ … ။

မောင်စိုးချိန်

အောက်တိုဘာ ၁၅၊ ၂၀၀၈
ခေတ္တ – အမေရိကန်ပြည်ထောင်စု

# လိုက်ခဲ့ပါရစေ ကိုကို

ကိုကိုက တခါတခါ မေးတတ်သည့်မေးခွန်း။ မေးစတုန်းက ရှက်ရွံ့ရွံ့ဖြစ်နေတတ်သည်။ ပြီးတော့ "သွား ... သွား... ကိုကို မကောင်းဘူးကွာ" ဟုဆိုကာ ကိုကို့ရင်အုံကို ဖွဖွသာသာလေး ထုပစ်လိုက်ပြီးနောက် ကျောခိုင်းနေလိုက်သည်။ ထိုအခါ ကိုကိုက မလှုပ်နိုင်အောင် သိမ်းပွေ့ထားကာ နားနားကိုကပ်ပြီး လေသံဖြင့် ထပ်ဆင့်မေးလေသည်။ "ပထမဆုံး ဘယ်မှာနမ်းခဲ့တာလည်း။ မှတ်မိရဲ့လား၊ ညီမလေးဖြေရမယ် ..."။ ရယ်သံလွှမ်းနေသည့် လေသံဖြစ်နေသည်။ "ဟင်းအင်း ... မဖြေဘူး "ဟန်ဆောင်စိတ်ဆိုး၊ ဒေါသသံနှင့် ကိုကို့ကို တုံ့ပြန်သည်။ ကိုကိုက ကြာကြာဖက်တွယ်ထားရအောင် တမင်ပဲ ဒေါထထနှင့် ငြင်းသည်။ ကိုကိုကလည်း မလွှတ်တော့။ သူ့ရင်ခွင်ထဲတွင် ဖက်ခေါင်းအုံးတခုလို အိတွဲ့ပြိုကျသွားလေသည်။

ကိုကို့ဓါတ်ပုံကို ငေးစိုက်ကြည့်နေရာမှ ဓါတ်ပုံထဲကကိုကိုက အသက်ဝင်လာကာ"ညီမလေး ဖြေရမယ် ... ပထမဆုံး ဘယ်မှာနမ်းခဲ့တာလဲ။ မသိလို့မရဘူး ...၊ မဖြေလို့မရဘူး ... "ဟု ရယ်သံသဲ့သဲ့နှင့် မေးနေလေသည်။ ကိုကိုက ဓါတ်ပုံထဲက ထွက်လာခဲ့လေသလား။ ပထမဆုံး အနမ်းပန်းပွင့် ဝေဆာခဲ့သည့် အင်းလျားကန်ရေစပ်ဆီသို့ ညီမလေးလက်သွယ်ကိုဆွဲကာ ရောက်လာခဲ့ကြသည်။ ဆောင်းကုန်ဆုံးစ ဆိုသော်လည်း နှင်းကြွင်းနှင်းငွေ့တောင် မတွေ့ရတော့။ ဟိုး ... ခပ်ဝေးဝေး ရေပြင်ပြာလဲ့ပေါ်တွင် နွေ၏ မြူခိုးတို့ ဝေစပြုနေလေပြီ။ ကမ်းစပ်မှ လှိုင်းခတ်သံ၊ သစ်ရွက်ရော်ဝါတို့ ကြွေဆင်းကျသံ၊ ပြီးတော့ ဥဩငှက်၏ နွေဖွဲ့ လွမ်းတေးသံတို့ကို သဲ့သဲ့ ကြားနေရသည်။

ရင်၏ အနက်ရှိုင်းဆုံးအရပ်အထိ လွှမ်းမိုးနေသည့်အသံကား ကိုကို့အချစ်ဘွဲ့ပင် ဖြစ်နေလေသည်။ ရည်းစားစာထဲမှာ ရေးထားတဲ့ စကားလုံးတွေက ရင်ကိုလှုပ်ခတ်နိုင်သည်ထက်ပင် ကိုကိုကိုယ်တိုင် ခံစားပြောသောအခါ ရင်သည် သိမ့်တုန်ကာ လှိုင်းထလာလေသည်။ အချစ်ဆိုတာ အတော်ဆန်းကြယ် နက်ရှိုင်းတာပါကလား ... လို့ ခံစားရလောက်သည့်အထိ ...။ တလှပ်လှပ်မောရင်း သိမြင်လာခဲ့သည်။ ပထမဆုံးအချစ်၊ ပထမဆုံးသော စိမ့်တိမ့်တိမ့်ရှိတတအတွေ့က ဆန်းတော့ဆန်းကြယ်သည်။ အသဲနှလုံးသည် အချစ်တွင် စိမ့်ဝင်ညှံ့သက်သွားလေတော့သည်။

နွေဦးသစ်ပင်တို့သည် ကြွေတဝက်၊ ဝါရွှေတဝက်။ သစ်ရိပ်ဇာပန်းကွက်တို့က ရွေ့သွားသည်။ ပထမတော့ ကိုကိုနှင့် မိမိအရိပ်က ခပ်ဝေးဝေးလှမ်းလှမ်း။ နောက်တော့ လူရိပ်နှစ်ခုသည် ပူးကပ်သွားတော့သည်။ ကွာလှမ်းနေသော အရိပ်နှစ်ခုကို အချစ်က စုစည်း ပေါင်းစပ်လိုက်လေသည်။ နောက်တော့ ကိုကို့ပုခုံးစွန်းတွင် တွယ်မှီလိုက်ရတော့သည်ပဲ။

ယခု ကိုကို့ဓာတ်ပုံထဲ ကိုကိုကပြန်ရောက်သွားကာ ပထမဆုံးနမ်းခဲ့စဉ်က အပြုံးမျိုးနှင့်ပင် ပြုံး၍ ကြည့်နေသည်ဟု တွေးထင်နေပေသည်။ ကိုကိုကြားနိုင်ပါ့မလား။ ကိုကိုမေးခဲ့တဲ့မေးခွန်းတွေကို အခုပဲ ဖြေပြချင်ပါတယ်ကွယ် ... လို့ စိတ်ထဲမှာ ပြောမိသည်။ ကိုကိုက လူတမျိုး။ ဘယ်နေရာ ဘယ်ကာလမှာ အနမ်းမိုးစတင်ရွာစွေခဲ့သလဲဆိုတာ သူ့ရင်မှာ ကမ္ပည်းထိုးခဲ့သတဲ့။ စက္ကန့်ကအစ စွဲညို့ မှတ်မိထားသတဲ့။ အစွဲအလန်းကြီးမားလှသည့် မိန်ကလေးတဦးထက်ပင် ပိုကာ ကိုကိုက ပိုကဲသွားပြီလားမသိ။

သစ်ပင်မြင့်မြင့်ကြီး၏ ခြေတော်ရင်းတွင်ထိုင်ကာ ချစ်စကားတွေ မမောတမ်းပြောဖြစ်ကြသည်။ ကိုကို့ကို ကိုကိုလို့ စတင်ခေါ်ခဲ့သည်ဟု မှတ်မိနေသေးသည်။ အိမ်မှာတုန်းက သူ့နာမည်ရင်းအတိုင်း ကိုမင်းလွင်မိုးဟူ၍ ခပ်စိမ်းစိမ်းခေါ်သည်။ တခါတရံ အိမ်ကဒေါ်လေးတို့ ခေါ်သလိုမျိုး၊ ကိုကို့အမနဲ့ အဖွားတို့ခေါ်သလိုမျိုး ကိုမိုးဟု

ခေါ်မိသည်။ ကိုမင်းလွင်မိုးတဲ့၊ ကိုမိုးတဲ့။ ကိုကို့ကို ချစ်လာခဲ့သည့်နောက် မတတ်သာ၍သာ လူတွေရှေ့မှာ ကိုမိုးဟုခေါ်လိုက်ရသည်။ စိတ်ထဲမတွေ့။ စိတ်ထဲမှာ ကိုကိုလို့ ခေါ်လိုက်ရတာကိုက စိတ်ထဲမှာ လန်းဆန်းသွားသလိုပဲ။ အချစ်တို့ ပြည့်နှက်နေသည့်ရင်ကနေ ဖိတ်လျှံပဲ့တင် လိုက်သည့်အသံပဲဖြစ်မည်။ ကိုကို … ကိုကိုရေ …။ ကိုကို့ကွယ်ရာမှာ တိုးတိုးမျှင်မျှင် ခေါ်ကြည့်မိသည်မှအစ ကိုကိုဆိုသည့်အသံမှာ ချွဲနွဲ့တုန်ယင်နေလေသည်။

ကိုကိုကတော့ ညီမလေးဟူ၍ပင် ခေါ်ဆိုလေသည်။ လူတွေရှေ့မှာလဲ ခပ်တည်တည်ပဲ ညီမလေးပဲ။ တခါတခါဗွေဖောက်ကာ နောက်နောက်ပြောင်ပြောင် ခေါ်တတ်သေးသည်။ ညလေး … တဲ့။ ဒီတော့ ကိုကိုနော်ဟု အံကြိတ်ပြသည်။ အောက်နှုတ်ခမ်းကို ဖိကိုက်ကာ ညာလက်ကို ကွေးခေါက်ထောင်ပြလိုက်သည်။ ကိုကို့ခေါင်းကိုခေါက်လိုက်မယ်ပေါ့။ ကိုကိုကတော့ ထုံးစံအတိုင်း တဟဲဟဲ ရယ်မောနေသည်။

တကယ်တော့ နံရံခန်းဆီး တခုခြားထားရုံမှလွဲ၍ အမိုးတခုအောက်မှာ ကြမ်းတပြေးထဲ နေနေခဲ့ရသည်။ နှစ်ယောက် အလုပ်လုပ်ချိန်မှလွဲလို့ ကိုကိုကျောင်းတက်ချိန်မှလွဲလို့ အသံကိုကြားနေရသည်။ ရုပ်ကို မြင်နေရသည်။ တခါတရံ ကိုကိုက မိမိတို့အခန်းကို စွေ့ခနဲ့ရောက်လာတတ်သည်။ အဖွားတို့ ဒေါ်လေးတို့နဲ့ စကားလက်ဆုံကြနေတတ်သည်။ အဖွားက ဂျပန်ခေတ်တွင်စစ်ပြေးကြရင်း ကိုကိုတို့နယ်တွေဆီ ရောက်လာခဲ့ပုံတွေကိုပြောသည်။ ရွာတွေကိုရောက်သွားတော့ ရွာသားတွေ ဝိုင်းဝန်းစောင့်ရှောက်ကြပုံ၊ မရှိအတူ ရှိအတူ ဝိုင်းဖွဲ့စားသောက်ကြပုံ၊ အိပ်ခဲ့နေခဲ့ကြပုံတွေကိုပြောပြသည်။ ကိုကိုက လက်ရှိကျေးရွာတွေက လယ်သမားတွေရဲ့ ဘဝခံစားမှုတွေကို ပြောပြသည်။ စပါးစိုက်ရင်း ထမင်းငတ်နေသည့် လယ်သမားတွေ အကြောင်းကို ပုံပြောသလို ပြောပြတတ်သည့် ကိုကို။ ကိုကိုက စီကာပတ်ကုံးဖွဲ့နွဲ့ပြောတတ်သည်။ လယ်သမားများဘဝကို ပြောပြတာများ လက်ဝါးပေါ်တင်ပြလိုက်သလိုပဲ။ ထင်းခနဲ လင်းခနဲရှိလှသည်။ မိမိကလည်း တောထဲ ရောက်ဘူးသူမဟုတ်။ သမန်းကွက်ထဲ နင်းဖို့ဆိုတာဝေးရော။ ဒါပေမဲ့ ကိုကိုက လယ်သမားဘဝ ဆိုတာ ရှင်းပြတော့ နားလည်လာသည်။ ထင်မြင်လာသည်။ လယ်သမားတွေ သွေးစုပ်ချယ်လှယ် ခံရသည်ကို ကြားရတော့ စုတ်တသပ်သပ်ဖြစ်ကာ ရေဒီယိုထဲမှာ ပြောပြနေတဲ့ လယ်သမားတွေနဲ့မတူပုံကို ခွဲခြား နားလည်လာခဲ့သည်။ သံရည်ကြိုစက်မှာလုပ်နေတဲ့ ဖေဖေ့လိုပါပဲ။ ဘာတခုမှ အာမခံချက်မရှိပါကလားဟု ကိုကို ပြောပြနေသည့် လယ်သမားတွေအကြောင်းကို စဉ်းစားရင်း နှိုင်းယှဉ် တွေးကြည့်မိသေးသည်။

မိသားစုတွင် မောင်နှမများသည့်အတွက် အဖွားနှင့်ဒေါ်လေးက မိမိကိုခေါ်ထားခဲ့သည်။ ကျောင်းထားပေးခဲ့သည်။ ဆယ်တန်းကျပြီး ကျောင်းမနေနိုင်တော့၍ ကျောင်းက အပြီးထွက်ခဲ့သော်လည်း အဖေအမေအိမ်ကိုမပြန်တော့ပဲ ဒေါ်လေးတို့နှင့် ဆက်နေခဲ့သည်။ ရက်ကန်းခတ်သည့် အလုပ်ကို ဝင်လုပ်ဖြစ်သည်။ အဖွားကို စားစရိတ်ပေးခွင့်ရလာသဖြင့် သည်အိမ်မှာပဲ ဆက်နေရသည်။ အားနာစရာ မရှိတော့။ ကိုကိုနှင့် ဒီအိမ်မှာပဲ လာရောက်ဆုံစည်းဖြစ်ကြသည်။

မိမိနေထိုင်ရာအိမ်ကို ပထမဦးဆုံး ရောက်လာခဲ့တဲ့သူတွေက ကိုကို့အစ်မဝမ်းကွဲနှင့်အမေ။ နောက်တနှစ်မှာ ကိုကိုပါ ရောက်လာခဲ့သည်။ ကိုကိုက လုပ်သားကောလိပ် တတိယနှစ်ကျောင်းသား။ မြို့တော်ခန်းမ မြူနီစပယ်ဌာနတွင် စာရေးအဖြစ် အလုပ်လုပ်နေသူ။ နောက်တော့ သူ့ရဲ့ ကိုယ်ရေးရာဇဝင်ကို အတော် စုံစုံလင်လင်သိခွင့်ရလာသည်။ ကျောင်းသားလှုပ်ရှားမှု၊ အလုပ်သမား လှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့သူ ဖြစ်၍လားမသိ။ ထိုလှုပ်ရှားမှုများနှင့် လယ်သမား၊ အလုပ်သမားဘဝတွေ ကွင်းဆက်ဆက်ပြပုံမှာ စိတ်ဝင်စားစရာ ကောင်းလှသည်။ ဟိုတုန်းက စိတ်မဝင်စားခဲ့ မသိလိုက် မသိဘာသာပဲနေခဲ့သည်။

အဖွားကော ဒေါ်လေးပါ ကိုကို့ကို သဘောကျကြသည်။ ကိုကိုလာမလည်ရင်တောင် "ကိုမိုးရေ …

လက်ဖက်သုပ်ထားတယ် ဟော့ ... မင်းအတွက်၊ လာလည်ပါအုံးကွဲ့ ''သွားကျိုးပါးကျိုးလေသံဖြင့် ကိုမိုးကို အလည်ဖိတ်တတ်သည်။ မိမိက နောက်ဘက်ခန်း မီးဖိုချောင်တွင်ရှိနေလျှင် ကိုကို့အမနှင့်အမေက မကြား တကြား လှမ်းပြီးနောက်ပြောင် ကျီစယ်တက်လေသည်။ ''ဟင်း၊ အဖွားကြီးက သူ့မြေးသားမက်လောင်းကိုပဲ လက်ဖက်သုပ်ခေါ်ကျွေးတယ် ... ငါတို့ကို သတိတောင်မရဘူး'' ဟု ရယ်သံစွက်ကာ နောက်လေသည်။ ထိုအခါ မိမိမှာ ခေါင်းပုသွာလေသည်။ မျက်နှာပေါ် ရှက်သွေးနီမြန်းသွားသည်ကိုပင် ကိုကိုသိလိုက်မှာမဟုတ်။ ကိုကိုက တော့ သူ့လက်ထဲက ဖတ်လက်စစာအုပ်ကို ကြမ်းပြင်ပေါ်တွင်ချထားခဲ့ကာ မိမိတို့အိမ်ဘက်သို့ ကူးလာပြီး စကားဝိုင်းဖွဲ့ တတ်လေသည်။

အိမ်ငှားနှင့်အိမ်ရှင် နံရံသာ ခြားထားသော်လည်း မိသားစုလိုပင် ခင်မင်ရင်းနှီးလာခဲ့ကြသည်။ ကိုကိုနှင့် မိမိချစ်နေကြသည့် ချစ်သူအဖြစ်ကိုလည်း သိလာခဲ့ကြသည်။ ဟန့်တားပိတ်ပင်မှုပင်မပြုကြ။ အဖွား က ဤသို့တွေးခဲ့ ပြောခဲ့ဘူးသည်။ ကိုကိုက ပညာတက်တယောက် ဖြစ်လာနေပြီတဲ့ ...။ ဆယ်တန်း မအောင်သည့် သူ့မြေးမ မိမိကို ထာဝရ ချစ်ကြင်နိုင်ပါ့မလားတဲ့။ ထိုသို့ ပြောခဲ့ဘူးသည်။ လက်တွဲမှာဖြစ်တယ် ... ဆယ်တန်းအောင်တာ မအောင်တာနဲ့ ချစ်တာမချစ်တာနဲ့ ဘယ်လိုမှ သက်ဆိုင်ဆက်စပ်မှု မရှိကြောင်း မိမိကို ကိုကိုက ပြောပြဘူးသည်။ မိမိကတဆင့် အဖွားလည်းသိခွင့်ရခဲ့သည်။ အဖွားက မိမိနှင့်ကိုကို အိမ်ထောင်ပြုသည့်အခါ မိမိပညာမစုံလို့ မျက်နှာငယ်ရလေမလား စိုးရိမ်သည်ကလွဲ၍ အခြားဘာပူပန်မှုမှမရှိ။

တခါတုန်းက ကိုကိုပေးခဲ့သည့်လက်ဆောင်နှင့် စာတိုကလေး အဖွားကို ပြသခဲ့ဖူးသည်။ အဖွားကော ဒေါ်လေးပါ တီရှပ်လက်ဆောင်ပေးသည်ကို သဘောကျပြီးသား။ ပန်နုရောင်တီရှပ်ပေါ်တွင် သစ္စာပန်းနှစ်ပွင့် အနီရင့်ရင့်က လှပလန်းဆတ်နေသည်။ ချစ်သူနှစ်ဦး ပန်းပွင့်နှစ်ပွင့်သင်္ကေတ။ အဖူးအငုံတွေက ဝိုင်းရံ ကာထားခြင်းက ဘယ်လိုပါလိမ့်။

''ညီမလေးရေ ... ကိုကို ဆေးလိပ်ဖြတ်လိုက်ပြီ။ သိပ်ကြိုက်ပြီး ကိုကို့အပေါ်လွှမ်းမိုးလွန်းတဲ့ ငွေကုန်တဲ့ဆေးလိပ်ကို ဖြတ်လိုက်ပြီ။ ဆေးလိပ်သောက်ပစ်မဲ့ ငွေကိုစုပြီး ညီမလေးအတွက် လက်ဆောင် ဝယ်ပေး လိုက်တာဖြစ်ပါတယ်။ အဲဒါ ညီမလေးမွေးနေ့အတွက် တီရှပ်လက်ဆောင်။ တမြတ်တနိုးထားတဲ့ ခေါင်းက ဆံပင်ကိုဖြတ်ရောင်းပြီး မွေးနေ့လက်ဆောင် ပေးခဲ့ကြတဲ့ ချစ်သူတွေတောင် ကမ္ဘာပေါ်မှာရှိခဲ့ပြီးပြီ။ ကိုကို သိပ်ကြိုက်တဲ့ဆေးလိပ်ကို ဘာကြောင့်မဖြတ်နိုင်ရမှာလဲ။ ဟုတ်လားနော် ညီမလေး ''

အဖွားက မင်းတို့ခေတ်က ဆန်းကြယ်ပါသကွယ် ... ပြောလေသည်။ ဒေါ်လေးက ကိုကို့ကို ထပ်၍ သဘောကျခဲ့သည်။ ငါ့တူမ မိမိက ကံကောင်းပါတယ်ကွယ် ... ဟုဆိုလေသည်။ ဘာကိုကံကောင်းတယ်လို့ ပြောတာလဲ ဒေါ်လေးရဲ့ ... ဟု မိမိက ခပ်တွေတွေ ခပ်ပြုံးပြုံးလုပ်ကာမေးမိသည်။ ဘာများအဆန်းတကြယ် ပြောမှာလဲ။ ဒေါ်လေးရဲ့ကောက်ချက်က ရိုးရိုးလေးပါပဲ။ မိမိကို သူတကယ် ချစ်ရှာပါတယ်။ မိမိကို ထာဝစဉ် လက်တွဲမယ့် အဖော်မွန် ခင်ပွန်းကောင်းဖြစ်မှာပါပဲဟု ပြောသည်။ စကားကိုခေတ္တရပ်ကာ ဒေါ်လေးက ရယ်သွမ်းသွေးရင်း ထပ်ပြောပြန်သည်။ ကိုကိုနဲ့မိမိတို့ ကလေးတွေ ဘယ်နှစ်ယောက်တောင် မွေးကြဦးမလဲ မသိဘူး ... ဟုပြောသည်။ ဒေါ်လေးကလည်း ပြောရော့မယ်ဟုဆိုကာ အရှက်ခြေလှမ်းတို့နှင့် ကျောခိုင်း ထွက်လာခဲ့ရသည်။

တကယ်က ထိုအထိမစဉ်းစားကြသေး။ ညီမလေးရယ် ... ကိုကိုက ကျောင်းပြီးမှပဲ လက်ထပ် ကြရအောင် ... အိမ်ထောင်ပြုနိုင်တဲ့အထိ ရောက်အောင် တာဝေးပြေးရလိမ့်ဦးမယ် ဟုပြောသည်။ တကယ့် ဘဝက နှစ်ယောက်သား အိမ်ထောင်ပြုဖို့အထိ ခွင့်မပြုသေး။ ဆူးညှောင့်ခလုတ် တင်းကျမ်းပြည့်နေသည့် အမှောင်ထုလွှမ်းနေသည့်ဘဝ။ ဘာတစုမှ အာမခံချက်မရှိသည့် ခပ်ကြမ်းကြမ်းဘဝတွင် အိမ်ထောင်ပြုဖို့

သတ္တိကိုမွေးရသည်။ သို့မဟုတ် မိုက်ကန်းရသည်။ စွန့်စားခဲ့ရသည့် အိမ်ထောင်ရေးတွင် တွေ့ရှိခိုင်ကြည်ခဲ့သော အချစ်ကို မှန်တိုင်းထဲလွင့်ပါမသွားအောင်၊ ကြွေလွင့်မသွားရအောင် အဘယ်မျှ ထိန်းသိမ်းထားရလေမလဲ။ ရင်မောရပြန်သည်။ ကိုကိုကတော့ သူ့အတွေးအခေါ်အတိုင်း ခက်ခဲကြမ်းတမ်းသောဘဝကို စိန်ခေါ်နေတတ်သူ။ ဘဝဆိုတာ အရှုံးခံခြင်းမဟုတ် ရုန်းကန်ခြင်းသာ သစ္စာတရားပါကွဲ့ … ညီမလေးရဲ့ဟု ဘဝကဗျာများကို သီကြူးရဲဝံ့သူ။ လူဆိုတာ မိခင်ဝမ်းထဲက ကျွတ်လွတ်လာပြီးကတည်းက အဆက်မပြတ်ရရှိခဲ့တဲ့ တိုက်ပွဲတွေက အများကြီးရယ် …။ သဘာဝဘေးရန်တိုက်ပွဲ၊ လူတန်းစားတိုက်ပွဲ၊ ကုန်ထုတ်လုပ်ရေးထဲကတိုက်ပွဲ …။ အဲဒီတိုက်ပွဲတွေနဲ့ တည်ဆောက်ထားတဲ့ တောင်တန်းတွေကို တခုပြီးတခုလူတွေက ဖြတ်ကျော်နေရတာ …။ အဲဒီတောင်တန်းတွေပေါ်မှာ ညီမလေးတို့ ကိုကိုတို့တတွေဖြတ်နေရတာ …။ အားမလျှော့ရဘူး … အားလျှော့တဲ့လူဟာ သူ့ဘဝထဲ အရှုံးပေါင်းများစွာက ရောက်လာလိမ့်မယ် … တဲ့။ ကိုကို့ကြောင့် အင်တွေ အားတွေက ရင်ထဲအသည်းထဲမှာ ပြည့်သိပ်လာခဲ့သည်ပဲ။ ကိုကို့စာအုပ်စင်ထဲက စာအုပ်ကိုယူဖတ်ကြည့်ရာမှ ခွန်အားတွေလည်း ရလာခဲ့ဖူးသည်။ ကဗျာတွေကို ခံစားရကောင်းမှန်း မသိခဲ့။ ကဗျာက လမ်းပြတဲ့အတွက် အတွေးတောအုပ်တွေထဲ ရဲရဲတိုးဝင်နိုင်ခဲ့သည်။ ကဗျာဆရာမကြီး ကြည်အေး၏ "သစ္စာသစ်"ကို ထပ်ပြန်တလဲလဲဖတ်ရင်း အလွတ်ရကာ ကိုကို့ကိုရွတ်ပြနိုင်ခဲ့သည်။

*"ရှေ့က ဆိုရိုး*
*ပိုးဖလံမျိုး၊ မီးကိုတိုးသတဲ့*
*မောက်ဖြိုး ရွှေတောင်၊ မြိုက်လောင်ပူနွေး*
*မီးငွေ့ ပေးမှ ၊ အသက်ရရှိ*
*ကျွန်မချစ်မြဲ၊ သံသာဝဲမှ*
*ခွဲထွက်ချင်ဘူး၊ တပ်မက်ဦးမည်*
*စိန်ခြူးကြယ်တန်း*
*လခြမ်းလဝိုင်း၊ ညတိုင်းမြင်ချင်*
*ရွှေစင်နေဝန်း၊ ဆည်းဆာကွန်းမှ*
*ပေါ်ယွန်းစေ့စေ့၊ နေ့တိုင်းတွေ့ချင်*
*ထွေးပွေ့လင်သား၊ သမီး သား မြေး*
*စကားနှစ်သက်၊ မိတ်ဆွေဘက်ဟု*
*မက်မောဘဝ၊ တခဏလဲ*
*အလှရှာဖွေ၊ အဖြေတွေ့သော်*
*မွေ့ပျော်ငြိတွယ်၊ သေမျိုးနွယ်လဲ*
*ရယ်ရွှင်ခံစား၊ ငါလူသားဟု*
*တရားထွန်းသစ်၊ သတ္တိဖြစ်၏။ "*

အမိုက်ထိပ်ခေါင် ပလူကောင်လို့ပဲဆိုပါစေ၊ အိမ်ထောင်မှုဘဝမီးတောင်ကို လောင်မြိုက်ပါစေ တိုးဖို့မတဲ့။ ဒီလင်ဒီသား သမီးမြေးများနှင့် ဘဝထဲမှာ မွေ့ပျော်ငြိတွယ်မယ်တဲ့။ ကဗျာရွတ်နေသည့် မိမိကို ငုံ့ကြည့်ရင်း ကိုကိုက အံ့သြဘနန်းဖြစ်မိလေသည်။ ကိုကိုနဲ့ တွဲဖက်နွဲချည်ရမယ့်ခရီးမှာ ကိုကို့ ညာဘက်လက်မောင်းကြွက်သားတွေဟာ ညီမလေးရဲ့ နှလုံးသည်းပွတ် သွေးမျှင်တွေထဲ စီးဝင်လာမယ့် အားဆေးရည်တွေပဲဟု ပြောမိသည်။ ထိုအခါ ဆင်နှာမောင်းလိုမျိုး ကိုကို့လက်မောင်းလက်တံတွေက မိမိကို သိမ်းပွေ့ ထားလေသည်။

ဤသို့ဖြင့် အချစ်လွန်ညများကိုပါ မတော်တဆဖြတ်မိခဲ့ကြလေသည်။

ကိုကိုက ကျောင်းဆက်တက်စေချင်၍ လူငယ်ရေးရာညကျောင်းတွင် ကျောင်းပြန်တက်သည်။ အိမ်ထောင်သည်ဘဝ ရောက်လာ၍ ဆက်ပြီး လေ့လာဖို့ဆိုတာ လွယ်ပါ့မလား။ ထို့ကြောင့် ဆယ်တန်းဖြေရန် ကျောင်းတက်သည်။ ကိုကိုကတော့ နောက်ဆုံးနှစ်။ ဒီနှစ်ကျောင်းပြီးပြီ။ အိမ်ထောင်ရေးဘဝဆီ တက်လှမ်းရေး အတွက် နီးကပ်လာနေပြီဆိုတာကို ကိုကိုကျောင်းတက်နေသည့်အတန်းက ပြဒါးတိုင်သဖွယ် ပြလာခဲ့သည်။ မျှော်လင့်ချက် စမ်းရေအိုင် အိုအေစစ်တွေကို ခရီးကန္တာရထဲ ဝေးဝေးနီးနီး ချမှတ်ထားရသည်။ နက်ဖြန် မရှိတော့သည့်ဘဝသည် သေချင်းနဲ့ ဘာမှမခြားတော့။ သို့သော် ... သို့သော် တနေ့သ၌ ထိုထိုသော စမ်းရေပြာ အိုအေစစ်သည် မုန်တိုင်းထဲတွင် လွင့်ပျောက် ပျက်စီးသွားရလေတော့သတည်း ... ဟူသည့် ဝတ္ထုပုံပြင်နိဂုံးကို မရေးမဖြစ် ရေးလာရတော့သည်။ မြေနှင့် ကောင်းကင်ကို ပြောင်းလဲပစ်လိုက်သည့် အရေးတော်ပုံမုန်တိုင်းက ကျရောက်လာကာ ကိုယ်တိုင်ရေးသီသော ဝတ္ထု၏နိဂုံးကို ချေမွလိုက်လေသည်။ သို့မဟုတ် ဆိုးဆိုးဝါးဝါး ဖျက်သိမ်း ရွှေ့ပြောင်းပစ်လိုက်လေသည်။

အရေးတော်ပုံ၏ တပ်ဦးသဖွယ်ဖြစ်သော တက္ကသိုလ်ကျောင်းသားများ အဖွဲ့အစည်းတွင် ကိုကို ပါဝင်လာခဲ့သည်။ “ဒါ ... ရှောင်လို့မရတော့တဲ့ တော်လှန်ရေးပဲ ညီမလေးရေ ... ” ဟု အားတင်းပေးသည်။ အရေးတော်ပုံထဲတွင် ဒီမိုကရေစီအတွက် တိုက်ပွဲဝင်ခဲ့သည်ပဲ။ ပြင်းထန်သည့် သေနတ်ဒဏ်ရာကြောင့် မိမိ ဆေးရုံပေါ် ရောက်လာခဲ့သည့်အထိ ကိုကိုက အတူပါလာခဲ့သေးသည်။ တပတ်ကျော်လာသည့်ကာလတွင် ဆေးရုံတွင် အတူမနေနိုင်တော့။ ကိုကို့ကိုယ်စား မိတ်ဆွေကျောင်းသား၊ ကျောင်းသူတွေက ဝိုင်းဝန်းပြုစု အားပေး ခဲ့ကြသည်။ အဖွားကတော့ မကြည့်ရက်နိုင်လို့ဟုဆိုကာ တကြိမ်ပဲ လာကြည့်နိုင်သည်။ ကိုကို့အစ်မနှင့် အဖွား၊ ပြီးတော့ ဒေါ်လေး၊ အမေနှင့်အဖေတို့အားလုံး ဆေးရုံပေါ်တွင် လူလဲနှင့်စောင့်ကြသည်။ သတိရတချက်၊ မရတချက်။ သတိရလာသည့်အခါ ဆေးရုံပတ်ဝန်းကျင် တခိုအထိ ရိုက်ခတ်ပဲ့တင်ဆဲ အရေးတော်ပုံ မုန်တိုင်း အသံကို ကြားနေရသည်။ စစ်အော်သံ။ လူလိုင်းလိပ်အော်သံ၊ ဟစ်ကြွေးသံတို့သည် ဆေးရုံ၏ မျက်နှာကျက် များအထိ ရိုက်ခတ်လာလေသည်။ မုန်းတီးစက်ဆုပ် ထိတ်လန့်စေသည့် သေနတ်သံများက ဆေးရုံကိုပါ စိန်ခေါ် ခြိမ်းခြောက်နေပြီကော။ အရေးတော်ပုံကြီးထဲမှာ မုန်တိုင်း အသေးစားလေး တခုဖြစ်နေရာမှ သေနတ်ဒဏ်ရာက ဆေးရုံပေါ်သို့ ပို့ပေးလိုက်သောအခါ ကုန်းပေါ်ရောက်လာသည့် ရေထဲကငါးနှယ် နေမထိတော့။ အခုအခါ ဘာကိုလိုချင်သလဲလို့မေးရင် အေးအေးဆေးဆေး ပြန်ဖြေမယ့်အဖြေကား သေနတ်ပင်ဖြစ်သည်။ သေနတ် ပေးပါ၊ ခုခံကာကွယ်ဖို့အတွက်  သေနတ်၊ ကိုကိုရေ ... ညီမအတွက်ပါ နှစ်ဆအလုပ်လုပ်ပါ ... ဟု စိတ်ထဲက ကြိတ်၍ ပြောမိလေသည်။  ဆေးရုံပေါ်မှာလည်း သေနတ်ဒဏ်ရာတွေနှင့် ရောက်လာခဲ့သည့် လူနာတွေကား ပြည့်လျှံနေသည်။ ကုတင်မဆန့်၊ ကြမ်းပြင် အကျယ်အဝန်းရှိသလောက် မဆန့်တော့။ လူနာများ၊ အလောင်း များ၊ ငိုကြွေးသံများ၊ သွေးစက်စွန်းပေ ကုတင်များနှင့် ကြမ်းပြင်များ၊ ပျားတွေနှယ် ခေါက်တုန့်လူးလာ ရှုပ်ထွေး နေသည့် ဆရာဝန် ဆရာမများ။ အသက်သခင်များ။ ခွပ်ဒေါင်းခေါင်းပေါင်းနှင့် ကျောင်းသား လူငယ်များ။ ဆေးရုံအတွင်း ရိုက်ခတ်တုန်ဟည်းနေသည့် မွတ်သိပ်ဟစ်ကြွေးသံများ၊ မိန့်ခွန်းပြောကြားသံများ၊ သေနတ်သံ။ ထိုအသံနှင့် ရုပ်ပုံတို့သည် ဆေးရုံတခုနှင့်မတူတော့။ စစ်မုန်တိုင်းထဲမှ သချိုင်းဇရပ်ကြီးတခု ဖြစ်နေသည်။ သို့မဟုတ် အရေးတော်ပုံ၏ အခြေခံစခန်းကြီးတခု ဖြစ်လာခဲ့သည်။

ကိုကိုလာနှုတ်ဆက်သည့် နောက်ဆုံးရက်၊ နောက်ဆုံးအချိန်ကို ယခုထက်တိုင် သတိရနေသေး သည်။ ချိုမြိန်လှပသည့် အချစ်ဦးအနမ်းပွင့်တွေ ဝေစည်ခဲ့သည့်နေရက်ကို စွဲညှိမှတ်မိနေသလိုပါပဲ။ ခါးခါးသီးသီး နှုတ်ဆက်အနမ်းတွေကိုပါ မှတ်မိသည်။ “ကိုယ်ပြန်လာမှာပါ ... စိတ်တင်းထား ... သစ္စာသစ် ကဗျာထဲကို

အတူသွားကြရမယ် ...ဟုတ်လား ...”ကိုကိုကိုယ်တိုင်လည်း အားတင်းထားကာ ပြောမိပြောရာ ပြောနေသလိုမျိုး ပြောနေခြင်းဖြစ်သည်။ ကိုကို့မျက်နှာကို အားတင်းကာ မော့ကြည့်မိဆဲမှာပဲ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်ယင်နေသော ကိုကို့မျက်နှာ၊ သွေးရောင်သမ်းနေသော ကိုကို့မျက်နှာကို တွေ့ရသည်။ ဆံစတို့ကို သပ်တင်ပေးကာ နဖူးကိုတယုတရနမ်းသည်။ နှုတ်ခမ်းကိုဖိဖိဖွဖွနမ်းသည်။ ပြီးတော့ ညာဘက်လက်ခုံကို နမ်းရှိုက်လိုက်ပြန်သည်။ ကိုကို့လက်ကို ပြန်၍ တင်းတင်းဆုပ်ဆွဲထားသေးသည်။ ကိုကိုကလည်း တင်းချည်ဆုပ်ကိုင်ထားသည်။ အချစ်၏ အရိပ်အရောင်တို့သည် ကြိုးနှစ်ချောင်း ချည်ထားသည့်သဖွယ် ဖြစ်သည့် ချစ်သူနှစ်ဦး၏လက်တွင် သွား၍ထင်ဟပ်နေသည်။ ကိုကိုသွားရမဲ့ခရီးကို နောက်မကျရအောင် လက်ကိုဖြေလွှတ်လိုက်လေသည်။ တခဏတွင် ကိုကိုက ခေါင်းတချက်ညိတ်ကာ ကျောခိုင်း ထွက်ခွာ သွားလေသည်။ ဆေးရုံ၏နံရံ သို့မဟုတ် အမှောင်ထဲတွင် ကိုကို့အရိပ်က ပျောက်ကွယ်သွားသည်။ အမှောင်ထုထဲ ပစ်လွှတ်လိုက်သည့် မြားတချောင်းနှယ်ဖြစ်သည်။ မပျောက်မပျက်ပဲ ကျန်ရစ်ခဲ့သည့်အရာကား နာကျင်ကြေကွဲမှုတွေပဲ။ စိတ်နာကျင်လှစွာ ကျန်ရစ်ခဲ့ကြောင်း ကိုကိုမသိလို့မဟုတ်။ မိမိခံစားရသည့် ပမာဏ အတိုင်းအတာထက် မသေးငယ်လှသည့် ဝေဒနာ တထမ်းတပိုးကို ကိုကို့အသည်းနှလုံးထက်တွင် တင်ကာ သယ်ဆောင်သွားပေလိမ့်မည်။ ထိုအချစ် ထိုခံစားမှုက ကိုကို့အတွက် ခွန်အားတွေ ဖြစ်လာပါစေဟူ၍သာ ... ။

နှစ်နှစ်ကြာသောအခါ ကိုကို့ထံမှ စာတစောင်ရောက်လာသည်။ ကိုကိုစာရေးလိုက်တဲ့ရက်စွဲထက် ၆ လကြာမှ ထိုစာကို ဖတ်ရသည်။ ဆက်သွယ်ရသည်မှာ အတော်ပင်ခက်ခဲမှာဖြစ်သည်။ ရပ်ကွက်တွေအလိုက် ပြောင်းရွှေ့ခဲ့ကြရသည်။ မြို့ပြင်သို့ ပြောင်းရွှေ့ရမည်ဟူသော အမိန့်မိုးကြိုးသွားက လူအားလုံး၏ ဦးခေါင်းများကို စူးဝင်ပစ်ခွဲနိုင်လေသည်။ အိမ်ကို အခက်အခဲပေါင်းများစွာထဲမှာပဲ ပြောင်းရွှေ့လာခဲ့အပြီးမှာ အဖွားက ဆုံးရှာသည်။ ထွက်ခွာသွားသည့် အဖွား၏ နောက်ဆုံးထွက်သက်သည် မိမိအတွက် သောကပရိဒေဝတို့နှင့် ညိနေပေလိမ့်မည်။ ကိုကို့အစ်မနှင့်အဖွားလည်း ကိုကိုတို့ဇာတိရွာသို့ အပြီးပြောင်းရွှေ့သွားကြသည်။ ကိုကိုပြောသည့် တိုက်ပွဲတွေထဲက အပြောင်းအလဲများသည်ကား ထွေလီလှပါ၏။ နောက်ထပ် သုံးနှစ်ကြာသောအခါ ကိုကို့ထံမှ ဒုတိယပေးစာကို ရရှိခဲ့လေသည်။ စာနှင့်အတူ ကိုကို့ဓါတ်ပုံတပုံပါ ပါလာခဲ့သဖြင့် ကိုကို့ရုပ်လွှာကို တွေ့ရသည်။ ဒီတကြိမ်တွင် ကိုကို့ထံ စာတစောင်ရေးပေးလိုက်သည်။ စာယူလာသော မိတ်ဆွေက စာရေးခွင့်ပေးသဖြင့် ထိုစာကိုရေးလိုက်သည်။ တိုတိုပဲရေးပါဆိုလို့ အတိုချုပ်ပြီး ရေးရသည်။ စာကိုရေးတော့ ရင်က ဗလောင်ဆူနေလေသည်။ လက်က တုန်ယင်နေသည်။ အံကြိတ်တင်းကာ “ညီမလေး လိုက်လာချင်တယ် ... အားလုံးသဘောတူတယ် ... ကိုကို့ထံလိုက်လာဖို့ အသင့်ပြင်ထားပြီးသား ... ကိုကို ခေါ်ပေတော့ ”ဟု စာတမျက်နှာထဲမှာပင် ထပ်ပြန်တလဲလဲရေးခဲ့မိသည်။ စာယူသွားတော့မည့် မိတ်ဆွေကိုလည်း အဖန်တလဲလဲ မှာလိုက်သည်။ ထိုရဲဘော်က ကျွန်တော်မသွားဘူး ... အဲဒီဒေသကို ပြန်သွားမယ့်သူကို ကျွန်တော် ထပ်ပြောပြပေးပါ့မယ်ဟုပြောသည်။

မနေ့တနေ့ကပဲ ထိုစာကိုရေးခဲ့၊ လူကြုံမှာခဲ့သဖြင့် ရင်တွင်ဂယက်ထခဲ့သော လှိုင်းတံပိုးတို့သည် ငြိမ်သက်မသွားသေး။ မျှော်လင့်ချက်၊ ဆွတ်ပျံ့သောပီတိ၊ နှစ်ရှည်လများခံစားလာခဲ့ရသည့် ဒုက္ခဝေဒနာ၊ ကိုကိုပြောပြခဲ့သည့် သစ္စာသစ်၊ ကိုကို့ဘဝ၊ လွတ်မြောက်ရေး သေနတ်သံ ...။ ထိုအသံနှင့် ထိုရုပ်ပုံလွှာတို့သည် ထွေးလုံးရစ်ပတ်ဝဲလှည့်ကာ ရင်တွင်းတွင် လှိုင်းအဖြစ် ပြောင်းလဲလာခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ မီးရောင်အောက်တွင် ကိုကို့ဓါတ်ပုံကိုစေ့စေ့ကြည့်သည်။ နာကြည်းကြေကွဲမှုနှင့် ကြည်နူးမှုက ရင်ကို ပြေး၍သာ ရိုက်နေတော့သည်။ ခပ်မှိန်မှိန် ခပ်ဖျော့ဖျော့သာလင်းသော လျှပ်စစ်မီးကိုပိတ်လိုက်သည်။ စိတ်က မထိန်းနိုင်တော့။ ဟစ်၍ ရှိုက်၍သာ ငိုလိုက်ချင်တော့သည်။ မခံနိုင်တော့၍ တမင်ပဲပိတ်လိုက်ရသည်။ လျှပ်စစ်အလင်း

မရှိတော့မှ လရောင်က ပြတင်းပေါက်မှ စီးဆင်းဝင်ရောက်လာလေသည်။ တိမ်မျှင်မြူချည် ကင်းမဲ့သော ကောင်းကင်ပြာထဲတွင် လဝန်းက သူ့အရောင်အဆင်းကို အတားအဆီးမဲ့ ဖြန့်လွှတ်နေသည်။ ကိုကိုဓါတ်ပုံကို လရောင်အောင်တွင် ထောင်ကြည့်မိပြန်သည်။ "ကိုကိုရယ် " ဟု လေသံဖြင့် ခေါ်ကြည့်လိုက်မိသည်။ "ကိုကိုကြားနိုင်ပါစေ..." ဟု ပြောလိုက်မိလေသလားပင် မသိလိုက်။ နောက်တော့ ဓါတ်ပုံကို ဆုပ်ကိုင်ထားဆဲ ထောင်ထားသောလက်ကို အိပ်ယာခင်းပေါ်သို့ အသာအယာဖြေလွှတ်ချလိုက်သည်။ အတိတ်နှင့် ရောယှက်ထားသော အတွေးထဲတွင် စီးမျော ပါသွားလေတော့သည်။ တဖြေးဖြေးမှေးရီလာကာ မနိုးတဝက် နိုးတဝက် အိပ်မက်မက်လေသည်။ ကိုကို့ကို အိပ်မက်တွင် အမြန်ဆုံး တွေ့ရပြန်သည်။ အနမ်းခြေရာများ ထားခဲ့ရာ အင်းလျားကန်ရေစပ်သို့ ကိုကိုခေါ်သွားလေသလား ...။ တက္ကသိုလ် ပရဝုဏ်ထဲ ရောက်သွားလေသလား ...။ ဆေးရုံခွဲစိတ်ခန်းထဲ ပြန်ရောက်သွားလေသလား ...။ မှုန်ဝါးဝါးဖြစ်သွားသည်။ သိပ်ပြီး မကြာလိုက် အိပ်ခန်း တံခါးဝတွင် ကိုကိုပြန်ရောက်လာသည်။ ကိုကိုက တံခါးဝတွင်ရပ်ကာ"ညီမလေး ... ဟော့... ညီမလေး။ ထလေ လာလေ မြန်မြန်ထ ... ညီမလေး လိုက်လာချင်တယ်ဆိုလို့ တမင်တကာလာခေါ်ရတာ ... မြန်မြန်လုပ် " ဟု ဆိုကာ ကိုကိုကခေါ်နေလေသည်။

"ကိုကိုရေ ... လိုက်မှာပေ့ါ ... ခဏလေးစောင့်နော် ... ခဏလေးပါ ..."

မိမိတုန့်ပြန်သံက တအိမ်လုံးဟိန်းညံသွားကာ သူ့ကိုသူလည်း သူ့အသံကပင် လှုပ်နိူးသလို ဖြစ်သွားသည်။ တခဏမှာပင် ခြေသံတွေကြားရသည်။ ကိုကိုထွက်ခွာသွားသည့် ခြေသံတွေများလေလား။ ပွေ့ဖက်ဆွဲထူရန်အတွက် အိပ်ယာဆီသို့ ရောက်လာသည့် ခြေသံများလား။ ခြေသံတွေက ရှုပ်ထွေးသွားသည်။ ဇဝေဇဝါ ဖြစ်ကုန်သည်။

"ဟဲ့သမီး ... ဟဲ့ ဟဲ့၊ မိမိ ... သတိထားလေသမီးရဲ့ ... သတိထား။ သမီးဘာတွေ အိပ်မက် မက်နေတာလဲ ...၊ အလန့်တကြားကွယ် သတိထားပါဦးသမီးရယ် ... "

ဒေါ်လေးလား၊ မေမေပဲလား ... အပြေးရောက်လာကာ လျှပ်စစ်မီးကိုဖွင့်သည်။ တဝက်ဟနေသော အိမ်ခန်းတံခါးကို ဆွဲဖွင့်။ စိတ်ကလွတ်မြန်နေသည်။ ဘဝ၏ တောင်းဆိုမှုက စိတ်ကိုအလျင်ဖြစ်စေကာ လျှပ်စစ်အဟုန်ထက် မြန်ထက်သော စိတ်ကို ပြန်ပြီးမထိန်းနိုင်တော့။ ကိုကိုလာခေါ်နေပြီ ... ဆိုတဲ့ အိပ်မက် မြူမှုန်ထဲက အတွေးနှင့်ပင် အိပ်ယာထဲမှ လူးလဲပြီးထရပ်သည်။ လျှပ်စစ်မီး လင်းလာတော့ ခြေတလှမ်းခုန်ပြီး ရှေ့ကို တိုးထွက်မိလျက်သား ဖြစ်နေသည်။ ချိုင်းထောက်ကို ယူဖို့ပင် သတိမရတော့။ ဒေါ်လေးနှင့် အမေ့ရှေ့မှာပင် ကြမ်းပြင်ပေါ်သို့ ပြိုလဲကျသွားသည်။ ပုံလျက်သားဖြစ်သွားသည်။ ကျိုးပြတ်သွားသော အရုပ်ကလေးကို မေမေရောက်လာကာ ထူထပေးသည်။ တွဲထူသည်။ "ဖြစ်ရလေ သမီးရယ် ... "ဟု တဖွဖွတတိုးတိုး ရွတ်နေလေသည်။ ဒေါ်လေးက မိမိခေါင်းရင်းဘက်တွင် ထောင်ထားသော ညာဘက် ခြေတချောင်းပြတ်အတွက် ချိုင်းထောက်ကို ယူလာခဲ့သည်။

မိမိချိုင်းထောက်ကိုမယူပဲ အိပ်ယာဆီသို့ နောက်ဆုတ်ရွေ့လာခဲ့သည်။ အိပ်မက်မက်တာ ထင်တာပဲ ... ဟု နာကျင်မှု ရှက်စိတ်ဖြင့် ပြောမိပြောရာ ပြောမိသည်။ မီးပိတ်ခဲ့ ... မေမေတို့ ဒေါ်လေးတို့ သွားကြတော့ဟု ... လည်း ပြောမိသည်။ သူတို့ ထွက်သွားကြစဉ်မှာပဲ လရောင်အောက်တွင် ငိုချလိုက်သည်။ ကိုကို့ တော်လှန်ရေးသမားရုပ်ပုံကို လရောင်လင်းလက်အောက်တွင် ငုံ့ကြည့်မိသည်။ ကိုကို့ရုပ်ပုံလွှာက စိုစွတ်မျက်ရည်တို့နှင့် ဝေဝါးနေလေသည်။

■ ■ ■

မေ၊၂၉ ၊ ၂၀၀၃

သစ္စာအမှတ်(၁) မေ၊ ၂၀၀၄

# ညများကို ဖြတ်သန်းခြင်း

ထိုလမ်းကလေးပေါ်တွင် ကျနော် ရောက်နေတတ်သည်။ လမ်း၏ ဘေးတဖက်တချက်တွင် တောအုပ်ရှိနေသည်။ တောအုပ်နှစ်ခုဖြစ်သွားရန် လူသွားလမ်းက စည်းခြား ကန့်ပေးထားတဲ့အတွက် လမ်း၏ ဘယ်ဘက်ညာဘက်တွင် တောအုပ်နှစ်ခု ဖြစ်သွားသည်။ သစ်ပင်တွေကလည်း လူတွေလိုပါပဲ။ ကောင်းကင်အမြင့်သို့ ယှဉ်ပြိုင်တိုက်ခိုက် ထိုးထွက်လာခဲ့ကြသည့်အတွက် ခြေတံရှည်သစ်ပင်များက မြင့်မတ်နေကာ လောင်းရိပ်မိသစ်ပင်များမှာ ပုပျပ်ပျပ်နိမ့်ဝင်နေကြလေသည်။ ထိုလမ်းကလေးကို ခါးတန်ရှည်သစ်ပင်များက အုပ်မိုးထားသည်။ ရာသီကူး၊ ရွှေရောင်သစ်ရွက်အိုများက မိခင်ပင်စည်ကိုင်းခက်တို့ကို နှုတ်ဆက်ထွက်ခွာလာခဲ့ကာ ညှင်းနွဲ့လေပြေတွင် ဝေ့ဝဲလွင့်ကြွေနေသည်။ လမ်းကလေးပေါ်တွင်လည်း ရွက်ဝါတွေက တဖွေ့ဖွေ့ ကြွေဆင်းကျလာနေလေတော့သည်။ လမ်းကလေးက အနောက်မှ အရှေ့သို့ သွားသောလမ်းကလေး။ ဘာကြောင့် အရှေ့ဘက် အနောက်ဘက်ဟူ၍ ခွဲခြားပြောနိုင်ရတာလဲ။ နေရောင်ခြည်က သစ်ကိုင်းသစ်ရွက်တို့အကြားက ဖြာကျလာကာ လမ်းကလေးပေါ်တွင် နေခြည်မျှင်တို့က နမ်းရှိုက်နေပုံကိုကြည့်ပြီး ပန်းချီကား၏ အရှေ့ဘက် အနောက်ဘက်ဟု ပြောနိုင်ခြင်းဖြစ်သည်။

တောအုပ်ထဲသို့ စီးကျနေသော နေခြည်မျှင်တန်းများထဲတွင် သစ်ရွက်ဝါရွှေတို့က ဖြတ်သန်းကြွေကျလာနေပုံမှာ ပန်းချီကား၏ တကယ့် အသက်ဝိညာဉ် အလှအပ ဖြစ်နေလေသည်။ တောအုပ်ညို့ညို့ ပန်းချီကားထဲရှိ ထိုလမ်းကလေးပေါ်တွင် ကျနော် ရောက်သွားနေခြင်းဖြစ်သည်။ ထိုလမ်းကလေးပေါ်တွင် တဖြည်းဖြည်းတရွေ့ရွေ့ လျှောက်နေသည်။ ကျနော် ဘယ်မှာရောက်နေတယ်ဆိုတာ ကျနော့်နံဘေးတွင် အိပ်မောကျနေသော သမီးလေးကသိပါ့မလား။ သိနိုင်မှာမဟုတ်။ ကျနော်ကိုယ်တိုင်လည်း မြတဝက် ရွှေတဝက် တောအုပ်ညို့ညို့၊ နေခြည်မျှင်တန်း၊ ဝေ့ဝဲကြွေဆင်း ရွက်ဝါပြီးတော့ ရွက်ကြွေတို့ဖုံးသော လမ်းကလေးနဲ့သာ ထိတွေ့နေသည်။ ကျန်တာတွေ ဘာမှ မသိမြင်တော့။ ပန်းချီကားက စိတ်အညစ်အကြေးတို့ကို ထားရစ်စေခဲ့ပြီး ပန်းချီကားဖွဲ့စည်းမှု အလှတရား ညို့ခေါ်ရာနောက်သို့ လိုက်လာခဲ့သည်။ ထိုလမ်းကလေး ပေါ်တွင် ပျော်ပိုက်နှစ်ခြိုက်စွာ တရွေ့ရွေ့ လျှောက်လှမ်းနေခဲ့သည်။ မန္တလေး ကတ္တီပါခြေညှပ်ဖိနပ်ကို စီးထားသော ကျနော့်ခြေထောက်အစုံက ရွက်ဝါရွက်ခြောက်တို့နှင့် တို့ခတ်မိသည်။ တခါတရံ နင်းလိုက်မိသည်။ ဂယ်ပုံသဏ္ဌာန် လိမ်ခြောက်ကွေ့ကောက် သစ်ရွက်က ခွပ်ကနဲ့မြည်ကာ ကျန်ခဲ့သည်။ လေပြည်က သိမ့်ကနဲ တိုက်ခတ်သောအခါ ဂွမ်းထိုးကောင်တွေလို သစ်ရွက်ကြွေတို့မှာ လေထဲတွင် လူးလိမ့်ပါသွားသည်။ ရွက်ခြောက်တိုးခတ်သံ၊ လေခွေသံတို့က တောအုပ်၏ တေးသံ၊ လမ်းကလေးပေါ်က ဂီတသံစဉ် တေးသွားများဖြစ်သွားသည်။ ကျနော်လည်း လမ်းကလေးပေါ်တွင် ရွက်ကြွေများကဲ့သို့ မျောပါသွားနေလေသည်။

တဘက်ခြံက စူးရှရှ ခွေးဟောင်သံက ကျနော့်ရှေ့က ကာဆီးဟန့်တားလိုက်တော့မှ လမ်းလျှောက်ခြေလှမ်းကို ဖျတ်ကနဲ့ တုံ့ရပ်လိုက်ရသည်။ ခြံစည်းရိုးကိုခွေးနှစ်ကောင်က တအား ခုန်တိုးနေမှန်းသိသာသည်။ ရိုးရိုးခွေးဟောင်သံ မဟုတ်တော့။ ကျနော့်အိမ်ခြံအတွင်းသို့ လူစိမ်းတယောက် ဝင်လာနေပြီဆိုသည်ကို သိလိုက်သည်။ ထိုအသိကပင် ပန်းချီကားပေါ် ရောက်ရှိနေသော အာရုံအကြည့်တို့ကို ရုတ်တရက် ဖြတ်တောက်မိလျက်သား ဖြစ်စေခဲ့သည်။ နံရံတွင် ကိုယ်တဝက်မှေးမှီထားရာမှ ထလာ

## ၂

ကျနော့် အာရုံအကြည့်တို့က ဟိုတဖက်ခြံ ဂျင်နီတို့ဇနီးမောင်နှံထံမှ ခွဲခွာလာခဲ့ကာ စိမ်းရင့်ရင့် သစ်ပင်ထိပ်ဖျားပေါ်က လှမ်းကျော်ကြည့်လျှင် မြင်နိုင်သည့် မိုးပြာကောင်းကင်သို့ ရောက်နှင့်နေသည်။ တိမ်မျှင်တိမ်တိုက်တို့က လေဟုန်စီးကာ လွင့်မျော နေကြသည်။ ဖုန်းဆက်သွယ်မှုကအစ ရင်းနှီးဆက်ဆံမှု တနစ်နီးပါး ပြတ်တောက်နေခဲ့သည့် ဘောဇ်နှင့် ကက်သီကို စိတ်ထဲတွင် မြင်တွေ့နေရသည်။

မော်တော်ကားစတီရာရင် ထုတ်လုပ်သည့် စက်ရုံတွင် ဘော့ဇ်ကို စတင်သိခဲ့ရသည်။ မျက်နှာ မေးရိုးငေါငေါ၊ မုတ်ဆိတ်မွေး ထူပျစ်၊ ဆံပင်ကို ဘယ်တော့မှ ဖီးသင်လေ့မရှိ။ မျက်လုံးတွေက ဖီး ကွက်မျက်လုံး၊ ပြူးကျယ်ကျယ်။ အရပ်က သိပ်မမြင့်။ ရှေ့သွားတချောင်းက ကျိုးနေသည်။ သူရယ်လိုက် တိုင်း သွားပြတင်းပေါက်ကို တွေ့ရသည်။ သူကား ပျက်လျှင် သူ့အိမ်နှင့်စက်ရုံ အကြိုအပို့ လုပ်ပေးရသည်။ တခါတရံ ကျနော့်ကားကို ဗမာမိတ်ဆွေက ငှားရမ်း ထားတဲ့နေ့တွေမှာ ဘော့ဇ်က ကျနော့်ကို လာကြို တတ်သည်။ အမေရိကန်တွေထဲတွင် ဘော့ဇ်လောက် ခပ်တုံးတုံးခပ်အအ လူမျိုး ရှိမည်မထင်။ နိုင်ငံရေးကို လုံးဝစိတ်မဝင်စား။ ကမ္ဘာ့နိုင်ငံရေးလည်း မသိ။ သတင်းတွေထဲကတဆင့် ကမ္ဘာကြီး ဘာဖြစ်နေတယ် ဆိုတာ ရိုးတိုးရိပ်တိပ် သိရုံကလွဲလို့ စိတ်မဝင်စား။ သမ္မတဆိုတဲ့ တိုင်းပြည်ရဲ့ခေါင်းဆောင်ကို သူသောက် နေတဲ့ အရက်လောက် သူဂရုမစိုက်။ ဘေးချိတ်ထား တတ်သူ။ သမ္မတဆိုတာက ငါတို့ကို အိမ်ဝယ်ပေးမယ့် သူ မဟုတ်ဘူး။ ကြွေးဆပ်ပေးမယ့်သူ မဟုတ်ဘူး။ ကြွေးတင်အောင်ပဲ လုပ်နိုင်တာ။ သမ္မတ အတော် များများဟာ ကမ္ဘာ့လူသားတွေ ရှုပ်ထွေးသွားအောင် လိုက်ရှုပ်နေတဲ့ လူရှုပ်လူပွေတွေပါ။ ဒီလိုပဲ သူမြင်တာ ကို ပြောလေ့ရှိတယ်။ သူ့မှာ ကြီးမားတဲ့ မျှော်လင့်ချက် ဘာမှမရှိ။ အနာဂတ်ဆိုတာ ရှိကောရှိရဲ့လား။ သူ ဗီယက်နမ်စစ်ပွဲနဲ့ ကြုံခဲ့ဖူးသည်။ စစ်သားမလုပ်လိုတဲ့

ကာ ကန့်လန့်ကာကြိုးကို ဆွဲဖွင့် မတင်ကြည့်မိသည်။ အိမ်နောက်ဘက်သို့ လှမ်းကဲကြည့်လိုက်မိစဉ် လျှပ်စစ် မီတာ လိုက်မှတ်နေသော အလုပ်သမားကို တွေ့ရ သည်။ ဩော် ... ဒါကြောင့်ပဲဖြစ်မယ်။ အလုပ်သမား က အိမ်ခြံထဲက ပြန်ထွက်သွားပြီ၊ တဖက်ခြံထဲမှ ခွေးနှစ်ကောင်နှင့် ခွေးပိုင်ရှင် လင်မယား နှစ်ယောက် ကို တွေ့ရသည်။

အမျိုးသားက ဘောင်းဘီတိုကလေး တထည်သာ ဝတ်ထားသည်။ အမျိုးသမီးက ရင်သား မလုံ့တလုံ၊ ဘရာဇီယာကို ရင်သားပေါ်တွင် ချိတ်သိုင်း တင်ထားသည်။ ဘောင်းဘီတိုကလေးက သူမတင်သား နှင့် ပေါင်တံတို့ကို ပကတိအလှအတိုင်း တစ်‚ရစ် ပေါ်လွင်စေသည်။ နှစ်ယောက်စလုံးမှာ အရပ်မြင့်မြင့်၊ ဗလကောင်းကောင်း အသားဖြူနီစပ်၊ သူတို့ ဇနီး မောင်နှံက အတွဲညီသည်။ ပွေ့ဖက် ကြည်စယ်ရင်း တသောသော ရယ်နေတတ်ကြသေးသည်။ နွေလယ် နွေ၏ နေရောင်ထဲတွင် နေခြည်လှုံ အပူခံကာ မြက်ရိတ်ကြ၊ ပန်းပင် စိုက်ပျိုးနေကြခြင်း ဖြစ်သည်။ ရောက်စက ခြံစည်းရိုးဘေးတွင် သူတို့ဇနီးမောင်နှံနှင့် မိတ်ဆက်စကားပြောဖူးသည်။ တလှိုက်တလှဲ လက် ဆွဲနှုတ်ဆက်ခဲ့ဖူးသည်။ နောက်တကြိမ် ဟိုဘက်ခြံ၊ ဒီဘက်ခြံမှ လှမ်းတွေ့ကြစဉ် လက်ပြနှုတ်ဆက် "ဟိုင်း" လုပ်ဖူးသည်။ သူတို့နှစ်ယောက်ရဲ့နာမည်ကို ယခု ပြန်စဉ်းစားကြည့်တော့ စိတ်အမှတ်စက်ထဲတွင် ရေးရေးမျှပင် ပေါ်မလာတော့။ အမျိုးသားက တင်မသီ လော်ဂင်လား၊ ဂျင်နီလား၊ အမျိုးသမီးက ကက်သီလား၊ ဂျူနီဖာလား၊ သူတို့ဇနီးမောင်နှံ၏ နာမည်နှစ်လုံးက ခဲသားတွေ ဖြစ်သွားလေသလား မသိ။ စိတ်အမှတ်စက် ရေအောက်ထဲတွင် စုန်းစုန်း နစ်မြုပ်သွားကြချေပြီ။ စဉ်းစားကြည့်ရင်းက ကျနော့်မိတ်ဆွေ ဘော့ဇ်နှင့် သူ့ဇနီးကက်သီကို ပြေးမြင် သတိရလာသည်။ ကက်သီ က ဘော့ဇ်ရဲ့ဇနီးလား ဂဲလ်ဖရင်း(Girl friend)လား။ မသေချာ။ သေချာတာက ကက်သီဆိုတဲ့နာမည်ပဲ။ ဟုတ်ပြီ ကက်သီ၊ ကက်သီ။ ဟိုဘက်ခြံက အမျိုးတမီးက ကက်သီ မဖြစ်နိုင်တော့။ ဂျင်နီ၊ ဟုတ်တယ်ဂျင်နီ။

ဘော့ဗ်။ စစ်ကိုမုန်းသည်။ စစ်သားဆိုတာ အစိုးရရဲ့ ဓားစာခံအဖြစ်နဲ့ သူက ရှုမြင်ထားသည်။ သူ့အတွက် အရက်စျေးနှုန်း တက်မလာဖို့ပဲ လိုသည်။ အရက် ပြင်းပြင်း၊ စီးကရက် ဒီဂရီပြင်းပြင်းကို တရှိုက်မက်မက် ချစ်ခင်သူ။ သေနေ့ စောင့်နေသည့် သမီးလေးကို ကြည့်ရင်း … ကြည့်ရင်း အရက်ပုလင်းထဲမှာ သူ့ ဘဝကို စိမ်ထားသည်။ ကက်သီကိုတော့ … ဘဝက ဒဏ်ရာတွေ ရထားပြီးသား။ ရောဂါထူပြောပြီးသား။ နောက်ထပ် ဒဏ်ရာအသစ် ရောဂါအသစ်တွေ ထပ်ယူမလာနဲ့။ အချိန်တန်လို့ အိမ်ပြန်ရောက်လာတဲ့ ကက်သီဟာ ရောဂါသယ်မလာခဲ့တဲ့ ချစ်စရာ မိန်းမပဲဟု ကြုံးဝါးလေ့ရှိသည်။ သူ့ကိုလိုက်ပို့တဲ့နေ့ ဆိုရင် ကားထဲရောက်သည်နှင့် အရက်ပြင်းတခွက်ကို သောက်ချလိုက်သည်။ ဆေးလိပ်ကိုတော့ ကျနော်က တောင်းပန်ထားသဖြင့် ပေတေပြီး မသောက်ဘဲ အောင့်အီး စောင့်စည်းထားရသည်။ တလမ်းလုံး ရင်ဖွင့်တော့တာပဲ။ ကျနော်က သူ့တရားကို နာရသူ။ စကား ထောက်ပေးသူ။

ကျနော့်မိတ်ဆွေ ဘော့ဗ်ကို ဘယ်လို နားလည်ရမှန်းမသိ။ သူတပါးကိစ္စကို နားလည်အောင် မကြိုးစားချင်တာလဲပါတယ်။ မကြိုးစားလိုတော့။ အိမ်အထိ လိုက်ပို့ပေးရတဲ့နေ့တွေမှာ ဘော့ဗ်က အိမ်ထဲအထိ လိုက်လည်ဖို့ တခါမှ မဖိတ်ကြားခဲ့။ ကက်သီကို သုံးလေးကြိမ် လှမ်းမြင်တွေ့ဖူးသည်။ “နေကောင်းလား”ဆိုတာလောက်ပဲ နှုတ်ဆက်ဖူး သည်။ ကျွမ်းဝင်မှုမရှိ။ ကက်သီက သဘောကောင်းပုံ ရသည်။ ခပ်ယဲ့ယဲ့ ပြုံးတတ်သည့် သူမ။ အိပ်ရေးပျက် ပေါင်းများခဲ့သဖြင့် ဝေါင်စင်းစင်း ဖြစ်နေသလိုမျိုး နွမ်းလျနေတတ်သည်ကို မြင်ဖူးသည်။ ထူးကဲမှု မရှိ သော်လည်း သာမန် ရွက်ကြမ်းရေချိုထက် သာလွန် သည့်အလှမျိုး သူမမှာ ရှိနေသေးသည်။ ရောဂါသည် သမီးလေး ဆိုတာကိုလည်း မမြင်ဖူးခဲ့။

သူတို့မိသားစုကို နောက်ဆုံး တွေ့ခဲ့ရ သည့်နေ့မှာမှ ရောဂါသည်သမီးလေးကို မြင်တွေ့ ဖူးခြင်းဖြစ်သည်။ ကက်သီကိုလည်း ထိုညမှာပဲ သိကျွမ်း ရင်းနှီးသွားသည် ။ သမီးနှင့်ကက်သီကို တွေ့ရတော့ ကျနော့်ရင်သည် ပွင့်ထွက်မတတ် ခုန် မြည်နေတော့သည်။ အရာရာမှာ အာရုံခံစားမှု စူးရှ ပြင်းဝေါတတ်သည့် ကျနော့်အဖို့ သူတို့နှင့်တွေ့တော့ ကျနော့်ရင်သည် အပ်တဖျားစာပင်မကျန် လှိုင်းထန် ပဲ့တင်နေတော့သည်။ စွဲစွဲမြဲမြဲ ကျနော် မှတ်မိသည့် အချက်မှာ ကျနော့် အမူအရာအားလုံး မျက်လုံး တွေကအစ မအံ့သြ မထိတ်လန့်အောင် အိန္ဒြေ ဆည် ထားရခြင်းပင် ဖြစ်သည်။ ရင့်ကျက်ပြီးသားပါ။ ဒါတွေက အပရိကပါဆိုတဲ့ ဟန်ပန်မျိုး သရုပ်သဏ္ဍာန် မျိုး ရှိလာအောင် စိတ်ထိန်း ချုပ်တည်းထားရသည်။ ကက်သီကိုတွေ့ရတော့ ကျနော့်ခေါင်းက အိုးထိန်း စက်လို ချာချာလည်သွားသည်။ ရင်ခုန်သံက ပြေး ဆောင့်သည်။ ကျနော့်ခြေထောက်အစုံက ကမ္ဘာ မြေပြင်နှင့် ခေတ္တ လွတ်ထွက်သွားသည်။

ထိုနေ့ညက ဘော့ဗ်က ဖုန်းနဲ့လှမ်းပြီး အကူအညီ တောင်းသည်။ မှတ်မှတ်ရရ စနေနေ့ ညတည။‘အောင် … မင်းကို မြန်မြန် အိမ်လာစေ့ချင် တယ်။ လာနိုင်မလား ’ဟုထပ်မေးသည်။ သူ့အသံ က တုန်နေသည်။ ကျနော်က ဘာကြောင့်လဲဆိုပြီး ထပ်မမေးနိုင်တော့။ ‘လာနိုင်တယ် … ’ လို့ပဲ ဖြေကာ ကားအမြန်နှုန်းနှင့် မောင်းသွားရသည်။ အိမ်ရောက် တော့ ထင်ထားသည့်အတိုင်းပင် ရောဂါသည် သမီး လေးက နောက်ဆုံးထွက်သက်ကို မရှူမလှ ခံစားရင်း စောင့်နေသည်ကို တွေ့ရသည်။ ဘော့ဗ်က အရက်ကို ပေပေတေတေ သောက်ထားသော်လည်း ဟန်မပျက် ထိန်းထားကာ သမီးလေး ကုတင်ဘေးတွင် တွေငေး ရပ်နေသည်ကို တွေ့လိုက်ရသည်၊ ဘော့ဗ်က ကက်သီကို သွားခေါ်ပေးဖို့ ပြောသည်၊ လိပ်စာနှင့် လမ်းညွှန်ပေးသည်၊

“အဝင်ဝမှာ တစ်ခေါ်လာပေးလိုက်၊ ဟို ရောက်ရင်ကက်သီကို မင်းတွေ့ပါလိမ့်မယ်။ ငါလွှတ် လိုက်လို့ လာခေါ်တာလို့ပြော …၊ ဒီစာကို သူ့ကိုပြလိုက် ကွာ။ ပြီးရင်မင်းက သူ့ကို ကားပေါ်တင်ခေါ်ပြီး အိမ်ကို ပြန်လာခဲ့။ ငါ့ကို ကူညီနိုင်မယ့်သူဆိုလို့ မင်းတယောက်ပဲ ရှိလို့ပါ။ ငါဘယ်သူ့ကို မှအကူအညီမတောင်းချင်ဘူး၊

နားလည်ပေးပါ ”

ကျနော်က သူ့ကုပ်ပိုးကို ခပ်ပြင်းပြင်း ဆုပ်ညှစ်ရင်း သမီးလေးကို ဆေးရုံပို့ဖို့ ပြောသည်။ ဆေးရုံကို ဖုန်းဆက်ထားပါ့မယ်ဟု ပြောကာ ကျနော့် နောက်ကျောဘက်တွင် ကျန်ခဲ့သည်။ မြို့စွန် တောင်ပိုင်းကနေ မြို့ထဲပြန်မောင်းရသည်။ သမီးက ကိုးနှစ်သမီး၊ အရိုးပေါ်အရေတင်နေပြီ။ အိပ်ရာထဲ ကနေ သေနေ့ကို စောင့်နေရသည့်ကလေး၊ ဒီတခါတော့ ရှင်သန်ခွင့်ရှိမှာ မဟုတ်တော့ဘူး ထင်ပါရဲ့။ ရောဂါ သည်ကလေး၏ ရုပ်ပုံလွှာက ကျနော့် မျက်လုံးအိမ်ထဲ ကပ်ငြိပါလာခဲ့သည်။ မိနစ်နှစ်ဆယ်မျှ ကားမောင်း အပြီးမှာ ကက်သီရှိရာ ညကလပ်သို့ ရောက်လာခဲ့ သည်။ လွန်ခဲ့သည့်နှစ်က ဒီညကလပ်မှာ လူသတ်မှု ပစ်ခတ်မှုဖြစ်ခဲ့ကြောင်း သတင်းစာထဲတွင် ဖတ်ခဲ့ဖူး သည်။ ထိုအသိက ညကလပ် အဆောက်အဦးထဲ တွန်းဖွင့်ဝင်ရန်အတွက် ခြေလှမ်းကို တုံ့စေသည်။ ကျနော် အမေရိကရောက်ကထဲက ဘယ်အရက်ဆိုင်၊ ဘယ်ဘား၊ ဘယ်ညကလပ်ကိုမှ မရောက်ခဲ့၊ ရောက်ဖို့ လည်း မကြိုးစားခဲ့ပေ။ သွားဖူးသူတွေ ပြောပြချက်နှင့် ပင် စိတ်ညစ်ခဲ့ဖူးသည်။ ယခု မရှောင်သာသည့်အဆုံး ဒီညကလပ်ကို ဝင်လာခဲ့ရခြင်းကိုက မိမိကိုယ်မိမိ သဘောမကျတော့။ ဘော့ဗ်ကိုမှ လာပြီးခင်မင်ခဲ့ရ သလား ... ဟု အပြစ်တင်ရမလို ဖြစ်နေသည်။ အဲဒီလိုလည်း အပြစ်မတင်ရက် ပြန်ပေ။

သတ္တိမွေး အရဲစွန့်ကာ ညကလပ်ထဲသို့ ဝင်လာခဲ့ရသည်။ ဘာဖြစ်ရအုံးမှာလဲ။ လူသတ်ကုန်း စစ်ပွဲဆီ သွားနေတာမှ မဟုတ်ဘဲ။ အမှောင်ချပြီး မီးရောင်စုံ ပြိုးပြက်ဝင်းလက်၊ တေးဂီတမြူးကြွ၊ အရက် ကောင်တာတို့နှင့် ဖွဲ့စည်းထားသော ညကလပ် အခန်းကို မိတ်ဆက် စတင်ထိတွေ့ရသည်။ အထဲ ရောက်တော့ ကောင်တာရှေ့မှာ ခပ်တည်တည်နှင့် ရပ်လိုက်ပြီး ကက်သီကို လိုက်ရှာသည်။ ကောင်တာ ရှေ့မှာ ကက်သီကို မတွေ့ရ။ တွေ့မည့်တွေ့တော့ စင်မြင့်ပေါ်တွင် ရှိုးဂဲလ်အဖြစ် ကက်သီကို တွေ့ရသည်။ ဟိုက်ခနဲ တုန်ခါလှုပ်ရှားသွားသည်။ အောက်ခံ ဘောင်းဘီပါးပါးလျလျ၊ လျော့ရဲရဲကလွဲလို့ သူမ ခန္ဓာကိုယ်ပေါ်တွင် ဘာမှ အကာအကွယ် မရှိတော့။ ဝတ်လစ်စလစ်။ မလုံ့တလုံ အောက်ခံဘောင်းဘီတွင် ဒေါ်လာငွေ စက္ကူများက သီးနေသည်။ ပြာတလှဲ့၊ ဝါတလှဲ့၊ နီတလှဲ့၊ မီးရောင်အောက်တွင် တေးသွား အလိုက် ကချိုးအမျိုးမျိုး ပြောင်းသွားကာ အကကို ဖန်ဆင်း၊ ကာမကို မြှူဆွယ်ရသည်။ ပုရိသတို့၏ ရာဂစိတ်ကို နိုးကြွပူရှိန်းလာအောင် မြှူရ၊ ကလူရ သည်။ အရက်ခိုးတို့ဖြင့် ရီဝေနေသော သက်ကြီး ရွယ်အိုတွေကိုပါတွေ့တော့ ထပ်ပြီးအံ့သြရပြန်သည်။ ဒီအရပ်ဒေသကို ဘာကြောင့်လာခဲ့ရတာလဲ။ ဘာ ကြောင့်ရောက်လာခဲ့ရတာလဲ။ လူမှုဗေဒအသိက ကျနော့်မှာ ကျဉ်းမြောင်းလွန်း နေသလားမသိတော့။ အားလုံးကို ရာဇဝတ်ကောင်တွေအဖြစ် အပြစ်တွေပဲ မြင်နေမိတော့သည်။ ကက်သီက တိုင်ကိုဖက်၊ မြွေ တကောင်လို ဇောက်ထိုး တဖြည်းဖြည်းပွတ်ပြီး စီးဆင်း ... ၊ ခါးကို ကော့လန်ကွေးညွတ်၊ အဘိုးကြီးထံ တရွေ့ရွေ့တိုးသွား၊ တွဲရရွဲကျဆင်းနေသော ရင်သား အစုံကို လက်နှစ်ဖက်ဖြင့် မ,ကာ အဘိုးကြီးမျက်နှာ နှင့် ထိပွတ်နမ်းလိုက်သည်။ သုံးစက္ကန့်မျှ ရှိလိမ့်မည်။ အဘိုးကြီးလက်ထဲမှ ဒေါ်လာ ငွေစက္ကူခေါက်သည် ကက်သီ၏ ဘောင်းဘီ သားရေကွင်းတွင် ချိတ်ပြီး ပါလာခဲ့သည်။

တိပ်ခွေဖြင့် ဖွင့်ထားသော သီချင်းကို ပြီးသည်အထိ စောင့်ရလိမ့်မည်။ ငါ့နှယ် ဖြစ်ရလေ ခြင်းဟု ... တသသ ရင်တွင်းမှာ ပြောနေမိသည်။ ညကလပ်၏ ဖောက်သည်တွေ နေပုံထိုင်ပုံ နေရာယူပုံ ကို အကဲခတ်ပြီးတာနှင့် ထိုင်ခုံလွတ်တခုတွင် ဝင်ထိုင်လိုက်သည်။ တကယ်က ညကလပ်အ ကြောင်းကို ညကလပ်ကပဲ သင်ပေးတာပါပဲ။ ကက်သီ ယခုလို ဝင်ထိုင်လိုက်တာကို တွေ့သွားပြီလား။ ကာမ ရာဂစိတ်ကို ခပ်ရိုင်းရိုင်း ညှို့ခေါ်ရာဒေသ ခုံမြင့်ထက်မှ ကက်သီ ဆင်းလာကာ ကျနော့်ထံသို့ လာနေခြင်း ဖြစ်သည်ဟု ထင်ခဲ့မိသည်။ တကယ်က ကျနော် ရောက်နေမှန်း သိမှာတောင်မဟုတ်။ ထိုင်ခုံ ဆယ်ခုံ

စာမျှတင် ချထားသည်။ ကုလားထိုင်တန်းရဲ့ ပထမဆုံးထိပ်ကလူရဲ့ မျက်နှာပေါ်ကို အတွယ်အတာမဲ့ ရင်သားနှစ်မွှာနှင့် ထိတွေ့ပွတ်သပ် ချော့မြူ ပေးလိုက်သည်။ ကက်သီက ရာဂအထိအတွေ့ကို ပေးကာ ငွေကိုယူသည်။ ငွေအမဲလိုက်သမား ကက်သီ ပုရိသကြီးငယ်တို့က ရှိုးဂဲလ်မယ် ဣတ္ထိယကက်သီ ထံမှ ရာဂအထိအတွေ့ ကာမအငွေ့အသက်ကို ရယူကာ ငွေကြေးတန်ဖိုးကို ပေးချေသည်။ ရာဂ အမဲလိုက်ပုရိသ။ စိတ်အပန်းဖြေမှုလား စိတ်ဓာတ်အား သစ် လောင်းပွဲလား။ ချစ်သူ(သို့မဟုတ်) ဇနီးမရှိ၍ အစားထိုး ခံစားခြင်းလား။ ကာမ အငွေ့အသက်ကို ရယူကာ ငွေကြေးတို့လဲလှယ်ဖလှယ်ရာ ဈေးကွက် ပုရိသနှင့်ဣတ္ထိယတို့၏ ပဋိပက္ခစစ်ပွဲကို ခင်းကျင်း ပြသခြင်းပဲလား။ အတွေးထဲနစ်သွားလိုက်၊ ပေါ်လာလိုက်၊ ရင်က တဒိန်းဒိန်းခုန်မြည်နေသည်။ မျက်နှာတခုလုံး ပူရှိန်းထူအန်းလာသည်။ ရက်ရွှဲ့တုန်လှုပ်မှုက အခိုးအငွေ့ပျံကာ ရင်ရဲ့အနက်ရှိုင်းဆုံး ထောင့်တနေရာမှာ တစိမ့်စိမ့်စီးထွက်နေသလိုပါပဲ။ ကျွန်နော့် တယောက်ကျော်က လူရဲ့ပေါင်ပေါ်မှာ ကက်သီ ထိုင်ချလိုက်သည်။ ပြီးတော့ ကက်သီကပင် ထိုလူ၏ လည်တိုင်ကို သိုင်းဖက်ထားလိုက်သည်။ ထိုသူ၏ မျက်နှာက ကက်သီ့ရင်ခွင်ထဲ ရင်သားနှစ်မွှာထဲ တိုးဝင်နစ်မြုပ်သွားသည်။ ထိုသူကား ယစ်မူးရီဝေ သွားလေပြီလားပင်မသိ။

"ကက်သီ ... ဟောဒီမှာ အ ... ဘော့ဗ် ပေးလိုက်တဲ့စာပဲ။ နင့်ကိုလာခေါ်တာ။ နင့်သမီးလေး သေလုနီးပါး ခံစားနေရတယ်။ အိမ်ပြန်ကြစို့ ... နင့်ကို စောင့်နေကြလေရဲ့။ အမြန်ပြန်မှ ကောင်းလိမ့်မယ် "

"ဟင် ... ရှင်ကဘော့ဗ်ရဲ့ မိတ်ဆွေ အောင် မဟုတ်လား "

ကျနော့် ရှေ့တည့်တည့်ကို ကက်သီ ရောက်လာပြီး သူမရင်သားနှင့် မပွတ်သပ် မတို့ထိ သေးမီ အဆောတလျင် လက်ဦးမှုယူကာ သူမကို စကားလည်းပြော၊ စာလည်းပေးလိုက်ရသည်။ စာကို မဖတ်တော့ဘဲ လက်ထဲမှာ ဆုပ်ညှစ်ထားလိုက်သည်။ ငါးစက္ကန့်မျှ ကြာလိမ့်မည်။ ငြိမ်သက် ခန္ဓာကိုယ်ကို လှုပ်လိုက်ကာ ခါးကိုတဆစ်ချိုးညွှတ်ကွေးပြီး ကျနော့် မျက်နှာဆီသို့ သူ့ကမျက်နှာ တိုးကပ်လာသည်။ ပြီးတော့ တိုးကပ်စွာပြောသည်။ ဒီသီချင်း ပြီးတာနဲ့ ကျမ လိုက်ခဲ့ပါ့မယ်။ အပြင်က စောင့်နေပါနော် ... ဆိုပြီး တောင်းပန်သံနှင့် ပြောသည်။

ကောက်ကာငင်ကာထပြီး ကျနော် ထွက်လာခဲ့သည်။ ညကလပ်၏ ပြင်ပတွင် လူခြေတိတ်စ ပြုနေပြီ။ ပုရိသတို့၏ ကာမရင်ခုန်သံ စည်းချက်အတိုင်း ညကလပ် ဂီတဗုံသံက စည်းချက် ချပေးနေသည်။ ဂီတသံစဉ်က ညကလပ်၏ ပြင်ပသို့ ခပ်တိုးတိုး စိမ့်ထွက်လာနေသည်။

ကက်သီထွက်လာသည်နှင့် ကျနော့်ကား ရှိရာဆီသို့ ကျနော်သွားနှင့်သည်။ ကျနော့် နောက်ကျောဘက်တွင် သူမပါလာခဲ့သည်။ ကားတံခါး ဖွင့်ပြီးသည်နှင့် စီးကရက်ကို နှုတ်ဆက် ရှိုက်ယူလိုက်သည်။ ကားကို မောင်းထွက်လာခဲ့စဉ် အရက်နံ့၊ စီးကရက်နံ့၊ စူးရှရှ ရေမွှေးနံ့တို့က ကျနော့်အား မူးဝေ နောက်ကျိစေလေသည်။

" ဒီနေရာကို အောင် အရင်က ရောက်ခဲ့ဖူးလား "

" ဒါပထမဆုံးပါပဲ။ ဘယ်ကလပ် ဘယ်ဘားကိုမှ ငါမသွားခဲ့ဘူး။ နင်တို့မိသားစုကို ခင်မင်လို့ ငါကူညီရင်း မတော်တဆ ဒီကိုရောက်လာခဲ့တာ။ မဖြစ်မနေလာခဲ့ရလို့ ရောက်ခဲ့ရတာ။

"ဆောရီးပဲ အောင်၊ ရှင့်အတွက် ကျမ စိတ်မကောင်း ပါဘူးလေ "

ဒီအပြင်ဘာမှ စကားစရှာမရ၊ နှုတ်ဆိတ်လာခဲ့ကြသည်။ စက်ဆုပ်မသတီသည့် ပုံပန်းမျိုး မပေါ်သွားအောင် ကျနော်က အစွမ်းကုန် ဖုံးဖိထားရသည်။ သူမကတော့ ကျနော့်စိတ်ကို ရိပ်မိပုံ ရနေသလိုပဲ။ ထို့ကြောင့်ပင် ဖြစ်မည်။ ကျနော့်ကို ကက်သီ အားနာနာ ရှက်ရွံ့ရွံ့ ဖြစ်နေသည်။ စကားတွေ ဖောင်မဖွဲ့နိုင်တော့။ ညကလပ်၏ ဒေါ်လာမုဆိုးဟု ကျနော် ထင်မြင်ခဲ့မိခြင်းက မှားသွားပြီလား။ ကျနော် မေးလိုက်

ချင်သည်။ အရေးတကြီး မေးခွန်းတွေက ဟိုး … ရင်ခေါင်းဆီမှ ထွက်လာခဲ့သော်လည်း နှုတ်ဖျားရောက်တော့ ပျောက်ရှ လွင့်စင်သွားသည်။ ကက်သီကို ဒီ လုပ်ငန်းကို လုပ်ရတာ စိတ်နှစ်ခြိုက်မိပါသလား၊ ပျော်ပါး အားရပါသလား၊ ဒါကို မေးကြည့်ချင်သည်။ တကယ်လို့ သူမက ခေါင်းကို အတွင်တွင်ခါရမ်းကာ မျက်လုံးအိမ်ထဲတွင် မျက်ရည် များဝေ့ဝဲလာပြီဆိုလျှင် … ကျနော် နားလည်သွားမှာ ဖြစ်သည်။ ယခုထိ မေးခွန်းက ရင်မှတဆင့် နှုတ်ခမ်းတွင် ဆွံ့အနေသည်။ ဒီလောက်လဲ မရိုးပျသင့်ဘူးဟု ကျနော့်ကိုယ်ကျနော် ပြန်ဆုံးမရသည်။ ဝေဖန်ရေး လုပ်ယူရသည်။

ကက်သီအိမ်သို့ မရောက်မီကတည်းက မီးရောင်ပြိုးပြက်နေသည့် ဆေးရုံကားကို လှမ်းတွေ့ရသည်။ ကားရပ်သည်နှင့်ကားပေါ်မှ အပြေးအလွှား ဆင်း အိမ်တံခါးတွန်းဖွင့် အိမ်ထဲ ကသုတ်ကရက် ဝင်သွားကြသည်။ သမီးလေးအလောင်းကို အဝတ်ဖြူနှင့်ထုပ်ရန် အသင့်ပြင်ထားကြပြီးသား ဖြစ်နေသည်ကို တွေ့ရသည်။ ဆေးရုံ အလုပ်သမားများက အလုပ်ရှုပ်နေကြသည်။ ဘော့ဗ်က ကက်သီကို လှမ်းကြည့်ရင်း မျက်ရည်စက်များ စီးသွယ်ကျလာနေသည်။ သူ့နှုတ်ခမ်းကို ဖိကိုက်ထားသော်လည်း နှုတ်ခမ်းတွေက တဆတ်ဆတ်လှုပ်နေသည်။ ကက်သီမှာ ကလေးအလောင်းရှိရာသို့ ရောက်လာသည်နှင့် ‘သမီး ရိုစီရေ’ဟု တချက် အော်ဟစ်ရင်း ရှိုက်သံနှင့်ကနဲ ငိုချလိုက်သည်။ ‘ဟောဒီမှာ ရိုစီ့အတွက် ငွေတွေ … ’ဟု ထပ်ပြီးဟစ်ကြွေးကာ သူမလက်ထဲမှာ ဆုပ်ညှစ်လုံးချေထားပြီးသား ငွေစက္ကူထုပ်ကို ကလေးရင်အုံပေါ်သို့ ဖြန့်ကြဲလွှတ်ချလိုက်သည်။ အသည်းနှလုံး ကျိုးကြေ စိတ်မွှာ ပေါက်ကွဲ လွမ်းဆွတ်ဖွယ် ငိုကြွေးသံတွေက အိမ်ခန်းတခုလုံးကို လွှမ်းသွားသည်။ သူတို့သုံးဦးကိုကြည့်ကာ ကျနော်ပါ ဆို့နင့်ကြေကွဲ လာနေမိတော့သည်။

‘အမေတာဝန်မကျေပါဘူး သမီးရယ် … သမီးက ကံဆိုးမလေးပါ …’ဆိုသည့် ကက်သီ၏ စကားလုံးတွေက စက်ဆုပ်နေမိသည့် ကျနော့်ရင်ကို လာ၍ ထိမှန်လေသည်။ ဘော့ဗ်က ကက်သီထံ ရောက်လာကာ အသာအယာ ဖေးမ တွဲခေါ်သွားသည်။ ကျနော်က ဆေးရုံအလုပ်သမားများ အလောင်း ထုပ်ပိုး ဆေးရုံလှည်းပေါ် တင်နေသည်ကို ဝိုင်းဝန်း လုပ်ပေးနေမိသည်။ ဆေးရုံတာဝန်ခံက ဘော့ဗ်ကို ခေါ်ပြီး အသင့်ယူလာသည့် စာရွက်များပေါ်တွင် ရေးခိုင်း လက်မှတ်ထိုးခိုင်းသည်။ ဘော့ဗ်က ‘ငါစာမှမတတ်ဘဲ ’ ဟု တချက်ပဲ ပြန်ပြောနိုင်သည်။ တီကောင်ကို ဆားနဲ့ပက်သလို ကျနော့် ခန္ဓာကိုယ်သည် တချက် လှုပ်တွန့်သွားသည်။ ဘော့ဗ်လို စာမတတ်တဲ့လူတွေ ဘယ်လောက်များများ ရှိမလဲ။ ကျနော်က ဆေးရုံစာရွက်ပေါ်တွင် ဘော့ဗ်ကိုယ်စား ရေးပေးနေရသည်။“ကုန်ကျငွေမှန်သမျှ ကျနော် ပေးပါ့မယ် … ဟု ကတိပြုပါသည်” ဆိုသည့် စာကြောင်းကို ရေးပေးရသည်။ ဘော့ဗ်က လက်မှတ်ကိုပင် ဖြောင့်ဖြောင့်မထိုးတတ်။

ဆေးရုံကား မောင်းထွက်သွားတော့ နှစ်ယောက်သား ဖက်ငိုပြီး ကျန်ခဲ့ကြသည်။ ကက်သီမှာ ဆို့ဆို့နင့်နင့် ကြေကွဲနေလေသည်။ ကျနော်က … ‘မင်းတို့တွေနဲ့ ထပ်တူထပ်မျှ ငါခံစားရပါတယ်၊ စိတ်မကောင်းပါဘူး’ဟူ၍မျှသာပြောနိုင်သည်။ ဘာလုပ်ရမှန်းလဲ မသိပါ။ အမေရိကန်တို့၏ ထုံးစံကိုလည်း ကျနော်က သိမထား။ လေ့လာမထား၊ ဘော့ဗ်က ဘီရိုထဲမှ အရက်ပုလင်းကို ထုတ်ယူကာ ဖန်ခွက်ထဲငှဲ့ပြီး တကျိုက်ကျိုက် သောက်ပစ်လိုက်သည်။ ကက်သီက ဆိုဖာပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ ကျနော်နှင့် ဘော့ဗ်က စားပွဲပေါ်တွင် သွားထိုင်ကြသည်။

“ရိုစီကို ငါနဲ့မွေးတဲ့သမီးလို ငါတကယ် ချစ်ခဲ့တာပါ အောင်ရယ် … ယုံပါ။ ငါ့လက်ထဲမှာ ကြီးပြင်းလာခဲ့တဲ့ သမီး၊ ငါ့ကို ဖအေအရင်းလို ချစ်ရှာပါတယ်။ ငါ့ကို ဖအေအရင်းလို့ပဲ သတ်မှတ်တာ … ဖအေအရင်း ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ကက်သီကိုယ်တိုင်မှ မသိခဲ့ရဘဲ။ ဒီတော့ ငါက ရိုစီ

အဖေပဲ။ သွေးကစကားမပြောဘူး၊ နှလုံးသားက စကားပြောတာကွ အောင်ရဲ့ ”

ထပ်ပြီး တခွက်တင်လိုက်ပြန်သည်။ နှုတ်ခမ်းပေါ်တွင် တင်ကျန်နေသော အရက် အစအနများကို ညာလက်ကြမ်းကြီးနှင့် ပွတ်သပ် သုတ်ဖယ်လိုက်ပုံမှာ အသက်ပါလွန်းသည်။ တချက်တချက် ယိုင်နဲ့သွားလေသည်။ ကက်သီထိုင်ရာမှ ထလာခဲ့ကာ ဘော့ဗ်အနီးသို့ ရောက်လာသည်။ ဘော့ဗ်လက်ထဲမှ ဖန်ခွက်ကိုလှမ်းယူပြီး အရက်တခွက် သောက်ချလိုက်သည်။ စီးကရက်ကို မီးခိုးပျောက် ရှိုက်လိုက်သည်။ ပြီးတော့ ကျနော့်ကို တောင်းပန်သံနှင့် ပြောသည်။ သူမနှုတ်ခမ်းက တဆတ်ဆတ် တုန်ယင်နေဆဲ။

“အိမ်က ကားပျက်နေတုံး အောင့်ကိုပဲ အကူအညီ ထပ်တောင်းပါရစေ။ ကျမကို ညကလပ်ကို ပြန်ပို့ပေးပါ။ အပြန်မှာတော့ လူကြုံနဲ့ ပြန်လိုက်လာခဲ့ရမှာပေါ့ ”

ကလေးသေဆုံးသွားပြီ ဖြစ်သော်လည်း ဝမ်းနည်းကြေကွဲဖို့ အချိန် မယူနိုင်တော့ဘူးလား။ ကျနော်မမေးချင်တော့။ တားမြစ်ဖို့တာဝန် ကျနော့်မှာမရှိ။ ဘော့ဗ်က စားပွဲမျက်နှာပြင်ပေါ်က သုံးပွင့်ဆိုင်စုနေသော ပြားစေ့လေးသုံးစေ့ကို စိုက်ကြည့်နေသည်။ ပြားစေ့သုံးစေ့ စုစည်းနေသည့် အနေအထားဆီမှ ဘော့ဗ်က တစေ့ကို တရွေ့ရွေ့ ခွဲထုတ်လိုက်သည်။ မျက်ရည်တပေါက်က ထိုပြားစေ့ကလေးပေါ်သို့ ကြွေဆင်းကျသွားသည်။ တခုခုကို စဉ်းစား ခံစားနေခြင်း ဖြစ်ပေလိမ့်မယ်။

“ဒီည မင်းအနားယူသင့်တယ် ကက်သီ ရယ်သိလား … ငါ့သမီးလေးအတွက် ငါတို့နှစ်ယောက် ခွဲထွက်မသွားနိုင်အောင် သီထားတဲ့ သီကြိုးကလေးအတွက် အားရပါးရ ငါတို့ ငိုလိုက်ကြရအောင်လား”

“နိုက်ကလပ်မှာ ခေတ်ပေါ်တီးလုံး သီချင်းသွားတွေနဲ့ ကျမကျိတ်ပြီး ငိုလိုက်ပါ့မယ်။ စိတ်ချပါ။ ဟိုမှာလဲ ကျိတ်ငိုလို့ ရတာပဲဟာ။ ဒီညကျမှ လူကကျလိုက်တာလွန်ရော၊ သမီးအတွက် ဆေးရုံကားငှားခ၊ လူနာပြုစုခတွေ ပေးရအုံးမယ်ဆိုတာ ရှင်လဲ အသိပဲ။ ဆုတောင်းပွဲလုပ်ဖို့လဲ ကုန်ကျအုံးမှာ။ ကျမရင်ထဲမှာ ရိုစီရှိနေမှာပါ။ သွေးကင်ဆာလို ရောဂါဆိုးတွေ ကင်းစင်သွားတဲ့ ရိုစီအဖြစ်နဲ့ ကျမရင်ထဲမှာ ရှိနေမှာပါ။ ကျမ ဆုတောင်းနေမှာပါ။ သမီးလေး စားချင်တဲ့ အကောင်းစား အစားအစာတွေ ဝတ်ချင်တဲ့ အကောင်းစား အဝတ်အစား လှလှလေးတွေ၊ တန်ဖိုးကြီးကြီးပေးရပေမယ့် ကစားစရာတွေကို ကျမတို့ ဝယ်ပေးနိုင်ခဲ့လို့လား။ ပြောလိုက်စမ်းပါ ဘော့ဗ်ရယ် … ကျမကိုယ်ကျမ ဘယ်တော့မှ ခွင့်လွှတ်လို့ ရမှာမဟုတ်ဘူး။ ဒါတွေကို ကြေကွဲလို့မဆုံး ဖြစ်တာ ဘုရားသခင်ပဲ သိတယ်။ ရိုစီရေ အမေ့ကို ခွင့်လွှတ်ပါ။ သမီးကို ဆေးကုသခဲ့တဲ့ ကြွေးတွေကျေရင် ကျမ ဒီအလုပ်က ထွက်ပါတော့မယ်။ ဒီအလုပ်လုပ်ရတာ တကယ့်ကို မပျော်ပိုက်ပါဘူးလေ။ လာ … သွားကြစို့ အောင် ၊ ကျမကို လိုက်ပို့ပေးပါနော် ”

ပြောပြောဆိုဆိုနှင့်ပင် စားပွဲကို ကျောခိုင်းပြီး ကက်သီက ထွက်ခွာစပြုနေသည်။ ဘော့ဗ်ကို တချက်လှမ်းကြည့်ပြီး ကက်သီ့နောက်ကို ကျနော် လိုက်လာခဲ့ရသည်။ ညကလပ်မှာ မှုန်ထူပြီး ရင်ခုန်ခဲ့ရသည့် ရင်ခုန်သံသည် ပျောက်လွင့် ထွက်ပြေးသွားခဲ့ရပြီ။ ကြေကွဲမှု လွှမ်းယှက်ထားသည့် ဝမ်းနည်းမှု ဘဝင်မကျမှုတို့က ရင်ထဲမှာ အစားထိုး နေရာဝင်ယူခဲ့ကြသည်။ ကားကို ခပ်သွက်သွက် မောင်းထွက်လာခဲ့ကြသည်။ ကက်သီထံမှ စကားတခွန်းမျှပင် မကြားရတော့။ သူမစိတ်က ရိုစီဆီ ရောက်ရှိသွားနေပြီလား။ အပူကြွေး အသုဘကြွေးတွေထံ ရောက်သွားရင်း လိုက်မောနေခြင်းလား။ ဘော့ဗ်အကြောင်းတွေးတောနေတာလား။ သူမ တိတ်ဆိတ်စွာ ပါလာခဲ့သည်။

လမ်းတဝက်ရောက်လာစဉ် ကားကို ရုတ်တရက် ရပ်ခိုင်းလိုက်သည်။ ကျနော်က ဘုမသိ ဘမသိနှင့် ကားကို လမ်းဘေးထိုးဆင်းကာ ရပ်လိုက်ရသည်။

“ဆောရီး … အလှပြင်တဲ့အိတ် အိမ်မှာ ကျန်ခဲ့လို့ ကျမအဲဒါတွေ ပြန်ယူပါရစေ။ အဲဒါတွေ မပါရင် အလုပ်ဖြစ်မှာ မဟုတ်ဘူး”

ကားတံခါးကို ရုတ်တရက် ထုရိုက်လိုက်

ကာ သူ့ကိုယ်သူ မကျေမနပ်ဖြင့် မြည်တွန် တောက်တီးနေသည်။ ပြီးတော့ ကျနော့်ကိုလည်း တလေးတစား ထပ်ပြီး တောင်းပန်နေပြန်သည်။ ကျနော်က ကိစ္စမရှိပါဘူးဟုပြောကာ ကားကို အိမ်ဘက်သို့ ဦးတည်ပြီး ပြန်ကွေ့မောင်းရသည်။ ဟုတ်တော့လည်း အဟုတ်သား။ သူခန္ဓာကိုယ် ရောင်းကုန်ပစ္စည်းကို ဘယ်လိုလုပ် ဆေးဆိုးပန်းရိုက် အလှမခြယ်ဘဲ ရန့်ပြယ်ပြယ်နဲ့ ရောင်းလို့ကောင်းပါ့မလဲ။ ရောင်းကုန်နှင့် ဈေးကွက်အကြောင်း စဉ်းစားစရာ သဲလွန်စ ရလာခဲ့ရာက စားသုံးသူ ဖောက်သည်ဖြစ်တဲ့ ပုရိသတို့ အကြောင်းလည်း တွေးတောနေမိသည်။ အိမ်ရှေ့ ရောက်တော့ တံခါးတွန်းဖွင့်ပြီးမဆင်းမီ သူမက စကား စလိုက်သည်။

"ဒီညတော့ အောင့်ကို ကျမတို့ အကြီးအကျယ် ဒုက္ခပေးသလိုတော့ဖြစ်နေပြီ။ ရှိစို့အတွက် ကျမ စိတ်ထိခိုက်ရသလို အောင့်အတွက်လဲ စိတ်မကောင်းဖြစ်ရတယ်။ ဒီညအစီအစဉ် ကျမပြောင်းလိုက်ပြီ။ ညကလပ်ကို ကျမပြန်မသွားတော့ဘူး။ ကျမထပ်ပြီး တောင်းပန်ပါရစေနော် "

"ဒါက ဒုက္ခပေးတာမှမဟုတ်တာ ဒီလောက် ကူညီခွင့်ရတာကိုပဲ ကျနော်က ဝမ်းသာလှပါပြီ။ ဘာမှအခက်အခဲ မရှိပါဘူး။ ကက်သီ ညကလပ်ကို ပြန်သွားမယ်ဆိုရင် ကျနော့်ဘက်က ကူညီဖို့ အသင့်ပါပဲ။ ကက်သီအလိုကျ လုပ်ပါ၊ ရပါတယ်…။"

"ကျမဆုံးဖြတ်ပြီးသွားပြီ။ အောင် အိမ်ကို ပြန်လို့ရပါပြီ။ ကျမဒီညအိမ်မှာပဲ အားရပါးရ ရင်ဖွင့်ပြီး ငိုလိုက်ပါတော့မယ်။ ငွေကကျမကို မုဆိုးဘဝ ရောက်အောင် ပို့ပေးခဲ့တာ။ ကျမက ငွေပဲလိုအပ်နေတာဆိုတော့ ဘဝရဲ့သားကောင်၊ ငွေရဲ့မုဆိုး၊ ငွေရဲ့ ကျေးကျွန်၊ ရှင့်ကို အများကြီး ကျေးဇူးတင်တယ်နော်"

နောက်ကိုလှည့်မကြည့်တော့ဘဲ အိမ်ထဲသို့ တံခါးဆွဲဖွင့် ဝင်သွားသည်။ ထိုနေ့ညက ဘော့ဗ်နှင့် ကက်သီတို့ကို နောက်ဆုံး တွေ့ခဲ့ရခြင်းပင် ဖြစ်သည်။

နောက်ပိုင်းဘော့ဗ်က တယ်လီဖုန်း နှစ်ကြိမ် သုံးကြိမ် ဆက်ပါသေးသည်။ အလုပ်မှာလည်း သူ့ကို မတွေ့ရတော့။ ဖုန်းထဲမှာပဲ စကားပြောကြရသည်။ ကက်သီနှင့်သူ လမ်းခွဲလိုက်ကြပြီဟု ဆိုသည်။ ကက်သီက သူ့ကို ထားခဲ့လေသလား၊ သူကပဲ ကက်သီကို ထားခဲ့လေသလား ဆိုတာတော့ ပြောမပြ၊ ကျနော်လည်း မမေးမိ။

## ၃

သက်ပြင်းတချက် မျှင်းချလိုက်သည်။ စိမ်းရင့်ရင့် သစ်ပင်ထိပ်ဖျားမှ ကျော်ကာ မိုးကောင်းကင် ပင်လယ်ပြာထဲ ရှက်လှင့်နေသော တိမ်မျှင်များဆီ ရောက်နေသော အာရုံအကြည့်နှင့် အတွေးတို့ကို ဇာတ်သိမ်းကာ စောစောကအတိုင်းပင် နံရံတွင် ကိုယ်တဝက် မှေးမှီထားလိုက်သည်။ ကျနော့်ရှေ့ တည့်တည့်နံရံတွင် ချိတ်ထားသော ပန်းချီကားထဲသို့ ပြန်ရောက်သွားသည်။ ပန်းချီကားထဲက လမ်းကလေးပေါ်သို့ စိတ်ကိုပို့လိုက်သည်။ သမီးလေး အေပရယ်စိုး သို့မဟုတ် အသည်းလေးကြိုက်သည့် သီချင်းလေးတပုဒ်ကို စဖွင့်ရန် ကျနော့်လက်က ကက်ဆက်ခလုတ်ပေါ်သို့ အလိုလို ရောက်သွားနေသည်။ နံဘေးတွင်ရှိနေသော သမီးလေးကို ဖက်ပွေ့ထားရင်း ရှက်ကြွေတောက လမ်းကလေးပေါ်တွင် ကျနော် ရောက်နေလေသည်။

■ ■ ■

ဒီဇင်ဘာ ၅၊ ၂၀၀၂
သစ္စာအမှတ်(၁) ၊မေ ၂၀၀၄

# သွေးပင်လယ်

တယ်လီဖုန်းထဲကနေ "သိချင်တာတွေရှိရင် ကျမကို ဖုန်းနဲ့ ထပ်မေးလို့ရပါတယ်… မေးပါ … ကဲ ဒါပဲနော်" ဟုနှုတ်ဆက်ကာ ဖုန်းကိုချလိုက်ပြီးကာမှ တခုခုကို သတိရလာသည်။ ပြောလိုက်ရတာကို အားမလိုအားမရဖြစ်သွားတာလည်း ဖြစ်နိုင်သည်။ ပြည့်စုံပါ့မလား၊ သူကော အခုပြောတဲ့အချက်အလက် အကြောင်းအရာတွေကို တထေရာထဲ တထပ်ထဲ တင်ပြနိုင်ပါ့မလား။

အတွေးထဲတွင် နစ်ဝင်သွားသည်။ ခြေလှမ်းတွေ တလှမ်းပြီးတလှမ်း လှမ်းလာခဲ့သည်ကို သတိမရတော့။ အိမ်ရှေ့ဧည့်ခန်း စားပွဲသို့ ရောက်လာခဲ့သည်။ စားပွဲပေါ်တွင် တင်ထားခဲ့သော ကော်ဖီခွက်ကို လှမ်းပြီးစမ်းကြည့်သည်။ တယ်လီဖုန်းမလာခင်က ဖျော်ထားခဲ့သည့် ကော်ဖီပူပူသည် ယခုမူ ရေခဲရေ ဖြစ်နေခဲ့သည်။ မိနစ်ပေါင်းများစွာ ကမ္ဘာ့ပျက်ကြီးအကြောင်းကို ပြောပြခဲ့သည်။ ကမ္ဘာပျက်ထဲက သွေးပင်လယ်ထဲသို့ တယ်လီဖုန်းနှင့် သွားကြည့်ကြခြင်းဖြစ်သည်။ သွေးပင်လယ်နှင့် ကမ္ဘာပျက်ကြီးကို ဆယ်နှစ်ကျော်က ကျမတို့ ရင်ဆိုင်ဖြတ်သန်းခဲ့ကြရသည်။ ထိုစဉ်က ကိုစိုးချိန်လည်း ရှိနေမှန်းမသိ၊ သို့သော် သူက ဒီသွေးပင်လယ်ရဲ့ အစွန်အဖျား ဝန်းကျင်ဒေသကိုသာ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ယခုမှ တယ်လီဖုန်းထဲကနေ သူ့ကိုခေါ်သွားခဲ့ရတာ၊ လူတွေရဲ့သွေးတွေနဲ့ လုပ်ထားတဲ့ သွေးပင်လယ်ထဲမှာ သေဆုံးသူတွေနဲ့ လုပ်ထားတဲ့ ဟိုတစ ဒီတစ ကျွန်းစုတွေကို သူတွေ့ရှိသွားခဲ့သည်။

"ဆရာမ ဒေါ်တင်ရီရေ … ကျနော့်ခေါင်းထဲမှာ သွေးညှီနံ့တွေ ရှိုက်ရှူနေရပြီ ဆရာမ … ဆရာမ ပြောတာ နားထောင်ရင်း အသက်ရှုဖို့တောင် မေ့သွားတယ် … ဒီတုန်းက ဆရာမ သွေးမပျက်ဘူးနော် … တကယ့်ကို ချီးကျူးပါတယ်၊ လေးစားပါတယ်ဗျာ …"

သွေးမပျက်ဘူးလို့ သူကပြောပေမယ့် တကယ်က သွေးပျက်စရာ။ သွေးကိုမမြင်ဝံ့သူ၊ စိတ်ဓါတ်မခိုင်မာသည့်သူအတွက် သွေးပျက်သွားနိုင်တာ အမှန်ပင်။ သို့သော် ထိုစဉ်က သွေးပျက်ဖို့ အချိန်မရလိုက်ပါ။ သူတို့လေးတွေ အသက်ရှင်ပါစေတော့လို့ဆိုပြီး အသက်လုပွဲတွေ တပွဲပြီးတပွဲ ရင်ဆိုင်နေခဲ့ရသည့်အတွက် သွေးပျက်ဖို့အချိန် မရလိုက်။

အမေရိကန်တွင် ကိုစိုးချိန်နှင့် လာဆုံခဲ့ကြသည်။ မော်တော်ကား စက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံတွင် အလုပ်လုပ်ရင်း လာဆုံကြသည်။ ဗမာပြည်ကို လွမ်းတရင်း အတိတ်ကိုယ်စီကို အလုပ်ထဲတွင် ပြောဖြစ်ကြသည်။ သွေးပင်လယ်ထဲမှ တိုက်ပွဲတွေအကြောင်း ပြောပြသည့်အခါ ကိုစိုးချိန်က ပါးစပ်အဟောင်းသားနှင့် ရင်သပ်ရှုမော နားထောင်သူ။ စောစောက တယ်လီဖုန်းဆက်ပြီး သွေးပင်လယ်ထဲက အတွေ့အကြုံတွေကို ထပ်ပြီးတူးဆွ ဖေါ်ယူပြန်သည်။ ဝတ္ထုရေးချင်လို့ပါ ဆရာမရယ်ဟု ဆိုသည်။

ဝတ္ထုကို ဘယ်လိုရေးမှာလဲ။ သွေးပင်လယ်ထဲက အဖြစ်အပျက်တွေကို ပြည့်ဝစုံလင်အောင် ဖေါ်ပြနိုင်ပါ့မလား။

ထိုမေးခွန်းများက လှုပ်နှိုးလိုက်သည့်အတွက် အတွေးတောနက်ထဲ ရောက်လာခဲ့ခြင်းဖြစ်သည်။ ကျမက ဝတ္ထုမရေးတတ်။ ကဗျာဆိုဝေးရော။ ဆောင်းပါးရေးမည်ဆိုလျှင် ဖြစ်နိုင်ကောင်းပါရဲ့။ အထက်တန်း

ကျောင်းသူဘဝတွင် ရေးခဲ့ဘူးသည့် စာစီစာကုံးမျိုး သွေးပင်လယ်အကြောင်းကို ရေးသားလျှင် လွယ်ကူမလားမသိ။ သွေးပင်လယ်ထဲက အဖြစ်အပျက်တွေကို ပြည့်ဝစုံလင်အောင် ကျမ ချရေးပြချင်သည်။

" ကိုစိုးချိန် ရေ … သွေးပင်လယ်အကြောင်းကို ဝတ္ထုရေးမယ်ဆိုတာ မရေးနဲ့တော့ … ဝတ္ထုဆိုရင် ပြည့်စုံမှာမဟုတ်လို့ ကျမကိုယ်တိုင်ပဲ စာစီစာကုံး အရေးအသားနဲ့ သမိုင်းပြုစုလိုက်တော့မယ်"

ထိုကဲ့သို့ပင် ကိုစိုးချိန်ကို တယ်လီဖုန်းဆက်ပြီး ပြောလိုက်ရရင် ကောင်းမလား။ အတွေးတောနက်ထဲတွင် ထိုကဲ့သို့ ချီတုံချတုံ ဖြစ်မိလေသည်။ တကယ်က သွေးပင်လယ်ကို လက်ဝါးပေါ်တင်ပြချင်တာ၊ အားလုံးပဲ မြင်ကြ၊ သိရှိခံစားကြပါစေဆိုတဲ့ စေတနာက လှုံ့ဆော်လိုက်သည့်ဆန္ဒ။ စိတ်ထဲတွင် ဆန်းကြယ်သည့် အတွေးများက ပေါ်လာပြန်သည်။ လူတကာသိရအောင် မိုးကောင်းကင်ထက်တွင် သွေးပင်လယ်ကို ရေးပြချင်လေသည်။ မေ့မရနိုင်သည့် မှတ်တမ်းရှည်ကြီးအဖြစ်နဲ့ပေါ့။ ဒါက ကလေးတယောက်ရဲ့ စိတ်ကူးစိတ်သန်း အတွေးတွေပါဟု ကိုယ့်ကိုကိုယ် စိတ်ထဲကပြောမိသည်။ ဘယ်လိုကြောင့်လည်းမသိ၊ စိတ်က ပြောတာကို နားထဲက သဲ့သဲ့ကြားလိုက်ရသည်။ တကယ်က ဘယ်လိုလုပ်ပြီး မိုးကောင်းကင် စာမျက်နှာပေါ်မှာ သွေးပင်လယ်ထဲကသွေးတွေနဲ့ သွေးပင်လယ်အကြောင်းကို ရေးလို့ ရပါ့မလဲ။

အဲဒီတုံးက သမီးကို မမွေးရသေး။ သမီးက ကျမဝမ်းဗိုက်ထဲတွင် လွယ်ထားဆဲ။ ဂြိုဟ်ပျက်ကြီးထဲက သွေးပင်လယ်ကို ကျမ ဖြတ်ရသည့်အချိန်တွင် ယခုအသက် (၁၆) နှစ်ရှိပြီဖြစ်တဲ့ သမီးကိုမွေးဖွားဖို့ မွေးရက်ကို ရောက်လာတော့မည့်ကာလ။ ဝမ်းဗိုက်ထဲတွင် ရုန်းကန်တိုးဝှေ့နေသည့် သမီးကို သတိမထားနိုင်တော့။ ညသန်းကောင်ထဲတွင် လူနာတွေ အစုလိုက်အပြုံလိုက် ရောက်လာပြီဆိုရင် သပိတ်စခန်းတွေ အဖြိုခံလိုက်ရပြီဆိုတာ သိလိုက်ရပြီ။ ဘယ်မြို့နယ်က ဘယ်သပိတ်စခန်းတွေကို စစ်ဘီလူးတွေ တိုက်ခိုက်ချေမှုန်းလိုက်ကြပြီလဲ။ ကျည်ဆံဒဏ်ရာတွေနဲ့ လူနာတွေ၊ မသေမရှင်လူနာတွေ၊ သေဆုံးသူတွေကို တီအီးကားကြီးတွေနဲ့ သယ်လာခဲ့ကြသည်။ ကျည်ဆံက ဗိုက်ကိုမှန်ထားလို့ အူတွေထွက်နေတဲ့ လူအများစုဟာ ကလေးတွေ ဖြစ်နေလေသည်။ ဟုတ်တယ် ကလေးတွေ၊ ဆယ့်သုံး လေးနှစ်အရွယ် ကျောင်းသူကျောင်းသားလေးတွေ။ ကျမရဲ့သားသမီးတွေ ဖြစ်ခဲ့ရင်ဆိုတဲ့ အတွေးကို တွေးမိတာနဲ့ ရူးချင်လာပြီ။

သေနတ်ကျည်ဆံဒဏ်ရာတွေနှင့် မေ့မြောနေသည့်ကလေးတွေကို ကြည့်ရင်း ကျမမျက်ရည်မဆည်နိုင်တော့။ တချို့ကလေးတွေဆို သွေးအိုင်ထဲတွင် သွေးဆုတ်စ ပြုနေပြီ။ ရင်ခုန်နေသည့် နှလုံးတစိုက်မှာပဲ သွေးက ရှိတော့သည်ထင်သည်။ ခြေလက်တွေမှာ၊ သွေးဆုတ်အေးခဲလာနေသည်။ နာရီပေါင်းများစွာ သွေးတွေစီးထွက်ပြီးမှ ဆေးရုံရောက်လာခဲ့ကြခြင်းဖြစ်သည်။ ဟိုသမီးလေးကကော၊ ဟိုဘက်က သားကကော၊ ဗိုက်ထဲကနေ အူတွေပြုံထွက်ကျနေသည့် ကလေးတွေကကော။ ကျမသည် ဆေးထိုးပိုက်ကိုကိုင်ကာ ကာကွယ်ဆေးကို ဦးစွာထိုးပေးရသည်။ သွေးထဲကို ရောဂါပိုးဝင်ခြင်း၊ (Sepstipemia) မဖြစ်ရအောင် ကြိုတင်ကာကွယ်ခြင်းဖြစ်သည်။ လူနာအများစုမှာ အသက်နှစ်ဆယ်အောက် လူငယ်တွေ၊ ထိုလူငယ်တွေထဲမှာမှ ကလေးတွေက ပိုများနေသည်။

ထိုသမီးတွေ သားတွေရဲ့ ဂွမ်းဖတ်ကဲ့သို့ နူးညံ့သည့်အသားအရေကို ထိတွေ့ရသည်။ ကိုင်တွယ်ရသည်။ တချို့က ကျောက်သားလိုအေးစက်။ တချို့ကနွေးဆဲ။ ဘုရား … ဘုရား … ဒီသမီးလေးရဲ့ အသက်ကို လုလို့ရပါ့မလား။

စိုးရိမ်ထိတ်လန့်စိတ်က ရင်ကို လှိုင်းထစေကာ ခေါင်းကိုမီးတောက်စေလေသည်။ ထိုမှစတင်ကာ လောင်မြိုက်လာနေသည့် သောကတောမီးကို သတိနှင့်တားဆီးခဲ့ရသည်။ စိတ်ကိုမလွှတ်လိုက်နဲ့ ထိန်းထားပါမှ။ စိတ်က ကစဉ့်ကလျားဖြစ်လာလို့ ဆေးကုရာမှာ အယူအဆမှားသွားရင် လူနာကို

ထိခိုက်သွားမှာဖြစ်သည်။ ထိုသို့ပင် စိတ်ဓာတ်ကြိုးကို ဆွဲထားရသည်။

"အရီရေ ... ဒီဘက်အခန်းကို ပြေးလာခဲ့ပါအုံးဟ ... လူနာအသစ်တွေ တပုံကြီး ထပ်ရောက်လာတယ် ... ကာကွယ်ဆေးထိုးဖို့ ငါတို့မနိုင်တော့ဘူး ...။

အရေးပေါ်ဌာန တဘက်ခန်းမှ ကျမ၏လုပ်ဖော်ကိုင်ဘက် သူနာပြုဆရာမ ရွှေရွှေမြင့်စိုးဖြစ်သည်ကို ကျမသိလိုက်ပါသည်။ ကျမရုတ်တရက် မသွားနိုင်သေး၊ ဗိုက်တွင်ကျည်ဆံမှန်ထားသဖြင့် အူတွေထွက်ကျနေသည့် သမီးလေးရဲ့ ဆိုးရွားလှသည့် သေလုမြောပါး အခြေအနေက ကျမခြေထောက်တွေကို ရွှေ့ရှားမရနိုင်အောင် တုတ်နှောင်ချည်ထားလိုက်သကဲ့သို့ ဖြစ်နေသည်။

ဆရာဝန်၊ ဆရာမတွေနှင့် ဆေးရုံဝန်ထမ်းက မလုံလောက်။ ထိုသမီးလေးကို အမြန်ဆုံးခွဲစိတ်ခန်းသို့ ပို့ရတော့မည်။

အမြန်ဆုံးသွေးသွင်း၊ ဆေးရုံကြီး၏အပေါ်ထပ်သို့ ပို့ရတော့မည်။ လူနာအခန်း၏ အပြင်ဘက်တွင် လူနာ၏မိတ်ဆွေများ ဆွေ့သည်များမှာ ပို၍ပင်များလာသည်။ ကျမသည် အခန်းဝသို့ ပြေးသွားကာ လူလေးယောက်အကူအညီလိုတယ်၊ ကူညီနိုင်မဲ့သူတွေ အမြန်လာခဲ့ကြပါ၊ လူနာတင်တဲ့လှည်းတစီးလည်း ရှာဖွေပြီး အမြန်ယူခဲ့ပါရှင် ... ဟူ၍ အကူအညီတောင်းသည်နှင့် သူတို့ အပြေး ရောက်လာခဲ့ကြသည်။ လူနာတင်သည့်လှည်းက မရနိုင်သေး။

လှည်းတွေ၊ လူနာတင်ကပ်ပြားတွေက ပြန့်ကျဲနေပုံရသည်။ သူ့နေရာနှင့်သူ မရှိနိုင်တော့။ လူနာတွေများလာသည်နှင့်အမျှ ဆရာဝန်ဆရာမနှင့် ဆေးရုံဝန်ထမ်းများ ပျားပန်းခတ် အလုပ်များလာရုံသာမက လူနာတင်လှည်းများ၊ ကပ်ပြားများသည်လည်း ပလူပျံကုန်သည်။ နေရာအတည်တကျပြန်မရောက်နိုင်တော့။ ပြန့်ကျဲ။ ထို့ကြောင့် လူနာတင်လှည်းတစီးရရှိရန် ကျမကိုယ်တိုင် ရှာဖွေရပြန်သည်။ ကျမ အပြေးအလွှားထွက်လာသည်။ အခန်းထောင့်ချိုးတွင် ရုတ်တရက် လူတယောက်နှင့်ဝင်တိုက်သည်။ သူက သူ့လူနာရှိရာသို့ ပြေးဝင်အလာ ဝင်တိုက်မိခြင်းဖြစ်သည်။ ကျမဝမ်းဗိုက်ထဲမှ ကလေးကိုတွန်းလိုက်၊ ရိုက်လိုက်ပုံရသည်။ တခဏတွင် အသက်မရှူနိုင်တော့။ ကြမ်းပြင်ပေါ်သို့ ယိမ်းယိုင်ပြိုကျလာစဉ် ထိုသူက ကျမကို ဆွဲဖက်ထူထားလေသည်။ တော်သေးရဲ့ ထိုသူက ကျမကို တတွတ်တွတ်တောင်းပန်၊ ဘယ်နာသွားလဲဆရာမဟု တတွတ်တွတ်မေးမြန်း။ အသက်ကိုဝလင်အောင် ရှူရှိုက်လိုက်သည်။ အောင့်သက်နာကျင်ဖို့ အချိန်မရှိ။

တခဏတွင် ထိုသူကို လှည်းတစီးညွှန်ပြ၊ ထိုလှည်းကို အတွင်းသို့တွန်းလာခဲ့ဖို့ အကူအညီတောင်းရသည်။ ဇောနှင့်အံတင်းကာ အသည်းအသန် လူနာသမီးလေးထံ ကသုတ်ကရိုက် ပြန်လာခဲ့သည်။ လူနာတွေ ဆူညံရှုပ်ထွေးနေသည့်ကြားကပင် တိုးဝှေ့ရင်း သမီးလေးထံ ရောက်လာခဲ့သည်။

"ဆရာမရဲ့ ကျမသမီးလေးကို ကြည့်ပါအုံး၊ ကယ်ပါအုံး ဆရာမရယ်" ဟုဆိုကာ ကျမကို တိုင်တည်ငိုကြွေးနေသော သမီးအမေကို တွေ့ရလေသည်။ သမီးလေးကို နှလုံးသွေးခုန်မခုန် အသေအချာ စမ်းသပ်ကြည့်သည်။ ဟုတ်တယ် သမီးလေးဆုံးပြီ၊ အသက်မရှိတော့ဘူး။ ပြောရပြီ။ ရက်စက်လွန်း အကျည်းတန်လွန်းသည့် စကားလုံး။ ကျက်သရေကင်းမဲ့သည့် ထိုစကားစုကို ကျမကြိုးစားကာ အားတင်းပြောလိုက်ရသည်။ အသက်မရှိတော့ဘူး အမရေ ... ။

အမေလုပ်သူမှာ သည်းအူတွေ ပြတ်ကြွေလွင့်စင်ကုန်သည်။ ဆို့နင့်ငိုရှိုက်သံတို့က ကျမနှလုံးအိမ်ကို အထပ်ထပ် ပြေးရိုက်နေခဲ့သည်။ သမီးလေးနာမည်က ဝါဝါလင်းတဲ့လား။ သမီးလေးဝါဝါလင်းမှာ ကြွေလွင့်သွားခဲ့ပြီကော။

မတတ်သာတော့။ ထိုနေရာမှ ထွက်လာခဲ့ကာ လူနာတွေထံ ကျမရောက်လာခဲ့သည်။ သူနာပြု ဆရာမဆိုတာ ဘယ်လောက်ပဲ စိတ်အားတင်းထားထား၊ သတ္တိကောင်းကောင်း၊ လူနာတယောက်ဟာ သေမင်းလက်ထဲ ပါသွားပြီဆိုသည်နှင့်တပြိုင်နက် ခံစားရသည့် ဝေဒနာမှာ မျှော်လင့်ချက်တွေ အင်အားတွေ မှန်သမျှ ခန္ဓာကိုယ်ပေါ်ကနေ မြေကြီးထဲ လျှောဆင်းတိုးဝင်သွားသလို ခံစားရသည်။ ထိုအခါ ကျမမှာ ချိနဲ့နုံးခွေပြီး ကျန်ရစ်ခဲ့လေတော့သည်။

စိတ်ဓာတ်ကျဆင်းမှု နွံအိုင်တောထဲမှ ကျမ အားတင်းရုန်းထရပြန်သည်။ တခြားလူနာတွေရဲ့ အသက်ရှင်သန်ဖို့ ကြိုးစား အားထုတ်ရဦးမယ် မဟုတ်လား။ ဖက်ဆစ်လူသတ်သမားတွေက သတ်ဖြတ် ခြေမှုန်းပစ်။ ကျမတို့တွေက ရှင်သန်လန်းဆန်းလာအောင် ကုသပျိုးထောင်ပေး။

ယခုလည်း စိတ်အချဉ်ပေါက်လာခါ ကျမမေးကြည့်ချင်နေသည်။ ဖက်ဆစ်လူသတ်ကောင်တွေ ဘယ်လိုပြောကြမလဲ။ မေးကြည့်ချင်သည်။ ဝါဝါလင်းသေဆုံးသွားတာ၊ ပြီးတော့ မသေဆုံးမီ သေနတ် ဒဏ်ရာနှင့် သူ့ဗိုက်မှာ ဟင်းလင်းပွင့် အူတွေထွက်ကျနေတာကို ဘယ်လိုများ နင်တို့ခံစားရပါသလဲ။ နင့်ရင်သွေး၊ နင့်သမီးလေးတယောက် ဖြစ်နေရင်ကော။ ဘယ်လိုခံစားမလဲဆိုတာ မေးကြည့်ချင်လှသည်။ တကယ်က အာဏာလောဘဇောတိုက်သူတွေရဲ့ မိုက်ကန်းယုတ်မာမှု ကန္တာရသဲပူတောထဲတွင် စိမ်းလန်း သော အကြင်နာပန်းပွင့်ဆိုတာ မပွင့်နိုင်ပေ။

ကျမလက်ပေါ်တွင် သမီးလေးဝါဝါလင်း သေဆုံးခဲ့ခြင်းသည် အရေးတော်ပုံကြီး၏ အစပိုင်း ကာလမှာဖြစ်သည်။ နောက်ပိုင်းတွင် သတ်ဖြတ်မှု၊ ဖိနှိပ်ချေမှုန်းမှုတွေက ပို၍ကြမ်းတမ်းလာခဲ့သည်။ မြို့နယ်အနှံ့၊ ဒေသအနှံ့အဘယ်မျှ လူသတ်မှုတွေ များပြားခဲ့သလဲဆိုတာကို ဆေးရုံနှင့် အရေးပေါ်ဌာန၊ ပြီးတော့ ခွဲစိပ်ခန်းတို့တွင်ရှိနေသည့် သွေးပင်လယ်နှင့် သေဆုံးသူကျွန်းစုတွေ အနည်းအများနှင့် တိုင်းတာ ၍ရလာခဲ့သည်။

ကျမတို့လက်ထဲသို့ကြွယ်ပန်းပွင့်များမှာ နောက်ရက်တွေမှာ အတောမသတ်နိုင်အောင်ပင် ကြွေခဲ့ကြသည်။

ကျမတို့လက်ထဲကိုမရောက်မီကတည်းက သွေးမရှိတော့သည့်လူနာ၊ ရောဂါပိုးဝင်ထားသည့် လူနာ၊ ကျမတို့လက်ထဲတွင် တဖြုတ်ဖြုတ်ကြွေလွင့်ကုန်တာပဲ။ တချို့က သပိတ်စခန်းမှာပဲ ပွဲချင်းပြီး ကျဆုံးခဲ့ကြသည်။ နောက်တနေ့ နေ့သစ်ဦးတွင် နေရောင်ခြည်ဖြာကျနေသည့် မြေနေရာတိုင်းတွင် အုံကြွ ပုံကန်နေသည့် လူထုကြီးမှာ ပြည့်လျှံကာ လူပင်လယ်ကြီး ဖြစ်နေပြန်ပါရော။ တိုက်ပွဲတွေ၊ သွေးပင်လယ် တွေထဲတွင် ကျဆုံးခဲ့ကြသော်လည်း မသေသည့်လူထုမှာ ဖိနှိပ်သမျှ ထကြွအုံကြွလာခဲ့တော့သည်။ လူထု၏ ကြွေးကြော်သံများက  သွေးပင်လယ်နှင့် မြင်မကောင်းလောက်အောင် အကျည်းတန်လှသည့် ဂြိုဟ်ပျက်ကြီးတခုနှင့် တူနေသည့် ဆေးရုံကြီးထဲသို့ ရိုက်ခတ်လာသည်။ နောက်တော့ လူသတ်ပွဲ သေနတ်သံများက ရိုက်ခတ်လာသည်။

လူထုတွေက ဆေးရုံကြီးထဲတွင် လာရောက်ခိုလှုံကြသည်။ စစ်မဲ့ဇုံအဖြစ် လုံခြုံမှုရှိသည့် ဆေးရုံ၊ လူ့အသိတရားနှင့် လူ့ယဉ်ကျေးမှုစည်းကမ်းအရ ဆေးရုံသည် တကယ့်စစ်မဲ့ဇုံ ဖြစ်နေသည်။

သို့သော် ဖက်ဆစ်စစ်အုပ်စုက ဆေးရုံအတွင်းသို့ ဒလကြမ်းပစ်ခတ်ခဲ့ရာ ဆေးရုံကြီး အဝင်ဝတွင် သေကြေပြိုလဲကုန်သည်။ ထိုကဲ့သို့ပင် စစ်မဲ့ဇုံဆေးရုံကို စစ်မြေပြင်အဖြစ် ဖန်တီးလိုက်ကာ လူ့ယဉ်ကျေးမှု စည်းကမ်းတို့ကို တစစီဖြစ်အောင် ဖျက်ဆီးပစ်လိုက်ကြသည်။ လူထုတွေ ဖိနှိပ်ခံရသည့်အတိုင်း ကျမတို့ သည်လည်း လူနာတွေကို အသက်ကယ်ဆေးကုသရင်း အဖိနှိပ်ခံရလေသည်။ ကျမတို့လည်း စစ်မိန့်သံ

သေနတ်အောက်မှာ ဘာထူးလို့လဲ။ စစ်ထောက်လှမ်းရေးတွေရဲ့ အမိန့်ဩဇာအောက်မှာ ဆေးထိုးပိုက်ကိုင်နေရခြင်းဖြစ်သည်။

"ဆေးကောင်းတွေကို မသုံးပါနဲ့၊ ဆေးကောင်းတွေကို ဒီလူနာတွေအတွက် မဖြစ်ပါစေနဲ့၊ အသင့်အတင့် ကုသပေးရင်ရပြီ ... "

ကျမတို့အားလုံး ထိုအမိန့်ကို သဘောမတူကြပါ။ ကောက်ကျစ်ရက်စက်သည့် အမိန့်တွေ သဘောထားတွေဖြစ်နေ၍ ကျမတို့တက်ခေါက်ကြရသည်။ လုံးဝစိတ်မချမ်းမြေ့နိုင်ခဲ့ပါ။ အသင့်အတင့် ပြုစုကုသပေးရမည်တဲ့။ သေသွားကြပါစေ။ ကိစ္စမရှိဘူးဆိုသည့် သဘောကို ပြောင်ပြောင်တင်းတင်း ပြသခဲ့ကြသည်။ ဒီအကြောင်းတွေကို ပြန်စဉ်းစားရင်း ဆရာဝန်တယောက်ဖြစ်သူ ဒေါက်တာစိုးမြင့်ကို သတိရလာသည်။ ဒေါက်တာစိုးမြင့်က တကယ့်လူသားပီသတဲ့ ဆရာဝန်။ ထိုကဲ့သို့လူသားပီသ၊ လူယဉ်ကျေးဖြစ်သည့်အတွက် အလုပ်ဖြုတ်ခံခဲ့ရသည်။ စစ်ထောက်လှမ်းရေး၏ စစ်မိန့်အောက်တွင် အလုပ်ဖြုတ်ခံရသည့်အပြင် ဆရာဝန်လိုင်စင်ကို သိမ်းယူလိုက်သည်။ စစ်ထောက်လှမ်းရေးတွေက စွဲချက်တင်သည့် ပြစ်မှုမှာ အခြားတော့မဟုတ်။ အစာငတ်ခံ ဆန္ဒပြခဲ့ကြလို့ အာဟာရပြတ်ကာ သေလုမျောပါး ခံစားနေရတဲ့လူနာတွေကို ဒေါက်တာစိုးမြင့်က ဂလူးကိုစ့်နှင့်ရေရောပြီး တိုက်ကျွေးသည့်အတွက် ဖြစ်သည်။ ဆေးရုံကြီး ဓာတ်ရောင်ခြည်ဌာနမှ ဒေါက်တာစိုးမြင့်သည် ထိုစွဲချက်ဖြင့် အလုပ်ဖြုတ်ခံခဲ့ရသည်။ အမှန်က အစာငတ်ခံဆန္ဒပြခဲ့၍ မသေမရှင်ဖြစ်နေသူ ဝေဒနာသည်ကို လက်ပိုက်ကြည့်နေရမည်ဟု ပြောသည့် စစ်မိန့်ဖြစ်သည်။ လူယဉ်ကျေးလုပ်မှာလား၊ လူသတ်သမားလုပ်မှာလား၊ ဒေါက်တာစိုးမြင့်ပြောသည်ကို ကျမ ယခုထိမှတ်မိနေတုန်းပါပဲ။ "အရိုင်းအစိုင်းတွေနဲ့ တဂိုဏ်းသားထဲက ဆရာဝန်အဖြစ်နဲ့ ငါ ဘယ်တော့မှ မရပ်တည်ဘူး ..." တဲ့။ ကျမကြိုက်သွားပြီ။ ခံယူချက်ပြောင်မြောက်တဲ့ ဆရာဝန်ပဲဟု သူ့ကို ကျမလေးစားမိသည်။

ဆေးပညာရှင်၊ ဆရာဝန်တွေ၊ ဆရာမတွေ၊ ဝန်ထမ်းတွေမှာ ထိုကဲသို့မကြာခဏ ကပ်ဆိုက်ခဲ့သည်။ အရေးပေါ်ဌာန ရောက်လာခဲ့ကြသည့် သေနတ်ကျည်ဆံသင့် လူနာတွေကို အသေအချာဂရုစိုက်ခဲ့၊ ပြုစုကုသပေးသူ ဆရာဝန်တွေ၊ ဆရာမတွေကို လူထုတွေက အသက်သခင်များအဖြစ် ကျေးဇူးတင် ဂုဏ်ပြုကြသည်။ စစ်ထောက်လှမ်းရေးကလည်း ဂုဏ်ပြုကြသည်မှာ ထိုပြည်သူ့ ဆရာမတွေကို ဝေးလံသည့် အရပ်ဒေသများသို့ နယ်ပြောင်းပစ်ခဲ့ကြလေသည်။ ဟောတယောက်၊ ဟောတယောက် နယ်နှင်ခဲ့လေသည်။ သူတို့က ထိုသို့ပင် ဂုဏ်ပြုတတ်လေသည်။

နောက်တော့ စစ်ထောက်လှမ်းရေးက လွှတ်လိုက်သည့် ဆေးရုံဝန်ထမ်းများ၊ ဆရာမများသည် ကျမတို့လုပ်ငန်းတွေထဲ ရောက်လာခဲ့ပါတော့သည်။ ဝန်ထမ်းအတု၊ ဆရာမအတု ထောက်လှမ်းရေးတွေ၊ ကျမတို့အတွက်တော့ တကယ့်ကြီးမားသည့် အန္တရာယ်။ လွှတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေကြရာမှ ရိုက်နှက် ကန်ကျောက်ခံရသည့်ဒဏ်ရာ၊ သေနတ်ကျည်သင့်ဒဏ်ရာ၊ ဒဏ်ရာရသူတွေအတွက် ပြောဖွယ်ရာမရှိ။

ကျမတို့ဘဝတူဆရာဝန်၊ ဆရာမတွေအားလုံး ညီညွတ်မှုယူထားကြရသည်။ ထောက်လှမ်းရေးဝန်ထမ်း၊ ထောက်လှမ်းရေး ဆရာမတွေ၊ ဖန်တီးကျရောက်လာမည့် ဘေးအန္တရာယ်များကို စုစုစည်းစည်းနှင့်ဖယ်ရှားရန် နားလည်မှု၊ ညီညွတ်မှု ယူမထားလို့မဖြစ်။ လူနာကို ဆေးကုရင်းသူတို့ကို စောင့်ကြည့်ရသည်။ အဖျက်လုပ်ငန်းတွေ ဘာတွေလုပ်လာကြမလဲ။ ကျမတို့အုပ်စုထဲ ရောက်လာခဲ့သည့် ဆရာမအတုက ကလေးဆေးရုံမှ ပြောင်းလာခဲ့သည်ဟု ဆိုသည်။ မရွှေအေး။ အသက်ကနှစ်ဆယ် ပတ်ဝန်းကျင်။

"ဘယ်နေ့တွေမှာ ဆရာဝန်ဆရာမတွေ ဆန္ဒပြကြမှာလဲ"

မရွှေအေးစုဆောင်းသည့် သတင်းက ထို့ထက်များနိုင်ပါသေးသည်။ သူ့အမှုအရာ သူ့သဘောထားများက ထောက်လှမ်းရေးဖြစ်ကြောင်း တစတစ ပေါ်ပြလာခဲ့သည်။ သူနာပြုဆရာမ တယောက်နှင့် မတူသည့် ထူးခြားချက်တရပ်မှာ လူနာမှတ်တမ်းများကို စစ်ဆေးမှတ်သားခြင်းပင် ဖြစ်သည်။ တခါတရံ လိုအပ်ပါက မှတ်တမ်းကို လှန်ကြည့်တတ်ကြသည်။ သို့သော် မရွှေအေးက မှတ်တမ်းများကို နေ့စဉ်ရှာဖွေ စစ်ဆေးနေလေတော့သည်။

ဆေးရုံတွင် အမြဲတမ်းရှိနေကြသည့် သပိတ်ခေါင်းဆောင်တချို့ကို လက်ကုတ်ပြီး သတင်းပေးရသည်။ လူထုအတွက်ကော၊ ကျမတို့အတွက်ပါ အန္တရာယ်ရှိသည်ဟု ပြောပြသည်။ သတ္တိခဲဆရာဝန်တွေ၊ ဝန်ထမ်းတွေနဲ့ သပိတ်ခေါင်းဆောင်တချို့ပူးပေါင်းပြီး မရွှေအေးကို ဖမ်းဆီးစစ်ဆေးကြသည်။ မရွှေအေးက တင်းခံနေသည်။ ငြင်းဆန်သည်။ နောက်ဆုံး မေ့ဆေးထိုးစစ်ဆေးတော့မှ "ကျမစစ်ထောက်လှမ်းရေးပါ "ဟု ဝန်ခံကတိပြုသည်။

သူမကို မေတ္တာရပ်ခံတောင်းပန်ပြီး လူနာတွေကို ဆေးဝါးကုသ ပြုစုစောင့်ရှောက်နေသည့် လုပ်ငန်းထဲမှာ လာရောက်မနှောင့်ယှက်ဖို့ နားချရသည်။ မရွှေအေးလည်း လစ်တော့တာပဲ။ နောက်ထပ် လည်းပေါ်မလာတော့။

ဆေးဝါးကုသမှုပညာရပ်၊ ဆေးဝါးပညာရပ်များသာမက ကျမတို့သည် ထောက်လှမ်းရေးကို ပညာပြသည့် ပဋ္ဌလက်အတတ်ပညာပါ တတ်မြောက်လာခဲ့ကြသည်။ ရန်သူက ကောက်ကျစ်လာသည့် အတွက် ကျမတို့၏ ရိုးသားဖြူစင်မှုများသည် နင်းချေခံခဲ့ရပေါင်း များခဲ့ပြီ။ လူထုကို မလိမ်နဲ့၊ မကောက်ကျစ်နဲ့၊ ရန်သူက ကောက်ကျစ်သည့်အတွက် တုန့်ပြန်ကောက်ကျစ်ရလိမ့်မည်။ သပိတ်စခန်း အသီးသီးမှ ဒဏ်ရာဖြင့် ရောက်လာသူများကို လူနာမှတ်တမ်းမှတဆင့် အမည်၊ နေရပ်၊ မိဘ၊ အသက်၊ စသည့် ကိုယ်ရေးအချက်အလက်အချို့ကို မှတ်ယူ၊ ကူးယူတတ်စမြဲ။

ကျမတို့က အမှန်အတိုင်းဘယ်တော့မှမရေး။ အသက်ကယ်၍ မရနိုင်သည့်လူနာကိုသာ မှတ်တမ်းအမှန်ရေးသည်။ ဒါကလဲ မရှောင်လွှဲနိုင်တော့မှ အမှန်အတိုင်းရေးခြင်းဖြစ်သည်။ တခါတရံ စစ်ထောက်လှမ်းရေးက ရောက်လာခါ လူနာကိုအမည်မေးတတ်သည်။ လူနာပြောသော အမည်နှင့် ဆေးရုံမှတ်တမ်းပေါ်တွင် ကျမတို့ပေးထားသောအမည်မှာ ဘယ်လိုလုပ်ပြီး တထပ်ထဲဖြစ်ပါ့မလဲ။ ကျမတို့မှာ ခပ်တည်တည်နှင့်လိမ်ရသည်။ အော် … ဟုတ်လား ကျမတို့နားကြားလွဲတာ ဖြစ်နိုင်တယ်၊ လူနာကိုယ်တိုင်က သတိမှမရဘဲ … ပြီးတော့ လူနာတွေက အများကြီး … မှားနိုင်ပါတယ် … ။

မျက်နှာကို တင်းမှုံကာ အသံပြတ်နှင့်ပြောရသည်။ ခွဲ့ခွဲ့သွဲ့သွဲ့လုပ်လို့မဖြစ်။ စစ်ထောက်လှမ်းရေးမှာ အောင့်သက်သက် ဖြစ်သွားသည်။ နှာတင်းသွားလည်း မတတ်နိုင်။ ဒီလိုမှ သူတို့ကိုမလိမ်ညာလျှင် အိမ်အထိလိုက်သွားကာ ဖမ်းတော့မည်။ ထပ်ပြီး ညှဉ်းပန်းဦးတော့မည်။

ဒဏ်ရာသက်သာလာနေသည့် လူငယ်များ၊ ရဟန်းပျိုများကို အိမ်ပြန်လို့ရပြီ၊ ကျောင်းတိုက်ကိုပြန်လို့ရပြီဟု ခပ်တိုးတိုးပြောရသည်။ ပြန်လို့ရတယ်ဆိုတာ စမ်းသပ်ပြောကြည့်ရသည်လည်း ရှိသည်။ ထောက်လှမ်းရေးက ကြားသွားသိသွားမှာလည်း စိုးရိမ်ရသည်။ တချို့လူနာက ပါးနပ်လိမ်မာသည်။ တချို့လူနာက ထုထုအအ။ သူတို့အသက်ကို ကျမတို့နှစ်ခါပြန်လုရသည်။ ကျန်းမာရေး ကောင်းလာစတွင် အရဲစွန့်ပြီး အိမ်ပြန်ဖို့ပြောရသည်။ မှတ်တမ်းများကို ဖြုတ်စေကာယူသွားခိုင်းရသည်။ ဤသို့ဖြင့် မှောင်ရိပ်ထဲတွင် သူတို့တွေ ပျောက်ကွယ် လွတ်မြောက်သွားကြလေသည်။ ထောက်လှမ်းရေး စစ်ပါးစပ်

ထောင်ချောက်ထဲမှ လွတ်အောင် လုပ်ရသဖြင့် အသည်းယားစရာ၊ စိုးရိမ်ထိတ်လန့်စရာ ကောင်းသည်။ ထိုစဉ်က ကျမရင်သည် စက်မောင်းတံတခုလို တဒိန်းဒိန်း မြည်ဟီးနေခဲ့သည်။

“ခွဲစိတ်ခန်းတွေ အသင့်ပြင်ထားကြပါ၊ (၁၃ ၊ ၁၄ ၊ ၇၊ ၈၊ ၁၇၊ ၁၈)အားလုံးပြင်ထားကြပါ။ သပိတ်စခန်းတွေ ဖြိုတော့မယ်လို့ ပြောလာပြီ၊ စစ်ထောက်လှမ်းရေးကော စစ်တပ်ကပါ လှမ်းအမိန့်ပေးခြင်းဖြစ်တယ်။ ကဲ ... ဘာတတ်နိုင်မှာလည်း ဆရာမတို့ ပြင်ထားကြပေတော့...”

ဆေးရုံအုပ်ချုပ်ရေးဌာနကို ကြိုတင်စီစဉ်ခိုင်းသည့်အမိန့်။ ကျောင်းသားတွေ၊ ရဟန်းတွေ၊ လူထုတွေ သေကြေကုန်တော့မှာပဲ။ ရင်တွေခုန်လာ၊ ဒူးတွေတုန်လာသည်။ စက်ဆုတ်ရွံရှာဖွယ်ကောင်းသည့် စစ်အမိန့် အာဏာပါကလား။ အစီအစဉ်ဆွဲကာ ဖိနှိပ်ချေမှုန်း သတ်ဖြတ်နေတာပါကလား။ ဆေးရုံခန်းတွေထဲက သွေးပင်လယ်တွေထဲက သွေးတွေမခမ်းမီ နောက်ထပ် သွေးစီးကြောင်းတွေ သွေးမြစ်တွေက စီးဝင်လာကြတော့မည်။ ကျမတို့ရွှေရွှေမြင့်စိုးတို့ နော်ပရီဆယ်လာတို့မှာ ဘုရားကိုသာ တိုင်တည် တသကြရတော့သည်။ ထာဝရ ဘုရားသခင်ကယ်မပါ။ အလာရှင်မြတ်နှင့် ဂေါတမဗုဒ္ဓကယ်မတော်မူပါ။ နှလုံးသွေးခုန်သံသည် တကိုယ်လုံးကို သိမ့်သိမ့်တုန်စေလေသည်။

အခြားတဘက်တွင်လည်း သေနတ်သံကို နားစွင့်ကြည့်ရသည်။ ဆေးရုံအနီးတွင် သပိတ်စခန်းတွေရှိနေပြီလား။ လူထုကိုကယ်တင်သည့် သေနတ်သံက ဒီနေရာမှာမရှိ။ လူထုကို သတ်ဖြတ်သည့် သေနတ်သံကပဲ လွှမ်းနေတာမဟုတ်လား။ သေနတ်သံကြားလျှင် လူနာလာရမည်ဟူသော ယုတ္တိဗေဒကို ကျမတို့သိရှိခဲ့ပြီးသား။ ဝေးလံသောဒေသမှ သေနတ်သံကိုမကြားရ။ ထုံးစံအတိုင်းပါပဲ။ ညဥ့်နက်သန်းခေါင်တွင် တီအီးကားကြီးတွေနှင့် လူနာတွေကျဆုံးသူတွေ တင်လာခဲ့ပါတော့သည်။ မြို့တော်ခန်းမ သပိတ်စခန်းကလား။ ခြောက်ထပ်ကြီး သပိတ်စခန်းကလား၊ သပိတ်လှုပ်ရှားသူများ၏ ဒဏ်ရာများမှာ ဝမ်းဗိုက်တွေကို ထိမှန်ထားသည်များက ပိုများသည်။

သမီးလေးဝါဝါလင်းကဲ့သို့ပင် အရွယ်တွေ တပွေ့ကြီး ထွက်ကျနေခဲ့လေသည်။ အသက်နှစ်ဆယ်အောက်တွေ၊ အသက် ဆယ့်သုံး၊ ဆယ့်လေး၊ ဆယ့်ငါး လူငယ်တွေ။ တချို့လူနာတွေက ဒဏ်ရာကပြင်း၊ အသွေးအသားတွေက ရှန်းကန်အကြောဆွဲနေသဖြင့် ကုတင်ပေါ်တွင် ကြိုးချည်ထားရသည်။ တချို့လည်း အကြောဆွဲရာမှ အသက်ပါသွားလေသည်။ လူနာတွေက များလွန်းလှသဖြင့် ကုတင်မဆန့်တော့၊ နေရာမလောက်တော့။ ကျောခင်းတနေရာစာရဖို့ ကြိုးစားကြရသည်။ သူတို့ကိုယ်စီက ဒဏ်ရာတွေမှ လျှံထွက်ကျလာသည့် သွေးစီးချောင်းများသည် မြင်မကောင်း ရှုမကောင်းတော့။

ကျမ မီးဖွားခွင့်ကို စစ်အာဏာရှင်တွေ အာဏာမသိမ်းမီ တပတ်ခန့်အလိုတွင် ရရှိခဲ့လေသည်။ ခွင့်မယူမီ တရက်တွင် ကြုံတွေ့ခဲ့ရသည့် ဆရာမ ရွှေရွှေမြင့်စိုး၏တိုက်ပွဲကို ကျမဘယ်နံ့ရောအခါမှာမှ မေ့ပျောက်နိုင်လိမ့်မည်မဟုတ်ပါ။

ထိုနေ့ညက လူနာတွေမှာ အခန်းထဲပြည့်လျှံနေသည်။ လွန်ခဲ့သည့်ရက်တွေက ဖက်ဆစ်တပ်က စိတ်ထင်တိုင်း ဗုံ့ရမ်းသတ်ဖြတ်ပစ်သဖြင့် လမ်းဘေးအိမ်များတွင် နေထိုင်ကြသည့် ပြည်သူတွေမှာ ထိမှန်သေဆုံးကြ၊ ဒဏ်ရာတွေရကြသည်။

သပိတ်စခန်းလမ်းပေါ်က အုံကြွလူထုနှင့် လမ်းဘေးအိမ်များမှ ဒဏ်ရာရသူများ စုပုံရောက်လာကြသည့်ည။ သွေးအလိမ်းလိမ်းဖြင့် သေဆုံးသူများကို ချီမဆွဲထုတ်ကြ။ တီအီးကားတွေနှင့် သေဆုံးသူများကို သယ်ထုတ်သွားကြ။ သပိတ်ခေါင်းဆောင်များ စေတနာ့ ဝန်ထမ်းများ၏ အကူအညီကြောင့်ပင် ကျမတို့ကုသရေးကို ပို၍ ထိရောက်စေခဲ့သည်။ စစ်ထောက်လှမ်းရေးသည် ကျမတို့

အားလုံးက အင်တိုက်အားတိုက် အသက်ကယ်ကြ၊ ကုသကြသည်ကို သဘောမကျပါ။ သပိတ်ခေါင်းဆောင်တွေ ကူညီထောက်ကူသည်ကို ဘဝင်မကျကြ။ ဆေးကောင်းဝါးကောင်းများကို လူနာတွေအတွက် အသုံးပြုသည်ကိုလည်း အလိုမကျ။ ဒေါသထွက်ကြသည်။ စစ်ထောက်လှမ်းရေးက မနာလို မရှုစိမ့် နိုင်သည့်အဆုံး အကျပ်ကိုင်၊ ချုပ်ကိုင်လာကြပါတော့သည်။ သည်းမခံနိုင်တော့သည့် ဆရာမရွှေရွှေနှင့် စစ်ထောက်လှမ်းရေးတို့ ထိပ်တိုက်တိုးကြတာပါပဲ။

"ဒီအသက်ကယ်ဆေးတွေကို ဒီလူနာတွေအတွက် မသုံးပါနဲ့လို့ အထက်က ညွှန်ကြားထားတာ သိရက်နဲ့ ဘာကြောင့်သုံးနေရတာလဲ၊ တချို့ဆေးဝါးတွေကို လိုတာထက်ပိုပြီး သုံးနေတာတွေကို တွေ့နေရ တာကြာပြီ၊ ညွှန်ကြားချက်အတိုင်းလုပ်ပါ။ ဒီထက် ထပ်မပြောချင်ဘူး "

"ကျမလည်းမပြောချင်ဘူး၊ အခုတော့ ပြောရတော့မယ်၊ ဒီဆေးဝါးတွေကို ဒီလူနာတွေအတွက် မသုံးလို့ ဘယ်လူနာတွေကိုသုံးရမှာလဲ၊ ကျမတို့ဆရာဝန်၊ ဆရာမတွေအနေနဲ့ ဘယ်လူနာကိုပဲဖြစ်ဖြစ် သုံးရမှာပဲ၊ ဆေးရုံကိုရောက်လာတဲ့ လူနာမှန်သမျှ ကုသပေးရမယ်ဆိုတာ ကျမတို့ ကတိသစ္စာ ပြုထားပြီးသား"

ဆရာမ ရွှေရွှေအသံက တခါတရံ ပဲ့တင်ထပ်သွားသည်။ ဆရာမတွေနှင့် ပူးပေါင်းကူညီ နေကြသည့် စေတနာ့ဝန်ထမ်းများ၊ သပိတ်တပ်သားများမှာ ဆရာမရွှေရွှေကို အားရုံစိုက်ကြသည်။ ဆူညံ နေသည့် စကားပြောသံများပါ တိတ်ဆိတ်သွားကြသည်။ ခန်းမအပြင်မှ လူနာစောင့်တွေပါ နားစွင့်နေကြသည်။

"ဆေးဝါးတွေ၊ သွေးတွေ၊ ဝန်ထမ်းတွေ၊ ဘာမှမလုံလောက်တဲ့အတွက် ခွဲစိတ်ခန်းတွေ လူနာ ခန်းတွေမှာ သေချာအောင် ပိုးမသတ်နိုင်ခဲ့ဘူး၊ ဒီကြားထဲမှာ နေရာက မလုံလောက်တော့ လူနာတွေကို ကြမ်းပြင်ပေါ်မှာ ဖြစ်သလိုထားရတယ်၊ ဒါကြောင့် လူနာတွေ ရောဂါပိုးတွေဝင်ပြီး မသေသင့်ဘဲ သေကုန် ကြတယ်၊ အဲဒါတွေကော ရှင်တို့သိရဲ့လား"

စစ်ထောက်လှမ်းရေးဆိုသူက ပြောလျှင် ငြိမ်ခံလိမ့်မည် ကြောက်လန့်တုန်လှုပ်သွားလိမ့်မည်ဟု သေချာပေါက် တွက်ပြီးသား။ ယခုကဲ့သို့ ဆရာမရွှေရွှေက တုံ့ပြန်သောအခါ မမျှော်လင့်ပဲ မျက်နှာချင်းဆိုင် ခုခံတုံ့ပြန်ခြင်း ခံလိုက်ရသဖြင့် ကြက်သေသေနေသည်။

လူနာတွေရှေ့မှာ ဖမ်းမိခြင်းခံရသော ခားပြလို ကန့်လန့်ကြီးတင်နေသည်။ ဆရာမရွှေရွှေက တရားနည်းလမ်းကျသဖြင့် ထောက်လှမ်းရေး၏ ယုတ်မာမှုက ဘွားခနဲပေါ်သွားသည်။ ဆရာမနော်ပရီဆယ်လာ နှင့်ကျမအပါအဝင် ဆရာမလေးငါးယောက်မှာ ဆရာမရွှေရွှေအနီးတွင် ဝိုင်းရံလိုက်ကြသည်။ မျက်လုံးပေါင်း သုံးလေးရာက စစ်ထောက်လှမ်းရေးကို စိုက်ကြည့်နေကြပြီး 'ထောက်လှမ်းရေးလူယုတ်မာ' ဟု မျက်လုံးတွေနှင့် တိုက်ခိုက်နေကြသည်။

"ကျမနောက်ဆုံးတခုပဲ မေးချင်တယ်၊ ကျမတို့ဆေးဝါးကုသနေတဲ့ လုပ်ငန်းကို ကူညီဝိုင်းဝန်း မှာလား၊ ဆက်လက်ဟန့်တား နှောက်ယှက်မှာလား၊ အဲဒါပဲသိချင်တယ်၊ သိပါရစေ၊ လူနာတွေကို ဟိုဆေး မပေးပါနဲ့၊ ဒီဆေးမကုပါနဲ့လို့ ဟန့်တားတာဟာ လူနာတွေကို သတ်နေတာပဲ၊ အဲဒီတော့ ကျမတို့ ဒီအခန်းထဲကနေ ထွက်သွားရမှာလား ... ရှင်တို့ပဲ ဆေးကုပေးမှာလား၊ အဲဒါပဲသိချင်တယ်။ "

ထောက်လှမ်းရေးက ပတ်ဝန်းကျင်ကို တချက်ဝှေ့ကြည့်လိုက်ကာ ချာကနဲ လှည့်ထွက်သွားသည်။ မှောင်ရိပ်ထဲတွင် ပျောက်ကွယ်သွားသည်အထိ သူ့ကို ကျမတို့လိုက်ကြည့်မိသည်။ အမှန်တရားကို ဖေါ်ထုတ်လိုက်သည့်အတွက် ဝမ်းသာမိသည်။ ရွှေရွှေက ကျမစိတ်ကို အင်အားတွေ သွန်းလောင်းပေး လိုက်ခြင်းဖြစ်သည်။ ဒီထောက်လှမ်းရေးက ငါတို့ကို ဘာများဒုက္ခပေးမလဲဆိုသည့် စိုးရိမ်စိတ်သည်ပင်လျှင် ပျောက်ရှသွားလေပြီ။

စစ်ထောက်လှမ်းရေးက ထွက်သွားပြီဆိုကတည်းက လှုပ်လှုပ်ရှားရှားဖြစ်သွားသော လူထုတွေထံမှ တပြိုင်ထဲ ထွက်ပေါ်လာသောအသံကို ထောက်လှမ်းရေးလဲ ကြားမှာပါပဲ။ "ဆရာမတွေ ထွက်မသွားကြပါနဲ့၊ ထွက်သွားဖို့မလိုဘူး၊ လူသတ်ကောင်တွေ ထွက်သွား၊ စစ်ထောက်လှမ်းရေး ထွက်သွား၊ စစ်ထောက်လှမ်းရေး အလိုမရှိ"

သွေးပင်လယ်ထဲမှ ထွက်ပေါ်လာသော တောင်းဆိုသံများသည် အုတ်နံရံအခန်းထဲတွင် ပဲ့တင်ထပ်သွားသည်။ ထိုပဲ့တင်သံထဲတွင် ကျမ ဆွတ်ပြန့်ကြည်နူးမိ၊ အားတက်ခဲ့ပြီး တလှပ်လှပ်လှိုက်လှဲ။ ထိုစဉ်က ကျမ၏ မျက်လုံးအိမ်မှ မျက်ရည်စက်များ စီးကျနေခဲ့သည်။

"မေမေ … တခါးဖွင့်ပေးပါအုံး၊ မေမေရေ … "

ဟော၊ သမီးကျောင်းက ပြန်လာပြီ။ သားအဖနှစ်ယောက် ပြန်လာပြီ။ ကျမအပြေးအလွှားထွက်သွားကာ တံခါးကို ဖွင့်ပေးလိုက်သည်။

ဒီသမီးလေးပေါ့။ လွန်ခဲ့သည့် ဆယ့်ခြောက်နှစ်က ဒီသမီးလေးကိုယ်ဝန်ကို ကျမလွယ်ပြီး သွေးပင်လယ်ထဲ ဖြတ်ခဲ့ရတာ။

"ဟင် မေမေငိုနေတယ် ဟုတ်လား၊ မျက်ရည်တွေနဲ့ …"

သမီးတို့သားအဖက ကျမမျက်နှာကို တွေငေးစူးစိုက်ကြည့်ကြသည်။ ဘာကြောင့် ငိုနေခဲ့ပါလိမ့်။ ထိုမေးခွန်းအဓိပ္ပါယ်ကို ဖော်ပြနေသည့် တွေငေးငေးအကြည့်။ သမီးကို ထပ်တလဲလဲပြောပြခဲ့သဖြင့် သမီးက သွေးပင်လယ်ထဲက ဇာတ်ကောင်တွေကို မှတ်မိနေသည်။

"သမီးကိုယ်ဝန်နဲ့တုံးက သွေးပင်လယ်ထဲမှာ တွေ့ခဲ့ရတဲ့ ဝါဝါလင်းတို့၊ ရွှေရွှေတို့၊ ဆရာဝန်ဦးစိုးမြင့်တို့ကို သတိရနေတုံး မျက်ရည်တွေက သူ့ဘာသာသူ စီးကျလာတာလေ၊ မေမေငိုတာမဟုတ်ဘူး"

သမီးလေးက တံခါးကိုတွန်းဖွင့်လာကာ ကျမကို သိုင်းဖွဲ့ဖက်လိုက်ရင်း မျက်ရည်စိုစွတ်ပါးပြင်ပေါ်သို့ နမ်းရှိုက်နေလေသည်။

ဇူလိုင်၊ ၂၅ ရက်၊ ၂၀၀၄
သစ္စာ အမှတ် (၂) ဩဂုတ်၊ ၂၀၀၄

# အချစ်တို့ ၏ ကောက်ရိုးအိမ်

တိမ်တမျှင် တိမ်တစပင်မရှိ။ ကျယ်ပြန့်နက်ရှိုင်းလှသည့် ဟင်းလင်းပြင်က လဝန်းမီးအိမ်ကို သူ၏နံရံထက်တွင် အသာအယာ ချိတ်ဆွဲထားသည်။ အသင်ကဘယ်လောက် ထိန်ထိန်သာနိုင်မလဲ။ မြေပြင်နှင့် ကြယ်တာရာတွေက စိန်ခေါ်နေခြင်းကို လမင်းက ခပ်ငေါ့ငေါ့ ခပ်ရွဲ့ရွဲ့ပဲ သူ့အလင်းပွင့် အလင်းစက်များကို အစွမ်းကုန်ကျဲချ သွန်ချနေလေသည်။ လဝန်းမျက်နှာပြင်ထက်မှ သွန်ထွက်စီးကျလာသော အလင်းမှုန်တွေက ဖွေးဖွေးဖြူနုရာမှ မြေပြင်နှင့် နီးကပ်လာသောအခါ စိမ်းလဲ့လဲ့ပြာလဲ့လဲ့ လရောင်ဖြစ်သွားသည်။

ရွာလယ်လမ်း၏ ဘေးတဖက်ရှိ ဘုန်းကြီးကျောင်းဝန်းအတွင်းမှ ငှက်ပျောရွက်များမှာ သံဖြူခေးသွားများနှယ် လရောင်ဖြင့် ပြောင်လက်တောက်ပနေလေသည်။ စိမ်းရင့်မှောင်သော သစ်ရွက်များတွင်လည်း လရောင်ကရွှရွှလေး နားနေလေသည်။ တကယ်က သစ်ရွက်က လရောင်ကိုဆွဲဖမ်းယူကာ တကျိုက်ကျိုက်သောက်နေတာ။

ထိုလရောင်အောက်က ထိန်ထိန်လင်းနေသော ရွာလယ်လမ်းမပေါ်တွင် မောင်မြမင်းတို့ လျှောက်နေကြသည်။ ကောင်းကင်ထဲမှာ လမ်းလျှောက်နေရသည်ဟု မောင်မြမင်းက ထင်နေပုံရသည်။ မြေပြင်ပေါ်တွင် လှမ်း၍လှမ်း၍ သွားနေသည်ဟူ၍ပင် မထင်တော့။

"ဟေ့ကောင်မြမင်း... သန်းတင်လိုတော့မလုပ်နဲ့။ သန်းတင်လိုမဖြစ်စေနဲ့။ ဒါပဲငါပြောမယ်။ ကျော်မကောင်း ကြားမကောင်း တကယ်က ရင်နာစရာကောင်းလှတယ်ကွာ"

စိုးလင်းဦးက ပုခုံးချင်းယှဉ်ကာ အတူသွားရင်းက မောင်မြမင်းနှင့် ပူးကပ်သွားကာ လေသံဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ စိုးလင်းဦးက ပြောလည်းပြော၊ ရယ်လည်းရယ်။ မောင်မြင့်က မြမင်းရင်ဘတ်ကို သူ့ညာလက်ဝါးကြီးဖြင့် ဖိစမ်းနေပြန်သည်။

"ကျောက်ခဲလမ်းပေါ်မှာ လှည်းမောင်းနေသလိုပဲ ရင်ထဲမှာ ဘုရားပွဲလှည့်တာက ရိုးရိုးလှည့်တာ မဟုတ်ဘူး၊ လှည်းအစီး တရာလောက်နဲ့ လှည့်နေတာ ... "

သုံးယောက်သား ကျိတ်၍ ရယ်လိုက်ကြပြန်သည်။ လဝန်းက သူတို့သုံးယောက်ကိုငုံ့ကြည့်ရင်း သူတို့ရယ်သံကို ကြားလိုက်ပုံရသည်။ လရောင်က ပို၍ လင်းလက်သွားသလားပင်မသိ။ သူတို့ရှေ့မှာက မြမင်း၏ အဖေနှင့်အမေ ဦးထွန်းရှိန်နှင့် ဒေါ်မြချစ်၊ ပြီးတော့ မြမင်း၏ဆရာ။ ကျောင်းဆရာကြီး ဦးပန်းလှိုင်။ သူတို့လူကြီးသုံးယောက်က သည်နွေတွင် မည်သို့အလုပ်လုပ်ကြပြီး မိုးတွင်းကာလအတွက် ဝမ်းစာစပါး မည်ကဲ့သို့ ဝယ်ယူစုဆောင်းကြလျှင် ကောင်းမည်နည်း။ ဝမ်းစာအကြောင်း ပြောနေကြသည်။ ဒေါ်မြချစ်က ချူသံပါအောင် ညည်းနေလေတော့သည်။

“ရှေ့ရေးစဉ်းစားတိုင်း ရင်လေးပါတယ်ဆရာရယ် ကျမဖြင့်ရူးချင်တယ်။ အဟုတ်ပဲ ဆရာရယ် ... ထမင်းနပ်မှန်အောင်စားရဖို့ မလွယ်လိုက်တာ စဉ်းစားလိုက်တိုင်း ညလုံးပေါက်ပဲ အိပ်မပျော်ဘဲ မျက်လုံး ကြောင်တောင်နဲ့ မိုးလင်းသွားတဲ့ညတွေ မနည်းတော့ဘူး မီးလင်းဖိုကြီးထဲ ဝင်ထိုင်ရတဲ့ဘဝ ...”

ခိုညည်းသလို ညည်းညူလိုက်သည်။ ဒေါ်မြချစ်ရင်ထဲတွင် ခိုအောင်းလေးသိပ်နေသည့် ခံစားမှု။ မရှုသာမရှိုက်သာ ပြည့်သိပ်နေရာမှ ဆရာဦးပန်းလှိုင်ကို ရင်ဖွင့်လိုက်ခြင်းဖြစ်သည်။ ရင်ဖွင့်တယ်ဆိုတာက ကြုံကြိုက်မှရင်ဖွင့်လို့ရသည် မဟုတ်လား။ ခံစားမှု တူသူခြင်းမှလည်း ရင်ဖွင့်၍ ကောင်းသည်မဟုတ်လား။ ဆရာဦးပန်းလှိုင်က ဒေါ်မြချစ်ရင်ထဲမှ ပြေးထွက်လာသော စကားကို သဘောကျကာ တချက်ပြုံးလိုက်သည်။ မီးလင်းဖိုကြီးထဲ ဝင်ထိုင်နေသည့် ဘဝ။

သိပ်မကြာလိုက်။ ခဏအကြာတွင် ရွာလယ်လမ်းချိုးကွေ့သို့ ရောက်လာသည်။ လူစုစုဆူဆူညံ အိမ်ကလေးထဲသို့ သူတို့ဝင်လာခဲ့ကြသည်။ တယောက်က “သတို့သားလာပြီဟေ့ ... သတို့သား မောင်မြမင်း တဲ့လား ... ကဲ ကြိုးတားဖို့လုပ်ကြ ...” ဟု ဟိန်းညံသွားအောင် လှုံ့ဆော်လိုက်သည်။ သတို့သမီး၏ အိမ်ကလေးထဲက လူတသိုက်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ လှုံ့ဆော်ရေးမှူးက ရွာ၏ လူငယ် ခေါင်းဆောင် ကိုတိုးစိန်ဖြစ်နေသည်။

“သတို့သားကို ရွှေကြိုးနဲ့တားရမှာ ... ရွှေဆိုလို့ မူးလို့တောင်ရှူစရာမရှိဘူး ... ငွေကြိုးလည်းမရှိ ... အဲဒီတော့ နွားတံပိုးမှာ သုံးတဲ့သံကြိုးသွားယူကြ ...”

ကိုတိုးစိန်က ပြက်ချော်ချော် သရော်တော်တော် ပြောလိုက်သဖြင့် ပွဲကျသွားသည်။ ပြောမနာ ဆိုမနာ ဘဝတူတွေဆိုတော့ ပြောလို့ရသည်။ တကယ်လည်းရွှေမရှိ၊ ငွေမရှိ။ မွေးကတည်းက သူတို့မှာ အလျှံပယ်ကြွယ်ဝတာက ဆင်းရဲမွဲတေခြင်းဖြစ်သည်။ အမျိုးသမီးခေါင်းဆောင် မအေးမြင့်က ကိုတိုးစိန်ကို မျက်စောင်းလှမ်းထိုးကာ “တိုးစိန် နင့်ပါးစပ်ပိတ်ထား ... နာချင်လို့လား ဟုတ်လား ... မိတင်ရွှေကို တိုင်လိုက် ရမလား ...” ခပ်ငေါက်ငေါက် ပြောလိုက်သည်။

ကိုတိုးစိန်ခေါင်းက ပုဝင်သွားသည်။ လူငယ်တွေမှာ ပွဲကျသွားပြန်သည်။ ဘူးစင်အောက် မောင်ရိပ်တွင် ရပ်နေသော ကိုဘအေးက မိတင်ရွှေလာပြီဟေ့ ... ဟုဆိုကာ လှမ်းပြီး ခြောက်လိုက်သေးသည်။ မိတင်ရွှေကို ကိုတိုးစိန်က ကြောက်ပြီးသား။ အပျိုကြီး မိတင်ရွှေက ကြမ်းလည်းကြမ်း ရမ်းလည်းရမ်း။ လူတွေ ရှေ့တွင် ကိုတိုးစိန်ကို သူ့အင်အားနှင့် မွှေ့ယမ်းဆွဲလှဲပစ်ကာ ကိုတိုးစိန်ရင်ဘက်ပေါ် ခွစီးတတ်သည့် မိတင်ရွှေကို အသံကြားရုံဖြင့် ကြောက်နေပြီးသား။

သတို့သားရှေ့တွင် ကျော်စိန်နှင့် လွန်းမောင်က ခပ်ခွာခွာရပ်လျက် ပုဝါဖြူစကိုဆွဲဆန့်ကာ တားလိုက်ကြသည်။

“တရွာသူ သနားပါလှည့် ... ဟောဒီ ... ပုဝါဖြူ ... တားပါသကွဲ့ ... တားပါသတဲ့ခင်ဗျာ ... ရွှေတံခါး ... ငွေတံခါး ... ဖွင့်သာဖွင့်ပါ သတို့သား ... ကျွန်တော်တို့ စောင့်မျှော်နေရ ကြာခဲ့ပေါ့ဗျာ ... သူငယ်ချင်း တို့ရေ စောင့်နေတာ ဘယ်လောက် ကြာသွားပြီလဲကွာ ...

လွန်းမောင်က စကားကြွယ်သူ သရော်စာတို့ သံချပ်တို့ကို ကျေးလက်သဘာဝအတိုင်း လက်တန်း စပ်တတ်၊ ပြောတတ်သူ။

“နှစ်လရှိသွားပြီ၊ သတို့သား မောင်မြမင်းနဲ့ သတို့သမီး မခင်ကြော့တို့ အိမ်ထောင်ပြုကြတော့မယ် ဆိုတဲ့ သတင်းကြားပြီး ကတည်းကပါဗျာ။ စောင့်ခဲ့ရတာ ကြာပါပေ့ါ မောင်မြမင်း သခင် ... ပလို့ဂို ”

ကျော်စိန်က ဆိုင်းချက်ဖြင့်ပိတ်လိုက်သည်။ ရယ်သံများ လွှမ်းသွားလေသည်။ ဘူးစင်

မှောင်ရိပ်စွန်းတွင်ရပ်နေသော ကိုဘအေးက ဘေးတဘက်သို့လှည့်ကာ ကွမ်းတံတွေးတွေကို ပျစ်ခနဲ ထွေးထုတ်လိုက်သည်။ ပြီးမှ ကွမ်းစားလွန်းသည့်အတွက် မည်းချိတ်နေသော သွားဖရဲစေ့တွေပေါ်အောင် ရယ်ကာ လှမ်း၍ ပြောလိုက်သည်။

“တောက် … ဒီကောင်နှစ်ကောင်က ဇာတ်ထဲလိုက်ပြီး ဇာတ်ကရမှာကွ … လွန်းမောင်က မင်းသားလုပ် … ကျော်စိန်က လူပြက်လုပ်… ဟန်ကိုကျလို့ …”တသောသောရယ်ကြ၊ နောက်ပြောင်ကြ၊ ထေ့ကြ၊ ငေါ့ကြ။ လရောင်အောက်က မင်္ဂလာအခမ်းအနားသည် ခမ်းနားသိုက်မြိုက်နေလေသည်။ ကရဝိက်ခန်းမတော့မဟုတ်။ စီဒိုးနားခန်းမလည်းမဟုတ်။ ရပ်ဓလေ့ ရွာဓလေ့၊ ကျေးလက်ယဉ်ကျေးမှု မင်္ဂလာဆောင်တွင် မာန်မာန ပြိုင်ဆိုင်မှုမရှိ။ ကားပြိုင်ပွဲ စိန်ပြိုင်ပွဲမရှိ။ ပုဂံခေတ် အရီးကြီးတွေက သတို့သမီးကို ပန်းဦးလွှတ်ခဲ့ဘူးသည်။ လွန်ခဲ့သည့် နှစ်ကာလတွေအထိ “ခဲဖိုး” တောင်း၍ သတို့သားက ကျေးရွာကာလသားအဖွဲ့ကို ခဲဖိုးပေးရသည်။ သို့မဟုတ် လူမိုက်အဖွဲ့တွေကို အရက်ဖိုးပေးရသည်။ သတိုးသားက တရွာသားဖြစ်ပါက ရွာခံလူမိုက်အဖွဲ့က မိုက်ကြေးတောင်း၍ မိုက်ကြေးဖိုးပေးရသည်။ ဤည ကျေးလက်မင်္ဂလာဆောင်တွင် မိုက်ကြေးခွဲခြင်းမရှိ။

ကိုတိုးစိန်က သတို့သားကို ကြိုးတားသည့် လွန်းမောင်နှင့်ကျော်စိန်ကို “ကားဂိတ်တွေမှာ မိုက်ကြေးတောင်းတဲ့ ပုလိပ်တွေ၊ စစ်သားတွေနဲ့ တူတယ်ဟေ့ ”ဟူ၍ ထေ့ငေါ့လှောင်ပြောင်သည်ကို လွန်းမောင်က ရယ်ကာမောကာ တုန့်ပြန်ခဲ့လေသည်။

“အမြတ်ထုတ် မိုက်ကြေးခွဲတတ်တဲ့ ပုလိပ်တွေ စစ်တပ်ကကောင်တွေနဲ့မှ နှိုင်းတတ်ပလေတယ်ဗျာ။ သတို့သား မောင်မြမင်းက သဒ္ဓါတရားနဲ့ ကျွန်တော်တို့ကို ပေးကမ်းစွန့်ကြဲတဲ့ ငွေကြေးနဲ့ ဒီည ပျော်ပျော်ပါးပါး ချက်ပြုတ်စားကြမယ် … ဘူးသီးနဲ့ကြက် ချက်မယ် … ဘူးသီးကိုကြက်ရောမယ် မဟုတ်လား။ ဒီည လရောင်အောက်မှာ သတို့သမီး၊ သတို့သား ကျွေးမွေးဧည့်ခံတဲ့ ညစာစားပွဲမှာ ပျော်ပျော်ပါးပါး စားကြရအောင်ပါ … ဒီခေတ်ကြီးထဲမှာ … အပျော်ဆိုတာမရှိတော့ … ဒီလိုမင်္ဂလာရှိတဲ့ မင်္ဂလာဆောင်မှာ အားလုံးပျော်ကြရအောင်ပါဗျာ …”

ငြိမ်သက်သွားကြသည်။ လွန်းမောင် စကားမဆုံးမီပါပဲ “ဟုတ်ပါတယ်လေ … ဒါအပျော် ကြိုးတားတာပါကွယ်။ နှောင့်ယှက်တာ မဟုတ်ပါဘူးလေ”ဟု သတို့သားအမေ ဒေါ်မြချစ်က ဝင်ပြောသည်။ အားလုံးကလည်း အသံတွေ ထွက်လာသည်။ ကာယကံရှင်တွေကို အငြိုအငြင်ပေးတာမှ မဟုတ်ပဲဟု ပြောကြ၊ ပဲ့တင်ထပ်ကြသည်။ ကိုတိုးစိန်က “အေးဗျာ … လွန်းမောင်နဲ့ ကျော်စိန်ကို မကောင်းဆိုးဝါး မိစ္ဆာကောင်တွေနဲ့မှ ကျွန်တော်ကလည်း နှိုင်းမိတယ်။ အမှန်က အနောက်လွန်သွားတာ လွန်းမောင်ရေ … အကိုကြီးတိုး တောင်းပန်ပါတယ်ကွာ”သူ့အသံက မာကျောကျောမဟုတ်။ တိုးသက်နေလေသည်။

လွန်းမောင်နှင့်ကျော်စိန်တို့ မျက်နှာပေါ်တွင် ပြုံးရိပ်သမ်းသွားသည်။ တိမ်တိုက်ထဲမှ ထွက်လာသည့် လဝန်းကဲသို့ လင်းသွားသည်။ ကိုတိုးစိန်၏ စကားတခွန်းကြောင့် အောင့်သက်သက် ဖြစ်သွားခဲ့ရာမှ ပြန်လည်ချောမွေ့ ပြေပြစ်သွားလေသည်။ သတို့သားက ကြိုတင်ထည့်ယူလာသည့်ငွေကို အိတ်ထဲမှထုတ်ကာ ကိုလွန်းမောင်လက်သို့ ကမ်းလိုက်သည်။

“ကိုလွန်းမောင်တို့ ကိုကျော်စိန်တို့အားလုံးက ကျွန်တော်တို့အတွက် ပျော်ပွဲ ရွှင်ပွဲ အထိမ်းအမှတ်ပွဲလုပ်ပေးတာကို ကျွန်တော်က ထောက်ပံ့အားဖြည့်တာပါဗျာ”

သတို့သားက ရှက်ရွံ့ရွံ့ဖြင့် အသံက တုန်ယင်နေသည်။ လွန်းမောင်နှင့်ကျော်စိန်တို့က ရွှေတံခါးငွေတံခါးအဖြစ် သတ်မှတ်ထားသည့် ပုဝါဖြူကြိုးစကို ရုပ်သိမ်းလိုက်ကြသည်။ ဝိုင်းကြည့်နေသော လူငယ်

တသိုက်မှာ "ဟေး "ဟူ၍ အော်ဟစ် ဆူညံသွားကြသည်။ လွန်းမောင်နှင့်ကျော်စိန်တို့မှာ မြေပြင်ပေါ်တွင် အထပ်ထပ် ခုန်ပေါက်နေကြသည်။

"ကဲသွားပြီဟေ့ ... ချက်ကြပြုတ်ကြမယ် ... ညစာမင်္ဂလာထမင်း စားကြမယ်။ နောက်တနာရီ နှစ်နာရီအတွင်းမှာ စားကြရအောင်"

ညာသံပေးကာ တဟေးဟေးအော်ဟစ်ရင်း အိမ်တစက်မြိတ်အောက် ဘူးစင်အောက်ကနေ ပြေးထွက်သွားကြလေသည်။ တကယ်က ဘာမှမပြည့်စုံ။ ဆန်၊ ဆီ၊ ဆား၊ ရှာရမည်။ ကြက်ဝယ်ယူရမည်။ ဘူးသီးလိုက်တောင်းရမည်။ ဘူးသီးက ပြဿနာမရှိ။ ကြံတဲ့ဘူးစင်မှာ ဝယ်လို့ရသည်။ အလျှုခံပြီး ဆွတ်လို့လဲ ရသည်။ ပြဿနာက ဆန်နှင့်ဆီ။ သတို့သားက ငွေသုံးထောင်ပဲ ပေးလိုက်တာ။ ကိုလွန်းမောင်နှင့်ကျော်စိန်က လမ်းခုလတ်ရောက်မှ သတို့သား ပေးလိုက်သည့်ငွေကို လရောင်အောက်တွင် လက်ဖြန့်ကာ ထုတ်ကြည့်မိသည်။ ဒီငွေ သုံးထောင်ထဲနဲ့ ဘယ်လိုလောက်ပါ့မလဲ။ "ကျော်စိန်ရေ ငါတို့ပဲ စိုက်ထုတ်ကြရမှာပေါ့ကွာ ... ဘယ်တတ်နိုင်ပါ့မလဲ ... ကဲလာ "ဟုဆိုကာ ကိုလွန်းမောင်က ဦးဆောင်ခဲ့လေသည်။

ကိုလွန်းမောင်က အိမ်တစက်မြိတ်အောက်မှ ထွက်မသွားမီ ပုဝါဖြူကို ပိုင်ရှင်ဖြစ်သည့် အဖွား ဒေါ်ရွှေမှန်၏ ပုခုံးပေါ်သို့ "ဟောဒီမှာ အဖွားပုဝါကို ကျွန်တော်ပြန်အပ်ခဲ့ပြီ"ဟုဆိုကာ တင်ထားခဲ့လေသည်။ အဖွားဒေါ်ရွှေမှန်က "အေးပါကွယ် အေးပါကွယ် "ဟုဆိုကာ သူတင်ထားသည့် ပုခုံးပေါ်မှ ပုဝါစကို ပုခုံးနှစ်ဖက် ပေါ်တွင် ဖြန့်ကာသိုင်းခြုံလိုက်သည်။ အဖွားက အိမ်ဝတွင်ထိုင်နေရာမှ ရုတ်တရက် ကုန်းထလိုက်သည်။ ထုတ်တန်းတွင် ချိတ်ဆွဲထားသော ဖန်မီးအိမ်နှင့် တိုက်မိသဖြင့် ဖန်မီးအိမ်က ယိမ်းထိုး ခါယမ်းသွားလေသည်။ အဖွားက "အလိုလေးဘုရားရေ"ဟု ရည်ရွတ်ရင်း တခါပြန်ထိုင်လိုက်ရသည်။ အဖွားဒေါ်ရွှေမှန်က သတိုးသမီး မအေးကြော့၏ အဖွား။ မအေးကြော့၏အဖေ ဦးလှမောင်၏ အမေ။ အဖွားက သတို့သားမောင်မြမင်းကို တွေ့ချင်လှပြီ။ စူးစမ်း ကြည့်ချင်သည်။ ထို့ကြောင့် နေရာရွှေ့လိုက်ခြင်းဖြစ်သည်။

အိမ်ပေါ်သို့ ဆရာဦးပန်းလှိုင်တို့ လှမ်းတက်လာခဲ့ကြသည်။ သတို့သား အဖေအမေလည်း ဆရာ ဦးပန်းလှိုင်နောက်မှ ကပ်လျက် ပါလာကြသည်။ အဖွားဒေါ်ရွှေမှန်နှင့် သတို့သမီးမိဘတွေက "လာကြ ..." ဟုဆိုကာ ရယ်မောလှိုက်လဲ ကြိုဆိုလိုက်ကြသည်။ အိမ်ပေါ်သို့ နောက်ထပ်လှမ်းတက်ရန် ခြေလှမ်းပြင်နေသော သတို့သားနှင့် သတို့သား လူပျိုဖော်နှစ်ယောက်ကို အဖွားမှန်က ငုံ့ကြည့်သည်။ သွားကျိုးပါးကျိုးလေသံနှင့် ပြောနေလေတော့သည်။

"ငါ့မြေးက လူချောလူလှ ... လူညိုချော ... ငါ့မြေးမ မိကြော့တော့ ကံကောင်းပြီသာ မှတ်ပေတော့ ... ဖဲမရိုက်၊ အရက်မသောက်၊ ဘိန်းမစား ...၊ လူရိုးလူအေး ... လယ်ထွန်တာလည်းကောင်သတဲ့ ... ကိုင်းထွန်တာ လည်းကောင်း၊ ကောက်ရိတ်ကောင်း ... အဖွားကတော့ ငါ့မြေးမောင်မြမင်းကို ဟိုတုန်းကတည်းက ချစ်နေတာ ကွဲ့ ... ကဲ ... လာကွယ်၊ အိမ်ပေါ်တက်ကြ ..."

"အဖွားမှန် ... သတိလည်းထားနော် ... ကိုယ့်ငါးချဉ်ကိုယ်ချဉ်တဲ့ လူတွေကို ရွာထဲမှာ လိုက်ဖမ်း နေတယ်တဲ့"

သွားဖရဲစေ့ ကိုဘအေးက အဖွားကိုနောက်လိုက်သည်။ အဖွားက သွားကျိုးပါးကျိုးနှင့် တဟဲဟဲ ရယ်မောနေသည်။ ကွမ်းသွေးများက နှုတ်ခမ်းတွန့် အစင်းကြောင်းများထဲတွင် ဝင်ခိုနေကြသည်။ ကွမ်းသွေး သီးနေသော ပါးစပ်နှုတ်ခမ်းကိုဟ၍ဟ၍ ရယ်လေသည်။ ကျေးရွာ အမျိုးသမီးခေါင်းဆောင် မအေးမြင့်က "ဒီအဖွားကြီးဟာ စကားကိုရှည်တယ်၊ မနေတတ်မထိုင်တတ် "စိတ်ထဲမှာ မျက်စောင်းထိုးကာ ရေရွတ်လေသည်။

မောင်မြမင်းက ရှက်ကိုးရှက်ကန်းဖြစ်နေသည်။ ဆရာဦးပန်းလှိုင်ကလွဲ၍ အားလုံးဖိနပ်စီးမလာကြ။

ဒီပြင်လူတွေ ဖိနပ်မပါတာ ထားတော့။ သတိုးသား ဖိနပ်မပါတော့ အကြည့်ရဆိုးနေလေသည်။ အင်္ကျီက ကြယ်ပြာရောင်၊ လုံချည်က ဂန့်ဂေါဆင်အညိုရောင်၊ အင်္ကျီက ဒိုဘီသို့မဟုတ် မီးပူတိုက်မဟုတ်။ လက်ဖြင့် သပ်ကာ ဖိခေါက်ပြီး ခေါင်းအုံးအောက်တွင် ညပေါင်းများစွာ ထားအိပ်ခဲ့သည့်အင်္ကျီ။ အသားက ညိုစိမ့်စိမ့်။ ခန္ဓာကိုယ်က ဖွံ့ဖွံ့ဖြိုးဖြိုး၊ ရင်အုပ်ကကျယ်ကျယ်။ သတို့သားမောင်မြမင်းခေါင်းက ဆီနံ့က ပါးပါးကလေး အငွေ့ ပြန်ထွက်လာနေသည်။ ဆိုးဆိုးရွားရွား နံဟောင်တာမျိုးတော့မဟုတ်။ ဆီနံ့နှင့် ဆီချေးရောထားသည့်အနံ့။ ဟင်းချက်ဆီပုလင်းကို လက်ဝါးထဲမှောက်ချလိုက်စဉ် ပုလင်းဖင်တွင်ကပ်နေသော ဆီချေးကသုံးလေးစက် လက်ဝါးထဲ စီးကျလာခဲ့သည်။ ထိုအကြွင်းအကျန်ဆီကို ရေသုံးလေးစက်နှင့်ရောကာ ဆံပင်တွေထဲထည့်၊ ဆံပင်ကို ဖီးသင်လိုက်သည်။

လွန်ခဲ့သည့် ဆယ်နှစ်ခန့်က ဝါးဘီးတွေ၊ ယခုပလပ်စတစ်ကော်ဘီး။ ကော်ဘီးက ကျိုးခဲသဖြင့် အခိုင်း ခံလေသည်။ ထိုကော်ဘီးဖြင့် အထပ်ထပ်ဖီးသင်ခဲ့သဖြင့် ဆံပင်က ပိပြားကာ သပ်ရပ်နေလေသည်။ ညအတူ အိပ်သည့်အခါ သတို့သမီးမိကြော့ကတော့ သတို့သား ဆံမျှင်တွေဆီက ဆီချေးနံ့ကိုရယ်မှာပဲ။ သတိထား မိလျှင် အသေအချာရယ်မှာပဲ။

မအေးမြင့်က လွတ်ခနဲ့နောက်လိုက်သည့်အချိန်တွင် သတို့သားမောင်မြမင်းက အိမ်ပေါ်အဆင့်သို့ လှမ်းအတက်၊ မောင်မြမင်းမှာ ရှက်သွေးဖြန်းကာ ထပ်၍ရင်ခုန်ရလေသည်။ ရင်ခုန်သံက လွှမ်းထားသဖြင့် မအေးမြင့် နောက်ပြောတာကို မကြားတချက် ကြားတချက်။

"အဖွားမှန်ပြောသလိုပဲ သတို့သားက ဒီညမှာ ကျော့လို့၊ မော့လို့၊ ချောလို့၊ လှလို့၊ ဒါပေမဲ့ ဖိနပ်မပါလာတာ ဆိုးတယ်ကွာ ... စောစောထဲက အမကိုပြောရောပေါ့"

သွားဖရဲစေ့နှင့် ကိုတိုးစိန်တို့နှစ်ယောက်မှာ မအေးမြင့်ကို တယောက်ပြီးတယောက် စကားလုံး တွေနှင့် ထိုးနက်လေတော့သည်။

"နင့်မှာကော ဖိနပ်စီးထားလို့လား ... ဖိနပ်ကောရှိရဲ့လား"

"မရှိဘူး "

"အမကို ပြောရောပေါ့ဆိုတော့ နင်က သတို့သားကို ဝယ်ပေးမလို့ပေါ့လေ ဟုတ်လား ... နင်တောင် ဝယ်မစီးနိုင်ဘဲနဲ့ လူရှေ့မှာ အသံကောင်းဟစ်တယ်ပေါ့လေ ... နင့်ပါးစပ်ကို ငါ့ရွှေချထားချင်ပါတယ်ဟယ်... အေးမြင့်ရဲ့ ... ပိန်မရဲ့ "

"ကျုပ်ကိုပြောရင် ...မြို့ကိုတက်ပြီး ဖိနပ်ဝယ်ပေးမယ်လို့ ပြောချင်တာ "

"ဟောဒီ ငါတို့ရွာမှာ တအိမ်တက်ဆင်း ဖိနပ်လိုက်ရှာကြည့် ... အိမ်ခြေခြောက်ဆယ်ကျော် ရှိတယ်... ဖိနပ်ကောင်းကောင်း ငါးရံတောင်ရပ့ါမလား ...။ မရနိုင်ဘူး ... ဒီညမှာ ဘယ်သူမှ ဖိနပ်မရှိလို့ ဖိနပ် စီးမလာကြဘူး ... သတို့သားက ငါတို့ကိုသစ္စာမဖောက်ဘူး ... ဒါချီးကျူးရမယ် အေးမြင့် ... ဘယ်သူ ဖိနပ် စီးလာသလဲ ... ဆရာကြီးဦးပန်းလှိုင် ဖိနပ်စီးလာတယ် ... အဲဒါ အတော့်ကိုဆိုးတယ်ဗျာ ..."

ပွက်လောရိုက်အောင် ရယ်လိုက်ကြလေသည်။ ဆရာဦးပန်းလှိုင်လည်း ခေါင်းကို လှုပ်ခါပြီး တသိမ့်သိမ့် ရယ်လေသည်။ "မှားပါတယ်ကွာ ... မှားပါတယ် " ဟူ၍လည်း တတွတ်တွတ်ဆိုလေသည်။ သတို့သားနဲ့ သတို့သမီးမှာ တယောက်မျက်နှာ တယောက်ကြည့်ကာ ဘာပြောလို့ ပြောရမှန်းမသိ ရယ်ကြ လေသည်။ ရယ်သံများအဆုံးတွင် မင်္ဂလာကန်တော့ပွဲစတင်ဖို့ သတို့သမီး၏အမ မအေးဖော့ါကပဲ နှိုးဆော်လေသည်။

အိမ်ဦးခန်းထရံနှင့် ကပ်လျက်တန်းစီကာ နှစ်ဖက်မိဘ ဆွေမျိုးများ ထိုင်နေကြသည်။ ဆရာ ဦးပန်းလှိုင်နှင့် အဖွားဒေါ်ရွှေမှန်က ဘုရားစင်အောက်မှာ။ ညာဖက်ခြမ်းမှာ သတို့သားမိဘများ။ ဘယ်ဖက်ခြမ်း

တွင် သတို့သမီးမိဘများဖြစ်သည့် ဦးလှမောင်၊ ဒေါ်နှင်းသုန်။ မအေးဖေ့ါက မိဘနှစ်ပါး ဘေးတွင် ထိုင်နေလေသည်။ သူမက အလှဆုံး ပြင်ဆင်ထားသော်လည်း ပလွားမှုမရှိ။ ခပ်ရိုးရိုးပဲ ပြင်ဆင်ထားသည်။ ညီမ မင်္ဂလာဆောင်အတွက် ရန်ကုန်မှ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ မအေးဖေ့ါက မြို့တော်သို့ ရောက်ခဲ့သည်မှာ ငါးနှစ်ရှိပြီ။ သို့ပေမယ့် ဘာမှ အပြောင်းအလဲမရှိ၊ အိမ်ထောင်ကျခဲ့ပြီ၊ စစ်ဘက်ဆိုင်ရာ အရာရှိကြီးအိမ်တွင် မီးဖိုချောင် အလုပ်သမား။ စစ်တပ်က ထိပ်တန်းအကျဆုံး ခေါင်းဆောင်တစုထဲတွင် ထိုစစ်အရာရှိက တဦး အပါအဝင်။ ထိုအရာရှိ၏ သားက မအေးဖေ့ါကို ကျားတကောင်လို ချောင်းနေခဲ့သည်။ ဘား၊ နိုက်ကလပ်နှင့် အထက်လွှာကြားတွင် ကာမရမ္မက်နှင့် ထင်သလိုပျော်ပါးလိုက်စားသူ၊ စစ်အရာရှိ၏ ဇနီးက သူ့သားနှင့် ငြိစွန်း မှာကို စိုးရိမ်သည်။ အငြိအစွန်းမခံနိုင်၊ ထို့ကြောင့် မအေးဖေ့ါကိုနားချကာ အရာခံဗိုလ် ဒရိုင်ဘာနှင့် ပေးစားခဲ့ သည်။ အရာခံဗိုလ်လှကြိုင်က မုဆိုးဖို။ ကလေးတယောက်အဖေ။ မအေးဖေ့ါက လှကြိုင်နှင့် အိမ်ထောင် ပြုခဲ့ရ သော်လည်း ကျေးလက်က လယ်မဲ့ယာမဲ့စိတ်ဓာတ်၊ ကောက်စိုက်မစိတ်ဓာတ်က ပြောင်းလဲမသွားခဲ့ပေ။ မအေးဖေ့ါ ရွာကိုပြန်ရောက်လာစဉ် တရွာလုံးကို ရောက်အောင်သွားသည်။ တအိမ်တက်ဆင်း နှုတ်ဆက် လျှောက်လည်။ မိုးပေါက်တွေထဲ ကန်သင်းခုံတွင် သူငယ်ချင်း ကောက်စိုက်မတွေနှင့် ဝိုင်းဖွဲ့ ထမင်းစားသလို ယခုလည်း ဝိုင်းဖွဲ့ကာထမင်းစာကြ။ ရှေ့ဖြစ်နောက်ကြောင်းတွေ ပြောကြ၊ ရယ်ကြ။ မအေးမြင့်တို့ မိတင်ရွှေတို့ က မအေးဖေ့ါကို တဖွဖွတသသ ချီးမွမ်းကြသည်။

"ဟောဒီကောင်မ မိဖေ့ါကတော့ အရင်လိုပဲ ဘာမှ မပြောင်းလဲဘူး ... ကိန်းခန်းမကြီး၊ သွေးမကြီး ... မာနမကြီး ..." ထိုသို့တဖွဖွ ထောပနာပြုကြလေသည်။

ကန်တော့ပွဲစတင်ဖို့ နှိုးဆော်လိုက်သော်လည်း စိတ်ထဲတွင်နင့်နေသည်။ ညီမမင်္ဂလာဆောင်သည့်ည သူငယ်ချင်းတွေ မိဘတွေနှင့် ဆုံဆည်းရသည့်ညတွင် နှစ်ထောင်းအားရ ပျော်ရွှင်ရမည် ဖြစ်သော်လည်း မလန်းဆန်းနိုင်ဘဲ တခါတခါတွင် လှိုက်၍ ကြေကွဲနေလေသည်။ ရင်ထဲတွင် ဘဝင်မကျမှု၊ မကျေနပ်မှုတွေက လှိုင်းထနေတတ်သေးသည်။ ဘယ်လိုပြောရမလဲ။ အ,အ အိပ်မက်သလို ဖြစ်နေသည်။ ဗိုလ်လှကြိုင်နှင့် အိမ်ထောင်ပြုခဲ့ရပုံ၊ လင်ယူခဲ့ရပုံကို ပြောချင်ပုံမရ။ ရွာကိုပြန်ရောက်စဉ် မြင့်မိုရ်တောင်နှင့် ဇီးစေ့နှယ် ကွာခြား သည့် ဘဝတွေကို နှိုင်းယှဉ်ချက်အရ တွေ့လိုက်ရသည်။ ရွာမှာနေခဲ့စဉ်က ဤမျှခြားနားသီခေါင်သည့် ဘဝတွေ ကိုနားမလည်ခဲ့။ ရွံ့တော၊ ဗွက်တော၊ နွားချေးတောတွင် ကျင်လည်နေရာမှ မြို့တော်ရှိအာဏာရ စစ်အရာရှိ ကြီး၏ နတ်ဘုံနတ်နန်းအိမ်တော်တွင် အလုပ်သမားအဖြစ် အိမ်တွင်းအိမ်ပြင် အလုပ်လုပ်နေခဲ့ရာမှ ချမ်းသာ ကြွယ်ဝခြင်းနှင့် ဆင်းရဲမွဲတေခြင်းကို နှိုင်းယှဉ်သိမြင်လာခဲ့သည်။ ငွေရှိသူ အာဏာရှိသူတွေက ကျိုကျိုတက် ချမ်းသာနေကြ။ ကြွယ်ဝဖွံ့ဖြိုးနေကြ။ ထိပ်ဆုံးက စစ်ဗိုလ်ချုပ်တွေဆိုသူတွေမှာ နိဗ္ဗာန်ဘုံပေါ်တွင် စည်းစိမ်ခံစား စံစားနေကြသည်ကို လက်တွေ့မြင်တွေ့နေရသည်။ ရွာမှာက စိတ်မချမ်းမြေ့စရာ။ ထမင်း တနပ်နှင့်တနပ် အလျှင်မီဖို့ ပြေးလွှားရုန်းကန် ရှာစားနေကြရသည်။ ငတ်ပြတ်ကြ၊ ဆင်းရဲမွဲတေကြ၊ လူ့ အဆင့်အတန်းက တဖြေးဖြေးနိမ့်ကျလာလိုက်တာ မြေကြီးထဲ တူးဝင်လာနေပြီ။ ထိုကွာခြားလွန်းလှသည့် ဘဝတွေကို ယှဉ်တွဲ မြင်နေရသည့်အတိုင်း စိတ်ထိခိုက်မိသည်။ ညီမအိမ်ထောင်ပြုတော့ ထပ်ပြီးခံစားရပြန်သည်။ စောင်မရှိ၊ ခြင်ထောင်မရှိ၊ ထုံးစံအတိုင်းပါပဲလို့ ပြောရတော့မည်။ အိုးခွက်မရှိ၊ အိမ်ခန်းမရှိ၊ ခေါင်းအုံးမရှိ။ စိတ်ထဲတွင် နင့်နေလေတော့သည်။ ဘယ်သူ့ကို ဘယ်လိုပြောရမလဲ။

"ကဲ... အာရုံပြုကြ ... အနန္တ ငါးပါးကို ဦးခိုက်ကန်တော့လိုက်ကြ "

ဆရာဦးပန်းလှိုင်က ဆက်ပြီးအသံပြု နှိုးဆော်လိုက်တော့မှ မအေးဖေ့ါအတွေးက ရပ်သွားသည်။ အစဉ်အလာ မင်္ဂလာဆောင်က ဘိသိက်ဆရာကဲ့သို့ မလိုအပ်တာတွေကို ချဲ့ထွင်ပြောမနေနဲ့တော့။

သတို့သား သတို့သမီးတို့ ကန်တော့ပြီးသည်နှင့် ဆရာက မင်္ဂလာစကား ပြောကြားချီးမြှင့်သည်။ ဆုတောင်း မေတ္တာပို့သပေးသည်။ ဆရာက ခေတ်မီပြီးသား။ ရောက်ရှိနေသောခေတ်ကို သိရှိခံစားနေသူ။ လက်တွေ့ ဘဝကို ထင်ဟပ်ပြီး အိမ်ထောင်မှုဘဝကို ရှင်းပြသည်။ တကယ့် လိုအပ်ချက်ကိုသာ ပြောကြားဆုံးမသည်။ ကုလားပြည်ကလာသော ဟိန္ဒူကုလား ယဉ်ကျေးမှုကို ဗမာဘုရင်တွေ ခေတ်သစ်လူချမ်းသာတွေက လက်ခံ ယူလိုက်ကြသည်။ ပုဏ္ဏားတွေ ခရသင်းမှုတ် ဘိသိက်သွန်းသကဲ့သို့ မှုတ်ကြ သွန်းလောင်းခဲ့ကြသည်။ ကုလားယဉ်ကျေးမှုအတိုင်းပင် ပြဿဒါး၊ ရက်ရာဇာရွေးချယ် မင်္ဂလာဆောင်ခဲ့ကြသည်။ ဆရာက ထိုအစဉ် အလာကို အိမ်ပေါ်သို့အတက်မခံဘဲ အိမ်တံစက်မြိတ်အပြင်တွင် ရပ်ခိုင်းထားလိုက်သည်။

"အိမ်ထောင်စုတခုဟာ တိုင်းပြည်တခုနဲ့ အတူတူပဲကွ … မင်းတို့ အခုလိုအိမ်ထောင်တခု စတင် ထူထောင်ခြင်းဟာ တိုင်းပြည် သေးသေးကလေးတခု ထူထောင်လိုက်တာပဲကွ … အဲဒီတော့ ကိုယ်လုပ်တဲ့ အလုပ်တခုကို ကိုယ်တိုင်သိဖို့လိုတယ်ကွ … တိုင်းပြည်တခုကို တည်ဆောက်လိုက်တာဖြစ်တယ် … ဒါကြောင့် ကြီးကျယ်တယ်၊ ခမ်းနားတယ်၊ နက်ရှိုင်းတယ်၊ မေက မောင့်ကိုချစ်၊ မောင်ကလည်း မေ့ကိုချစ်လို့ အိမ်ထောင် ပြုခဲ့ကြပေမယ့်… အချစ်တခုထဲ ရပ်မနေတော့ဘူး။ လာပြီ ဟိုဘက်အသိုင်းအဝိုင်း ဒီဘက် အသိုင်းအဝိုင်း ဆက်ဆံရေးကိစ္စတွေ … လူမှုရေးသဘောတရားတွေ ပါလာပြီ… ဒါတွင်ပဲလားဆိုတော့ မဟုတ်သေးဘူးခင်ဗျာ … စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု အဲဒါတွေကို ပေါင်းချုပ်လိုက်တော့ နိုင်ငံရေးပေါ့ … မျက်ကန်း တစ္ဆေမကြောက်ဆိုသလို … ဘာမှမမြင်၊ ဘာမှမသိဘဲ အိမ်ထောင်ပြုတာထက် ဒီအမြင် ဒီအသိတွေနဲ့ အိမ်ထောင်ပြုတော့ ပိုကောင်းတာပေါ့ … ပြဿနာတွေ အခက်အခဲတွေကို ဒီအသိတရားတွေနဲ့ ကျော်ဖြတ် ရတော့ ပိုပြီးအောင်မြင်တာပေါ့ … အချစ်ဆိုတာ လူမှုရေးသဘောတရားတွေ အပြည့်ပါဝင်တယ် … ကာယကံရှင်တွေရဲ့ ပုဂ္ဂလိက ခံစားမှုသက်သက် မဟုတ်ဘူးနော် … "

ဆရာဦးပန်းလှိုင်က ခါးဆန့်လိုက်သည်။ သူ့စကားကို ခေတ္တရပ်နားလိုက်သည်။ အဖွားမှန်က ခေါင်းတညိတ်ညိတ်လုပ်ကာ နားထောင်နေရာမှ ဝင်ထောက်လိုက်သည်။

"ဒီလိုမင်္ဂလာစကားမျိုး ဒီကွင်းထဲမှာ ဒီတစ်ခါပဲ နားထောင်ရသေးတယ်၊ သမီးနဲ့သား နှစ်ယောက်ထဲ အတွက်သာ မဟုတ်ဘူးနော် အားလုံးအတွက် နားထောင်ကြကွဲ့၊ မှတ်ထားကြကွဲ့၊ ဟိုအိမ်အောက်က လူငယ်တွေကော ဆရာ့မင်္ဂလာစကားကို ကြားကြရဲ့လားကွဲ့…"

"ကြားရတယ်အဖွား ကျမတို့ဂရုစိုက်ပြီး နားထောင်နေတာပါ"

မအေးဖော့သူငယ်ချင်း မိတင်ရွှေမှာ စောစောကထဲက ရောက်လာခဲ့သည်။ ဘူးစင်အောက်တွင် ကောက်ရိုးခင်း ဂုန်နီအိတ်တွေကို ဖြန့်စီချုပ်ထားသည့် ဂုန်ဖျာကိုခင်း။ ထိုဂုန်ဖျာအခင်းပေါ်တွင် စုထိုင်ကြပြီး နားထောင်နေကြခြင်းဖြစ်သည်။ လရောင်က စိမ်းမြသည်၊ ဘူးရွက်များကို ဖြတ်သန်းလာခဲ့သဖြင့် မအေးမြင့်၊ မိတင်ရွှေ၊ သွားဖရဲစေ့တို့ အုပ်စုသည်လည်း စိမ်းလဲ့နေသည်။ ဘူးစင်ကိုမော့ကြည့်လျှင် ဘူးညွန့်၊ ဘူးခက်၊ ကနုတ်ခွေ၊ ကနုတ်နွယ်များအကြားကနေ လဝန်းကိုတွေ့ရသည်။ ဘူးရွက်ထူထူအောက်တွင် ထိုင်ရသူအဖို့ လဝန်းမျက်နှာကို ချောင်းကြည့်မှ ရှာကြည့်မှတွေ့ရသည်။

"အောင်မယ်လေး … လုပ်ကြဦးဗျာ …"ဟူသောအသံနှင့်အတူ မီးဖိုဆောင်နှင့် တွဲထားသည့် ရေကပြင်ကျိုးကျသည့် အသံကို ကြားလိုက်ကြသည်။ အားလုံး ထိတ်လန့်သွားကြသည်။ ဘယ်သူ ဘာဖြစ် သွားသေးလဲ။ ဘယ်လိုဖြစ်တာလဲ ဆူပွက်သွားလေတော့သည်။ အိမ်ကသေးတော့ အိမ်ပေါ်တက်သည့် အဝင်ဝတွင် လူတွေကပိတ်နေပြီ။ အိမ်ပေါ်တက်ပြီး မင်္ဂလာစကား နားထောင်ရန်အတွက် အိမ်နောက်ဘေး ရေကပြင်ကို ကိုတိုးစိန်လှမ်းလိုက်စဉ် ရေကပြင်ပြိုကျ၊ ကျိုးကျသွားခြင်းဖြစ်သည်။ ကိုတိုးစိန်က ရင်ထိတ်

သွားသည်။ ဒူးခေါင်းအရေပြား လန်သွားသည်။ ရေအိုးသုံးလုံးက တလုံးကွဲသွားသည်။ မိတင်ရွှေက ကိုတိုးစိန်ကို ဆွဲထူရင်း “ဒေါ်လေးသုန်ရေ ... အိုးတလုံးတော့ ကွဲသွားပြီ ... ရှင်နည်းရာ အဂ္ဂလူထွက် ... နူရတဲ့အထဲ ဝဲစွဲ...”တဗျစ်တောက်တောက် အော်ဟစ်နေလေသည်။ ဒေါ်နှင်းသုန်က ရင်တုန်ရင်ခုန်ပြီး စဥ့်အိုး ကွဲသွားသလား ... အမေသေတော့ ရလိုက်တဲ့အမွေလေ၊ အမေသေသွားတော့ ဘာမှမကျန်ခဲ့ဘူး ... အဲဒီ စဥ့်အိုးကလေးပဲ ကျန်ခဲ့တာ ... ဒါကြောင့် အမေ့ အမှတ်တရမို့ပါ ... ”ဟု လှမ်းပြောလိုက်သည်။ ဆရာဦးပန်းလှိုင်က သက်ပြင်းတချက်ချလိုက်သည်။ မအေးဖေ့ါ စိတ်မသက်မသာ ဖြစ်သွားသည်။ သို့သော် ဟန်မပျက် နေလိုက်သည်။ ကိုတိုးစိန်လည်း ခဏအတွင်း အိမ်ပေါ်သို့ရောက်လာသည်။ ဆရာက မင်္ဂလာအခမ်းအနားကို ထိန်းသည့်အနေဖြင့် သူ့စကားကိုသူ ပြန်စလေသည်။

“အခုပဲ တွေ့လိုက်ရ ကြားလိုက်ရတယ်မဟုတ်လား ... အခု ဒီအိမ်ကလေးဟာ ချမ်းသာကြွယ်ဝသူရဲ့ ခိုင်ခန့်တဲ့အိမ်၊ ဒါမှမဟုတ် တိုက်တာ အဆောက်အဦး ဖြစ်နေတယ်ဆိုရင် ရေကပြင်ကျိုးကျစရာ အကြောင်းမရှိဘူး ... ဒေါ်နှင်းသုန်ရဲ့ အမေဆုံးပါးသွားတော့ ဒေါ်နှင်းသုန်ရလိုက်တဲ့ စီးပွားရေးအမွေရယ် ... နောက်တခု အမွေရလိုက်တဲ့ စဥ့်အိုးကလေးတလုံးရယ်၊ ဒါတွေဟာ လူတွေရဲ့ ဘဝအခြေအနေတွေကို ရည်ညွှန်းနေတာ ... နိုင်ငံရေးပေ့ါ။ ခေတ်စနစ်ပေ့ါ ... ဒီခေတ်စနစ်ထဲမှာ ဖြစ်နေတဲ့ဘဝဆိုတော့ စီးပွားရေး နိုင်ငံရေးနဲ့ကို မလွှတ်တော့ဘူး ... ”

ခေါင်းရင်း သုံးအိမ်ကျော်တွင် လူငယ်တသိုက်က မင်္ဂလာညစာအတွက် ချက်ပြုတ်နေကြသည်။ သူတို့၏ ရယ်မောသံများ နောက်ပြောင်ကျီစယ်သံများ၊ ခေါင်ငင်ဟစ်ကြွေးသံများက အိမ်ကလေးထဲသို့ ရိုက်ခတ်လာလေသည်။ ဆရာဦးပန်းလှိုင်က သူ့တပည့် နှစ်ယောက်ဖြစ်သည့် သတို့သား သတို့သမီးကို စူးစိုက်ကြည့်လိုက်သည်။

“ဆရာပြောချင်တာကို ရောက်လာပြီ ... ဆရာတို့တတွေအားလုံးမှာ ခေတ်တာဝန်တွေရှိတယ် ... သတို့သား သတို့သမီးအပါအဝင် အားလုံးမှာတာဝန်ရှိတယ် ... မိသားစုဘဝမှာ အေးအေးချမ်းချမ်း လွတ်လွတ်လပ်လပ် လုပ်ကိုင် စားသောက်ချင်ကြတယ် ... ဆရာတို့တိုင်းပြည်က မအေးချမ်း မတည်ငြိမ်တော့ ပိုပြီး ဆင်းရဲတွင်းနက်လာတယ် ... တတိုင်းပြည်လုံး လူထုက တောင်းဆိုတဲ့ ဒီမိုကရေစီနဲ့ လွတ်လပ်မှုဆိုတာကို ငါတို့အစိုးရမဟုတ်တဲ့ မတရားဖိနှိပ်နေတဲ့ စစ်အုပ်စုက ချုပ်ချယ်ထားတုန်း။ ပိတ်ပင်ထားတုန်းဘဲ။ လူထုတွေ ရွေးချယ်ထားတဲ့ လူထုကိုယ်စားလှယ်တွေကို အစိုးရဖွဲ့စည်းခွင့် လုံးဝမပေးဘူး။ သေနတ်နဲ့ ပိတ်ပင်ထားပြန်တယ်။ ဒီတော့ သူတို့ပိတ်ထားတာကို ငါတို့အားလုံးက ဖွင့်ကြရမှာပဲ။ ငါတို့သွားချင်တဲ့လမ်းကို ပိတ်လို့ မရကြောင်း ထုတ်ပြရမယ်။ တချက်ထဲနဲ့ ထိအောင်မိအောင်ပြောရရင် ဒီ စစ်အာဏာရှင်စနစ်ဆိုတာကို ဖျက်သိမ်းပစ်ဖို့ အားလုံးမှာ တာဝန်ရှိတယ်။ ခါတိုင်းလိုပဲ လယ်ထဲဆင်းလိုက်၊ တောတက်လိုက်၊ လယ်ထွန်လိုက်၊ ထင်ပေါက်ရေထမ်း ထမင်းစားရေသောက် အလုပ်တွေနဲ့တင် မပြီးတော့ဘူး။ ဘဝတွေကို ဆင်းရဲတွင်းနက်အောင်၊ မညီမျှအောင်၊ မမျှတအောင် လုပ်နေတဲ့စနစ်ကို ဖျက်သိမ်းပစ်ဖို့ တိုက်ပွဲတွေထဲမှာ ပါဝင်ကြရပေလိမ့်မယ်။ ”

ဦးပန်းလှိုင် အသံအနေအထားက မာကျောသည်လည်းမဟုတ် ပြင်းထန်သည်လည်းမဟုတ် တက်ကြွမှုတော့ ရှိနေသည်။ သူပြောလိုသည့် အဓိပ္ပါယ် ပန်းတိုင်ရောက်စေရန် ပုံဖော်၍ ပြောတတ်သူ။ စကားပြောကောင်းသူ။ ကြမ်းရင့်သည့် နိုင်ငံရေးစကားလုံးများကို သယ်ဆောင်လာခဲ့သည့် ဟန်ပန်လေသံမှာ အိမ်အပြင်က လရောင်ကဲ့သို့ ချောမွေ့ ညက်ညောနေလေသည်။ နားထောင်သူ၏ ရင်တွင်းသို့ စမ်းချောင်းရေကဲ့သို့ တငြိမ့်ငြိမ့်စီးဝင်လေသည်။ အသားညိုညို၊ မျက်နှာဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်၊ မေးရိုးက တောင့်တင်းကာ

ပေါ်လွင်နေသည်။ ထူခြားသည့် ဆရာ့လက္ခဏာမှာ ကြွားဝါမှု မာန်မာန ဟိတ်ဟန်မရှိခြင်းဖြစ်သည်။ လယ်သမားတဦးကဲ့သို့ ရိုးရိုးကြီး။

"တိုင်းပြည်က လွတ်လပ်ပြီး တရားမျှတပြီဆိုရင် ... အိမ်ထောင်ပြုကြတဲ့ လူငယ်တွေ ဘယ်လောက်သာယာကြမလဲ။ အခုတော့ သမီးနဲ့သားတို့ဟာ မပြေးသာမရှောင်သာဘဲ ဆင်းရဲတွင်းကြီးထဲ ရောက်ကြရအုံးမယ် ... ဘဝမှာ ဘာမှ အာမခံချက်မရှိဘူး၊ တခုတော့ကောင်းတယ်၊ ဘာကောင်းသလဲဆိုတော့ မင်းတို့ ငါတို့မှာ ဘာမှတပ်မက်စရာ ဘာပိုင်ဆိုင်မှုမှ မရှိဘူး ... နောက်ဆံတင်းစရာ မရှိဘူး ... ဒါ့ကြောင့် စွန့်လွှတ်စွန့်စားပြီး စနစ်ဆိုးခေတ်ဆိုးကို ဖျက်သိမ်းဖို့ တိုက်ပွဲဝင်ဖို့ဆိုတာ အသင့်ဖြစ်နေတယ်။ အဲဒီလိုမှ ခေတ်တာဝန်ကို မထမ်းနိုင်ဘူးဆိုရင် ... မင်းတို့မွေးလာတဲ့ ... နောက်မွေးလာကြမဲ့ သားတွေ သမီးတွေ မျိုးဆက်တွေလည်း ... မင်းတို့ အမွေပေးထားတဲ့အတိုင်း ဆင်းရဲ မွဲတေကြပေအုံးတော့ပေါ့ ... မမျှတ မအေးချမ်းဘဲ ... စစ်ကျွန်ဘဝထဲမှာ ဆက်နေကြပေတော့ပေါ့ကွာ ... ဟုတ်လား "

နောက်ဆုံးစကားလုံးတွင် ခံပြင်းမှုများပါသွားသည်။ ဆရာများ အစည်းအဝေးတွင်လည်း ထိုသို့ပင် ပြောတတ်သူ။ လွဲချော်နေသော ပညာရေး၊ ဆင်းရဲတွင်းနက်လှသည့် ကျောင်းသားမိဘတွေကို ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းများ ပေါ်ပေါက်စေရန် ကြိုးပမ်းရေးတို့ကို အစည်းအဝေး၌ ပြတ်ပြတ်ထင်ထင် ဝေဖန်ခဲ့သူ။ ရှစ်လေးလုံး အရေးတော်ပုံကြီးတွင် မြို့နယ် အနောက်ဖက်ခြမ်းတခုလုံးကို လူထုနှင့်အတူ ဦးဆောင်ကာ ကိုင်လှုပ်ခဲ့သူ။ အာဏာသိမ်းသည့်စစ်အုပ်စုက ဦးပန်းလှိုင်ကို အလုပ်ဖြုတ်ပစ်ခဲ့သည်။ မပြီးသေးသည့် ပညာရေးဘွဲ့သင်တန်းကို ရပ်ဆိုင်းလိုက်သည်။ ယခုအခါ ကျေးရွာလူထုက ဆရာ့ကိုစာသင်ခိုင်းသည်။ ဆရာ့အိမ်နှင့် တဆက်တည်း စာသင်ခန်းတခု တည်ဆောက်ပေးထားကြသည်။ ဆရာ့မိသားစုအတွက် ဝမ်းစာစပါး အနည်းငယ်ကို စုဆောင်းဖြည့်ဆည်း ပေးထားကြသည်။ ဆရာက စာသင်ရင်း ဟင်းရွက်သီးနှံ စိုက်ပျိုးရောင်းချ စားနေလေသည်။ ကျေးလက်လူထုက ဆရာ့ကို လေးစားချစ်ခင်ကြ၊ ကြည်ညို အားထားကြလေသည်။ ဆရာက ဤသပြေတောရွာနှင့် တမိုင်သာသာဝေးသည့် ဒိုက်ကန်ရွာတွင် နေထိုင်သည်။ မင်္ဂလာစကား ချီးမြှင့်ဖို့ ကန်တော့ခံရန် ပင့်ဖိတ်သည့်အတွက် ဆရာက ရောက်လာခဲ့ခြင်းဖြစ်သည်။ သတို့သားနှင့် သတို့သမီးက ဆရာ့တပည့်တွေ မဟုတ်လား။

ဆရာဦးပန်းလှိုင်က လက်ရှိ နိုင်ငံရေးအခြေအနေ တခုလုံးကို ရှင်းပြသည်။ သုံးသပ်ကြသည်။ မိသားစုတခုနှင့် ထိုနိုင်ငံရေးကို ဆက်စပ်ပြသည်။ ထို့ပြင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဖြစ်သည့် အမျိုးသားတပ်ဦးကြီး၏ အခန်းကဏ္ဍကို ရောက်လာသည်။ လူထုက အာဏာအပ်နှင်းထားသည့်၊ လူထု ကိုယ်စားလှယ်တွေသည် ယခုကဲ့သို့ အစိုးရဖွဲ့ခွင့်မရသည့်အခါ ပြည်သူလူထုတွေထံ ပြန်လာသင့်သည်။ ပြန်လာရမှာဖြစ်သည်။ လူထုတွေနဲ့အတူ လူထုလမ်းစဉ် တည်ဆောက်ပြီး ပြည်သူ့လွှတ်တော်ကို ခေါ်ရမည်။ အစိုးရတရပ် ဖွဲ့စည်းရမည်။ ထိုလမ်းအတိုင်း သွားရမည်ဟု ဝေဖန်သုံးသပ်လေသည်။

ဆရာက စကားအလျင်ကို ရပ်လိုက်စဉ် ဘူးစင်အောက်က မိတင်ရွှေတို့အုပ်စုမှာ စိတ်အတွင်းတွင် လင်းလက်သွားကြကာ လှုပ်လှုပ်ရွရွ ပြောဆိုဝေဖန်ကြလေသည်။ ဆရာပြောတာ မှန်တာပေါ့ ... စစ်တပ်က ဘယ်လိုပဲ တာဆီးပိတ်ပင်ပါစေ ... သိုသိုသိပ်သိပ် ကျစ်ကျစ်လစ်လစ်နဲ့ စုစည်းရမှာပေါ့ ... ဒီလွှတ်တော်ကိုယ်စားလှယ်တွေက ခုအတိုင်းဆို ဘယ်တာဝန်ကျေပါ့မလဲ ... ဒီချုပ်ပါတီကလည်း ကျုပ်တို့တောကို ဆင်းမလာပါဘူးတော် ... စသည်ဖြင့် ဆူပွက်ထလာလေသည်။ ဆရာက "ငါ့တို့တွေထံ ရောက်လာတော့မယ့် စစ်အမိန့်က ဘာလဲဆိုတာ သိကြပါရဲ့လား "ဟုမေးလိုက်စဉ် မေးခွန်းကြောင့် ခဏငြိမ်သွားသည်။ "စစ်အာဏာရှင်တွေက သူတို့သာ တရားဝင် အစိုးရဖြစ်တယ်ဆိုတာ ပြနိုင်ဖို့ ပြီးခဲ့တဲ့ ရွေးကောက်ပွဲအဖြေကို

ဂရုမစိုက်ကြောင်း ပြနိုင်ဖို့ သူတို့ကိုယ်တိုင် ရေးဆွဲထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို အတည်ပြုပေးကြပါဆိုတာ လာတော့မယ်''ဟုဆိုကာ ရပ်လိုက်သည်။

''သတို့သားနဲ့ သတို့သမီးက ဘာလုပ်မလဲ ... မိတင်ရွှေတို့ ကိုဘအေးတို့ကကော ဘာလုပ်ကြမလဲ ... နေဝင်းခေတ်ကလိုပဲ သေနတ်အောက်မှာ မဲပေးကြမှာလား။ ''

မောင်မြမင်းနှင့် မအေးကြော့က ဆရာ့မျက်နှာကို မော့ကြည့်နေကြသည်။ ကျွန်တော်တို့ ကျွန်မတို့ ဘာလုပ်ရမလဲဆရာ ဆိုသည့် မေးခွန်းနှင့် ထပ်တူသည့်အကြည့်။ ကိုတိုးစိန်နဲ့ မအေးဖေ့ါက တိုင်ပင်ထားသလို ရှေ့ဆင့်နောက်ဆင့် ဖြေလိုက်ကြသည်။ ''ဘယ်တော့မှ မထောက်ခံကြနဲ့။ ဘယ်လိုနည်းနဲ့မှ ထောက်ခံစရာ မဲထည့်စရာ အကြောင်းမရှိဘူး။ ဆရာပြောတဲ့ ဥပဒေဆိုတာ သေနတ်နဲ့အုပ်ချုပ်နေတဲ့ လူတစုက ရေးဆွဲရမှာ မဟုတ်ဘူး။ ခုနက ပြောခဲ့တဲ့ လူထုလွှတ်တော် ... က ရေးဆွဲရမှာ။'' ဆရာဦးပန်းလှိုင်က ရေနွေးပုဂံကို လှမ်းယူကာ အငွေ့ထနေသည့် ရေနွေးကို တဖူးဖူး မှုတ်သောက်နေလေသည်။''ကဲ ... မိဘတွေကလည်း သားနဲ့သမီးကို ဘာများဆုံးမမှာကြားကြမလဲ ... ပြောကြပါအုံး''ဟု ဆရာက ရေနွေးသောက်ရင်း တိုက်တွန်းလေသည်။

အဖွားမှန်က လင့်ဝတ္တရား၊ မယားဝတ္တရားတွေကို ရွတ်ပြ၊ အဲ့ဒီခေတ်တာဝန်ကိုပါ ကျေပြွန်ရမတဲ့။ အဖွားတို့ခေတ်တုန်းက အဖွားတို့က ဒါတွေဟာ ကိုယ့်ကိစ္စဆိုတာ ကိုယ့်တာဝန်ဆိုတာ မသိခဲ့ဘူး။ ဦးနုကိုပဲ မဲပေးခဲ့တာ။ သူများကိုပုံချပြီး ယုံခဲ့တာ။ မဲပေးခဲ့တာ။ ဆရာပြောတာ မှန်လွန်းလို့ ခက်နေတာ ... ။ အားလုံးက တာဝန်ယူကြရမယ်၊ ပစ်ပယ်ထားလို့မရဘူးဆိုတာ အမှန်ပဲ။ အဖွားတို့ခေတ်က မင်းလောင်းမျှော်တဲ့ ခေတ်ကိုး ကွဲ့ ... ဟု ကွမ်းမြုံ့ရင်းပြောလေသည်။

''လူတွေက ဘာဖြစ်ချင်တာလဲ ... ဖြစ်ချင်တာကို လူတွေကိုယ်တိုင် ဖန်တီးတဲ့ခေတ်ပေ့ါကွယ် ...''

အဖွားမှန်က သူ့ဆုံးမစကားကို အဆုံးသတ်လိုက်ပုံရသည်။ ခဏကြာတော့ ဆရာဦးပန်းလှိုင်က မအေးဖေ့ါကို ပွဲတောင်းသည်။ ရန်ကုန်မပြန်မီ ညီမနှင့်မောင်ကို ဘာများ ပြောခဲ့ချင်လဲ ဆုံးမချင်လဲ။ ပြောဆို ဆုံးမခဲ့ပါအုံးလေ ... ဟုဆရာက ရယ်သံစွက်၍ လမ်းဖွင့်ပေးသည်။ အားလုံးက လှုပ်လှုပ်ရွရွဖြစ်သွားကာ '' ဟုတ်တယ် ... မိဖေ့ါက ပြောဆိုလမ်းပြခဲ့ရမှာ ... '' မိတင်ရွှေက သူ့သူငယ်ချင်းမကို တောင်းဆိုလေသည်။ အားလုံးက ဟုတ်တယ် ... ဆိုပြီး ထောက်ခံကြလေသည်။ မအေးဖေ့ါက တောက်တောက်ပပ အလှ ခြယ်မှုန်း မထား ပလွားမှုမရှိ။ ဟိတ်တွေ ဟန်တွေမရှိ။ သူမ၏ ပင်ကိုယ်အလှကို ယဉ်ယဉ်ကြော့ကြော့ ဖြစ်ရုံလောက် ခြယ်ထားသည်။ သူ့ညီမ သတို့သမီး မအေးကြော့ကိုတော့ တင့်တယ်လှပအောင် ခြယ်မှုန်း ပေးထားလေသည်။ မိန်းကလေးဘဝက ထုံးတမ်းအစဉ်လာအရ ဒီမင်္ဂလာတခုတည်းရှိတာ ... ဟူသည့် ရှေးရိုး မိရိုးဖလာကို ကြားယောင်ရင်း ညီမကို ပို၍ အလှပြင်ပေးသည်။ အပျိုဘဝရဲ့ နောက်ဆုံးညကို တသ နှုတ်ဆက်သကဲ့သို့ အလှပြင်လေသည်။ ကြော့ကြော့မော့မော့ လှနေသည့် သတို့သမီးက အမဘာပြောမလဲ ငုံ့လင့်ကာ သတို့သားနှင့်အတူ မော့ကြည့်သည်။

''ဆရာဆုံးမသွားတဲ့အထဲမှာ မညီမျှမှုတွေ၊ မမျှတမှုတွေ မအေးချမ်းမှုတွေ ရှိနေတယ်လို့ ပြောသွားတယ်။ အဲဒါ တကယ့် အမှန်တရားပဲ ... အဲဒါကို ထပ်ပြီးပြောချင်လို့ပါ။ ဒီည ကျွန်မစိတ်ထဲမှာ မကျေနပ်မှုတွေလည်းဖြစ်မိတယ် ... ရင်ထဲမှာလည်း ဆို့နင့်နေမိတယ် ... ဘာကြောင့် ခုလိုခံစားရတာလည်း ဆိုတော့ မညီမျှမှု၊ မမျှတမှုတွေကြောင့်ပါပဲ ... ဒီမှာရှိနေကြတဲ့ အောက်ခြေ လူတန်းစားတွေက ဆင်းရဲ ပြာကျနေကြ၊ ငတ်မွတ်နေကြ၊ အခွင့်အရေးဘာတခုမှ မရကြပေမယ့်လည်း စစ်ဗိုလ်ချုပ်တွေမှာက ချမ်းသာ ကြွယ်ဝမှု မိုးထိအောင် လေ့ခါးထောင်တက်ပြီး လူပေါ်လူဇော်လုပ်နေကြ လက်ညှိုးညွှန်ရာ ရေဖြစ်နေကြ၊ လောကစည်းစိမ် အရသာကို တပြားမလျှော့အောင် ခံစားစံစားနေကြ ... ဒီလို မိုးနဲ့မြေလို ကွာခြားမှုတွေကို

သိရလေလေ စိတ်မသက်မသာ ဖြစ်ရလေလေပေါ့။ ”

မင်္ဂလာဆောင် အိမ်ကလေးထဲတွင် ငြိမ်သက်နေလေသည်။ စကားပြောသံက ရပ်လိုက်စဉ် ငြိမ်သက်မှုက ထင်းခနဲ ပေါ်လာသည်။ ညစာစားပွဲအတွက် ချက်ပြုတ်နေကြသည့် လွန်းမောင်နှင့် ကျော်စိန်တို့ ထံမှ အော်သံဟစ်သံများလည်း တိုးတိတ်သွားပြီ။

“ကျွန်မအလုပ်လုပ်နေတဲ့ အလုပ်ရှင်စစ်ဗိုလ်ချုပ်ရဲ့သား ဇော်မိုးကျော်နဲ့ ဗိုလ်မှူးချုပ်တို့ရဲ့သမီး သူရိယခင်သူဇာတို့ မင်္ဂလာဆောင်ဟာ သူတို့အသိုင်းအဝိုင်းတွေထဲမှာ အကြီးကျယ်ဆုံးထဲက အကြီးကျယ်ဆုံး မင်္ဂလာဆောင်ပါပဲ … ကြီးကျယ်တယ် ခမ်းနားတယ်ဆိုတာ ကောင်းမြတ်တဲ့ အကျင့်စာရိတ္တနဲ့ တိုင်းတာလို့ မရဘူးပေါ့ … ဇော်မိုးကျော်က ကြာကူလီ၊ စစ်ဗိုလ်ရဲ့မယားကို ကြာခိုနေတဲ့ကောင်၊ ကျမယောက်ျား ပြောပြတာကတော့ ဒီကောင်က လူရှုပ်လူပွေ၊ လူ့တေလေ ဂျပိုး၊ သူရိယခင်သူဇာက တိတ်တိတ်ပုန်းတခုလပ်။ ကဗျာဆရာနဲ့ လိုက်ပြေးတာကို မိဘတွေက ခြိမ်းခြောက်ပြီး အတင်းဆွဲခေါ်လာခဲ့ရတာ။ ထားပါတော့။ သူတို့ မင်္ဂလာဆောင်က ကြီးကျယ်တယ် ခမ်းနားတယ်လို့ ပြောနေကြတာက ကားအစီးနှစ်ဆယ် မင်္ဂလာလက်ဖွဲ့ ရရှိလို့ပဲ။ သူတို့ပြောတဲ့အခမ်းပွဲယ်က စိန်က ဘယ်နှစ်ဆင်စာ၊ ကားကဘယ်နှစ်စီး … ဒီလိုပြိုင်ကြတာကိုး၊ များများရလေ ကြီးကျယ်ခမ်းနားလေပဲတဲ့၊ ဇော်မိုးကျော်နဲ့ သူရိယခင်သူဇာတို့အတွက်ရတဲ့ မင်္ဂလာ လက်ဆောင်ရတဲ့ကားတွေက လာဘ်ထိုးကြတဲ့ စီးပွားရေးသမားတွေရဲ့ ကျိန်စာသင့်လို့ထင်ပါရဲ့ … မင်္ဂလာ ဆောင်တဲ့ညမှာပဲ ခြံစည်းရိုး အုတ်နံရံကြီးပြိုကျကာ ကားငါးစီး ပျက်စီးသွားပါလေရော၊ မှတ်ကရော။ ”

“အလုပ်ရှင်လုပ် ငန်းရှင်တွေ … အာဏာရှိ စစ်ဗိုလ်တွေ ကောင်းစားကြ၊ တန်ခိုးထွားကြတဲ့ ခေတ်ရဲ့ ပြယုဂ်ပေါ့ကွယ် …”

“အော် … တို့တွေကြတော့လည်း ဆင်းရဲမွဲတေလိုက်ကြတာ ကမ်းကုန်ရော … ”

ဆရာဦးပန်းလှိုင်းနဲ့ သတို့သားအမေ ဒေါ်မြချစ်က မအေးဖော့ပြောပြနေသည့် ဇာတ်လမ်းကို ကောက်ချက်ဆွဲကြသည်။ တက်ခေါက်သူက တက်ခေါက်။ အံ့သြသူက အံ့သြ။ သတို့သားနဲ့ သတို့သမီးတို့၏ ဖခင်များမှာ ခေါင်းတဆတ်ဆတ် ညိတ်နေကြသည်။

“မောင်မြမင်းနဲ့ ညီမလေးတို့ မင်္ဂလာဆောင်နဲ့ သူရိယခင်သူဇာနဲ့ ဇော်မိုးကျော်တို့ မင်္ဂလာဆောင် နှစ်ခုကို နှိုင်းယှဉ် ကြည့်နေမိတယ်။ ကွာခြားလိုက်တာ။ တခုတော့ရှိတယ်ပေါ့၊ ကျမမောင်နဲ့ ကျမညီမက ရိုးသားဖြူစင်တယ် … အဲဒါကတော့ ဂုဏ်ယူစရာပဲ။ ရိုးသားဖြူစင်မှုပဲ ချမ်းသာတယ်။ ဟိုဘက်တခြမ်းမှာရှိတဲ့ အပေါ်ထပ်ကလူတွေကတော့ ရွှေဘုံရွှေနန်း ရွှေကြငှန်းပေါ်မှာ နေကြပေမယ့်လို့ လူစုတ်၊ လူရှုပ်၊ လူပုပ်တွေ … အကျင့်သီလတွေ စိတ်ဓါတ်တွေက ပုပ်အဲ့နံစော်နေတဲ့ လူ့မလိုင်ခဲတွေ”

မိတင်ရွှေကော မအေးမြင့်ပါ မအေးဖော့ထံမှ ထူးထူးဆန်းဆန်း ကြားလိုက်ရသည့် ဝေါဟာရများကို စိတ်နှင့် ဆိုကြည့်နေကြသည်။ တယောက်တပေါက် ထင်မြင်ချက်အမျိုးမျိုး ထွက်လာကြသည်။ မအေးမြင့်က “သတို့သားနှင့် သတို့သမီးကို ကျွန်မတို့လူငယ်တွေက စုပြီး လက်ဆောင်ပစ္စည်း ပေးပါတယ်။ ကားလည်း လက်မဖွဲ့နိုင်ပါဘူးကွယ်၊ စိန်ဆိုလို့ ပုလင်းကွဲစ ဖန်ကွဲစပဲရှိတယ်။ ဟောဒီမှာ ကျမတို့အားလုံးရဲ့မေတ္တာစေတနာ လက်ဖွဲ့ပစ္စည်း”ဟုဆိုကာ မင်္ဂလာဆောင် မင်္ဂလာစကားကို အဆုံးသတ်လိုက်သည်။

ထမင်းအိုးနှင့် ဟင်းအိုးသေးသေးနှစ်လုံးက ဒန်အိုးတွေ။ သံဒယ်အိုးလေးကတလုံး။ ကျန်တဲ့ သောက်ရေအိုးတွေ၊ ငါးပိရေအိုး၊ ဟင်းရွက်ပြုတ်အိုး၊ ရေနွေးအိုး၊ ပြုပ်ဆုံတို့က မြေထည်ပစ္စည်းတွေ။ တွံတေးက လာသည့်အိုးတွေ။ ကျေးလက်တခုလုံးသည် ပဒေသရာဇ် ခေတ်အတိုင်းပင် ရှိနေသေးကြောင်း မြေအိုးမြေခွက် များက ပြသလျက်ရှိသည်။ မအေးဖော့က သွေးပူကာ ရင်ခုန်နေလေသည်။ ပြည့်မောက်လာခဲ့သော ခံစားမှုကို

ရင်ခုန်လိုက်မောစွာ ပြောခဲ့ပြီးပြီ။ ယခုထပ်ကြုံရပြန်လေသည်။

"ကျမအလုပ်လုပ်နေတဲ့ စစ်ဗိုလ်ချုပ်အိမ်က မီးဖိုချောင်ကို သတိရလိုက်တာ ... သူတို့ကတော့ ဒီလိုမြေအိုးတွေ မသုံးကြတော့ဘူး။ သူတို့ဆီမှာ မြေအိုးခေတ် ကုန်သွားပြီမအေးမြင့်ရေ့ ... လျှပ်စစ်ပစ္စည်း လျှပ်စစ်အိုး၊ ခေတ်မီအသုံးအဆောင်တွေနဲ့ ဇိမ်ခံနေကြတာတော်ရေ့... ရှင်တို့ကျမတို့က ခေတ်နောက်ကျတုန်း ... ဒီလူတွေက သနားစရာကောင်းပါတယ်လေ ... နွားလှည်းလဲ မစီးဖူးဘူး ..."

မိဖေ့ါ၏ ငေါ့သံထေ့သံ သရော်သံကြောင့် အိမ်ကလေးသည် ရယ်သံဖြင့် သိမ့်သိမ့် တုန်သွားလေသည်။ မင်္ဂလာ အခမ်းအနားလည်းအပြီး ညစာချက်ပြုတ်သည့် အဖွဲ့ကလည်းအပြီး။ လွန်းမောင်အိမ်ရှေ့က ဘူးစင် ကျိုးကျဲအောက်က ဂုန်နီဖျာပေါ်တွင် စစည်းကာ ကာလသားချက် ဘူးသီးရောကြက်သားဟင်းနဲ့ ညစာ စားကြသည်။ ငှက်ပျောဖက်တွေခင်းကာ ငှက်ပျောဖက်ပေါ်တွင် ထမင်းပုံဟင်းပုံပြီး မြိန်မြိန်ရှက်ရှက် စားကြ သည်။ တကယ်က နောက်ကွယ်က ပံ့ပိုးပေးနေသူမှာ မအေးဖေ့ါဖြစ်သည်။ မင်္ဂလာဆွမ်း ဘုန်းကြီး ကပ်ရာက အစ သတို့သားသတို့သမီး အဝတ်အထည်ဝယ်ပေးခြင်းအလယ်၊ လွန်းမောင်တို့ ကာလသား ကာလသမီး တစုကို သတို့သားမြမင်းပေးရသည့် ငွေသုံးထောင်အဆုံး မအေးဖေ့ါ ပံ့ပိုးပေးခဲ့ခြင်းသာဖြစ်သည်။ ညစာစားပွဲ အပြီးတွင် ဆရာဦးပန်းလှိုင်ကို လှည်းဖြင့် လိုက်ပို့လိုက်ကြသည်။ သတို့သား၏ ကိုယ်ရံတော် စိုးလင်းဦးတို့ မောင်မြင့်တို့က လိုက်ပို့လေသည်။ အပြာရောင်နောက်ခံ ပိတ်ကားပေါ်တွင် ချိတ်ဆွဲထားသည့် လမီးအိမ်သည် ထိန်၍လင်း၍ လက်နေလေသည်။

"ဟေ့ကောင်မြမင်း ... သန်းတင်လိုတော့ မလုပ်နဲ့နော်"

စိတ်ထဲတွင် ထိုပဲ့တင်သံကိုသဲ့သဲ့ကြားရင်း မြမင်းတကိုယ်တည်း ကျိတ်ပြီးရယ်နေလေသည်။ ရာဇဝင်စာတင်ခဲ့သည့် သန်းတင်၊ ပြောစမှတ်ပြုခဲ့ရသည့် သန်းတင်။ အိမ်ထောင်ပြုပြီး ခုနှစ်ရက်အကြာတွင် လင်မယားကွဲခဲ့ကြရသည်။ ဆင်းရဲလွန်းသည့်ဘဝ၌ တဲအိမ်ကလေးတွင် အိမ်ခန်းမရှိ။ ဝါးကြမ်းခင်းက မညီညာ။ အသံပေါင်းစုံထွက်သည်။ ဝါးကြမ်းခင်းပေါ်တွင် အိပ်ခဲ့ရ။ လင်မယားဘဝကို စတင်ခဲ့ကြရသည်။ ယောက္ခမ၊ ခယ်မတွေနဲ့အတူ နေခဲ့ရသည်။ လူငယ်သဘာဝ အိမ်ထောင်ကျစ လင်မယားဘဝကို ပွင့်ပွင့်လင်းလင်း မခံစားရသည့်အဆုံး မိန်းမကို ကျောခိုင်းထားခဲ့ကာ ယောက္ခမအိမ်ပေါ်မှ သန်းတင်ဆင်းလာခဲ့သည်။

အရပ်ထဲတွင် ပြောစမှတ်ရခဲ့သည့် သန်းတင်ဖြစ်လာခဲ့သည်။ တကယ်က ကြေကွဲစရာ သန်းတင်တို့ အဖြစ်အပျက်ကို မြမင်းက ကောင်းကောင်း မှတ်သားထားလေသည်။ မြမင်းက နှစ်ဘက်မိဘအိမ်တွေမှာ ညဘက်တွင် မနေလိုတော့။ ရွာထိပ်က ကိုတိုးစိန်တို့တလင်းကွက်ရှိ ကောက်ရိုးပုံပြန့်ကျဲပေါ်တွင် ကောက်ရိုး အိမ်တလုံး ဖန်တီးလိုက်သည်။

နောက်လတွင် အိမ်သစ်ကလေးဆောက်မည်။ မဆောက်လုပ်မီ ကောက်ရိုးအိမ်ကလေးတွင် အိပ်ကြ မည်။ မောင်မြမင်းနှင့် မအေးကြော့တို့က လယ်ကူလီတွေ။ လယ်မရှိ ၊ယာမရှိ။ ထို့ကြောင့် တလင်းကွက်လဲမရှိ ကောက်ရိုးမရှိ။ ကိုတိုးစိန်တလင်းကွက်ကို အားကိုးရခြင်းဖြစ်သည်။ စပါးစိုက်ချိန်က လယ်ထွန်ခဲ့သည့် ထွန်တုံး နှစ်တုံးကို မောင်မြမင်းက ထမ်းယူလာခဲ့သည်။ ထိုထွန်တုံးနှစ်တုံးကို မှောက်လိုက်ပြီး ထွန်တံတွေကို တခု ပေါ်တခု ယှက်တင်ထားလိုက်သည်။ အသင့်ရှာထားသည့် ဝါးလုံးများကို ထွန်တံများတွင် မှီပြီး ထောင်ထား လိုက်သည်။ ရွှေ့လျောမသွားရန် နီးဖြင့် တုပ်ချည်ထားလိုက်သည်။ အမာခံဝါးတန်း ထွန်တံ ပေါ်သို့ ကောက်ရိုးတပွေ့ပြီးတပွေ့ ပစ်တင်လိုက်သည်။ တခဏတွင် ဂူပေါက်တပေါက်နှင့် ကောက်ရိုးအိမ်ကလေး ဖြစ်သွားသည်။

စပါးရိတ်သိမ်းချိန် တလင်းမြေကွက်အစပ်တွင် နှစ်စဉ်ထိုသို့ ကောက်ရိုးအိမ်ကလေး ဆောက်ကာ တလင်းစောင့်ရင်း မောင်မြမင်းအိပ်နေကျ၊ နေနေကျ။ ယခုလည်း နှစ်ဘက်မိဘဘိုးဖွားများ၏ ဝါးကြမ်းခင်း သံစုံတီးဝိုင်းသံများကင်းမဲ့ရာ အချစ်နှင့် အိပ်စက်ရန် ကောက်ရိုးအိမ်ကလေး ထူထောင်ပြီးစီးသွားလေပြီ။ ဟောဒီမှာက ကြယ်တွေလတွေကို ကြည့်တဲ့ပြတင်းပေါက် ။ ဟောဒီမှာ လေဝင်ပေါက်။ ပြီးတော့ ဟောဒီမှာ လူဝင်ပေါက်။ ကောက်ရိုးအိမ်ကို လက်စသပ်ပြီးသည်နှင့် မောမောနှင့် ထိုင်ချလိုက်သည်။ မိတင်ရွှေတို့၏ လက်ဖွဲ့ပစ္စည်းဖြစ်သည့် ရေအိုးအသစ်ကို စောစောက ရေထည့်ပြီး ထမ်းယူလာခဲ့သည်။ ရေအေးအေး တခွက် ခပ်ယူကာ သောက်ချလိုက်ရသည်။ ကောက်ရိုးမှုန်တွေ ကောက်ရိုးအစအနတွေက သူ့ခေါင်းပေါ်တွင် လည်ကုတ်ပေါ်တွင် ခိုကပ်နေကြသည်။

တခဏတွင် မအေးကြော့ရောက်လာသည်။ သင်ဖြူးဖျာ၊ ခေါင်းအုံးနှင့် စောင်အသစ်တထည်၊ အဟောင်းတထည်ကို သယ်ယူလာခဲ့သည်။ “ကောက်ရိုးအိမ်က ပြီးသွားပြီလား၊ ပြီးသွားပြီ ...”ဟုဆိုကာ ကောက်ရိုးအိမ် ဂူကလေးထဲသို့ ခါးညွတ်ကာ ဝင်လာခဲ့သည်။ မွေ့ရာ၊ အိပ်ရာခင်း၊ ကုတင်၊ ခြင်ထောင်၊ ဘာမျှမရှိ။ အိပ်ရာက အထူးပြင်ဆင်ချယ်သစရာမရှိ။ ဖျာကိုခင်းလိုက်ပြီး ခေါင်းအုံးနှစ်လုံးကို ယှဉ်တွဲပြီး ချထားလိုက်သည်။ ကောက်ရိုးနံ့က သင်းနေလေသည်။

“အဲဒီမှာတွေ့လားကြော့ ... လကိုချောင်းကြည့်ဖို့ ပြတင်းပေါက်”

သူ၏ကြော့ကို လှမ်းနှုတ်ဆက်ရင်း ပြောပြောဆိုဆိုနှင့် ကောက်ရိုးအိမ်ကလေးထဲသို့ ငုံ့ဝင်သွားတော့သည်။ ရင်ခုန်သံက စောစောကထက် မြည်ကြွေးကာ မြန်ဆန်လာလေသည်။ စောင်းလျက်လှဲလျောင်းကာ ပြတင်းပေါက်မှနေ၍ လကိုမော့ကြည့်နေသော ကြော့ကိုငုံ့ကြည့်ရင်း ကြော့ပါးပြင်ကို ဖိနမ်းလိုက်လေသည်။ သင်းလှိုင်သော သနပ်ခါးရနံ့က ရင်ကို ပို၍ လှိုင်းထလာစေသည်။

အချစ်တို့ ကောက်ရိုးအိမ်ကလေး၏ အပြင်ဘက်တွင် ကောက်ရိုးမှုန် ကောက်ရိုးရနံ့နှင့် ဆောင်းနှောင်း နှင်းငွေ့တို့ ရောယှက်ကာ လရောင်ထဲတွင် တငြိမ့်ငြိမ့်မျောပါနေလျက်။

■ ■ ■

ပြေ ၁၈ ၊ ၂၀၀၅
သစ္စာအမှတ် (၅) မေလ၊ ၂၀၀၅

# ဖေဖေအတွက် ပြီးတော့ ……

## ၁

ဖေဖေ့အတွက် အမှတ်တရ လွမ်းသူ့ပန်းခိုင်။ နီစွေးလန်းစွင့်နေသည့် နှင်းဆီပွင့်တွေ။ မွှေးရနံ့တို့ သင်းကြည်နေသည့် နှင်းဆီပွင့်တွေ။ ဖေဖေ့အတွက်။ ပြီးတော့အားလုံးအတွက်။ တိုးဝှေ့တက်သူ၊ ဆင်းသူတွေနှင့် မထိခိုက်၊ ဒဏ်ရာမရအောင်၊ နှင်းဆီပန်းစည်းကို ရင်ခွင်ထဲတွင် ပွေ့ဖက်ကာကွယ်ပြီး ဘတ်စ်ကားပေါ်မှ ဆင်းလာခဲ့သည်။

ငါးသေတ္တာဘူးထဲက ငါးများကဲ့သို့ ဘတ်စ်ကား ဝမ်းခေါင်းထဲတွင် လူတွေက အတောင့်လိုက် အခဲလိုက်။ လူအတောင့်ကြီးထဲက ထိုးခွဲတိုးဝှေ့ ဆင်းလာခဲ့ရသဖြင့် ပလက်ဖောင်းပေါ် ရောက်လာသည့်အခါ သီရိဦးမှာ မောဟိုက်သွားလေသည်။ ကြာကြာမောခွင့်မရ။ တခဏပဲ မောဟိုက်လိုက်ရသည်။ အရေးပေါ်လူနာဌာနကို သွားရမှာပါလားဆိုသည့် အသိက ဝင်လာနေသဖြင့် ခြေလှမ်းတွေက ခပ်သွက်သွက် လျှောက်လှမ်းမိလျက်သား ဖြစ်သွားသည်။

ဘက်စ်ကားဂိတ်နှင့် အရေးပေါ်ဌာနက သိပ်တော့မဝေးကွာလှ။ ထိုအရပ်ဒေသကိုပဲ ရောက်ချင်လှသည့်စိတ်ကထက်သန်ကာ ဇောကပ်နေသည်။ ဖေဖေက အဲဒီအရပ်ဒေသက စတင်ထွက်ခွာပြီး နောက်ဆုံးခရီးကို ချီတက်ခဲ့တာ မဟုတ်လား။ ဆေးရုံကြီး အရေးပေါ်ဌာနသို့ သွားရခြင်းမှာ ဖေဖေ့နောက်ဆုံးခရီး၏ အစကိုခြေရာခံပြီး ခရီးဆုံးသည့်ဒေသဆီသို့ အဖေကဲ့သို့ ချီတက်လို၍ဖြစ်သည်။ အဖေ့စိတ်ဓာတ်နှင့် ရုပ်ပုံလွှာကို စိတ်ထဲမှာ ဘယ်လိုများ ပြန်တွေ့ရမလဲ။ ပြန်တွေ့ရအောင် ခရီးအစ ဆေးရုံကြီး အရေးပေါ်ဌာနသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က ဖေဖေက တက်ကြွနေပါလိမ့်မယ်။ မျက်လုံးတွေက စူးရဲတောက်လက်နေပါလိမ့်မယ်။ သူ့မျက်နှာပေါ်မှာ လန်းဆန်းတက်ကြွတဲ့ အရိပ်အရောင်တွေ ယှက်သန်းနေပါလိမ့်မယ်။ သေပန်းပွင့်သည့် နေ့ရက်ကို ဆိုက်ရောက်လာသည် ဆိုတာကို သိရင်တောင် ဖေဖေက ဘယ်လိုမှ တုန်လှုပ်မှာ မဟုတ်ဘူး။ ဂရုစိုက်မှာ မဟုတ်ဘူး။ ဖေဖေက အဲဒီလို လူဟူ၍ သီရိက တီးတိုးဖွဖွ ပြောကြည့်မိသည်။

သီရိအသက်က ဆယ့်သုံးနှစ်ခွဲ။ လွန်ခဲ့သည့် ကိုးနှစ်က ဖခင်ဖြစ်သူ ဒေါက်တာသက်မောင်ဦးနှင့် နောက်ဆုံးခွဲခွာခဲ့ရသည့် စက္ကန့်၊ မိနစ်၊ အချိန်ကာလများဆီသို့ ပြန်လည်ရောက်ရှိနေလေသည်။ အရေးပေါ်ဌာနသို့ လျှောက်လှမ်းသွားနေသော်လည်း ကိုးနှစ်ဆီက အတိတ်ကို ပြန်သွားနေသည်နှင့် တူနေလေသည်။ မှတ်မှတ်ရရ အဖြစ်ဆုံးကတော့ သီရိမျက်နှာကို ဖေဖေက အထပ်ထပ် နမ်းရှိုက်ခဲ့သည်ကိုပဲ ဖြစ်သည်။ ပါး၊ နဖူး၊ နှာခေါင်း၊ ပါးစပ်၊ မေးဖျား၊ မျက်စိ … ဖေဖေက မျက်နှာပေါ်က အစိတ်အပိုင်းတွေကို တခုခြင်း နမ်းရှိုက်ကာ ရယ်မောလေသည်။ ဟောဒီမှာ ဦးခေါင်းဟုဆိုကာ ငယ်ထိပ်ကို ဖိ၍ဖိ၍ နမ်းလေသည်။ ယခုထိတိုင် စိတ်မျက်လုံးထဲတွင် စွဲမြဲမြင်ယောင်နေသည့် လှုပ်ရှားမှု ရုပ်ပုံကားချပ်တွေကတော့ ဖေဖေ့ လည်တိုင်ကို ဟီးလေးခိုထားသည့် ရုပ်ပုံလွှာ၊ “ဖေဖေ မသွားနဲ့၊ မသွားရဘူး၊ သမီးနဲ့အတူ ကစားရမယ်။” ဟုဆိုကာ ဖေဖေ့လည်တိုင်ကို မလွတ်တမ်း ဖက်တွယ်ထားသည့် ရုပ်ပုံလွှာပေ့ါ။ လက်ချောင်းကလေးတွေကို ပတ္တာဆက်ကာ ကုတ်တွယ် ဆုပ်ညှစ်ထားလေသည်။

ထိုစဉ်က သူတို့သားအဖနှစ်ဦး၏ အနမ်းနှုတ်ဆက်ပွဲကို ရှုစားနေသည့် ပွဲကြည့်ပရိသတ်နှစ်ဦးမှာ သီရိအမေ မအေးသီတာ(ယခု–ဒေါ်အေးသီတာ)နှင့် ဒေါက်တာသက်မောင်ဦး၏ သူငယ်ချင်း ဒေါက်တာအောင်မြင့်တို့ ဖြစ်လေသည်။ ငါးနှစ်ဝန်းကျင်အရွယ် သီရိက ဖေဖေသက်မောင်ဦး၏ လည်တိုင်ကို မလွှတ်တမ်း ဖက်တွယ်ထားသည်ကို ရယ်မောသံဖြင့် "သမီး လွှတ်ကွာ လွှတ်လိုက်တော့၊ ဖေဖေ နောက်ကျနေလိမ့်ဦးမယ်"ဟု ချော့မော့ပြောဆိုသည်။ သမီးက မလွှတ်။ အနမ်း နှုတ်ဆက်ပွဲ ဖြစ်လာခဲ့သည်။ ဒေါက်တာအောင်မြင့်နှင့် မအေးသီတာက သားအဖနှစ်ယောက်၏ နပန်းပွဲသေးသေး လေးကိုကြည့်ကာ ရယ်မောကြလေသည်။ တကယ်က ချစ်သော၊ ကြင်နာယုယသော၊ သားအမိ သားအဖ သုံးယောက်ဘဝ၏ အလှအပတွေသည် ဖျက်ဆီး ချေမှုန်း ခြင်းခံရတော့မည့် နောက်ဆုံးစက္ကန့်၊ မိနစ်များကို ဆိုက်ရောက်နေပြီဆိုသည်ကို ဘယ်သူမှ မသိကြ။ သမီးလေးသီရိက ကြိုတင် သိမြင်ထားနှင့် လေသလားမသိ။ သမီးက ဖေ့ဖေ့ကိုမလွှတ်တော့။ လက်ချောင်း ကလေးတွေက သံချိတ်ကလေးများ သော့ခတ်ထားသည့်နယ် ခိုင်ကြည်မြဲမြံ နေလေသည်။

"အမေလုပ်အုံးလေကွာ၊ သမီးကို ချော့မော့ခေါ်ဦးလေကွာ၊ တွေ့တယ်မဟုတ်လား၊ မလွှတ်တော့ဘူး။ သမီကို ရုန်းလို့ မရတော့ဘူးအမေရဲ့ ... လုပ်ပါဦး "

အမေဖြစ်သူကို စစ်ကူ တောင်းနေလေသည်။ ဒီတော့မှ မအေးသီတာက သမီးလေးကို သိမ်းပွေ့ကာ ...

"သမီးလွှတ်လိုက်ကွယ်၊ ဖေဖေသွားပါစေ၊ အဲဒီလိုမလုပ်ရဘူး။ "ဟုဆိုကာ ဆွဲခေါ်သည်။ မရ။ နောက်ဆုံး တချက်ခေါက်ကာ ဆွဲဆောင့် ခေါ်ယူလိုက်သည်။

သမီးလေးသီရိ လက်နှစ်ဘက်မှာ လေထဲတွင် ဆန့်တန်းလျှက် ပုံမပျက်မြောက်တက်နေရာမှ တဖြေးဖြေးခြင်း ညွတ်ကွေး ကျသွားလေသည်။ ထွန့်ထွန့်လူးကာ ငိုလေတော့သည်။ သူ့အဖေ အပြင်ထွက်သည့်အခါတိုင်း ထိုသို့ တက်မတတ် ချက်မတတ် ငိုသည်မဟုတ်။ ယခု မငိုစဖူး အငိုထူးစွာ ငိုလေသည်။ တိုက်ဆိုင်မှုပင် ဆိုရလိမ့်မည်။

"ဖေဖေသမီးလိုက်မယ်၊ သမီးကို မထားခဲ့နဲ့၊ ဖေဖေ့နောက်ကို လိုက်ခဲ့မယ်။ ဖေဖေသမီးကို မချစ်ဘူး"

အိမ်ကြမ်းပြင်ပေါ်က လူးလဲကျုံးထကာ အဖေ့နောက်ကို အပြေးလိုက်လေသည်။ သမီးနောက်က အမေက ထပ်ချပ်မကွာပြေးလိုက်။ အိမ်အတက်အဆင်း လှေကားထိပ်တွင် သမီးလေးကို အမေက လှမ်းဆွဲမိလေသည်။ သမီးလေးကို ပွေ့ဖက်ချော့ယူရသည်။ သီရိက ရင်ခွင်ထဲက လူးလဲထကာ "ဖေဖေ့ကို နှုတ်ဆက်ဖို့"ဟုဆိုသည်။ အငိုကို ရုတ်တရက် ရပ်ပစ်လိုက်လေသည်။

"ဖေဖေ သမီး နှုတ်ဆက်နေတယ်လေ၊ သမီးကိုပြန်ပြီး နှုတ်ဆက်အုံးလေ" သမီးလေးသီရိက အသံကုန် ဟစ်အော် ပြောနေလေသည်။ နောက်တကြော့။ အဖေသက်မောင်ဦးက မကြားလေသလား။ ကြားရက်နှင့် သမီးထပ်ငိုမှာစိုး၍ မသိကျိုးကျွန်ပြုလေသလားမသိ။ ကားလမ်းကူးရန် ကားလမ်းကို စောင်းငဲ့ကြည့်နေသဖြင့် မျက်နှာတခြမ်းကို လှမ်းတွေ့နေရသည်။ သမီးလေးကို ပြန်လှည့် မကြည့်တော့။

"ဖေဖေရေ၊ သမီး နှုတ်ဆက်နေတယ်လေ"

မကြားတော့။ ကြားသည့်တိုင် ပြန်လှည့် မကြည့်တော့။ သမီးလေးမှာ လှိုက်၍ ဆို့၍ငိုလေသည်။ သူ့ရင်အုံကလေးမှာ ကွဲအက်ပွင့်ထွက်သွားတော့မတတ် ဆို့နေလေသည်။ မျက်ရည်တွေက ပါးပြင်ပေါ် စီးကျလာခဲ့ကာ မျက်ရည်တွေက အမြင်အာရုံကို ဝေဝါးသွားစေလေသည်။ မျက်ရည်စက်တွေကို ဖြူနုဖောင်းအိသော လက်ခုံကလေးဖြင့် တရှုံ့ရှုံ့သုတ်ဖယ်လိုက်သည်။ ထိုအချိန်က ဖေဖေ့နောက်ကြော၊ ဖေဖေ့မျက်နှာ တခြမ်းတဝက်ကို ကားလမ်းအကူးတွင် လှမ်းတွေ့မြင်လိုက်ရခြင်းသည် နောက်ဆုံး ရုပ်ပုံကားချပ် ဖြစ်နေလေသည်။ မေမေက သမီးကိုပွေ့ချီပြီး ချော့ရသည်။ အပေါ်နှုတ်ခမ်းက

ကွေးကျနေကာ အောက်နှုတ်ခမ်းလေးက မဲ့နေသည့် သမီးလေးမျက်နှာကို တရှိုက်ရှိုက်ငိုနမ်းကာ ထွေးပွေ့ ချော့သိပ်ခဲ့လေသည်။ ထိုကာလမှစတင်ကာ ပြန်မလာနိုင်တော့သည့် အရပ်ဆီသို့ သမီးအဖေ ထွက်သွားခဲ့လေသည်။ နာကျည်းကြေကွဲနေသည့် အမေသည် သမီးလေးကို အထပ်ထပ်ချော့ကာ ကုစား ဖျောင်းဖျရလေသည်။ ဘဝတွင် အသက် ငယ်ရွယ်နုနယ်သည့် ငါးနှစ်ဝန်းကျင်အရွယ်အထိသာ ဖေဖေ၏ အချစ်မေတ္တာတို့ကို ရခဲ့သည်။ ကြင်နာ ယုယသော အဖေ့လက်သွယ် လက်ချောင်းများကို ရရှိခဲ့သည်။ နောက်ထပ်မရနိုင်တော့။ ထိုအခါ အမေ့လက်ကို အစားထိုးခဲ့ရလေသည်။

ဆေးရုံကြီး အရေးပေါ်လူနာဌာန၏ လှေခါးအုတ်ခုံသို့ ရောက်လာသည်။ အုတ်ခုံကို ခလုပ်တိုက်မိသည်။ လှေခါးအနိမ့်အမြင့် ထိတွေ့မှုက သူ့အတွေးကို ရုတ်တရက် ရပ်တန့်ပစ်လိုက်သည်။ ဒီတော့မှ အရေးပေါ်ဌာန အမိုးမျက်နှာကျက်အောက်သို့ ရောက်လာမှန်း သိရတော့သည်။ စင်္ကြံ လမ်းပေါ်တွင် လူတွေကို တိမ်းရှောင်ရင်း အင်္ဂတေ ကွန်ကရိတိုင်များ၊ နံရံများကို ထိတွေ့ရသည်။

“ဖေဖေ့နောက်ဆုံးခရီးကို ဒီနေရာက စတင်ထွက်ခွာခဲ့တာပေါ့။ ဖေဖေရေ သမီး ဒီနေရာကို ရောက်လာခဲ့ပြီဖေဖေ”

စိတ်ထဲတွင် အဖေကို တိုင်တည်လိုက်သည့်အသံမှာ ရင်ထဲတွင် လှိုင်းထရိုက်ခတ်သွားသည်။ နောက်ဆုံးစကားလုံးများက ရှိုက်သံဆင့်ကာ တုန်ရင်သွားလေသည်။

“သမီးတို့သားအမိကို ထားရစ်ခဲ့တာ ကိုးနှစ်ရှိသွားပြီဖေဖေ။ ဒါပေမဲ့ သမီးတို့ရင်ထဲ အသည်းထဲမှာ ဖေဖေရှိနေတယ်။ ဖေဖေ့ကို သမီးတို့ နေ့စဉ်နေ့တိုင်း လွမ်းနေကြတယ်။ တမ်းတနေကြတယ်။ အဲဒါ ဖေဖေသိရဲ့လားဟင်။ ရင်ထဲမှာ ဖေဖေ ရှိနေပါတယ်ဆိုပေမယ့် တကယ်ကြတော့ သမီးတို့ မိသားစုဘဝထဲမှာ ရှိတော့တာမှမဟုတ်တာ ဖေဖေရယ်။ ဖေဖေမရှိတဲ့ဘဝ၊ ဖေဖေမရှိတော့ဘူးဆိုတဲ့ အသိကြောင့် သမီးတို့ အသည်းနှလုံးတွေ အထပ်ထပ် ထိခိုက်ကြေကွဲရပါတယ် ဖေဖေရယ်။ သမီးဖြင့် အထပ်ထပ် ငိုခဲ့ရတယ် သိလားဖေဖေ။ အခုလဲ ဖေဖေ့နောက်ဆုံးခရီးကို စတင်ထွက်ခွာခဲ့တဲ့ ဟောဒီနေရာ ရောက်လာတော့ ဆို့နေပြီ၊ ငိုချင်နေပြီ၊ ထိန်းချုပ်တဲ့ကြားက ငိုချင်နေတာ”

မျက်ရည်စက်တွေက ပန်းနုရောင် လွှမ်းနေသော ပါးပြင်ပေါ်သို့ စီးကျလာသည်။ နှင်းဆီပန်းစည်းကို လှပစွာ ကွယ်ကာရစ်ပတ်ထားသည့် ပလပ်စတစ်အိတ်ပေါ်သို့ မျက်ရည်တွေက ခုန်ဆင်းကျလာသည်။ ဟစ်၍ ငိုချလိုက်ချင်သော်လည်း အားတင်း မျိုသိပ်ထားရသည်။ အံကြိတ်မျိုသိပ်ထားကာမှ ရင်က ပွင့်ထွက်မတတ် ဆို့လာပြန်သည်။ မျက်ရည်တွေနှင့် ဝေဝါးနေသည့်ကြားကပင် ဖေဖေ့ကို တွေ့လိုတွေ့ငြား ရှာကြည့်မိသည်။ ဖေဖေက ကျဆုံးသွားတာမဟုတ်ဘဲ တနေရာရာ ရောက်သွားပြီး ယခုမှပြန်ပေါ်လာရင် ဘယ်လောက်ကောင်းမလဲ။ ဒါမှမဟုတ် ဒီအရေးပေါ်ဌာနမှာပဲ ဖေဖေ့ကို ဘွားခနဲ တွေ့လိုက်ရရင် ဘယ်လောက် ကောင်းလိုက်လေမလဲ။ တနေရာကနေ ဖေဖေစောင့်နေမလား။

အိပ်မက်သစ်ရွက်များမှာ သီရိ ဦးနှောက်ထဲ ရင်ထဲတွင် တဝေ့ဝေ့ ကြွေလွင့်နေလေသည်။ လိုက်ကောက်၍မရနိုင်သည့် စိတ်ကူးလွှန် အိပ်မက်သစ်ရွက်ကြွေတွေ။ သီရိရင်အုံကလေးသည် နိမ့်လာလိုက် မြင့်တက်သွားလိုက်၊ ရှိုက်သံဖြင့် လှိုက်တက်နေသည်။ ခဏ၌ သွေးစွန်းနေသည့်လူနာတွေကို မျက်လုံးထဲတွင် မြင်ယောင်လာသည်။ ဒဏ်ရာ အနာတရဆိုသော်လည်း အူတွေ ထွက်ကျနေသည့် သေနတ်ဒဏ်ရာတွေ၊ ခြေတွဲလောင်း လက်တွဲလောင်း သေနတ်ဒဏ်ရာတွေ၊ သွေးလွှန်၊ ရောဂါပိုး ဝင်ထားသဖြင့် အသက်ငွေ့ငွေ့ သေနတ်ဒဏ်ရာနဲ့လူနာတွေ ဆေးကုသခိုလှုံဖို့ ရောက်လာခဲ့သည့်နေရာ။ အပြစ်မဲ့ ပြည်သူတွေ၊ ပြီးတော့ သူရဲကောင်းတွေ။

အရေးပေါ်ဌာနကို သီရိ ဝင်ရောက်လာသည်နှင့် လူနာနှင့် ဧည့်သည်များကိုတွေ့ရသည်။

ယခုအခါ သွေးပင်လယ် မဟုတ်တော့။ သီရိ၏ဖခင် ဒေါက်တာသက်မောင်ဦး၏ ထိုစဉ်ကရေးသားခဲ့သည့် ကိုယ်တွေ့ နေ့စဉ်မှတ်တမ်းထဲက သွေးပင်လယ်နီ မဟုတ်တော့။ ဦးလေးဦးအောင်မြင့် ပြောပြခဲ့သလို သွေးတွေ၊ မျက်ရည်တွေ၊ ငိုသံ၊ ဟစ်ကြွေးသံတွေနှင့် ပြည့်နက်နေသည်ကိုလည်း မတွေ့ရတော့။ ဟောဒီ နေရာဟာ အရေးတော်ပုံ ကာလတုန်းကတော့ မျက်ရည် တွေ၊ သွေးတွေ၊ အော်ဟစ် ခေါ်ညည်း သံတွေကြားမှာ ဒီလူနာတွေကို ဖေဖေက ဆေးကုသ ပေးခဲ့ရတာ။ အသက်ကယ်ခဲ့ရတာ။ လွန်ခဲ့သည့် တပတ်က လေးလေးဦးအောင်မြင့် ရေးခဲ့သည့် စာသားတွေ စာလုံးတွေကို ပြန်လည်ကြားယောင် မြင်ယောင် လာနေသည်။

"အဲဒီတုန်းက သမီးလေး ဖေဖေရယ်၊ ဦးလေးအပါအဝင် စေတနာ့ဝန်ထမ်း လာရောက် ဆေးကုသပေးတဲ့ ဆရာတွေရယ်၊ တာဝန်ကျ ဆရာ တွေရယ်အားလုံးဟာ၊ ချေမှုန်း သတ်ဖြတ်ခြင်း ခံခဲ့ ရတဲ့ လူနာတွေထဲမှာ ပျားပန်းခတ်သလို အလုပ် များခဲ့ကြတာ၊ ဦးလေးတို့ လက်တွေပေါ်မှာ ပန်းပွင့် ပွင့်ချပ်တွေလိုကြွေခဲ့ရတဲ့ လူငယ်တွေကို ကယ်တင် ရင်း တက်ခေါက်နာကြည်းတဲ့ ယူကျုံးမရ ဖြစ်နေတဲ့ သူဟာ သမီးဖေဖေပဲ ... အဲဒီတုန်းက ဆေးရုံတခုလုံး ဆေးရုံအုပ်ကိုရော စီမံခန့်ခွဲမှု တခုလုံးကို ချုပ်ကိုင် ထားတာက စစ်ဌာနချုပ်နဲ့ စစ်ထောက်လှမ်းရေးပဲ။ အဲဒီ စစ်ထောက်လှမ်းရေးနဲ့ စစ်မိန့်အောက်မှာ လုံလောက်တဲ့ဆေးဝါးနဲ့ အသက်ကယ်ဆေးပစ္စည်း တွေ မရခဲ့ကြဘူး။ စစ်မိန့်သေနတ်နဲ့ တင်းတင်း ကြပ်ကြပ် တားမြစ်ထားခဲ့တဲ့အတွက် မသေသင့်ဘဲနဲ့ သေခဲ့ကြရတယ်။ သေကောင်ပေါင်းလဲ ခံစား နေကြရ တဲ့ လူနာတွေဘက်က၊ သပိတ်တပ်သားတွေ ဘက်က မားမားမတ်မတ်ရပ်ပြီး အသက်ကယ် ဆေးဝါးတွေ လုံလုံလောက်လောက် အသုံးပြုဖို့ တောင်းဆိုခဲ့တာ လည်း သမီးဖေဖေပဲ။ အဲဒီတုန်းက တိုင်းပြည်တခုလုံး လူထုတိုက်ပွဲတွေ ပြည့်လျှံနေတဲ့အချိန်၊ ထောင်တွေ ထဲမှာလည်း တိုက်ပွဲတွေနဲ့ ပြည့်ကြပ်နေတဲ့အချိန်မှာ ဆေးရုံနဲ့ သွေးပင်လယ်တွေထဲမှာလည်း ဖိနှိပ် သတ်ဖြတ်နေတဲ့ စစ်အုပ်စုနဲ့ အသက်ကယ်တင်နေတဲ့ ပြည်သူ့ဆရာဝန်တွေရဲ့ တိုက်ပွဲတွေကလည်း ကြီးမားလှပါတယ်သမီးရယ်။ ဆေးရုံတိုက်ပွဲတွေ ထဲမှာ ပြည်သူတွေ သပိတ်တပ်သားတွေရဲ့ အသက် တွေကိုကယ်တင်ရင်းနဲ့ နောက်ဆုံးတော့ သမီးဖေဖေ ကိုယ်တိုင် အသက်ပေးဆပ်ကြတဲ့ အာဇာနည်တွေရဲ့ လမ်းအတိုင်း လိုက်သွားခဲ့လေရဲ့။ သမီးဖေဖေက တကယ့် သူရဲကောင်း၊ တကယ့် သူတော်ကောင်း၊ တိုက်ပွဲမှာ ကျဆုံးသွားလို့ သူရဲကောင်းအဖြစ်နဲ့ သေပန်းလှပေမယ့် ငါတို့တိုင်းပြည်အတွက်တော့ ကြီးမားတဲ့ ဆုံးရှုံးမှုပါပဲ သမီးရယ်။ သမီးတို့ သားအမိ အတွက်ကတော့ ပိုလို့တောင် တန်ဖိုးပိုင်းဖြတ်လို့မရ လောက်အောင် တန်ဖိုးတွေပေးခဲ့ရတဲ့ ဆုံးရှုံးမှုတွေ ပါလေ။ အသက်ငါးနှစ်ကျော်ပဲ ရှိသေးတဲ့ သမီးလေး သီရိ လက်လွှတ် ဆုံးရှုံးခဲ့ရတဲ့အဖေပေါ့။ ဆုံးရှုံးခဲ့ရတဲ့ အဖေနဲ့ ဆုံးရှုံးခဲ့ရတဲ့ ခင်ပွန်းအတွက် ဘယ်အရာနဲ့မှ ပေးဆပ်လို့မရတဲ့ ဆုံးရှုံးမှုတွေပါလေ"

နိုင်ငံခြားရောက်နေတဲ့ ဦးလေးလေးက လွန်ခဲ့သည့်တပတ်က ဖုန်းထဲမှာရော စာတွေထဲမှာပါ အခုလို ရေးခဲ့ ပြောခဲ့တာ။

လွန်ခဲ့သည့်ကိုးနှစ်။ ဘာမှမကြာလိုက်။ ကိုးနှစ်ရှိခဲ့ပြီဖြစ်၍ တချို့မေ့သွားနိုင်ကြဖွယ်ရာ ရှိသည်။ တချို့က ခါးလွန်း၊ ဒဏ်ရာ ပြင်းထန်လွန်းလို့ သေသည်အထိ မေ့နိုင်ကြမှာမဟုတ်။ ထိုတချို့အတွက် ကတော့ အတိတ်ခါးဝေဒနာများက အသည်းနှလုံးနှင့် ဦးနှောက်ကို ထာဝရ ပတ်နှိုးနေမှာဖြစ်သည်။ ယခု ဦးလေးအောင်မြင့်နှင့် သီရိတို့သားအမိတို့ ရင်ထဲတွင် တိမ်ကော ပျောက်ပျက်မသွားသည့် အတိတ်ဒဏ်ရာ များက စီးဆင်းနေခဲ့လေသည်။ ဆယ်ကျော်သက်အရွယ် သီရိရင်သည် ထိုအတိတ်ခါးဒေါသ၊ ဆုံးရှုံးခဲ့သည့် ဖခင် အတွက် ကြေကွဲမှုတို့ဖြင့် ပွက်ပွက်လှိုက် ဆူနေတော့ သည်။ "ပေးဆပ်လို့မရတဲ့ ဆုံးရှုံးမှုတွေပါ" ဆိုသည့် ဦးလေးလေးပြောခဲ့သည့် စကားက သီရိရင်ကို ပင်လယ် လှိုင်းများနှယ် အထပ်ထပ် ရိုက်ခတ်လာလေသည်။

"ကျမအဖေကိုပြန်ပေးကြပါ၊ ကျမအတွက် အလိုအပ်ဆုံးဟာအဖေပဲ၊ ကျမအဖေကို ထာဝရ ခေါ်ယူမသွားကြပါနဲ့၊ အဖေ့ကို ပြန်ပေးကြပါ "

အောက်နှုတ်ခမ်းကို တင်းစေ့ကိုက်ထား အားတင်းထားရာက ပေါက်ကွဲလွင့်ထွက်လာသည့် စကားလုံးတွေဖြစ်သည်။ ထိန်းချုပ်ထားသော ရေတာတမံ ကျိုးပေါက်သွားလေပြီ။ ထိန်း၍မရ တော့။ သမီးလေးသီရိခမျာ ရှိုက်၍ ငိုလေတော့သည်။ ဖေဖေ့ကို ပြန်ပေးကြပါ။ အဖေ့ကိုပြန်ပေးကြပါ။ ကျမ အဖေကို ထာဝရ ခေါ်ယူမသွားကြပါနဲ့။ ဆို၍ လှိုက် ကာ ငိုနေလေတော့သည်။ အရေးပေါ် လူနာဌာန တနေရာကို စိုက်ကြည့်နေမိရာ မျက်ရည်ဝိုးဝါး အမြင် အာရုံထဲတွင် အဖေ့ကိုမြင်ရလေသည်။ သွေးအိုင်ထဲ မှာ အတုံးအရုံး လဲကျနေသည့် လူတွေကြားက အဖေ ပြန်ထလာသည်ကို မြင်နေရသည်။ ညာဘက် လက် တဘက်ကိုမြှောက်ကာ သမီးလေးရယ် မငိုနဲ့တော့ ကွယ်ဟု တတွတ်တွတ်ပြောဆိုကာ သမီးလေး မျက် နှာရှေ့ကို တရွေ့ရွေ့ လျှောက်လာနေသော အဖေ ဖြစ်နေသည်။ အဖေ့မျက်နှာက နောက်ဆုံး မခွဲခွာမီ စက္ကန့်အတိုင်း မပြောင်းလဲသေး မှိုင်းညို့တဝက် မျက်နှာပေါ်တွင် အားတင်း ပြုံးထားသည့်အပြုံးက ယဲ့ယဲ့လေးသာ။

"သမီးလေးရယ် တိတ်ပါတော့ကွယ် မငိုနဲ့တော့နော်၊ သမီးမောလှပါပြီ … သမီးမမြင်နိုင်တဲ့ နေရာ ဟိုထောင့်ချိုးအကွေ့ကနေ သမီးကိုလှမ်း ကြည့်နေတာကြာပြီ၊ ဦးဦးလည်း စိတ်ထိခိုက်ရတယ်။ "

အဖေကဲ့သို့ဆရာဝန်တဦး။ ထိုသူက ငိုရှိုက်နေသော သမီးလေးသီရိ၏ ဦးခေါင်းကို ဆွဲပွေ့ ယူကာ ရင်ခွင်ထဲပွေ့ထားလိုက်သည်။ သီရိက အမည် မသိ ထိုဦးလေး၏ရင်ဝတွင် ထိအပ်ထားလိုက်သည်။ အဖေမဟုတ်မှန်း သိလိုက်သော်လည်း အဖေ့နေရာ တွင် ဖအေတယောက်ကဲ့သို့ သမီးသီရိကို ချော့မော့ နှစ်သိမ့်နေခြင်းကို အလိုအလျောက် လက်ခံကြည်ဖြူ ပြီးသားဖြစ်သည်။

"ကျမအဖေကိုပြန်ရချင်ပါတယ် ဦးလေး ရယ်၊ ဖေဖေ့ကို မမြင်ရ မတွေ့ရတာ ကိုးနှစ်ရှိခဲ့ပြီ၊ သမီးအတွက် အလိုအပ်ဆုံးဟာ အဖေပါပဲရှင်၊ အဖေ့ ကိုပြန်ပေးကြပါ"

"ဦးကြီးက ဟောဒီသမီးလေးလိုပဲ၊ ဆယ့်သုံးနှစ်သမီး ဦးကြီးရင်သွေးကို အုံကြွမှုထဲမှာပဲ ဆုံးရှုံးခဲ့ရတာ။ သေနတ်ဒဏ်ရာနဲ့ သေဆုံးခဲ့ရတာပါ သမီးရယ်၊ အခုဆိုကိုးနှစ်ရှိခဲ့ပြီ၊ တရက်မှ မေ့မဆည် နိုင်ခဲ့ဘူး။ ဦးကြီးရဲ့သမီးကို ပြန်လိုချင်ပါတယ်ကွယ်၊ ငါ့သမီးကို ငါပြန်ရချင်ပါတယ်၊ စစ်တပ်က အာဏာ သိမ်းတဲ့နောက်တနေ့မှာပဲ ဆန္ဒပြပွဲထဲမှာ ပါဝင်ခဲ့တဲ့ သမီးလေးမြသီတာကို စစ်တပ်က သတ်ဖြတ်ပစ် လိုက်ကြတယ်လေ။ ဟောဒီအရေးပေါ်ဌာန ဟောဒီ ကြမ်းပြင်ပေါ်မှာပဲ အသက်ပျောက်ခဲ့ရတာပါ သမီး ရယ်၊ သမီးလေး ငိုရှိုက်တမ်းတနေတာကို လှမ်းတွေ့ နေရတော့ ပိုပြီး ရင်ထဲဆို့တော့တာပေါ့ကွယ်"

"သမီးသွားပါရစေတော့၊ ဖေဖေ နောက်ဆုံး သွေးအိုင်ထဲမှာ လဲလျောင်းနေခဲ့တဲ့ နေရာကို သွားမ လို့။ ဟောဒီ အရေးပေါ်ဌာနကလဲ ဖေဖေနောက်ဆုံး ကုသပေးတဲ့နေရာ။ ဖေဖေက ဦးကြီးလိုပါပဲ ဆရာဝန်၊ ဒီနေရာကနေ ဖေဖေက နောက်ဆုံး ထွက်ခွာလာခဲ့ တာ၊ သပိတ်မှောက်တဲ့ အထဲမှာပါခဲ့တာ၊ ဒါကြောင့် ဖေဖေ့ဆီကိုလာခဲ့ရတာ"သီရိက ချာခနဲ လှည့်မထွက်မီ မှာ ဦးကြီးကို မော့ကြည့်မိသည်။ ဦးကြီး၏ မျက်လုံး အိမ်ထဲတွင် မျက်ရည်တွေ အိုင်ထွန်းနေသည်။ စကား မပြောနိုင်တော့ပဲ သီရိကဲ့သို့ ဆို့နင့်နေလေသည်။ အပေါ်နှုတ်ခမ်းလွှာသည် တဆွေ့ဆွေ့ တုန်ရင်နေ သည်။ "ဦးကြီးရေ ငိုပေအုံးတော့၊ သမီးတို့တတွေ ငိုကိန်းဆိုက်နေကြရတာ မဟုတ်ဘူးလား"ဟူ၍ စိတ်နှင့်ပြောကာ ထွက်လာခဲ့လေသည်။

သီရိက သူ့ထံပါးတွင် လူတွေ ဝိုင်းအုံ လာမှာကို မလိုလား၊ နိုင်ငံရေးစိတ်ဓာတ်နှင့် ယုံကြည် ချက်က မရင့်ကျက်၊ မရင့်မာသေး။ တကယ်က သူ့ထံ ဝိုင်းရုံလာနေသော လူထုကို ဘာကြောင့်ဒီနေရာကို သူရောက်လာခဲ့ခြင်းဖြစ်တယ် ဆိုသည်ကို ရှင်းပြလိုက် ရုံနှင့်ပင် ဒီမိုကရေစီ တရားပွဲ ဖြစ်သွားနိုင်သည်။

သီရိ၏ အသက်အရွယ်က နုနယ်လှပေရာ ထိုမျှ မရင့်ကျက် မရင့်မာသေး။ ထို့ကြောင့် ကိုယ်ချင်းစာနာကြ ကြေကွဲဝမ်းနည်းနေကြသည့် လူတွေကို ကျောခိုင်းကာ ထွက်လာခဲ့သည်။ သီရိနောက်ကျောဘက်တွင် ခေါင်းတညိတ် ညိတ်မျက်လုံးစူးရှတို့ဖြင့် သူတို့ကျန်ရစ်ခဲ့ကြလေသည်။

❖ ❖ ❖

၂

ဆေးရုံကြီးဝင်းတံခါးကို လွန်သည်နှင့် ဖေဖေတို့ ချီတက်ခဲ့သည့်လမ်းမပေါ်သို့ ရောက်လာခဲ့သည်။ မှိုင်းညို့မိုးတိမ်ရိပ်တွေက မြေပြင်ဆီသို့ တဖြေးဖြေး နိမ့်ဆင်းကျလာကာ အနောက်တောင်မိုးသက်လေထဲတွင် မျောပါနေကြသည်။

တိမ်ကွက်များကြားမှ ယိုဆင်းကျလာသည့် အလင်းတန်းများမှာ တိုက်တာ ခေါင်မိုးများပေါ်တွင် လှိုင်းထနေလေသည်။

တန်ရှန်ရှန်မိုးသက်လေကိုဆန်ကာ သီရိလည်း ချီတက်ခဲ့လေသည်။ ဖေဖေ့အတွက် ပန်းစည်းကို ရင်ခွင်ထဲတွင် ပွေ့ယူလာသည်။ စပန့်သား ပန်းနုသွေးလုံချည်သည် မိုးသက်လေထဲတွင် တဖျပ်ဖျပ် လွင့်နေတော့၏။

ဒီအချိန်ဆို မေမေအလုပ်ပြီးသွားပြီ။ အလုပ်ထဲ ရောက်နေလောက်ပြီပဲ။ သူငယ်ချင်း မြမြမွေးထံတွင် ကျောင်းလွယ်အိပ်ကို ခေတ္တအပ်နှံပြီး ထွက်လာခဲ့ခြင်းဖြစ်သည်။ ဘာမှ သတိမရတော့၊ သွေးလည်ပတ်ခြင်း နှလုံးခုန်သံနှင့်အတူ သတိရတမ်းတနေခဲ့သည်မှာ ဖေဖေပဲဖြစ်သည်။ ဖေဖေနှင့်အတူ ဖေဖေ့ မှတ်တမ်းစာအုပ်ကို သတိရသည်။ အရေးတော်ပုံရဲ့ သမိုင်းမှတ်တမ်း။ ဖေဖေက မှတ်တမ်းရေးတဲ့သူ။ သူ့ခံစားမှုတွေကို မှတ်တမ်းထဲမှာ ဖွင့်အန်ထားတတ်သည်။ မှတ်တမ်းစာအုပ်ထဲတွင် မှတ်တမ်းရေးသူ ဖေဖေ့ကို တွေ့ရှိရလေသည်။ ပြန်မလာနိုင်တော့သည့် အရပ်ဆီသို့ ဖေဖေ့ကို အတင်းအဓမ္မ တွန်းပို့လိုက်သည့်နောက်တွင် ဖေဖေ ချန်ရစ်ထားခဲ့သည့် ပစ္စည်းပစ္စယတွေထဲတွင် ဖေဖေ့ပုံတူဖြစ်သည့် ဒီမှတ်တမ်းစာအုပ်ကို မြတ်နိုး သိမ်းဆည်းထားခဲ့ကြသည်။

ဖေဖေတို့ ချီတက်ခဲ့သည့်လမ်းမပေါ်တွင် တယောက်ထဲ ချီတက်နေစဉ် ဖေဖေ့ကို သတိရခြင်းနှင့်အတူ ဖေဖေရေးခဲ့သည့် စာမျက်နှာတွေပေါ်က အချို့အစိတ်ပိုင်းများကို စူးစူးနင့်နင့် သတိရနေခဲ့လေသည်။ အသည်းနှလုံးထဲမှာ မြားတွေ စူးဝင် နေသလိုမျိုး ထိုအစိတ်အပိုင်းများမှာ ဦးနှောက် အမှတ်စက်ထဲတွင် မိတ္တူကူးယူထားခဲ့ပြီး ဖြစ်နေ၍ စွဲနေသည်။

ဖေဖေ့ကို လွမ်းတသသတိရတိုင်း ဖေဖေ့မှတ်တမ်းကိုဖတ်ခဲ့သဖြင့် တချို့ကို အလွတ်ရနေသည်။ သီရိက လမ်းပေါ်ချီတက်ဆဲ ယခုတခဏတွင် ဖေဖေ့ မှတ်တမ်းစာအုပ်ထဲကစာမျက်နှာတချို့ထဲ ပြန်ရောက်နေလေသည်။

၁၉၈၈ ဩဂုတ်လ ၁၂ ရက်နေ့ မှတ်တမ်းထဲတွင် သွေးစက်တို့ ဝိုကြွေးရှိုက်သံတို့ကို ရေးချယ်ထားသည့် ပန်းချီကားချပ်ကို တွေ့ရလေသည်။

❖ ❖ ❖

"စာရွက်ဖြူဖြူတချပ်ပေါ်မှာ အနီရောင်မှင်အိုးထဲနှစ်ထားတဲ့ ပန်းချီစုတ်တံကို ခပ်ဆတ်ဆတ် ရိုက်ချကြည့်ပါ။ အဲဒါ ဆေးရုံရဲ့ အရေးပေါ် လူနာဌာနထဲကို သွေးအလိမ်းလိမ်း ဒဏ်ရာတွေနဲ့ ရောက်လာနေတဲ့ လူနာတွေရဲ့ ပုံရိပ်ပဲ။ သိပ်မကြာမြင့်မီ ကာလမှာပဲ အဲဒီပန်းချီစုတ်တံကို အနီရောင် မှင်အိုးထဲမှာ ထပ်နှစ်ပြီး ဒုတိယအကြိမ် ဆတ်ခနဲ လက်နှစ်ဘက်နဲ့ ရိုက်ချကြည့်ပါ။ အဲဒါ ဒုတိယအကြိမ် ရောက်လာတဲ့ လူနာနဲ့ ပထမအသုတ်က ရောက်လာတဲ့ လူနာတွေရဲ့ မြင်ကွင်းပဲ။ အဲဒီလိုနဲ့ တတိယအကြိမ် စတုတ္ထအကြိမ် အနီရောင်မှင်တွေကို တဆတ်ဆတ် ခါချကြည့်စမ်းပါ။

"အရေးတော်ပုံထဲက အရေးပေါ်လူနာ ဌာန" လို့ပန်းချီကားကို ခေါင်းစဉ်တပ်ကြည့်ပါ။ အဲဒီ ပန်းချီကားချပ်ရဲ့ မျက်နှာပြင်ပေါ်မှာပဲ နောက်ထပ် နက်မှောင်နေတဲ့ အမဲရောင်မှင်ကို စုပ်နဲ့တို့ပြီး ခါချကြည့်ဖို့ပါပဲ။ အနီရောင်

သွေးစက်တွေရဲ့ပေါ်မှာ စွန်းပေသွားတဲ့ အမဲစက်တွေဟာ အသက်တွေ ကြွေလွင့်သွားတဲ့ အရေးတော်ပုံတပ်သား သူရဲကောင်းတွေရဲ့ သင်္ကေတတွေပါပဲ။ စစ်အုပ်စုရဲ့ သေနတ်လက်ချက်နဲ့ သေဆုံးသွားကြတဲ့ အိမ်ထဲက ပြည်သူတွေလမ်းမပေါ်ကပြည်သူတွေရဲ့သင်္ကေတတွေပါပဲ"။

၁၉၈၈ ဩဂုတ်လ ၁၃ ရက်ကို မှတ်တမ်းတင်သော ဖေဖေသည် "သမီးလေး ကြီးပြင်းလာရင် ဖတ်ဖို့"ဟုဆိုကာ ကဗျာတပုဒ် ကိုပါ ရေးခဲ့လေသည်။

❖ ❖ ❖

ဆေးရုံက ပြန်အလာမှာ မွန်းကျပ်မှုတွေ ဒေါသနဲ့ ကြေကွဲမှုတွေဟာ အိမ်အထိပါလာခဲ့တယ်။ ဒါတွင်မက သွေးအလိမ်းလိမ်း သွေးရောင်လွှမ်းနေတဲ့ လူငယ်တွေရဲ့ ရုပ်ပုံတွေပါ ပါလာခဲ့တယ်။ သမီးရယ်၊ ဖေဖေဘယ်တော့မှ မေ့ဖျောက်လို့ မရနိုင်တော့တဲ့ ရုပ်ပုံတွေကတော့ ၁၃ – ၄ နှစ်ကျောင်းသားတွေရဲ့ ရုပ်ပုံတွေပါပဲ သမီးရယ်။ သေနတ်ဒဏ်ရာနဲ့ ဗိုက်ထဲက အူတွေအပြင်ကိုထွက်ကျ၊ အချိန်လွန်မှ ရောက်လာလို့ ရောဂါပိုးတွေဝင်နေပြီ၊ တချို့ကမေ့မျော၊ တချို့ကအသက်ငင်၊ တချို့ကလေးတွေက မျက်လုံးကြောင်တောင်၊ တချို့လူငယ်တွေမှာ အသက်ပါမလာတော့။ အံ့ဩဖို့ကောင်းတာက သပိတ်စခန်းတွေ၊ ဆန္ဒပြချီတက်ပွဲတွေဟာ အဲဒီ သွေးစည်းကြောင်းတွေ၊ သွေးအိုင်တွေပေါ်မှာ (ချိုးနှိမ်နှိပ်ကွပ်လို့မရပဲ) ဒီလှိုင်းလိပ်တွေလို တရိပ်ရိပ် ပေါ်ထွက်လာခဲ့ခြင်းပါပဲ။ သမီးသိရဲ့၊ ဇနီးသည်အေးတို့ကို တွေ့မြင်စေချင်တယ်။ သမီးကငယ်လွန်းတော့ အဲဒီစစ်မြေပြင်ကို မရောက်နိုင်တော့ဘူး၊ ဒါကြောင့် မှတ်တမ်း ရေးရတာလည်း ပါတယ်။ သမီးတို့သားအမိဖတ်ဖို့ ဒီမှတ်တမ်းက ဖေဖေတို့ခေတ်ရဲ့ စစ်မြေပြင်ကို ပြောပြလိမ့်မယ်။ အရေးပေါ် လူနာဌာနရဲ့ သွေးအလူးလူး၊ ယမ်းနံ့ အလူးလူးမြင်ကွင်းကို အားတင်းပြီးရေးရတာထက် ဖေဖေကိုယ်တိုင် ပါဝင်တဲ့ ချီတက်ပွဲအကြောင်းပဲ ရေးချင်တော့တယ်။ စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းဖို့၊ ဒီမိုကရေစီတောင်းဆိုတဲ့ ချီတက်ပွဲ။ အဲဒီ ချီတက်ပွဲထဲမှာ ဖေဖေကိုယ်တိုင် ပါဝင်ရလိမ့်မယ်။ ဆေးကုသမှုပညာနဲ့ လူနာတွေကို ကုသရသလို ပုပ်ဆွေးရိကျနေတဲ့ စနစ်ဟောင်း ရောဂါဆိုးကြီးကို လူထုတိုက်ပွဲ ဆေးပညာနဲ့ ကုသရလိမ့်မယ်။ လက်တင်အမေရိက ဆရာဝန်ချီ(ချီဂွေဗားရား)နဲ့ တရုတ်ပြည် တော်လှန်ရေးမှာပါဝင်ခဲ့တဲ့ ဆရာဝန်နော်မင်ဗက်သွန်းတို့ဟာ ဖေဖေတို့ခေတ်ထက် တခေတ်စောခဲ့တဲ့ ပြည်သူ့လွတ်မြောက်ရေး ဆရာဝန်တွေပေါ့။ နောက်ရက်တွေမှာ သူတို့ရဲ့ အဲဒီတိုက်ပွဲ လမ်းကြောင်းထဲမှာ ဖေဖေပါဝင်ရလိမ့်မယ်။ ဒီနေ့ အိမ်ပြန်ရောက်တဲ့အထိ စိတ်အာရုံထဲမှာ ကပ်ညိပါလာတဲ့ သွေးမြင်ကွင်းတွေကို ကဗျာဖွဲ့မိတယ်။ သမီးလေး ကြီးပြင်းလာရင်ဖတ်ဖို့ ဒီကဗျာကို ကြိုးစားပြီး ရေးသီလိုက်မိတယ်။

***စိန်ပန်းပွင့်ကြွေ***

***စိန်ပန်းပင်ကိုင်းခက်***
***လက်ယှက်သွယ်တန်း၊ စိန်ပန်းမြိုင်ကြော***
***အနီရောင်တော။***

***ရဲတင်းအရောင်***
***မိုးခေါင်ထိလွင့်၊ စိန်ပန်းပွင့်တို့***
***နီရင့်ရဲရဲ၊ သွေးခဲပွင့်ချပ်***
***သတ္တိပြိုးပြက်၊ မိုးထက်ဆန့်တန်း***
***လွတ်လပ်လမ်းသို့၊ မျှော်မှန်းချီစဉ်***
***နီလွင်ပွင့်ချပ်၊ သေနတ်ကျည်သင့်***
***တလွင့်လွင့်ကြွေကျ၊ မြေခ လျှောင်းစက်***
***သွေးကွက်သွေးအိုင်၊ ပန်းဆိုင်ပန်းအုပ်***
***မြေသို့ဆုပ်ကျဲ ၊ တောအုပ်နီလွင်***
***မြေပြင်နီလွ ... ။***

***အဟောင်းအုတ်ခုံ***
***ဆောက်အုံဖြိုချ ၊ ပေးရလူ့အသက်***

***စိန်ပန်းခက်များ၊ တူပြွားပေလည်း လူ့အသက် … ၊ စိန်ပန်းခက်မဟုတ် လူ့ခန္ဓာမှ ၊ ထွက်ကျသွေးစက် ပန်းရွှက်ပွင့်လွှာ ၊ အဲဒါလည်းမဟုတ် … ။***

သမီးအတွက် ဖေဖေရေးစပ်ခဲ့သည့် ကဗျာထဲက တချို့စာကြောင်းတွေကို အလွတ်ရကာ မှတ်မိနေခဲ့သည်။ "နီလွင်ပွင့်ချပ်၊ သေနတ်ကျည်သင့်၊ တလွင့်လွင့်ကြွေကျ၊ မြေခလျှောင်းစက်၊ သွေးကွက်သွေးအိုင်…" ကိုအလွတ်ရသည့်အပြင် စိတ်မျက်စိအာရုံထဲတွင် အထင်းသား မြင်ကွင်းတွေကို တွေ့နေရလေသည်။ ဖေဖေ့မှတ်တမ်းအရ ဖေဖေက ရန်ကုန်ဆေးရုံကြီး အရေးပေါ်လူနာဌာနမှာသာမက အရေးကြီးလျှင်ကြီးသလို မြောက်ဥက္ကလာပဆေးရုံ အရေးပေါ်လူနာဌာနမှာလည်း သွားပြီး ဆေးကုသ ပေးတတ်သည်။ ဖေဖေ့မှတ်တမ်းထဲမှာ ဖေဖေ့ကို ထပ်တွေ့ရလေသည်။

❖ ❖ ❖

## ၈၈ ဩဂုတ် ၁၉

ဘယ်နေ့ဘယ်ဆေးရုံကို သွားရမယ်ဆိုတာ ပုံသေကားချပ်မရှိ။ လူနာတွေသိပ်များနေပြီ၊ လျှံနေပြီ၊ အသေအပျောက်ကလည်း တောင်ပုံရာပုံ ဖြစ်နေပြီဆိုလျှင် အဲဒီသေကောင်ပေါင်းလဲ အရေးပေါ်ဌာနကို အပြေးသွားလိုက်တာပါပဲ။ အစိုးရဝန်ထမ်း မဟုတ်တော့ လွတ်လပ်တယ်။ မိမိကိုယ်ပိုင်ဆေးခန်းကို ပိတ်ထားလိုက်တယ်။ သပိတ်တပ်သားတွေ ပြည်သူလူထုတွေကို ဆေးကုသဖို့အမိန့် တောင်းခံနေစရာမလို။ မြောက်ဥက္ကလာပဆေးရုံကို ခါတိုင်းလိုပဲ ဖုန်းဆက်ကြည့်တယ်။ ကိုအောင်မြင့်နဲ့ တန်းပြီးတွေ့တယ် "အမြန်ဆုံး လာခဲ့ဗျာ … သေနတ်ဒဏ်ရာနဲ့ လူတွေကသိပ်များနေတယ်။ ခင်ဗျား ဘယ်လိုလာမယ်လို့ စိတ်ကူးထားသလဲ။ မြွေတွေက လမ်းပေါ်မှာ ပိတ်ထားတယ်" ဆိုပြီး ဖုန်းချလိုက်တယ်။ အငှားကားက မြောက်ဥက္ကလာကို သွားမယ်ဆိုတာနဲ့ ခေါင်းခါတော့တာပဲ။ နောက်ဆုံး ကားဒရိုင်ဘာကို ရှင်းပြတယ်။ တောင်းပန်ရတော့တယ်။ လူနာတွေကို ကယ်တင်ပါဗျာ။ သပိတ်တပ်သားတွေ ပြည်သူတွေကို ကယ်တင်ပါဆိုပြီး ရှင်းပြတယ်။ ကားဆရာလဲ မိမိကို သဘောပေါက်သွားတယ်။ မြောက်ဥက္ကလာ ဆေးရုံကြီးကိုရောက်ဖို့ အဆီးအတား စစ်ဘီလူးတွေ၊ တပ်တွေကို အထပ်ထပ်ကွေ့ပတ်၊ ကွေ့ရှောင်ရတယ်။ ကားမောင်းဆရာနဲ့ ပစ္စက္ခအခြေအနေတွေကို ဆွေးနွေးရတယ်။ သူလဲ စိတ်ဓာတ် တက်ကြွလာတာကို တွေ့ရတယ်၊ ဘယ်လောက်ခက်ခဲသလဲ။ ဒါပေမယ့် အဲဒီစိတ်ဓာတ်တွေနဲ့ ဆေးရုံ ရောက်လာခဲ့ကြတယ်။ ယနေ့ အထူးခြားဆုံးနှစ်ချက်။ (၁)ရဟန်းသံဃာတွေ အပါအဝင် ကျောင်းသားတွေ သပိတ်တပ်သားတွေ ကျဆုံးမှု အများဆုံးပါပဲ။ မိမိ လက်ထဲမှာပဲ ရောဂါပိုးတွေဝင် ဆေးဝါးမလောက်လို့ ကျဆုံးသွားတဲ့ ရဲဘော် အရေအတွက်မှာ (၁၅)ယောက်ရှိတယ်။ မိုးစင်စင် လင်းသွားတာကိုတောင် သတိမထားမိတော့။ အလောင်းတွေက ပုံနေတယ်။ သွေးပျက်စရာ လိပ်ပြာလွင့်စရာ။ တုန်လှုပ်ခြောက်ခြားစရာ ကောင်းတဲ့ မြင်ကွင်းပါပဲ၊ "သမီးရေ" "အစ်ကိုရေ" "ညီမလေးရေ" "သားရေ"ဆိုတဲ့ ငိုရှုက်သံတွေဟာ အရေးပေါ်ဌာနရဲ့ အမဲရောင် သင်္ကေတတွေပေါ့။

"ဆရာရယ်၊ သားလေးကိုကယ်ပါအုံး။ သားကို ကယ်လို့မရတော့ဘူးလား ဆရာရယ်။ ကျမရှိခိုးပါတယ်။ "ဟုပြောရင်းနှင့်ပင် သွေးအိုင်ထဲတွင် ကျဆုံးနေသော သားအလောင်းပေါ်တွင် မှောက်လျက် မေ့မြောသွားခဲ့သည့် မိခင်ကို အသက်လုရပြန်တယ်။"ဒီမိုကရေစီ တောင်းဆိုတာကို ပစ်သတ်ရသလားကွ"ဟူ၍ ဟစ်အော်သံ အထပ်ထပ်သည် ပွဲတင်သံ အထပ်ထပ်ဖြစ်သွားသည်။

❖ ❖ ❖

## ၃

ဆေးရုံမှာရှိသည့် အသက်ကယ်ဆေးဝါး၊ သက်စောင့်ဆေးဝါးတွေကို၊ စစ်ထောက်လှမ်းရေးက ပြောင်ပြောင်တင်းတင်း ထိန်းချုပ်လိုက်သည်။ မတတ်သာတော့ လူထုကို အကူအညီတောင်းရတယ်။ ကိုယ်ပိုင်ဆေးခန်းရှိတဲ့ ဆရာဝန်တွေကို အကူအညီလှမ်းတောင်းကြတယ်။ ကိုအောင်မြင့်နဲ့အတူ သပိတ်တပ်သားတွေထဲမှာ ကြေညာရတယ်။ ပတ်တီး၊ အရက်ပျံကအစ၊ ဂွမ်းထုပ်၊ ဆေးဝါးအဆုံး၊ လှူဒါန်းကြဖို့၊ အမြန်ဆုံးရှာဖွေပို့ကြဖို့၊ လူနာတွေ သပိတ် တပ်သားတွေ တဖွဲဖွဲကျဆုံးနေတာကို ကယ်တင်ဖို့ လိုက်လံ နှိုးဆော်ရတယ်။ ဆေးရုံပတ်ပတ်လည်နံရံမှာ ဆေးဝါးများ လှူဒါန်းဖို့ နှိုးဆော်စာတွေကို လိုက်ကပ်ရတယ်။

ကိုအောင်မြင့်နဲ့အတူအရေးပေါ် ကြေညာစာရွက်တွေ လိုက်ကပ်နေတုန်း ဖြဲဆုတ်ခွာနေ သူကို ရုတ်တရက်တွေ့လိုက်ရတယ်။

စစ်ထောက် လှမ်းရေးဆိုတာကို သိလိုက်ခြင်းနှင့်အတူ နှစ်ယောက်သား အော်ဟစ်ကြ၊ ပြေးပြီး ရင်ဆိုင်တော့တာပဲ။ အနီးအနားက သပိတ်တပ်သားတွေ ကျောင်းသားတွေပါ ညာသံပေးပြီးဝိုင်းလာကြ၊ ထောက်လှမ်းရေးကို ဖမ်းဖို့ကြိုးစားကြတယ်။ ထောက်လှမ်းရေး နှစ်ယောက်ဟာ ဆေးရုံထဲ ဝင်ပြေးပြီး အမှောင်ရိပ်မှာ ပျောက်ကွယ်သွားကြလေရဲ့။ ဒေါသနှင့်ခံပြင်းမှုတို့က သွေးကို ပွက်ပွက်ဆူစေခဲ့သည်။ ကျဆုံးသွားတဲ့ သူရဲကောင်းလူထုတွေ ကျောင်းသားတွေရဲ့ သွေးတွေ စိတ်ဓာတ်ဝိညာဉ်တွေက မိမိကိုယ်ခန္ဓာထဲ မှာ လည်ပတ် စီးဆင်းနေခဲ့ပြီ။

❖ ❖ ❖

ဖေဖေ့မှတ်တမ်းထဲ ရောက်သွားနေစဉ်ခိုက်မှာပဲ ဖေဖေကိုယ်တိုင် ပြောပြနေတာကို ကြားနေရသည်။ တခါတရံတွင် ကိုယ်ရေးမှတ်တမ်းစာအုပ်၏ စာမျက်နှာပေါ်ကနေ ဖေဖေက ထွက်လာခဲ့ပြီးပြောနေတာ။ လွန်ခဲ့သည့် (၉)နှစ်အတိတ်ကို သားအဖနှစ်ယောက် ခြေလျှင်လျှောက်ပြီး ပြန်သွားနေကြခြင်း ဖြစ်လေသည်။ မြောက်ဥက္ကလာပ သွေးခင်းမြေကို ရောက်လာခဲ့ကြတော့သည်။ မြောက် ဥက္ကလာပ ဆေးရုံဆိုသည်မှာ သွေးပင်လယ်ရှိုက်သံ မုန်တိုင်းတွေ ကိန်းအောင်းရာဒေသ။ အာဇာနည် ကျောင်းသားထုတွေ၏သွေးမှတ်တမ်း၊ သွေးမော်ကွန်းတိုက်၊ ကျောင်းသားလူငယ်တွေ၊ လူထုနဲ့ ရဟန်းသံဃာတွေ တိုက်ပွဲဝင်ရင်း နောက်ဆုံးထွက်သက် စွန့်ထုတ်လျှောင်းစက်ရာ။

ထိုဒေသကိုရောက်တော့ အသက်ရှူ မမှားရလေအောင် အသက်ကို တခါတခါ အောင့်ထားရသည်အထိ ဆို့နင့်ခံစားရလေသည်။ ဖေဖေက မှတ်တမ်းစာအုပ်ထဲမှ ထွက်ပေါ်လာခဲ့ပြီး ပြာနံ့သွေးနံ့ မီးခိုးနံ့တို့လွှမ်းသော သွေးမြို့တော်မြင်ကွင်းကို လက်ညှိုးထိုးကာ ပြနေလေတော့သည်။

## ဩဂုတ်လ ၁၀ရက်နေ့

ဖက်ဆစ်တပ်စုတွေ တပ်စိပ်တွေကို လူထုတွေက ဝိုင်းထားကြပြီ သမီးလေးသိရဲ့။ တချို့နေရာမှာ စစ်တပ်ကလူထုကိုဝိုင်းထား၊ လူထုက အင်အားကြီးမားလာပြီး နောက်ဆုံး စစ်တပ်ကို ဝိုင်းပိတ်ထားလိုက်တယ်။ သေနတ်သမားတွေကို လက်နက်မဲ့တွေက ဝိုင်းပတ် ပိတ်လှောင် ထားလိုက်တာဖြစ်တယ်သမီး။ ကြည့်၊ လူတွေဟာ တန်ခိုးရှင်တွေပါပဲ။ လူထုတွေဟာ လူစင်စစ်ကနေ သံမဏိ နံရံအတားအဆီးတွေ ဖြစ်သွားတယ်။ ကျည်ကာတွေဖြစ်သွားကြ။ လုပ်ပဲလုပ်တတ်တယ်။ အဲဒီလူထုတွေကိုကြည့်ပြီး ကြက်သီးထမိတာ ဘာဆန်းလို့လဲ။ ရန်သူတွေဟာ လူထုတွေ ကာရံ ဝိုင်းပတ်ထားတာကို ခံနေရတဲ့အခိုက် ဘယ်လို ခံစားကြရမလဲ။

လူထုကအာဏာရှင်စစ်အုပ်စုရဲ့ ရဲစခန်းတွေ ကင်းပုန်းတွေ၊ အစိုးရရုံးတွေမှာချထားတဲ့ အစောင့်တွေကို ဝင်ရောက်စီးနင်းလိုက်ပြီ။ တချို့နေရာတွေမှာ လူထုက ဝင်စီးရုံတင်မက မောင်းထုတ်ထားလိုက်ပြီ။

အကြီးဆုံးရဲစခန်းနဲ့ မြို့နယ်အုပ်ချုပ်ရေးရုံးဟာ မီးစွဲလောင်နေဆဲ။ မီးခိုးတွေ တအူအူလွင့်နေဆဲ ပြာပုံတွေဖြစ်သွားကြပြီ။ ဒီကာလဟာ အာဏာရှင်တွေရဲ့ ကောင်စီရုံးကို သူ့ထက်ငါအပြိုင် မီးလောင်တိုက်သွင်းပြာချနေတဲ့ကာလ။ သာကေတ ကောင်စီရုံးကို သာကေတလူထုက ပြာချပစ်လိုက်ပြီ။ ဒီသတင်းက သွေးကိုလှိုက်ဆူစေခဲ့သည်။ အာဏာရှင်တွေရဲ့ အောက်ခြေစခန်းတွေကို လောင်တိုက် သွင်းနေတဲ့ လူထု။

ကြည့်စမ်းပါအုံး သမီးလေးသီရိရယ်။ စူးစူးစိုက်စိုက်နဲ့ ကြည့်လိုက်စမ်းပါအေးရယ်။ ဆေးရုံဟာ အခုတော့ တကယ့်ကိုပဲ ပြည်သူ့ဆေးရုံကြီး ဖြစ်သွားပြီလေ။ ဆေးရုံကို အမိန့်ပေးဖို့ ကြိုးစား အားထုတ်နေတဲ့ စစ်ထောက်လှမ်းရေးတွေကို သပိတ်တပ်သားတွေ၊ လူထုတွေက လှဲကျင်းမောင်းထုတ် လိုက်ပြီးတဲ့နောက်မှာ ဆေးရုံဟာ အခုလို ပြည်သူ့ ဆေးရုံကြီးဖြစ်လာခဲ့တော့တာပါပဲ။ မြို့တော်ရန်ကုန် သို့မဟုတ် မြောက်ဥက္ကလာပ ဟာ ပဲရစ်ကွန်မြူန်းနဲ့ တထေရာထဲသွားတူတော့တာပဲ။ ဘယ်လို နိဂုံးချုပ်ကြမလဲ။ ပဲရစ်ကွန်မြူန်းကတော့ လူထုတွေ ပစ္စည်းမဲ့အလုပ်သမားတွေက နှစ်လကျော် အာဏာသိမ်းထားပြီးနောက်၊ အရင်းရှင်တွေရဲ့စစ်တပ်တွေက လူထုတွေကို ချေမှုန်းပစ်လိုက်ပြီး အာဏာကို ပြန်ယူလိုက်တယ်မဟုတ်လား။ လူထုတွေ ကျောင်းသားတွေ တောင်းဆိုနေကြတဲ့ ကြားဖြတ်အစိုးရ မပေါ် ပေါက်ဘူးဆိုရင်၊ ကြားဖြတ်အစိုးရတရပ်ကို မဖွဲ့စည်း နိုင်ဘူးဆိုရင် … စစ်အုပ်စုတစုဟာ ထပ်မံပေါ်ထွက်လာခဲ့ပြီး အာဏာဆက်လက်သိမ်းယူကြလိမ့်မယ်။ ဒါကို တွေးမိတိုင်း ရင်ထဲ ထိတ်နေမိတယ်။

ဆေးရုံမှာဆေးကုနေရုံနဲ့ မလုံလောက်သေးဖူး…။ လူထုတွေရဲ့တိုက်ပွဲထဲကိုဆင်းသွား၊ တိုက်ပွဲထဲမှာ ကိုယ်တိုင် ပါဝင်ရလိမ့်မယ်။ အသက်ဟာ အပေါင်ခံပစ္စည်းတော့မဟုတ်ဘူး။ ဒါပေမဲ့ … လူထုရဲ့ အာဏာကို လူထုက ပြန်လည်ရယူဖို့ တိုက်ပွဲထဲမှာ အသက်တွေကို အပေါင်ခံပစ္စည်း ဒြပ်ဝတ္ထုထည်ပစ္စည်းအဖြစ် ထားရှိကြရလိမ့်မယ်။ မိမိအပါအဝင်။

ဒီနေ့တိုက်ပွဲကတော့ လှသလားမမေးနဲ့။ ဘဝမှာတခါမှ မမြင်ဘူးတဲ့မြင်ကွင်း။ ကြုံတောင့်ကြုံခဲ လှတဲ့ မြင်ကွင်း။ လူထုတွေအဖိနှိပ်ခံရ၊ အသတ်ခံရ၊ ဒီအရေးတော်ပုံထဲမှာပဲ လူထုတွေဟာ အချေမှုန်း ခံရဖန်များလာတော့ စစ်တပ်ကို လူထုလှိုင်းလုံး လှိုင်းလိပ်ကြီးတွေက ဝိုင်းပတ်လျှောင်ပိတ်ထားစဉ် မဂ်လာဒုံလေတပ်က လေယာဉ်တွေပေါ်ကနေ စာတွေကြဲချလိုက်တယ်။ အထောင်အသောင်းသော ပျံလွှား ငှက်ငယ်တွေဟာ ကောင်းကင်ထဲမှာ ဝဲလှည့် ပျံသန်းနေသလိုပဲ စာရွက်တွေဟာလဲ လေထီးစီး နေကြတယ်။ စစ်တပ်ကို ပိတ်ဆို့နေရာကနေ နောက်ဆုတ်ပေးကြပါ။ ပိတ်မထားပါနဲ့။ တကယ်လို့ ဆက်လက်ပိတ်ဆို့ထားမယ်ဆိုရင် နောက်ထပ် ၂၄ နာရီအတွင်းမှာ ပုံးကြဲမယ်ဆိုပြီး ရာဇသံစာရွက်တွေဟာ လူထုတွေရဲ့ ဒေါသမီးလျှံကို တဟုန်းဟုန်း တောက်လောင်စေခဲ့တယ်။ လက်နက်မဲ့ အာဏာမဲ့လေတော့၊ လက်နက်ရှိ အာဏာရှိတဲ့ လူတန်းစားရဲ့ အနိုင်ကျင့်မှုကို ထပ်တလဲလဲ ခံပေဦးတော့ပေ့ါ။

"စစ်အာဏာရှင်စနစ် ဖျက်သိမ်းပစ်"

"စစ်အာဏာရှင်စနစ် ဖျက်သိမ်းပစ် "

လူထုတွေ ဟစ်ကြွေး တောင်းဆိုသံတွေဟာ လှိုင်းထနေတယ်။ မိုးနဲ့မြေကို သိမ့်သိမ့်တုန်အောင်ကိုပဲ ရိုက်ခတ်နေတယ်။ တခဲနက်ညာသံ လှိုင်းလိပ်တွေဟာ ရန်သူ့ခံတပ်ကို တခုပြီးတခု ချေမှုန်းပစ်နေတဲ့ အမြောက်ကျည်ဖူးတွေ ဖြစ်နေတယ် သမီးလေးရေ။

❖ ❖ ❖

ထိုသို့ပင် ဩဂုတ်လ ၁၀ ရက်နေ့ကို ရေးသားခဲ့သည်။

နေ့စဉ်မှတ်တမ်းတွေထဲက ထူးထူးခြားခြား စွဲလမ်းမှတ်မိနေသည့် စာမျက်နှာများဆီသို့ ပြန်လည်ရောက်ရှိနေသည်။ သီရိ၏ စိတ်အတွင်းတွင် (၉)နှစ်ကာလခြားခဲ့သော အတိတ်နံရံကို ဖောက်ထွက်ကာ အရေးတော်ပုံသွေးနေ့များကို ဖေဖေနှင့်

အတူ ရောက်ရှိနေခြင်းပင်ဖြစ်သည်။ လမ်းမပေါ်မှာ ဖေဖေနှင့်အတူချီတက်နေတာ။ ဖေဖေ့လက်ကို တင်းတင်းဆုပ်ထားသည်။ ဖေဖေ့ လက်မောင်းကို ခေါင်းနှင့်တဆတ်ဆတ်ရိုက်နေမိသည်။ ဖေဖေက သမီးလေးသီရိ စိတ်အမူအရာကို သိနားလည်ပြီး ဖြစ်သည်။ ဒီလောက် ငယ်နုတဲ့ ကျောင်းသူ ကျောင်းသားတွေဟာ အရေးတော်ပုံထဲမှာ ပါဝင်ရလောက်အောင်ကိုပဲ ဆိုးဝါးတဲ့ အာဏာရှင်စနစ်ပါလား ... ဟု ခံပြင်းဒေါသက သီရိကို ပေါက်ကွဲစေခဲ့သည်။

တကယ်က သီရိတို့အရွယ်က သီချင်းတွေကို အေးအေးချမ်းချမ်းသီဆို။ သူငယ်ချင်းတွေနှင့် ပျော်ရွှင်ကြ၊ ကြည်နူးကြ။ ကျောင်းစာသင်ခန်းမှာ မိသားစုဘဝထဲမှာ အေးချမ်းတည်ငြိမ်နေရမှာ။ အနာပဆုပ်လို လူမှုကပ်ဆိုးနာတွေ ဒဏ်ရာတွေ ထူပြောသည့်ဘဝက တွန်းပို့ပေါက်ကွဲစေဖို့ တွန်းပို့ခံ လိုက်ကြရ။ ယခုလည်းဖေဖေနှင့်အတူ လမ်းမကြီးတလျှောက် ချီတက်လာရင်း သီရိ ပေါက်ကွဲလာနေသည်။ “သမီးရယ်၊ ဖေဖေက ကဗျာဆရာကြီး တဂိုးရဲ့ ဂီတဥ္စလီကိုပဲ ဆိုပြချင်နေတာ၊ သမီးလေး စိတ်နုကွေးကလေးပေါ်မှာ စိတ်ဒဏ်ရာ အနာတရရစေမဲ့ အရေးတော်ပုံအကြောင်းကို ပြောမပြချင်ပါဘူးကွယ် ...။ သို့ပေမဲ့ ဒါရှောင်လို့မရတဲ့ ဘဝပဲ သမီးရဲ့။ စစ်ရာဇဝတ်ကောင် စစ်အာဏာရှင်တွေရဲ့ စစ်တပ်တွေကို ဟောဒီ သွေးမြေပေါ်မှာ၊ ယမ်းနံ့သွေးနံ့တွေထဲမှာပဲ လူထုက ဝိုင်းပတ်ပိတ်ဆို့ ထားလိုက်ကြတာ သမီးရေ။ ဟောဟိုရှေ့က လမ်းချိုးကွေ့မှာ ဝိုင်းပတ်ထားလိုက်ကြတာ ဟိုရှေ့မှာ ”ဟု ဖေဖေ ပြောလိုက်စဉ် သီရိက သူ့လက်မောင်းကြွက်သားတွေ တောင့်ကြွသွားအောင် တင်းတင်းဆုပ်မိလျက်သား ဖြစ်သွားသည်။

“သေချင်လို့လား၊ ဒါနင့်အမေလင်မဟုတ်ဘူး၊ သေသွားလိမ့်မယ်”

ကားဟွန်းသံ။ ကားဘီးက ကားလမ်းကို ဒရွတ်တိုက်သံ ဆဲဆိုကြိမ်းမောင်းသံတို့ဖြင့် ဆူညံပွက်လောရိုက်သွားသည်။ သီရိ ခြေလှမ်းတွေ တုန့်ရပ်သွားပြီ။ အတွေးစိတ်ကူးများလည်း ရပ်တန့်သွားပြီ။ တစက္ကန့်မှာပဲ သူ့ခြေလှမ်းတွေကိုပြင်လိုက်သည်။ ကားရှေ့မှာ ပြိုလဲနေကြသည့် သားအမိနှစ်ယောက်ထံ ကူညီဖေးမရန်အတွက် ဖြစ်သည်။ မလှမ်းမကမ်းတွင် လှမ်းမြင်နေရသည့် မြင်ကွင်း။ ဈေးဗန်းတခြား၊ လူတခြားဖြစ်နေသည်။ ဈေးဗန်းထဲမှာ ပလပ်စတစ်ဆန်အိတ်က လမ်းပေါ်တွင် ပွင့်ထွက်သွားကာ ဆန်စေ့များပြန့်ကြဲလွင့်ထွက်။ အမေဖြစ်သူက ဈေးရောင်းလင်ဗန်းနှင့် သမီးလေးလက်ကိုဆွဲကာ မတ်မတ်ရပ်လိုက်သည်။

“နင့်ကိုနင်ပြန်မေးကြည့်။ တိုက်သတ်ရဲ့သလား နင့်ကိုနင်ပြန်မေး ... ငါတို့သားအမိက နင်တို့ကိုရင်ဆိုင်ဖို့အသင့်ပဲ ... နင်တို့ကြောင့် ငါတို့တွေ အခုလို ဒုက္ခ သုက္ခရောက်နေရတာ၊ ကဲ ဘယ်လိုလဲ” လူတွေက ဝိုင်းလာကြပြီ။ မျက်လုံး စူးရဲများဖြင့် ဝိုင်းကြည့်လာကြသည်။ သူမက ကားထဲမှ စစ်ဗိုလ်မျက်လုံးကို စိုက်ကြည့်ရင်း တကိုယ်လုံး နတ်ဝင်ပူးသလို တဆတ်ဆတ်တုန်နေသည်။ လူကြီးသုံးယောက်က သူတို့သားအမိ နှစ်ယောက်ကို ဆွဲခေါ်လာခဲ့ကြသည်။ စစ်ဗိုလ်က အချက်ပြလိုက်မှ ကားမောင်းသူမှာ ဆောင့်ကာ မောင်းထွက်သည်။ စစ်ဗိုလ်၏ကားက ပလပ်စတစ် ဆန်အိတ်ကို ဖိနင်းယက်ထုပ်သွားလေသည်။

သီရိစိတ်တွင်ဒဏ်ရာတခု ထပ်မံ ရရှိလိုက်လေသည်။ သက်ပြင်းချကာ ဆက်၍ ချီလာခဲ့သည်။ ခရီးအဆုံးကိုရောက်ရှိရန် သိပ်မဝေးတော့။ ကားလမ်းမပေါ်မှ သားအမိနှစ်ယောက် အဖြစ်အပျက်ကြောင့် အတိတ်သွေးမြေပေါ် လျှောက်နေရာမှ လက်ရှိပစ္စုပ္ပန်ကို ပြန်ရောက်လာခဲ့သည်။ ပလပ်စတစ်ဆန်အိတ်ငယ်ကလေးထဲမှ လွင့်စင် ထွက်ကျလာသော ဆန်စေ့များက သီရိစိတ်ထဲတွင် ပါလာသည်။ သေမထူး နေမထူး ဘဝ၏ မှတ်သိပ် ကြွေးကြော်သံများပါလာသည်။ သီရိစိတ်တွင် လွန်ခဲ့သည့် ၉ နှစ်နှင့် ဆက်စပ်သွားကာ ရှန်ရင်းဆန်ခတ် ဖြစ်နေလေသည်။

ဖေဖေရယ် ... သမီးကလေ အဲဒီ သားအမိလို ဖြစ်ချင်တာ။ ဖေဖေ့အနားမှာ ဖေဖေနှင့်အတူ

အဲဒီလိုရင်ဆိုင်လိုက်ချင်တာ ဖေဖေရဲ့၊ အခုလည်း ဖေဖေမရှိပေမဲ့ ဖေဖေ့ကို ရင်ထဲမှာ မီးအိမ်တလုံး အဖြစ်နဲ့ထွန်းညှိထားတယ်။ ဖေဖေ့ကို လွတ်လပ်ရေး သပြေညို ပန်းတခက်အဖြစ်နဲ့ သမီးခေါင်းထက်မှာ ပန်ထားတယ်ဖေဖေ ...၊ ပြီးတော့ ဖေဖေက သူရဲကောင်း သမိုင်းမှာ တောက်ပခဲ့သူ၊ လှတဲ့သူ။ အဲဒီဖေဖေရဲ့ သမီးက ကချာလာမဖြစ်ရအောင် ... ဆန်ကုန်မြေလေး မဖြစ်ရအောင် သမီးက ဆက်ထိန်းသွားရမှာပေ့ါ၊ ဒီလိုမဟုတ်လား ဖေဖေရယ်... ဟုတ်တယ်နော်။

တသုန်သုန်တိုက်ခတ်နေသော မုတ်သုန်လေက သီရိရင်ကို ဆီး၍တွန်းလိုက်သည်။ အလံတိုင် ထိပ်က အဝတ်စကဲ့သို့ သီရိလုံချည်အင်္ကျီစက မုတ်သုန်လေရိုင်းတွင် တလူလူလွင့်နေလေသည်။ ဘာကိုမှ သီရိက သတိမပြုမိတော့။ သူ့နံဘေးတွင် အရိပ်အဖြစ် ပါလာသော ဖေဖေ့ကိုတိုးတိုးလေး ပြောကြည့်မိလျှက်သား ဖြစ်နေသည်။

တခါတလေကြတော့လည်းသမီး အားငယ်မိတယ် ဖေဖေရယ်။ ကျောင်းမှာ ဘာသာစုံ ပထမဆုရလို့ စင်မြင့်ပေါ်တက်ပြီး ဆုယူရတဲ့အခါတိုင်း သမီးငိုမိတယ်ဖေဖေရယ်။ ကြိတ်ငိုမိတဲ့အခါတိုင်း ရင်ဟာ ပွင့်ထွက်သွားသလိုပဲ။ မေမေက သမီးဘေးမှာ အားတင်း ပေးပါတယ်။ သမီးအဖေက အားငယ်တာ ငိုကြွေးဝမ်းနည်းတာတို့ကို မကြိုက်ဘူး၊ ဒါကြောင့် သမီးက အားတင်းထားရမယ်လို့ လူတွေကြားထဲမှာ ချွေးသိမ့်ပေမဲ့ မေမေကိုယ်တိုင်က ငိုနေတာ။ အိမ်ကို ရောက်လာတဲ့အခါမှာတော့ ခေါင်းအုံးကို မျက်နှာအပ်ပြီ ဖေဖေရေ၊ ဖေဖေ ... သမီးကို လာကြည့်လှည့်ပါအုံးဆိုပြီး ဟစ်ပြီးငိုတော့တာပဲ။ မေမေ့ဆီကိုပြေးသွား မေမေ့ရင်ခွင်ထဲမှာ နှစ်ထားပြီး ဟစ်ငိုမိတယ်။

လူသတ်သမားတွေက ဖေဖေ့ကို ပြန်မလာနိုင်တော့တဲ့ လောကအပြင်ဘက်ကို ပို့လိုက်တာ... ဖေဖေရေ၊ ဖေဖေလို့ ငိုတမ်းဟစ်ခေါ်ပေမဲ့ ဖေဖေမကြားနိုင်တော့ဘူး။ ဒါပေမဲ့ စိတ်ထဲမှာ ရှိနေတဲ့ အဖေကတော့ သမီးငိုတာ သမီးခေါ်တာကို သိပါတယ်။ ငိုရှိုက်သံတွေ မျက်ရည်တွေထဲမှာ ဖေဖေပါလာသလား။ ကြေမွနေတဲ့ အသည်းစတွေ ပါလာသလား မသိဘူး။ သမီးရင်ဟာ ကောင်းကင်ကြီးလိုပဲ ဟင်းလင်းပြင် ဖြစ်ကျန်ရစ်ခဲ့တယ်ဖေဖေ။

သမီးနေမကောင်းလို့ အိပ်ယာထဲမှာ ဖျားတဲ့အခါတိုင်း ဖေဖေ့ကိုပဲ သတိရနေမိတယ်။ ငါမငိုဘူး မငိုရဘူးဆိုပြီး စိတ်ကို ထိန်းထားတဲ့ကြားကပဲ ခေါင်းအုံးပေါ်ကို မျက်ရည်စက်တွေက စီးကျလာတယ်။ ခေါင်းအုံးဟာ မျက်ရည်တွေနဲ့ စိုလို့ ရွဲတော့တာပဲ ဖေဖေ။ ဖေဖေသာ သမီးအနားမှာ ရှိနေရင် သမီးနဖူးကိုစမ်းကြည့်မယ် ... အဖျားတိုင်းမယ်၊ ဆေးတိုက်မယ်၊ ယုယပြုစုမယ်။ ပုံပြင်တွေ ပြောမယ်။ ရယ်စရာတွေပြောမယ်။ သမီးနဖူးပြင်ပေါ်မှာ ဖေဖေ့မျက်နှာလာအပ်ထားမယ်၊ ကပ်ထားမယ်ပေ့ါ။

လူသတ်သမားတွေက ဖေဖေ့ကို သမီးတို့ မိသားစုထဲက မတရားခွဲထုတ် လိုက်ကြပြီးတဲ့နောက်မှာ ဖခင်ရဲ့မေတ္တာအချစ်ကို မရခဲ့တော့ တာပါပဲဖေဖေရယ်။ လူသတ်သမားတွေကို သမီး ပြောပြချင်လိုက်တာ။ သမီးတို့ဘဝတွေ ဘယ်လို ကျိုးကြေကုန်တယ်၊ ပျက်ယွင်း ကုန်တယ်ဆိုတာ ပြလိုက်ချင်တယ်။ လူသတ်သမားတွေဟာ လူစင်စစ် ဖြစ်တယ်ဆိုရင်တော့ တကယ့်ကို ပြသချင်တယ်။ သမီးဖျားလို့ အိပ်ရာထဲလဲပြီဆိုရင် သတိရတမ်းတမိတာ ဖေဖေ့လက်ပဲ။ ဖေဖေ့လက်ကို ကိုင်ထားချင်တယ်။ သမီးရင်ခွင်ထဲမှာ ဖေဖေ့လက်ကို သိမ်းပွေ့ ထားချင်တယ်။ ဖေဖေ့အားဆေးရည် နှလုံးသွေးဟာ ဖေဖေ့အသည်းနှလုံးကတဆင့် လက်ကိုစီးဝင်၊ ပြီးတော့ သမီးရင်ထဲစီးဝင်။ သမီးကိုယ်ခန္ဓာထဲက အဖျားပိုးတွေဟာ ဖေဖေ့နှလုံးသွေး အားတိုးဆေးကြောင့် ထွက်ပြေးကြရမှာ။ ဖေဖေရယ် အခုတော့ အချစ်တွေ မေတ္တာတွေ လွှမ်းပတ်ထားတဲ့ ဖေဖေ့လက်ကို သမီးမရနိုင်တော့ပါဘူး။ ပစ္စည်းဥစ္စာတွေ စားစရာ၊ ဝတ်စရာတွေ ဘယ်လောက် ပြည့်စုံနေပါစေ ဖေဖေမရှိတော့ ဘာမှ မပြည့်စုံတော့ပါဘူး ဖေဖေ။

မေမေက သမီးအဖေကို မတမ်းတဖို့ ပြောတယ်။ သမီးအဖေက ပြန်လာတော့မှာ မဟုတ်

ဘူး။ သမီးဒီအတိုင်းပဲ ခံစားနေမယ်ဆိုရင် သမီး စိတ်ထိခိုက်လိမ့်မယ်။ စိတ်မှာ ဒဏ်ရာရောဂါ ရလိမ့်မယ်။ စိတ်ကိုတင်းထားမှပေါ့တဲ့။ မေမေကတော့ မိခင်ကောင်းမိခင်မြတ်ပါ။ မိခင်တယောက်ရဲ့ တန်ဖိုးကို ဘယ်တော့မှ နှင်းချေမပျက်တဲ့ အမေပါ။ မိခင်ရဲ့အချစ် မိခင်ရဲ့မေတ္တာတွေကို မေမေ့ထံကနေ သမီးရရှိနေပါတယ်။ ဖေဖေမရှိပေမဲ့ ယခုအထိ မေမေက ဖေဖေနဲ့ အိမ်ထောင်ပြုထားတုန်း။ သမီး ဖေဖေ့ကိုချစ်ရင် ဖေဖေ့လို သတ္တိကောင်းရတယ်လို့ ပြောပါတယ်။ သမီးအဖေကို သမီးက တမ်းတငိုကြွေးတော့ အမေ ဘယ်လိုလုပ်ရမလဲသမီးရယ် ဆိုပြီး မေမေက ရှိုက်ငိုပါတော့တယ်။ ဖြစ်နိုင်ရင် အမေ့ရင်ကိုဖွင့်ပြချင်တယ်။ အမေ့အသည်းတွေ ကြွေမွနေတာကို ပြလိုက်ချင်ပါဘိ သမီးရယ်။ သမီး မျက်ရည်တွေ တမ်းတသံတွေကြောင့် အမေ့ အသည်းနှလုံးတွေ ကြေပြုန်းကုန်ပြီ သမီးရယ် လို့ဆိုပြီး သမီးကိုဖက်ငိုတယ်။ အဲဒီတည်းက မေမေ့ကို သိပ်သနားသွားပြီး မေမေ့ရှေ့မှာ ဖေဖေ့ကို မတမ်းတမိအောင် ကြိုးစားခဲ့တော့တာပဲဖေဖေ။ ဖေဖေ့ဇနီးက ဖွဲ့သတ္တိကောင်းတဲ့ မိခင်ပေါ့။ ကုမ္ပဏီနှစ်ခုမှာ အချိန်ပြည့် အချိန်ပိုင်းအလုပ်လုပ်ပြီး သမီးဘဝကို ဖေဖေ့ကိုယ်စား ပျိုးထောင်ပေးနေခဲ့တယ်။ အခုတော့ မဖျားရဲတော့ပါဘူးဖေဖေရယ်။ နေမကောင်းလို့ဖျားတဲ့အခါ အဖေ့ကို ပိုတမ်းတတတ်လွန်းလို့ မဖျားရဲတော့ပါဘူး ဖေဖေရယ်။ တကယ်လဲ မေမေပြောတဲ့အတိုင်း ဖေဖေ့လို သတ္တိကောင်းရမယ်။ လွတ်လပ်ရေးအတွက် ဖေဖေချီတက်တဲ့လမ်းအတိုင်း သမီး ချီရလှမ်းရလိမ့်မယ်။ ဖေဖေ့လမ်းကိုလိုက်တဲ့ သမီးဖြစ်ဖို့ ဖေဖေ့ခြေရာအတိုင်း လှမ်းတက်ရမယ် မဟုတ်လားဖေဖေ။

အတွေးထဲမှာ ဖေဖေနှင့်အတူ စကားတွေပြောရင်းနှင့်ပင် သွေးချောင်းစီးသည့်နေရာသို့ သီရိရောက်လာခဲ့သည်။ ခြေလှမ်းတွေက လေးလံနှေးကွေးသွားပြီ။ 'ဖေဖေကျဆုံးသွားခဲ့တဲ့ နေရာဟာ ဒီနေရာပေါ့' ဆိုသည့် အတွေးက သီရိရင်ကို ရိုက်ခတ်လိုက်လေသည်။ ကြေကွဲဆို့နင့်မှု သနားကြင်နာမှု တို့က တရိပ်ရိပ်လှိုင်းထလာသည်။ ဦးလေးလေး ပြောသည့်အတိုင်း စကားလုံးတွေက တလုံးချင်းစီကာ သီရိရင်ကို တိုးဖွင့်ဝင်လာခဲ့သည်။ လွန်ခဲ့သည့် တပတ်က ဖုန်းထဲမှာ ဦးလေးလေးပြောခဲ့သည့် အသံတွေကို ယခုခဏတွင် သီရိပြန်ကြားနေရသည်။

"အဲဒီနေရာမှာပဲသမီး၊ သမီးဖေဖေရယ်၊ ဦးလေးရယ်၊ ဆရာဝန်တွေ ကျောင်းသား လူထုတွေရယ် ကြွေးကြော် ချီတက် လာနေတုန်း နောက်ကြောဘက် အဆောက်အဦးပေါ်မှာ အသင့်ပြင်ဆင်နေရာယူပြီး စစ်တပ်က စက်သေနတ်တွေနဲ့ လှမ်းပစ်ခဲ့တာ။ မြက်ခုတ်ဓါးရှေ့မှာ အပိုင်းပိုင်းပြိုကျသွားတဲ့ မြက်ပင်တွေလိုပါပဲ။ သမီးဖေဖေ ဒေါက်တာသက်မောင်ဦးဟာ အဲဒီနေရာမှာပဲ လဲကျသွားခဲ့တာ။ ကျဆုံးသွားခဲ့တာ။ ဦးလေးလေးနဲ့ ကျောင်းသားတွေက သမီးအဖေကို ဆွဲမသယ်လာဖို့ကြိုးစားပေမဲ့ မိုးရွာသလို ရွာချလာနေတဲ့ ကျည်ဆံတွေကြားမှာ မအောင်မြင်ခဲ့ပါဘူး။ ဆွဲခေါ်ဖို့ကြိုးစားနေတုန်း ဆရာဝန်တွေကော ကျောင်းသားတွေပါ ထပ်ပြီးလဲပြို ကျဆုံးကုန်တယ်။ ဦးလေးလေးရဲ့ ညာဘက် လက်မောင်းဟာ သမီးဖေဖေကို ချီမနေတုန်း ကျည်ဆံထိမှန်ပြီး သစ်ကိုင်းကျိုးလို လေထဲမှာ တွဲလောင်း ဖြစ်သွားတယ်။ သူငယ်ချင်းကို ထားခဲ့ရတော့တယ် သမီးရယ်။ နေရာက ဆူးလေဘုရားလမ်းနဲ့ ကုန်သည်လမ်း ဒေါင့်မှာပါ။

ဦးလေးလေးဟာ ရေမြောင်းထဲ အပြေးခုန်ချလိုက်တယ်။ ဦးလေးလေးရဲ့နောက်ကျော ဘက်ကသွေးအိုင် သွေးစီးချောင်းထဲမှာတော့ ဒီမိုကရေစီ သူရဲကောင်းတွေဟာ အတုံးအရုံး လဲပြိုကျန်ရစ်ခဲ့လေရဲ့"

လွန်ခဲ့သည့်ကိုးနှစ် အတိတ်က သွေးအိုင် သွေးစီးချောင်းတွေကို ပြန်မြင်ရသည်။ ဒီမိုကရေစီ တိုက်ပွဲအတွင်းက ကြွေးကြော်သံ၊ မိုးခြိမ်းသံများကို ပြန်ကြားရသည်။ စက်သေနတ်သံများက ကျွက်ကျွက်ဆူသွားသည်။ သေနတ်ကျည်ထိမှန်ကာ ပြိုကျသွားသောဖေဖေ။ ထို့နောက် သွေးအိုင်ထဲတွင် နစ်ဝင်သွားသောဖေဖေ။ သွေးအိုင်သွေးစီးချောင်းထဲက လူထုတွေကို ပြန်မြင်ရသည်။ သွေးအိုင်ထဲမှ ထလာသော ဖေဖေ့ကို ရုတ်တရက် လှမ်းတွေ့လိုက်

သည်။ "သမီးလေး သီရိရေ "ဆိုသည့်ဖေဖေ့ခေါ်သံကို စိတ်နှင့် ကြားလိုက်ရသလို ဖြစ်သွားသည်။

ဆန်းကြယ် အံ့ဖွယ်ကောင်းလှသည့် စိတ်အတွေးက မဖြစ်နိုင်သည်များကို ဖြစ်လာအောင် ဖန်ဆင်းကြည့်မိလျက်သား ဖြစ်သွားသည်။ ဖေဖေက သွေးအိုင်ထဲမှ ထလာခဲ့ပြီး သမီးလေးသီရိရေဟု ဟစ်ခေါ်နေသည်ကို စိတ်ဖြင့်ကြားမြင်နေမိသည်။ သီရိရင်သည် မောက်ကြွကာ ဆို့လှိုက်လာလေသည်။

"ဖေဖေရေ၊ ဖေဖေရေ၊ သမီးရောက်လာနေပြီ။ သမီးကို ထပ်ခေါ်ပါအုံးဖေဖေ။ စောစောက သမီးကို ဖေဖေလှမ်းခေါ်လိုက်တယ် မဟုတ်လား။ ဖေဖေ့ခေါ်သံကိုမကြားရတာ (၉)နှစ် ရှိသွားပြီဖေဖေရယ်။ သမီးလေးသီရိရေလို့ ထပ်ခေါ်လိုက်စမ်းပါဖေဖေရယ်။ သမီး ထူးချင်လို့၊ ရှင် ဖေဖေရေလို့ ပြန်နှုတ်ဆက်ချင်လို့ပါ ဖေဖေရယ်"

မျက်လုံးအိမ်ထဲတွင် လျှံထွက်လာသော မျက်ရည်များက လိမ့်၍စီးကျလာလေသည်။ ရင်နှင့် ခံစားမှုများက ရှိုက်ငိုသံအဖြစ် တမဟုတ်ချင်း ပြောင်းလဲသွားသည်။ အောက်နှုတ်ခမ်းကို ပြတ်ထွက်မတတ် သီရိကိုက်လိုက်မိသည်။ ထို့နောက် အောက်နှုတ်ခမ်းကို လွှတ်လိုက်သည်။ တခုခုကိုပြောဖို့ ကြိုးစားကြည့်ရင်းက နှုတ်ခမ်းလွှာများက တုန်ရင်လာလေသည်။

"ဖေဖေ့အတွက်လွမ်းရလွန်းလို့ ကြေကွဲသနားရလွန်းလို့ အလွမ်းပြေ လွမ်းသူ့ပန်းခိုင် လာချခဲ့ပါတယ်ဖေဖေ၊ ဖေဖေ့အတွက် ... ပြီးတော့ သူရဲကောင်းတွေ အတွက် ..."

ပြီးမှ ပိတ်ဆို့တင်းထားသောစိတ်ကို ဖွင့်ချလိုက်သည်။ လွှတ်၍ဟစ်၍ ဖေဖေ့ကိုတမ်းတကာ ငိုချလိုက်တော့သည်။ ပြောပြချင်တာတွေ များလွန်း၍ မပြောချင်တော့။ "ဖေဖေရေ၊ ဖေဖေ"ဟူ၍သာ အထပ်ထပ် ခေါ်ငင်မြည်တမ်းရင်း ငိုချလိုက်သည်။

"သမီးမောနေပြီ၊ ငိုနေတာ မောလှပါပြီကွယ်၊ လာသွားကြစို့"

သီရိပခုံးထက်သို့ ဖွဖွညင်ညင် ကျရောက်လာသည့်လက်မှာ မေမေ့လက်ဖြစ်နေသည်။ သီရိက ပန်းစည်းချသည့်အချိန်မှာပဲ သီရိအမေကလည်း သစ္စာပန်းတစည်းကို သီရိပန်းစည်းနှင့်အတူ ယှဉ်ချလိုက်သည်။ အမေက သီရိကို ဖေးမတွဲခေါ်လာခဲ့သည်။ မငိုရှိုက်မိအောင် အမေက အံတင်းထားရသည်။

သားအမိနှစ်ယောက် ခပ်ဝေးဝေး ခပ်လှမ်းလှမ်းအရောက်တွင် လွမ်းသူ့ပန်းခွေချသူ နှစ်ယောက်ထပ်မံရောက်ရှိလာသည်။ ထိုသွေးမြေပေါ်မှာပဲ လွမ်းသူ့ပန်းခွေချခဲ့ကြသည်။ သီရိတို့သားအမိ မသိလိုက်။ တဖြေးဖြေးနှင့် ဝေးလာခဲ့ကြ၍ မသိလိုက်ကြတော့။ ထိုပန်းခွေပန်းစည်းများဆီသို့ လူသုံးယောက် ထပ်မံရောက်ရှိလာကြသည်။ ကြမ်းကြမ်း တမ်းတမ်း ဆဲဆိုကြိမ်းမောင်းခြင်းနှင့်အတူ လွမ်းသူ့ပန်းခွေနှင့် လွမ်းသူ့ပန်းပွင့်ခိုင်များကို စစ်ဖိနပ်ဖြင့် အထပ်ထပ် နင်းချေပစ်လိုက်သည်။ လမ်းမများပေါ်တွင် သွေးနံ့လွှမ်းသောမှတ်သုံလေသည် တသုန်သုန် တိုက်ခတ် နေလေသည်။

သြဂုတ် ၄ ၊ ၂၀၀၅
သစ္စာအမှတ် (၇) နိုဝင်ဘာ၊ ၂၀၀၅

# မသန်း၏ စစ်ရေး ဒီမိုကရေစီ

ဗမာပြည်တွင် မသန်းပေါင်းများစွာရှိသည်။ နာမည်တူမရှား၊ လူတူမရှား။ နာမည်တူတွေ ရှိသည့်အတွက် မသန်း၏ရှေ့က ထူးခြားသည့် ဝိသေသကို လူတွေကထည့်ပြီး ရည်ညွှန်းခေါ်ဆို တတ်ကြသည်။ ဥပမာ ... ကျောင်းဆရာမ မသန်း၊ အကြော်သည်မသန်း၊ ကိုမောင်ဝင်းမိန်းမ မသန်း။ စသည်ဖြင့် တရွာထဲမှာပဲ မသန်းတွေ နာမည်တူတွေ ရှိနေသေးလျှင် ဗမာတပြည်လုံးတွင် မသန်းပေါင်း များစွာရှိနေသည်။ ယခု ကျနော်ပြောလိုသည့် မသန်းက ကျနော်တို့ရွာက ဈေးသည် မသန်းအကြောင်း။ ဈေးသည်တွေက အများကြီး။ ဈေးသည်မသန်း တွေကလည်းအများကြီး။ ဈေးသည်တွေထဲက ဘယ်လို ဈေးသည်မျိုးလဲ။ သူ့အကြောင်းကို ပြောပြပြီးသောအခါ စာဖတ်ပရိတ်သတ်အနေဖြင့် ဘယ်လို ဈေးသည် မျိုးဖြစ်သည်ကို နာမဝိသေသနတခု ထည့်ပေးဖို့လိုလိမ့်မည်လားမသိ။ မသန်းတွေထဲက ဘယ်လို ထူးခြားတဲ့မသန်းလဲ။ ဈေးသည်တွေထဲက ဘယ်လိုဂုဏ်ထူး ဝိသေသနကို ပိုင်ဆိုင်ထားသည့် မသန်းလဲ။

ကျနော့်ရွာက မသန်းက ဈေးသည်တယောက်ပါ။ သူမ၏ ဈေးတောင်းထဲတွင် ရာသီအလိုက် ဟင်းသီးဟင်းရွက်၊ ပန်းမျိုးစုံ၊ အသားငါးတွေ ပါလာတတ်သည်။ ဈေးဝယ်သူတွေက အထူးမှာကြားလျှင်၊ မှာကြားသလို စိုက်ခင်းတွေထဲက စိန်ခြယ်၊ သစ္စာပန်း၊ ဂန္ဓမာပန်းတို့ကို သယ်လာတတ်သည်။ တခါတရံ အသီးအနှံ၊ ဟင်းသီးဟင်းရွက် ဈေးတောင်းထဲတွင် အမြဲတမ်းထည့်သွင်း ရွက်ပိုးကာ ရောင်းချသည့် ကုန်ပစ္စည်းမှာ အမဲသားဖြစ်သည်။ ထို့ကြောင့် သူမကို အမဲသားသည် မသန်းဟုပင် ခေါ်ကြသည်။

သူမသည် အိမ်ထောင်မပြု။ အပျိုကြီးဘဝနှင့်ပင် မိဘနှင့်အတူနေကာ မိဘကို ကျွေးမွေးပြုစု နေသူ။ ထိုမျှသာမက တအိမ်တည်းနေသော အမနှင့်မောင်က မွေးထားသည့် သားသမီးများကိုပါ ကျောင်းစာရိတ်နှင့် မုန့်ဖိုးတို့ကို ထောက်ပံ့နေသူ။ တဝမ်းတခါးအတွက် ပူပင်စရာမလိုသော်လည်း မိဘနှင့် တူ၊ တူမများကို ပူပင် ကြောင့်ကျနေပေလိမ့်မည်။ ထို့ကြောင့် အိမ်ထောင်မပြု။ အပျိုကြီးဘဝနှင့်ပင် မိသားစုအတွက် ရုန်းကန်နေခဲ့လေသည်။

သူမတွင်အားလပ်ရက်မရှိ၊ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်ကဲ့သို့သော ထူးခြား သည့် ဘာသာရေးနေ့တွေကလွဲလို့ အားလပ်ရက်မရှိ။ ဈေးရောင်းသည်။ ဒါတောင် အမေနဲ့အဖေက သမီးရယ် နေ့ကြီးရက်ကြီးမှာ မကောင်းပါဘူးကွယ်။ ဈေး မရောင်းပါနဲ့ကွယ်။ နားစမ်းပါအုံး ... ဟုပြောမှ နားခြင်းဖြစ်သည်။ နေ့ကြီးရက်ကြီးမှာ မစားဘဲနေတာမဟုတ်။ မဝတ်ဘဲနေတာ မဟုတ်ဘူး အမေရေဟု အမေကို ပြန်ပြီးတရားချ၊ တရားပြလိုသော်လည်း ထူးမှာမဟုတ်သည့်အတွက် မသန်း ဘာမှမပြောတော့။ နားပါ ဆိုသည့်အတိုင်း ဈေးမရောင်းဘဲ နားနေလိုက်ရသည်။ သို့သော်နေ့စဉ်ပြုလုပ်နေကြ ဈေးရောင်း ခြင်းအမှုကို တရက်မှ မနားလို။ တရက်မရောင်းလျှင် တရက်ဝင်ငွေမရတော့။ လက်လှုပ်မှ ပါးစပ်လှုပ်ရ သောဘဝတွင် တရက်အလုပ်မလုပ်ရလျှင် တရက်ထိခိုက်သည်ဟု မသန်းဘဝက သင်ကြားထားသည်။

မသန်း၏ နေ့စဉ်အလုပ်မှာ ရွာနှင့်နှစ်မိုင်ဝေးသော သားသတ်ကုန်းသို့ သွားရသည်။ အမဲသားကို တနိုင်သယ်ယူလာခဲ့သည်။ အိမ်ကိုပြန်ရောက်သည်နှင့် တခြားရောင်းချစရာ ကုန်ပစ္စည်းများကို ဈေးတောင်းထဲထည့်၊ ထဘီကို တိုတိုဝတ်ကာ လယ်ကွင်းထဲရှိ ကျေးရွာများကို တရွာပြီးတရွာ ဆက်ကုန်းဆက်ကျင်း ဈေးလည်ရောင်းချခြင်းပင်ဖြစ်သည်။ တမျှော်တခေါ် လယ်ကွင်းကြီးထဲကို ဖြတ်ရသည်။ ချောင်းနှင့်ရိုးကိုဖြတ်ရသည်။ တောတန်း၊ ခင်တန်းကို တိုးဝင်ဖြတ်ကျော်ရသည်။ ဝါဆိုဝါခေါင် ရေဖောင်ဖောင်တွင် တောင်ကျရေနှင့် ကွင်းရေတို့ လျှံမောက်ကာ လယ်တခွင်လုံး ဖွေးနေတတ်သည်။ ထိုအခါ “မိုးရေတက်ရေ တဖွေးဖွေး ကွင်းကျယ် အဝေးဝေး ”ဆိုသည့် စာချိုးလင်္ကာအတိုင်း၊ ရေဖွေးနေသော ကွင်းပြင်ကျယ်ကို မသန်းဖြတ်ရလေသည်။ ဆောင်းရောက်သောအခါ အစိမ်းရောင် ကတ္တီပါလွှမ်း လယ်ကွင်းကြီးက မသန်းကို ဂုက်ကွယ်ထားတတ်လေသည်။ ကောင်းကင်ပေါ်က တက်ကြည့်မှ မသန်းဘယ်ကို ရောက်နေပြီဆိုသည်ကို သိနိုင်မှာဖြစ်သည်။ ရာသီတွေသာ ပြောင်းသွားသည်။ လယ်ကွင်းကြီးနှင့် လျှိုမြောင် ချောင်းမြောင်းတွေကသာ အခြေအနေတွေ ပြောင်းသွားသည်။ မသန်းကတော့ မပြောင်းလဲ။ သူမရှေ့တွင် ဆီးတားဟန့်တားနေသော သဘာဝအတားအဆီးများကို နောက်ကျောဘက်တွင် ထားချန်ခဲ့သည့်မသန်း။ နေ့စဉ်နေ့တိုင်း လျှောက်ရသည့်ခရီးမှာ ၇ မိုင်နှင့် ၁၀ မိုင်ကြားတွင်ရှိသည်။ အသားက ညိုလာသည်။ ခြေသလုံး ကြွက်သားတွေက တုတ်ခိုင်လာသည်။ ခါးကလည်း ခါးချဉ်ကောင်လို ကျဉ်မနေတော့ဘဲ တုတ်ခဲလာသည်။ တကယ်က သူမဘဝနှင့် သဘာဝ အခင်းအကျင်းတွေက သူမကို ပုံသွင်းပေးလာခဲ့ခြင်းပဲ မဟုတ်လော။

တနေ့။ ထိုအဖြစ်အပျက်က မသန်း၏ ဘဝအတွေးအခေါ်နှင့် အရည်အချင်းတွေကို ထုတ်ဖော်လှစ်ပြလိုက်သလို ဖြစ်သွားသည်။ လူဟာ အကျဉ်းအကျပ် အရေးအကြောင်းထဲရောက်မှ လူတယောက်ရဲ့ အရည်အချင်းက ပေါ်ထွက်လာတတ်သည် မဟုတ်လား။ လူတယောက်၏ တန်ဖိုး နှုန်းစံတွေကလည်း အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ရတော့မှ ပေါ်ထွက်လာတတ်သည် မဟုတ်လား။ လယ်ကွင်းကြီးထဲ တယောက်တည်း ဖြတ်သွားရတိုင်း ချောင်းနှင့် ဖျိုက်တောတို့ကို ဖြတ်ကျော်ရတိုင်း ရန်သူကို သတိထားမိခဲ့သည်။ ရန်သူက ဘယ်ချုံပုတ်ထဲက ဘွားကနဲ ထွက်ပေါ်လာမလဲ။ သူ့ဘက်က ဘာကိုတောင်းဆိုမလဲ ... ။ နှစ်များစွာ၊ လပေါင်းများစွာ သည်လယ်ကွင်း၊ သည်တောတန်း ချုံနွယ် ချောင်းမြောင်းတို့ကို ဖြတ်ခဲ့၍ အသားကျလာခဲ့ပြီးကာမှ ယခု ရန်သူကိုဘွားခနဲ လာတွေ့ရသည်။ စပါးတွေငိုက်စပြုနေသည့် လယ်ကွင်းထဲမှာပဲ။ ကန်သင်းကွေ့ တနေရာမှာ ရန်သူက ငွေရောင်ပြောင်လက်နေသော ဓားကို ဆုပ်ကိုင်ထားသည်။ မသန်းထံမှ ငွေတောင်းသည်။ နားတွင်ပန်ထားသော နဒ္ဒောင်းကို ဖြုတ်ခိုင်းသည်။ ပြင်းထန်မာကျောသော အမိန့်၊ ခက်ထန်စူးရှသောအမိန့်က ရန်သူ၏ ဓားအဖျားတွင် ရှိနေလေသည်။ နောက်ဆုံးပေးသော အမိန့်က အမျိုးသမီးများအတွက် အသက်ရှူ ရပ်သွားနိုင်သည့် အမိန့်ဖြစ်နေလေသည်။ ပစ္စည်းမပေးချင်ရင် လူပေးရမယ်တဲ့။ ယခုပဲ လူတကိုယ်လုံး ပေးလို့ရသတဲ့။ ပြီးတော့ ကြိုက်တဲ့လမ်းကို ရွေးဟူ၍ ရွေးချယ်ခိုင်းသည်။

ပထမတော့ မသန်း ခြေမကိုင်မိ၊ လက်မကိုင်မိ။ ဘာလုပ်လို့လုပ်ရမှန်းမသိ။ ကြက်သေ သေနေသည်။ အိပ်မက်များ မက်နေတာများလား ... အိပ်မက်လည်းမဟုတ်။ ရန်သူက လမ်းတလမ်းကို ရွေးခိုင်းထားတော့မှ အိပ်မက်မဟုတ်မှန်း သိသာသွားလို့ လမ်းစလည်း ရသွားသည်။ ပစ္စည်းနဲ့လူ ဘယ်အရာကိုပေးမလဲ။ ရန်သူယောက်ျားက တခုခုရရလျှင် ပြီးတယ်ဟု ဆိုလာခဲ့ပြီ။ သိပ်ပြီး မစဉ်းစားလိုက်ရ။ ရန်သူ၏ စော်ကားဖိစီးမှု အဝမ္မ ပြုကျင့်မှုကိုခံမလား။ ဓားကိုင်ထားသော ရန်သူဓားပြကို ရှိသည့်

အင်အားဖြင့် တွန်းလှန်ဆန့်ကျင်မလား။ ရန်သူ့ထံမှ အမိန့်ရသည့် သုံးလေးမိနစ်အကြာတွင် မသန်း ဆုံးဖြတ်ချက် ချလိုက်သည်။ သိက္ခာနှင့် အရှက်အတွက် တုံ့ပြန်ရလိမ့်မည်။ အသက်အတွက် ခုခံရ လိမ့်မည်။

မီရထားတစီး ခုတ်မောင်းပြေးနေသကဲ့သို့ သူမ၏ရင်ခုန်သံသည် ဆူပွက်ဟိန်းညံလာသည်။ ဒေါသသင့်နေသော အသံက ရန်သူဓားပြထက် နှစ်ဆ ပြင်းထန် ပဲ့တင်ထပ်သွားသည်။ ''ဟဲ့ကောင်'' ဟု အစချီလိုက်သည်။ ရုတ်တရက်မှာပဲ အဖြစ်အပျက်တွေက တခုပြီးတခု အမဲသားလှီးသော ရှမြဓားကို ဘယ်ဘက်လက်က ကိုင်လိုက်သည်။ ညာဘက်လက်မှာက အလေးချိန် ချိန်ရန်အတွက် သံထည် အလေးတလုံး၊ နှစ်ဆယ့်ငါးကျပ်သားအလေး။ ကျန်အလေးများမှာလည်း ဈေးတောင်းထဲတွင် အသင့် ရှိပြီးသား။ ငါးဆယ် ကျပ်သားအလေး၊ တဆယ်သားအလေး၊ ပိဿာလေး။ နှစ်ဆယ့်ငါးကျပ်သား အလေး ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။ ငါ့ဆီက ပစ္စည်းလိုချင်တယ်ပေါ့လေ။ ပစ္စည်းမရရင် လူပေးရမယ်ပေါ့ ဟုတ်လား။ စွဲစွဲမြဲမြဲသာ မှတ်ထားလိုက်ပေတော့။ ပစ္စည်းမရဘူး။ ငါ့ဆီက ဓားပဲရမယ်။ လူတော့မရဘူး။ ဟောဒီမှာ ချိန်ခွင်အတွက်သုံးမဲ့ အလေးတွေပဲရမယ်။ အင့် ... ယူပေတော့ ... ဟုဆိုကာ ရန်သူကို ပစ်ခတ် တိုက်ခိုက် လေတော့သည်။ သူမနှင့် ငါးပေအကွာဝေးခန့်တွင် ရပ်နေသော ရန်သူက ဟန်ပျက်သွားက ရှောင်တိမ်း လိုက်ရသည်။ နောက်ကို သုံးလေးလှမ်း ဆုတ်ခွာလိုက်သည်။ သံထည် အလေးများနှင့် အိုးခြမ်းကွဲအလေးများကို မိုးရွာသလိုမသန်းက ရွာချလာတော့ ရန်သူပြေးရသည်။ အလေးသီးတွေကုန်တော့ ဓားနဲ့လိုက်သည်။ ဟဲ့ မုဒိန်းကောင် ဘယ်ပြေးမလို့လဲ။ လာလေဟု ညာသံပေး ကာ ဓားနှင့်လိုက်လေသည်။ နောက်တော့ ကိုယ်တရပ်မြင့်သော စပါးခင်းကြီးထဲတွင် ရန်သူ ပျောက်ကွယ် သွားသည်။ ပြေးပြီ။

အလယ်တန်း ကျောင်းသားဘဝက ကျနော့်ကို ကိုယ်တိုင်ပြောပြခဲ့သည့် ဒေါ်ကြီးမသန်း၏ ကိုယ်တွေ့အဖြစ်အပျက်၊ ဝတ္ထုတပုဒ်။ ထိုအဖြစ်အပျက်က ခေါင်းထဲစွဲနေခဲ့သည်။ ယခု စဉ်းစားသုံးသပ် ကြည့်မိသည်။ လူတိုင်းမှာ မိမိအသက် မိမိဘဝအတွက် ခုခံကာကွယ်ခွင့် ရှိသည်။ လက်နက်ဖြင့်အနိုင်ကျင့် သတ်ဖြတ်လာပါက၊ အဓမ္မပြုကျင့် အနိုင်ယူဖို့ ကြိုးစားလာပါက၊ လက်နက်ဖြင့် ခုခံပိုင်ခွင့်သည် လူတွင် ရှိပြီးသား။ လူတွင်သဘာဝကိုက ရှိပြီးသား။ ကျနော်က ထိုဒီမိုကရေစီကို စစ်ရေးဒီမိုကရေစီဟု အမည်တပ် လိုက်သည်။ ဈေးသည်မသန်း၊ ဆရာမဒေါ်သန်း၊ အလုပ်သမားမသန်း ... မသန်း ... မသန်း ... ထိုမသန်းတွေထဲက ယခုတွေ့ခဲ့ ဖတ်ခဲ့ရသည့် ဈေးသည်မသန်းကို အသင်က နာမဝိသေသန တခုခု သူမနာမည်ရှေ့တွင် ထည့်ပေးချင် သလားမသိ။ စာဖတ်သူရဲ့ သဘောဆန္ဒ အတိုင်းပါ။ တခုခု ထည့်ကြည့်ပါလား။

■ ■ ■

သစ္စာအမှတ်(၉) မေလ၊၂၀၀၆

# အရှေ့ဘက်ကမ်းသို့ တင်ပို့ခြင်း

၁

## အိမ်ထဲမှ ထွက်လာခဲ့ကြသည့်လူသုံးယောက်

သူတို့သုံးယောက်၏ ခြေလှမ်းတွေက အေးအေးလူလူ ပုံမှန်လမ်းလျှောက်နေသည်နှင့် မတူတော့။ ခြေလှမ်းတွေက သူတို့အိမ်ရှိသည့် အရှေ့ဘက်ဆီသို့ တလှမ်းပြီးတလှမ်း တိုး၍သွားနေကြသော်လည်း နောက်ကျောဘက်တွင် ဝေး၍ဝေး၍ ကျန်ခဲ့သည့် နော်ခူးဖောရှိရာထံသို့ စိတ်က အရောက်ပြန်သွားနေကြသည်။ ခြေလှမ်းများက ဒေါသသင့် ရင်ခုန်သံနှင့် စည်းဝါးမကိုက်တော့။ ကားလမ်းမ၏ ဘေးတဖက် လူသွားလမ်းပေါ်တွင် ခဲလုံးတလုံးကို အောင်မိုးကန်ထဲ့လိုက်စဉ် လမ်းဘေးဓါတ်တိုင်ကို ထိမှန်ကာ ခဲလုံးက ပြန်ကန်ထွက်လာသည်။

နောက်တကြိမ် ကန်ထည့်လိုက်သည့် အရာမှာ တခြမ်းကားနင်းထားသည့် နို့ဆီဗူးခွံ။ တချွင်ချွင် တဒေါင်ဒေါင်မြည်ကာ နို့ဆီဗူးခွံသည် ခပ်ဝေးဝေးဆီသို့ ပြေးလွင့်ထွက်သွားသည်။ အောင်မိုးဖိနပ်က တဖျပ်ဖျပ် တဖတ်ဖတ် မြည်နေသည်ကိုလည်း သုံးယောက်စလုံး သတိမထားနိုင်ခဲ့ကြ။ နော်ခူးဖော သေသည်ဆိုသည့် သတင်းဆိုးကို မခင်တိုးက သူတို့သုံးယောက်ရှိရာသို့ စောစောက သယ်ယူလာခဲ့သည်။

သူမ တံခါးတွန်းဖွင့် ဝင်လာခြင်းနှင့်အတူ ထပ်ချပ်မကွာ ဝင်လာခဲ့သည့် ထိုသတင်းက သူတို့သုံးယောက်နေသော ကမ္ဘာလေးကို ဆွဲရမ်းချေမွပစ်လိုက်လေသည်။ ထို့နောက် "ဘယ်လိုဖြစ်သွားတာလည်း …" "ဘယ်မှာလဲ" "ဘယ်မှာတုန်း" "ဘယ်သူ သတ်သွားတာလဲ""သူ့ကိုယ်သူ သတ်လိုက်တာလား" ထိုမေးခွန်းတွေက သွေးလေပုံမှန်လည်ပတ်ခြင်း မရှိတော့သည့် သူတို့ခန္ဓာထဲက ပြေးထွက်ရိုက်ခတ်နေသည့် မေးခွန်းတွေ ဖြစ်သွားသည်။ သူ့ပါးစပ်ထဲရောက်နေသော ကော်ပြန့်လိပ် တပိုင်းကို ဆက်မဝါးနိုင်တော့ဘဲ မျိုးနောင် ရပ်ထားလိုက်မိလျက်သား ဖြစ်သွားသည်။ သတိရလာစဉ် ထိုနေရာမှ ခုန်ထ။ "ဟေ့ကောင် … မင်းရွှေဦး၊ ဘာလုပ်နေတာလဲ … ဘာငိုင်နေတာလဲ … လာသွားကြမယ် … မဖြစ်ဘူး မြန်မြန်လုပ် … " ဟုဆိုကာ အော်ဟစ်နှိုးဆော်ရင်း ဘောင်းဘီဟောင်းတထည်ကို ကောက်စွပ်လိုက်သည်။

သူတို့ကိုမစောင့်နိုင်ဘဲ သတင်းလာပို့သူ မခင်တိုးက ထွက်ခွာသွားနှင့်သည်။ မင်းရွှေဦး ဈေးက ပြန်လာကတည်းက ဘောင်းဘီကို မချွတ်ရသေး။ ထို့ကြောင့်ပင် အိမ်အပြင်ထွက်ရန် အသင့်ဖြစ်နေသည်။ သူ့လက်ထဲတွင် ဖွန်းတွေ၊ ယောက်မတွေ ပါလာသည်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့။ အသည်းတနင့်နင့် ချစ်ခဲ့ရသူ ချစ်သူသေပြီဆိုသော အသိက သူ့ခန္ဓာကိုယ်အတွင်း လည်ပတ်နေသော သွေးတို့ကို ရပ်ဆိုင်းပစ်လိုက်သည်။ သတိလက်လွတ်ဖြစ်သွားသည်။ အသိတရားနှင့် စိတ်အမှတ်တို့ လွင့်ထွက်သွားသည်။ မီးဖိုချောင်ထဲတွင် အိုးခွက်၊ ပန်းကန်ဆေးနေစဉ် သူ့လက်ထဲတွင် ဖွန်း၊ ယောက်မတွေ ပါလာခဲ့သည်။ မျိုးနောင် သတိပေးမှ ဧည့်ခန်းထဲတွင် ပစ်ထည့်ထားခဲ့ရသည်။

အောင်မိုးက ဖြစ်ရလေ မုနော်ရယ် … ဟုဆိုကာ တဖွဖွတသသ တမ်းတရင်း ခြေနင်းခုံသို့ ရောက်လာကာ ဖိနပ်တရံကို ကမန်းကတမ်း ကောက်စွပ်လိုက်သည်။ အစီအစဉ်တကျမဟုတ်ဘဲ မြေပြင်ပေါ်သို့ အိမ်အဆင့်ပေါ်မှနေ၍ ခုန်ချမိလျက်သားဖြစ်သွားသည်။ အယောင်ယောင် အမှားမှား စီးပြီး ထွက်လာခဲ့သော ဖိနပ်မှာ ရာဘာဖိနပ် ဘယ်ဘက်နှစ်ဖက်ဖြစ်နေသည်ကို သတိမထားမိ။

ခြေလှမ်းသုံးလေးလှမ်း လှမ်းထွက်ပြီးမှ တုံ့ခနဲ့ရပ်လိုက်ရသည်။ ချွေးနံ့စူးရှ တွန့်ကြေနေသော

အင်္ကျီကို လဲဝတ်ရန် သတိရလိုက်သည်။ ညက ငှက်ဖျားတက် အပူကြီးကာ ချွေးတို့ရွဲနစ်ခဲ့သည့် အင်္ကျီ။ အိမ်ထဲပြန်ဝင်လာတော့ အင်္ကျီလဲရမှာကို သတိမရတော့။ မေ့သွားပြီ။ ချာခနဲလှည့်ထွက်လာခဲ့ကာ ဖိနပ်ပြန်စွပ်သည်။ စောစောကလိုဘဲ မြေပြင်သို့ခုန်ဆင်းချလိုက်သည်။ ဘယ်နှစ်ဘက် ရာဘာဖိနပ်သည် သူ့ခြေထောက်အောက်တွင် ကပ်ပါလာခဲ့ပြန်သည်။ လမ်းမြှောင်လမ်းကျဉ်းကလေးထဲမှ ထွက်လာ၊ ကားလမ်းမတဘက်ရှိ လူသွားလမ်းပေါ် ရောက်လာခိုက် အားသွန်လှမ်းလာခဲ့ကြသည်။ နော်ခူးဖောကို တွေ့ချင်ပြီ။ ဘာကြောင့် ဘယ်လိုဖြစ်တာလဲ သိချင်လှပြီ။ ခူးဖောကို ဘယ်လိုအခြေအနေမျိုးနဲ့ တွေ့ရမလဲ။ ထိုစိတ်ဇောနှင့် လှမ်းခဲ့သည့် အပြေးတဝက် ခြေလှမ်းများဖြစ်နေသည်။ မိုင်ဝက်နီးပါးခရီးကို မြေမထိဘဲ သွားလိုက်လေသလားပင်မသိ။ မိုးမှန်တိုင်းထဲက တိမ်တိုက်တွေဖြစ်သွားပုံရသည်။

နော်ခူးဖော၏ အိမ်ရှေ့သို့ရောက်သွားခဲ့သည့်တိုင် သူမကိုတွေ့ခွင့်မရ။ အိမ်ထဲကိုဝင်ခွင့်မရကြ။ ဆေးရုံကား၊ ပုလိပ်ကားတွေက သူတို့သုံးယောက်ကို ဆီးကြိုနေကြသည်။ စောစောကတည်းက ရောက်ရှိလာခဲ့ကြသည့် လူစုတွေကို ရှင်းလင်း နှင်ထုတ်ထားပုံရသည်။ သူတို့သုံးယောက် ရောက်လာခဲ့စဉ် သူတို့နှင်ထုတ်ခံရသည်။ ထိုင်းပုလိပ်၏ "ပိုင်း ... ပိုင်း ..." နှင်ထုတ်အော်ငေါက်သံက ဟိန်းနေလေသည်။

သတင်းလာပို့သည့် မခင်တိုးက ခြံစည်းရိုးတဖက်တွင် ကွယ်ပုန်းနေသည်။ မင်းရွှေဦးက မခင်တိုးထံရောက်လာသည်။ မျိုးနောင်နှင့်အောင်မိုးတို့လည်း မင်းရွှေဦးနောက်မှ ရောက်လာခဲ့ကြသည်။ သူတို့သိချင်နေသည့်အချက်က နော်ခူးဖောကို ဘယ်သူ သတ်ခဲ့သလဲ။ ဒါပဲ။ ဒါကိုပဲ သိချင်နေသည်။

"ငါရရှိထားတဲ့ သတင်းတွေကော ... မသေခင်တုန်းက မုနော်ပြောပြချက်အရပေါ့ ... ဟာ ... အိမ်ရှင်သူဌေးက ခူးဖောကို အဓမ္မ ဖျက်ဆီးခဲ့တာကတော့ သေချာတယ် ... ခူးဖောမှာ ကိုယ်ဝန်ရှိနေခဲ့ပုံရတယ် ... အိမ်ရှင်က ခူးဖောကိုသတ်ပြီး ကြိုးဆွဲချပြီးသေတာပါလို့ ပြောလို့ရအောင် ကြိုးဆွဲချတဲ့ပုံစံ လုပ်ထားတာလား ... ဒါမှမဟုတ် မင်းရွှေဦးကို ဘယ်လိုရင်ဆိုင်ရမလဲ ... ရှက်တာ၊ စိတ်ခြောက်ခြားတာ၊ ထိတ်လန့်ကြောက်ရွံ့တာကြောင့်ပဲ သူ့ကိုယ်သူ ကြိုးဆွဲချ သတ်လိုက်သလား ... ငါတော့ ပြောမပြတတ်တော့ဘူးဟာ ..."

အသံက ပြောရင်းနှင့်ပင် တိမ်ဝင်သွားသည်။ မခင်တိုးက သတင်းရလျှင်ရသလို ပြောမည်ဟု ဆိုသည်။ အတိအကျသိရအောင် နင်တို့လည်းကြိုးစားကြဟာ ... ဟုဆိုကာ ထွက်သွားနှင့်သည်။ ပုလိပ်နှင့်အတူ လူလေးယောက်က သူတို့ကို ထပ်၍ နှင်လွှတ်နေခဲ့သည်။ မာကြောကြော ဟိန်းဟောက်သံများနှင့်အတူ ရိုင်းပြအမူအရာများက ရန်ပွဲသို့ရေးရှုလာသည်။ ခြံစည်းရိုးချိုးကာ မင်းရွှေဦးက ထိုလူတွေကိုရိုက်မယ် တကဲကဲလုပ်သည်။ အောင်မိုးကတော့ မင်းရွှေဦးကို စောင့်ကြည့်နေသည်။ ပုလိပ်ကိုရိုက်ရန် အသင့်ဖြစ်နေသည်။ တဟင်းဟင်း တဟဲဟဲထိမ်းထားရသူမှာ မျိုးနောင်။ "မထူးတော့ပါဘူးဗျာ ... သေမထူးနေမထူးတဲ့ဘဝ" ဟုငိုသံရှိုက်သံနှင့် ဒေါသပေါက်ကွဲနေသည့် မင်းရွှေဦးကို မျိုးနောင်ဒရွတ်တိုက် ဆွဲခေါ်လာခဲ့ရသည်။

နော်ခူးဖော နောက်ဆုံးထွက်သက်စွန့်ခဲ့ရာ ဒီအိမ်နန်းတော်ကြီးကို ကျောခိုင်း ထွက်ခွာလာခဲ့ကြစဉ် သူတို့အတွေးထဲတွင် ခူးဖောပါလာခဲ့သည်။ ခြေလှမ်းများမှာလည်း ပြောင်းသွားတော့သည်။ နော်ခူးဖောထံအပြေးသွားစဉ်ကနှင့် မတူတော့။

ယခုအပြန်လမ်း လမ်းမပေါ်တွင် သူတို့ခြေထောက်တွေမှာ ခဲဆွဲထားလေပြီ။ ကျောက်သားဖြင့်ပြုလုပ်ထားသည့် ကျောက်ခဲတော့မဟုတ်။ ကြေကွဲမှုနှင့် ဆို့နင့်နာကျည်းမှုက ချေဖျက်မရနိုင်တော့မည့်အနည်ကျ ကျောက်သားများဖြစ်သွားကာ စိတ်တွင် လေးလေးသိပ်သိပ် ဆွဲထားလိုက်လေပြီ။ သူတို့ခြေထောက်များတွင် ထိုစိတ်ခံစားမှု ကျောက်သားကျောက်ခဲများ ဆွဲထားနေလေပြီ။ အောင်မိုး၏ ဘယ်နှစ်ဘက်ရာဘာဖိနပ်စည်းချက်သည်လည်း အသွားအတိုင်းမဟုတ်တော့။ နွေးကွေးလေးသိပ်လျက်။ သူလျှောက်နေ

သည့် လမ်းမတလျှောက် ပလက်ဖောင်းပေါ်မှာတင်နေသည့် ခဲလုံးများကို ကန်ထုတ်လိုက်တိုင်း သူ၏ တင်းမာနေသည့် ဒေါသ၏ထွက်ပေါက် ဖြစ်နေလေတော့သည်။

၂

## မင်းရွှေဦး၏ မီးလျှံ

မင်းရွှေဦးမှာ စကားမပြောနိုင်တော့။ ခြေတလှမ်းပြီးတလှမ်း လျှောက်လှမ်းနေသည်ကိုပင် သတိမထားမိတော့။ အမြင် အာရုံများမရတော့။ ဘာမှမမြင်တော့။ မျိုးနောင် ဖျောင်းဖျပြောဆိုတာကိုတောင် သဲသဲကွဲကွဲမကြားရတော့။ ငါတို့ဘက်က တနည်းနည်းနဲ့ တုံ့ပြန်ရမှာပေါ့ကွာ။ အခုလောလောဆယ်မှာ ငါတို့ဒေါသတွေကို လူတွေမမြင်စေချင်ဘူးဟု ဖျောင်းဖျသည်။ ချွေးသိပ်ခြင်းလည်း ဖြစ်နိုင်သေးသည်။ မျိုးနောင်ဘာတွေပြောနေတယ်ဆိုတာကိုပင် သတိမထားနိုင်တော့။ "ခူးဖောရယ် ... ငါ့အသည်းနှလုံးတွေ ကွဲကြေကုန်ပြီ၊ ကြေမွကုန်ပြီ "ဆိုသည့် ဝေါဟာရကို ထပ်ဖန်တလဲလဲပြောနေမိသည်။ ရူးသွပ်စေသည့် အဖြစ်အပျက်ဆိုးကရုတ်တရက် ရောက်လာခဲ့သည်။ မျှော်လင့်မထားသည့်အဖြစ်ဆိုး။ ခူးဖောသေပြီ။ ခူးဖောကို တွေ့ခွင့်တောင်မရတော့ဘူး။ ခူးဖောကို ထာဝရ လမ်းခွဲလိုက်ရပြီ။ မတွေ့မမြင်နိုင်သည့် နေရာဒေသဆီသို့ ခူးဖော အပြီးထွက်ခွာသွားပြီ ... ငါ့ကိုသိပ်ချစ်တဲ့ခူးဖော၊ အဲဒီအချစ်တွေပေးပြီး ငါ့ကိုထားသွားခဲ့ပြီ။ ကြေကွဲမှုတွေက သူ့နှုတ်ခမ်းနှစ်လွှာကို ကော်စေးများဖြစ်စေကာ ပိတ်ဆီးကပ်ထားစေသော်လည်း ဦးနှောက် အသည်းနှလုံးနှင့်သွေးကြော အာရုံကြောမျှင်များထဲတွင် ခူးဖောသည် ပြင်းပြခံစားမှုများဖြစ်သွားကာ ရိုက်ခတ်ပဲ့တင် နေလေသည်။

ခူးဖောနှင့်နှစ်ယောက်သား ဖန်တီးလွှမ်းအုပ်ခဲ့သည့် အချစ်မိုးကောင်းကင်သည် ယခုမူ မီးတောက်မီးလျှံ မိုးကောင်းကင် ဖြစ်သွားကာ သူ့ခေါင်းပေါ်သို့ တည့်တည့်မတ်မတ်ပဲ ပြိုကျနေခဲ့လေသည်။ ထို မီးတောက်မီးလျှံက ရင်တခုလုံးကို စွဲလောင်ရာမှ ဘဝ တခုလုံးကိုပါ စွဲလောင်လာခဲ့သည်။

"အိမ်ရှင်သူဌေးဆိုတဲ့ လူရုပ်လူပွေက ငါ့ချစ်သူကို အထပ်ထပ်မုဒိန်းကျင့်ခဲ့တာ ... ဒီကောင်ပဲ သတ်တာဖြစ်ရမယ် ..."ဆိုသည့် လျှပ်တပြက် အတွေးဝင်လာသည်။ ကြေကွဲဆွေးမြေ့မှုများကို တုံ့ဆိုင်းသွားစေသည့်အတွေး။ ခူးဖောမသေမီက ခူးဖောအိမ်ကို မရောက်ရောက်အောင် ကြံဖန် ကြိုးစားခဲ့ဘူးသည်။ နှစ်ကြိမ်ရောက်ခဲ့သည်။ တကြိမ်တွင် သူဌေးဆိုသူ မုဒိန်းကောင်ကို တွေ့ခဲ့ရသည်။ ပြီးတော့ သူ့ဇနီးကိုပါ တွေ့ခဲ့ရသည်။ ဂုဏ်သရေရှိ လူကြီးလူကောင်းများအဖြစ် နန်းတော်ကြီးသဖွယ် ခမ်းနားသောအိမ်၊ အဆောင်အယောင်အခင်းအကျင်း ဟိတ်ဟန်များက ထောက်ကူပေးထားလေသည်။ ထို အဆောင်အယောင်များ၏ နောက်ကွယ်မှ အဓိပ္ပါယ်များသည် ယခုမူ ပို၍ပြည့်စုံ အသေးစိပ်သွားသည်။

သူရာရေ၏ အခိုးအငွေ့များ၊ အထပ်ထပ်လောင်ကျွမ်းခဲ့သဖြင့် သူဌေး၏မျက်နှာက နီကြန့်ကြန့်။ မျက်နှာပေါ်တွင် ဖုထစ် ဖြုတ်ထနေသော ဝက်ခြံသီးများက နေရာအနှံ့၊ နှာခေါင်းပြားပြား မေးရိုးကားကား။ အလုပ်သမားများကို ကြည့်သည့်အကြည့်မှာ မှုံတေတေအကြည့်မျိုး။ မဲ့တဲ့တဲ့အကြည့်မျိုး။ သူဌေးမကလည်း ထိုနည်းတူစွာ ဆင်းရဲမွဲတေသူများကို မဲ့တဲ့တဲ့ ကြည့်တတ်လေသည်။ အစိုးရအရာရှိကြီးများ၊ လုပ်ငန်းရှင်များ အိမ်သို့ရောက်လျှင် ခွဲပစ်ပစ်ပြောလေ့ရှိသည်။ တခါတရံနွဲ့လိုက်သေးသည်။ ဟန်လုပ်ထားသည့် အပြုံများ၊ နွဲ့သံမှာလည်း ချူချာသံ၊ မူယာသံဖြစ်နေသည်။ ပလီပလာအသံမျိုး။ အလှပြင်ဆိုင်တွင် မကြာခဏ ပေါင်းတင်ထားသည့် မျက်နှာကို စိတ်ကြိုက်အလှချယ်ကာ ကြော့မော့နေတတ်သည်။ မင်းရွှေဦးက သူမကို နှစ်ကြိမ်စလုံးတွေ့ဘူးသည်။ မင်းရွှေဦးကို မာမာတင်းတင်းကြည့်သဖြင့် မင်းရွှေဦးက ငေါ်တူးတူး မော့ကြည့်ကာ လှမ်းပက်ခဲ့ဘူးသည်။ ထိုအခါ သူမ၏ ဖြူဖွေးဖွေးမျက်နှာပေါ်တွင် မဲမှောင်သွားသည်။

မင်းရွှေဦးစိတ်အတွေးထဲတွင် အရက်လောင်ကျွမ်းထားသည့် နီကြင့်ကြင့်မျက်နှာနှင့် မာတင်းတင်း မျက်နှာများကို ပြန်တွေ့နေရလေသည်။ ခဲတလုံးပစ်ချခံလိုက်သည့် ကန်ရေပြင်နှယ် စိတ်တွင် ဂယက်ထသွားကာ ယိုးဒယားသူဌေးမျက်နှာက တွန့်ကြေရှုံ့လိပ်ကာ ပေါ်လာပြန်သည်။ ခူးဖော၏ အဖြစ်အပျက်ကို ပြောပြသည့် မခင်တိုး၏ စကားလုံးများသည် ယခုတခဏတွင် ရုပ်ပုံကားချပ်များအဖြစ် ပြောင်းလဲသွားသည်။ လမ်းပေါ်တွင် လေးတွဲ့တွဲ့ လျှောက်လှမ်းနေသည့် ခြေလှမ်းတိုင်းတွင် ထိုရုပ်ပုံများကို မြင်နေရလေသည်။ မုဒိန်းကောင်က အရက်မူးရီဝေလျှက် အဓမ္မပြုကျင့်နေသည်ကို ပြန်လည်ဆန့်ကျင် အံတုနေသည့် ခူးဖော၊ အရှက်နှင့်သိက္ခာအတွက် ပြန်လည် ခုခံတိုက်ခိုက်နေသည့် ရုန်းရင်းဆန်ခတ် အဖြစ်အပျက် ရုပ်ပုံကားချပ်ကို မနှစ်မြို့ပဲ သူ့စိတ်အတွေးတွင် စိတ်မသက်မသာဖြင့် မြင်နေရသည်။

တခါတရံ စိတ်က ဆန်းကျယ်စွာ တွေးမြင်နေပြန်သည်။ သွေးသားဆန္ဒ အာဟာရဖြည့်ရန် သမင်မကို ကျားရိုင်းက လိုက်လံ ဖမ်းဆီးစားသောက်သည့် ရုပ်ပုံကိုမြင်တွေ့နေရပြန်သည်။ အင်းအားကြီးမားသည့် သတ္တဝါက အင်အားချိနဲ့သော သားကောင်ကို အနိုင်ကျင့် သတ်ဖြတ်စားသောက်ခြင်းသည် သားရိုင်းတို့၏ သဘာဝဥပဒေသ။ သဘာဝ သားရိုင်းကမ္ဘာမှ လမ်းခွဲထွက်လာသည့် လူသည် ယခု တိရစ္ဆာန် ထက်ပင်ရိုင်းစိုင်းနေလေတော့သည်။ ခူးဖော၏ အိမ်ရှင်သူဌေးက သူ့ခြံ၊ သူ့အိမ်ကို လူယဉ်ကျေးတို့နေထိုင်ရာ အိုးအိမ်အဖြစ် နန်းတော်သဖွယ် မွန်းမံချယ်သထားလေသည်။ ထိရက်ကိုင်ရက်စရာမရှိ။ ခြံဝန်းဝ သံတံခါးတွေကို ကနုတ်ပန်းများဖြင့် ဖွဲ့စည်းထားသည်က စထားလိုက်သည်။ အိမ်အဝင်အဝ ကျောက်သား လှေကားထစ်နှင့် လှေကား၏ ဘေးဘယ်ညာ နံရံတလျှောက်တွင် ပန်းပညာရှင်တို့၏ ခြယ်သမွမ်းမံမှု အတတ်ဖြင့် အိမ်ကို ခန့်ထည်စေခဲ့လေသည်။ အိမ်အတွင်းပိုင်းရှိ အဆောင်ဆောင် အခန်းခန်းသည်ကား ပို၍ပင် နုရွလှပ ကြော့လွင်နေလေတော့သည်။ သပ်ခတ်သပ်ယပ်မှုနှင့် အမွန်အသန့်က ခန့်ထည်မှုထက်ပိုကဲထားသည်။ ထိရက်စရာမရှိ။

ချောညက်ပြောင်လက်နေသော ကြမ်းပြင်က ခူးဖော၏ နေ့စဉ်အထပ်ထပ် ပွတ်တိုက်သန့်စင်မှုကြောင့် မှန်ရိပ်ထနေသည်။ မှန်ရိပ်ကြမ်းပြင်ပေါ်တွင် ဖြတ်လျှောက်သွားသူတိုင်း၊ သူ့အရိပ်ကို ပြန်မြင်ရသည်။ လူသန့်၊ လူခန့်၊ လူယဉ်ကျေးတို့နေထိုင်ရာ ရိပ်သာ နန်းတော်။ ဆန်းကြယ်စေရန် ချယ်သထားသည့် နန်းတော်။

အိမ်၏အောက်ထပ်ရှိ ခူးဖော၏ အိပ်ခန်းအတွင်းသို့ သူဌေးက ရောက်လာကာ အဓမ္မပြုကျင့်သည့် အချိန်တွင် သည်နန်းတော်ရိပ်သာသည် တောကြီးမြက်မည်းအတွင်းသို့ တခဏမှာပင် ပြောင်းလဲ သွားတော့သည်။ အမှန်က ယခင်ကတည်းကပင် တောကြီးမြက်မည်း။ မော်ရုံတော၊ မာယာတောတွင် ခူးဖောကဲ့သို့သော သားကောင်သမင်ငယ်များအဖြစ် အဓမ္မ ဖန်တီးပစ်လိုက်သည့်အတွက် သည်တောကြီး မြက်မည်းထဲမှာပင် ခလုတ်ထိ ဆူးငြိခဲ့ကြပြီးဖြစ်သည်။ အပြင်ကကြည့်လျှင် ခန့်ထည်ဆန်းကြယ်နန်းတော်ကြီးပေ့ါ။ ခူးဖောသည် သည်အရိုင်းတော မော်ရုံတောတွင် လူစင်စစ်က သမင်ငယ်မဖြစ်ခဲ့ရလေသည်။ ဆံမြိတ်လည်းပြေ၊ ပန်းလည်း ကြွေခဲ့ရပြီကော။

လမ်းတလျှောက် မင်းရွှေဦးစိတ်အတွေးထဲတွင် ကျားရိုင်းက သမင်ကိုမရမက လိုက်ဖမ်းနေပုံ၊ နောက်ဆုံး သမင်ကို ခုန်အုပ်လိုက်ပြီး ဆွဲယမ်းကာ ခဲထားသည့်ရုပ်ပုံမြင်ကွင်းကိုသာ တွေ့နေရလေသည်။ ထိုမြင်ကွင်းကို ထပ်တွေ့ရန် သည်းမခံနိုင်တော့။ ခေါင်းကို ရုတ်တရက်ခါရမ်းကာ ကောင်းကင်ပြာကို မော့ကြည့်လိုက်သည်။

"ထွက်သွား … ထွက်သွားစမ်း … ထွက်သွား "

မနှစ်မြို့စရာ ခံပြင်းခြောက်ခြားဖွယ်ရာ ရုပ်ပုံမြင်ကွင်းများကို မောင်းထုတ်လိုက်စဉ် စိတ်လိုက်မာန်ပါ ပွင့်ထွက်လာခြင်းဖြစ်သည်။ မင်းရွှေဦးက ထိုကဲ့သို့ အော်ငေါက်နှင်ထုတ်လိုက်စဉ် သူ့အနီးတွင် ကပ်လျက်ပါလာသည့် မျိုးနောင်က သူ့ကို ဖမ်းဆွဲထားလိုက်သည်။

"စိတ်ကိုထိန်းထား မင်းရွှေဦး ... စိတ်လွတ်ကိုယ်လွတ် ဖြစ်မသွားစေနဲ့ ... ငါတို့လုပ်ရမှာတွေ အများကြီးပဲ ... ပိုများလာတယ် ... ခေါင်းအေးအေးနဲ့ စဉ်းစားပြီးလုပ်ရမယ် ... "

မျိုးနောင်က ဖျောင်းဖျပြောဆိုသော်လည်း မင်းရွှေဦး ဘာတခုမှ မကြားတော့။ မကြားနိုင်တော့။ ကျားကိုသတ်ရမယ် ...။ အဲဒီကျားစဉ်းလဲကို နှိပ်ကွပ်ရမယ် ... ငါ့ချစ်သူကို သတ်ခဲ့တဲ့ကျားကို သေစေရမယ် ... ဆိုသည့်ဒေါသက မင်းရွှေဦးဘဝကို စတင် လောင်ကျွမ်းနေပြီကော။ သူဆုံးဖြတ်ချက်ချသံသည် ရင်၏ အနက်ရှိုင်း ဆုံးနေရာဆီမှ လှိုင်းလိပ်များနှယ် တရိပ်ရိပ် ပြေးတက် ရိုက်ခတ်လာသဖြင့် ရင်တခုလုံးသည် ထိုလှိုင်းသံဖြင့် ဟိန်းညံနေလေတော့သည်။

"ကိုနောင် ကျနော့်နေရာက ခံစားကြည့်စမ်းပါ ... ခံစားနိုင်မှာပါ ... ကျနော် စွဲလမ်းမြတ်နိုးခဲ့တဲ့ ချစ်သူ ... ကျနော် သိပ်ချစ်ခဲ့ရတဲ့ ချစ်သူ ... အခုတော့ ကျနော်သူ့ကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီ ... ဘယ်လို ဆုံးရှုံးမှုနဲ့မှ မတူတဲ့ ဆုံးရှုံးမှု ... အခု သူက အစော်ကားခံလိုက်ရပြီ ... ကျားစားခံလိုက်ရပြီ ... သိပ်သနား စရာကောင်းတယ်ဗျာ ... ကိုနောင်ရယ် ... ရိုးအသန့်စင်တဲ့ဘဝကို အမြတ်လဲထုတ်သေး ... ဖျက်ဆီး ပစ်လိုက် သေး ... နောက်ဆုံးသတ်ပစ်လိုက်တယ် ...။ အခုသူသေပြီ ... ခူးဖောကို ကျနော်ဘယ်လို ကယ်တင်ရမလဲ ... ကိုနောင် ... ကျနော်သူ့ကို ဘယ်လိုအသက်ရှင်အောင် လုပ်ရမလဲ ...။" ရင်ထဲတွင် မင်းရွှေဦး အသံတိတ်ဖြင့် ပြောနေသဖြင့် ကိုမျိုးနောင် ကြားနိုင်မှာမဟုတ်။ ရင်တွင်ဆို့နင့်ကာ ရှိုက်သံက အထပ်ထပ် ရိုက်ခတ်လာနေ လေသည်။ တလှမ်းပြီးတလှမ်း လျှောက်လှမ်းနေသည့် ခြေထောက်ခြေဖမိုးပေါ်သို့ မျက်ရည်စက်များ စီးကျလာနေသည်။

ခူးဖောရေ ... မင်းဘဝ အသက်စတေးခံရတဲ့ အဲဒီကျားတွေနေတဲ့ အဆောက်အဦးဟာ မီးလောင်ပုံး နှစ်ပုံးစာ မရှိပါဘူး ... နောက်တလမှာ ပြာပုံဖြစ်သွားစေရမယ် ... သူတို့ကို ငါကိုယ်တိုင် မီးလောင်တိုက် သွင်းလိုက်ပါ့မယ်... ခူးဖောနဲ့ငါ့လိုပဲ ... သူတို့လဲ အလားတူ မီးလောင်တိုက် အသွင်းခံလိုက်ရသလို ခံစား စေရမယ် ...။ အထပ်ထပ် တင်းကြပ်တုပ်စည်းထားသော ရှိုက်သံများက တခဏတွင် ပျောက်ကွယ် သွားကာ မာန်တင်းသံများဖြစ်သွားနေပြီ။ စိတ်အမြင်အာရုံထဲတွင် မီးလောင်တိုက်ကို တွေ့လိုက်ရသည်။ ကျားနှင့်ကျားလှောင်အိမ် အဆောက်အဦးနန်းတော်ကြီးကို မီးညွန့်မီးနွယ် မီးပင်လယ်များက တစထက်တစ ကိုက်ဖြတ်ဝါးစားနေပုံ၊ ကျားစဉ်းလဲသည် ထိုမီးပင်လယ်ထဲတွင် မီးစွဲလောင် ပြေးလွှားနေပုံတို့ကို စိတ် အာရုံထဲတွင် မြင်နေရလေသည်။

ကိုနောင်... ကျောင်းသားတပ်မတော် တပ်ဦးကိုကျနော်ဝင်ဖို့... တပ်ဦးကိုကျနော်သွားဖို့ ပိုပြီး သေချာသွားပါပြီ ... ခိုင်မာသွားပါပြီ ... ကိုနောင်ပြောသလိုပါပဲလေ ... ကျနော်တို့ဘဝတွေ လွတ်မြောက်ဖို့ တော်လှန်ရေးပဲ ရှိတော့တယ် ... တော်လှန်ရေးတပ်ဦးဆီကို ကျနော်သွားမှာပါ ... ဟောဒီကျားရဲတွေ နေထိုင်စံပျော်ရာအိမ်နဲ့ ကျားရဲတွေကို ပြာချပြီးမှ တပ်ဦးကိုသွားပါရစေ ... ကိုနောင် ... ။

သူ့ရင်ထဲမှာပဲ ထိုအသံတွေက လှိုင်းထကာ ပွဲတင်နေလေသည်။ ရတ်တရက် ပျောက်ပျက်မသွားဘဲ တိုးညှင်းသွားလိုက် ဟိန်းညံသွားလိုက်။ အသံ အနိမ့်အမြင့် လှိုင်းထနေစဉ်ပဲ ... ခူးဖောသူ့နောက်က ပြေးလိုက် လာသည့်ရုပ်ပုံကို တွေ့ရပြန်သည်။ ကိုဦးရေ... ကိုမင်းရွှေဦးရေ... လိုက်လာခဲ့ပြီလေ... ဘယ်ကိုသွားသွား ... ကိုဦးနဲ့အတူ လိုက်ခဲ့မယ်ဟုဆိုကာ ပြေးလိုက်လာနေသည့် ခူးဖော။ စိတ်အတွေးဖြင့် သူ့နားထဲတွင် သဲ့သဲ့ ကြားလိုက်ရသည်။ ခပ်ဝေးဝေးဆီမှ ပြေးလိုက်လာရင်း အင်အားဖြင့် ဟစ်အော်နေသည့်အသံ။ သူ့ခြေလှမ်းကို တုံ့ကနဲ ရပ်မိလျက်သားဖြစ်သွားသည်။ ဘာမှမတွေ့ရ ။ ဘာမှလဲ မကြားရတော့။ ကိုနောင်က မင်းရွှေဦး ပခုံးကို ဆွဲထားမိလျက်သားဖြစ်သွားသည်။ နှစ်ယောက်သား ခဏမျှ တုံ့ရပ်သွားကြပြီး လမ်း ဆက်လျှောက်

ကြသည်။ ခူးဖောသေတာမဟုတ်ဘဲ  တကယ်လိုက်လာခဲ့ရင် ဘယ်လောက်ကောင်းလိုက်မလဲ ... ဟု ဖြစ်ချင်သည်ကို တောင့်တမိလိုက်သည်။ လမ်းက ပြေညီဖြောင့်စင်း နေသော်လည်း ကျောက်တောင်မြင့်ကြီးပေါ်သို့ တလှမ်းချင်း လှမ်းတက်နေရသလို မောလိုက်ကာ ရင်ဆို့နေလေသည်။  ယခုလည်း စိတ်ပူပန်မှုအတွေးများက ဝဲလှည့်လာနေပြန်ပြီလေ... ။

၃

## အောင်မိုး၏ ပင့်သက်အမော

လမ်းမပေါ်သို့ ထိုးထွက်နေသည့် သစ်ကိုင်း၊ သစ်ခက်၊ သစ်ရွက်တို့ကြားမှ ဖြာဆင်းကျလာနေသည့် နေခြည် ပန်းစကြာကွက်များကို နင်းကျော်ဖြတ်လာခဲ့သည်။ အောင်မိုးအတွေးများကလည်း ဝဲလှည့်ချာလည်နေသည့် ရွှေ့လျားပန်းဇာကွက်များနှယ် တဖျပ်ဖျပ် ကူးပြောင်းနေသည်။ ခူးဖော။ ပြီးတော့ လမ်းမပေါ်လွင်အတူတကွ လမ်းလျှောက်နေဆဲ အနီးတွင်ကပ်ပါလာနေဆဲ မင်းရွှေဦး။  ကိုမျိုးနောင်။ ပြီးတော့ ရွာကအမိုးနှင့် ဖထီး။ စိတ်အတွေးထဲတွင် အမိုးနှင့်အဖွားကို ထပ်ပြန်တလဲလဲ တွေ့နေရသည်။ ရှေ့သွားတွေ တချောင်းမှ မရှိတော့သဖြင့် သွားကြိုးမဲ့မဲ့ တွန့်လိပ်ရှုံ့တွနေသော နှုတ်ခမ်းနှစ်လွှာကြားမှ ကွမ်းသွေးများက အမြဲလိုလို စီးကျနေတတ်သည်။ ဆံဖြူက သန်းစ၊ လက်ပြင်ကြောတွေ ကုန်းစ၊ အမိုးကို မြင်တွေ့ရလေသည်။

"ဖိုးခွားနော် ... အောင်မိုးနော် ... နင့်နှမ ခူးဖောကို စောင့်ရှောက်နော်... အေး ဒါပဲပြောမယ် ... ကောင်လေး ... နင့်နှမကို အမြင်မတော်တာရှိရင် ဆုံးမနော် ... ကြားလား အောင်မိုး ... "

အမိုးကြီးရေ ... အမိုးရေ။ ကျနော်ဘယ်လို ပြောရမလဲ အမိုးရဲ့။ ဟစ်လို့သာ အော်လိုက်ချင်တယ်။ ဘယ်လိုလုပ်ပြီး ပြောပြရပါ့မလဲ။ ရင်ထဲတွင်  လျှံထွက်ဆို့တက်လာသည့် စကားလုံးတွေက နှုတ်ဖျားအစွန်းထိ တိုးတိုက် ထွက်လာနေသည်။ နင့်နှမ ခူးဖောကို ဘေးမသီရန်မခရအောင် စောင့်ရှောက်လိုက်ပါဦးဆိုပြီး တသသ တဖွဖွ မှာကြားခဲ့သည့် အမိုးတို့ ဖထီးတို့ကို ဘယ်လိုပြောပြရပါ့မလဲ။ သူ့စိတ်တွင်ထိခိုက် ညှိုးကျလာနေလေသည်။ နောက်လဆိုလျှင် အမိုးကြီးက သောင်ရင်းမြစ် အရှေ့ဘက်ခြမ်းရှိ ဤနယ်စပ် မြို့ကလေးသို့ ရောက်လာတော့မည်။ သူ့သမီးထွေးလေး ခူးဖောကို လာတွေ့မည်ဟု လူကြုံနှင့် သတင်းပါးခဲ့ပြီးဖြစ်သည်။ အမိုးရေးလိုက်သည့် ထိုစာကို ရရှိထားခဲ့ပြီးဖြစ်သည်။ အမိုးရောက်လာလျှင်လည်း သူတို့သုံးယောက်နေသည့် အိမ်မှာပဲ တည်းခိုမှာဖြစ်သည်။  ခူးဖောက အိမ်ရှင်၏ခွင့်ပြုချက် ရလျှင်ရသလို အမိုးကိုလာတွေ့မှာဖြစ်သည်။ မိသားစု ပြန်ဆုံကြခိုက် ရေးဖြစ်နောက်ကြောင်းတွေ ပြောကြ၊ ရယ်မောကြ၊ တိုင်ပင်ကြမည်။

အမိုးကြီး ဆယ့်လေးငါးရက်နေထိုင်စဉ် အိပ်ခန်းတွင် အမိုးတို့သားအမိကို အိပ်စေမည်။ ကိုမျိုးနောင်၊ မင်းရွှေဦးနှင့်သူက အိမ်ရှေ့အခန်းတွင် အိပ်ကြမည်။ စားစရိတ်က ဘာမှပြဿနာမရှိ။ သုံးယောက်သား ဤသို့ စီစဉ်ထားပြီးသား။ မင်းရွှေဦးက ယောက္ခမလောင်းကို တွေ့ရတော့မည်။ ခူးဖောကိုလည်း တွေ့ရတော့မည်ဟု မြူးသော့သော့ပြောကာ ပျော်နေခဲ့သေးသည် မဟုတ်လား။ ကိုမျိုးနောင်ကလွဲလျှင် သူတို့အားလုံးက တနယ်ထဲသားတွေ။ မခင်တိုးနှင့်ခူးဖောက တရွာထဲသားတွေ။ ဘန့်ပွေးကုန်းရွာသားတွေ။ ဘန့်ပွေးကုန်းရွာက မုနော်အပျိုမတွေ။ အောင်မိုးက ဘန့်ပွေးကုန်းရွာနှင့် ကပ်လျက်သား ပျဉ်းမပင်ရွာမှဖြစ်သည်။ မင်းရွှေဦးက လှိုင်းဘွဲ့က ဖြစ်သည်။ မြို့နယ်ချင်းတော့မတူတော့။ သို့သော် ကရင်ပြည်နယ်မှ ကရင်အမျိုးသားတွေ။ ကိုမျိုးနောင်က မြေလတ်သား။ တောင်တွင်းကြီးနယ်က။ မတူညီသော နယ်မြေဒေသမှ ရောက်လာခဲ့ကြကာ မြစ်၏အရှေ့ဘက်ကမ်းခြေပေါ်ရှိ နယ်ခြားမြို့ကလေးတွင် ဆုံဆည်းခဲ့ကြသည်။ သည်မြို့ကလေးသို့ ရောက်လာလိမ့်မည်ဟု အိပ်မက်တောင် မမက်ခဲ့ဖူး။ ဘယ်သူကမှ ကြိုတင်နိမိတ်မဖတ်ခဲ့။

ကိုမျိုးနောင်ပြောနေကျ စကားကို ယခုခဏမှာပဲ ပြန်လည်ကြားယောင်နေပြန်သည်။ သူ့ဘေးတွင် ကပ်လျက်သား အတူတူ လျှောက်နေသည့် ကိုမျိုးနောင်ကို တချက်ကွက်ခနဲ လှည့်ကြည့်မိလျက်သား ဖြစ်သွားသည်။

"ဖက်ဆစ်အာဏာရှင်စနစ်နဲ့ ဖက်ဆစ်စစ်အုပ်စုက ငါတို့ကို အရှေ့ဘက်ကမ်းပေါ် တင်ပို့လိုက်တာ ... နယ်စပ်ဒေသ အသီးသီးပေါ် တင်ပို့လိုက်တာ ... တရားခံ လက်သည်ကတော့ သူတို့ပဲ... ငါတို့ နေထိုင်ရာ နယ်မြေဒေသတွေခြားနားပါစေ ... ဖက်ဆစ် တွေရဲ့လက်အောက်မှာ အတူတူပဲခံစားနေကြတာ... ဒဏ်ရာ ဒဏ်ချက်တွေက အတူတူပဲ... ပြောမယ်ဆို မင်းတို့ကရင်ပြည်နယ်က ကရင်အမျိုးသား လူထုတွေ ရရှိခဲ့တဲ့ ဒဏ်ရာတွေက ပြည်တွင်းက ငါတို့ရရှိထားတဲ့ ဒဏ်ရာတွေထက် ပြင်းထန်တယ် ... ကြီးမားတယ် ... ဖက်ဆစ် စစ်အုပ်စုမှာ ရှိနေတဲ့ မဟာဗမာလူမျိုးကြီးဝါဒနဲ့ ပြည်တွင်းစစ်ကို ကရင်ပြည်နယ်ဟာ နှစ်ပေါင်း ငါးဆယ်ကျော် ခါးစည်းခံနေခဲ့ရလို့ပဲ။ ဒဏ်ရာအထပ်ထပ် တင်းကြမ်းနေတဲ့ဘဝတူတွေ ဒီမြို့မှာ လာဆုံ ခဲ့ကြတာပါလေ ..."

ဟုစောစောက ပွဲတင်သံအတိုင်းထပ်၍ ပြောမိသည်။ သူတို့သုံးယောက်နေသော သည်အိမ်ကလေးသို့ ကိုမျိုးနောင် ရောက်လာခဲ့သည်။ ကိုမျိုးနောင်မရောက်မီက သူတို့ အတူနေခဲ့ကြသည်။ ထိုစဉ်က ခူးဖောက အလုပ်မလုပ်ရသေး။ သည်အိမ်မှာပဲ အတူနေခဲ့ကြသည်။ သုံးယောက် စုပေါင်းနေထိုင်ခဲ့ကြစဉ် ခူးဖောက မင်းရွှေဦးအချစ်ကို လက်ခံနားလည်ရင်း ချစ်သူတို့ဘဝကို ရရှိခဲ့ခြင်းဖြစ်သည်။ ခူးဖောထံမှ အကြင်နာလွှမ်းသည့် အချစ်ကို ရရှိသည့်အချိန်တွင် မင်းရွှေဦး မိုးနှင့်မြေကိုပင် မမြင်နိုင်တော့။ ဘဝက ခက်ကြမ်းသဖြင့် အချစ်က ပျော့ပျောင်းညင်သာမှုကို ပေးလေသည်။ ဘဝက မနှစ်မြို့ဖွယ် ခက်ထရော်သလောက် အချစ်က တွယ်မက် မြတ်နိုးမှုတို့ကို ပေးဝေလေသည်။ ဒါကြောင့်ပင် ဘဝကို ပို၍တပ်မက်ကာ အင်အား ဖြည့်တင်းပေးလေသည်။ သူတို့နှစ်ယောက်၏ ချစ်သူဘဝကို ကြည့်ကာ ကြည်နူးခဲ့သည်က အောင်မိုး။ ချမ်းမြေ့ပျော်ရွှင်ခဲ့သူမှာ အောင်မိုး။ မင်းရွှေဦးကို မကြာခဏပြောမိသည်။ ခူးဖောရှေ့မှာလည်း ပြောမိသည်။ "ဟော့ကောင် ယောက်ဖနော် ... ငါ့နှမကို အနိုင်မကျင့်နဲ့ ... ကျောခိုင်းမထားနဲ့နော် ... ဟော့ကောင်" အသံကို မြှင့်ကာ မာတင်းတင်းပြောလေ့ နောက်လေ့ရှိသည်။

"ဖောကို ငါချစ်တာ အနိုင်ကျင့်ဖို့၊ ကျောခိုင်းထားခဲ့ဖို့ သက်သက်မဟုတ်ရပါဘူး ယောက်ဖရယ်... နင့်နှမကိုငါချစ်တာ နင့်လိုပဲစောင့်ရှောက်ဖို့ ... ပြီးတော့ ထာဝရ တမြတ်တနိုးနဲ့ချစ်သွားဖို့ ..."

မင်းရွှေဦးက သူ့ချစ်သူကို"ဖော"ဟူ၍ အဖျားဆွတ်ခေါ်သော်လည်း အသည်းနှလုံး၏ အနက်ရှိုင်း ဆုံးနေရာတွင် ခိုင်ချည် လေးနက်လေသည်။ တကယ်က ညီမလေးတယောက်လို သနားမိရာကနေ စခဲ့သည့် အချစ်။ နောက်တော့ မင်းရွှေဦး၏ အချစ်ကို အောင်မိုးတကယ်ယုံကြည်ခဲ့သည်။ သူတို့နှစ်ယောက်ကိုကြည့်ကာ ရွာမှာကျန်ခဲ့သည့် ချစ်သူ နော်ထူးကို လွမ်းတနေတတ်နေသည်။

နောက်တော့ သည်အိမ်ကလေးတွင် ကိုမျိုးနောင်ရောက်လာခဲ့သည်။ ရခိုင်တော်လှန်ရေးတပ်က ကိုကျော်သာနှင့် ကိုမျိုးနောင်က ဆောက်လုပ်ရေး လုပ်ငန်းတခုထဲက လုပ်ဖော်ကိုင်ဖက်တွေ။ လက်သမားတွေ။ မင်းရွှေဦးနှင့်အောင်မိုးက ထိုဆောက်လုပ်ရေး လုပ်ငန်းထဲမှာ ဘိလပ်မြေစပ်သူ။ ဖျော်သူ။ လောင်းသူ။ တခါတရံ ပန်းရံ။ ကိုကျော်သာ အလုပ်သွင်းပေးခဲ့သဖြင့် သူတို့နှစ်ယောက် အလုပ်ရလာခဲ့သည်။ နောက်တော့ ကိုကျော်သာနှင့် ဆက်နွယ်ကာ ကိုမျိုးနောင်ကို သိကြခင်မင်ခဲ့ကြသည်။ ကိုမျိုးနောင်သည် အိမ်ကလေးထဲရှိ သူတို့သုံးယောက်၏ ဘဝအဆောက်အအုံထဲသို့ ဝင်လာပြီး တလအကြာတွင် မင်းရွှေဦးနှင့် အောင်မိုးတို့ အလုပ်ပြုတ်သွားခဲ့ကြသည်။ မတရားခိုင်းသည့်အလုပ်ရှင်ကို သည်းမခံနိုင်တော့သည့်အဆုံး မင်းရွှေဦးက ခုခံ တုံ့ပြန်လေ့ရှိသည်။ အောင်မိုးကပါ မင်းရွှေဦးနှင့်အတူလိုက်၍ ခုခံတုံ့ပြန်တတ်လေသည်။ တနေ့တာ

လုပ်အားခကို ဘတ်ငွေတရာအစား ခြောက်ဆယ်ပဲရသည်။ အလုပ်လုပ်ချိန်က ရှစ်နာရီဆိုသော်လည်း ကိုးနာရီ လုပ်ရသည်။ ထိုကိုးနာရီအတွင်း လူနှစ်ယောက်လုပ်ရသည့် အလုပ်ကို လုပ်ခိုင်းခြင်းဖြစ်သည်။ မင်းရွှေဦးက ကူလီခေါင်းကို မျှမျှတတလုပ်ဖို့ ခိုင်းစေဖို့ မေတ္တာရပ်ခံသည်။ ကန်ထရိုက်တာသူဌေးကို အလုပ်သမား များနစ်နာမှုကို ပြောဆိုပြသည်။ မင်းရွှေဦးပြောသည်ကို အော်ငေါက်မောင်းထုတ်ကာ ချေဖျက်ပစ်သည်၊ မင်းရွှေဦးနှင့် အောင်မိုးက အလုပ်ကထွက်လာခဲ့သည်။ အလုပ်ရှင် လုပ်ငန်းရှင်တို့အကြိုက်ပဲ။ တရားမဝင် အလုပ်သမားက ဒီမြို့ကလေးတွင် လက်ညှိုးထိုးမလွဲ။ အလုပ်သမားဈေးကလည်း ပေါသည်။ လုပ်အားဈေး ပေါသည်။ လူစားဝင်ကာ လုပ်ငန်းထဲရောက်လာသူမှာ ဘတ်ငွေခြောက်ဆယ်အစား ငါးဆယ်ပဲရသည်။ ဤသို့ ဖြင့် အလုပ်ရှင် လုပ်ငန်းရှင်ကလေးမှာ ကျွဲက ဆင်ဖြစ်လာခဲ့သည်။ အဆမတန်ဈေးနှုန်းဖြင့် လုပ်အားကို ရောင်းစားနေကြရသည့် မင်းရွှေဦးတို့လို ဗမာပြည်လူထုက တရားခံဖက်ဆစ်ကို မုန်းတီးစက်ဆုတ်သော်လည်း ယိုးဒယားလုပ်ငန်းရှင် အရင်းရှင်အကြီးစား အသေးစားများစွာက ဗမာဖက်ဆစ်ကို ချစ်ခင်နှစ်သက် ကြလေသည်။ ဗမာပြည်မသာအိမ်မှာ လောင်မီးကျ မီးတောက်လေ၊ ယိုးဒယား လုပ်ငန်းရှင်တွေ ဖဲလိမ်ရိုက်လို့ ကောင်းလေလေ၊ ဆူဖြိုးဝေစည်လေ။

မင်းရွှေဦး၊ ခူးဖောနှင့် အောင်မိုးတို့ တလကျော်ကျော် အလုပ်လက်မဲ့ဖြစ်နေကြစဉ် ကိုမျိုးနောင်က အားလုံး၏ နေထိုင်စားသောက်မှု စရိတ်မှန်သမျှကို တာဝန်ယူခဲ့သည်။ ဒဏ်ရာတူ ဘဝတူခြင်း အနစ်နာခံသည့် အတွက်၊ မေတ္တာစေတနာမွန် သန့်သည့်အတွက် သူ့အား အကိုကြီးတယောက်ကဲ့သို့ သူတို့ ချစ်ခင်လေးစား ခဲ့ကြသည်။ ကိုနောင်လို့ဘဲ ခေါ်ကြသည်။ ခူးဖောကတော့ ကိုနောင်ကို ဦးနောင်တဲ့၊ ဦးနောင်က နော်ခူးဖော အမည်ကို ဗမာလိုတဝက်ဘာသာပြန်ပြီး "မမပန်း" ဟု ရွတ်နောက်နောက် ခေါ်တတ်လေသည်။ "မမပန်းရဲ့ ညောင်ဖူး တာလပေါ့ဟင်းကိုတော့ ဦးနောင်ဘယ်သောအခါမှ မေ့နိုင်မှာ မဟုတ်ကြောင်းပါ ခင်ဗျာ..." ဟု၍ ပြောတိုင်း ခူးဖောက တသောသောရယ်မောကာ "ဦးနောင်မိန်းမယူရင် ကရင်မရှာယူ ... တာလပေါ့ဟင်း အမြဲစားရလိမ့်မယ် ..." ပြန်ပြောလေ့ရှိသည်။ ခူးဖောက အသက်အငယ်ဆုံး။ သူ့ကို ဝိုင်းပြီးစကြ နောက်ကြ။ အကြင်နာနှင့် ညီမလေးလိုချစ်ကြ။ သူ့အသံ ဆည်းလည်းသံဖြင့် သာတောင့်သာယာရှိခဲ့ကြသည်။ ခူးဖောက တကယ်လည်း ပန်းတပွင့်နယ် လှပလန်းဆတ်နေလေသည်။ မင်းရွှေဦးက "ဖော" ဟုဆိုကာ ထိုပန်းပွင့်ကို ရင်ထဲတွင် ပန်ဆင်ထားသူ။

ယခုသူတို့၏ ရိပ်မြုံကလေးသည် ပိုင်းပြတ်ပြိုကွဲသွားခဲ့လေပြီကော။ အောင်မိုးရင်ထဲတွင် အပူလွှန် အတွေးများက အပ်ဖျား တနေရာစာမကျန်အောင် ဖိစီးထားလေပြီ။ ခြေမကိုင်မိ လက်မကိုင်မိ။ ဘာလုပ်လို့ လုပ်ရမှန်း မသိတော့။ အမိုးကို ဘယ်လိုပြောပြရမလဲ။ ထိုမေးခွန်းက သူ့ကိုအထပ်ထပ် မေးခဲ့လေသည်။ အိမ်ကို ရောက်ရောက်ချင်း ကိုနောင့်ကိုတိုင်ပင်ရလိမ့်မယ်။

ဒီမြို့မှာဖွဲ့ထားသည့် ကရင်အစည်းအရုံးကကော ဘာကူညီနိုင်မှာလည်း။ အားမလိုအားမရဖြစ်ကာ စိတ်ထဲတွင် မေးကြည့်မိသည်။ ဘာလုပ်ပေးနိုင်မှာလဲ။ အမှန်တရားကို ဖော်ထုတ်ပြီး လူသတ်ကောင် မုဒိန်း ကောင်ကို ဆွဲထုတ်ပေးနိုင်မှာလား။ မသိကျိုးကျွန်ပြုပြီး နေသာသလိုနေမှာလား။ တကယ်က ဒီမြို့ရှိ ကရင်အမျိုးသား အစည်းအရုံးကိုယ်တိုင်က တရားမဝင်နေထိုင်သူနဲ့ ဖွဲ့စည်းထားတဲ့ တရားမဝင်အဖွဲ့အစည်း။ ယိုးဒယားမြေ ပေါ်တွင် ဖြေရှင်းမပေးနိုင်။ ကရင်အမျိုးသား အချင်းချင်းကြားတွင် ဖြစ်ပေါ်လာခဲ့သည့် လူမှုရေးပြဿနာ အသေး အမွှားကိုသာ ကြားခံဖျန်ဖြေပေးနိုင်ရုံကလွဲလို့ အခြားစွမ်းဆောင်ပေးနိုင်သည့် အခြေအနေ မျိုးမရှိ၊ မကယ်နိုင်၊ မကူနိုင်ခဲ့။

လမ်းမပေါ်တွင် လမ်းလျှောက်နေရင်း သူ့ရင်ကို ပင့်သက်မောအောင် ထိုမေးခွန်းများက မြားအဖြစ် ဝင်စူးလာလေသည်။ တခါတရံ တိုင်းရေးပြည်ရေး နိုင်ငံရေးဆွေးနွေးကြစဉ်အခိုက် အတွေးများ၊ မေးခွန်းများ

ထဲတွင် အောင်မိုးနစ်နေတက်သည်။ ကိုနောင် ပြော၍မဟုတ်။ ဘဝက သင်ကြားပြသပြီးသား။ စနစ်ဆိုးကို မဖျက်သိမ်းသေးသမျှ ဘဝတွေဟာလည်း အခုလိုပဲ ကျိုးကျေပျက်ဆီး နေရမှာပဲ။ အခုလိုမျက်နှာငယ်ရမှာပဲ။ လူတလုံး သူတလုံး လူစင်မီတဲ့ဘဝ ဘယ်တော့မှ ရမှာမဟုတ်ဘူး။ ဘဝက သင်ကြားပြီးသား။ ထို အသိတရားများကို ထင်ရှားလာစေရန် ဆွေးနွေးသည့်အခါတိုင်း ကိုနောင်က မှန်ချပ်ထောင်ပြပေးသူ။ အောင်မိုးသက်ပြင်းကို မျှင်းမျှင်းချမိလိုက်သည်။ "ကိုနောင်ပြောသလိုပါပဲ ... မြေကြီးလက်ခတ်မလွဲပါဘူး... တော်လှန်ရေး မလုပ်သမျှ ဘာမှပြောင်းလဲမှာ မဟုတ်ဘူး။ ဘဝတွေကို ပြောင်းလဲပစ်ဖို့ တော်လှန်ကြရမယ် ... မလွဲမသွေ လုပ်ကိုလုပ်ရတော့မယ် ... မုနော်အပျိုမတွေ ... ခူးဖောတွေ စတေးခံပြီးပေးခဲ့တဲ့ ဘဝဖတ်စာ ... ခူးဖောက သူ့ဘဝနဲ့ရင်းပြီး ပေးခဲ့တဲ့ဖတ်စာ ..."

ထိုသို့ပင် အောင်မိုး တဖွဖွပြောကြည့်နေသည်။ ခူးဖောသေသွားပြီ။ ဘာလုပ်ရမလဲ...။ ထိုကဲ့သို့သော အလားတူမေးခွန်းတွေ ရောက်မလာတော့။ နမငယ်တယောက်လို ချစ်ခဲ့သည့်ခူးဖောက အခုသူ အစတေးခံလိုက်ရပြီ။ ခူးဖောနှင့် ခူးဖောပေါင်းများစွာအတွက် လွတ်မြောက်အောင် ကြိုးစားပေတော့... ပြည်တွင်းကိုပြန်ဝင်ပြီး လွတ်မြောက်ရေးအတွက် ကြိုးစားပေတော့ဟု ပြောသည်ကို သဲ့သဲ့ကြားနေသလိုပဲ ခံစားသိမြင်လာခဲ့သည်။ ခူးဖောက သူ့ကိုကိုင်လှုပ်နေသလို ခံစားနေရသည်။ တပ်ဦးရှိရာကို ငါတို့သွားကြမယ် ... သွားကြရမယ်လို့ ပြောခဲ့တာကို ခူးဖောထပ်ပြီး သတိပေးနေသလို ဖြစ်နေပါလား ...။

လမ်းမပေါ်သို့ ထိုးကျနေသည့် နေခြည်ပန်းစကြာကွက်များကို နင်းကျော်ဖြတ်လာခဲ့သည်။ ဝဲလှည့်ခြာလည်နေသည့် ပန်းဇာကွက်များနှယ် အတွေးတွေက တဖျပ်ဖျပ်ကူးပြောင်းလာနေခဲ့သည်။

၄

## မျိုးနောင်၏ နက်ရှိုင်းအတွေး

"ဦးနောင်ရေ ... အမိုးတို့ဖထီးတို့ကိုလွမ်းလှပြီ ... ရွာကိုပြန်ချင်လှပြီ ... တခေါက်လောက်ပြန်ရရင် အလွမ်းပြေပါပြီ ... ကရင်ပြည်နယ်ကို လွမ်းတယ်ဦးနောင်ရယ် ... ပြောစမ်းပါအုံး ... ဦးနောင်ကောမလွမ်းဘူးလား ... ဦနောင်ရဲ့ အဖေ၊ အမေတွေကတော့ ဦးနောင်ကိုလွမ်းနေမှာပါပဲ ..."

အနည်ထိုင်နေသော အလွမ်းကို မုနော်က ထိုသို့ပင်လှုပ်ခါပေးလေ့ရှိသည်။ ယခု မုနော် မရှိတော့သည့်အခါ မုနော်၏ ရယ်မောပြောဆိုသံတွေက ရင်ထဲတွင် ကိန်းအောင်းခိုတွယ်နေရာမှ နိုးထ လာခဲ့သည်။ သူတို့သုံးယောက်နှင့် သည်အိမ်မှာပဲ ဆုံတွေ့ကြရသည်။ ဘဝတူစာနာခံစားမှုက သံယောဇဉ် အချစ်ကို မွေးဖွားပေးခဲ့ကာ သူတို့လေးယောက်ကို စုစည်းနှောင်ချည် ရစ်ပတ်ထားခဲ့လေသည်။

မျိုးနောင်က ဘုရားသုံးဆူဒေသတွင် ဖွဲ့စည်းထားသည့် ကျောင်းသားတပ်ဦးက အဖွဲ့ဝင်။ အမျိုးအစားကောင်းသည့် တော်လှန်ရေးတပ်တတပ်ကို တည်ဆောက်ပျိုးထောင်လိုသည့် တော်လှန်ရေး အင်အားစုများသည် တပ်ရင်း(၁၀၁)မှ ခွဲထွက်လာကြကာ တပ်ရင်းအသစ်တခု ထူထောင်လိုက်ကြသည်။ ထိုစဉ်က မျိုးနောင်က အတက်ကြွဆုံးပါဝင်ခဲ့သူ။ တော်လှန်ရေးတပ် တည်ဆောက်သည့် အခါတွင်လည်း ရှေ့တန်းက ပါဝင်ခဲ့သည့်ရဲဘော်။ တင်စိုးနောင်၊ တင်စိုးမောင်နှင့် မကြားခဏလူမှားခံရသည်။ ထိုညီအကိုက တပ်ရင်းဟောင်းတွင် ကျန်ရစ်ခဲ့ပြီ။ သူကမျိုးနောင်။ ရှေ့တန်းတွင် ဖက်ဆစ်နအဖတပ်ကို အထပ်ထပ် တိုက်ခဲ့ဘူးသည်။

တပ်ကော်မတီက ရဲဘော်သုံးဦးကို ရွေးချယ်စီစစ်ကာ လူထုကြားထဲ စေလွှတ်ခဲ့သည်။ တော်လှန်ရေးတပ်သားသစ် စုဆောင်းရန်၊ စည်းရုံးရေးဆင်းရန်အတွက် စေလွှတ်ခဲ့သည်။ တပ်ကော်မတီက လူပဲချပေးသည်။ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးက စိတ်တိုင်းကျ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် အရက်၊ ဖဲ၊

ပြည့်တန်ဆာ၏ ကျေးကျွန်မဖြစ်ဖို့။ လူထုထဲတွင် ရှင်သန်လှုပ်ရှားနေမည့် ရဲဘော်ကိုရွေးချယ်ခဲ့ရာ မျိုးနောင်က လက်ရွေးစင်ထဲမှာ ပါလာခဲ့သည်။ သူ့ကို ဉာဏ်နယ်စပ်မြို့ကလေးသို့ ပို့လွှတ်ခဲ့သည်။ လူထုတွေ လွတ်မြောက်ဖို့ ဖြစ်တဲ့အတွက် လူထုတွေပါ ပါဝင်လာဖို့လိုသည်။ လူထုတွေပါဝင်လာမှ အောင်ပွဲကို ရယူနိုင်မှာဖြစ်သည်။ အတွင်းရေးမှူးက သဘောတရားသင်တန်း ပေးသည်။ “ရောက်တဲ့အရပ်မှာ တော်လှန်ရေးသမားဆိုတာ ပစ်တိုင်းထောင်လို ထောင်နေရမယ်ရဲဘော် ” ဟု အထပ်ထပ်မှာကြားသည်။ လူထုကိုမစော်ကားဖို့၊ လူထုရဲ့ အစေအပါး နွားသဖွယ်ဖြစ်နေဖို့၊ တော်လှန်ရေးအတွေးအခေါ်ကို ဆက်လက်လေ့လာ တည်ဆောက်ဖို့၊ နိုင်ငံရေးကို အဆက်မပြတ်လေ့လာဖို့ သူ့ရင်တွင်းတွင် ကိန်းအောင်းမှတ်သားမိစေရန် ခေါင်းဆောင်က ပုံသွင်းထုဆစ်ခဲ့လေသည်။

ဉာဏ်မြို့ကလေးသို့ သူရောက်လာခဲ့သည်။ တပ်ရင်းမှ ထွက်လာခဲ့စဉ် လစ်ဟာသွားသော စည်းရုံးရေး တာဝန်ယူခဲ့သည့် ရဲဘော်သုံးယောက်နေရာတွင် တနှစ်အတွင်း တပ်သားအသစ်များ အစားထိုးလာ နိုင်ခဲ့လေသည်။ စစ်အာဏာရှင်စနစ်က လူထုဘဝ အသိန်းအသန်းကို ဖျက်ဆီးခဲ့ပြီးပြီ။ ဖိနှိပ်စစ်လှိုင်းလိပ်များက လူထုတွေကို အရှေ့ဘက်ကမ်းခြေများဆီ တွန်းတင်ထားခဲ့လေသည်။ တော်လှန်ရေးတပ်သားသစ် အရင်းအမြစ်များက ထိုနာကျင်နေသော လူထုပင်ဖြစ်နေလေသည်။ ပြည်သူလူထုတွေထဲ စိမ့်ဝင်ရန်လိုသည်။ ထို့ကြောင့် အောင်မိုးကို သူရွေးချယ်ခဲ့သည်။ တနှစ်အတွင်းမှာ ငွေစုဆောင်း မိသားစုတွေထံ ပြန်ပို့ပြီးသည်နှင့် တော်လှန်ရေးတပ်ဦး ရှိရာသို့ မင်းရွှေဦးနှင့် မုနော်တို့သွားကြမည်။ အောင်မိုးက သူ့နယ်သူ့ဒေသသို့ ပြန်မည်။ တပ်ဦး၏ ရေသောက်မြစ်အဖြစ်နှင့် သူ့ဒေသရှိ လူထုထဲတွင် စိမ့်ဝင်ပျံ့နှံ့နေမည်။ ဒါပဲ။

ယခုမူ ထိုအစီအစဉ်သည် ပျက်စီးဆုတ်ယုတ်သွားပြီလား။ အထူးသဖြင့် မင်းရွှေဦး စိတ်ပြောင်း သွားလေမလား။ အောင်မိုးကကော စိတ်ပြောင်းသွားအုံးမှာလား။ ဒီနယ်စပ်မြို့နဲ့ သူ့နယ်မြေဒေသ၊ တပ်ဦးနဲ့ သူ့နယ်မြေဒေသ လွန်းထိုးဆက်သွယ်ပေးအုံးမလား။ မုနော်အသက် … မုနော်ဘဝ ကျေမွပျက်ဆီးခြင်းနဲ့အတူ ရှေ့လုပ်မဲ့ တော်လှန်ရေးအစီအစဉ်တွေ ပျက်စီးသွားပြီလား။ တကယ်တော့ ဒါတွေကို ဖြတ်သန်းရမှာပဲ။ ခရီးကောင်းတလက်ဖြစ်ဖို့ မီးနာရလိမ့်မယ်။ ပေပေါ်မှာ အထပ်ထပ် အထုအတေ ခံရတာမဟုတ်လား။ တပ်ဦး ကထွက်မလာမီ အတွင်းရေးမှူးမှာခဲ့တာကို အခုပြန်လည် ပဲ့တင်ထပ်ကြားယောင်နေဆဲ။ တော်လှန်ရေး သမားဆိုတာ ပစ်တိုင်းထောင် ဖြစ်နေရမယ် …။ ချစ်သူကို ဆုံးရှုံးလက်လွှတ်ခဲ့ရတဲ့ မင်းရွှေဦးဟာ တော်လှန်ရေး သူရဲကောင်းတဦး ဖြစ်လာရလိမ့်မယ်။ ခူးဖော်ပေါင်းများစွာကို သူတို့ရဲ့ချစ်သူတွေ၊ မောင်တွေ၊ အကိုတွေက၊ ဦးလေးတွေက ဆုံးရှုံးခဲ့ရပြီးပြီမဟုတ်လား။ လက်သည် တရားခံတွေကိုပဲ ခုခံတုံ့ပြန်ရတော့မယ်။

ချစ်သူကို ဆုံးရှုံးခဲ့ရသည့်အတွက် သူရဲကောင်းဖြစ်လာခဲ့သည့် စကော့တ်လန် တော်လှန်ရေး ခေါင်းဆောင်ကြီးက သူ့စိတ်တွင် ဖျတ်ခနဲပေါ်လာသည်။ စကော့တ်လန် တော်လှန်ရေးသမား ခေါင်းဆောင် ဝီလျံဝေါလက်စ်ရုပ်ပုံလွှာသည် ရုပ်ရှင်ပိတ်ကားပေါ်မှာကဲ့သို့ တကွက်ခြင်း ကူးပြောင်းသွားနေလေသည်။ သူ့ချစ်သူကို နယ်ချဲ့အင်္ဂလိပ်စစ်တပ်က အနိုင်ကျင့် မုဒိန်းကျင့်သတ်ဖြတ်ပစ်ခဲ့ကြသည်။ ချစ်သူ၏ အလောင်းကို ပွေ့ဖက်ရာမှ မြေပြင်ပေါ်သို့အလောင်းကို ပြန်ချကာ ရန်သူ့တပ်စခန်းရှိရာသို့ ခရီးဆွဲထွက်လာခဲ့သည်။ တော်လှန်ရေး စတင်ခဲ့လေပြီ။ သူသည် နောင်တွင်ထင်ရှားသည့် စကော့တ်လန် တော်လှန်ရေးသမား ခေါင်းဆောင်ကြီးဖြစ်လာခဲ့သည်။ ရန်သူနယ်ချဲ့က သူ့ကိုဖမ်းမိခဲ့သည်။ သူ့ကိုသတ်ရန် လူထုရှေ့မှောက်ရှိ လူသတ်ကုန်း လူသတ်စင်ပေါ် ဆွဲခေါ်လာခဲ့ကြသည်။ ရန်သူက သူ့ကို တောင်းပန်ခိုင်းသည်။ ကျနော်မှားပါတယ်၊ သနားပါဗျာဟု တောင်းပန်ခိုင်းသည်။ မတောင်းပန်ပါက နယ်ချဲ့လူသတ်သမား၏ ဓားက သူ့လည်ပင်းပေါ် ကျလာတော့မည်။ သူကမတောင်းပန်ခဲ့။ သူတို့စကော့လူမျိုးတွေ အနှစ်နှစ်အလလ တောင်းဆိုတိုက်ပွဲဝင်

တော်လှန်ခဲ့သည့် လွတ်လပ်ရေးကိုသာ ဟစ်ကြွေးတောင်းဆိုလိုက်သည်။ "ဖရီးဒန်း"။ ငါတို့လိုချင်တာ လွတ်လပ်ရေးပဲဟေ့။ ခားသွားသည် သူ့လည်ပင်းပေါ်သို့ အဟုန်ဖြင့် ကျရောက်လာခဲ့သည်။ ကြိုးစင်ပေါ်မှ ဟစ်ကြွေးလိုက်သည့် လွတ်လပ်ရေးသည် စကော့တ်လင်ပြည်သူများကိုပါမက လွတ်လပ်ရေးကို မွတ်သိပ်သူ၊ လွတ်လပ်မှုမရှိပဲ နှောင်ကြိုးအထပ်ထပ် တင်းနှောင် တုတ်ချည်ထားခြင်း ခံရသူများ၏ ဘဝဆီ၊ အသည်းနှလုံးဆီ၊ ရိုက်ခတ် ပဲ့တင်ထပ်နေခဲ့လေသည်။ ပြောင်မြောက်သော စကော့တ်လင်အာဇာနည် သူရဲကောင်း ခေါင်းဆောင် ကြီး ဝီလျံဝေါလက်စ် ရင်ခေါင်းတွင်းက အားကုန်ဟစ်ကြွေး တောင်းဆိုလိုက်သည့် လွတ်လပ်ရေးသည် သူ့ရင်တွင် ပဲ့တင်ထပ်ကျန်ခဲ့သည်။

အသက်နှင့်ထပ်တူ ချစ်ခဲ့ရသည့်ချစ်သူ။ အဓမ္မမုဒိန်းကျင့် သတ်ဖြတ်ခြင်းခံခဲ့ရ၍ တော်လှန်ရေး သမားဖြစ်လာခဲ့သည့် စကော့တ်လင် တော်လှန်ရေးသမား၏နေရာတွင် မင်းရွှေဦးက ရောက်လာခဲ့ပြီ။ လွတ်လပ်မှုမရှိခြင်း၏ ဆိုးကျိုးရလဒ်ကား တခုတည်းနှင့်ပြီးမသွား။ အဆင့်ဆင့် အထပ်ထပ် ဆိုးကျိုးပေါင်း များစွာကို လက်ခံယူနေခဲ့ရလေသည်။ ငြင်းပယ်၍မရ။ ဆင်းရဲကြပ်တည်းငတ်မွတ်၊ လွတ်လပ်မှုမရှိ၊ ရေမကြည် မြက်မနု၊ စစ်ဒဏ်သင့်၊ နယ်စပ်ထွက်ပြေးလာကြရ၊ ယိုးဒယားမြေထဲတွင် မတရားမှုပေါင်းများစွာကို ခါးစည်း ခံခဲ့ရ။ အဆင့်ဆင့်အထပ်ထပ်။ ဘဝသင်္ချေမှာ ကြေကွဲ၍ပင်မဆုံးနိုင်တော့။ တကယ်ကျတော့ ပူဆွေးမှု မြစ်မရေစီးထဲမှာ ပန်းကြွေပွင့်အလား စီးမျောနေ၍မရ။ ဒီမှာပဲ ရပ်တန့်နိဂုံးဆုံး၍မဖြစ်သေး။

ကိုမျိုးနောင်၏ စိတ်အတွေးထဲတွင် မင်းရွှေဦးနဲ့အောင်မိုးတို့လည်း နာကျည်းခါးသီးလှစွာ စနစ် ပြောင်းလဲသူတွေ ဖြစ်လာလိမ့်မည်ဟု တွေးကြည့်နေမိပြန်သည်။ မင်းရွှေဦးကော အောင်မိုးပါ သည်းအူပြတ်မျှ ကြေမွပဲ့စင်သည့်ခံစားမှုကို ရင်နှင့်မဆံ့အောင် ခံစားနေကြရလိမ့်မည်။ ပေါက်ကွဲ၍ နေကြပေလိမ့်ဦးမည်။ အိမ်ကိုပြန်ရောက်လို့ တံခါးဖွင့်လိုက်သည်နှင့်တပြိုင်နက် သူတို့ပေါက်ကွဲကြရော့မည်။ နေ့နေ့ညည စက္ကန့် နာရီများတွင် ဆွေးမြေ့မှုများက နစ်ဝင်နေပေလိမ့်မည်။ မျိုးနောင်က ဟိုးအဝေး မိုးကုတ်စက်ဝိုင်းဆီ လှမ်းငေး ကြည့်သည်...။ ဒီခံစားမှုတွေက သူတို့ဘဝတွေကို ပြောင်းလဲပစ်လိမ့်မယ် ...။ ထိုစကားလုံးတွေက သူ့နှုတ်ခမ်း နှစ်လွှာကို ဝင်တိုးနေလေသည်။ ဟိန်းထွက်လာသော တံခါးဖွင့်သံက သူ့အတွေးပုံရိပ်များကို ဖြတ်တောက် ဖျက်ဆီးပစ်လိုက်သည်။ အိမ်တံခါးကို မင်းရွှေဦးနှင့် အောင်မိုးတို့ ပြိုင်တူဆောင့်ကာ ဖွင့်မိလျှက်သား ဖြစ်သွားသည်။ အိမ်ထဲမှောင်ရိပ်စွန်းတွင် မရှိနိုင်မတွေ့နိုင်တော့မည့် ခူးဖောကို တစမ်းဝါးဝါး ရှာကြည့် မိသေးသည်။ မတွေ့နိုင်တော့။ တသက်လုံး တွေ့နိုင်မှာမဟုတ်တော့။ ရင်၏ထောင့်တထောင့် တနေရာမှာပဲ ရှာဖွေတွေ့ရှိနိုင်မှာ ဖြစ်သည်။ မင်းရွှေဦးသည် အိမ်ထဲရောက်သည်နှင့် တားဆီး တုတ်ဆည်ထားခဲ့သော ငိုရှိုက်သံရေတံခွန်ကို ဖွင့်အံ့ချလိုက်လေသည်။ ကိုမျိုးနောင်က မင်းရွှေဦးကို သူ့ရင်တွင်အပ်ကာ ပွေ့ထား လိုက်သည်။ "ဖော ... ရေ ... ငါ့နှလုံးသားတွေ ကွဲကြေကုန်ပြီ"အောင်မိုးက သူ့အိပ်ယာပေါ်တွင် ကြိုးပြတ် သွားသော ရုပ်သေးရုပ်ဖြစ်သွားနေလေသည်။ အခိုက်အတန့်တွင်တော့ ကြေကွဲမှု ရုပ်သေးရုပ်၊ ကြိုးပြက် ရုပ်သေးရုပ်တွေ ဖြစ်နေပေလိမ့်ဦးမည်။

■ ■ ■

မေ ၁၃ ၊ ၂၀၀၄
သစ္စာမဂ္ဂဇင်း အမှတ် (၉) မေလ၊ ၂၀၀၆

# ချော်လက်ပိုင်ရှင်

၁

စိန်ပွင့်တွေနဲ့ ဒီဇိုင်းဆင်ထားတဲ့ လက်သည်း။ ညာဘက် လက်ငါးချောင်းမှာက စိန်ပွင့်တွေနဲ့ချည်းဆင်ထားတာ။ ဘယ်ဘက်လက် ငါးချောင်းမှာက ကျောက်ပွင့်တွေနဲ့ တမင်ခြယ်သထားတာ။ နတ်ပန်းချီလို့ ပြောရလောက်အောင် လှပတဲ့ လက်သည်းတွေ။ တဖြိုးဖြိုးတဖျပ်ဖျပ်နဲ့ ဝင်းလက်တောက်ပနေတဲ့ လက်သည်းတွေရဲ့ အလှအပတွေကြောင့် လက်ချောင်းတွေပါ လှသွားတော့တာပဲ။ ရုပ်ရှင်တွေထဲက ပပဝတီမင်းသမီးက ခုနှစ်ဆောင်တိုက်ခန်း မီးမထွန်းပဲ လင်းသတဲ့။ သူ့ရဲ့ ချောင်းလက်သွယ်တွေ လက်သည်းတွေထက် အခု နတ်ပန်းချီဆေးခြယ်ထားတဲ့ ဒီလက်တွေက ပိုပြီး လှလိမ့်မယ်ထင်ပါရဲ့။

နတ်ပန်းချီဆိုပေမဲ့ ဘယ်နတ်က လာပြီး အလှခြယ်ပါ့မလဲ။ ဂျပန်က ရောက်လာတဲ့စက်က အလှခြယ်ပေးတာ။ နောက်ဆုံးပေါ် ခေတ်မီစက်နဲ့ အနုပညာဆန်ဆန် လက်သည်းတွေပေါ်မှာ ဒီဇိုင်းစုံပုံဖော်ပေးသတဲ့။ ဒီဇိုင်းက ငါးမျိုး၊ အဲဒီငါးမျိုးထဲက အလှဆုံးလို့ထင်ရတဲ့ ဒီဇိုင်းပုံနဲ့ လွန်ခဲ့တဲ့ညက အလှခြယ်ခဲ့တာ။ လူဖြစ်လာကတည်းက ဒီတခါတည်းပဲ လှဘူးသေးတယ်။ လူကဖန်တီးထားတဲ့ စက်ဆိုတော့ လူ့ရဲ့စိတ်ကူးအတိုင်း အပ်ချမတ်ချ လူအတိုင်း လုပ်သွားလိုက်တာများ အံ့သြယူရတယ်။ လက်သည်းအသားတွေညီအောင် ညှိတဲ့အခါ တံစဉ်းတိုက်တဲ့စက်နဲ့ ညှိပေးရတယ်။ စက်နဲ့ အရောင်တင်တယ်။ အပူပေးတဲ့စက်နဲ့ ခြောက်သွေ့သွားအောင် အပူပေးတယ်။ ကိုယ်ကြိုက်တဲ့ ဒီဇိုင်းမှန်ပြားကို စက်ထဲထည့်၊ လက်ချောင်းတွေ ကိုလည်း စက်ထဲမှာ ထည့်လိုက်တယ်။ မကြာပါ ဘူးတော် နတ်ပန်းချီ အလှခြယ်တဲ့ လက်ချောင်း ကလေးတွေ ဖြစ်သွားတော့တာပဲ။

"မမကြီး ဘာတွေစဉ်းစားနေတာလဲ … ကျနော်ကော်ထုတ်ပေးရမလား … မမခြေစွယ်တွေက အနာဖြစ်နေပြီ… အဲဒီခြေစွယ်တွေကို ကျနော်ကော်ထုတ်ပေးချင်တယ်"။

ညကမက်ခဲ့တဲ့ အိပ်မက်ကို ပြန်လည်တွေးတော ငေးမောနေရာက မသင်းမိုး လန့်နိုးသွားသည်။ တကိုယ်လုံး ကျောက်ဆစ်ရုပ် ဖြစ်နေရာမှ တုံ့ခနဲ လှုပ်ခတ်သွားသည်။"အဲ … ကိုတိုးရယ် လန့်လိုက်တာ "ဟု ခပ်တိုးတိုး ရေရွတ်မိခြင်းနှင့်အတူ ခေါင်းပါခါထွက်သွား၊ ရင်လည်းထိတ်သွား၊ ခန္ဓာကိုယ်တစ်ခုလုံး အသက်ဝင်လာခဲ့သည်။ သို့သော် အိပ်မက်ကတော့ ပြေးထွက်သွားနှင့်ပြီကော။ ညကမက်ခဲ့သည့် အိပ်မက်ထဲရောက်နေခဲ့သဖြင့် မောင်လေးကိုတိုးသူ့အနား ရောက်လာခဲ့သည်ကိုလည်းမသိ။ သတိမထားမိ။ သူ့ရှေ့တွင် ခြေထောက်တွေကို ရှောက်ရည်လိမ်းနေသော ညီမဖြစ်သူ သင်းမျိုးကိုလည်း မသိတော့။ လှပသောအိပ်မက်က သူ့ကို ညှို့ခေါ် သယ်ယူသွားခဲ့သဖြင့် သူ့ပတ်ဝန်းကျင်နှင့် အဆက်ပြတ်သွားခြင်းဖြစ်သည်။

"နေပါဦးဟဲ့ကိုတိုးရဲ့ ငါ့ဖာသာငါ လုပ်ကြည့်ပါအုံးမယ်… နင်ခြေစွယ်ကော်ထုတ်တာ ငါခံနိုင်မှာမဟုတ်ဘူး … နင်က သိပ်ကြမ်းတမ်းတာ နွားသတ်သလို သတ်မှာ"။

ကိုတိုးမျက်လုံးအိမ်က တခဏ၌ ပြူးကျယ်သွားသည်။ နွားသတ်သမားလို သိပ်ကြမ်းသည်ဟု အမကပြောသဖြင့် ဘဝင်မကျဖြစ်သွားသည်။ အပေါ်နှုတ်ခမ်းက ရွဲ့သွားသည်။

"လွန်ခဲ့တဲ့ သုံးရက်က မမလေးခြေစွယ်ကို ကျနော်ဖော်ပေးခဲ့ရတာပါနော်။ ဟော … အခု ကောင်းသွားပြီ။ အနာလည်း ပျောက်သွားပြီ။

ဒီလောက်ဆေးကုတော်တဲ့ မောင်လေးတယောက်ကို မမကြီးက နွားသတ်သမားလို့ ပြောရက်တယ်ပေါ့လေ။ မမလေး ပြောပြလိုက်စမ်းပါဟာ ငတိုးဆိုတဲ့ ကောင်က အမတွေအပေါ်မှာ ဘယ်လိုကြင်နာတယ် မကြမ်းတမ်းဘူးဆိုတာ ပြောပြလိုက်စမ်းပါဟာ''။

ကိုတိုးက မမလေးသင်းမျိုးကို သက်သေထူသည်။ ကြမ်းတမ်းရက်စက်တတ်သည့် ကောင်လေးမဟုတ်ကြောင်း ပြောပေးစေချင်သည်။ စတယ်၊ ပြောင်တယ်၊ နောက်တယ်ဆိုပေမယ့် ကြင်နာတတ်သူ စာနာတတ်သူအဖြစ်နှင့် ချီးမွမ်းခံချင်သည်။ မောင်နှမသုံးယောက်ထဲတွင် ကိုတိုးကအငယ်ဆုံး။ အသက်က ဆယ့်လေးနှစ်။ ထယ်ထိုးနွားကျောင်းအဖြစ် လယ်သမားစာရင်းဒိုင်အိမ်တွင် အလုပ်ဝင်လုပ်နေခဲ့ပြီ။ စပါးတင်းနှစ်ဆယ်ရပြီ။ နေ့ဘက်တွင် လယ်ထဲမှာ အလုပ်ကုန်းရုန်းလုပ်ကြ။ ညတွင် မောင်နှမမိသားစု မိမိတို့အိမ်သို့ အသီးသီး ပြန်ရောက်လာကြသည် မဟုတ်လား။ ဆုံစည်းရခိုက် အလုပ်ကြောင်းပြောကြ။ နောက်ပြောင်ကျီစယ်ကြ။ ထွေ့ငေ့ါလှောင်ပြောင်ကြနှင့် ရယ်ပွဲဖွဲ့ကာ အပန်းဖြေ ကြရသည်မဟုတ်လား။

''ငါ့မောင်လေးကိုတိုးက လူတဖက်သားကို သိပ်ပြီး ကြင်နာတတ်တဲ့ကောင် လူကြမ်းလူရမ်းကားတွေနဲ့ တခြားစီပဲ့ တခြားစီ ''။

သင်းမျိုးက သူ့မောင်လေးမျက်နှာကို စေ့စေ့ကြည့်ကာ မသင်းမိုးကြားအောင် ခပ်ဆတ်ဆတ်ပြောသည်။ ကိုတိုးက မသင်းမိုး အနီးအနားသို့ တိုးကပ်သွားကာပြောသည်။ တိုးတိုးရှဲရှဲ။ မမကြီးမကြားရအောင် တမင်တိုးတိုးပြောခြင်းဖြစ်သည်။ မိဘနှစ်ပါးဖြစ်သည့် ဦးဖေနှင့်ဒေါ်ကျေးတို့က သူတို့မောင်နှမသုံးယောက်ကို မှောင်ရိပ်ကနေ တစေ့စောင်းကြည့်ကာ ပြုံးရယ်နေကြသည်။ ခေတ်ဆီ၊ ရေနံဆီမီးခွက်၏ အလင်းရောင်အောက်တွင် မသင်းမိုးက စိတ်အတွေးနောက်သို့ လိုက်ပါသွားလိုက်၊ ခြေစွယ်ငုတ်သည့်နေရာဆီသို့ ပြန်ရောက်လာလိုက်။

အိပ်မက်ထဲမှာ ဘယ်ကို ရောက်သွားတာလဲ။ ရန်ကုန်ကိုလား။ သင်းမျိုးက မျက်လုံးပေါက်နှစ်ပေါက်ကို မှေးကျဉ်းသွားသည်အထိ ပြန်စဉ်းစားမိသည်။ ကိုယ့်ကိုကိုယ် ပြန်မေးကြည့်နေသည်။ ဘယ်မြို့မှန်းလဲမသိ။ မြို့ကြီးတမြို့ကိုရောက်သွားတာ။ လူတွေက လမ်းပေါ်မှာ ဆူညံရှုပ်ရှက်ခတ်။ ကားလမ်းတခုကို ဖြတ်ကူးတော့ ရင်ခုန်နေသည်ကို သတိပြန်ရနေပြန်သည်။ အဆောက်အဦးတွေက လမ်းမ ဘယ်ညာမှာ ရောမမှန်ဘီဒိုကြီးတွေ ထောင်ထား သလိုပဲ။ အဲဒီမြို့ကြီးရဲ့ တနေရာမှာရှိတဲ့ လက်သည်း အလှပြင်ဆိုင်၊ လက်အလှပြင်ဆိုင်ကို ရောက်သွားခဲ့တာမဟုတ်လား။ ဟုတ်ရဲ့လား။ ကြည့်ပါအုံး။ အိပ်မက်ထဲရောက်သွားခဲ့တာ။

လူဖြစ်လာကတည်းက မြို့တော်ရန်ကုန်ကို အေးမတို့နဲ့ တခေါက်ပဲရောက်ဖူးတာ။ ညက အိပ်မက်ထဲရောက်သွားခဲ့တဲ့ မြို့က ရန်ကုန်ပဲ ဖြစ်ရမယ်။ ရန်ကုန်ပဲဖြစ်ပါစေတော်။ ဒါဆိုရင် ရန်ကုန်ကို နှစ်ခေါက်ရောက်ဖူးသွားပြီ။ နက်ဖြန်မနက် ကောက်စိုက်ဆင်းရင် အေးမတို့ ခင်လေးနွယ်တို့ကို ကြွားရမယ်။ လွန်ခဲ့တဲ့ညက ရန်ကုန်ကို ရောက်သွားပြီး လက်အလှပြင်ဆိုင်မှာ သမန်းဆီတက်နေတဲ့ ငါ့သရဲလက်ကို အလှပြင်ကြောင်း လက်က ဖြူသွယ်အိစက်ပြီး စိန်ရောင်တလက်လက်နဲ့ လှပနေကြောင်း ပြောပြရမယ်။ ဟုတ်ပါရဲ့။ စပါးရိတ်တဲ့လက်။ ကောက်စိုက်တဲ့လက်က အကျည်းတန် အရုပ်ဆိုးသလောက် ကောက်မစိုက်ရ စပါးမရိတ်ဘဲ ထမင်းကိုအလျှံပယ်စား၊ အကောင်းစားနေရတဲ့ လူချမ်းသာတွေရဲ့လက်နဲ့ အိပ်မက်ထဲမှာ သွားပြီးတူနေချေ သေးတော့။ ကိုလှအောင်ကို ပြောပြရင် သူက ရယ်မှာပဲ။ အူတက်အောင်ရယ်မှာ။

ဘယ်လိုလုပ်ပြီး ဒီအိပ်မက်ကိုမက်ဖို့ လမ်းစရခဲ့သလဲ။ အိပ်မက်ဆိုတာက စိတ်ကစွဲထင်ရာ စွဲလမ်းရာကို မြင်မက်တာပဲ။ အော် ... ဟုတ်ပြီ။ မဂ္ဂဇင်းစာအုပ်ထဲက လက်သည်းအလှပြင်ဆိုင်က အလှပြင်ပုံကို အထပ်ထပ် ဖတ်ခဲ့ဖူးတယ် မဟုတ်လား။

မသင်းမိုးက အိပ်မက်ထဲ ရောက်ရှိနေရာက ရုတ်တရက်ထရပ်လိုက်ပြီး မဲမှောင်နေသော အိပ်ခန်းကလေးထဲသို့ လှမ်းသွားကာ လှည့်ဝင်လိုက်

သည်။ တဲအိမ် ဝါးကြမ်းပြင်တွေက တဂျိုးဂျိုး တဂျွတ်ဂျွတ် မြည်သွားစဉ် ကိုတိုးတို့မောင်နှမ နှစ်ယောက်က အမကြီးသင်းမိုးကို လှမ်းမော့ကြည့် ဖြစ်သည်။ အိမ်ခန်းထဲက ပြန်ထွက်လာသည့်အခါ မသင်းမိုးလက်ထဲတွင် စာအုပ်တအုပ်ပါလာသည်။ အဖုံးနှင့် စာအုပ်ထောင့်များတွင် ဖွာလန်ကြဲ စုတ်ပြဲနေသော မဂ္ဂဇင်းဟောင်းတအုပ်။ ရေနံဆီမီးခွက်ရှေ့တွင် ပြန်ထိုင်သည်။ မဂ္ဂဇင်းစာအုပ်ကို ဖွင့်ကာ လှန်လှောရှာလိုက်စဉ် လက်သည်းအလှ လက်အလှပြင်ပေးသောဆိုင်ကို ပြန်တွေ့ရသည်။ မသင်းမိုးက သက်ပြင်းတချက် ချမိလျက်သားဖြစ်သွားကာ ငါ့နှယ်နော် … ဟုစိတ်ထဲတွင်ရယ်မောသံဖြင့် ရေရွတ်လိုက်မိသည်။

သူ့သူငယ်ချင်း အေးမတို့ဆွေမျိုးတွေက ရန်ကုန်တွင်နေထိုင်ကြသည်။ အေးမတို့မိဘတွေက မြို့တော်ကို တခေါက်တကျင်း တက်သွားပြီး ရွာပြန်လာလျှင် မဂ္ဂဇင်းအဟောင်း သုံးလေးအုပ် ပါလာတတ်သည်။ တရွာလုံးက ထိုစာအုပ်တွေကို လက်ဆင့်ကမ်းဖတ်ကြ အရှုပ်ကြည့်ကြသည်။ ထမင်းကလည်းတော်၊ စာကလည်းတော်မဟုတ်လား။ စာအုပ်ကို ယခုမှ မသင်းမိုးအသေအချာ ငုံ့ကြည့်မိသည်။ ၂၀၀၅ နိုဝင်ဘာ သရဖူ အထူးထုတ်မဂ္ဂဇင်းတဲ့။

တနေ့လုံးအလုပ်လုပ်။ ကောက်စိုက်ရာက ပြန်လာ။ ဂုန်လျှော်လျှော်ပြန်လာ။ အိမ်ရောက် ရေမိုးချိုး။ စားသောက်ပြီးတာနဲ့ အိပ်ယာထဲဝင်၊ မဂ္ဂဇင်းကို လှန်လှောဖတ်၊ ကောင်းကင်ဘုံပေါ်မှာ နေတဲ့ လူထူးလူဆန်း လူချမ်းသာတွေ၊ ပြီးတော့ ရုပ်ရှင်မင်းသမီး မင်းသားတွေရဲ့ သတင်းတွေ၊ မင်းသမီးဗိုက်ကြီးတာတွေ၊ မင်းသမီးမင်းသား ချစ်ကြိုက်ကြတာတွေ၊ အဆိုတော်တွေ အလှပြင်တာတွေဖတ်၊ အလုပ်ကြမ်းလုပ်ရလို့ ဖတ်ဖတ်မောရတဲ့အထဲ တိမ်တိုက်ထဲက လူတွေအကြောင်း ဖတ်ရတော့ ထပ်ပြီး ဖတ်ဖတ်မောတော့တာပဲ။ လယ်သမားတွေ ကြွေးထူကျွန်ဖြစ်နေတာ၊ ကောက်စိုက်သမတွေ ထမင်းတော်နေတဲ့အကြောင်း မဂ္ဂဇင်းထဲမှာပါမလာ။ လူချင်းတူပါရဲ့ ဘဝချင်းမတူတော့ပါလား။ လက်တွေ ခြေထောက်တွေ ဆံမျှင်တွေလည်း မတူတော့ပါလား။ ကြည့်စမ်းပါအုံး ငါ့လက်ကို။

မသင်းမိုးက မီးခွက်အလင်းရောင် နီကြင့်ကြင့်အောက်တွင် သူ့လက်ချောင်း၊ လက်ဖဝါး၊ လက်ခုံတွေကို စူးစိုက်ဖြန့်ကြည့်သည်။ ကိုယ့်လက်ကိုယ်သနားမိကာ ပွတ်သပ်ဆုပ်ကိုင်ကြည့်သည်။ ထို့နောက် လက်အကြောင်း တသီကြီး တွေးနေမိပြန်သည်။ သူမ၏ လက်ချောင်းတွေက တုတ်ခိုင်မာတင်းနေသည်။ နွေကာလ ခြောက်သွေ့ရာသီတွင် သူမလက်တွေက ကျားလျှာတပ်ထားသည့်နှယ် ကြမ်း၍ရှနေသည်။ လက်ဖဝါးက နီညိုရောင်သန်းကာ လက်ခုံဘက်ခြမ်းတွင် ညိုရင့်မဲမှောင်နေသည်။ ဖားခုံညှင်းကျောကုန်းကဲ့သို့ မဲပြောင်ပြီး အရောင်လက်နေသည်။ ကောက်စိုက်မရဲ့လက်။ ဂုန်လျှော်လျှော်ရသည့် အလုပ်သမားမရဲ့လက်၊ သက်ကယ် (သက်ငယ်)ရိတ်သည့်လက်။ ကောက်ရိတ်သည့်လက်။ သမန်းဆီတက်ကာ အရေခွံ မာကြောပြောင်တင်းသောလက်ခုံကို ဆောင်းရောက်၍ သက်ကယ်ရိတ်သည့်အခါ လွှသွားဖြစ်နေသော သက်ကယ်ရွက်က အထပ်ထပ် လှီးရှဆုတ်ဖြဲ ခဲ့လေသည်။ ဤသို့ဖြင့် သူမ၏လက်ခုံသည် ဒဏ်ရာများ ထူထပ်ကာ မဲပြောင်မာတင်းလာပြန်သည်။

ဂုန်လျှော်လျှော်ရသည့် နေ့ရက်များတွင် လက်က ညိုမဲပြာနှမ်းသွားရုံသာမက အရေပြားပါ ညိုမဲစုတ်လန်သွားပေလိမ့်မည်။ ရေအိုင်ထဲ၊ ရေကန်ထဲတွင် တလနီးပါး ရေစိမ်ထားနှင့်သော ဂုန်လျှော်စည်းများသည် ပုတ်ပွညိုမဲကာ အပုပ်နံ့တွေ တထောင်းထောင်း ထွက်နေခဲ့သည်။ အမြှုပ်တွေ ဘူစီပေါင်းတွေ တစီစီထနေခဲ့သည်။ ထိုညိုမဲ အပုပ်ရေထဲတွင် ဂုန်လျှော်ပင်တွေက လျှော်တွေကိုခွာယူ ရေဆေး။ အထပ်ထပ်လျှော်ဖွပ်ရေဆေး။ ဝါးတန်း တွေပေါ်တင်လှမ်းရ။ ဂုန်လျှော်ရေက နံ့သာရေမှ မဟုတ်ပဲ။ လက်အလှအရောင်တင်ဆီမှမဟုတ်ဘဲ။ ဂုန်လျှော်ရေပုပ်ရောင်နှင့် အရောင်တင်ရသည့် လက်သည် ညိုမဲပြာနှမ်းသွား

သည်မှလွဲ၍ ဖြူသွယ် အိစက်လာမှာမဟုတ်။

တရက်ထဲမဟုတ်။ တလထဲမဟုတ်။ နှစ်ပေါင်းများစွာ အလုပ်ကြမ်း၏ အထုအထောင်းကို ခံခဲ့ရသောလက်။ သဘာဝဘေးဒဏ်ကို အထပ်ထပ် အနှိပ်စက် ခံခဲ့ရသည့်လက်။ ရင့်ထော်တင်းမာသော လက်ကြမ်းကြီးက တိမ်ဘုံနန်းက လူတွေ၏ လက်တွေနှင့် ဘယ်လာနှိုင်းလို့ရပ့ါမလဲ။ သူတို့လက်တွေက ပန်းဝတ်မှုံကဲ့သို့ နုဖတ်ညက်ညောနေသည့် ဖယောင်းသားလက်သွယ်ကြာရိုးနွယ်တွေ။ သူတို့က အလုပ်မလုပ်ရဘဲ စားနေနိုင်သည့်ထမင်းကို သည်လက်ကြမ်းတွေက နဖူးကချွေးခြေမကျအောင် စိုက်ပျိုးပေးခဲ့ရခြင်းသာဖြစ်သည်။ ထမင်းအသင့်ကျွေးခဲ့ရသည့် လက်ကြမ်းကြီး သို့မဟုတ် လယ်သူမ၏ မှော်လက်၊ ထမင်းဖန်တီးရှင်လက်။

တကယ်က ကောက်စိုက်သမ၊ ကောက်ရိတ်သမ လယ်ကူလီမသင်းမိုး တယောက်တည်း မဟုတ်။ သူမကဲ့သို့ မြေမဲ့ယာမဲ့ ပစ္စည်းမဲ့ လယ်ကူလီများမှာ သန်းနှင့်ချီ၍ ရှိနေသည်။ စပါးစိုက်သော လယ်မြေကေ တဆယ့်ခြောက်သန်း ရှိသည်ဟု ဆိုပါလျှင် ထိုလယ်မြေကို တနေ့တည်းဖြင့် ပြီးစီးအောင် ကောက်စိုက်သမ သန်းတရာ့ခြောက်ဆယ်နှင့် တပြိုင်တည်းစိုက်ရပေလိမ့်မည်။ ထွန်ယက်စိုက်ပျိုးသည့် မိုးရာသီတိုင်းတွင် မသင်းမိုးတယောက်တည်း စိုက်ခဲ့သည့်လယ်မြေကေမှာ မနည်းတော့။ ဆယ့် သုံးနှစ်သမီးကတည်းက ကောက်စိုက်ခဲ့ရာမှ ယခု အသက်နှစ်ဆယ့်လေးနှစ်တွင် ကောက်စိုက်သက် ဆယ့်တစ်နှစ်ရှိခဲ့ပြီပဲ။ သမန်းလယ်ကွက်များတွင် စိုက်ခဲ့သည့် ကောက်ပင် စပါးပင်များမှာလည်း အသိန်းအသန်းချီပြီးရှိနေခဲ့ပြီ။ စပါးတင်းရေ၊ ဆန် တန်ချိန်မှာလည်း နည်းလှသည်မဟုတ်။ ဆယ့်တစ်နှစ်ကာလကို တွက်စစ်ကြည့်လျှင် သူမစိုက်ပေးခဲ့သည့် စပါးတင်းရေ၊ ဆန်တင်းရေမှာ မနည်းလှ။ သို့သော် ထိုဆန်စပါးများကို သေနတ်အာဏာဖြင့် ဈေးနှိမ်ဝယ်ယူ၊ အခွန်အတုတ်အဖြစ် သိမ်းယူပြီး ရောင်းဝယ်ဖောက်ကား အမြတ်ထုတ်နေသူကား ချမ်းသာကြွယ်ဝပေသည်။ ထောင်ပေါင်း သောင်းပေါင်းများစွာသော လယ်သမား လယ်ကူလီများမှာ စပါးစိုက်ရင်း ထမင်းငတ်နေလေသည်။

လယ်မြေအားလုံးကို စစ်မိန့်အာဏာဖြင့် သိမ်းယူလိုက်ပြီးသည့်နောက် စစ်အုပ်စုသည် တဦးတည်းသော မြေရှင် ဖြစ်လာခဲ့ သည်။ ချွေးနှင့်သွေးနှင့် ရင်းနှီးခဲ့ရသော ဘိုးဘွားပိုင် ဓားမဦးချ လယ်မြေများသည် ချစ်တီးထံတလှည့် အခြားသော မြေရှင်ကြွေးရှင်ထံတလှည့် ရောက်ခဲ့ရာမှ စစ်အုပ်စုလက်ထဲတွင် အပြီးအပြတ် ရောက်လာခဲ့သည်။ လယ်သမားကို လယ်သီးစားဘဝ ရောက်အောင် ဖန်တီးခဲ့ပြီး သွေးစုပ်ယူခဲ့လေသည်။ ဆန်စပါးကို ဝယ်ယူ ဖောက်ကားနေသူများမှာလည်း ထိုစစ်အုပ်စု စစ်ပဒေသရာဇ် မြေရှင်ကြီးပင်တည်း။ လယ်သမားဘဝမှာ ကြွေး အထပ်ထပ်ပိကာ လူစင်မမီတော့။ မသင်းမိုးတို့ကဲသို့သော လယ်ကူလီများမှာ ဆိုဖွယ်ရာမရှိတော့။ အညွန့်မလူနိုင်သည့်ဘဝ။ ပြားချပ်ပိန်လှီကာ မဲမှောင်နေသောဘဝ။

အာဏာရှိသူမြေရှင်နှင့် လက်ဝေခံ လူချမ်းသာ အသိုင်းအဝိုင်းမှာ ကြွယ်ဝချမ်းသာ ဇိမ်ခံနေကြသည်။ သင်းမိုးတို့ဘဝကတော့ ကုန်းကောက်စရာ မရှိအောင်မွဲပြာကျနေသည်။ အာဏာမဲ့၊ အာဏာရှိ၊ ချမ်းသာနှင့်ဆင်းရဲ။ အခွင့်အရေးမဲ့နှင့် အခွင့်အရေးရှိတို့အကြားတွင် မိုးနှင့်မြေနယ် ကွာဟ နေလေတော့သည်။ အဆိုးရွားဆုံးမှာ ခိုင်းရာနေ စေရာသွားဘဝကို ရရှိလာခဲ့ခြင်းဖြစ်သည်။ လုပ်အားကို ညှစ်ထုတ်ပေးရ၊ မချိမဆန့်အခွန်ပေးရ၊ စစ်ကျွန်အဖြစ် စိုက်ပျိုးထမ်းပိုးပေးရ၊ ဆင်းရဲမွဲတေလွန်းပြီး လူစဉ်မမီသည့်ဘဝကို ထပ်၍ဖိစီးနှိပ်စက် အနိုင်ကျင့် နေကြပြန်သည်။ မြေနိမ့်ရာလှံစိုက်။

မသင်းမိုးက သူ့လက်တွေကို ရေနံဆီမီးခွက် အရောင်အောက်တွင် စေ့စေ့ကြည့်ရင်း လက်မဲမဲဆယ်ချောင်းကိုသာမက ထိုလက်ကိုသာ ပိုင်ဆိုင်ထားသူ လယ်ကူလီမဘဝကိုပါ ပြန်တွေ့နေရသည်။ သူမက ဘာကိုမှ စီကာပတ်ကုံးမပြောတတ်။ သို့သော် မမျှတသူ၊ မတရား အနိုင်ကျင့်သူကို သိနေ

သည်။ “စပါးစိုက်တဲ့လက်တွေက မလှရင်နေပါစေ ... ဗိုက်ဝအောင် အလျှင်မီအောင်စားရဖို့ ဆန်စျေးနှုန်း သက်သက်သာသာနဲ့ ဘဝမှာအေးချမ်းချင်တယ် ... လူတလုံးသူတလုံး လူစင်မီချင်တယ်ဟေ့ ... လူလိုပဲ ဝတ်ချင်နေချင်တယ်ဟဲ့” ဟုအော်လိုက်မိသည်။ သူမရင်ထဲတွင် သိုလှောင်ထိန်းချုပ်ထားသည့် ခံစားမှု ဆန္ဒများက ရင်ထဲမှာ ပေါက်ကွဲသွားသည်။

တခဏ၌ သူမသူငယ်ချင်းစိုးမင်းကို ဖျတ်ခနဲ သတိရမိလျက်သား ဖြစ်သွားသည်။

“ငါတို့ တတွေ မသေထမင်း၊ မသေဟင်း စားနေရတော့ သေမထူးနေမထူးတဲ့ဘဝပဲ မိသင်းရေ ... တခုတော့ ရှိတယ် ... ဒီဘဝက ကုန်းရုန်းထွက်မှာလား ... ကျွဲတွေ နွားတွေလိုပဲ သူတို့ရဲ့ တံပိုးအောက်မှာ လည်စင်းပြီး ငါတို့သားတွေသမီးတွေ အတွက်ပါ ခေါင်းငုံ့ခံနေမှာလား ... ရွေးရတော့မယ် ... တရက်မလုပ်ရင် တရက်နောက်ကျမှာပဲ မိသင်း”

သူ့ကို ပြေးပြီးသတိရခြင်းနှင့်အတူ သူ မကြာခဏပြောခဲ့သည့် အချက်ကို နားထဲပြန်ကြားရောင်နေရသည်။ ရွာမြောက်ဘက် မကျည်းပင်တန်းရှိ ရေတွင်းတွင် ရေခပ်ဆုံသည့်အခါတိုင်း ပြောနေကြ။ စိုးမင်းက တရွာတည်းနေ တရေတည်းသောက်ခဲ့သည့် သူငယ်ချင်း။ လယ်လုပ်ပိုင်ခွင့်ရရှိဖို့ ဘာ လယ်လုပ်ကိရိယာမှ မပိုင်ဆိုင်ခဲ့။ သူ့ဖခင်ဦးဖိုးခ အိမ်မှာ စာရင်းငှား လယ်ကူလီ။ သူ့မိန်းမ မိသော်က ကလေးမွေးတော့မည်။ နေ့စွေ့ လစွေ့။ မိန်းမ ကလေးမီးဖွားဖို့၊ စားဖို့၊ သောက်ဖို့၊ ဝတ်ဖို့ကလေးအတွက် ထွေးပတ်ဖို့ အနှီး၊ စောင်၊ ခြင်ထောင် ဘာတခုမှ မပြည့်စုံ။ စုဆောင်းသိမ်းရန် ဘာတခုမှ အဆင်မပြေ။ အရပ်လက်သည် ဒေါ်ထားခင်ကို လက်သည်ခငွေကြေး အတွက် အတိုးဖြင့် ချေးထား ရုံကလွဲ၍ ဘာတခုမှ အသင့်ဖြစ်မနေခဲ့။ မိသော်ကို ကွက်ခနဲ ပြေးမြင်နေမိပြန်သည်။ ဆေးရုံ ဆရာဝန်နဲ့ သားဖွားဆရာမက မိသော်နှင့် မိသော်တို့အတွက်မဟုတ်။

မိသော်ကိုတွေ့တိုင်း အားပေးရသည်။ မိသော်က နွမ်းယဲ့ယဲ့ပြုံးရင်း “ယောင်းမရယ် ... ဒီလိုပဲပေါ့ဟယ်... ကိုစိုးမင်းက လက်နဲ့ အလုပ်ပြတ်တယ်ရယ်မှမရှိပဲ... အလုပ်လုပ်နေတာပဲ ... ဆင်းရဲတွင်း နက်တော့ ငွေတွင်းနက်သလား မသိပါဘူးဟယ် ... မွေးလာတဲ့ကလေးကို သံမဏိလို့ အမည်ပေးရမှာပဲ” ဟု ပြောတတ်လေသည်။

တောင်ဘက်ရွာ ကိုင်းကွင်းက ကိုလှအောင် ကိုယူဖို့ အိမ်ထောင်ပြုဖို့ တိုက်တွန်းခဲ့တာ အောင်သွယ်ခဲ့တာ စိုးမင်းနဲ့ မိသော်ပေါ့။ ချစ်ပေမဲ့ အိမ်ထောင် မပြုနိုင်သေးဘူးလေ။ ကိုလှအောင်လည်း တနှစ်ပြီး တနှစ်စောင့်ခဲ့တာ သနားပါတယ်။ မိသင်းကိုချစ်တော့ စောင့်ရမှာပေါ့တဲ့။ စောင့်မယ်တဲ့လား ကိုလှအောင်ရယ်။ အားလည်းနာတယ် သနားလည်း သနားတယ်။ ပြီးခဲ့သည့်နွေက ချိန်းတွေ့ကြတော့ သစ်ရိပ်ကြိုကြား လရောင်အောက်မှာ နှစ်ကိုယ်ကြား တဖွဖွပြောခဲ့တာ မဟုတ်လား။ အခုတလော ကိုလှအောင်တို့ရွာက သတင်းတွေထွက်လာတယ်။ ရွာကမဝေးတော့ သတင်းတွေက ချက်ချင်းပဲ ရောက်လာတယ်။ တရွာတည်းနေ မကြာဖြူနဲ့ နှစ်ဘက်မိဘတွေက သဘောတူကြသတဲ့။ ကိုလှအောင်မိဘတွေက ကမ်းလှမ်းသတဲ့။ တကယ်ပဲ ဟုတ်နေပြီလား။ မဖြစ်နိုင်ဘူးထင်ပါရဲ့။ တကယ် ဟုတ်ခဲ့ရင် သူက ဘယ်နေပါ့မလဲနော်။ ပြောမှာပေါ့၊ တခုတော့ရှိတယ်။ ဘယ်လောက်ထိ စောင့်ရမှာလဲ။ ဘယ်နှစ်နှစ် ထိုင်စောင့်ရမှာလဲ မိသင်း ရယ်လို့ မေးခဲ့ဘူးတယ်။ ဒီတုန်းက နှုတ်ဆိတ်ပြီး နေခဲ့မိတယ်။ အခု မိသော်ကလေးမွေးဖွားရင် သူလာမယ် လို့ပြောတယ်။ လွန်ခဲ့သည့်သုံးရက်က စိုးမင်းက တဆင့် စာတစောင်ရခဲ့တယ်။ စာထဲမှာရေးထားတဲ့ အဓိက အချက်က ချစ်သူတယောက်ကိုမှ မှတ်မိ သေးရဲ့လားလို့ တွေ့ကြည့်ချင်သတဲ့။ တွေ့ပါရစေတဲ့။ တရွာသားကို ရည်းစားလုပ်တော့ လွမ်းရတတ်တယ် ဆိုတဲ့ အတိုင်း အခုလွမ်းနေရပြီ။ တွေ့ရင်မေးစရာတွေ ရှိသတဲ့ ရဲရဲဝံ့ဝံ့ဖြေရမယ်တဲ့။ ဒီတမိုးကုန် တဝါကျွတ် ရင် အိမ်ထောင်ပြုကြရအောင်။ နှစ်ကိုယ်တူ နေတဲ့ ဘဝကမှ ပြည့်စုံမှာ။ အတူနေချင်ပြီတဲ့။ ဘယ်လို အဖြေပေးရမလဲ။ နောက်ထပ်စောင့်ပါအုံးလို့

ပြောသင့်သလား။ ပြောရမှာလား။ မစောင့်နိုင်တော့ဘဲ မကြာဖြူကို လက်ထပ်သွားရင်ကော။ အဲဒီအခါမှာ ချစ်သူရဲ့နောက်ကျောဘက်မှာ သတ္တိမရှိတဲ့ အမျိုးသမီး အဖြစ်နဲ့ ကျန်ရစ်ခဲ့ဖို့အတွက်ကိုတော့ သတ္တိရှိတယ် ပေါ့။ ကိုလှအောင်ကို ဘယ်လိုပြောရမလဲ။ အတွေးလှိုင်း များက အထပ်ထပ် ရိုက်ခတ်သဖြင့် ပူ၍မောလာတယ်။

"အမလေး ... နာလိုက်တာ ငတိုးရယ် ... ဟဲ့ ... ဖြေးဖြေးလုပ်ပါဟဲ့ ..."

ယောင်ရမ်းအော်ဟစ်ရင်း မောင်လေးငတိုး လက်ကို ပြုတ်တူကဲ့သို့ ဖမ်းဆုပ်ညှစ်မိလျက်သား ဖြစ်သွားသည်။ ဘေးတဘက်တချက်တွင် ငတိုးနှင့် သင်းမျိုးတို့ ရောက်လာနေသည်ကိုပင် မသိလိုက်။ သတိမထားမိ။ လျှပ်စစ်ထက်မြန်သော အတွေးစိတ်က ခရီးလမ်းဖောက်ကာ အတိတ်တွင် လွင့်မြောနေခဲ့သည်။ ညက မက်ခဲ့သော အိပ်မက်ဆီသို့ ပြန်သွားကြည့်ခဲ့ မိရာက အတွေးကွန်ယက်ထဲတွင် နစ်နေခဲ့သည်။ ချစ်တဲ့သူ ကိုလှအောင်ထံ ရောက်နေခဲ့သည်။ ငတိုးက သူ့လက်ထဲက ဓားဦးချွန်ဖြင့် အစ်မ မသင်း၏ ငုပ်နေ သော ခြေစွယ်ကို ဆွဲလှန်လိုက်စဉ် ပြည်ပုပ်တွေ သွေး တွေက စီးထွက်လာသည်။ အသည်းခိုက်အောင် နာလေသည်။

"လက်ကိုလွှတ်ပါမမကြီးရဲ့... ညှာညှာ တာတာလုပ်နေရင် ဘယ်တော့မှ ခြေစွယ်ငုပ်တာ ပျောက်မှာမဟုတ်ဘူး ... အနာကို ငုံ့ကြည့်မနေနဲ့ မျက်နှာလွှဲထား။ နာမှာကိုလည်း ကြောက်လိုက်တာ ... သတ္တိကလဲနဲ"

ငတိုးကခပ်ဆတ်ဆတ်ပြောသည်။ ခြေစွယ် ကို ရှမြချွန်ထက်သည့် ဓားသွားဖြင့် လှီးဖြတ်သည်။ ညီမသင်းမျိုးက ပြောင်းဖူးဖက်ကို လိပ်ယူထားပြီး သား။ ထိုပြောင်းဖူးဖက်လိပ်ကို ရေနံဆီမီးခွက်ထဲတွင် ရေနံဆီနှစ်ပြီးသား။ ဖက်လိပ်ထဲတွင် ရေနံတွေက စုပ်ယူ ပါလာပြီးသား။ ဖက်လိပ်ထိပ်ကို မီးစွဲလောင် အောင်မီးရှို့လိုက်သည်။ သွေးပြည်များ ထွက်လာနေ ခဲ့သော ခြေစွယ်ငုပ်နေသည့်အနာထဲသို့ ရေနံပူ ရေနံစက် များ တစက်ချင်း စီးကျစေသည်။ မီးစွဲနေသော ရေနံပူ ရေနံစက်များက အနာဖြစ်နေသည့် အသားကို ကျက်သွားစေလေသည်။ သတ္တိမကြောင်ဘူး။ သတ္တိ မနည်းဘူးဟုဆိုပြီး အံကြိတ်ထားခဲ့သော်လည်း မမကြီး ပါးပြင်ပေါ်တွင် မျက်ရည်တွေက လိမ့်ဆင်း သွယ်ကျ လာသည်။ အသံတိတ်နာကျင်ခြင်း။ အရှင်လတ်လတ် ငါးတကောင်ကို ဆီပူအိုးထဲ ပစ်ထည့်လိုက်သကဲ့သို့ ထွန့်ထွန့်လူး သွားသည်။

ကောက်စိုက်သမတွေ၊ လယ်သမားတွေ၊ တွေ့နေကျဒုက္ခ။ လက်စွယ်ငုပ်သည်ထက် ခြေစွယ်ငုပ် သည်က ပို၍ခံရခက်သည်။ အလုပ်လုပ်ရတာ အ နှောင့်အယှက် ပေးနေသဖြင့်မဖြောင့်တော့။ ဒုက္ခ ဝန်ထုပ်ကို လွယ်ပိုးထားနေရသည်။ သမန်းကွက် နွံတောတွင် ခြေထောက်ကို ထိုးနှစ်ထားသမျှ လှုပ်လေ အသည်းခိုက်လေ။ ထို့ကြောင့် ခြေစွယ်ကို ဖော်ထုတ်၊ ခြေစွယ်ကိုလှီးထုတ်၊ အသားကို လောင်မြိုက်စေပြီး ကျက်သွားစေရန် ရေနံပူချရသည်။ စစ်အတွင်း ဖက်ဆစ်ဂျပန်တွေက လူထုကို လက် သည်းခွံခွာသည်နှင့် သွားတူနေသည်။ ထို့နောက် သမန်းဆီတက်ကာ မြက်ရှ၊ ထိကရုန်းဆူးရှကာ အဆိပ်သင့်နေသော ယားနာများကို ရှောက်ရေဖြင့် လိမ်းရပြန်သည်။ တချို့က ကျောက်ချဉ်ရေဖြင့် လိမ်းကာ ယားနာကို ကုသကြသည်။ ညီမသင်းမျိုးက သူ့အမ၏ ခြေစုံများ ကို ရှောက်ရေဖြင့် လိမ်းပေးနေသည်။

"မမကြီးပျောက်သွားပြီး မနက် ကောက် စိုက်ဆင်းတဲ့အခါ ငါ့မောင်လေးငတိုးကြောင့် လယ် ဆင်းနိုင်တယ်ဆိုပြီး ကျေးဇူးတင်မနေနဲ့"။

"အခုထဲက ကျေးဇူးတင်ပါတယ်ရှင်။ အမလေးတော်၊ ဒီမှာဖြင့် ခံရတာသေတော့မယ်။ ဘယ်လို အသက်ရှူရမှန်းတောင် မသိတော့ဘူး"

မောင်လေးငတိုး ဆေးကုပေးသလို ဓာတ် ကြမ်းမကိုင်၍ မရမှန်းသိသည်။ ဒီနေ့ ကောက်စိုက်ရ တာ အဆိုးဆုံးပဲ။ သမန်းကွက်ထဲမှာ ခြေထောက်တွေ နစ်မြုပ်ထားရစဉ် ခြေစွယ်ငုပ်နေသည့် ညာခြေထောက် က အစွမ်းပြတော့တာပဲ။ ကြွက်နဲ့ကြောင်လို မိုးနဲ့လေက တနေ့လုံး နပမ်းလုံး နေကြရတာ။ အနောက်တောင်

လေက တဝုန်းဝုန်း တဝေါဝေါနဲ့ လူကိုပြေးရိုက် လူက လဲပြိုမတတ် ယိမ်းထိုးသွား ခြေထောက်က လှုပ်လေ နာလေ ကိုက်ခဲလေ၊ ခြေထောက်ကို ခေါင်းပေါ်တင်ထား လို့ရရင် တင်ထားချင်တယ်။ ကောက်စိုက်က ပြန်လာ တော့ သင်းမျိုးကို တွဲပြီးပြန်ခဲ့ရတယ်။ အော် … ဆင်းရဲ ပင်ပန်းကြီးစွာနဲ့ အလုပ်လုပ်တာတောင် ဝမ်း မဝ ခါးမလှပါလား။

“အော် သမီးရေ၊ စိုးမင်းနဲ့တွေ့လို့ မှာ လိုက်တယ်။ သူ့မိန်းမမိသော် ဗိုက်နာနေပြီတဲ့။ မိသင်းကို ပြောပြလိုက်ပါတဲ့။ ဟုတ်ပါရဲ့ အဲဒါပြော မလို့မေ့နေလိုက်တာ … သမီးတို့ကောက်စိုက် မပြန် ခင် အမေ ရွာမြောက်ပိုင်းသွားတော့ စိုးမင်းနဲ့ လမ်းမှာ ဆုံတယ်လေ … အမေ့မျက်လုံးက မမြင်မစမ်းနဲ့ … ညကြီးမင်းကြီး သွားလို့လာလို့ မကောင်းတော့ သမီး သွားမှဖြစ်မယ်”

အမေဖြစ်သူ ဒေါ်ကျေးက ဝါးပိုးဝါးအိမ် လက်ခံတိုင်ကိုမှီ၍ ပြောင်းဖူးဖက် ဆေးလိပ်ကို ဖွာနေ ရင်း စိုးမင်းကို သတိရလာခြင်းဖြစ်သည်။ ဦးဖေက ကွမ်းမြုံလျှက် ကွမ်းသွေးကို အိမ်အပြင်သို့ ထွေးထုတ် စဉ် အိမ်ကလေးက သိမ့်ခါသွားသည်။ အနောက်တောင် မိုးသက်လေက ခပ်ကြမ်းကြမ်း ဖိတိုက်လိုက်စဉ် တဲအိမ်ကလေး လှုပ်ယိမ်းသွားခြင်း ဖြစ်သည်။ တေိုး က … ခားဟေ့ … ခား … ခားဟု ထ၍ အော်လိုက် သည်။ တေိုးက “ဘာမှန်းလဲ မသိဘူးနော် … အော် သာအော်လိုက်ရတယ် ”ဟု ရယ်မောလိုက်သည်။ မုန်တိုင်းလာလျှင် မုန်တိုင်းလာရာဘက်သို့ မျက်နှာ မူကာ အိမ်ကခားမကြီးတွေကို လက်ထဲကိုင်မြောက်ပြီး ခားဟေ့ … ခား … ခား … ဆိုပြီး မုန်တိုင်းကို ခြိမ်း ခြောက် တားဆီးလေ့ရှိသည်။ ရွာဓလေ့ ရပ်ဓလေ့။ တေိုးအပျင်းပြေ ခား … ခားဟု အော်ကာမှ အိမ်က လေးမှာ ပို၍ပင် သိမ့်သိမ့်ခါနေသည်။

“မိသော်လွယ်လွယ်ကူကူ ခလေးမီးဖွား နိုင်အောင် အန္တရာယ်ကင်းဂါထာ ရွတ်ပေးနေတယ် လို့ မိသော်နဲ့စိုးမင်းကို ပြောပေးစမ်းပါ သမီးရယ် … အဘ ရေမန်းမန်းပြီး ပေးလိုက်မယ်… အဲဒီရေမန်း တခွက်ပါ ယူသွားချေ … ယုံယုံကြည်ကြည်နဲ့ သောက် လို့ပြောလိုက်။ ခလေးမွေးရတာ လွယ်လိမ့် မယ်လို့ …”

“ရထားလက်မှတ်ရေစိမ် သောက်ရင် လည်း ခလေးမွေးရတာ လွယ်တယ်လို့ပြောတယ်”

ဒေါ်ကျေးကဦးဖေစကားမဆုံးမီ ကြားဖြတ် ဝင်ပြောလိုက်သည်။ တေိုးနှင့် သင်းမျိုးက ရယ်လေသည်။ ရှေးခေတ်က လူတွေက ဘာတွေမှန်းလဲမသိဘူးနော် ဟု တေိုးကပြောတော့ ထပ်၍ရယ်လေသည်။ သူတို့ အတွက်တော့ အထူးအဆန်းပေါ့။

“အမေရယ်… ရထားထက်မြန်တဲ့ ဂျက် လေယာဉ်တွေပေါ်နေပြီ … ရထားတောင် ကျည်ဆန် လိုမြန်တဲ့ ကျည်ဆန်ရထားတဲ့ … ဒီတိုင်းပြည်က ရထားလက်မှတ်ကို ရေစိမ်သောက်တာထက်စာရင် ကျည်ဆန်ရထားလက်မှတ်ကို ရေစိမ်သောက်တာမှ ခလေးမွေးရတာ မြန်လိမ့်အုံးမယ်”

သင်းမျိုးက သူသိထားသည့်အတိုင်း ထပ်ပြောပြန်သည်။

တေိုးတို့မောင်နှမကတော့ သဘော ကျကာ လှောင်ရယ်နေကြသည်။ တေိုးကတဲ၏ ဝါးကြမ်းခင်း ကို လက်ဖဝါးဖြင့် ရိုက်ပုတ်အော်ဟစ် ရယ်လိုက်သည်။ ဒေါ်ကျေးကတော့ သူပြောမည့်စကားကို မပြောတော့ဘဲ သိုသိပ်ထားလိုက်ရသည်။ မိသင်းမိုးတို့မွေးစဉ်က ရှေးဟောင်း အယူအဆအတိုင်း ဓလေ့အတိုင်း၊ ရထားလက်မှက်ကို ရေစိမ်သောက်၊ ရေမန်းသောက်ပြီး ယုံကြည်ချက်နှင့် မီးဖွားခဲ့ရသည် မဟုတ်လား။ ဒါကို ထပ်သိရင် တေိုးတို့မောင်နှမက ရယ်ကြလိမ့်အုံးမည်။

သင်းမိုးကတော့ ဘာကိုမှမပြောလိုတော့။ စိုးမင်းက ဂါထာတို့ ရေမန်းတို့ကို ယုံမှာမဟုတ်။ မယုံ ရေးချမယုံ။ အဘပြောတာကို သိရရင် တေိုးလိုတော့ ရယ်မှာမဟုတ်။“အဘယုံကြည်တာအဘ လုပ်ပါစေ ဟာ” လို့ပဲပြောမှာ။ သူ့အကြောင်း ကောင်းကောင်း သိပြီးသား။ ငယ်ငယ်ထဲက နှစ်ကိုယ့်တစိတ် ပေါင်းခဲ့ တာ။ နတ်တင်တာ၊ ရွာချတာ၊ ခေါစာ ပစ်တာတွေကို သူက မယုံကြည်ခဲ့ပေမယ့် သူများယုံကြည်လို့ ပစ်

ထားတဲ့ ခေါစာခွက်ကို နင်းချေမပစ်ခဲ့။ သူ့အကြောင်း သိပြီးသား။

သင်းမိုးက သူ့သူငယ်ချင်း စိုးမင်းကို တွေးကြည့်နေမိပြန်သည်။ ဆင်းရဲသားအနှိမ်ခံ အထုခံဘဝတွေကို သူသိမြင်လေ့လာထားသမျှ စိုးမင်းက ရှင်းပြတတ်သူ။ ဒီဘဝက လွတ်မြောက်အောင် ရုန်းထွက်ကြရမည်။ လယ်သမားတွေ၊ လယ်ကူလီတွေ၊ ကျေးရွာလူထုတွေက လွတ်မြောက်ရေးထဲတွင် မည်သို့ပါဝင်သင့်ကြောင်း သင်းမိုးကို ပြောခဲ့ဖူးသည်။ တခါတရံ ကြုံကြိုက်၍ ပြောခြင်းမဟုတ်ဘဲ အလုပ်တခုကဲ့သို့သဘောထားကာ တွေ့ဆုံပြောပြတတ်သည်လည်း ရှိသည်။

စိုးမင်းအိမ်သို့ မျက်နှာစိမ်းဧည့်သည် တယောက်စ နှစ်ယောက်စ တခါတရံ ရောက်လာတတ်သည်။ ဘယ်ကလာသလဲ၊ ဘယ်သူတွေလဲ ဆိုတာ မသိ။ တခဏလာ တခဏပျောက်သွား။ ညအိပ်ဧည့်သည် မဟုတ်သဖြင့် ဧည့်စာရင်းတိုင်စရာ မလိုတော့။ စိုးမင်းကလည်း အိမ်ကထွက်သွားကာ သုံးလေးရက် ပျောက်ကွယ်နေတတ်သည်။ ဘယ်ကိုသွားမှန်း မိသော်လည်းမသိ။ ညအမှောင်ထုထဲတွင် လေးညှို့ကြိုးမှ ပစ်လွှတ်ခံလိုက်ရသည့်မြားနှယ် ကွယ်ပျောက်သွားသူ။ "မိသင်းရေ နင့်ယောက်မ မိသော်တယောက်တည်းရယ် ဂရုစိုက်လိုက်အုံးနော်"ဟုဆိုကာ တနေရာသို့ ထွက်ခွာသွားတတ်သည်။ သင်းမိုးက နားလည်ခံစားရသလို စိုးမင်းကို ကောက်ချက်ချသည်။ ဟောဒီမန်ကျည်းတန်းရွာက စိုးမင်းဟာ လျှို့ဝှက်သူပုန်ဟူ၍။ သင်းမိုးက သူ့ကိုယ်သူ သူပုန်ရဲ့သူငယ်ချင်းဆိုတော့ သူပုန်မ ဖြစ်လာနေပြီ ... ဟူ၍ စဉ်းစားလိုက်မိစဉ် စိမ့်ကနဲ့ ကျောချမ်းသွားလေသည်။ ကိုလှအောင်လည်း ဘာထူးလို့လဲ ပေါင်းစပ်စုစည်းမိရာက စိုးမင်းနှင့် တူတူလာသည်ဟု သင်းမိုးကမြင်ထားမိသည်။ တခဏမှာပင် ကိုလှအောင်ကို ဖျတ်ခနဲ သတိရလိုက်သည်။ စိတ်အတွေးမျက်လုံးအိမ်တွင် ကိုလှအောင်ကို တွေ့လိုက်ရသည်။ စိုးမင်းအိမ်မှာ ဒီနေ့ဘဲ ကိုလှအောင် ရောက်နှင့်နေပြီဖြစ်ရမယ်။

သင်းမိုးထိတ်ခနဲ ရင်ခုန်သွားလေသည်။ ချစ်သူကို တွေ့ရတော့မည်ဟု စဉ်းစားလိုက်မိစဉ် တခဏ၌ ရင်လှိုက်ဖိုကာ နှလုံးသွေးခုန်သံက မြန်ဆန်လာသည်။ အော် ... ကိုလှအောင်ရယ် ... ဟု နှုတ်က ဖွဖွကလေး ရေရွတ်မိလျက်သား ဖြစ်သွားလေသလားမသိ။

"ဖားရိုက်တဲ့မီးအုပ်က ဘယ်မှာထားကြသလဲ ... အနာသက်သာအောင် ခဏနားနေပြီးရင် ကျမသွားလိုက်ပါ့မယ် ... မိသော်လည်း မျှော်နေရောပေါ့ ..."ထို့နောက် ပြောပြောဆိုဆို ရှိုက်၍ လှိုက်ကာ သက်ပြင်းခိုးချလိုက်သည်ကို ဘယ်သူမှ မသိလိုက်။ သင်းမိုး တထိတ်ထိတ်ရင်ခုန်သံက ရင်ထဲတွင် ပဲ့တင်နေလေလျက် ရင်ဖို၍ မောလာလေသည်။

## ၂

"မိသင်း ... မိသင်းရေ "

အိမ်၏ တံစက်မြိတ်အောက်တွင် ရပ်ကာ စိုးမင်းက အသံပြုလိုက်သည်။ အသံကိုအုပ်၍ ခေါ်လိုက်ခြင်းဖြစ်သည်။ အိပ်ပျော်နေသူများကို အနှောက်အယှက် မဖြစ်ဖို့အတွက်။ သင်းမိုးက ဖားမီးအုပ်ကို ဆွဲကာ အိမ်အပေါ်ဆင့်က ဆင်းလာခဲ့သည်။ စိုးမင်းကို မျက်နှာချင်းဆိုင်ကာ ရပ်လိုက်သည်။ အခုပဲ ငါလည်း ထွက်လာခဲ့တော့မလို့ဟ ... ဟုပြောသည်။

"ဒီမှာမိသင်း မိသော်မှာ မီးဖွားဖို့ အဝတ်အစားမပြည့်စုံဘူးဟာ အဝတ်တစုံလောက် လိုချင်တယ်။ နင့်မှာရှိတဲ့အထဲက တစုံလောက်ငှါးဟာ။ စပါးပေါ်ချိန်မှာ ငါပြန်ဝယ်ပေးမယ် "

သင်းမိုးက စကားပင်မဆုံးသေး။ အိမ်အပေါ်ဆင့်သို့ ခြေတချောင်းကရောက်နေသည်။ သစ်သားသေတ္တာ အဟောင်းကလေးကိုဖွင့်ကာ အဝတ်အစား နှစ်စုံထဲက တစုံကို ဆွဲယူခဲ့ကာ အိမ်ခန်းကလေးထဲမှ ပြန်ထွက်လာခဲ့သည်။ ချစ်သည့် သူငယ်ချင်းဖြစ်သော်လည်း ပြောရဲမှာမဟုတ်။ ဘယ်ပြောချင်ပါ့မလဲ။ မဖြစ်

လွှန်းလို့ ပြောရခြင်းဖြစ်သည်ဟု မိသင်းစိတ်ထဲက နာကျင်စွာဖြင့် နားလည်လိုက်သည်။ တကယ်လည်း စိတ်ထိခိုက်မိလေသည်။ ကူညီစောင့်ရှောက်ခွင့်ရခြင်း ကိုပင် ကျေးဇူးတင်မဆုံး ဖြစ်နေသည်။

စိုးမင်းရယ် ငါ့မှာနှစ်စုံပဲရှိပါတယ်ဟယ်။ အပျိုဖြစ်လာကတည်းက နွေတွေ၊ ဆောင်းတွေ၊ စပါးပေါ်ချိန်တွေကို ဖြတ်လာခဲ့တာ သိတဲ့အတိုင်းပါပဲ။ အဝတ်အထည် မဝယ်နိုင်ခဲ့ပါဘူး။ နှစ်စုံကလည်း ဒါဝတ်ဘိုင်ဆိုသလို ထပ်တလဲလဲဝတ်ခဲ့တဲ့ အဟောင်း နှစ်စုံပါဟာ။ ဘာပဲဖြစ်ဖြစ် နှစ်စုံထဲက တစုံကို မိသော် အတွက် ဖဲ့ပေးခွင့်ရလို့ ငါကဝမ်းသာနေတာဟ။ ပြန်ဝယ်ပေးဖို့ လုံးဝမစဉ်းစားနဲ့တော့။ အင်းလေ တချိန် တခုပေါ်လာတဲ့ အဝတ်အထည် အသစ်အဆန်းတွေဟာ ငါတို့လို ဆင်းရဲသား ကျောမွဲတွေအတွက် မဟုတ် ဘူးဆိုတာ နင်က ပိုသိပါတယ်ဟာ စိုးမင်းရယ်”

စိုးမင်းရင်ထဲတွင် နင့်၍နေလေသည်။ နာကျည်းခြင်း၊ နာကျင်ခြင်းနှင့် ကြည်မောခြင်းက ရောနှောရစ်ပတ်ကာ သူ့ရင်ကို ရိုက်ခတ်လေသည်။ ဘာမှပြန်မပြောတတ်တော့။ နားကျည်းခြင်း ချော်ရည် ပူများကို သိမ်းဆည်းမျိုသိပ်ခဲ့ရသဖြင့် ရင်သည်လည်း ပြည့်မောက်လာကာ ပေါက်ကွဲလု မီးတောင်ဖြစ်နေခဲ့ပြီ။ ယခုလည်း ထပ်၍ မျိုသိပ် ထားပေဦးပေ့။ သင်းမိုးက စိုးမင်းလက်မောင်းကို ဆုပ်ကိုင်ထားရာမှ ဆွဲခေါ် လိုက်သည်။ သင်းမိုး လှမ်းပေးသော အဝတ်တစုံကို စိုးမင်းက ဂျိုင်းကြားတွင် ဖိညှပ်ထားရင်း ခြေလှမ်းစ လိုက်သည်။

မှိုင်းညို့သော မိုးတိမ်လိပ်များက ကောင်းကင် အပြည့် ဟီးလေးခိုလွှင့်မြောလျက်။ ပိုက်ကွန်ဖြန့် လျက်။ ရွာလယ် လမ်းမတလျှောက် သစ်ပင်သစ်ကိုင်း များက ယိမ်းထိုးကာ အနောက်တောင် လေရိုင်းများ ထဲတွင် ဟစ်အော်နေကြသည်။ ရေနံဆီမီးခွက် မီး မငြိမ်းစေရန် မီးအုပ်ကို စိုးမင်းက တစောင်းကိုင်ထား ရသည်။ နားထဲတွင် တရှီးရှီး လေတိုးသံကိုသာ ကြား နေရသည်။ ရေအိုင်ထဲက ဖားလက်တက်အော်သံ ဖားခုံညင်းအော်သံနှင့် မြက်ရှည်ပင်များထဲမှ ပုရစ် အော်သံများက မိုးညကိုတေးဖွဲ့ကျူးရင့်နေလေသည်။ ရွာလယ်ကျောင်း ဇရပ်အိုဧ။် အမိုးသွပ်ပြားများ တချပ်နှင့်တချပ် ရိုက်သံက ည၏တေးချင်းကို စည်းဝါး လိုက်ပေးနေသည်။ လေကိုဆန်ပြီး လှမ်းလေလေ လေကဆောင့်၍ ရင်ဘတ်ကိုတွန်းသဖြင့် ခြေလှမ်းက တုံ့သွားလေလေ။ ခရီးမတွင်တော့။ မကြာမီ ရွာလယ်ပိုင်း စေတီကုန်းသို့ ရောက်လာသည်။ အိမ်ဆက်ပြတ် သွားသည့် ကွက်လပ်နေရာ။ စိုးမင်းက သင်းမိုး လက်ကိုလှမ်းဆွဲရင်း ခဏစကားပြောကြ ရအောင်ဟု ဆိုကာ ရပ်လိုက်သည်။

“မိသင်း ငါတို့တိုက်ပွဲစဖို့နီးလာပြီ … သိပ်အရေးကြီးလာပြီ … အားလုံးအံ့ကြွပြီဆိုတာနဲ့ တပြိုင်နက် … အခုရွာမှာရှိနေတဲ့ ငါတို့ကိုအုပ်ချုပ် နေတဲ့ ကျေးရွာအဖွဲ့အစည်းတွေကို ချက်ချင်းပဲ ဖျက် သိမ်းပြီး … ကျေးရွာလူထုအုပ်ချုပ်ရေးအဖွဲ့ ထူထောင် ကြရလိမ့်မယ် … ကျေးရွာအမျိုးသမီးထုကို စောင့် ရှောက်ကူညီဖို့ … သူတို့တွေနဲ့အတူ လူထု ကော်မတီ ထဲမှာ မိသင်းပါဝင်ရလိမ့်မယ် … တရွာနဲ့ တရွာ ဆက်စပ် တည်မှီနေတယ် … တပြိုင်တည်း လုပ်နိုင်ဖို့ ငါတို့ကြိုးစားနေတယ် … ပြင်ဆင်နေကြတယ်”

သင်းမိုးက ‘ဟော့တော့’ ဟု ယောင်ယမ်း မြည်ကြွေးလိုက်သည်။ မျှော်လင့်မထားပဲ ရုတ်တရက် ကြားလိုက်ရသဖြင့် သင်းမိုး အံ့ဩသွားသည်။ စိုးမင်း က“နင့်ကို ကြိုတင်အသိပေးထားချင်လို့ပါ။ အသေး စိပ်ကိုတော့ နောက်မှပြောမယ်”ဟုဆိုကာ သင်းမိုးကို ဆွဲခေါ်လာခဲ့သည်။ အေးအေးလူလူ ရပ်ပြီး ဆွေးနွေး လို့မဖြစ်။ နှစ်ယောက်စလုံး သိထားပြီးသား။ မိသော် ကလေးမွေးဖွားဖို့က အရေးကြီးနေပြီ မဟုတ်လား။

လေပြင်းလေဟုန်ထဲ ထိုးခွဲဆန်တက် လျှောက်လှမ်းလာခဲ့စဉ် သင်းမိုးက လွန်ခဲ့သည့် ဆယ့်ရှစ်နှစ်ကို ခဏပြန်ရောက်သွားသည်။ ၈၈ အရေးတော်ပုံကြီး ပေါ်ထွက်လာစဉ်က သင်းမိုးက ၆ နှစ် သမီးအရွယ်။ ယခုကဲ့သို့ အံ့ဩရမှန်းပင်မသိ။ မခံစားတတ်သေး။ ကျေးရွာ လယ်သမားထုတွေ မြို့ကိုတက်ပြီး အာဏာရှင်ကို ဖြုတ်ချဘို့ ဆန္ဒပြ

အုံကြွကြွတော့ အဖေပါဝင်ခဲ့ပုံကို မှတ်မိနေသေးသည်။ အဖေမြို့ကပြန်လာတော့ "ရှင်တို့လယ်သမားတွေကော ကျောင်းသားတွေပါ နေဝင်းစစ်တပ်က သေနတ်နဲ့ပစ် သတ်ဖြတ်တယ်ဆို။"ဟု အမေက ထိတ်ထိတ်ပျာပျာမေးခဲ့ပုံ အမေငိုခဲ့ပုံတွေကို တွေ့မြင်ခဲ့ဘူးသည်။ ယခုတော့ သင်းမိုးကိုယ်တိုင် အဖေ့ကိုယ်စား ပါဝင်ရတော့မည်။ အထပ်ထပ် အနိုင်ကျင့်ခြယ်လှယ်သွေးစုပ်သည့် နှောင်ကြိုးများကို ကိုယ်စီဖြတ်ရတော့မည်။

သူတို့နှစ်ယောက် တဲအိမ်အဆင့်သို့ ရောက်သည်နှင့် မိသော် အော်ဟစ်ညည်းညူသည့်အသံတွေကို ကြားရတော့သည်။ ဖန်မီးအိမ် နီလဲ့လဲ့အောက်တွင် ထိုင်တွေးနေသည့် ကိုလှအောင်ကို နှုတ်မဆက်အားပဲ အိမ်ခန်းလေးထဲ တန်းဝင် သွားကြသည်။ "မင်းတို့ကို အိမ်အပြင်ထွက်ပြီး စောင့်နေသေးတယ်။" ဟု ကိုလှအောင်ပြောသည်ကို နှုတ်တုန့် မပြန်နိုင်တော့။

မိသော်က အိမ်နံရံကို မှေးမှီထိုင်နေရာက စိုးမင်းနှင့်သင်းမိုးတို့ကို ဆွဲဖက်ထားလေသည်။ အရပ်လက်သည် ဒေါ်ထားခင်လည်း အသင့်ရောက် ရှိနေခဲ့ပြီ။ စိုးမင်းအဖွား ဒေါ်စိန်ပွင့်နှင့် ဝိုင်းကူ အားထုတ်ပေးမည့် တရွာတည်းနေ ဒေါ်ကြွေ၊ ဒေါ်အေးခိုင်တို့လည်း ရောက်နေကြပြီ။ အေးမိုးက "အဖေပေးလိုက်တဲ့ ရေမန်းကို သောက်လိုက်ပါလား။ မိသော်ခလေးမီးဖွားရတာ လွယ်ရမတဲ့။ ရေမန်းဆိုတာ ယုံကြည်မှုကို အားပေးတာပေ့ါ။ အိမ်မှာ အဖေက မိသော်အတွက် ဂါထာတွေ ရွတ်ပေးနေလေရဲ့"ဟုဆိုကာ ရေမန်းတိုက်လေသည်။

"ကဲ… စိုးမင်း၊ ထွက်၊ အိမ်အပြင်မှာ ထွက်စောင့်နေပေတော့။ မင်းမိန်းမ မီးဖွားဘို့နီးနေပြီ"။

ဒေါ်ထားခင်က စိုးမင်းကိုအိမ်အပြင်သို့ လွှတ်လိုက်သည်။ စိုးမင်းက "ဘာမှမကြောက်နဲ့ အပြင်မှာ ကိုယ်ရှိနေမယ်ဟုတ်လား။ အားတင်းပြီး မွေးချလိုက်စမ်းပါမိန်းမရယ်"ဟုဆိုကာ ထွက်လာခဲ့သည်။

နာရီဝက်ခန့်အကြာတွင် အိမ်ခန်းကလေးသည် လူစည်ကားရာ မြို့လေးတမြို့နှယ် ရှုပ်ထွေးဆူညံလာလေသည်။ မိခင် ဝမ်းကြာတိုက်တွင် ကိုးလကျော် ထုဆစ်ခဲ့သည့် လူပေါက်စလေးသည် လွယ်လွယ်ကူကူဖြင့် လူ့လောကထဲသို့ ဆင်းလာချင်ပုံမရ။ နာကျင် ကိုက်ခဲမှုဝေဒနာကို မိခင်က မချိမဆန့် ခံစားပြီးမှ မွေးဖွားခြင်းကို စလေသည်။ မိသော် ကြိုတင်ဟောကိန်းထုတ်သည့်အတိုင်း သားကလေး "သံမဏိ"ကို မိသော် မွေးပေးလိုက်လေသည်။

# ၃

စိုးမင်းအိမ်ခြံထောင့်တွင် တဲတလုံးရှိသည်။ မိုးတွင်းကာလ မီးဆိုက်ဖို့ သစ်သားခွဲခြမ်းများ ထင်းချောင်းများထားသည့် တဲကလေး။ သရက်ပင်ကြီးအောက်ရှိ ထိုတဲကလေးကို သရက်ပင်ရွက်ကိုင်းဆံမျှင်တွဲလျားများက တဲခေါင်မိုးသို့ ဖြန့်လှမ်းထားသည်။ ကြယ်ပွင့်များကို သစ်ရွက်အကြားမှ တွေ့ရတတ်သည်။ ထိုတဲကလေးထဲက ကွပ်ပျစ်တွင် စိုးမင်းနှင့်မိသော်တို့ နွေဘက်တွင်ထိုင်နေကျ။ ထို တဲကလေးရှိရာသို့ အမှောင်ထုထဲတွင် စမ်းတဝါးဝါး နှစ်ယောက်သား စမ်းလျှောက်လာခဲ့ကြသည်။ ကိုလှအောင်က သင်းမိုးလက်ကိုဆွဲကာ မြက်တောထဲ ဖေးကူတွဲလျှောက်လာခဲ့သည်။

ကြယ်ပွင့်များက ပျောက်ကွယ်နေရာမှ ထွက်ပေါ်လာကာ တိမ်တိုက်ထဲတွင် တရိပ်ရိပ် ပြေးနေလေသည်။ စောစောက ယိမ်းထိုး လှုပ်ခါနေသော သစ်ပင်များမှာ ငြိမ်သက်စ၊ အိပ်မောကျစ။ တန္တဲ့နွဲ့တိုက်ခတ်ဆဲမိုးလေက သူတို့နှစ်ဦးကို အေးစိမ့် လာစေခဲ့သည်။ကိုလှအောင်ကသင်းမိုးလက်ကိုဖွဖွဆုပ်ထားသည်။

"ဒီညမှာပဲ ရွာပြန်မယ်၊ မိသင်းလိုက်နိုင်မလား ခိုးရာလိုက်ခဲ့"

သင်းမိုးက မလိုက်ဘူးဟုဖြေတော့ ဘာဖြစ်လို့လဲဟု ထပ်မေးသည်။ မကြာမြဲက ကိုလှအောင်ကို ရန်တွေ့မှာပေ့ါဟု ဖြေမိစဉ် သင်းမိုးကို သိမ်းပွေ့ထားလိုက်သည်။

"ကြာဖြူက ပြောပြီးသား ကိုယ့်ကို အကို တယောက်လို ခင်တာထက်မပိုဘူးတဲ့။ သင်းမိုး ရင်ကွဲအောင် မလုပ်ဘူးတဲ့။ ပြီးတော့ သူ့မှာရည်းစားနဲ့ ခေသူမဟုတ်ပါ ဆိုတဲ့အထဲကပဲ"

"မိသင်းကို မစောင့်နိုင်ရင်တော့ အခြား တယောက်နဲ့ အိမ်ထောင်ပြုပါလေ။ ဒါဟာဖြစ်သင့်ပါတယ်။ အခုလောလောဆယ် အချစ်ရေးထက် ခေတ်အရေးက ပိုခက်တယ်။ ပိုအရေးကြီးတယ် မဟုတ်လား။ ဒီလိုခေတ်အပြောင်းအလဲထဲမှာ တကိုယ်ရေ ခံစားဖို့ တကိုယ်ကောင်းလုပ်ဖို့ကို ဘေးဖယ်ထားပါမှ လုပ်စရာရှိတာတွေကို ထိထိမိမိ လုပ်နိုင်မှာ"

ထပ်ပြီးဆင်းရဲမှာစိုးလို့ အိမ်ထောင်မပြုတာထက် ဆင်းရဲဘဝ လွတ်မြောက်ရေးအတွက် ရုန်းကန်ဖို့ အိမ်ထောင်မပြုသေးတာကို သင်းမိုးက ပြောခြင်းဖြစ်သည်။ ယခင်ကထက် စိတ်က ပြောင်းလဲပြင်းထန်လာခဲ့သည်။ သင်းမိုးက ကိုလှအောင်ကို ပြန်၍ နားချသည်။ ကိုလှအောင်က သဘောပေါက်ခဲ့ပြီးသား။ သင်းမိုးအထင်လွဲနေမှာစိုး၍သာ အိမ်ထောင်ပြုဖို့ သင်းမိုးကို တောင်းဆိုနေခြင်း ဖြစ်သည်။ ကိုလှအောင်က စိုးမင်းနှင့်မိသော်တို့ကို အားကျခဲ့ဘူးသည်။ ဘဝကိုထိုသို့ပင် ချစ်တဲ့သူသင်းမိုးနှင့် အတူတွဲရုန်းကန်ချင်သည်။ ယခုတော့ စောင့်ရပေဦးတော့မည်။ ကိုလှအောင်က သင်းမိုးကို တခုပဲ တောင်းဆိုသည်။

"ဝေးနေကြအုံးမယ်ဆိုပေမဲ့၊ မဝေးရအောင် နီးပါရစေမိသင်းရယ် ဟုတ်လား။ ချိန်းတွေ့ခွင့်ပေးပါနော်။ စိုးမင်းဆီလာနေရမှာပါ။ မိသင်း ပြောသလိုပဲ အရေးကြီးလာပြီလေ။ ပြင်ဆင်စရာ ရှိတာတွေကို ပြင်ဆင်ထားကြရလိမ့်မယ်။ ဒီရောက်လာရင် မိသင်းနဲ့တွေ့ရမှာပဲ မဟုတ်လား "

မိသင်းက ကိုလှအောင်ရင်ခွင်ထဲ ကျောခိုင်းမှေးမှီထားရာက ရင်ချင်းအပ်ကာ မျက်နှာ ချင်းဆိုင်လိုက်သည်။ သင်းမိုးမျက်နှာ ပါးပြင်ပေါ်သို့ ကြာရိုးနွယ်များသဖွယ် သူ့လက်ချောင်းများဖြင့် အသာအယာ စမ်းဖိထားလိုက်သည်။ သူ့အနမ်းပွင့်များက မိသင်း ပါးပြင်ထက်တွင် အထပ်ထပ် ပွင့်ခဲ့လေသည်။

"သွားကြစို့နော် သိပ်ညဥ့်နက်လာပြီ။ မနက် ကောက်စိုက်ဆင်းရအုံးမှာ ကို့ကို သတိရနေမှာပါ။ ကို့လိုပဲ လွမ်းနေမှာပါ။ "

စိုးမင်း လာခဲ့မယ်လို့ပြောတယ်။ ဖားမီးအုပ် ယူလာခဲ့လိမ့်မယ်။ မိသင်းကို လိုက်ပို့ကြမှာပါဟု ကိုလှအောင်ကပြောရင်း နှုတ်ဆက်နမ်းကာ သင်းမိုးကို သိမ်းပွေ့ထားလိုက်ပြန်သည်။ ကွပ်ပျစ်ပေါ်တွင် နှစ်ယောက်သား ထိုင်ကျသွားလေသည်။

■ ■ ■

၉ ၊ ၉ ၊ ၂၀၀၆
သစ္စာအမှတ် (၁၁) နိုဝင်ဘာလ၊ ၂၀၀၆

# ပွင့်ကြွေတောကပန်းလေးပွင့်

"မိန်းမရေ … လွမ်းတယ်ဟေ့ … "

မမြိုသိပ်နိုင်တော့ဘဲ လွှတ်ခနဲ့ရေရွတ်လိုက်မိသည်။ ရင်ထဲတွင် အုံကျင်းဖွဲ့ ခိုအောင်းလာနေသည့် အလွမ်းက ရေတမံ ကျိုးပေါက်သည့်နှယ် အဟုန်ဖြင့် ခုန်ထွက်လာသည်။ တကယ်အလွမ်းက တလွမ်းထဲ မဟုတ်။ နှစ်လွမ်း။ သားကလေးကိုပါ လွမ်းသည်။ မိန်းမကိုရော သားကိုပါ အသက်ရှုတိုင်း လွမ်းမိသည်။ ဘတ်ငွေတထောင်ကို မိသီ ဘယ်သို့ရအောင်ချေးမည်နည်း။ ကလေးတဖက်နှင့် ဖတ်ဖတ်မောအောင် ငွေရှာရ လိမ့်မည်။ သူငယ်ချင်းမိတ်ဆွေထံ ခြေဖဝါးမီးခိုးထွက်အောင် အပြေးရောက်ကာ ချေးငှား ရှာဖွေနေလိမ့်မည်။ နှစ်ရက်ကြာခဲ့ပြီ။ သည်အခန်းတွင် နှစ်ညအိပ်ခဲ့ရပြီ။ တတိယညကိုပင် ချောချောမောမော ရောက်လာသည်။ ငွေနှင့်အတူ မိသီကတော့ ရောက်မလာ။ အချုပ်ခန်းထဲရောက်ခဲ့သည့် ရက်စွဲကိုတော့ မှတ်ထားလိုက်သည်။ ၁၉၉၂ ဇန္နဝါရီ ၂၀ ရက်။

အလုပ်ရှင်သူဌေးက ဒီငွေတထောင်ကို ကူညီနိုင်ရင် ဘယ်လောက် ကောင်းလိုက်လေမလဲ။ ထိုအတွေးကြောင့် စိတ်ထဲတွင် အလွမ်းမောဖြင့်မှုန် မှိုင်းနေရာမှ လင်းလက်သွားသည်။ ဟုတ်တယ်။ သူဌေးက ကူညီရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ တစ်နှစ်အတွင်းမှာ ယိုးဒယား လုပ်ငန်းရှင်ကလေးမှ လုပ်ငန်းရှင် သူဌေးကြီး ဖြစ်လာစေဖို့ သူတို့လုပ်အားတွေက အရင်းအနှီး ပြုပေးခဲ့ရသည်။ လွန်ခဲ့သည့်နှစ်က လုပ်ငန်း ကန်ထရိုက်တာကလေး။ ယခု လုပ်ငန်းရှင်ကြီး သူဌေးကြီး။ လုပ်ငန်းရှင်ကြီး ဖြစ်လာစေရန် ဗမာအလုပ်သမား တွေအားလုံးက လုပ်အားခ အနှိမ်ခံရလေသည်။ ထိုသို့ အမြတ်ထုတ် သွေးစုပ်ခံရလေ လုပ်ငန်းရှင်တွေမှာ ကြီးပွားချမ်းသာလေလေ။ တရားမဝင် နေထိုင်သူအဖြစ် ပုလိပ်ကဖမ်းဆီးပြီး အချုပ်ခန်းထဲပို့ခဲ့ပြီးပြီ။ သူဌေးက ကယ်တင်ပါ့မလား။ လုပ်အားခ အနှိမ်ခံပြီး ချွေးနဲ့အလုပ်လုပ်ခဲ့သည်ကို ထောက်ရှုငဲ့ညှာပြီး ကယ်တင်ပါ့မလား။ လူမှုရေးသိပ်မလား။ ကယ်တင်တယ်ဆိုတာ ဘဝတူခြင်းမှကယ်တင်မှာ။ အမြတ်အစွန်းရရေးအတွက် လူဖြစ်နေတဲ့လူတွေက ကယ်တင်လိုတဲ့ လူမှုရေးစိတ်ဓာတ်ရှိပါ့မလားလို့ မေးရတာကိုက မှားသွားပြီ။ အတော် ကို လွန်ကျူးသွားပြီ။ ငါ့သူငယ်ချင်း ကျော်အေးတို့၊ သံလုံးတို့၊ ဖိုးထောင်တို့က ငါ့ပြဿနာကို ကျောခိုင်းနေကြမှာ မဟုတ်ဘူး။ ဒီကောင်တွေက အရေးကြီးပြီ သွေးနီးကြမယ့်ကောင်တွေ။ ငါယုံတယ်။ မိသီတော့ ဒီကောင်တွေနဲ့ သွားတွေ့နေပြီ။ငွေရဖို့ကြံကြဖန်ကြ လုပ်နေကြပြီးပေ့ါ။

မိသီတို့သားအမိကို သတိရလွမ်းတသည့် အလွမ်းသီကြိုးတွင် အတွေးပွင့် တသီကြီးပါလာခဲ့သည်။ ဘဝတူတွေက သွေးနီးကြမှာပါဟု တွေးလိုက်စဉ်မှာ အချုပ်ခန်းနံရံကို ဖြန်းခနဲ ကျော်ဝေ ရိုက်မိလျက်သား ဖြစ်သွားသည်။ စောစောက မောမောနှင့် နွမ်းကျနေသောစိတ်က ရေထိကြာပန်းနှယ် လန်းကြွလာခဲ့သည်။ ထောင်ကျတော့လည်း တလခွဲနှစ်လပေ့ါ။ ထောင်ထဲနေလိုက်ရုံပဲ။ မြဝတီတဖက်ကမ်းအထိ အမိုက်သွန်တဲ့ အထဲ ပါသွားတော့လည်း လိုက်သွားရသေးတာပေ့ါ။

ယိုးဒယားဘက်က အာဏာပိုင်တွေက ထိုကဲ့သို့ မကြာခဏ အမှိုက်သွန်တတ်သည်။ ပြည်တွင်းစစ် ဒဏ်၊ စီးပွားရေးဒဏ်၊ ဖိနှိပ်မှုဒဏ်၊ ဒဏ်ရာအထပ်ထပ်နှင့် ရောက်လာခဲ့ကြသည့် တရားမဝင်နေထိုင်သူ ဗမာတိုင်းရင်းသားတွေကို ဖမ်းဆီး၊ ငွေညှစ်၊ ဒဏ်ရိုက်၊ ထောင်ချပြီးတော့မှ အမှိုက်သွန်သည်ဟုဆိုကာ

ဗမာတိုင်းရင်းသားများကို အနောက်ဖက်ကမ်း မြဝတီမြေပေါ်အရောက် သွန်လေ့ရှိသည် မဟုတ်လား။ တရားမဝင်နေထိုင်သူ စစ်ပြေးဒုက္ခသည်များကို အမှိုက်တွေတဲ့၊ လူစင်စစ်က အမှိုက်တွေဖြစ်သွားပြီ။ ကျော်ဝေက အဆုံးစွန်ထိ တွေးပစ်လိုက်သည်။ အကောင်းဆုံးထက် အဆိုးဆုံးကို ရင်ဆိုင်ကြည့်နေမိသည်။

အချုပ်ခန်းအတွင်းသို့ တင်းကြမ်းဝင်ရောက်လာသည့် ခြေသံများ၊ သံကြိုး ထိပွန်းရိုက်ခတ်သံများ၊ ဟိန်းထနေသော ဆဲဆိုဆူညံသံများက ကျော်ဝေ၏ အတွေးစများကို ဖြတ်လိုက်လေသည်။ အချုပ်ခန်း တံခါးဖွင့်သံ၊ သံကြိုးရိုက်ခတ်သံများက အချုပ်ခန်းထဲသို့ လျှံကျလာသည်။ တညနေခင်း လူရှင်းနေရာမှ ယခုမူ ပြန်လည်စည်ကားလာပြန်ပြီ။ ကျော်ဝေနှင့် မျက်နှာချင်းဆိုင် အချုပ်ခန်းထောင့်တွင် ငိုက်မေးနေသော ယိုးဒယားနှစ်ယောက်လည်း အလန့်တကြား နိုးထလာခဲ့သည်။ သူတို့က မဲဆောက်ဈေးထဲမှ ဆိုင်တွေကို ညဘက်တွင် ဖောက်ထွင်းခိုးယူသည့် ဖောက်ထွင်းသူခိုးတွေ။ နောက်နှစ်ယောက်က စားသောက်ဆိုင်ပိုင်ရှင်ကို ရိုက်မှု၊ ဆိုင်ကိုဖျက်ဆီးမှုနှင့် အချုပ်ခန်းထဲကို ရောက်လာနေခဲ့သူတွေ။ သူတို့ကလည်း အရက်နာကျနေရာမှ နိုးလာကြသည်။ မျက်ထောင့်နီတွေနှင့် လှမ်းကြည့်ကာ ထိုင်ရာမှ ရပ်လိုက်ကြသည်။ ယိုင်နဲ့နဲ့ဖြစ်နေသည်။ တယောက်က ညာဘက် မျက်နှာတခြမ်းလုံး ရောင်ကိုင်းနေသည်။ ဆံပင်ရှည်ရှည် အသားညိုညို၊ ဗလ တောင့်တောင့်။ သူ့ကို ဆံရှည်ငပေဟု ကျော်ဝေက အမှတ်သညာတ ပြုထားသည်။ တယောက်က မျက်ခုံးနှင့် နဖူးတွင် ဒဏ်ရာနှင့်။ ဖားခုံညင်းကြောကုန်း ဖြစ်နေသည်။ ဆံပင်တိုတို၊ ဂုတ်တိုတို၊ သူ့ကို ဖားခုံညင်းဟု မှတ်တေး ထားလိုက်သည်။

ပုလိပ်နှစ်ယောက်က အချုပ်ခန်းသံတံခါးကို ဆွဲဖွင့်သည်။ မာန်မဲ ဟိန်းဟောက် ဆဲဆိုလုပ်နေသည်။ တခဏတွင် အချုပ်ခန်းထဲသို့ လူလေးယောက်ဝင်လာသည်။ ယိုးဒယားတယောက်မှမပါ။ ဗမာပြည်သားတွေ ဖြစ်နေကြသည်။

အချုပ်ခန်းထဲသို့ ရှေ့ဆုံးမှဝင်လာသူကို ဆံရှည်ငပေက ဘာမပြောညာမပြောနှင့် ဆီး၍ လက်သီးနှင့် ထိုးသည်။ အထိုးခံရသူက ရှောင်တိမ်းပစ်လိုက်သည်။ ထပ်ထိုးပြန်သည်။ အထိုးခံရသူ ထိုဗမာအမျိုးသားက တကိုယ်လုံးလွှဲ၍ ရှောင်လိုက်စဉ် ဆံရှည်ငပေ၏ လက်သီးသည် အချုပ်ခန်း သံဘာဂျာတံခါးကို ထိုးမိလျက်သား ဖြစ်သွားသည်။ ဖားခုံညင်းက ဆံရှည်ငပေကို ရပ်ခိုင်းလိုက်သည်။ ဆံရှည်ငပေ၏ ညာလက်သီးတွင် အရေပြား ဆုတ်လန်သွားကာ သွေးများစို့လာလေသည်။ ဆက်မထိုးတော့ လက်သီးကို ဆုပ်ညှစ်ထားကာ ဒေါသ ထောင်းထောင်းထကာ တွေ့ပြီးရပ်ကြည့်နေသည်။ တယောက်ချင်းကို မှုန်တေတေအကြည့်ဖြင့် လိုက်ကြည့် သည်။ အမှန်က ဗိုလ်လုခြင်းဖြစ်သည်။ သို့သော် ဘယ်သူမှ ပြန်လည်စိန်ခေါ်ခြင်း မလုပ်ကြ။ အရက်ရှိန်က ပြေပုံမရ။ ယိမ်းထိုးနေသေးသည်။

“ဒီအချုပ်ခန်းဟာ ငါ့အိမ်ပဲ … ဘယ်သူစိန်ခေါ်ချင်သလဲ၊ ထွက်လာခဲ့စမ်း အချုပ်ခန်းထဲမှာလည်း စိန်ခေါ်လို့ရတယ် … ထောင်အပြင်ဘက်မှာလည်း စိန်ခေါ်လို့ရတယ်၊ ဘယ်သူစိန်ခေါ်မလဲ … ထွက်လာခဲ့စမ်း”

ယိုးဒယားက သူ၏ဘာသာစကားဖြင့် ပြောကာ စိန်ခေါ်လိုက်ခြင်းဖြစ်သည်။ နှုတ်ခမ်းမွှေးတွေ ကုပ်ဝင်နေသောပါးစပ်က ရွဲ့စောင်း တွန့်လိမ်သွားသည်။ မျက်လုံးများကို အတင်းဖြဲကာ ပြူးထားရသဖြင့် ဇီးကွက်မျက်လုံးများနှယ် ပြူးကျယ်နီရဲနေသည်။ သူ့စိန်ခေါ်သံက လျှာလိပ်ကာ ဝါးနေသေးသည်။ နဂိုမူလ အတိုင်းပဲ မျက်လုံးများက မေးစင်းကာ ငိုက်ကျသွားပြန်သည်။ “လူမိုက်အတုကြီးလားမှ မသိတာ” ဟူ၍ ကျော်ဝေက ဆံရှည်ငပေကိုကြည့်ကာ ကောက်ချက်ချလိုက်သည်။ ဖားခုံညင်းက ဆံရှည်ငပေကဲ့သို့ အိန္ဒြေ မပျက်လှ။ အချုပ်ခန်းဒေါင့်ကို ငေးစိုက်ကြည့်နေတတ်သည်။ တခုခု တွေးနေပုံလည်းရသည်။ ယိုးဒယားသူခိုး နှစ်ယောက်ကလည်း ဘာမှ မတုံ့ပြန်ကြ။ အချုပ်ခန်းထဲ ဝင်ရောက်လာခဲ့ကြသည့် လူသစ်လေးယောက်မှာ

စိန်ခေါ်ဖို့ဝေးစွ။ ဘာလုပ်ရမှန်းပင် မသိ။ အချုပ်ခန်းထဲ ဝင်လာလာခြင်း အခန်းဝမှဆီး၍ ထိုးကြိတ် ကြိမ်းမောင်းသည်ကို ခံကြရသဖြင့် အခန်းဝမှာပဲ မလှုပ်မယှက် ကျောက်ဆစ်ရုပ်များ ဖြစ်နေကြသည်။

"ဒီမှာနောင်ကြီး... ကျုပ်တို့ဒီအခန်းထဲ ရောက်လာတာ ရန်ဖြစ်ဖို့မဟုတ်ဘူး ... စိန်ခေါ်ဖို့ လာတာလည်းမဟုတ်ဘူး ... မိုက်ဖို့ တေဖို့လာခဲ့တာ မဟုတ်ဘူး။ နောင်ကြီးကို တုယှဉ်ပြီးမိုက်မှာ မဟုတ်ဘူး ဆိုတာယုံပါ ... ကျုပ်မှာသတ္တိရှိတယ်၊ ဒါပေမဲ့ မမိုက်ဘူးဗျ။ ဒီအချုပ်ခန်းဟာ နောင်ကြီးရဲ့အိမ်ဖြစ်တယ်ဆိုရင် ကျနော်တို့ ခဏလာနေတာပဲဗျာ နောင်ကြီးအိမ်မှာ ခဏလာနေပါရစေဗျာ ဟုတ်လား ... ကျုပ်တို့တတွေဟာ အချုပ်သားညီအစ်ကိုတွေပဲ၊ သူငယ်ချင်းတွေပဲ၊ ခင်ခင်မင်မင်နေပါရစေဗျာ ဟုတ်လား"

ကျော်ဝေက ပြုံး၍ချို၍ ပြောသည်။ ဆံရှည်ငပေက မှုန်တေတေစိုက်ကြည့်ကာ ကျော်ဝေရှိရာသို့ တရွေ့ရွေ့ လျှောက်လာသည်။ တနေရာတွင် ယိုင်ထွက်သွားသေးသည်။ ကျော်ဝေ့ရှေ့တွင် စုံရပ်ကာ ကျော်ဝေကို မှုန်၍ကြည့်နေသည်။ ကျော်ဝေကအပြုံးမပျက်။ ဆံရှည်ငပေ၏ လက်နှစ်ဖက်သည် မြောက်တက်လာကာ ကျော်ဝေကို သိုင်းဖက်ထားလိုက်သည်။ အင်အားနှင့် ဖိဖက်လိုက်သဖြင့် ကျော်ဝေပါ ယိမ်းလှုပ်သွားသည်။ ကျော်ဝေကပါ သူ့ကျောကို ဖက်ထားလိုက်သည်။

"ငါ့အိမ်မှာ မင်းတို့လာနေတာ ... ဒါဆိုရင် ငါကျေနပ်တယ်ကွာ ..."

အချုပ်သားတွေအားလုံး ဖားခုံညင်းကလွဲလို့ ပြုံးလိုက်ကြသည်။ ကျောက်ဆစ်ရုပ်သေများမှာ လှုပ်ခတ် ရွေ့လျားသွားကာ အခန်းနံရံများဆီသို့ အသီးသီး ရောက်လာခဲ့ကြသည်။ အသက်ရှူ ချောင်ချိသွားကြသည်။ တဖက်သတ်တိုက်ပွဲမှာ လျော့ကျပြေငြိမ်းသွားပြီ။ ဆံရှည်ငပေက "ဒါငါ့ဆရာပဲကွ"ဟုဆိုကာ ဖားခုံညင်းဘက်ကို လှည့်ကြည့် မိတ်ဆက်ရင်း သူတို့အကြောင်းကို ဟိုတစ ဒီတစပြောကြသည်။

သူတို့က ဒီမြို့က ဒေသခံတွေမဟုတ်။ အခြားခရိုင် အခြားဒေသကဖြစ်သည်။ သူတို့ကို ဘတ်ငွေ တသိန်း လိမ်သွားခဲ့သည့် လူမိုက်နှစ်ယောက်ကို လိုက်ရှာရာက ဒီမြို့ကို ရောက်လာခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့်ညက စားသောက်ဆိုင်ထဲတွင် ရန်ဖြစ်ခဲ့ကြရာ အပြန်အလှန်ရိုက်ကြ နှက်ကြ အဓိကရုန်းဖြစ်ခဲ့ကြသည်။ သူတို့ရိုက်ခဲ့သည့် လူနှစ်ယောက်မှာ ဆေးရုံတွင် အတွင်းလူနာအဖြစ် တင်ထားရသည်။ သေမှန်းရှင်မှန်း မသိရသေး။ ဒဏ်ရာကကြီးသည်။ စိုးရိမ်စရာရှိနေသည်။ ဆံရှည်ငပေပြောသမျှ ဟိုတစဒီတစကို ဆက်ကြည့်မိသမျှ အနည်းငယ် ရုပ်လုံးပေါ်လာသည်။

❖ ❖ ❖

## ၂

"သူများပစ္စည်းကို ခိုးယူတဲ့ကောင်ဆိုရင် ငါကသိပ်မုန်းတာ။ သိပ်လည်းရယ်ချင်တယ် ... အတော်သတ္တိကြောင်တဲ့သူတွေ။ အဲဒီ သတ္တိကြောင်တဲ့ကောင်တွေကိုမှ ဒီအချုပ်ခန်းထဲမှာ လာတွေ့ရတယ်ကွာ။ ဒီကောင်တွေကို မုန်းရမှာလား၊ သနားရမှာလား၊ ငါ့ကိုယ်ကိုငါတောင် မသိတော့ဘူးဟာ ..."

ဆံရှည်ငပေက သက်ပြင်းတချက်ချရင်း လေးလေးပင်ပင်ပြောသည်။ သူ့ဆရာဖားခုံညင်းက "မင်းဟာ တော်တော် စကားပြောနိုင်တဲ့ကောင်ပဲ၊ နေမကောင်းတဲ့ကြားက ဖျားနေတဲ့ကြားက စကားပြောနိုင်တဲ့ကောင်ပဲ"ဟုဆိုကာ စကားမပြောဖို့တားသည်။ ဆရာဖားခုံညင်းက မဲပြောင်ရောင်ကိုင်းနေသော သူ့နဖူးထက်မှ ဒဏ်ရာများကို ပစ်ထားကာ သူ့မိတ်ဆွေဆံရှည်ငပေ၏ မျက်နှာမှ ဒဏ်ရာများကို ဖားခမနံယ်ပိုင်းဖြင့်

ကြပ်ထုပ်ထိုးပေးနေသည်။ ကျော်ဝေနှင့်အတူ ဗမာပြည်သား နှစ်ယောက်မှာ ဆံရှည်ငပေထံ ရောက်လာ ခဲ့ကြသည်။ ကျော်ဝေက လက်ဖြင့် ဟိုစမ်းဒီစမ်း စမ်းသည်။ သွေခုန်နှုန်းကို စမ်းကြည့်သည်။ "နောင်တော်ကြီးရေ ခင်ဗျားတော့ ဖျားနေပြီဗျို့..."ဟုဆိုကာ ကျနော်တို့ တတ်သမျှမှတ်သမျှ ဆေးကုကြတာပေါ့ဗျာဟု ပြောသည်။ ဗမာနှစ်ယောက်မှာ ကျော်သန်းနှင့် စောအောင်တို့ဖြစ်ကြသည်။ ကျော်သန်းက အရပ်ပုပု၊ မျက်နှာလေးထောင့်၊ နှုတ်ခမ်းမွှေးကျင်စွယ်နှင့်။ စောအောင်က အရပ်ရှည်ရှည်၊ မျက်နှာဝိုင်းဝိုင်း၊ မေးရိုးကားကား။ သူတို့နှစ်ဦးက ဆရာဖားခုံညင်းလက်ထဲမှ နံငယ်ပိုင်းကိုယူကာ လက်သီးလုံး အရွယ်အစား အဝတ်ထုပ်တထုပ် ပြုလုပ်ပြီး အာငွေ့ပေးသည်။ တဟူးဟူးအာငွေ့ပေး။ အာငွေ့ဖြင့်ပူနွေးလာသည့် ကြပ်ထုပ်ကို ဒဏ်ရာဖြင့် ရောင်ကိုင်းနေသော မျက်နှာပေါ်သို့ ခပ်ဖွဖွဖိဖိ ကြပ်ထုပ်ထိုးပေးသည်။ ကျော်သန်း အာညောင်းသောအခါ စောအောင်ကတလှည့် ကြပ်ထုပ်ထိုးပေးသည်။ ကျော်ဝေက ဆရာဖားခုံညင်းနဖူးပေါ်မှ၊ ဖားခုံညင်း ကျောကုန်း ဒဏ်ရာဒဏ်ချက်ကို ကြပ်ထုပ်ထိုးပေးသည်။ ပထမတော့ ကျော်ဝေက ဗမာတိုင်းရင်းသားတွေဟာ အညံ့ခံတတ်တယ်။ လူပျော့လူညံ့တွေ ဖြစ်တယ်ဆိုသည့် အထင်အမြင်မျိုး ဖြစ်လာမှာစိုး၍ ဘာမှမပြုစုလို။ နောက်တော့ ရှုပ်ထွေးသည့် သူ့စိတ်ကူးကို ရှင်းရှင်းသန့်သန့်ဖြစ်သွားအောင် ပြောင်းလဲပစ်လိုက်သည်။ အကျဉ်းသားဘဝတူချင်း ကူညီရိုင်းပင်းတာ ဖြစ်ရမယ်ဟု ပြောင်းလဲပစ်လိုက်သည်။ လိပ်ပြာသန့်သွားသည်။ စိတ်ဓာတ် စိတ်ကူးမှာ သန့်သွားသည်။

"ခင်ဗျားတို့ ခေါင်းခွံတွေ အရိုးအဆက်တွေက အတော်မာတာပဲဗျ။ ခေါင်းလည်းမကွဲ အရိုးလည်း တချောင်းမကျိုး အတော်မာတဲ့လူတွေဗျ "

တဟူးဟူး အာငွေ့ပေးကြပ်ထုပ်ထိုးရင်း ဟာသလုပ်သည်။ တရင်းတနှီး ဖြစ်လာခဲ့ပြီဖြစ်သည့်အတွက် အပျင်းလည်းပြေ၊ ဟာသလည်းလုပ်ကာ ရင်းနှီးမှုယူခြင်းဖြစ်သည်။ ဆံရှည်ငပေနှင့် ဆရာဖားခုံညင်းတို့သည် အချုပ်ခန်းကြမ်းခင်းပေါ်တွင် အနည်းငယ်ခြားကာ ကျောခင်းလဲလျောင်းနေကြသည်။ ဆံရှည်ငပေက တကျိကျိ အံကြိတ်ကာ မျက်လုံးမှေးထားသည်။ ဆရာဖားခုံညင်းက အချုပ်ခန်း မျက်နှာကျက်ပေါ်တွင် သူ့အကြည့်ကို ကျောက်ချထားလေသည်။ စကားနည်းသူ၊ အတွေးကြီးသူ အတွေးသမားလည်း ဖြစ်နိုင်သည်။

"မင်းကတော့ မင်းအိမ်ရှင်မပေါ်မှာ မူတည်တာပေါ့။ ဒီနေ့ငွေလာပေးရင် ဒီနေ့လွှတ်မှာပဲကွ။ စိုးရိမ်စရာ မရှိပါဘူးကွာ။ ဒီနှစ်ယောက်က သူတို့လုပ်ငန်းရှင်ရဲ့ ဆန်အိတ်တအိတ်ကို ခိုးမိလို့တဲ့လား။ အေးကွ ဘွန်ချိုင်းပြောသလိုပဲ သနားစရာတော့ အကောင်းသား။ ဟိုဗမာလူငယ်နှစ်ယောက်က မြဝတီ ဗမာစစ်တပ်ဘက်ကလွှတ်လိုက်တဲ့ ထောက်လှမ်းရေး စပိုင်တွေတဲ့လား။ ဒီနှစ်ယောက်ကတော့ သိပ်မလွယ်ဘူး ထင်တယ်"။

ဆရာဖားခုံညင်းက စကားစပြောလေပြီ။ ကျော်ဝေကိုတိုင်တည်ပြီး ပြောခြင်းဖြစ်သည်။ အကျဉ်းသားဘဝတူခြင်း ဘာကြောင့် အချုပ်ခန်း ထဲရောက်လာကြပုံ စပ်မိစပ်ရာ ပြောမိကြရင်းက တယောက်အကြောင်းကို တယောက်က သိရှိထားပြီးသား။ ဒါကိုပဲ ဆရာဖားခုံညင်းက အတည်ပြုကာ ပြန်မေးခြင်းဖြစ်သည်။ ကျော်သန်းနှင့်စောအောင်က ဆရာဖားခုံညင်းပြောသည်ကို နားစွင့်ရင်း စိုက်ကြည့်နေကြသည်။

"ကျနော်တို့ ဆန်တအိတ်ခိုးမိတဲ့အတွက် ဆန်နှစ်အိတ်ဖိုး လျော်ကြေး ပေးချင်တယ်ဗျာ။ ခိုးမှုဆိုတော့ ဘယ်လို ဖြစ်လာနိုင်မလဲ ဆရာကြီး။ ကျနော်တို့မှာ ဘာအတွေ့အကြုံမှ မရှိဘူးဗျ။ ကျနော်တို့သူဌေးက ကျနော်တို့ကို တရားစွဲနိုင်မလား"

ကျော်သန်း မေးသည်ကို ချက်ချင်းမဖြေသေးဘဲ တွေပြီးစဉ်းစားကြည့်နေသည်။

"ယိုးဒယားအချင်းချင်း ဖြစ်တယ်ဆိုရင် ဒီလောက် ပြဿနာကြီးမှာ မဟုတ်ဘူး။ ဒီလိုနယ်စပ်ဒေသမှာ လူမျိုးမတူတာရယ် ဗမာပြည်ဘက်ကနေ ခိုးကြောင်ခိုးဝှက် လာနေရတာရယ်ဆိုတော့ ဖြေရှင်းရ

ခက်လိမ့်မယ်။ သူဌေးပေါ်မှာ အများကြီးမူတည်တယ်။ နယ်စပ်တွေမှာက တရားဥပဒေ မရှိဘူးလေ။ လာပြီး ပုန်းအောင်းနေနေရတဲ့ ဗမာတွေအတွက် ဥပဒေမရှိဘူး''။

စကားမပြောဖြစ်ဘဲ ငြိမ်သက်သွားကြသည်။ ထောက်လှမ်းရေး စပိုင်ဆိုပြီး အစွပ်စွဲခံထားရသူ အခန်းထောင့်ရှိ လူငယ်နှစ်ယောက်မှာ နှစ်ယောက်သား တီးတိုးပြောလိုက် ရယ်သွမ်းလိုက်။ ယိုးဒယား နှစ်ယောက်မှာလည်း သူ့အတွေးနှင့်သူ အခန်းထောင့်မှာ ငေးမောလျှက်။

ဗမာတွေအတွက် ဥပဒေမရှိဘူးတဲ့လား။ ကျော်သန်း၊ စောအောင်နှင့် ကျော်ဝေတို့ နားထဲ၊ ရင်ထဲတွင် လှုပ်ခါ ပဲ့တင်ထပ်နေသောအသံ။ တရားမဝင်လို့ ဥပဒေမရှိဘူးဆိုသည်ကို သိရှိပြီးသားပဲ။ အချုပ်ခန်းထဲ မရောက်လာမီက စိုးရိမ်စရာအဖြစ်သာ ခံစားရသော တရားမဝင်နေထိုင်သည့်ပြဿနာသည် အချုပ်ခန်းထဲတွင် ထိတ်လန့် ချောက်ချားစေသည်။ ကျော်သန်းနှင့် စောအောင်တို့ တယောက်မျက်နှာ တယောက် ကြည့်လိုက်ကြသည်။ ငါတို့ ဘာလုပ်ကြရမလဲဆိုသည့် အကြည့်မျိုး။

❖ ❖ ❖

# ၃

အချုပ်ခန်း တတိယမြောက်ညတွင် ကျော်သန်းနှင့်စောအောင်တို့၏ မိတ်ဆွေ ဘအေးက ထောင်ဝင်စာလာတွေ့သည်။ အစားအစာနှင့် ဆေးလိပ်လာပို့ရင်း အပြင်ကိုမှာကြားချင်တာ မှာကြားနိုင်ကြောင်း ထောင်ဝင်စာလာတွေ့သူ ဘအေးက ပြောသည်။ ကျော်သန်းကကျော်ဝေကို ဘာမှာချင်သလဲ။ ကျော်ဝေ့ဇနီး မိသီကို ဘာပြောပေးရမလဲဟု မေးသည်။ ကျော်ဝေကမူ ငွေကိုအမြန်ဆုံး ရှာဖွေပြီးလာတွေ့ပါလို့ ဇနီးသည် မိသီကိုမှာသည်။ ထို့အပြင်လည်း မှာစရာမရှိ။ ကျော်သန်းက သူတို့နှစ်ယောက်ကို ချောက်ချခဲ့သည့် ဖော်ကောင်လုပ်ခဲ့သူ ယိုးဒယားလုပ်ငန်းရှင်အိမ်တွင် အတူလုပ်ဖော်ကိုင်ဖက် မပန်းရွှေကို မှာလိုက်သည်။ "အချုပ်ခန်းထဲက ထွက်လာရင်တော့ တွေ့ကြသေးတာပေါ့။ အတွေ့မခံဘူး ထွက်ပြေးမယ်ဆိုရင်လည်း လိုက်သတ်မှာပဲ လွတ်အောင်သာ ပြေးပေတော့'' ဟု ပြောခိုင်းလိုက်သည်။

ကျော်သန်းနှင့်စောအောင်တို့က တောင်ငူအရှေ့ဘက်ခြမ်းက အရပ်သားတွေ။ စာသင်ကျောင်းဆိုသည်မှာ ဖြူသလား မဲသလား မေးယူရလိမ့်မည်။ ဗမာစာပေ မတတ်မြောက်သလို ကရင်စာပေလည်း ဘာမှမသင်ကြားခဲ့ရ။ တောင်ယာကွက်၊ တောတောင် လျှိုမြောင်နှင့် သေနတ်သံများကြားတွင် ကြီးပြင်းခဲ့ကြရသူတွေ။ နှစ်ပေါင်းတရာကျော်က အတိုင်းပင် တောင်ယာစိုက်၊ မျှစ်ချိုး၊ ဖက်ခူး၊ ဖက်ကောက်၊ ကြက်ငှက်မွေးကြ။ လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ကျော် ၅၀ လောက်ကစ၍ စစ်ပြေးရ၊ ရွာပြောင်းရွှေ့ရ၊ သေနတ်သံကို နားထောင်ပြီး ကျီးလန့်စာ စားနေထိုင်ခဲ့ကြရသည်။ ထိုဘဝကသူတို့ကို သင်ကြားပို့ချပေးခဲ့သည်မှာ ရိုးအခြင်းပင်ဖြစ်သည်။ နောက်တခုက ထုံထိုင်းခြင်းဖြစ်သည်။ ဘဝရှင်သန်ထက်မြက်ရေး၊ ဘဝပြောင်းလဲရေးဆိုသည့် ခေတ်မီသည့် လူတန်းစားတို့၏ အတွေးအမြင်မျိုး လုံးဝမရှိခဲ့ခြင်းနှင့် လာဘ်မမြင် ခြင်းတို့က သူတို့ဘဝတွင် နေရာယူထားကြသည်။ ထို့ကြောင့်လည်း ရင်ထဲမှာရှိနေသည့် ဒေါသအတိုင်း မသိဂှက်ဘဲ ရှေ့နောက်မစဉ်းစားတော့ဘဲ မပန်းရွှေကို ရာဇသံပေးလိုက်ခြင်းဖြစ်သည်။

နောက်တရက်တွင် ကျော်သန်းနှင့် စောအောင်တို့၏ ရာဇသံကို တုံ့ပြန်သည့် တုံ့ပြန်ချက်များကို သူတို့နှစ်ယောက်စလုံးပင် ပြန်လည် ခံစား ကြရလေတော့သည်။ အချုပ်ခန်းသို့ရောက်လာသည့် ထောင်ဝင်စာ

တွေ့သူ သူတို့၏မိတ်ဆွေ ဘအေးက မပန်းရွှေနှင့် ယိုးဒယားလုပ်ငန်းရှင်တို့၏ တုံ့ပြန်မှုများကို ယူဆောင်လာခဲ့သည်။

"မပန်းရွှေကတော့ သူဌေးရှေ့မှာပဲ ပြုံးပြုံးရွှင်ရွှင်နဲ့ ပြောလိုက်တာကတော့ ငါကိုသတ်ဖို့ နင်တို့မှာ အချိန်မရှိတော့ဘူးလို့ ပြောလိုက်စမ်းပါတဲ့ ကျော်သန်းရေ။ မပန်းရွှေကတော့ အတွေ့ခံဖို့အသင့်ပါပဲတဲ့။ ထွက်မပြေးပါဘူးတဲ့။ ယိုးဒယားလုပ်ငန်းရှင်ရဲ့ မယားငယ် ဖြစ်သွားပြီဆိုတာ ပြောလိုက်ပါတဲ့။ မင်းတို့ ယိုးဒယားလုပ်ငန်းရှင် ပြောလိုက်တာကတော့ မင်းတို့နှစ်ယောက် ဘယ်တော့မှ ပြန်လာလို့မရတဲ့ နေရာကို ပို့ပေးလိုက်ပါ့မယ်တဲ့"

ထောင်ဝင်စာလာတွေ့သူ ဘအေးက စောအောင်နှင့်ကျော်သန်းတို့ ပေးလိုက်သည့် ရာဇသံ အတိုင်းပင် မပန်းရွှေကို ပြောပြသည်။ နည်းနည်းကလေးမှပင် ထိမ်ချန်မထားခဲ့။ မပန်းရွှေက မျက်ရည်ခံထိုးကာ "ကျမကို ကယ်ပါဦး အကိုကြီးရယ်"ဟု သူဌေးကို အသနားခံသည်။"ဘာမှမပူနဲ့ ငါတာဝန်ယူတယ်" ဟု ဆိုကာ မပန်းရွှေကို သိမ်းပိုက်လိုက်သည်။ အပေးအယူ အရာင်းအဝယ် ပြုလုပ်ပြီးသည့်နောက် ကျော်သန်းနှင့်စောအောင်တို့ နှစ်ယောက်အတွက် ရာဇသံတုံ့ပြန်ချက်များကို ထောင်ဝင်စာလာတွေ့သည့် ဘအေးမှတဆင့် ပေးပို့လိုက်ခြင်းဖြစ်သည်။

"ဟေ့ကောင်ဘအေး ငါတို့ကိုလာပြီး နောက်မနေနဲ့၊ ညာမနေနဲ့၊ သတင်းအမှန်ကိုပြောစမ်းပါ။ သတင်းအမှန်ကို သိချင်တယ်။ ငါတို့ကို တရားစွဲမလား၊ မစွဲဘူးလား သိချင်တယ်။ "

စောအောင်က မျက်နှာ ကိုရှုံ့မဲ့ရင်း မေးသည်။ ဘအေးပြောသည်ကို လုံးဝမယုံ။ နောက်ပြောင်နေခြင်းဖြစ်သည်ဟု ထင်နေကြသည်။ ကျော်သန်းက အရေးထဲ လာနောက်မနေစမ်းပါနဲ့ကွာဟု ပြောသည်။ ဘအေးက ဒီတခါတော့ ခပ်ဆတ်ဆတ်ပြောသည်။ အချုပ်ခန်းထဲက လွတ်အောင်ထွက်ပြေးနိုင်ရင်တော့ ပြေးပေတော့။ မပြေးနိုင်ရင်တော့ မင်းတို့နှစ်ယောက်ကို သတ်လိမ့်မယ်ဟု ယတိပြတ်ပြောချလိုက်သည်။

"မင်းတို့ဆီ မရောက်မီ မပန်းရွှေကို ငါထပ်တွေ့ပါသေးတယ်။ ဗမာအချင်းချင်း မလုပ်သင့်ဘူး၊ မရက်စက်သင့်ဘူးလို့ ငါပြောပြပါတယ်။ မင်းတို့က သူ့ကို ရက်စက်တာဖြစ်တယ်လို့ ပြောတယ်။ ကျော်သန်းနဲ့ စောအောင်ကို ငါတာဝန်ယူတယ်။ ဘာမှ မဖြစ်စေရပါဘူးဆိုပြီး နားချပေမယ့် လက်လွန်ကုန်ပြီလို့ဘဲ ပြောတော့တယ်။ သူလည်းမယားငယ်ဖြစ်နေပြီ မထူးတော့ဘူးတဲ့။ ထောင်က လွတ်လာရင်လည်း ဒီကောင်တွေ ငါ့ကို သတ်မှာတဲ့။ ငါလည်းမင်းတို့အတွက် သိပ်စိတ်ပူတယ် ဘာလုပ်ရမှန်းလည်း မသိတော့ဘူး "

မီးလောင်မြိုက်ခံရသော ပန်းပွင့်နှယ် သုံးယောက်စလုံး နွမ်းလျအိုကျသွားသည်။ ဘအေးမှာမူ ထောင်ဝင်စာ တွေ့သည့်အချိန် ကုန်ဆုံးသည်နှင့် ပြန်သွားရသည်။ သူ့မိတ်ဆွေတွေနှင့် ထပ်တွေ့ ထပ်တိုင်ပင်ပြီး လွတ်အောင် ကြိုးစားပါ့မယ်ဆိုပြီး အားပေးသည့်တိုင် ခိုးမှုနှင့် ရာဇသံပေးခြိမ်းခြောက်မှုကြောင့် ကယ်တင်ရန် အလှမ်းဝေးသည်ထက် ဝေးလာခဲ့ကြသည်။

စောအောင်နှင့်ကျော်သန်းမှာ နေမထိ ထိုင်မထိ။ သူတို့ခေါင်းကို မီးစွဲလောင်နေပြီ။ အသိပညာဆင်းရဲသည့်အခါ ပြောမှသိ ထိမှနာတတ်သည်။ ပညာမဲ့သည့်အခါ သေတွင်းရောက်လာမှ ပညာရတတ်လေသည်။ တကယ်တော့ ဘဝက စကားပြောသည်။ လူ့အသိတရား အသိပညာ ကြွယ်ဝခွင့်မရရှာသည့် ဘဝတွေကပင် သေတွင်းကို ပို့ဆောင်ခဲ့ခြင်းမဟုတ်ပါလား။ သေမင်းနှင့် ယခုတွေ့ရပြီ။ ထိတ်ထိတ်ပျာပျာ ခံစားလာရပြီ။ ဘာလုပ်ရမလဲ။ အစရှာမရတော့။ ထိုညက ကျော်ဝေကိုဖွင့်ပြီး တိုင်ပင်ကြသည်။ ကျော်သန်းမှာ တုန်လှုပ်ခြောက်ခြားနေကာ စကားပြောစဉ် တခါတခါ ငိုသံပါနေလေသည်။ သားသမီး ဇနီးမယားနှင့် အပြီးအပိုင် ခွဲရတော့မှာပါလားဆိုသည့် အတွေးတွေက နှစ်ယောက်စလုံး၏ရင်ကို ဆို့နင့်စေလေသည်။

ကျော်ဝေကလည်း ထောင်ဝင်စာလာတွေ့သည့် ဘအေးပြောခဲ့သလိုပဲ” ရာဇဝတ်ဘေး ပြေးနိုင်မှ လွတ်မယ်။ ဒါကြောင့် ပြေးနိုင်ရင် လွတ်တယ်ဟေ့” ဟု ညာသံဖြင့်ပြောသည်။ ကျော်ဝေက ရခိုင်လွတ်မြောက်ရေး တော်လှန်ရေးတပ်က ရဲဘော်။ တော်လှန်ရေးတပ်မှ ခေတ္တနုတ်ထွက်ကာ အလုပ်လုပ်နေခြင်း ဖြစ်သည်။ ခွင့်စေ့ သည့်နောက်တနှစ်မှာ တော်လှန်ရေးတပ်ကို ပြန်သွားမှာဖြစ်သည်။ ကျော်ဝေက သူတို့နှစ်ယောက်၏ ဆရာ ကြီး ဖြစ်လာနေသည်။ သတိရှိဖို့၊ သတ္တိရှိဖို့ ဉာဏ်ရှိဖို့ပြောပြသည်။ မောင်ပေါက်ကြိုင်းပုံပြင်ကို ပြောပြကာ လွတ်မြောက်အောင် ကြံဆနေဖို့ သတိဝိရိယရှိဖို့၊ မေးမြန်းသင်ယူဖို့ လိုအပ်ကြောင်း သင်ခန်းစာ ထုတ်ပြသည်။ ပြီးတော့မှ လှေဝမ်းထဲမှ လွတ်မြောက်အောင် ကြိုးစားခဲ့ကြသည့် ငါးသုံးကောင်၏ ပုံပြင်ကို ပြောပြသည်။ ထို့နောက်တွင်တော့ သူတို့နှင့် ရင်းနှီးခင်မင်နေကြပြီဖြစ်သည့် ဘွန်ချိုင်းနှင့် ချွမ်လီတို့ထံ သုံးယောက်သား ချဉ်းကပ်ကြသည်။ အချုပ်ခန်း အိပ်ချိန်ရောက်နေပြီဖြစ်သဖြင့် လေသံဖြင့် စကားပြောကြရသည်။ ကျော်သန်းနှင့် ကျော်ဝေက အဖြစ်အပျက်တွေကို ပြောပြသည်။ အပြင်မှာ ဖြစ်ပေါ်နေသည့်သတင်း ကိုပြောပြသည်။ ဥပဒေ မရှိဘူး။ အသတ်ခံရတော့မည့် အခြေအနေကို ပြောပြသည်။ ဘယ်လို ထွက်ပြေးရမလဲ။ နောက်ဆုံးမေးခွန်းကို မေးရသည်။ ဘွန်ချိုင်းကော ချွမ်လီပါ စောအောင်နှင့် ကျော်သန်းတို့၏ ကြပ်ထုပ်ထိုး ပြုစုပေးမှုကြောင့် ပြင်းထန် သည့် ဒဏ်ရာများမှ လျော့ကျလာခဲ့သည်။ ဘွန်းချိုင်းမှာ အဖျားမရှိတော့။ ဘွန်ချိုင်းက ဘယ်လိုထွက်ပြေးရ မလဲဆိုသည့် မေးခွန်းကြောင့် ပူရှိန်းသွားကာ ပြန်ပြီး ဖျားချင်သွားသည်။ ဘွန်ချိုင်းကော ချွမ်လီပါ စကားမပြောပဲ ငြိမ်သက်သွားကြသည်။ ကျော်သန်းတို့ နှစ်ယောက်ကတော့ ဘာဖြစ်လာမလဲ။ ဘွန်ချိုင်းတို့က ဘယ်လို လမ်းစ ပေးမလဲဆိုသည့် အတွေးဖြင့် ရင်မောနေလေသည်။ နောက်နာရီဝက်ခန့် အကြာတွင် ချွမ်လီက ကျော်သန်းကို မေးသည်။“မင်းတို့ သတ္တိရှိသလား မင်းတို့ ခြေထောက်တွေ အပြေးသန်ရဲ့လား မနက်ကျရင်ငါ့ကို ဖြေပါ။ အခုမဖြေနဲ့ စဉ်းစားပြီးမှ ဖြေ”ဟုပဟေဠိပုစ္ဆာဆန်ဆန် မေးလေသည်။ လေသံတိုးတိုးဖြင့် မေးလေသည်။

ကျော်ဝေက “မင်းတို့လွတ်အောင် ပြေးကြစမ်းပါ။ ဘာဖြစ်လို့ အသတ်ခံရမလဲ။ ငါတို့လွတ်အောင် ပြေးနိုင်တယ်ဆိုတဲ့ ယုံကြည်မှုရှိရမယ်။ ဆန်တအိတ်ခိုးမိတာနဲ့ ဥပဒေမဲ့ အသတ်ခံရတယ်လို့ကွာ။ ဆန်အိတ် တအိတ်အပြည့် စိန်တွေ ပတ္တမြားတွေခိုးခဲ့လို့ဆို နားကြားလို့ ကောင်းပါသေးတယ်။ အခုတော့ … ဒီမှာ ဟေ့ကောင်တွေ လွတ်အောင်ပြေး။ အပြင်ရောက်ရင် မင်းတို့ တော်လှန်ရေးထဲဝင်ကြ။ မင်းတို့ရဲ့ မဖြစ် စလောက်တဲ့ပြစ်မှုလေးဟာ တော်လှန်ရေးထဲဝင်ပြီ ဆိုတာနဲ့ ပပျောက်သွားတဲ့အပြင် မင်းတို့ဘဝတွေ အသိတွေ ပြောင်းလဲသွားလိမ့်မယ်။ မင်းတို့ဘဝတွေ မိသားစုတွေဘဝဟာ သေးသေးကလေး မဟုတ်တော့ဘူး။ ကြီးကျယ်သွားလိမ့်မယ် ”

ကျော်သန်းတို့ အိပ်မပျော်နိုင်တော့။ ကျော်ဝေပြောသမျှ ခေါင်းညိတ်ကာ အင်းလိုက်နေလေသည်။ ကျော်ဝေပေးသောလမ်းကို အရောက်လှမ်းရန် စိတ်ထဲမှာ လင်းလက်သွားကြသည်။

❖ ❖ ❖

## ၄

ညလယ်သန်းခေါင်တွင် ယိုးဒယား စစ်ထောက်လှမ်းရေးနှင့် ပုလိပ်က ခေါ်ထုတ်သွားခဲ့သော ဗမာ စစ်ထောက်လှမ်းရေးဆိုသူ နှစ်ဦးမှာ မှောင်စမှောင်နတွေ ရှိနေသေးသည့် အရုဏ်ကျင်းစတွင် အချုပ်ခန်းသို့ ပြန်ရောက်လာသည်။ ဒဏ်ရာတွေ တင်းကြမ်းနှင့် ရောက်လာခဲ့သည်။ ကျော်ကျော်ကျူးကျူး ယိုးဒယားနယ်ထဲ

လာရောက် ထောက်လှမ်းရကောင်းလားဆိုတာ ခြေထောက်တွေကို ဖြတ်ရိုက်ချိုးသည်။ သို့သော်ခြေမကျိုးပဲ လမ်းမလျှောက်နိုင် လောက်အောင် နာကျင်ချိန့်သွားကြသည်။ မျက်နှာကလွဲ၍ တကိုယ်လုံးကို ထုရိုက် ကန်ကျောက်ထားသဖြင့် နာကျင်ကိုက်ခဲနေသည်။ ကိုယ်ခန္ဓာ အရေပြားပေါ်တွင် ယင်ကောင်နားသည်ကိုပင် မခံနိုင်လောက်အောင် နာကျင်နေသည်။ ခန္ဓာကိုယ်ကို ရွှေ့လိုက် လှုပ်လိုက်သည်နှင့် တအင်းအင်း တအားအား ညည်းညူနေသည်။

ကျော်ဝေ ဆက်မအိပ်နိုင်တော့။ ထိုလူနှစ်ယောက်ထံ ရောက်လာခဲ့သည်။ အကယ်၍သာ ဗမာ စစ်ထောက်လှမ်းရေးသာ ဖြစ်ခဲ့လျှင် သူနှင့်စစ်ထောက်လှမ်းရေးမှာ ရန်ဘက်တွေဖြစ်သည်။ စစ်ထောက် လှမ်းရေးက ဒီမြို့ကလေးတွင် မှိုလိုပေါက်နေပေလိမ့်မည်။ သောင်ရင်းမြစ် အနောက်ဘက်ကမ်းပေါ်မှာ ဗမာ စစ်တပ်သည် ထိုထောက်လှမ်းရေးများ သတင်းပေးများကြောင့် အရှေ့ဘက်ကမ်းပေါ်မှ သတင်းမှန်သမျှကို ရရှိနေကြခြင်းဖြစ်သည်။ နယ်စပ် မြစ်ကူးတံတားကိုဖြတ်ကာ အနောက်ဘက်ကမ်းပေါ်ရှိ ဗမာပြည်မြို့ကလေး၏ အဝင်ဂိတ်ပေါက်ကို ဝင်သွားသည်နှင့် စစ်ထောက်လှမ်းရေးနှင့် ပုလိပ်က ဘယ်သူဘယ်ဝါဆိုတာ သိသည်။ ဘယ်မှာနေတယ်။ ဘာလုပ် နေသည်ကို သိကြ၏။ ချောမေနှင့်စိန်အောင်တို့ စစ်ထောက်လှမ်းရေး လင်မယား မှာ သည်မြို့ကလေးတွင် လပေါင်းနှစ်ဆယ်ကျော် နေထိုင်သွားခဲ့သည်။ အလုပ်သမားအဖြစ်၊ စစ်ပြေး ဒုက္ခသည် အဖြစ်နှင့် လူတောထဲတွင်မြှုပ်ထားသည်။ အထူးသဖြင့် တော်လှန်ရေး အင်အားစုများနှင့် ထိုင်း အခြေအနေ အရပ်ရပ်ကို လာရောက် ထောက်လှမ်းခြင်းဖြစ်သည်။ ထောက်လှမ်းရေးမှန်း ဘယ်သူမှမ သိလိုက်ကြ။

“မင်းတို့ကို ဘယ်ခေါ်သွားတာလဲ။ ဘာတွေမေးသလဲ။ ငါလည်းမင်းတို့ကို ကြည့်ပြီး စိတ်မကောင်း ဘူး။ မင်းတို့တွေက ဘယ်သူဘယ်ဝါဆိုတာ ငါမသိဘူး။ ဒီအချုပ်ခန်းထဲမှာတော့ ဘဝတူတွေဖြစ်တယ်။ ဗမာ အကျဉ်းသားအချင်းချင်း ရိုင်းပင်းရမယ်ဆိုတာ ငါသိတယ်။ ”

တယောက်က အေးနိုင်၊ အသက်က ၁၈ နှစ်။ အသားဖြူဖြူ။ နောက်တယောက်က အသက် ၁၅ နှစ်ပဲရှိသေးတယ်။ အသားမဲမဲ။ ပိန်လှီသေးကွေး။ သူ့နာမည်က မြမောင်။ မြမောင်က ဘာမှ စဉ်းစားတွေးတော နိုင်မှာမဟုတ်။ ဘယ်လိုလုပ်ပြီး စစ်ထောက်လှမ်းရေး ဖြစ်သွားခဲ့သလဲ။

“ကျနော်တို့နှစ်ယောက်ကို မျက်နှာကို အဝတ်နဲ့အုပ်ပြီး ခေါ်သွားတာဆိုတော့ ဘယ်ခေါ်လို့ ခေါ်သွားမှန်း မသိပါဘူး အကိုကြီးရယ်။ ကျနော်တို့ ရောက်သွားတဲ့နေရာက အိမ်လား။ ရုံးလား အဆောက် အဦးလားဆိုတာလည်း မသိဘူး။ အခန်းထဲ ရောက်သွားမှ မျက်နှာကိုအုပ်ထားတဲ့ အဝတ်ကို ဖယ်လိုက်တယ်။ လူနှစ်ယောက်တွေ့ရတယ်။ စစ်ဝတ်စုံဝတ်ထားတဲ့လူနဲ့ စစ်ဝတ်စုံ ဝတ်မထားတဲ့လူက ကျနော်တို့ကို စစ်စုံထောက်တွေ မဟုတ်လားဆိုပြီး အထပ်ထပ်မေး၊ အထပ်ထပ် ရိုက်နှက်တော့တာပါပဲဗျာ”

အေးနိုင်က ကျော်ဝေကို အားကိုးတကြီးနဲ့ သူ့အခက်အခဲကို ပြောပြသည်။ ဘာကြောင့် ဒီမြို့ ကလေးကို ရောက်လာခဲ့ကြောင်း ပြောပြသည်။ အေးနိုင်က ပဲခူးနယ်ကဖြစ်သည်။ သူ့ညီကို နယ်စပ်တရိုးတွင် လိုက်ရှာခဲ့သည်။ စစ်တပ်က ပေါ်တာဆွဲသွားသဖြင့် အိမ်ကို ပြန်ရောက်မလာတော့။ သေပြီလား ရှင်နေ သေးလားမသိ။ ပေါ်တာအဆွဲခံခဲ့ရပြီး ငါးလအကြာတွင် သူ့ညီဖြစ်သူ စိုးနိုင်က ဒီမြို့တွင် ရောက်နေကြောင်း သတင်းရခဲ့သဖြင့် စွန့်စွန့်စားစား လာရှာဖွေခဲ့ရခြင်းဖြစ်သည်။ အမေက ထုံးစံအတိုင်း သားငယ်အတွက် စိတ်ပူပန်နေခဲ့ရ၊ နေ့စဉ်နှင့်အမျှ ငိုကြွေးနေခဲ့ရ၊ ယခုအမေအိုကို ထားရစ်ခဲ့ကာ ညီကို လာရှာခဲ့ရခြင်းဖြစ်သည်။ သားငယ်ကို ရှာမတွေ့ခဲ့လျှင် အမေ့ကျန်းမာရေးမှာ လုံးပါးပါးသွားနိုင်သည်။ ပညာမတတ်သည့် လယ်ကူလီ မိသားစုဘဝကလေးသည် အပြီးတိုင် ပြိုကွဲကြေမွ သွားရတော့မည်လား။ သားနှစ်ယောက်နှင့်အတူ ရှင်သန်နေသော မုဆိုးမ မိခင်အိုဘဝသည် သားနှစ်ယောက် မရှိတော့ဘူးဆိုလျှင် မည်သို့ဖြစ်မည်နည်း။

ဤနယ်စပ်မြို့ထဲ နေရာအနှံ့၊ မြို့ပြင်နေရာအနှံ့ ခြေဆန့်ကာ ညီဖြစ်သူ စိုးနိုင်ကို ရှာခဲ့သည်။ ရောက်သင့် မရောက်သင့်၊ သွားသင့် မသွားသင့်၊ မစဉ်းစားနိုင်ခဲ့။ အထူးသဖြင့် အနီးအနားကိုပင် မချဉ်းကပ်သင့်သော စစ်ဒေသနယ်မြေများ၊ အုပ်ချုပ်ရေးဆိုင်ရာ ဒေသနယ်မြေများကို ရောက်ခဲ့သည်။ ဆယ်ရက်အတွင်း နေရာဒေသအနှံ့ ရောက်လာခဲ့သဖြင့် သူ့ခြေထောက်ကို ထိုင်းစစ်ထောက်လှမ်းရေးနှင့် ပုလိပ်က မျက်စိစပါးမွေးစူးခဲ့ပုံရသည်။ တကယ်က ကျော်သန်းတို့လို ရိုးအသည့် ကျေးလက်လယ်ကူလီတွေ။ ထိုရိုးသားမှုကပင် မှော်ရုံတောတွင် သားကောင်ဖြစ်လာခဲ့ရသည်။

ရေမြေဆုံးစေတော့ ညီလေးကိုရှာဖွေရင်း လမ်းမပေါ်တွင် မြမောင်ကို သိကျွမ်းခဲ့ရသည်။ မြမောင်က ကြုံရာစား၊ ကြုံရာအိပ်၊ လမ်းပေါ်ရောက်နေသည့် လူငယ်ကလေးတယောက်။ စိတ်ကလည်း ပုံမှန်ဟုတ်ချင်မှ ဟုတ်မည်။ မိဘတွေကိုမေးကြည့်တော့ အတိအကျ မပြောနိုင်တော့။ လွန်ခဲ့သည့်နှစ်နှစ်က မိဘများထံ စိတ်လည်ပြီး ရောက်သွားသေးသည်။ သို့သော် မိဘတွေက မြို့ပြင်ရပ်ကွက်တခုကို ပြောင်းရွှေ့သွားကြပြီ။ မျက်ခြေပြတ်သွားပြီး မလိုက်နိုင်တော့။ ထို့ကြောင့် မင်းဘယ်ကလဲဟုမေးလျှင် ကျနော်ရန်ကုန်ကပါဟုပဲ ပြောနိုင်သည်။ အတိအကျမပြောနိုင်တော့။ ထိုကဲ့သို့သော လမ်းပေါ်ရောက်နေသည့် လူငယ်ကလေး တယောက်၏ အသိပညာကင်းမဲ့မှု၊ လမ်းပေါ်မှာ ကလေကချေ ဖြစ်နေသည့်ဘဝကို အဖတ်ဆယ်ကာ တိုးတက်အောင် မမြှင့်တင်သည့်အပြင် ဗမာစစ်ထောက်လှမ်းရေးက သတင်းယူ သတင်းပို့ရန် ဓားစာခံအဖြစ် ဖန်တီးမွေးမြူခဲ့လေသည်။ လူငယ်တယောက် သို့မဟုတ် လူသားတယောက်၏ အားနည်းချက်ကို နင်းကာ မိမိတို့ ရှင်သန်ရေးအတွက် ခုတုံးလုပ်တတ်သည့် လူယဉ်ကျေးများအမည်ခံ အရိုင်းအစိုင်းများသည် ဤကမ္ဘာမြေပြင်ထက်တွင် ဘယ်နှစ်ရာ၊ ဘယ်နှစ်ထောင် ရှိနေကြမည်နည်း။ မော်လမြိုင် မြို့လယ်ခေါင်တွင် ကယ်သူမဲ့ မြမောင်ကို ဗမာစစ်ထောက်လှမ်းရေးက မကယ်တင်သည့်အပြင် သေမင်းပါးစပ်ပေါက်ထဲ တွန်းပို့ ခဲ့လေသည်။ မော်လမြိုင်မှ ခေါ်ယူလာခဲ့သော မြမောင်သည် နယ်ခြားမြစ်ကို ကျော်၍ အရှေ့ဘက်ကမ်းပေါ်မှ မြို့ကလေးသို့ ထပ်ပို့ကာ စေလိုရာစေ သတင်းယူခိုင်းလေသည်။ ယခု ယိုးဒယားစစ်ထောက်လှမ်းရေးက စစ်ဆေးသည့်အခါ ဗမာစစ်ထောက်လှမ်းရေးက စေခိုင်းထားသည့် သတင်းပေးမဟုတ်ကြောင်း ငြင်းခဲ့သည့် အတွက် တော်ပေသေးသည်။ အကယ်၍ အမှန်အတိုင်းပြောပါက အေးနိုင်ပါ သေမင်းပါးစပ်ပေါက်မှ လွတ်မြောက်ဖို့အတွက် သိပ်မလွယ်တော့။ အေးနိုင်က လမ်းမပေါ်မှာ မြမောင်ကိုတွေ့ကာ နှစ်ရက်အတွင်း တွဲသွားတွဲလာ လုပ်ခဲ့ဖူးသည်မဟုတ်လား။

ဗမာစစ်ထောက်လှမ်းရေးက မြမောင်ကို ထမင်းဝအောင် ကျွေးမွေးပုံမပေါ်ခဲ့။ တခါတရံ ထမင်းဖိုးပေးသည်။ အမြဲပေးခြင်းမဟုတ်သဖြင့် ထမင်းဆာသည့်အခါ၊ ငတ်ပြတ်လာသည့်အခါ၊ အစားအသောက်ကို စားသောက်ဆိုင်မှ တောင်းစားသည်။ နောက်တော့ ခိုးစားသည်။ ခိုးတတ်လာသည်။ နောက်တော့ အလစ်သုတ်တတ်လာသည်။ သူတို့အတွက် ထောက်လှမ်းရေးဖြစ်လာကာ၊ သူတို့အတွက် ဝမ်းမီးဆာလောင်မွတ်သိပ်ခဲ့ပြီး သူတို့အတွက် သူခိုးဖြစ်လာခဲ့သည်။ မဆိုးနားနီးတော့မဆိုး။ တကယ်လည်း စစ်ထောက်လှမ်းရေး မွေးမြူခဲ့သည့် တပည့်ကလေးသည် သူတော်ကောင်းဖြစ်မလာနိုင်။ သူခိုးကလေး ဆိုးပေဖြစ်လာခဲ့သည်။ အရိုင်းအစိုင်းက သူ၏ ဓားစာခံကို အရိုင်းအစိုင်းသာ ဖြစ်လာစေသည်။ လူယဉ်ကျေးအဖြစ် မမွေးမြူနိုင်ခဲ့။

အချုပ်ခန်းကြမ်းပြင်ပေါ်တွင် မလှုပ်နိုင်အောင် နာကျင်ထုံကိုက်နေသော ဒဏ်ရာဒဏ်ချက်များစွာနှင့် အိပ်ပျော်နေသော မြမောင်ကို ကျော်ဝေငေးကြည့်နေမိရင်း စိတ်ထိခိုက်လာလေသည်။ ကျော်ဝေသည် တက်တချက်ခေါက်ကာ စိတ်ထဲမှာ ဆဲဆိုရေရွတ် နေလေသည်။ ဒီကလေးဟာ ခင်ညွန့်တို့ ဖျက်ဆီးပစ်လို့ အဖျက်အဆီးခံလိုက်ရတဲ့ ဓားစာခံလေးပါလား။ ခွေးမသားတွေ ကိုယ့်သားသမီးကျတော့ ရွှေလင်ဗန်းနဲ့

အချင်းဆေးကြ။ ရွှေပေါ် မြတင်ထားကြ။ ရွှေလမ်းငွေလမ်း၊ ပတ္တမြားလမ်းခင်းပြီး လျှောက်ခိုင်းကြ။ မြမောင်တို့လို ကလေးလူငယ်တွေကြတော့ ရေနစ်သူကို ထပ်ပြီးရေနှစ်ကြ။ သူတို့လျှောက်တဲ့လမ်းမှာ လမ်းခင်း လှေကားထစ် အဖြစ် ဖန်တီးလိုက်ကြ။ သားသမီးချင်း ကိုယ်ချင်းမစာနာနိုင်တဲ့ ကောင်တွေ။ ကိုယ့်သားသမီးသာဆိုရင် မြမောင်လို အသေခံ ဓားစာခံ ထောက်လှမ်းရေးလုပ်ခိုင်းဖို့ အိပ်မက်တောင်မမက်ဘူး။ ခွေးမသားတွေ၊ ဓားစာခံ မြမောင်ဘဝကို ကျော်ဝေတနံတလျား စဉ်းစား တွေးတောနေမိသည်။ မြမောင်အကြောင်း စဉ်းစားရင်း အေးနိုင်ဆီသို့ ရောက်လာခဲ့သည်။ ညီကိုရှာရင်း မြမောင်ကိုတွေ့ကာ ယခု အချုပ်ခန်းထဲ ရောက်လာခဲ့သည်။

"ဒီမှာ ငါ့ညီအေးနိုင် စိတ်ဓာတ်မကျနဲ့ကွ။ လူဆိုတာ အကျဉ်းအကျပ်ထဲ ရောက်နေပြီး သေမလား ရှင်မလား သေရေးရှင်ရေး ဖြစ်လာရင် အသက်ရှင်လွတ်မြောက်ဖို့အတွက် အားထုတ်ရတော့တာပဲ။ အင်အား ရှိသမျှ ကြိုးစားရုန်းကန်ရတော့တာပဲ။ အဲဒီမှာ ရှိသမျှအရည်အချင်းတွေ ခွန်အားသတ္တိတွေကို လက်နက် သဖွယ်ထုတ်ပြီး သုံးရတော့တာပဲကွ ညီရ။ အခုအချိန်ကစပြီး အချုပ်ခန်းရဲ့ အခြေအနေတွေ၊ အနေအထားတွေ ကို လေ့လာမှတ်သား အလွတ်ကျက်ထား။ ဟောဒီအချုပ်ခန်းထဲကနေ လွတ်မြောက်အောင် ကြိုးစားပေတော့။ ဟောဟိုက ယိုးဒယားနှစ်ယောက်ရယ် ကျော်သန်းတို့ နှစ်ယောက်ရယ်ကို မျက်ခြေမပြတ် ကြည့်နေ၊ သူတို့ တွေနဲ့အတူ ရုန်းထွက်နိုင်အောင် ကြိုးစားပေတော့။ မင်းဟာ တိုက်ပွဲထဲရောက်နေတဲ့သူ။ သူရဲကောင်းဖြစ်အောင် အထပ်ထပ်ကြိုးစားပေတော့။ ဟုတ်လား … အားမွေးထား၊ သတ္တိမွေးထား၊ အမေ့ကိုပြန်တွေ့ဖို့၊ ညီလေးကို ပြန်တွေ့ဖို့၊ အားမွေးထား၊ ခွန်အားတွေကို ညှစ်ထုတ်ကွာ၊ ဟုတ်လား ဒါဟာ တိုက်ပွဲပဲ"

ကျော်သန်းတို့ မှာလိုက်သည့် ကျားပရုပ်ဆီဘူးကို ထောင်ဝင်စာလာတွေ့သည့် ဘအေးက သယ်လာခဲ့သည်။ ဘွန်ချိုင်းတို့ အတွက်တဘူး။ နောက်တဘူး ကျန်နေသေးသည်။ ကျော်ဝေက ကျော်သန်းထံမှ ပရုပ်ဆီဘူးကိုတောင်းယူသည်။ အိပ်ရာမှ နိုးထလာသည့် ကျော်သန်းသည် ကျော်ဝေရှိရာသို့ ပရုပ်ဆီဘူးကို ယူကာ ရောက်လာခဲ့သည်။ အေးနိုင်၏ ဒဏ်ရာထပ်နေသော ခြေထောက်များကို ပရုပ်ဆီအထပ်ထပ် ပွတ်ကာ ဆုပ်နယ်ပေးကြသည်။ အရိုးမကျိုးသေးဘူးကွ ခြေထောက်အရိုးတွေ မကျိုးကြေသမျှ ပြေးလို့ရတယ်ကွဟု တတွတ်တွတ်ရွတ်သည်။ အေးနိုင်ကြားနိုင်ဖို့ ရွတ်သည်။ အေးနိုင်က အံကြိတ်တင်းထားသည်။

စကားပြောရပ်သွားစဉ် တိတ်ဆိတ်ငြိမ်သက်မှုကို လက်နက်ကြီး ပေါက်ကွဲသံက ဖြိုခွဲလိုက်လေသည်။ သိပ်မကြာလိုက် လက်နက်ကြီးပေါက်ကွဲသံ မိုးချုန်းမည်ဟီးသံများသည် ထောင်၏ ခေါင်မိုးသွပ်ချပ်များကို တချမ်းချမ်းရိုက်ခတ်နေလေသည်။ အချုပ်ခန်းထဲသို့ ကျည်ဆံဖူးများ ကျလာကာ ပေါက်ကွဲမည်ဟုပင် ထင်ရ သည်။ လက်နက်ကြီးတချက် ထုလိုက်တိုင်း အချုပ်ခန်း နံရံအထပ်ထပ်တွင် ပဲ့တင်သံ အထပ်ထပ် ဖြစ်သွားသည်။

လက်နက်ကြီး ပေါက်ကွဲသံကြားသည်နှင့် ကျော်ဝေသိလိုက်ပြီ။ ဒါ … ဝမ်းခတိုက်ပွဲ။ တော်လှန်ရေး ရဲဘော်တို့ရေ တိုက်ထားကြဟေ့။ အခုပဲ ပြေးလာချင်တယ်ဟုပြောရင်း အားမလိုအားမရ ဖြစ်နေမိသည်။

"ကျော်သန်းနဲ့ အေးနိုင် ငါမေးမယ် ဖြေကြည့်ကြစမ်းကွာ။ အချုပ်ခန်းထဲမှာ၊ ထောင်ထဲမှာ၊ လူမိုက်တွေ လူရမ်းကားတွေ သတ်လို့ သေမလား။ ငါတို့တိုင်းပြည် လွတ်မြောက်အောင် အဲဒီတိုက်ပွဲတွေ ရှိရာသွားပြီး တိုက်မလား ဖြေကွာ"။

ကျော်သန်းက စိတ်ချစမ်းပါ ကောင်ကြီးရာဟု တုံ့ပြန်သည်။ အေးနိုင်ကတော့ အဲဒီတိုက်ပွဲတွေ ရှိရာကို ကျနော်အရောက် သွားမယ်။ အမေ့ကိုပါခေါ်သွားမယ်။ အမေ့ကို နောက်တန်းမှာထားခဲ့ပြီး ကျနော် ရှေ့တန်းမှာ သွားတိုက်မယ်။ ဘယ်နှယ့်လဲ အကိုကြီးဟု ပြောသည်။

မိသီငွေယူလာပြီး ကျော်ဝေကို အချုပ်ခန်းထဲမှ ရွှေးထုတ်သွားမည့်အချိန်က နီးကပ်လာနေသည်။ ကျော်ဝေက ကျော်သန်းတို့ နှစ်ယောက်နှင့် အေးနိုင်တို့နှစ်ယောက်အတွက် ပူပန်ကြောင့်ကျမှုသည်

ဒီရေလှိုင်းနယ် တသိမ့်သိမ့်တိုးလာခဲ့သည်။ ထို့ကြောင့် ကျော်သန်းကို အေးနိုင်တို့ လူငယ်နှစ်ယောက်ကိုပါ လက်တွဲဖေးမပြီး အချုပ်ခန်းထဲမှ လွတ်မြောက်အောင် ကြိုးစားကြဖို့ပြောသည်။ ကျော်သန်း၏ လက်တွင် အေးနိုင်ကို အပ်နှံခဲ့သည်။ အေးနိုင်မှာ ကြမ်းပြင်တွင် ကျောခင်းလဲလျောင်းနေရာမှ ထထိုင်လိုက်သည်။ ကျော်သန်းလက်ကို တင်းတင်းဆုပ်ထားလိုက်သည်။ အေးနိုင်က ကျနော်တို့ကို မထားခဲ့ပါနဲ့ အကိုရာ။ အကိုတို့နဲ့အတူ ကျနော် ကြိုးစားပါ့မယ်။ ကျနော်ဘာတာဝန် ယူရမလဲပြောပါ။ လုပ်ပါ့မယ်။ ကျနော် အမေ့ဆီ ပြန်ရောက်ချင်လို့ပါ။ အိပ်ယာထဲလဲနေတဲ့ အမေ့ဆီ ကျနော်ပြန်မရောက်ခဲ့ရင် ...။ အေးနိုင် ဆက်မပြောနိုင်တော့။ ကျော်သန်းက ဘဝတူတွေပဲကွာ။ သေအတူ ရှင်အတူပဲဟေ့ဟု အားပေးသည်။

ကျော်ဝေက သူနေတဲ့လိပ်စာကို ပြောသည်။ အထပ်ထပ်ပြောသည်။ မှတ်မိစေရန်အတွက် အချုပ်ခန်း အပြင်ဘက်ရောက်လျှင် ထောင်ဝင်စာလာတွေ့မည်ဟု ကတိပေးသည်။ လိုအပ်တာကို ဖြည့်ဆည်းပေးမည်ဟု အားပေးစကားဆိုသည်။ အေးနိုင်၏ လိပ်စာနှင့် မိခင်အမည်ကိုမေးသည်။ မှတ်သားထားသည်။

ထိုနေ့ညမှာပဲ ကျော်ဝေအချုပ်ခန်းမှ လွတ်မြောက်လာခဲ့လေသည်။ အချုပ်ခန်း အကျဉ်းထောင်တွင်းမှာ ဘဝတူတွေ သူ့လိုမှ လွတ်မြောက်နိုင်ပါ့မလား။ ကြိုးစားမှုတွေက အောင်ပါ့မလား။ ထိုအတွေး ထိုအပူသည် သူ့ရင်နှင့်ခေါင်းထဲတွင် လေးသိပ်လှစွာ ကပ်ငြိပါလာခဲ့လေသည်။ ပြီးတော့ ဘွန်ချိုင်းတို့နှစ်ယောက်မှာလိုက်သည့် ပစ္စည်းများကို အချုပ်ခန်းအတွင်း အမြန်ဆုံး ပေးပို့ရမည့်ကိစ္စ။

❖ ❖ ❖

## ၅

နောက် ၃ ရက်အကြာတွင် ထောင်မှ ရုန်းထွက်ကြမည်ဟု ပြင်ဆင်ခဲ့သည့် အစီအစဥ်သည် သဲထဲရေသွန် ဖြစ်သွားခဲ့လေပြီ။ တိုက်ပွဲမစမီတညမှာ ဗမာပြည်သား သူတို့ ၄ ယောက်ကို ည ၁၀ နာရီတွင် ပုလိပ်က ခေါ်ထုတ်သွားသည်။"မင်းတို့ကို အခြားတနေရာကို ပြောင်းရွှေ့ ပို့ထားဖို့အတွက်"ဟု ဆိုကာ ပုလိပ်လေးယောက်က သူတို့ကိုဆွဲထုတ်သည်။ အကျဉ်းထောင်တခုကို ပြောင်းရွှေ့လိုလျှင် နေ့ဘက်တွင်သာ ပြောင်းရွှေ့လေ့ရှိသည်။ ပြောင်းရွှေ့ရန် အကြောင်းလည်းမရှိ။ ထောင်တွင်းသတ်ဖြတ်မှု၊ ဆိုးသွမ်းရက်စက်မှု ဘာတခုမှ မလုပ်ကြဘဲနဲ့ ပြောင်းရွှေ့ရန် အကြောင်းမရှိ။ အပုပ်ချိန်တွင် တနေရာပို့မည် ဆိုကတည်းက ၄ ယောက်စလုံး ထိတ်လန့်တုန်လှုပ်သွားကြသည်။ ကြမ္မာငင်တော့မည်ဆိုသည်ကို သိလိုက်ကြပြီ။ မလိုက်လိုကြောင်း အကြောက်အကန် ငြင်းကြသည်။ သံတိုင်တံခါးတွေကို မလွတ်တမ်း ဖမ်းဆွဲမိရက်သား ဖြစ်သွားကြသည်။ ပုလိပ်က ကန်ကြောက်ဆွဲခေါ်သည်။ အထပ်ထပ် ဖြတ်ရိုက် ထိုးနှက်သဖြင့် အသက်ကို ကာကွယ်ဆုပ်ဖမ်းထားသည့် လက်ချောင်းများမှာ ပြင်းထန်သော ရိုက်ချက်များအောက်တွင် ပြေကျသွားခဲ့ရလေသည်။ ငယ်သံပါအောင် အော်ဟစ်ခဲ့သော အေးနိုင်နှင့်မြမောင်တို့သည် အရိုက်ကိုထိသွားကြသဖြင့် နောက်ထပ် မအော်နိုင်တော့။

"မင်းတို့ကို နေရာပြောင်းတာ ... ဘာဖြစ်လို့ငြင်းရတာလဲ။ ဟိုရောက်ရင် အလုပ်ကောင်းကောင်း လုပ်ရမယ် ... ကောင်းကောင်း နေရမယ် ..."

ပုလိပ်က အော်ဟစ်ဟိန်းဟောက်သည်။ တကယ်လည်း နေရာပြောင်းရွှေ့လိုက်ခြင်း ဖြစ်သည်။ သူတို့လေးယောက်ကို ပုလိပ်က မျက်နှာစိမ်း လူလေးယောက် လက်ထဲသို့ ခေါ်ဆောင်သွားကြပေတော့ဟု

ဆိုကာ လှဲပြောင်းအပ်နှံလိုက်သည်။ အလွန်အကြူး အရက်သောက်ထားကြသဖြင့် ယိမ်းယိုင် ပေတူးနေကြသူတွေ။ သူတို့ ၄ ယောက်ကို ကားကတင်ဆောင်လျက် တောတောင်ထူထပ်ရာ နယ်ခြားဒေသဆီသို့ သယ်ဆောင်လာခဲ့သည်။

အေးနိုင်က ကြိတ်၍ရှိုက်သည်။ အမေကမျှော်နေမှာ၊ ညီအကိုနှစ်ယောက်ကို မျှော်နေမှာ၊ စိတ်ဖြောင့်မှာမဟုတ်ဘူး။ အိပ်ယာထဲက မျှော်နေမှာ။ အမေ့ဆီကိုပြန်ရောက်ပါရစေ ... အမေရေ ... သားပြန်လာပြီနော် ... အိမ်ပြန်ခရီးဖြစ်ပါစေလို့ ဆုတောင်းပေးပါ အမေရယ် ...။ ထိတ်လန့်တုန်လှုပ်မှု ကြေကွဲမှုတို့က သူ့ရင်ကို ငိုရှိုက်ဆို့နင့်စေလေသည်။

ပြန်၍မရနိုင်တော့မည့် နေရာတခုဆီသို့ မူးပေသွေးကွဲနေသော ထိုလူတစုက ခေါ်ဆောင် သွားနေခြင်းဖြစ်သည်။ မော်တော် ကားတာရာဘီးတွေနဲ့ မီးရှို့ပြီး သတ်ဖြတ်ပြာချမှာလား။ သတ်ဖြတ်ပြီး မြစ်ထဲမျောမှာလား။ မြေတွင်းထဲ မြှုပ်မှာတော့မဟုတ်။ နယ်စပ်ဒေသတွင် မထားလိုသည့် ဗမာပြည်သားကို လူဆိုးစာရင်းသွင်းပြီး တနေရာတွင် အစဖျောက်ခဲ့သည့် လူစာရင်းတွင် သူတို့ ၄ ဦးသည် ဘယ်နှစ်ကြိမ်မြောက်ဖြစ်မည်နည်း။ ဒီလိုအခြေအနေမျိုးတွေ သေမင်းခေါ်ရာနောက် ကောက်ကောက်ပါအောင် ခြေတရွတ်ဆွဲ လိုက်ခဲ့ရသည့် အဖြစ်မျိုးတွေ ရှိပါကလားဆိုသည်ကို အချုပ်ခန်းထဲရောက်မှ အေးနိုင်က သိလာခဲ့ရခြင်း ဖြစ်သည်။

သေတ္တာတလုံးနယ် အလုံပိတ်ကားထဲတွင် ဘာမှမမြင်ရ။ ကားစက်သံ၊ သံထည်ကိရိယာတွေ တခုနှင့်တခု ပွတ်တိုက် လှီးဖြတ်သံ၊ ကားလေတိုးသံ၊ ကားဘီးပွတ်ကြိတ်သံတွေကိုပဲ ကြားရသည်။ တကယ်က အေးနိုင်စိတ် အတွေးထဲတွင် အမေ့ခေါ်သံကိုပဲ ကြားနေရသည်။ သားကြီးရေ မောင်အေးနိုင်ရေ ... သားငယ် မောင်စိုးနိုင်ရေ သားတို့ကို အမေမျှော်နေတယ်ကွဲ့ သားတို့ရဲ့...။ အမေ့ခေါ်သံကိုသာ စိတ်နှင့် အထပ်ထပ် ကြားနေရလေသည်။

ကျော်သန်းနှင့် စောအောင်က ကားပေါ်ကိုရောက်လာကတည်းက ကားတံခါးမပိတ်မီ အလင်းရောင်ထဲတွင် သိမ်းငုက်မျက်လုံးများနှယ် အခြေအနေအားလုံးကို စူးစမ်းလေ့လာခဲ့ပြီး ဖြစ်သည်။ အမှတ်အသားများကို စိတ်အမှတ်စက်ထဲတွင် အလွတ်ရအောင်တေးထားသည်။ ကျော်သန်းက ကိုယ့်ကိုယ်ကိုယ် သေလူလို့ပဲ သတ်မှတ်ထားပြီးသား။ ထောင်ထဲတွင် မလုပ်နိုင်ခဲ့သည့်တိုက်ပွဲကို ကားပေါ်ကို ရွှေ့ပြောင်းယူခဲ့ရတာပဲဟု သဘောထားလိုက်သည်။ သေလျှင်မြေကြီး ရှင်လျှင်ရွှေထီး၊ ရှင်လျှင်အမြတ် သေသွားရင် အရင်းဟာအရင်းပဲ။ သတ္တိတွေ၊ စိတ်ဓာတ်တွေပေးခဲ့သည့် ကျော်ဝေကို ကျော်သန်းနှင့် စောအောင်တို့တပြိုင်တည်း သတိရ နေကြသည်။ သူက စိတ်ဓာတ်တွေ မြှင့်တင်ပေးခဲ့သမျှ တိုက်ပွဲတွင် သတိရနေခဲ့ကြခြင်းဖြစ်သည်။ လည်စင်းခံပြီး အရှုံးပေးမည့်အစား လွတ်မြောက်ရေးအတွက် ရန်းကန်ရင်းသေစမ်းပါ။ အဲဒါမြတ်သောသေခြင်းပဲပေါ့ ဟုဆိုသော ကျော်ဝေစကားလုံးများသည် လည်ပတ်သွေးစက်များကို ချင်းချင်းရဲကာ ဆူပွက်စေလေသည်။ ကျော်သန်းရင်ခုန်သံသည် ကြမ်း၍ မြန်ဆန်လာလေသည်။ တခုပြီးတခု ဘာလုပ်ရမည်ကို စိတ်ထဲတွင် အစီအစဉ်များ ရေးဆွဲထားသည်။

ကျော်သန်းက စောအောင်၏ အနားသို့ဖိကပ်သွားကာ လက်ချင်းဆက်သွယ် အရိပ်အခြည်ပြသည်။ အေးနိုင်၏ခြေထောက်ကို ခပ်ဆတ်ဆတ်ရိုက်လိုက်သည်။ ရှိုက်ငိုနေသောအေးနိုင် ဆွေးမြေ့မှုထဲကနေလန့်နိုးသွားသည်။ အချက်ပေးလိုက်သဖြင့် ထောင်တွင်း တိုက်ပွဲအစီအစဉ်ကို ဖျတ်ခနဲ သတိရလာသည်။ အေးနိုင်က သူ့ဘေးက မြမောင်ကို ဆက်လက် လှုံ့ဆော်လိုက်သည်။ နိုးကြားလာနေ သောနှလုံးခုန်သံများမှာ ကားစက်သံကဲ့သို့ တရစပ် မည်ဟီးမြန်ဆန်လာခဲ့ကြသည်။

ကားခေါင်းခန်းနှင့် နောက်ဆက်တွဲ ဘော်ဒီအိမ်သည် တသီးတခြားစီ။ ပစ္စည်းသယ်ယူ လူသယ်ယူ

သည့်ကား။ ကားနောက်မြီးပိုင်းတွင် တံခါးရှိသည်။ ထိုတံခါးဝတွင် အရက်သမားနှစ်ယောက်က အစောင့်အဖြစ် လိုက်ပါလာသည်။ နှစ်ယောက်အနက် တယောက်တွင် သေနတ်ပါလာသည်။ သေနတ်ကိုတွေ့ရှိခဲ့ပြီးဖြစ်သည်။ နောက်တယောက်တွင် သေနတ် ပါ မပါမသိ။ ဒါကိုစူးစမ်း၍မရ။ ကားခေါင်းခန်းထဲတွင် ကားမောင်းသူနှင့် နောက်တယောက်။

တနာရီကျော်ကြာသည့်အခါ ကားသည် ကတ္တရာလမ်းမပေါ်မှ ဖဲ့ဆင်းကာ လမ်းကြမ်းတောတန်း တခုထဲသို့ ဝင်လာသည်။ ကားက လှုပ်ခါယိမ်းထိုး ခုန်ပေါက်လာသည်။ သူတို့အတွက် အဆင်သင့်ဖြစ်ရန် ကိုယ်ဟန်အနေအထားကို ပြင်ဆင်ရန် ထပ်မံအခွင့်အရေး ရရှိလိုက်ခြင်းဖြစ်သည်။ မိနစ်နှစ်ဆယ်ခန့်အကြာတွင် တိုက်ပွဲစလေတော့သည်။ ကျော်သန်းနှင့်စောအောင်က သေမင်းနှစ်ယောက်ကို ခုန်အုပ်လိုက်သည်။ ထို့နောက် လေးယောက်နှင့်နှစ်ယောက် လုံးထွေးထိုးသတ်ပွဲ ဖြစ်သွားသည်။ တာစူမရအောင် အရက်မူးနေသဖြင့် ထိုနှစ်ယောက်သည် အလစ်အငိုက် ခံလိုက်ရသည်။

သေနတ်သံတချက် ထွက်လာသည်။ သေနတ်ထိမှန်သံနှင့်အတူ တယောက် ထိုင်ကျသွားသည်။ နောက်ထပ်ဆက်တိုက် သေနတ်သံများ ထွက်လာသည်။ ကားက တောင်တန်းဆင်ခြေလျှော တနေရာတွင် တုံ့ခနဲ့ ရပ်သွားကာ ကားခေါင်းထဲမှ လူနှစ်ဦး ဟစ်အော်ဆဲဆိုရင်း ထွက်လာခဲ့ကြသည်ကို ကြားလိုက်ရသည်။ ကားခေါင်းထဲမှ သေနတ်သံတချက် ထပ်ကြားရသည်။ ကားထဲက ရန်ပွဲ သတ်ဖြတ်ပွဲကို သတိပေး ခြိမ်းခြောက်လိုက်သည့်သေနတ်သံ။ ကားအရှိန်သေစမှာပဲ ကားတံခါးက ဝုန်းခနဲ ပွင့်ထွက်သွားခြင်းနှင့်အတူ သုံးယောက်သား ခုန်ဆင်း ထွက်ပြေးလာခဲ့ကြသည်။ မဲမှောင်နေသော တောအုပ်ကြီးထဲတွင် ကျော်သန်း၊ စောအောင်နှင့် အေးနိုင်တို့တမဟုတ်ခြင်း ပျောက်ကွယ်သွားခဲ့သည်။ မြမောင် သေသည် ရှင်သည်မသိတော့။ သွေးအိုင်ထဲတွင် လူသုံးယောက် လဲပြိုနစ်ကျန်ခဲ့လေသည်။

■ ■ ■

**၁၉၉၂ က အရှေ့ဘက်ကမ်းပေါ်ရှိ မြို့ကလေးတမြို့မှ ကျော်သန်း၊ စောအောင်၊ မြမောင်နှင့် မောင်အေးနိုင်တို့၏ တကယ့်ဘဝကို အခြေခံပြီး ဝတ္ထုအဖြစ် ဖွဲ့နွဲ့ခဲ့ခြင်းဖြစ်သည်။**

စက်တင်ဘာ ၃၀၊ ၂၀၀၆
သစ္စာအမှတ် (၁၁)နိုဝင်ဘာ၊ ၂၀၀၆

# တိမ်တိုက်တွေထဲက မီးလျှံ

၁

တိမ်တိုက်တွေက တမိုးလုံးကို မှိုင်းညှို့ပိတ်ဆို့ထားလို့…။ တရိပ်ရိပ် ရွေ့လျားပြေးသွားနေတဲ့ တိမ်တိုက်တွေဟာ ဘယ်အချိန်ကျမှ ပြီးဆုံးသွားမှာလည်း။ ရုပ်ရှင်ပြစက် မီးဆလိုက်ထိုးတဲ့ ပြတင်းပေါက်ပေါ်မှာ ခာတ်ပုံကွက်တွေက အဆက်မပြတ် ဖြတ်သန်း ပေါ်ထွက်လာသလိုပဲ၊ တိမ်တိုက်တွေက အဆက်မပြတ် ရွေ့လျား သွားနေ။ ပုံပန်းသဏ္ဌာန်တွေ အမျိုးမျိုး လှည့်ပြောင်း ကူးစက်သွား။ တိမ်နှင်းဆီပွင့်တွေကနေ မြင်းအုပ်တွေ ဖြစ်သွား။ ဗမာပြည်မြေပုံကနေ ဆံမျှင်တွေ ဖားလျားချထားတဲ့ အမျိုးသမီးတွေ ဖြစ်သွား။ နန်းတော် ပြဿဒ် တွေဟာ မီးလျှံမီးညွန့်ကနေ ရင်သားမို့မောက် ဗီးနပ်ရုပ်ထုဖြစ်သွား။ အဲဒီတိမ်တိုက်တွေက ပြောလိုက်တဲ့ အသံလား၊ တိမ်တိုက်တွေထဲက ထွက်ကျပေါ်ထွက်လာတဲ့ အသံတွေလား၊ စိတ်နားထဲမှာ အဲဒီအသံတွေက မြည်နေတာ။ “အဲဒီလို အနိုင်ကျင့်ခံကြရတာ”။ မကန်းကွက် တိမ်ရွက်ကွန်တွေက ထိုမြည်ကြွေးနေတဲ့ အသံ တွေကိုများ သယ်ယူလာခဲ့လေသလား။ တိမ်မျှင် တိမ်လိပ်တွေက အမြင်အာရုံ မျက်လုံးအိမ်ထဲ ဝင်ရောက် လာပြီး ရင်တွင်းကို ဝင်ရောက်စီးဆင်း၊ ရင်ထဲမှာ တဒီးဒီးဝင်နေတဲ့ တိမ်တွေက ဟစ်ကြွေးနေတာများလား။ “အဲဒီလို အနိုင်ကျင့်နေကြတယ်” … တဲ့လား။

ပြတင်းပေါက် မြင်ကွင်းထဲကျွံထွက်လာတဲ့ အရိုးပြိုင်းပြိုင်းသစ်ကိုင်းတွေကြားက ကောင်းကင် တခွင်လုံးကို မော့ကြည့်။ ကျောက်ဆစ်ရုပ်ဖြစ်နေတဲ့ ခန္ဓာကိုယ်ထဲက စိတ်အာရုံထဲကို အသိတွေက စီးဆင်း လာခဲ့တာ။

“ကျနော်တို့က ဖျာပုံမြို့နယ်ခွဲ ကမာကျေးရွာကပါ။ ကျနော်တို့ တံငါလှေစက်လှေတွေကို အဓမ္မ ငွေတောင်းငွေညှစ် အနိုင်ကျင့်တာကို ခံနေရတယ်ဗျာ။ တစင်းကို ငွေငါးထောင်ပေးရမယ်တဲ့။ ကျနော်တို့မှာ ခက်ခက်ခဲခဲရှာန်းကန် ဆင်းရဲကျပ်တည်းနေတဲ့ကြားက ဒီငွေငါးထောင်ပေးဖို့ သိပ်ခက်ခဲပါတယ်။ ”

ထိုအသံတွေက သံလိုက်ခာတ် ပါခဲ့လေသလားမသိ။ စိတ်ထဲမှာ စွဲနေသည်။ ပြောပြနေသူ၏ ရုပ်ပုံ သွင်ပြင်ကို စိတ်အတွေးနဲ့ မှန်းဆကြည့်မိလျှက်သား ဖြစ်သွားသည်။ သတင်းများ အပိတ်ခံထားခဲ့ရသည့် အတွက် ပြင်ပရေဒီယိုဌာနက မေးမြန်းလာသမျှ၊ ဖွင့်ဟ ပြောဆိုလိုက်စဉ်မှာပဲ သူ့မျက်လုံးအစုံက သိမ်းငှက် မျက်လုံးကဲ့သို့ နီမြန်းဝင်းလက်နေပေလိမ့်မည်။ လည်ချောင်းကြောတွေက အပြိုင်းပြိုင်း ထနေလိမ့်မည်။ ပြောဆိုဖွင့်ဟဖို့ အခွင့်ရခိုက် အရဲစွန့်လိုက်ပုံလည်း ရတယ်။

အိပ်ယာဘေးမှာရှိတဲ့ ၂၀၀၆ မဂ္ဂဇင်းထဲက ဖူးကူးယားမားရဲ့ ဂလိုဘယ်လိုက်ဇေးရှင်း ဆောင်းပါးကို ယူပြီး စောစောကပဲ ဖတ်ဖို့ ကြိုးစားကြည့်ခဲ့တယ်။ ဖူးကူးယားမားကို ထားရစ်ခဲ့။ အာရုံက တခဏမှာ ရပ်ဆိုင်း ပျောက်ကွယ်သွား။ စိတ်က လျှပ်စစ်အလင်းလိုပဲ။ ကမာကျေးရွာက တံငါသည် လူငယ်တဦးရဲ့ ခံစားမှုဆီ ကူးစက်ရောက်ရှိသွားပြီ။ ဖူးကူးယားမား စာမျက်နှာကို ခွာမိရက်သား ဖြစ်နေခဲ့သည်။ ပြတင်းပေါက်ကို ဖြတ် သန်းကြည့်မိလျှက်သား ဖြစ်နေခဲ့။ အိမ်နဲ့ကပ်လျှက်သား သစ်ပင်ထက်က အဝါရောင်ဆေးသား ခြယ်သ သစ်ရွက်များက ပြတင်းပေါက်ကို တဖျပ်ဖျပ်ရိုက်ခတ်တို့ထိ။

ဒေါ်အောင်ဆန်းစုကြည်က အနိုင်ကျင့်ခံနေရတဲ့ ပြည်သူလူထုတွေကို စိတ်ပူနေတာလည်း ဒါကြောင့် ပဲ။ ငွေညှစ်သတဲ့။ အနိုင်ကျင့်သတဲ့။ သွေးစုပ်လှီးဖြတ်ယူသတဲ့။ ဂမ်ဘာရီက ထိုင်းသတင်းစာ ရှင်းလင်းပွဲမှာ ပြောခဲ့တာပဲ မဟုတ်လား။ ပြည်သူလူထုတွေကို ဒေါ်အောင်ဆန်းစုကြည်က စိတ်ပူကြောင်း ပြောခဲ့တာ။

ဥပဒေဆိုတာမရှိ။ ပြည်သူလူထုတွေက မလုံခြုံဘူး။ ကမာကျေးရွာက ပြည်သူတွေက အခုတော့ ပြောလာကြခဲ့ပြီပဲ။ အရေးတော်ပုံကြီးတခုဟာ အဲဒီ အနိုင်ကျင့်ခံရတဲ့ လူထုတွေနဲ့ တည်ဆောက်လိုက်တဲ့ မုန်တိုင်းပဲ။ လူထုတွေဟာ မုန်တိုင်းလုပ်ဖို့ မုန်တိုင်းတွေဆီ လှမ်းကြွနေကြတာ။

သစ်ရွက်ဝါရွှေတွေက ကြွေကျနေပြန်ပါပကော။ တသုန်သုန်တိုက်ခတ်နေတဲ့ လေပြင်းတွေထဲမှာ ဝါရွှေရွှေသစ်ရွက်တွေက တဖြုတ်ဖြုတ် ကြွေကျဝဲလှည့်ပါသွား။ မုန်ပြတင်းသို့လာ၍ တိုက်ခတ်ထိမုန်ကာ သီဂီရွက်ဝါအိုတွေ ကြွေဆင်းသွားသည်ကို တကယ်ပဲတွေ့လိုက်ရ။ သက်ဝင်းအောင် ကြွေပေအုံးတော့ပေါ့။ မင်းကရွက်နုတွေ ထွန်းသစ်ရအောင် မြေဆီမြေနှစ်ဖြစ်ဖို့ မြေလွှာပေါ် ကြွေကျပေးလိုက်တာ မဟုတ်လား။ တိုင်းပြည်ရဲ့ ကြယ်ပွင့်တွေ၊ ကြယ်ပွင့်တွေ ကြွေလိုက်ကြတာ။ အခုရွက်ဝါတွေ တဖွေ့ဖွေ့ကြွေသလို ကြွေကျနေခဲ့ကြတာ။ သန်းရွှေက စိတ်ပူမှာမဟုတ်။ လူထုခေါင်းဆောင်ကပဲ စိတ်ပူတာ။ သန်းရွှေကတော့ လူထုတွေ တက်ကြွတော်လှန်မှာကိုပဲ စိတ်ပူတာ။

"ကျနော်တို့ ဟိုပင်မြို့နယ်မှာ ကျေးရွာအုပ်စု ၁၂ အုပ်စုရှိတယ်။ တပ်ရင်း ၄၀ က တပ်ထိုင်ထားတယ်။ အဲဒီတပ်က ရွာသားတွေ ခုတ်ထားတဲ့ ဝါးတွေ၊ ဆွတ်ခူးထားတဲ့ ဖရုံသီးနဲ့ သီးနှံတွေကို အဓမ္မ သိမ်းပိုက်နေတယ်ဗျာ။ လယ်တွေကိုလည်း သိမ်းပိုက်နေကြတယ်။ သစ်တွေကိုလည်း သိမ်းတယ်။ သူတို့ ကိုယ်ကျိုးအတွက် သစ်တွေ ရောင်းစားနေကြတာ။ တိုင်းပြည်အတွက်မဟုတ်ဘူး။ အဲဒီလို အနိုင်ကျင့်နေကြတာ။ လမ်းဖေါက်ရမယ်တဲ့။ အခုအမိန့်ပေးနေပြန်ပြီ။ အဓမ္မလုပ်အားပေးရမယ်တဲ့။ လုပ်အားမပေးရင် ငွေတသောင်း ပေးရမယ်တဲ့။ သိပ်အနိုင်ကျင့် လွန်းတယ်ဗျာ။ "

အဲဒီလိုအနိုင်ကျင့်နေတာဆိုတဲ့ စကားလုံးကို ဖွင့်ဟပြောကြသည်။ ၂၀၀၆ အောက်တိုဘာ ကျောင်းသားထု လှုပ်ရှားမှု လှိုင်းတွေ၊ ဒီရေလှိုင်းသစ်တွေနောက်မှာ ကပ်လျက်ပါလာတဲ့ ဖွင့်ဟထိုးနှက်သံတွေပေါ့။ နိုဝင်ဘာ ၁၃ နေ့က ပြင်ပရေဒီယို ဌာနကို ပြောပြနေခဲ့တဲ့ ဟိုပင်မြို့သားတွေရဲ့ ထုတ်ပြန်ချက်ရင်ဖွင့်သံ။ လူထုဟာစ်တိုင် ဖြစ်သွားပြီကော။ တောင့်ကြွရဲရင့်နေ။ ဘဝကိုပဲ့တင်ထပ်နေတဲ့ ရဲရင့်သံ၊ ရဲတင်းသံ။

☆ ☆ ☆

## ၂

အဲဒီထက်ရဲရင့် အဲဒီထက်လှုပ်ရှားရုန်းကန်ခဲ့သူက မစုစုနွေး။ အဓမ္မလုပ်အား၊ အဓမ္မအလုပ်ကို ဖီဆန်ခဲ့တာ စစ်အုပ်စုရဲ့ စစ်ခုံရုံးမှာ မျက်နှာတင်းမော့ပြီး ရင်ဆိုင်ခဲ့တာ။ လှပတောက်လက်သော သမိုင်းတဆစ်ချိုးကွေ့။ အဓမ္မအနိုင်ကျင့်ခံရမှုအတွက် လူထုကိုယ်စား ဖီဆန်ခဲ့တာ။ လှလိုက်တာ။ သူ့ရွာ၊ သူ့နယ် ပြန်ရောက်တော့ လူထုကဂုဏ်ပြုသတဲ့။ သိပ်ကောင်း။ တကယ့်ကိုပဲပေါ့။ ငါလည်း ဒီကနေ နင့်ကို ဂုဏ်ပြုပါတယ်ဟာ။ ဟော ... မနေ့က ရေဒီယိုထဲမှာ မစုစုနွေးသတင်း ထပ်ပါလာတော့ ထပ်ပြီး အားလုံးအံ့သြ ဝမ်းသာသွားကြပေါ့။ ဒေးဒရဲကို စုစုနွေးသွားတယ်။ ဒီချုပ်အဖွဲ့ဝင်တွေ လူထုတွေက သူမကို ကြိုဆိုလိုက်လှဲ့။ စားသောက်ဆိုင်မှာ အကျဉ်းရုံး ဂုဏ်ပြုကြသတဲ့။ စုစုနွေးနဲ့ လူ ၅၀ နီးပါး အဖြူရောင်ဝတ်ဆင်ပြီး ဘုရားတက် ဝတ်ပြုဆုတောင်းကြသတဲ့။ ဟား ... ဟ ။ အဲဒီလူထုတွေရဲ့ ကိုယ်စီကိုယ်ငှ ရင်ခုန်သံက မိုင်ထောင်ပေါင်းများစွာကနေ ကူးစက်လာ။ တိမ်တိုက်တွေက အဲဒီအောင်ပွဲရင်ခုန်သံတွေကို သယ်ဆောင်ခဲ့တာ။ ရင်ခုန်သံ တွေက တယောက်ထဲမဟုတ်။ မုန်တိုင်းအဖြစ် ရောက်လာတဲ့ လူထုရင်ခုန်သံတွေ။

ဗမာပြည် အကျဉ်းထောင်ကြီးရဲ့ ပတ်ချာလည်မှာ ကာရံထားတဲ့ သံမဏိသံတိုင်တွေကို တဖြောင်းဖြောင်း ကျိုးထွက်သွားတဲ့ အသံတွေပါ ကြားလိုက်ရတယ်။ ဟကောင် စစ်အုပ်စု။ လူသန်း ၅၀ ကျော်ကို မင်းတို့သတ်ရဲသလား။ သတ်နိုင်မလား။ စစ်အာဏာရှင် စနစ်ခိုင်မြဲဖို့၊ အာဏာမြဲဖို့၊ လူထု သန်း ၅၀ ကျော်ကို နင်တို့သတ်နိုင်ရလိမ့်မယ်။ ရှေးဘုရင်ခေတ်က ဘုရင်ကိုအန်တုမဲ့ မင်းလောင်း မပေါ်ရအောင် နွားကျောင်းသားအရွယ်မှန်သမျှကို စတေးသတ်ဖြတ်ခဲ့သလိုပေါ့။ သတ်လိုက်စမ်းဟေ့။ တခုတော့ရှိတယ် ဖက်ဆစ်။ တပြိုင်တည်း သတ်နော် ခြွေသတ်လို့ကတော့ နင်တို့ စားလို့ အိပ်လို့ ဖြောင့်မှာမဟုတ်ဘူး။ မနက်တိုင်း၊ အိပ်ယာထတိုင်း ကိုယ့်ခေါင်းကိုယ် ပြန်စမ်းနေရမှာ။

ကောင်းကင်ထဲမှာ တိမ်မဲညိုတွေ ပိတ်ဖုံးထားလို့။ မှိုင်းမှောင်တိမ်တိုက်တွေကြားထဲက အလင်းရောင်က ရုတ်တရက် ဖြာကျလာခဲ့တာကို တွေ့လိုက်ရ။ လေပြင်းလေရိုင်းထဲမှာတော့ ရွက်ဝါလိပ်ပြာတို့ ဟီးလေးခိုပျံ့ဝဲ။ အိမ်နံရံခေါင်မိုးတွေ၊ သစ်ကိုင်း မဲညိုညိုထက်မှာ ရွှေအိုရောင်နေခြည်က ဆဆကလေး နားနေချေသေးတော့။ ပြတင်းပေါက်မှန်သားထက်မှ တဆင့် နေခြည်မျှင် ရွှေရောင်တွေက အသဲနှလုံးထက်သို့ စီဆင်းဝင်လာခဲ့။ တကယ်က ဂျင်မီခေါ် ကျော်မင်းယုတို့ မြအေးတို့ရဲ့ ဖြူလွှအလင်းရောင်တွေ စွန်းပေနေတဲ့ အသံလှိုင်းတွေက စီးဆင်းဝင်ရောက်လာခဲ့တာ မဟုတ်လား။ တက်ကြွအသံလှိုင်းတွေ။ ထွန်းပအသံလှိုင်းတွေလေ။

“မိမိအာဏာ တည်တံ့ခိုင်မြဲရေး မလုပ်ပါနဲ့။ ဒါဟာသိပ်ပြီး အစွန်းရောက်လွန်းပါတယ်။ ဒီလိုအစွန်းရောက်နေလို့ တိုင်းပြည် အမျိုးသားပြန်လည်သင့်မြတ်မှာ မဟုတ်ဘူး။ တိုင်းပြည်တိုးတက် အေးချမ်းအောင် အမျိုးသားပြန်လည်သင့်မြတ်မှ ဖြစ်မှာ။ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် မိမိ အာဏာမြဲရေး တည်တံ့ခိုင်မြဲရေးကိုလျှော့ပြီး ဘယ်အခြေအနေက စပြီးလုပ်ကြမလဲ။ လုပ်ကြပါ။ သုံးဘက် ဆွေးနွေးကြပါ။”

အို့ အို။ သန်းရွှေ၊ ငအေး စစ်အုပ်စုအမြီးကို ဆွဲလှန်ချိုးလိုက်တာ။ ချတယ်ဟေ့။ “ဒါဟာ တဘက်စွန်းရောက်လွန်းတယ်”တဲ့။ မှတ်ကရော။ စကားလုံးတွေထဲမှာ အက်စစ် အပြင်းစားတွေပါတယ်။ စစ်အုပ်စုရဲ့ မျက်နှာကို အဲဒီစကားလုံး အက်စစ်တွေနဲ့ ပက်လိုက်တာ။ သေလိုက်စမ်း၊ စစ်အုပ်စုခေါင်းရဲ့ ညာဘက် ချိုစောင်းမှာ ဦးနှောက်တဝက်ထိနက်တဲ့ အနာ့ပဆုပ်ကြီးပေါက်နေတာ လူတိုင်းအသိ။ အာဏာမြဲရေးဆိုတဲ့ အနာ့ပဆုတ်။ ပြည်ပုပ်တွေနဲ့ ရွှဲနေတာမဟုတ်လား။ အားလုံးသိပြီးသားပါလေ။ အဲဒီအနာဆွေးကို ၈၈ မျိုးဆက်ကျောင်းသားတွေက ဒီမိုကရေစီ လွတ်လပ်ရေးတိုက်ပွဲတွေနဲ့ ရိုက်ချလိုက်တာ။ ကျွေးထည့် လိုက်တာ။ ရွှေနန်းပုလ္လင်ထက်မှာ လိမ့်လိမ့်ပြီး အော်နေပေတော့။

အဖိနှိပ်ခံ အနိုင်ကျင့်ခံနေရတဲ့ သန်းပေါင်းများစွာသော ပြည်သူလူထုတွေဟာ အဲဒီ ၈၈ မျိုးဆက်ကျောင်းသားတွေရဲ့ အင်းအား ဝိညာဉ်တွေပဲ။ အဲဒီ စိတ်ဓာတ်ဝိညာဉ်တွေကို မင်းကိုနိုင်၊ ကျော်မင်းယု(ဂျင်မီ) ကိုကိုကြီး၊ ဌေးကြွယ်၊ မြအေး၊ မင်းဇေယျာစတဲ့ မျိုးဆက်တွေက သိမ်းပိုက်နိုင်ခဲ့ကြတာ။ အခုပဲ ပြတင်းပေါက်ကိုဖြတ်ပြီး မော့ကြည့်တော့ တွေ့နေရတဲ့ ကောင်းကင်ကြီးကဲ့သို့သော လူထုကောင်းကင်ကြီးရဲ့ စိတ်ဓာတ်တွေကို သိမ်းပိုက်နိုင်ခဲ့လို့ လူထုစွမ်းအားရှင်ရဲ့ စွမ်းအားရှင်တွေ ဖြစ်နေကြတာ။ အသိန်းအသန်း လူထုအင်အားကို ကျောင်းသားတွေရဲ့ အဖြူရောင်လှုပ်ရှားမှု တိုက်ပွဲတွေနဲ့ အရယူခဲ့ကြတာမဟုတ်လား။

“ကျနော်တို့ဟာ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရင်ကြားစေ့ရေးကို မလုပ်လို့မဖြစ်ဘူး။ လုပ်ကိုလုပ်ရမှာပဲ။ လူထုက ဒါကိုပဲ တောင်းဆိုနေကြတာ။ လူထုကိုယ်စား ကျနော်တို့က လူထုနဲ့အတူ လက်မှတ်ရေးထိုးပွဲ လှုပ်ရှားမှုတို့ ဆုတောင်းပွဲတို့ အဖြူရောင်လှုပ်ရှားမှုတို့ လုပ်ရတာ။ ဒါကြောင့်လူထုတွေဟာ ကျနော်တို့နဲ့ မြို့နယ်ကတဆင့် ကျေးလက်အထိ ပါဝင်ခဲ့ကြတယ်။ အခုဆိုရင် ၅ သိန်းကျော်လူထုဟာ လက်မှတ်ရေးထိုးခဲ့ကြပြီ။ နောက်လဲပဲ လုပ်နေရမှာပဲ။ လူထုတွေရဲ့ သဘောထား၊ ဆန္ဒတွေဟာ ပစ်ပယ်ခြင်း ခံထား

နေရသမျှ ချေမှုန်းခြင်း ခံနေရသမျှကာလပတ်လုံး၊ လူထုဆန္ဒကို တနည်းနည်းနဲ့ ဖော်ပြနေရမှာပဲ။ မဖြစ်ဖြစ်တဲ့ နည်းနဲ့ ဆက်လုပ်သွားမယ်ဗျာ။ အဲဒီအတွက် နည်းနည်းလေးမှ နောက်ဆုတ်သွားမှာ မဟုတ်ဘူး။ ဘာကြောင့် လဲဆို ကျနော်တို့တိုင်းပြည်မှာ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို မဖြစ်မနေလုပ်ရမဲ့ အခြေအနေကြောင့်ပါ။”

အဲဒီအသံတွေက စိတ်ရဲ့နံရံနဲ့ဦးနှောက်ကလာပ်စည်းတွေထဲမှာ ပဲ့တင်လှိုင်းထနေတာ။ အာရုံကြော တွေက ဘယ်လိုများ စေ့ဆော်လိုက်သလဲမသိ။ ကြက်သီးမွေးညှင်းထသွား။ စိတ်အဆောက်အအုံထဲမှာ မင်းကိုနိုင်ရောက်လာပြီး ပြောနေတာ။ ကျော်မင်းယုနဲ့ မြအေးတို့ရောက်လာပြီး ဟစ်ကြွေးနေတာ။ ကမ္ဘာ လောကဟာ ရှန်းရင်းဆန်ခတ် ဖြစ်သွားသလားမသိ။ တိမ်တိုက်တွေ ဖျပ်ခနဲပြိုကွဲသွား။ နေလုံးဟာ တိမ်လွှာ စောင်ခြုံထူထူထဲကနေ တရဲရဲပေါ်ထွက်လာခဲ့။ အမှောင်နဲ့ အလင်းတိုက်ပွဲ။ တလောကလုံး လင်းလက် တောက်ပသွား။ အကြောက်တရားတွေရဲ့အောက်က တချို့သော အဘတို့၊ ဦးလေးတို့၊ အဒေါ်နဲ့ညီမတို့ သတ္တိအလင်းတွေ ရရှိသွားကြပေ့ါ။ “လူထုတွေရဲ့ သဘောထားဆန္ဒတွေ ပစ်ပယ်ခြင်းခံထားနေရသမျှ၊ ချေမှုန်း ခြင်း ခံထားနေရသမျှ ကာလပတ်လုံး လူထုဆန္ဒတွေကို တနည်းနည်းနဲ့ ဖေါ်ပြနေမှာပဲ။ အဲဒီအတွက် နည်းနည်းလေးမှ နောက်ဆုတ်သွားမှာမဟုတ်ဘူး ”တဲ့။ လူတွေရဲ့ အသည်းနှလုံးတွေကို အထပ်ထပ် အကြိမ်ကြိမ် ပြောင်းလဲ စေခဲ့။ ဘဝကိုပါ ပြောင်းလဲစေခဲ့ တဲ့ဟစ်ကြွေးသံတွေ။ တကယ်က တိုက်ပွဲခေါ်သံ။ ဘဝထဲမှာ အမြစ်စွဲနေတဲ့ အကြောက်တရား အမှောင်ထုရဲ့ အနက်ရှိုင်းဆုံးနေရာမှာ အဲဒီတိုက်ပွဲခေါ်သံ စကားစုတွေကို ထွန်းညှိ လိုက်ကြ ပြီး ဖြစ်ပါလိမ့်မယ်။ ခန္ဓာကိုယ်ထဲမှာ လက်ယှက်ထိုး ဖြာထွက်နေတဲ့ သွေးကြောတွေကို လျှပ်စစ်ဓာတ်ကြိုး တွေအဖြစ် ဖန်တီးပြီး စိတ်ဓာတ် လျှပ်စစ်မီးသီး ထွန်းညှိ လိုက်ကြပြီးဖြစ်ပါလိမ့်မယ်။ ဟုတ်တယ်လေ။ အဲဒီတိုက်ပွဲခေါ်သံတွေဟာ ဖယောင်းတိုင်တထောင်အား လျှပ်စစ် မီးသီးတွေအဖြစ် လင်းလက်နေရမှာ။ ထွန်းညှိထားရမှာ။

☆ ☆ ☆

# ၃

“နဲနဲလေးမှ နောက်ဆုတ်သွားမှာ မဟုတ်ဘူး”

ထောင်နဲ့ စစ်ကြောရေးမှာ နှစ်များစွာနေခဲ့ကြ။ အခုလည်း လက်ထိပ်နဲ့ခြေကျင်းနဲ့ ထောင်အပုပ်နံ့ တွေကို ဂရုမစိုက်ပဲ လှုပ်ရှားရုန်းကန်နေကြ။ နဲနဲလေးမှ နောက်ဆုတ်သွားမှာ မဟုတ်ဘူးဆိုတဲ့ အသံလှိုင်းလိပ် ကြီးတွေက တတိယအကြိမ် ပြေးလာရိုက်ခတ်စဉ် ခန္ဓာကိုယ်ဟာ မြောက်တက်သွားတယ် ထင်လိုက်ရတယ်။ ရုတ်တရက် မတ်တပ်ရပ်မိလျက်သားဖြစ်သွား။ ကောင်းကင် ဟင်းလင်းပြင်ကို လှမ်းမြင်နေရတဲ့ မှန်ပြတင်း ပေါက်ရှိရာကို ခြေတလှမ်း တိုးလိုက်မိလျက်သား ဖြစ်သွားတယ်။ ဗမာပြည်ကို ပြန်သွားချင်လိုက်တာ။ ကျေးလက်က လူထုတွေထဲအထိ အရောက်သွားချင်တယ်။ စိတ်ခြေထောက်နဲ့မဟုတ်ဘူး။ ခန္ဓာကိုယ် ရုပ် ခြေထောက်နဲ့ သွားချင်တာ။ လက်ပိုက်ပြီးမော့ကြည့်။ ကောင်းကင်ထဲက ရွေ့လျားသွားလာနေကြတဲ့ တိမ်မျှင် တွေကို အားကျပြီးပြောမိနေတာလေ။

“ကျောင်းသားတွေ ဆူပူမှုလုပ်လာရင်၊ လူထုဆူပူမှုဖြစ်လာရင်၊ ကျောင်းသားတွေကို ထောင်ထဲ ထည့်ထားမယ်။ ရှေ့က ကာဆီးနေရင် ချေမှုန်းသွားရမှာဖြစ်တယ်။ အာဏာကို ဖြတ်လမ်းက ရယူလိုသူတွေ ရှိလာတယ်၊ ချေမှုန်းသွားရမှာပဲ။”

နားထဲမှာ တဂျင်ဂျင်မည်သွား။ စိတ်အဆောက်အအုံထဲမှာ အနယ်အမိုက် ဒေါသတွေဟာ အုံကျင်းဖွဲ့ရာက ဆူပွက်ထလာခဲ့။ တမဟုတ်ချင်းမှာပေါ့။ တော်တော်မိုက်ရိုင်းတဲ့ကောင်။ သူ့ရဲ့ဘောကြောင်သလောက် ကောက်ကျစ်တဲ့မြွေခွေးပဲ။ ဘယ်သူရှိမလဲ။ ပြန်ကြားရေး တာဝန်ယူထားတဲ့ ကျော်ဆန်းဆိုတဲ့ကောင်။ မြွေခွေးအုပ်ထဲက မြွေခွေးတကောင်။ လူထုဆန္ဒသဘောထားကို ဖော်ထုတ်တဲ့ ကျောင်းသားကို ဆူဆူပူပူ လုပ်တဲ့သူတဲ့။ ချေမှုန်းပစ်မယ်။ ထောင်ချပစ်မယ်တဲ့။ အင်းလေ … လူထုတိုက်ပွဲ မီးတောင်တွေနဲ့ အာဏာပြသဒ် အာဏာနန်းတော်ကို မီးလောင်တိုက်မသွင်းနိုင်သေးသမျှ၊ ပြာမချနိုင်သေးသမျှ၊ ချေမှုန်းမှုတွေနဲ့ ကြုံတွေ့နေရမှာပဲ။ တော်လှန်ရေး ဖြစ်စဉ်တွေအတိုင်းပေပဲပေါ့။ ပေဖြစ်တုန်းခံပေါ့။ လုံးလုံးလျားလျား တဘာဝ ရောက်အောင် ကူးပြောင်းသွားနေရတဲ့ ကာလမဟုတ်လား။

ဟော … တွေးရင်းတောရင်း လှမ်းမြင်လိုက်တာ သစ်ကိုင်းခြောက် မဟုတ်လား။ ဆွေးမြေ့မဲနက် သစ်ကိုင်းခြောက်။ မြေပေါ်ကို ခုန်ဆင်းပြုတ်ကျလာခဲ့တာ။ ပြတင်းပေါက်က ငုံ့ကြည့်လိုက်တော့ ပွဲကျလာတဲ့ သစ်ကိုင်းခြောက်ကို လှမ်းမြင်နေရတယ်။ ကျော်ဆန်း မတိုင်မီက ဘယ်ကောင်လဲ။ ဒီသစ်ကိုင်းခြောက် အဆွေးအမြေ့လည်း ဘယ်တော့ ပွဲကျမလဲ၊ ပြုတ်ကျမလဲ။ တကယ်က ဒီလို သစ်ကိုင်းခြောက် အစုတ်အနုတ်မပြောနဲ့ သစ်ကိုင်းရဲ့ ပင်စည်ပင်မတခုလုံး ပြိုကျပျက်သုဉ်းသွားရမှာ။ ၈၈ မုန်တိုင်းလို ဖြိုလှဲပစ်ပါလိမ့်မယ်။ ဒါကြောင့် ဒီကနေ့ မဖြစ်မနေလုပ်ကြရမှာက မုန်တိုင်းမွေးမြူရေးပဲ။

☆ ☆ ☆

## ၄

ဟောဗျ။ မုန်တိုင်းမွေးမြူရေးက မြို့ကြီးတွေကတဆင့် မြို့လတ်၊ မြို့ငယ် ကျေးရွာအုပ်စုအထိ တနံတလျား ရောက်သွားပါပကော။ ငါ့မှတ်စုစာအုပ်ထဲမှာပဲ စုဆောင်းရေးထားခဲ့တာ။ ပြုစုခဲ့တာ မြို့ပေါင်း သုံးဆယ်ကျော် အဖြူရောင်လှုပ်ရှားမှု၊ လက်မှတ် ရေးထိုးပွဲလှုပ်ရှားမှု၊ ဆုတောင်းပွဲလှုပ်ရှားမှုတွေဟာ အဲဒီ မြို့ပြကျေးလက်ဒေသတွေဆီ ရောက်သွားခဲ့တာ။ ဒီလှုပ်ရှားမှုတိုက်ပွဲကြီးဟာ ၈၈ အရေးတော်ပုံကြီးအပြီးမှာ ကြီးမားကျယ်ပြန့်တဲ့ လူထုတိုက်ပွဲပဲဟေ့။ ကတ္တရာလမ်းပေါ်ကတဆင့် လှည်းလမ်းအထိ။ တက္ကသိုလ်ကျောင်းကနေ နွားတင်းကုပ်အထိ။ အမေမာတို့ သားအမိနဲ့ ကျောင်းသားတွေက စပြီးလက်မှတ်ရေးထိုးပွဲ လှုပ်ရှားမှုဟာ ပြည်ပရောက်ရှိလာခဲ့။ လက်မှတ်တွေ အထောင်အသောင်း များစွာဖြစ်သွား၊ ဂျင်မီ(ကျော်မင်းယု) လက်ထဲကနေ ကိုဖီအာနန်အထိ လက်မှတ်တွေ။ စာရွက်တွေကတဆင့် ကွန်ပြူတာအထိ။ ပြီးတော့ နိုင်ငံတကာ လူ့အဖွဲ့အစည်းတွေအထိ ဖြန့်ကားထွက်သွား။ လက်မှတ်တွေ။

၂၀၀၆ အောက်တိုဘာထဲမှာ ရွှေတိဂုံရင်ပြင်ပေါ်က ဝတ်ပြုဆုတောင်းပွဲဟာ ၁၉၂၀ ကျောင်းသားလှုပ်ရှားမှုထက် အရေအတွက် များပြားလွန်းလှနေတယ်နော်။ ကျောင်းသားခေါင်းဆောင် ဦးဘဦးတို့ ဖေါက်ခဲ့တဲ့ ရာဇဝင်ထဲကလမ်းပေါ့။ ဟုတ်တယ် ရာဇဝင်ထဲက လူထုလှုပ်ရှားမှုလမ်းမကြီး။ သူတို့က ပထမ လွတ်မြောက်ရေးလမ်း။ ရွှေတိဂုံရင်ပြင်ကနေ နယ်တကာ ရပ်တကာက စေတီရင်ပြင်တွေပေါ်အထိ ပြန့်နှံ့ ကူးစက်သွားလိုက်တဲ့ ဝတ်ပြုဆုတောင်းခြင်း လှုပ်ရှားမှုလမ်းမကြီးတွေ။

ဆောင်းရဲ့အအေးဓာတ်က တလောကလုံးကို သိမ်းပိုက်ထားပုံရတယ်။ အိမ်ထဲမှာ အအေးစက် သိပ်ခဲနေပြီး အိပ်ခန်းပြတင်းပေါက်ဘေးမှာ ဘယ်နှစ်နာရီအထိ ကျောက်ဆစ်ရုပ် ဖြစ်သွားသလဲမသိ။ အခုလေးပဲ

သတိရတော့ ခြေချောင်းလက်ချောင်းတွေဟာ ရေခဲချောင်းတွေ ဖြစ်သွားနေပြီ။ ညေးခန်းထဲက မီးလင်းဖိုရှိရာကို ပြေးလာခဲ့။ မီးလင်းဖိုဘေးမှာ ခာတ်ငွေ့မီးခြစ်၊ ထင်းချောင်း၊ ထင်းတုံးတွေက အသင့်ရှိပြီးသား။ အမှောင်ထု လိုပါပဲ။ အအေးထုကလည်း ငြိမ်သက်အေးစက်အောင် ညှို့ငင်တုပ်နှောင်ထား တတ်တာပဲ။ မီးလျှံတွေက အအေးထုကို ဖြိုလှဲဖျက်သိမ်းပစ်လိမ့်မယ်။ ဒါဖြင့် မီးလျှံတွေကို ဘယ်လိုရအောင် လုပ်ယူရမလဲ။ မီးမွှေးယူ၊ ပျိုးယူရလိမ့်မယ်။ ထင်းစ ထင်းချောင်း သေးသေးငယ်ငယ်တွေကို တော့ဆိုင်ထား။ တချောင်းပေါ်တချောင်း ကန့်လန့်ဖြတ်စုစည်းထား။ တပေါင်ကျော် တင်ထား။ ဖွဖွရွရွ။ တနေရာမှာ ထိန်းညှိထားရ။ ထင်းစ သေးသေး မျှင်မျှင်ထိပ်မှာ မီးစွဲအောင် မီးခြစ်က မီးလျှံသေးသေးနဲ့မီးညှိ။ ပြီးတော့မှ ထင်းချောင်း အစုအစည်းထဲ အသာ အယာ ထည့်လိုက်တယ်ဆိုရင်ပဲ စတင်မီးစွဲလောင်။ ဂျက်လန်ဒန်ရေးတဲ့ To build a fire ကို သွားသတိရ သေးတော့။ မီးလျှံတွေကို ဖန်တီးတည်ထောင်ခြင်းတဲ့။ ၆၂ နဲ့ ၈၇ အကြားက မီးလျှံတွေနဲ့ ၈၈ နဲ့ ၂၀၀၆ ကြားထဲက မီးလျှံတွေကို နှိုင်းယှဉ်ကြည့်။ နှိုင်းရတရားအရ ဘယ်မီးလျှံက စွမ်းအင်ကြီးခဲ့ပါလိမ့်။ လူတွေက ဘယ်လိုပါဝင်ခဲ့သလဲ။ စိန်ကြာညောင်လွှ သန်းရွှေနန်းပလ္လင်ကို မီးစွဲစပြုနေပါပြီ။ လူ့သွေး လူ့အသက်နဲ့ စေးခဲ နေတဲ့ အာဏာလက်ကြမ်း လက်မဲကြီးကို မီလျှံတွေထဲမှာ ပြာချ ပစ်ကြပေတော့။

ရေခဲချောင်းလို အေးစက်တောင့်ခဲနေတဲ့ လက်နှစ်ဖက်ကို မီလျှံထဲ ထိုးထည့်လိုက်တယ်။ အားပါးပါး ဖြစ်သွား။ ဦးနှောက်ဆဲလ်တွေက ချက်ချင်းတုန့်ပြန်လိုက်တယ်။ ဟ … ပူတယ်။ လက်နှစ်ဖက်ပြန်ဆွဲယူ။ ကိုယ့် လက်ကိုယ့် ပြန်ဆွဲယူလိုက်ရ။ အေးခဲသိပ်သည်းမှုကို နွေးထွေးအောင် လုပ်ယူရတာ တော်လှန်ရေးပဲ။ လူသတ် တဲ့ အာဏာလက်ကြမ်းထော်ကို လူထုမီးလျှံထဲထည့် ပြာချတာဟာ တော်လှန်ရေးပဲ။ သဘာဝ တော်လှန်ရေးနဲ့ စနစ်တော်လှန်ရေး၊ လူတန်းစားတော်လှန်ရေး။

လူထုတိုက်ပွဲမီးလျှံတွေ။ စစ်အာဏာရှင်စနစ်ကို မုန်းတီးစက်ဆုတ်တဲ့ စိတ်ခာတ်ဟာ လောင်စာ တွေပဲ။ အထပ်ထပ် အနိုင်ကျင့်ခံရလွန်းလို့ အံကြိတ်တင်းမာနေတဲ့ လွတ်မြောက်ရေးစိတ်ခာတ်ဟာ လောင်စာ တွေပဲ။ အာဏာနန်းတော်တွေကို ပြာချခဲ့တဲ့ လောင်စာမီးကျည်ခဲတွေ။ ရောမ ကျွန်တော်လှန်ရေး ခေါင်းဆောင် စပါတာကပ်က တော်လှန်ရေးစပြီဆိုတာ ဘုရင့်အစောင့်တပ်သား ပေါသူးစ်ကတဆင့် ဘုရင်ကို ပြောခိုင်းလိုက် သည်။ မင်းတို့အာဏာရှင်ဘုရင်ကို သွားပြောလိုက်။ ငါတို့ဟာ အခုအချိန်ကစပြီး အစေအပါး ကျေးကျွန်တွေ မဟုတ်တော့ဘူး။ ငါတို့လွတ်မြောက်သွားပြီ။ ငါတို့လွတ်လပ်သွားပြီ။ အဲဒီ လွတ်လပ်ရေးအတွက် ဘုရင်ကို ရင်ဆိုင် တိုက်ခိုက်ဖို့ အသင့်ဖြစ်နေပြီဆိုတာ သွားပြောချေတော့။ စပါတာကပ်ဟာ ခားလွတ်ကိုဝင့်ပြီး ဘုရင်ကို စိန်ခေါ်အံတုလိုက်တယ်။ လှလိုက်တဲ့ရာဇဝင်ခန်း။

ကျောင်းသားခေါင်းဆောင်က အသံလွှင့်ဌာနကတဆင့် ပြောခိုင်းလိုက်တယ်။ တလျှောက်လုံး ထုထု ဆန္ဒတွေ ချေမှုန်းခံထားသမျှ ကာလပတ်လုံး လူထုဆန္ဒတွေကို ဖေါ်ပြနေမှာပဲ။ အဲဒီအတွက် နဲနဲလေးမှ နောက်ဆုတ်သွားမှာ မဟုတ်ဘူး … တဲ့။ စစ်အာဏာရှင် စနစ်ကို စိန်ခေါ်ပြီး သတ်ကွင်းထဲ ဆွဲခေါ်လိုက်တယ်။ လှလိုက်တဲ့ သမိုင်းခန်း။

တယ်လီဖုန်းမြည်သံ စူးရှက အတွေးအလျင်ကို ဖြတ်လိုက်ပြန်ပါပြီကော။ တယ်လီဖုန်းသံက အိမ် နံရံမှာ ပဲ့တင်ထပ်သွား။

"ဆရာဦးသက်အောင်… ဆရာရေ ကျနော်မြတ်သစ်ပါ။ ဖင်လန်က ဖုန်းဆက်နေတာပါ။ ဒါပဲ ဆရာရေ နောက်မှ ပြန်ဆက်မယ် …"

တယ်လီဖုန်းဆီသို့ လူမရောက်မီ အသံဖမ်းစက်က ပွင့်သွားတော့ အသံက အဲဒီ အသံဖမ်းစက်ထဲ ကိုစီးဝင်နေပြီ။ မြတ်သစ်ကို မမီလိုက်တော့။ ကျောခိုင်းပြီးပြန်ထွက်လာ။ ခြေနှစ်လှမ်းအရောက် တယ်လီဖုန်းက

ထပ်ပြီးမြည်လာခဲ့။ "ဟဲလို ပြောပါဆိုတော့ အိမ်က ဇနီးဖြစ်နေတယ် "

"ကိုကိုရေ ဂျပန်အင်အားစုတွေကို လှမ်းချိတ်တော့။ ခုလာမယ့် တနင်္ဂနွေမှာ ၁၅ ကြိမ်မြောက် လူထုလှုပ်ရှားမှုကို ဖ နိုင်ငံ တပြိုင်တည်းလုပ်ကြမှာ မဟုတ်လား။ လှမ်းချိတ်ဖို့ မေ့နေမှာစိုးလို့ အလုပ်ထဲက လှမ်းပြီး သတိပေးလိုက်တာ။ အပြည်ပြည်ဆိုင်ရာ လူထုလှုပ်ရှားမှု အင်အားစာရင်း ထုတ်ပြန်ထားတာကိုလဲ သူတို့ တွေ့ကြမှာပဲ။ သေနင်္ဂဗျူဟာဖြစ်တဲ့ စစ်အာဏာရှင်စနစ် ဖျက်သိမ်းပစ်၊ နိုင်ငံရေးအကျဉ်းသားများ ချက်ချင်းလွှတ်ဆိုတာကို အဓိကကြွေးကြော်ရမှာကိုလည်း မမေ့ကြဖို့။ ညှိလိုက်ပါနော်။ ပြည်တွင်းလူထု တိုက်ပွဲနဲ့ တပြိုင်တည်းမှာပဲ ပြည်ပမှာလဲလှုပ်ရှားဖို့ဆိုတာ အားလုံးလဲအသိပဲ။ ဒါပဲနော် ဖုန်းဆက်ပြီး ချိတ်ထားပေတော့ ကိုကို အိမ်မှာဘာလုပ်နေလဲ…"

"ဗမာပြည်ကို သွားနေတာ ဒေါ်ခွန်းဇင်ရေ့ "

ဖုန်းချလိုက်တော့ အမျိုးသမီးတွေရဲ့ ငိုရှိုက်သံတွေကို ပြေးသတိရမိလျှက်သား ဖြစ်သွားတယ်လေ။ လျှပ်စစ်ခဏတ်လိုက်သလိုပဲ။ ကျင်ခနဲ နင့်ကျဲသွား။ ဟိုပုန်းကျေးရွာက ပလောင်အမျိုးသမီးသုံးဦး မုဒိန်း အကျင့်ခံခဲ့ရ။ ခမရ ၉ မုဒိန်းတပ်က မုဒိန်းကျင့်တာ။ ဓားနဲ့လဲထိုးသတ်။ ဘယ့်နှယ် ဒီတခါတော့ သေနတ်နဲ့ ပစ်မသတ်ပါလား။ ၁ ယောက်သေ၊ ၂ ယောက်ဆေးရုံရောက်။ ၂၀၀၆ အောက်တိုဘာ တတိယပတ်ထဲမှာ ဖြစ်ကြတာ။ ရပ်တကာ နယ်တကာ လူထုလှုပ်ရှားမှုတွေထဲ ပေါင်းဆုံစီးဝင်လာတဲ့ ငိုကြွေးသံတွေပေ့ါ။ မုဒိန်းကျင့်ကြ၊ ဓားနဲ့လိုက်ထိုးကြ၊ အသက်လုပြီး ထွက်ပြေးခဲ့ကြ၊ ကြေကွဲပေတော့ မိခင်မဟာမြေကြီးရေ။ နိုင်ငံရေးသမားတွေ ဘုရားပေါ်မတက်ရ၊ ဝတ်မပြုရ၊ ဆုမတောင်းရ၊ ပိတ်ဆို့အနိုင်ကျင့်ခံရတဲ့ နော်အုန်းလှနဲ့ လူထုငါးဆယ်ကျော်တို့ ရွှေတိဂုံရင်ပြင်ပေါ် မရောက်တော့။ အလယ်ပဋ္ဌယံ ကားလမ်းဘေးမှာပဲ ဝတ်ပြု ဆုတောင်းလိုက်ကြရ။

မှန်ပြတင်းပေါက်ကနေ မိုးဝကိုလှမ်းမျှော်ကြည့်တော့ လူထုတိုက်ပွဲတိမ်တိုက်တွေဟာ တအုပ်ပြီး တအုပ်၊ တသုတ်ပြီးတသုတ်၊ ဟိုးအဝေးဆီ ချီတက်နေကြ။ ဘယ်သူက တားဆီးလို့ရမှာလဲ။ ဟင်းလင်း ပွင့်နေတဲ့ ရင်ဝထဲမှာ၊ ရင်ဝထဲကို တိမ်တိုက်တွေက တဒီးဒီး စီးဆင်းနေတာ။ တိမ်တိုက်တွေဟာ ချီတက်နေကြ။ ကောင်းကင်ထဲက အာဏာနန်းပုလ္လင်ပြသဒ်ကို မီးတိုက်ပြာချဖို့။ အဲဒီတိမ်တိုက်တွေက ရင်ဝထဲကို တဒီးဒီး စီးဆင်းနေလေရဲ့။

■ ■ ■

**(၂၀၀၆ အောက်တိုဘာ လူထုလှုပ်ရှားမှု တိုက်ပွဲများကို ဤဝတ္ထုကဗျာဖွဲ့စည်းမှုဖြင့် ဂုဏ်ပြုလိုက်ပါသည်။)**

နိုဝင်ဘာ ၂၉ ၊ ၂၀၀၆
သစ္စာ အမှတ်(၁၂) ဖေဖော်ဝါရီလ၊ ၂၀၀၇

# အမှောင်ည၏ မီးပွင့်များ

သေမင်း၏ တံခါးဝထံသို့ ဆိုက်ရောက် လာခဲ့သကဲ့သို့ စိတ်လှုပ်ရှားခံစားကြရသည်။ စိတ် မသက်သာမှု၊ ဒေါသခံပြင်းမှုတို့က လူတိုင်း၏ရင်ကို လောင်မြိုက်စေခဲ့လေသည်။ သေမင်း တံခါးပေါက်ဖြစ်နေသည့် ခြံစည်းရိုးအဝင်ဝသို့ ရောက်လာသည်နှင့် အချို့လယ်သမားတို့မှာ တက်ခေါက်လိုက်ကြသည်။

"ငါတို့ပေါ် သဘောထားကဒါပဲလားကွ"

တက်ခေါက် အံကြိတ်လိုက်ကြသည်။ ငါတို့ဟာ တရားခံတွေ မဟုတ်ဘူး။ တရားခံကို ဖော်ထုတ်ရမယ် ... ဟူ၍ တချို့လယ်သမားတွေက ဟစ်ကြွေးစိန်ခေါ်လိုက်ကြသည်။ တံခါးဝအစောင့် ပုလိပ်တွေ ရှေ့မှာပဲ ဘာကိုမှဂရုမစိုက်တော့ဘဲ စိန်ခေါ်လိုက်ကြသည်။ မျက်လုံးတွေပြာသွားပြီ။ ဒေါသတွေက ဆူပွက်လျှံထလာခဲ့သည်။

သံဆူးကြိုးတွေ ကာရံပိတ်ဆီးထားသည့် ဘောလုံးကွင်းကို ခေတ္တစစ်ဆေးရေးစခန်းအဖြစ် သတ်မှတ်ထားကြခြင်းဖြစ်သည်။ ဤ ဂျုံးဖြူရွာဘောလုံးကွင်းက အဝေးပြေး ကားလမ်းမဘေးတွင် ရှိနေသည့်အတွက် လူမြင်ကွင်းဖြစ်နေသည်။ ခရီးသည်တင် ဘတ်စ်ကားများပေါ်မှ ခရီးသည်များ တဖွဲဖွဲဆင်းလာခဲ့ကာ ထိုဘောလုံးကွင်းအဝင်အဝသို့ ဆိုက်ရောက်လာခဲ့ကြသည်။ သူတို့၏ ဇနီးများ၊ သမီးများမှာ ထိုဂိတ်အဝင်ပေါက်တွင် ငိုယိုကြသည်။

အဘကမူ ပုံမှန် လမ်းလျှောက်ဝင်လာ သကဲ့သို့ သေမင်းတံခါးဝသို့ ဝင်လာခဲ့သည်။ အေးလေ။ ဒီလိုပဲ ဖြစ်ရတော့မှာပေါ့ဟု စိတ်တွင် ရေရွတ်သည်။ သူ့မှာ ကြိုတင်မှန်းဆထားမှုတွေ ရှိခဲ့ပြီးသား။ အရေးတော်ပုံမှာ ငါတို့တွေ ကျဆုံးသွားတဲ့အတွက် ဒီလိုပဲ ဖြစ်ရတော့မှာပဲဟု ကြိုတင်မှန်းဆ ထားခဲ့ပြီးသား။ ထို့ကြောင့် ရင့်ကျက်စွာပြုံးရင်း ကျားပါးစပ်ပေါက် သေမင်းတံခါးဝသို့ ဝင်လာနိုင်ခဲ့ခြင်း ဖြစ်သည်။

အဘ၏မြေးမကလေး သင်းမြမှာ ဟစ်ဝိုလိုက်စဉ် တည်ငြိမ်သော အဘခြေလှမ်းများမှာ တချက် တုံ့ဆိုင်းသွားသည်။

"မြေးမလေးရေ သင်းမြရေ အဘအတွက် မငိုပါနဲ့ကွယ် ... ဒီအချိန်ကာလမှာပဲ အခုလို ဖြစ်လာရမှာပဲ ကွဲ့ "

ဟူ၍ စိတ်ဖြင့်တီးတိုးပြောမိသည်။ မြေးမလေးက ဘယ်လာကြားနိုင်ပါ့မည်နည်း။

"အဘရေ ... အဘ၊ သမီးတို့ ရွာမပြန်သေးဘူး ... အပြင်ဘက်မှာ သမီးတို့မြေးအဖွား စောင့်နေမယ်နော် ... သမီးတို့ ဒီမှာရှိနေမယ်နော် အဘ "

သင်းမြအသံက ဆို့နင့်နေသည်။ အဘရင်တွင် နင့်သွားသည်။ လယ်သမားတဦးချင်း အစစ်ဆေးခံနေရသော နေရာသို့ အဘက ဦးတည်သွားသည်။ သူ့အလှည့် ရောက်လာမည့်အချိန်ကို စောင့်နေမှာဖြစ်သဖြင့် မြေပေါ်တွင်ထိုင်ချလိုက်သည်။ မြက်ရိုင်းအညွန့်ထွက်စမြေကွက်။ နယုန်မိုးပြေး မြက်သားမွေးခဲ့ပြီ။ မြက်ခင်းစိမ်းနုစ မြေကွက်ပေါ်တွင် ထိုင်ချလိုက်သည်နှင့် အဘ၏မိတ်ဆွေ လယ်သမားတချို့ အဘဆီသို့ အလျှိုလျှိုရောက်လာကြသည်။

"အဘရယ် ... ဖြစ်မှဖြစ်ရလေ... အဘလဲ ဒီဘေးဒုက္ခက မလွတ်သေးပါလားဗျာ "

"... ... ..."

"အဘကိုတွေ့ရတော့ ကျနော်တို့ အားရှိတယ်ဗျာ။ စုစုစည်းစည်းနဲ့ ဘာတွေပြောကြမယ် ... တောင်းဆိုကြမယ်ဆိုတာ အဘနဲ့တိုင်ပင်လို့ ရတာပေါ့"

တချို့က အားတက်။ တချို့က အဘထံ မျက်နှာငယ်ငယ်နှင့် ရောက်လာခဲ့ကြသည်။ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ။ လမ်းပျောက်နေသည်။ တကယ်က မိန်းမရွှေနားကပ်ရှိပါက ရွှေနားကပ်ကို ချွတ်ပေါင်၊

အိမ်ရှိသူက အိမ်ရောင်းပြီး တာဝန်ကျေစပါးကို ဆပ်ကြရသည်။ ဘာမှရောင်းချစရာမရှိ၊ လက်မဲ့အရင်းမဲ့သော အခါ ဖမ်းချင်လည်းဖမ်းကြပေ့ ဟုဆိုကာ လယ်သမားများ ဤနေရာသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ အဘာ ထံပါးသို့ရောက်လာသော ဦးဖိုးစောက သူ့ခံစားရသည့်အတိုင်း ရင်ဖွင့်သောအခါ ဆန်းစစ်မှုတွေ ပါလာသည်။

"ပူပူနွေးနွေးပဲရှိပါသေးတယ် ... အာဏာသိမ်းပြီးခဲ့တာ ရှစ်လပဲရှိပါသေးတယ် ... ငါတို့ မင်းတို့တောင်းဆိုခဲ့တဲ့အထဲမှာ လယ်ခွန်တွေကို ငွေနဲ့ပဲ ပေးမယ်၊ စပါးတတင်းနှုန်းကို ပယ်ဖျက်ပေးဖို့ ငါတို့ တောင်းခဲ့ကြတာပဲ... ငွေနဲ့ ပေးရတုန်းက လယ်တကေကို စပါးတတင်းပေးရတယ်။ စပါးတတင်း ကိုးကျပ်နှုန်းနဲ့ ပဲထား ကိုးကျပ်ပေးရတယ် ... ဒီ လယ်ခွန်ပေးရတာတောင် အနည်းဆုံးအဆင့်မှာ ပြင်မပေးနိုင်တော့ဘူးဆိုရင် အထွက်တိုးစပါး၊ တာဝန် ကျေစပါးပေးရမှာကို ဘယ်လာပယ်ဖျက် ပေးပဲ့မလဲကွာ ... အခုအာဏာသိမ်းတဲ့ကောင်တွေက သူတို့ ဆရာကြီးနေဝင်း လုပ်ခဲ့တဲ့အတိုင်း လယ်သမားတွေရဲ့ စပါးကို သေနတ်နဲ့ ခားပြတိုက်ယူမှာပဲ။အရေးတော်ပုံကြီးထဲမှာ လယ်သမားတွေ ပါဝင်တော်လှန်ခဲ့တဲ့အတွက် လယ်သမားတွေကို ပိုပြီးဖိရမယ် ... နှိပ်ရမယ် ... ချရမယ်ဆိုပြီး ... ငါတို့ကို အညှိုးနဲ့ ချနေတာလို့ ငါတော့သိနေပြီကွ ..."

အဘအသိမိတ်ဆွေဦးဖိုးစောက တရွာထဲသားတော့မဟုတ်။ ဗမာဒိုက်အင်းရွာက ဖြစ်သည်။ ကရင်ဒိုက်အင်းရွာသား စောဖိုးနီက ဦးဖိုးစော ပြောသည်ကို သဘောကျသွားပြီး ကရင်သံဝဲဝဲဖြင့်

"ဟုတ်တယ်ဗျာမှန်လိုက်လေ"ဟု ထောက်ခံသည်။ အဘဦးစိန်ကို စေ့စေ့ကြည့်ကာ ပြုံးရင်း ထိုသို့ ထောက်ခံ တက်ကြွနေခြင်းဖြစ်သည်။ အဘဦးစိန်က သူတို့နယ်တွင် လူသိများသည်။ ဂျပန် တော်လှန်ရေးတွင် ကွန်မြူနစ်ပါတီ မြေအောက် လှုပ်ရှားမှုတွင် ပါဝင်ခဲ့သူ။ လယ်သမား ပြောက်ကျားစစ်ခေါင်းဆောင်။ နောင်သောအခါ ပြည်သူ့ရဲဘော် ဖြစ်လာသည်။ ကရင်အမျိုးသားကြီး စောဖိုးနီက အဘဦးစိန်နှင့်အတူ ကွန်မြူနစ် မြေအောက်လှုပ်ရှားမှုတွင် ပါဝင်ခဲ့သူ။ ဂျပန် ဖက်ဆစ်ကို အတူတကွ တော်လှန် မောင်းထုတ်ခဲ့သူ။

"ပြောဗျာ ကိုစိန် ... ခင်ဗျားသဘောထားတွေ ဘယ်လိုရှိလဲ နားထောင်ချင်တယ်။ အသက်ကြီးကာမှ ထောင်ကျရင်လဲ ကျပေ့ါ။ ဒါပေမဲ့ ငါတို့ တခုခု လုပ်ရလိမ့်မယ်။ "

အနိုင်ကျင့်ခံထားရသည့် မွဲတေမဲမှောင်သော လူ့ဘဝကို သူတို့မလိုချင်တော့။ ထိုဘဝမှ သူတို့ ရုန်းထွက်လွတ်မြောက် လိုကြပြီ။

"ဘန့်ပွေးကုန်းရွာက ဦးစိန်ရောက်ပြီလား ဒီမှာရှိလား ... ဦးစိန်ရှိလား ဦးစိန်အလှည့်ရောက်နေပြီ ... ရုံးခန်းထဲဝင်ပါ"

မြို့နယ်စစ်ဆေးရေးအဖွဲ့၏ အစောင့် ပုလိပ်က အဘကိုလှမ်းခေါ်သည်။ ရုံးခန်းသို့ အဘ ဝင်ခဲ့ရလေသည်။ ပြောလက်စစကားကိုဖြတ်ကာ အဘထွက်လာခဲ့စဉ် အဘဘေးတွင် လယ်သမားလူငယ်နှစ်ယောက်က ပါလာခဲ့သည်။ အဘကို တွဲခေါ် လာခဲ့ကြခြင်းဖြစ်သည်။ ခြံစည်းရိုးအပြင်ဘက်ရှိ မြေးမကလေးသင်းမြ၏ ရဲတင်းအားပေးအသံက အဘထံရောက်လာသည်။ သမီးတို့အားလုံး ရှိနေတယ်။ ဘာမှ အားမငယ်နဲ့အဘရေ ... ဆိုသော အားတင်းသံက ပဲ့တင်ထပ်သွားသည်။

ရုံးခန်းရောက်လာစဉ် ငြိမ်ဝပ်အဖွဲ့က အဘကိုစိုက်ကြည့်သည်။ အဘိုးအိုကို တရားခံအဖြစ်သတ်မှတ်ထားခဲ့ပြီး ဖြစ်သည့်အတွက် တရားခံအဖြစ် စစ်ဆေးသည်။ လယ်သမားဆိုတာ အမိန့်နာခံတတ်သူ။ ကြောက်တတ်သူ။ ကြောက်တတ်ရင် ဝန်ကင်းသူဆိုပြီး ခံယူထားတတ်သူတွေ။ လယ်သမား ဆိုတာက ဘယ်အုပ်ချုပ်သူကိုမဆို ဘုရင်အဖြစ် တင်မြှောက်ထားတတ်သူတွေ။ အုပ်စိုးသူ ရေမြေ့ရှင်က အမိန့်ပေးရင် ဦးဆွေးဆံမြေ့ တာဝန်ထမ်းရွက်သူတွေ။ ကျွန်တွေ။ ဤသို့ လယ်သမားများကို လူ့နလပိန်းတုံးများအဖြစ် အမြဲတမ်း သဘောထား ခဲ့ကြသည်။ စစ်အုပ်ချုပ်ရေး မြို့နယ်ငြိမ်ဝပ်အဖွဲ့က အဘဦးစိန်ကို ထိုကဲ့သို့ သဘောထားကြောင်း သူတို့အကြည့်၊ သူတို့အပြောများတွင် တွေ့ရှိနေခဲ့လေသည်။

"ဘာကြောင့် တာဝန်ကျေစပါး မဆပ်တာလည်း ... နိုင်ငံတော်အစိုးရကို အကဲစမ်းတာလား ... စိန်ခေါ်တာလား ... လမ်းမတွေပေါ်မှာ ထွက်ပြီး မင်းမဲ့စရိုက်တွေနဲ့ ပုန်ကန်ကြတာမအောင်မြင်လို့ အစိုးရချမှတ်ထားတဲ့အမိန့်ကို ဆက်ပြီး ဆန့်ကျင်တာလား ... ဟုတ်လားဦးစိန် "

"ဆန့်ကျင်တာ မဆန့်ကျင်တာက တပိုင်းဖြစ်လိမ့်မယ် ... တကယ်ပြောရမဲ့အပိုင်းက ခင်ဗျားတို့ပိုင်ဆိုင်ထားတဲ့ လယ်ယာမြေပေါ်မှာ ဒီကနေ့ခေတ်လယ်လုပ်နေကြတဲ့ သီးစားလယ်သမားတွေဟာ နယ်ချဲ့အင်္ဂလိပ်ခေတ်က မြေပိုင်ရှင် ချစ်တီးကုလားတွေလက်ထက်က သီးစားလယ်သမားတွေ ကြွေးထူလို့ ကြွေးမဆပ်နိုင်တဲ့ ပြဿနာမျိုး၊ အဲဒီပြဿနာကို ဒီခေတ်မှာ ထပ်တွေ့နေရတယ်။ ဒီတော့ တာဝန်ကျေစပါး၊ အထွက်တိုးစပါး၊ ဘာစပါး၊ ညာစပါး တာဝန်မကျေရင် ဘယ်ပုဒ်မအရ ဘယ်အပြစ်ကို ကျူးလွန်တာဖြစ်တယ်ဆိုတဲ့ အမိန့်ရှိရင် ခင်ဗျားတို့ဥပဒေအတိုင်း ကျနော်တို့ လယ်သမားတွေ ခံဘို့အသင့်ပဲ ..."

အဘသည် သူ၏ ကုန်းနေသောခါးကို ရုတ်တရက် ဆန့်လိုက်သည်။ ခေါင်းကိုမော့ မေးကိုမြှင့်ထားလိုက်သည်။ ရင်ကို ကော့ထားလိုက်သည်။ သူ့ပြောလက်စစကားကို အသက်ပြန်သွင်းလိုက်လေသည်။

"ကျနော်တို့လယ်သမားတွေ မှတ်သားထားတာက ခင်ဗျားတို့ အာဏာသိမ်းစစ်ကောင်စီက ရွေးကောက်ပွဲ လုပ်ပေးမယ်ဆိုပြီး သေနတ်ကိုင်၊ စစ်ဘောင်းဘီဝတ်၊ ယောက်ျားပီပီ ကတိပေးခဲ့တာပဲ။ ရွေးကောက်ပွဲမှာ ပေါ်လာမဲ့လူထုအစိုးရက လူထုဆန္ဒ၊ လူထုဘာဝနဲ့အညီ အခြေခံဥပဒေတွေ ရေးဆွဲမယ်။ အဲဒီနောက်မှာ လူထုအစိုးရက တိုင်းပြည် စီမံခန့်ခွဲသွားမယ်။ ဖိနှိပ်မှုအောက်က ကျနော်တို့ ဘဝတွေဟာ သက်သာချောင်ချိ လွတ်လပ်သွားပြီ ဒါပဲဖြစ်ရမယ်။ အခုဟာက လူထုအစိုးရလည်း မရှိသေးဘူး။ ပြည်သူ့အာဏာလည်း မရှိသေးဘူး မဟုတ်လား။ ဒီတော့ လယ်ရှင်နဲ့ လယ်သမားတွေကြားမှာ ညှိနိုင်းရင်ပိုကောင်းပါလိမ့်မယ် ...။ ဘာကြောင့် ကြွေးမဆပ်နိုင်တာလည်း၊ တာဝန်ကျေစပါး မဆပ်နိုင်တာလည်းဆိုတာ ကျနော်တို့ လယ်သမားတွေမှာ အကြောင်းတွေရှိပြီးသားပဲ။ စပါးဆိုလို့ အိမ်မှာနို့ဆီဘူး တဘူးတောင်မရှိဘူး ...။ ချစ်တီးခေတ် နယ်ချဲ့ခေတ်ကို ပြန်မသွားစေချင်ဘူး ... ကျနော်တို့ လယ်သမားတွေဟာခေတ်အဆက်ဆက်က မြေရှင်စနစ်ကို ဆန့်ကျင်ခဲ့တာ ... မလိုလားခဲ့တာ ... လယ်သမားတွေအသိဆုံးပဲ "

"ခင်ဗျားတယောက်တည်း ကိစ္စကို ပြောတဲ့အခါ လယ်သမားတွေအားလုံးကို ဆွဲမထည့်ပါနဲ့ ... ခင်ဗျားကိစ္စကိုပဲ ခင်ဗျားပြော "

ထိုအခြေအနေတွင် တင်းမာလာလေသည်။ မြို့နယ် စစ်အုပ်ချုပ်ရေးအဖွဲ့ထဲက တာဝန်ရှိသူက သူ့ရှေ့ကစားပွဲခုံကို လက်သီးဖြင့်ထုကာ အဘဦးစိန်ကို ပုန်ကန်ခြားနားသူဖြစ်အောင် ချောက်ထဲ တွန်းချသည်။ အမှန်တရားကို လက်မခံနိုင်သည့်အခါ အမှန်တရားပြောသူကိုရန်သူ၊ ပုန်ကန်သူအဖြစ် သတ်မှတ်ပစ်လိုက်သည်။ စစ်အုပ်ချုပ်ရေးအဖွဲ့ ခေါင်းဆောင်က အဘကို ခြိမ်းခြောက်လေသည်။ မီးဟုန်းဟုန်းတောက်သောကျားမျက်လုံးဖြင့်စိုက်ကြည့်သည်။ တည်ငြိမ်ရင့်ကျက်သော အပြုံးမျက်နှာဖြင့် အဘကပြုံးလျှက် တုံ့ပြန်သည်။

"ဖက်ဆစ်ဂျပန်ခေတ်ထဲက လယ်သမားတွေရဲ့ စပါးပုတ်ထဲကစပါးကို ဖက်ဆစ်က အခမဲ့ယူသွားကြတယ်။ သေနတ်လက်နက်အောက်မှာ အဲဒီလို ဓားပြတိုက်ယူသွားပေမဲ့ ဆန်မရှိ စပါးမရှိတဲ့ လယ်သမားတွေ၊ လယ်ကူလီတွေကို ထောင်ထဲ ထည့်မထားခဲ့တာတော့အမှန်ပဲ ... စစ်ဒဏ်သင့်နေတဲ့ ကြားက စပါးစိုက်တဲ့ လယ်သမားတွေကို ဖက်ဆစ်ဂျပန်က ကျေးဇူးတောင် တင်မယ်ထင်ပါရဲ့ "

"ခင်ဗျားသွားတော့၊ ထွက်သွား ... တာဝန်ကျေစပါးပေးမလား မပေးဘူးလား ဒါပဲသိချင်တယ်။ ဒီညမြို့နယ်အချုပ်ခန်းကို ပို့မှာဖြစ်တယ်။ သွားတော့ "

အဘသည် ကြက်မွေးလေးတချောင်းလို ပေါ့ပါးစွာ ထရပ်လိုက်သည်။ ဘဝတူလယ်သမား တွေရဲ့ ကိုယ်စားပြောခဲ့ရသည်ကို ကျေးဇူးတင်ပါတယ် ဟု ဆိုကာ ပြုံး၍ရယ်မောရင်း အဘထွက်လာခဲ့သည်။

ရုံးခန်းမှ ထွက်လာသော လယ်သမား အဘိုးအိုကို လယ်သမားများနှင့်ခြံစည်းရိုးအပြင်မှ လူထုက စောင့်ကြိုငေးမောနေကြသည်။ ဘာတွေပြောခဲ့သလဲ။ သေနတ်ကိုင် အုပ်ချုပ်ရေးဓားပြအဖွဲ့က ဘာတွေ မေးမြန်း ချည်တုပ်ခဲ့လေမလဲ။

"အဘရေ ရုံးခန်းထဲက ဘာပြောလိုက်သလဲ ... အိမ်ပြန်ရတော့မလား အိမ်ကို ပြန်လွှတ်လိုက်ပြီလား ... ဘာပြောလိုက်သလဲတဲ့ အဘွားက သိပ်သိချင်နေတယ်..."

သင်းမြက ဟစ်၍ပြောသည်။ အဘက မြေးအဖွားကို ငေးကြည့်ပြီးနောက် သူတို့ထံ လှမ်းသွားသည်။ ခြံစည်းရိုး အပြင်ဘက်ရှိ မြေးအဖွားထံတိုးကပ်သွားသည်။ အဘက ရယ်မောထေ့ငေါ့ကာ ဟာသလုပ်လိုက်သည်။

"တာဝန်ကျေစပါးမပေးနိုင်တဲ့ ဆင်းရဲတဲ့ သီးစားလယ်သမားတွေအတွက် မြို့နယ်အချုပ်ခန်း ထဲမှာ ညီလာခံတခု ကျင်းပပေးမယ်တဲ့ဟေ့ ... အဲဒီ ညီလာခံက ဘယ်နှစ်ရက်၊ ဘယ်နှစ်လကြာမယ် မသိဘူးတဲ့..."

အဖွားခြုံနှင့် မြေးမကလေးသင်းမြမှာ ဘာပြောရမှန်းပင်မသိတော့။ နှုတ်ဖျားမှာ "ဟယ်" ဟူ၍ နှုတ်ဆိတ် ငြိမ်သက်သွားကြသည်။

## ၂

မြို့နယ်စုပေါင်းရုံးစိုက်ရာ အချုပ်ခန်းတွင် အကျဉ်းခံလယ်သမားတွေ ဖြစ်လာခဲ့ကြသည်။

နံနက် ၁၀ နာရီခွဲဆိုရင် ထမင်းချိုင့်နဲ့ ထမင်းထုပ်များ ရောက်လာခဲ့ကြသည်။ အချုပ်ခန်းထဲ ရောက်နေခဲ့ကြသည့် လယ်သမားတွေကို အိမ်မှ ထမင်းထုပ်လာပို့ကြခြင်းဖြစ်သည်။ လှည်းကြုံနှင့် တမျိုး၊ ခြေလျင်တသွယ်၊ ကားနှင့် ရထားနှင့်တဖုံ လာပို့ကြရသည်။

အချုပ်ခန်းမဆံ့သဖြင့် လယ်သမား အကျဉ်းသားများသည် အချုပ်ခန်းအပြင်ဘက်ရှိ ကုက္ကိုပင်စိမ်းညို့ညို့အောက် မြေပြင်ပေါ်တွင် ဖြစ်သလို နေကြရသည်။ ထမင်းထုပ်ကိုဖြေပြီး မြေပြင်ပေါ်မှာပဲစားရ၊ အိပ်ကြရသည်။ ထမင်းထုပ်ပို့မည့်သူကို နံနက်စာစားချိန် ရောက်သည်နှင့် မျှော်ကြရသည်။ ထောင်ဝင်စာထမင်းထုပ်၊ ထမင်းဟင်းမှာလဲ အိမ်ကထမင်းဟင်းဖြစ်သည်။ ပို၍ ထူးခြားကောင်းမွန်သည် မဟုတ်ပေ။ အင်ဖက်(သို့မဟုတ်) ငှက်ပျောဖက် ထမင်းထုပ်ကို ဖြေလိုက်သည့်အခါတွင် ထမင်းနှင့် ငါးပိထောင်း၊ ထမင်းနှင့်ငါးပိချက်။ အကောင်းဆုံး အစားအစာအဖြစ် ဘဲဥကြော်ကို တွေ့ရတက်သည်။

တောထဲသို့ ဝါးခုတ်၊ ထင်းခုတ်သွားသည့်အခါ မြေကြီးပေါ်တွင် စားရ၊ အိပ်ရသည်။ လယ်ထွန်ထယ်ထိုးတော့လည်း လယ်ကွက်ကန်သင်းပေါ်တွင် အဆာခံစားရ၊ ရေနွေးကြမ်း ဝိုင်းဖွဲ့သောက်ရ၊ မြေနှင့် မကင်းတော့။ မြေပေါ်မှာမွေး၊ မြေနှင့်တသားတည်း၊ တလွှာတည်း။ မြေပေါ်မှာ မြေသခင်နှင့် ဖက်ပွေ့ရသည်မှာ ပျော်မွေ့စရာ။ မြေပေါ်မှာစား၊ မြေပေါ်မှာ အိပ်။ ဘာမှမဆန်းပြားခဲ့။ သို့သော် ... သီးစားခ မပေးနိုင်သည့် သီးစားလယ်သမားတို့ အကျဉ်းတိုက်ထဲသို့ ကျရောက်ခဲ့စဉ် မြေပေါ်မှာအိပ်၊ မြေပေါ်မှာစား ရသောအခါ မြေ၏သားများနှင့်အတူ မြေသခင်သည် နာကျင်ရလေသည်။

နောက်ထပ်ဘယ်နှစ်ည ဘယ်နှစ်ရက်မျှ သည်အချုပ်ခန်းနှင့် မြေပေါ်တွင် လယ်သမား အကျဉ်းသားတို့ နေကြရဦးမည်နည်း။

"အဘရဲ့ ဒါဟာ ဘဝတက္ကသိုလ် တခုပဲ ဗျို့ ... ဒီတက္ကသိုလ်မှာ ကျုပ်တို့နေသမျှ အတွေ့အကြုံတွေ အများကြီး ရလိုက်မှာပဲ "

လယ်သမားလူငယ်တဦးဖြစ်သည့် သရက်တောရွာသား ဖိုးအောင်က အဘဦးစိန်ကို လှမ်းပြီး အားညှိလိုက်သည်။ ဖိုးအောင်ကို အဘ တုန့်ပြန်ပုံမှာ လယ်သမားတွေကို အရွဲ့တိုက်သံပါနေသည်။

"ဆင်းရဲသားလယ်သမားတွေ စုရုံးကြပါ။ ရင်ဖွင့်ညီလာခံလုပ်ကြပါ... ရှေ့ရေးအတွက် ဘာလုပ်ကြမလဲဆိုတာ တိုင်ပင်ကြပါဆိုရင် စုစည်းဖြစ်ချင်မှ စုစည်းဖြစ်မယ် ... ခေါင်းထိလို့ အသဲမခံနိုင်တော့မှ ငါတို့လယ်သမား အတော်များများဟာ စုစည်း ဖြစ်ကြတယ် ... အခုကွာ မြို့နယ်ရဲ့ အနောက်ဘက်

ခြမ်းတခုလုံးက လယ်သမားတွေ ကိုယ်စားလှယ် ငါးဆယ်ကျော်လာပြီး စုစည်းမိကြတယ် ... ဒါဟာ အမြတ်ပဲကွ ဖိုးအောင်ရဲ့ ... အာဏာရှင်ကိုတောင် အရှဲ့တိုက်ပြီး ကျေးဇူးတင်ရတော့မလိုပဲကွ ...”

ကရင်ဒိုက်အင်းနှင့် ဗမာဒိုက်အင်းရွာက လယ်သမားတချို့က အဘပြောသည်ကို ပြုံးမိကြသော်လည်း ဘဝင်မချိခဲ့။ တချို့လယ်သမားတွေက တာဝန်ကျေစပါးမဆပ်နိုင်၍ နေပူအလှန်းခံကြရသည်။ ဘယ်လိုမှ ညှစ်ထုတ်ယူလို့မရတော့မှ လယ်သမားကို အချုပ်ခန်းထဲ ထောင်အကျဉ်းတိုက်ထဲ ပို့လိုက်ခြင်း ဖြစ်သည်။ မြို့နယ်စစ်အုပ်ချုပ်ရေးအဖွဲ့က အစည်းအဝေး တက်ဖို့ အသံချဲ့စက်နှင့် အော်ဟစ် အကြောင်းကြားသော်လည်း အခြားကျေးရွာမှ လယ်သမားတွေမှာ မကြားလိုက်ကြ။ ပျက်ကွက် ခဲ့ကြသည့် လယ်သမားများကို စစ်တပ်နှင့် စစ်အုပ်ချုပ်ရေးက ဂီသရီးပြောင်းဝကို ငုံခိုင်းသည်။ တချို့ လယ်သမားများမှာ စစ်ဖိနပ်ဖြင့် ဆောင့်အကန်ခံရသည်။ လယ်သမားက ကြွေး၍ လယ်သမားဝယ်ပေးသော သေနတ်ဒင်နဲ့ လယ်သမားများ အထုခံရလေသည်။ တချို့လယ်သမားများ မျက်နှာကို လက်သီးဖြင့် အထိုးခံရသဖြင့် အာလူးကဲ့သို့ ဖူးယောင် ညိုမဲကုန်သည်။ တချို့လယ်သမားများကို အစည်းအဝေးပျက်ကွက်သည်ဟုဆိုကာ ငွေဒဏ် ဆောင်ခိုင်းသည်။ စစ်တပ်သည်ဘုရင်ပဲ။ သေနတ်နှင့် စစ်တပ်သည် တရားရုံးပဲ။ စိတ်တိုင်းကျ တရားမဲ့ အနိုင်ကျင့်ခွင့် ရထားလေသည်။

အိမ်က မိသားစုလာပို့သည့် ထမင်းထုပ်ကို ဆာလောင်မွတ်သိပ် မျှော်စောင့်ရင်း မြေပြင်အခင်းပေါ်တွင် ဝိုင်းဖွဲ့ ညီလာခံကြခြင်းဖြစ်သည်။ အတွင်း အချုပ်ခန်းထဲမှာလည်း အခြားရာဇဝတ် အကျဉ်းသားများနှင့်အတူ လယ်သမားအကျဉ်းသားတွေ အပြည့်အသိပ်။ အချုပ်ခန်းထဲမှ လယ်သမားတွေ အားလုံးမှာ သည်ညီလာခံသို့တက်ရောက်ခွင့်မရကြ။

“အာဏာသိမ်းပြီး ရှစ်လာအကြာမှာ လယ်သမားတွေကို ပွဲဦးထွက် ဦးချိုးနာမ်နှိမ်တာပဲ ဦးဖိုးစောရဲ့... ပဲခူးအရှေ့ခြမ်းတို့ ရေဝတီတိုင်းတို့က လယ်သမားတွေလည်း ကျုပ်တို့လိုပါပဲဗျာ... အဲဒီက လယ်သမားတွေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ လူ့ဘောင်သစ်ပါတီကို အကူအညီ သွားတောင်းကြသတဲ့။ အခုလိုဖိနှိပ်ရမ်းကားမှုတွေကို ကာကွယ်ပေးဖို့ လယ်သမားတွေကိုယ်တိုင် သတင်းပို့ကြ။ တိုင်ကြတောကြသတဲ့ ... အဲဒီပါတီတွေကလည်း စစ်ခေါင်းဆောင် စောမောင်တို့ကို ထုတ်ပြန်ချက်တွေနဲ့ တားဆီးတယ်ဗျ ... ထုတ်ပြန်ချက်တွေ ထုတ်ပြန်လို့ဆိုပြီး မြို့နယ်စစ်အုပ်ချုပ်ရေးရုံးတွေက လူ့ဘောင်သစ်ပါတီဝင်အချို့ကို ထောင်ထဲထဲ့ထားသည့်အထိ စစ်ကောင်စီ အာဏာရှင်တွေကလက်သံပြောင်နေကြပြီကိုယ့်လူတို့”

အဘစိန်က သူ့မိတ်ဆွေချစ်ရဲဘော် ကရင်အမျိုးသားကြီး စောဖိုးနီကိုပြုံးကြည့်ရင်း အသိပေးလေသည်။ စောဖိုးနီမှာ အံ့သြသွားဟန်ဖြင့် တံတွေးတချက် ထွေးထုတ်လိုက်သည်။ ဆေးရွက်ကြီးကို အံသွားဖြင့် တချက်ဖိကိုက်ရင်း ခေါင်းကို တွင်တွင်ခါလိုက်သည်။

အဘတို့မြို့နယ်မြောက်ပိုင်းက လယ်သမားများသာမက အခြားမြို့နယ်အရှေ့ခြမ်း အနောက်ခြမ်းက လယ်သမားများပါ အချုပ်ခန်းထဲမှာ လာရောက်ဆုံဆည်းကြသည်။ နံနက်ခင်း ကုက္ကိုပင်ရိပ် လယ်သမားညီလာခံက အရှိန်ရစ။ လယ်သမားတွေကို ဖမ်းဆီးထောင်ထဲ ထည့်ထားသည့် သတင်းက တောမီးပမာ ပျံ့နှံ့ခဲ့ပြီဖြစ်သဖြင့် စာနာခံစားသည့်လူထုများမှာ တဖွဲဖွဲ ရောက်လာခဲ့ကြသည်။ ဘာကူညီရမလဲ။ ရေတို့၊ ရိက္ခာတို့ လုံလောက်ရဲ့လား။ စသည့်ပူပန်မှုဖြင့် ထောက်ပံ့ကူညီလိုသည့် လူထုတွေလည်း တဖြည်းဖြည်း များပြားလာ။ သံဆူးကြိုးစည်းရိုးသို့ ချဉ်းကပ်လာခဲ့ကြသည်။

မြို့နယ်ထောင်အချုပ်ခန်းနဲ့ လူနေရပ်ကွက်က တသီးတခြားစီမဟုတ်။ ထောင်နံရံနှင့် သံဆူးကြိုးပတ်ပတ်လည်မှာက လူနေရပ်ကွက်နှင့် လူထုတွေ။ မြို့ကလေးနှင့် ကူးလူးဆက်သွယ်ထားသည့် မြေဖို့လမ်းမနှင့် အချုပ်ခန်းကလည်း ကပ်လျက်သား။

“အဘရေ ... အဘ ... သမီးတို့ ရောက်လာကြပြီ။ အဖွားလဲပါတယ် ... အဘကိုပြောပေးပါ ... အဘဦးစိန်ကိုပြောပေးကြပါ ... သမီးပြောတာကို

အဘာမကြားရင် ဘေးနားက ဦးကြီးတို့ကတဆင့် ပြောပြပေးပါရှင့် ...”

မြေးမလေးသင်းမြက အသံကုန် ဟစ်အော်ပြောသည်။ အဘာက မတ်တပ်ရပ်ကာ နောက်ကြောဘက်က အသံလာရာသို့ လှမ်းကြည့်သည်။ လက်ပြနှုတ်ဆက်သည်။ ထို့နောက် ခြံစည်းရိုးတွင် ရပ်နေသော မြေးအဖွားရှိရာသို့ တလှမ်းချင်း လှမ်းသွားသည်။ လမ်းတဝက်တွင် အကျဉ်းထောင် စောင့်ပုလိပ်က အဘာကိုလှမ်းပြီး အမိန့်ပေး တားမြစ်သည်။

“တားလို့မရရင် ပစ်ရလိမ့်မယ် ... ရှေ့မတိုးပါနဲ့ ”

ပုလိပ်၏ အမိန့်ကို ကြားရသည့်နောက်တွင် လယ်သမားတော်တော်များများသည် အဘာစိန်၏နောက်မှ တလှမ်းချင်းလှမ်းကာ လိုက်လာခဲ့ကြသည်။ အဘာက မြေးအဖွားထံ ဆက်လျှောက်ရင်း ရောက်လာခဲ့ကြသည်။ ခြေတလှမ်းမဆုတ်ခဲ့။

“အဖိုးကြီး ကျုပ်ဟောဒီ ခြံစည်းရိုးမှာ အစာငတ်ခံ ဆန္ဒပြပြီးနေသွားမယ် ... အဖိုးကြီး မလွှတ်မချင်း လယ်သမားတွေကို မလွှတ်မချင်း ကျုပ်ဟောဒီမှာ နေသွားမယ် ... အိမ်မပြန်ဘူး ... သေရင်သေပေ့စေ ...”

အဖွားက ဒေါသအက်ကွဲဖြင့် သူ့အဖိုးကြီး ဦးစိန်ကို လှမ်းပြောသည်။ အဖွား လက်မောင်းကို ဖက်ကိုင်ထားသည့် သင်းမြလက် ချောင်းတွေမှာလည်း လှုပ်ခါလာလေသည်။ လယ်သမား မိသားစုများနှင့် လူထုပရိတ်သတ်မှာ အချုပ်အနှောင်ခံ သံဆူးကြိုးအနီးသို့ ဝုံးရဲတိုးကပ်လာခဲ့ကြသည်။ တခုခုဖြစ်လာလေမလား။ တခုခုဖြစ်လာတော့မည့် အရိပ်ရောင်အတိတ်နိမိတ်များလေလား။ မြေးအဖွားကို တဖြေးဖြေးဝိုင်းအုံထားကြ၊ မေးကြ၊ မြန်းကြ၊ အားပေးကြ၊ အဖွားပြောတာကို ဂရုတစိုက် နားထောင်ကြ၊ အဘာဘာများပြောမလဲ ဆိုင်းငံ့ နားစွင့် နေခဲ့ကြသည်။

“အမေကြီးရယ် ရွာကိုပြန်ပါကွာ ... ကျန်းမာရေးကိုဂရုစိုက်စေချင်တယ်... ငါတို့ အသက်ရှင်နေရအုံးမှာ ... သေလို့ မဖြစ်သေးဘူး ... ဒီမှာက လုပ်စရာတွေ ရှိသေးတယ် ... မြေးတွေ၊ သားတွေ၊ သမီးတွေကို ပြုစုစောင့်ရှောက် ရအုံးမယ် မဟုတ်လား ... အိမ်မှာ အမေကြီးမရှိလို့မဖြစ်ဘူး ... မလစ်ဟာစေ့ချင်ဘူး ... အိမ်ကိုပဲပြန်ပါ ...”

စကားဆုံးအောင်ပင် မပြောလိုက်ရ။ ပြောခွင့်မရလိုက်တော့။ ပုလိပ်တွေက အဘာကို ဆွဲခေါ်လာတော့သည်။

“အဲဒီအဘာ တခုခုဖြစ်သွားတယ် ဆိုရင်တော့ မင်းတို့ပုလိပ်ကော ပုလိပ်ရုံးခန်းပါ ပြာကျသွားပြီသာ မှတ်ပေတော့။ လယ်သမားကျောပေါ် စစ်ဖိနပ်နဲ့ တချက်ကန်တိုင်း မင်းတို့အာဏာရှင်တွေ မသာတွင်းထဲ ခြေတလှမ်း ကျွံဝင်သွားပြီသာ မှတ်ပေတော့”

“ဟုတ်တယ် ... ဟုတ်တယ် ”

“အဖိုးကြီ ... ကျုပ်ဒီကနေ တဖဝါးမှ မခွာဘူး ... အဖိုးကြီးနဲ့အတူ ကျုပ်ရှိနေမယ် ... လယ်သမားတွေနဲ့ အတူရှိနေမယ် ... ဟောဒီ ခြံစည်းရိုးမှာ ရှိနေမယ် ... ”

အဖွားက ကျိတ်၍ရှိုက်ကာငိုသည်။ အဘာက အသက်ခြောက်ဆယ့်ငါးနှစ်။ ပုလိပ်တွေ လက်ထဲမှာ အဘာက တနဲ့နဲ့ ပါသွားသည်ကို အဖွားက ကြည့်ကာ သနားကြေကွဲစွာ ငိုချခြင်းဖြစ်သည်။ ကျုပ်အဖိုးကြီးမှာ ဘာမှ အပြစ်မရှိပါဘူးတော်။ ရွှေမရှိ၊ ငွေမရှိ ဆင်းရဲမွဲတေလို့ တာဝန်ကျေစပါး မပေးသွင်း နိုင်လို့ပါတော်။ အသက်ကြီးကာမှ ဒုတိယအကြိမ် ထောင်ထဲ ထပ်ရောက်ရတယ်တော့်။ အဖိုးကြီရယ် သနားလိုက်ပါပေ့ကွယ်။ နေဝင်းစစ်ခွေး ဖက်ဆစ် လက်ထဲမှာလည်း ခံရ၊ ထောင်ထဲရောက်ခဲ့။ ကျုပ်အဖိုးကြီးကို ချက်ချင်းလွှတ်ပေးပါ။ လယ်သမားတွေကို လွှတ်ပေးပါဆိုပြီး အဖွားက တလုံးချင်း ရေရွတ် ပြောခဲ့သည်။

“အဘာကို ချက်ချင်းလွှတ်ပါ။ လွှတ်ပေးရမယ် ... အဘာမှာ သွေးတိုးရောဂါရှိတယ် ... နှလုံးရောဂါလဲရှိတယ် ... အဘာသေသွားရင် ကျမတို့ဘဝတွေ ထပ်ပြီးပျက်စီးသွားတော့မယ် ... အဘာကို လွှတ်ပေးကြပါ ”

အပျိုပေါက်မ သင်းမြက အဖွားကို ဖက်ပွေ့ထားလျှက်က ငိုကြွေးအော်ဟစ်သည်။ တောင်းဆိုသည်။ သင်းမြမျက်နှာပေါ်တွင် သွေးရောင်တွေ ချက်ချင်းလွှမ်းသွားသည်။ မြေးအဖွား၏ ငိုကြွေးရှိုက်ငိုသံတွေက ပရိတ်သတ်လူထုရင်ကို ဆို့နင့်စေခဲ့သည်။ လှုပ်နိုးလေသည်။ ပင်လယ်လှိုင်းကဲသို့ ကြွတက်မြင့်မောက် လာစေခဲ့သည်။

"လယ်သမားတွေကို လွှတ်ပေးပါ ... လယ်သမားအခွင့်အရေး ချက်ချင်းပေး ... စစ်အာဏာရှင်စနစ် ဖျက်သိမ်းပစ်။ "

တယောက်က ညာသံပေးကာ စလိုက်သည့်အခါ လူထုက ညာသံဖြင့် ဟစ်ကြွေးလိုက်သည်။ ရုတ်တရုတ် ပေါက်ကွဲ သွားကြခြင်းဖြစ်သည်။ တချိန်ထဲတွင် အဘဦးစိန်ကို ပုလိပ်က ဆွဲလွဲခေါ်လာပြီး အချုပ်ခန်းထဲပြန်ထည့်သည်။ ညကကဲ့သို့ အဘကို အချုပ်ခန်းထဲ ပြန်ထည့်ခြင်းဖြစ်သည်။

လွန်ခဲ့သည့်ညက အချုပ်သားတွေကို အဘက နိုင်ငံရေးတရားဟောသည်။ စစ်အာဏာရှင်စနစ်အောက်က အဖိနှိပ်ခံ လူထုဘဝကို မီးမောင်းထိုးပြသည်။ ပြီးတော့ ငါတို့တတိုင်းပြည်လုံး စည်းလုံးညီညွတ်မှုကို တည်ဆောက်ပြီး ၁၃၀၀ ပြည့်နှင့် ၈၈ ကဲ့သို့ အရေးတော်ပုံကြီးတခု လုပ်ရမည်။ ဒီတခါ လူထုအစိုးရကို မဖြစ်မနေ ထူထောင်ရမည်ဟု ဆိုသည်။ အချုပ်သားများမှာ ကြပ်ညှပ် အသက်ရှူမဝသည့် အကျဉ်းသားဘဝကို မေ့ထားပစ်ကြ။ နိုးကြားတက်ကြွနေခဲ့ကြသည်။ သေနတ်စစ်တပ်နဲ့ အာဏာသိမ်းတော့ အစိုးရတော့ ဖြစ်လာမှာမဟုတ်ဘူး။ ဓားပြပဲဖြစ်မယ်ဟု အဘက ပြောသောအခါ "ဟုတ်တယ် ... အဘပြောတာ ဟုတ်တယ်" ဟု ဟစ်ကြွေးလိုက်ကြသည်။

ဘောလယ်ကျွန်းဘက်မှ ဓားပြခေါင်းဆောင်သာခင်က အဘကို လေးစားကြည်ညိုကာ အဘကို ပုဆိုးဖြင့်ယပ်ခပ်ပေးသည်။ တညလုံး အဘကိုပြုစုသည်။ အဘက ဓားပြခေါင်းဆောင်ကို လူမှုစနစ်ဆိုးကြောင့် မင်းတို့ဟာ သားကောင် ဖြစ်ရတာ။ မင်းက ဟောဒီစနစ်က တွန်းပို့လို့ ဓားပြ ဖြစ်လာခဲ့ရတာဟု တရားပြသည်။ လူ့သွေးထဲမှာ ဓားပြဖြစ်စေတဲ့သွေး တစက်မှ မပါလာခဲ့ဘူး။ မွေးရာပါ ဓားပြသွေးဆိုတာ လူ့လောကမှာ မရှိဘူးကွဲ့ဟု အဘကပြောသည်။ ထိုပထမညက အဘကို သာခင် ထိုင်၍ ဦးညွှတ်ကန်တော့ ခဲ့လေသည်။

✡ ✡ ✡

အဘမှာ အချုပ်ခန်းထဲသို့ ယခု ထပ်မံ ဝင်ရောက်လာခဲ့စဉ် လှောင်ပိတ်မွန်းကြပ်၊ အသက်ရှူမဝဖြစ်လာသဖြင့် အဘကို ဖေးမပြုစုသည်။ ခဏကြာသည့်အခါ အကျဉ်းထောင်သံတိုင်ကြားမှ ကုန်း၍ ဟစ်လေတော့သည်။

"ငါ ဓားပြဗိုလ်ပဲ... ငါ့မှာ ထောင်အပြင်တန်းမရှိဘူးဟေ့။ ကျေးဇူးရှင်လယ်သမားတွေနဲ့ ငါ့အဘကို စော်ကားတဲ့ကောင်တွေ ငါနဲ့တွေ့မယ် ... မင်းတို့ပုလိပ်တွေကော၊ အာဏာလုယူထားတဲ့ ကောင်တွေကော သတိသာထားပေတော့ ..."

ဒေါသမီးတောက်ဖြင့် ကျိန်းဝါးနေစဉ် အချုပ်ခန်း၏ အပြင်ဘက်တွင် သေနတ်သံတချက် ထွက်ပေါ်လာသည်။ အချုပ်ထောင်ကို ပွဲတင်ထပ် သွားစေသည့် ပုလိပ်၏သေနတ်သံ။အတွဲလိုက်စိပ်၍ထွက်လာသည်။

"လယ်သမားတွေကို ချက်ချင်းလွှတ်ပေး။ အာဏာသိမ်းဓားပြတွေ ကျဆုံးပါစေ ... ကျဆုံးပါစေ"

တောင်းဆိုဟစ်ကြွေးသံက သေနတ်သံကို ဆက်လက် လွှမ်းမိုးနေခဲ့သည်။ တချို့လူထုမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ တိုးတိုက်မိသဖြင့် ယိမ်းယိုင်ပြိုလဲမတတ် ဖြစ်သွားသည်။ မြေးမကလေး သင်းမြက ငိုရင်း ဟစ်ကြွေးရင်း အမောဆို့နေသော အဖွားကို ဖက်ပွေ့ထားသည်။ အဖွားကလည်း လဲပြိုမကျစေရန်၊ မတ်မတ်ရပ်နိုင်ရန် ကြိုးစားရင်း လယ်သမားတွေကို ချက်ချင်းလွှတ်ပေးဆိုတာ ဟစ်ကြွေးနေလျှက်။ ။

■ ■ ■

ဇွန် ၊ ၁၄ ၊ ၂၀၀၇

သစ္စာအမှတ်(၁၅)၊ နိုဝင်ဘာလ၊ ၂၀၀၇

# သူရဲကောင်း၏ ည

၁

အရေးတော်ပုံကြီးတခု ပြီးဆုံးသွားတိုင်း သူရဲကောင်း သွေးကွက်များကား မြေပြင်တွင် စွန်းထင်းကျန်ခဲ့သည်။ သမိုင်း မှတ်တမ်းတွင်လည်း သူရဲကောင်းစာရင်းများ တိုးပွားလာခဲ့သည်။ ၂၀၀၇ ဩဂုတ် – စက်တင်ဘာ တော်လှန်မှုသည် ထိုသွေးကွက်နှင့် သူရဲကောင်းတို့နာမည်များ ရေးထိုးမှတ်တမ်းတင်ရာ အရေးတော်ပုံကြီး ဖြစ်လာခဲ့သည်။

ဖက်ဆစ်စစ်အုပ်စု၏ ရန်ပြုဖိနှိပ်မှုအောက်တွင် ဆုံးရှုံးနေသော စီးပွားရေး၊ နိုင်ငံရေး၊ ဒီမိုကရေစီအခွင့်အရေးများကို တောင်းဆိုနေသောလူထုအား ချေမှုန်း သတ်ဖြတ်ပစ်နေခဲ့သည်။ လူထုကလည်း ထိုသို့ ဖိနှိပ်အနိုင်ကျင့်လာသဖြင့် ထပ်၍ တိုက်ပွဲဝင်လာရသည်။ ဖိနှိပ်မှုပြင်းထန်လေ တိုက်ပွဲဝင်ရလေ။ တိုက်ပွဲဝင်ရလေလေ၊ ဖိနှိပ်သောစစ်အုပ်စုက ချေမှုန်းပစ်ခတ်လေလေ။ ဖက်ဆစ် စစ်အုပ်စု လက်ကိုင်တုတ် စစ်တပ်တွင် လူထုကို ပစ်သတ်ခွင့်ပေးထားသည်။ လက်ကိုင်တုတ် ကြံ့ဖွတ်တို့တွင်လည်း လူထုကို ရိုက်သတ်ခွင့် ရထားကြသည်။ လူသတ်ခွင့်လိုင်စင် ရထားကြသည်။ စစ်အုပ်စုက ထိုသို့ လူသတ်လိုင်စင်များ ပေးထားခဲ့သည်။

လက်နက်မဲ့လူထုက ရန်သူလွတ်ကင်းရာသို့ ထွက်ပြေးကြသည်။ ဝိုင်းပတ် ချေမှုန်းခြင်း ခံရသောလူထုမှာ ပြေး၍မလွတ်တော့။ တချို့မှာ ခေါင်းပေါ်လက်မြှောက်ပြီး ထိုင်ချကာ အရိုက်ခံလိုက်ကြသည်။ တချို့မှာ ခေါင်းပေါ်လက်ယှက်မိုးပြီး လမ်းမပေါ်တွင်ထိုင်ချကာ စစ်ဖိနပ်ဖြင့် အကန်ခံလိုက်ကြသည်။ တချို့မှာ နံပါတ်တုတ်ဖြင့် အထပ်ထပ်ရိုက်သည်ကို ကျောကော့၍ခံကြရသည်။ လူထုတိုက်ပွဲထဲတွင် ကျည်ဒဏ်ရာဖြင့် ပက်ပက်စက်စက် ကျဆုံးသွား။ ထောင်ထဲမှာလည်း ဒဏ်ရာအထပ်ထပ်ဖြင့် ကျဆုံးခဲ့။ တချို့ရရာတုတ်၊ ရရာ အုတ်ခဲကျိုး၊ ရရာခဲလုံးဖြင့် ပြန်လည်ခုခံတော်လှန်ကြသည်။ မေတ္တာသုတ်ထက် အုတ်ခဲကျိုးက (လူထုတိုက်ပွဲထဲမှ စစ်မြေပြင်တွင်) ပို၍ အကျိုးရှိထိခိုက်ကြောင်း တိုက်ပွဲဝင်သပိတ်တပ်သား ဦးပဥ္စင်းများနှင့် ကျောင်းသားလူငယ်တို့က သိရှိခဲ့ကြသည်။ တကယ့်လက်တွေ့တွင် ဤသို့အားဖြင့် တော်လှန်သည့်စိတ်ဓာတ်ကို ကွင်းကွင်းကွက်ကွက် ဖော်ပြနိုင်ခဲ့သည်။ ဖိနှိပ်ချေမှုန်းရေး ရန်သူ့ခြေလှမ်းကို အုတ်ခဲကျိုးက တုံ့ဆိုင်းစေခဲ့သည်။ ရပ်တန့်စေခဲ့သည်။

ပခုက္ကူတွင် လမ်းလျှောက် မေတ္တာပို့ကြကုန်သော သံဃာတော်အရှင်မြတ်တို့ကို ကြိုးကွင်းစွပ်ဖမ်းဆီး၊ ဓာတ်တိုင်တွင် ချည်တုပ်ပါးရိုက်၊ သေနတ်ဒင်နှင့်ထုနှက်၊ စစ်ဖိနပ်နှင့်ဆောင့်ကန်ခဲ့သည်။ ထိုသို့ စစ်တပ်ပုလိပ်လက်နက် အင်အားနှင့် ချေမှုန်းခံရပြီးသည့်နောက် နယ်မြေကြံ့ဖွတ်နှင့် စစ်အုပ်စု ခေါင်းဆောင်တို့၏ ကားလေးစင်းကို သံဃာတို့က မီးရှို့ပြာချလိုက်ကြသည်။ ခုခံရေးလက်နက် အရင်းအမြစ်ဖြစ်သည့် မီးကို မေတ္တာသုတ်နေရာတွင် အစားထိုးကာ အသုံးပြုလိုက်ကြသည်။ တော်လှန်မှုတွင် မီးသည် လက်နက်ကိရိယာ ဖြစ်လာခဲ့သည်။ တော်လှန်ရေးစိတ်ဓာတ်ကို ပြသရာ ပြယုဂ်ဖြစ်လာခဲ့သည်။

ခွေးကတက်(ခွေးခုန်တက်) သစ္စာဖောက်လောက်ကောင် တင်မောင်သန်း(သင့်ဘဝမဂ္ဂဇင်း အယ်ဒီတာဟောင်း)က အာရ်အက်ဖ်အေ ရေဒီယိုတွေ့ဆုံခန်းမှနေ၍ 'ဟောင်' လေသည်။ ပခုက္ကူ သံဃာတော်တို့၏ ရန်သူ့ ကားလေးစီးကို မီးရှို့ပြာချမှုကို မှားယွင်းကြောင်း၊ အကြမ်းဖက်တာမှားကြောင်း ခေါင်းငုံ့မခံတာမှားကြောင်း၊ ရန်သူကို ရန်သူဟူ၍ သဘောထားခြင်းသည် မှားကြောင်း ထိုးဟောင်လေသည်။ အနိုင်ကျင့်

ဖိနှိပ်မှုမှန်သမျှကို လူတိုင်းတွင် ခုခံခွင့်ရှိသဖြင့် ခုခံတုံ့ပြန်မှုတိုင်းသည် တရားမျှတသည် … ဆိုသော သစ္စာတရားကို ထိုကဲ့သို့ ပြောင်အကျဆုံး ဖုံးကွယ်လိုက်ခြင်းဖြစ်သည်။

ပခုက္ကူသံဃာတော် အရှင်မြတ်တို့က ထပ်မံဖော်ထုတ်ပြသခဲ့သည့် ခုခံတော်လှန်မှု မီးရှူးတန်ဆောင်သည် စက်တင်ဘာ လူသတ်ကွင်းတွင် အလင်းရောင်ဖြစ်ခဲ့သည်။ ရန်သူ၏ သတ်ဖြတ်ချေမှုန်းလာမှုကို ရရာအုတ်ခဲကျိုး၊ လမ်းဘေးခဲလုံး၊ ဂျင်ကလိတို့ဖြင့် ခုခံတိုက်ခိုက်ခဲ့ကြသည်။ ဖက်ဆစ်အုပ်စုက သေနတ်ဖြင့် ပစ်ခတ်ပစ်သတ်ချေမှုန်းမှုဖြင့်နှိုင်းလျှင် မြင့်မိုရ်တောင်နှင့် ဇီးစေ့ဖြစ်နေခဲ့သည်။ တကယ်က အော်တိုရိုင်ဖယ်နှင့် သတ်ဖြတ်သည်ကို လူထုက အော်တိုသေနတ်ဖြင့် ပြန်လည်ခုခံချေမှုန်းမှသာ တန်ရာကျပေသည်။ မျှလည်း မျှတမှာဖြစ်သည်။ ယခုလက်နက်ချင်းမမျှသဖြင့် မတန်မရာဖြစ်သွားသည်။ ရူပဗေဒသဘောအရ ဖိနှိပ်အားနှင့် တွန်းကန်ခုခံအားသည် မမျှတပေတော့။

သို့သော် မမျှမတ၊ မတန်မရာလက်နက်ဖြင့် ပြန်လည်ခုခံတုန့်ပြန်မှုသည်ကား ပို၍မွန်မြတ်၊ ပို၍မျှတပေသည်။ လက်နက်ချင်းတူမှ ခုခံတော်လှန်မည်လော။ လက်နက်ချင်းမတူ၍ အသေခံတော့မည်လော။ ထိုအခြေအနေထိ စောင့်ဆိုင်းမနေပဲ ရရာလက်နက်ဖြင့် မိမိအသက်၊ မိမိလူထု၊ မိမိအဖိနှိပ်ခံ လူတန်းစားကိုကာကွယ်သဖြင့် လက်နက်အင်အားတူမှ ခုခံသည့်စိတ်ဓာတ်ထက်ပင် ပို၍ တောက်ပပြိုးပြက်ကာ လှပနေလေတော့သည်။

၂၀၀၇ စက်တင်ဘာ လူသတ်ကွင်းများတွင် ရရာလက်နက်ဖြင့် ခုခံတော်လှန်ခဲ့ကြသည့် အာဇာနည်သူရဲကောင်းတို့၏ ဇွဲ၊ စိတ်ဓာတ်၊ သတ္တိကို တွေ့ရှိဖမ်းဆုပ်မိသောအခါ “သက်တင်မျိုး” ကို ပြေး၍ သတိရလေသည်။ လွန်ခဲ့သည့်ဆယ့်ကိုးနှစ်၊ ၁၉၈၈ အရေးတော်ပုံကြီးတွင် အသက်ပေးခုခံခဲ့သည့် သက်တင်မျိုး၏ စိတ်ဓာတ်ကို လွယ်ပိုးခဲ့သမျှ ယခုအခါ စိတ်အာရုံတွင် တဖျပ်ဖျပ် ပြန်တွေ့မြင်နေရ လေသည်။

ထိုအရေးတော်ကြီးတွင် မြို့နယ် ဖိနှိပ်အုပ်ချုပ်ရေး ကောင်စီရုံးတချို့ကို လူထုက မီးရှို့ပစ်လိုက်ကြသည်။ ဓာတ်ငွေ့မီးခြစ်နှင့် သစ်သားမီးခြစ်ကလေးသည် သယ်ဆောင်ရာတွင် ပေါ့ပါးသလောက်၊ ဖိနှိပ်မှုအုပ်ချုပ်ရေးယန္တရားရုံးများ၊ ယန္တရား အဆောက်အဦးများကို မီးတင်ရှို့ရာတွင် ထိရောက်လွန်းလှသည်။ စနစ်ဟောင်းကို ထိုသို့ပင် မီးတိုက်ပြာချပစ်လိုက်လေသည်။ ဒါကတရားတယ်။ ဥပဒေပဲ။ ရရာလက်နက်ဖြင့် တုန့်ပြန်ခုခံသမျှ မှန်ကန်ကြောင်း နိုင်ငံရေးဥပဒေများကပင် ပြဋ္ဌာန်းခဲ့ပြီး ဖြစ်သည်မဟုတ်လား။

လူထုအသီးသီးက အလီလီအလာလာ မလှမပ အသေခံ ခေါင်းငုံ့ခံခဲ့ရပြီးသည့်နောက် သက်တင်မျိုးနှင့် သူတို့ လူငယ်တစုသည် နေဝင်းဖက်ဆစ်စစ်အုပ်စု၏ ဖိနှိပ်သတ်ဖြတ်မှုကို မည်သို့ခုခံရမည်ကို နည်းလမ်းရှာဖွေခဲ့ကြသည်။ သက်တင်မျိုးတို့သည် “မီး”ကိုရှာဖွေခဲ့ကြလေသည်။ ကမ္ဘာဦးလူသားတို့၏ ယဉ်ကျေးမှုကို တိုးတက်ဖွံ့ဖြိုးစေခဲ့သည့် မီးကို သက်တင်မျိုးတို့လူငယ်တသိုက် တွေ့ရှိခဲ့ကြသည်။ ဖိနှိပ်မှု အဆောက်အဦးကောင်စီရုံးကို ပြာချခဲ့စဉ်က သူတို့လက်ထဲကမီးသည် အစွမ်းထက်ကြောင်း တွေ့ရှိခဲ့ပြီးဖြစ်သည်။ ထိုကဲ့သို့သော သူရဲကောင်းလူငယ်တွေက သက်တင်မျိုးကို ထာဝရအမှတ်ရနေခဲ့လေသည်။

ယခုတခဏ၌ သူရဲကောင်းသက်တင်မျိုးကို ကျနော့်စိတ်အတွေးတွင် ပြန်လည်မြင်ယောင်ကာ ဦးညွှတ်နေမိလေသည်။

✡ ✡ ✡

၂

သက်တင်မျိုးရှိသည့်နေရာကို ကျနော်က ကတိုက်ကရိုက် ထွက်လာခဲ့သည့်အချိန်တွင် အမှောင်ထုက သိမ်းပိုက်စ ပြုနေခဲ့လေသည်။

လမ်းမကြီးဘေးတွင်ရှိသော မင်းမင်းအိမ်ရှေ့မှာပင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲတွင် သက်တင်မျိုး၏ နောက်ကျောခါးစပ်ကို သေနတ်ကျည် ထိမှန်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် စစ်ထောက်လှမ်းရေး က အနံ့ခံ လိုက်လာမှာစိုးသဖြင့် လျို့ဝှက် ခြေရာဖျောက်ထားနိုင်မည့် အိမ်တအိမ်သို့ သက်တင်မျိုးကို ပြောင်းရွှေ့ သယ်ယူလာခဲ့ကြသည်ဟု ကျနော့်ကိုလာခေါ်သည့် မင်းမင်း(မြမင်း)ကပြောသည်။ လူထုက အားကောင်းနေသည်။ အပေါ်စီးရနေသဖြင့် ရန်သူက ရှုံးမဲ မဲနေသည့်ကာလ။ လူထုအင်အားက ကြီးမားနေသည်။ လူထုတိုက်ပွဲများ၊ သပိတ်တိုက်ပွဲများကို ချေမှုန်းသတ်ဖြတ်မှုများမှာ ဆက်လက်ရှိနေဆဲ။ ထို့ကြောင့် အရာရာကို စိတ်ချယုံကြည်၍မရ။

အမှောင်ထု ကန့်လန့်ကာက ပြေကျစပြုနေသဖြင့် ညီအကိုမသိတသိအချိန်၊ မိတ်ဆွေလား ရန်သူလား မသဲကွဲတော့။ နောက်ကျောဘက်တွင် ကပ်ပါလာနိုင်မည့်အရိပ်ကို အကဲခတ်ရင်း လိုက်လာခဲ့သည်။ ရင်ထဲတွင် မွန်းကြပ်စပြုလာသည်။ ညမထွက်ရ စစ်မိန့်ထုတ်ထားပြီးသား။ လမ်းမပေါ်တွင် တခါတရံ စစ်ကားများကို တွေ့နိုင်သည်။ စစ်ကားများနှင့် ရင်ဆိုင်တွေ့နိုင်သော လမ်းများကိုရှောင်တိမ်းကာ ရပ်ကွက်ထဲမှ လမ်းသွယ်၊ လမ်းကျဉ်းများအတိုင်း အပြေး လျှောက်လှမ်းလာခဲ့ကြသည်။ ကျနော့်ရင်သည် စက်ခလုပ်နှိပ်ထားသော စက်ရုပ်ကဲ့သို့ တဒိန်းဒိန်း ခုန်မြည်နေလေသည်။ မင်းမင်းလည်း ကျနော့်ကဲ့သို့ပင် ရင်ခုန်နေမည်လားမသိ။

အသက်ရှင်သန်စေရန် သက်တင်မျိုးကို မည်သို့ ဆေးဝါးကုသပေးလျှင် ကောင်းမည်နည်း။ လမ်းတလျှောက်လုံး ထိုအချက်ကိုပဲ ထပ်ဖန်တလဲလဲ စဉ်းစားလာခဲ့သည်။ ဆေးရုံကိုခေါ်သွား၍ မဖြစ်နိုင်။ တိုက်ပွဲကာလတွင် ဆေးရုံသည် ကျားပါးစပ်ဖြစ်နေသည်။ ဆေးရုံရောက်သည်နှင့် စစ်ထောက်လှမ်းရေးက သေနတ်ဒဏ်ရာရထားသူ သက်တင်မျိုးကို လက်ထိတ်ခတ်မှာဖြစ်သည်။ ခြေကျင်း ခတ်မှာဖြစ်သည်။ ပြီးလျှင် ဆရာဝန်၊ ဆရာမတွေကို ဆေးဝါးမကုသရန် တားမြစ်မှာဖြစ်သည်။ ဤကဲ့သို့ သက်တင်မျိုးသည် အကျဉ်းထောင်နှင့် မခြားသော ဆေးရုံမှာပင် အသက်ဝိညာဉ်ကြွေရမှာဖြစ်သည်။ စစ်ထောက်လှမ်းရေး၏ သဘောထားကို သိရှိထားခဲ့ကြပြီးဖြစ်သဖြင့် ဆေးရုံသို့ပို့ရန် မလိုတော့။

ဒါဖြင့်ပြင်ပဆေးခန်းတွင် ဆရာဝန်နှင့် ကုသခွင့်ရနိုင်မည်လား။ နားလည်မှုယူပြီး ဆရာဝန်နှင့် ကုသရလိမ့်မည်။ ဆရာဝန်ကို အမြန်ဆုံးရှာဖွေရမှာ။

ရန်ခုန်သံများ မြန်ဆန်လွန်းသကဲ့သို့ အတွေးကလည်း စိတ်ကူးများနှင့်အတူ လျှင်မြန်စွာ ကူးပြောင်းသွားနေခဲ့လေသည်။ မင်းမင်းနံဘေးသို့ တိုးကပ်သွားပြီး အသံအုပ်၍ မေးမိနေလေသည်။

"မင်းမင်းတို့ ဘယ်လို စီစဉ်ထားကြသလဲ… သက်တင်မျိုးကို ဆေးခန်းခေါ်သွားပြီး ဆရာဝန်နဲ့ ကုမှ ဖြစ်မှာကွ"

"ရပ်ကွက်ထဲက သပိတ်ကော်မတီ လူကြီးတွေရောက်လာကြပြီး စီစဉ်နေကြပြီဆရာ … သက်တင်မျိုးက ဆရာ့ကိုသွားခေါ်ပေးပါ … ဆရာနဲ့တွေ့ပါရစေဆိုပြီး တဖွဖွပြောနေလို့ လာခေါ်တာ။ သူ့အမေလဲ ရောက်နေပြီ … ကျမသားကို ကယ်ပါအုံးဆိုပြီး တွေ့တဲ့လူကို တောင်းပန် နေတော့တာပေါ့ဆရာရယ် "

"မင်းကတော့ လွတ်သွားတယ်ပေါ့ဟုတ်လား … ကျန်တဲ့ မင်းတို့သူငယ်ချင်းတွေကော အဖမ်းခံကြရသေးလား"

"ကျနော်ကော သူငယ်ချင်းတွေပါ လွတ်သွားကြတယ်... သူက ရှေ့ဆုံးကနေ ဦးဆောင်ပြီး တိုက်တဲ့လူဆိုတော့ သူ့ကိုမဲပြီး ပစ်ခတ်ကြတယ် ... သူတယောက်တည်း ကျည်ဆံထိမှန်ခဲ့တာ"

မင်းမင်းက ကျနော့်အိမ်ကို အပြေးအလွှား ရောက်လာခဲ့ခြင်းဖြစ်သည်။ အိမ်အပြန် နောက်ကျနေခဲ့သဖြင့် ကျနော်နှင့် လွဲသွားခဲ့သည်။ ဒုတိယအကြိမ် လာခေါ်စဉ် မင်းမင်းနဲ့ တွေ့ရခြင်းဖြစ်သည်။ ကျနော့်ကို တွေ့စဉ် မင်းမင်းကပြောပြထားခဲ့သဖြင့် သူတို့တိုက်ပွဲကို ကျနော် ခြေရာကောက်မိသွားသည်။

၈၈ အရေးတော်ပုံကြီး စစခြင်း သပိတ်တိုက်ပွဲထဲတွင် သက်တင်မျိုးနှင့် မင်းမင်းတို့ လူငယ်တစုပါဝင်လှုပ်ရှားခဲ့သည်။ ၈ ရက်နေ့ညကပဲ မြို့တော်ခန်းမရှေ့တွင် ဖက်ဆစ်တပ်ကချေမှုန်းသဖြင့် သူတို့၏ ချစ်သူငယ်ချင်းမောင်မောင်နှင့် မအေးနန္ဒာတို့မှာ ကျဆုံးသည့်လူငယ်တွေထဲ ပါသွားကြသည်။ ဒုတိယနေ့ ချီတက်တိုက်ပွဲထဲတွင် အချစ်ဆုံးသူငယ်ချင်း မိုးလွင်ကျဆုံးခဲ့ပြန်သည်။ နောက်တော့ ဖက်ဆစ်တပ်က ပစ်ခတ်သတ်ဖြတ်မှုကို ဘယ်လိုတုံ့ပြန်ကြမလဲ။ သူတို့ အစည်းအဝေးထိုင်ကြသည်။ လက်နက်ဖြင့်သာ တုံ့ပြန်ရမည်ဟု သဘောထားကျလာခဲ့သည်။ သူတို့အသက်တွေက ၁၄ – ၁၅ ။ နနယ်တက်ကြွသော လူငယ်တွေ။ မခံချင်တော့။ မခံနိုင်လွန်းသဖြင့် နောက်ဆုံးတော့ ပုလင်းတလုံးထဲ ခဲထည့်၊ သဲထည့်၊ ရေနံဆီ ဓါတ်ဆီထည့်၊ စနက်တံမီးစာတတ်၊ မီးညှိ၊ မီးကူးကာ စစ်ကားပေါ် ပစ်တင်သည့်အဆင့်သို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ ခုခံရေးအတွက် လက်နက် တီထွင်လာခဲ့ကြသော်လည်း ယမ်းဘီလူးကို အသုံးချတတ်ဖို့ဝေး၍ မြင်တောင်မမြင်ဘူးခဲ့။

အသေခံပြီး လက်လုပ်ရေနံပုံးကို ဖောက်ခွဲမည့် သူရဲကောင်းကိုးဦးက ရှိပြီးသား။ သက်တင်မျိုးနှင့် မင်းမင်းတို့က ပွဲဦးထွက် စွန့်စားတိုက်ခိုက်ရန် တာဝန် ကျရောက်လာခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့် နာရီအနည်းငယ်အတွင်းက လူထုအုံကြွဆန့်ကျင်မှုကို လာရောက်ဖိနှိပ်တိုက်ခိုက်သည့် စစ်ကားပေါ်သို့ ရေနံပုလင်းပုံး ပစ်တင်ခဲ့စဉ် ဖက်ဆစ်တပ်သားများက ပြန်လည်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ မင်းမင်းက သစ်ပင်၏ အကာအကွယ်ဖြင့် လွတ်သွားသည်။ သက်တင်မျိုးမှာ ကွေ့ဝိုက်ရှောင်တိမ်းပြေး၊ ခြံစည်းရိုး ပန်းပင်ခြုံပုတ်ကလေးများကို ရှောင်တိမ်းပြေး၊ ခြံစည်းရိုး ပန်းပင်ခြုံပုတ်ကလေးများကို ခုန်ကျော်ပြေးသော်လည်း မလွတ်တော့။ ကျောနှင့်တင်ပါးအကြား ခါးတွင် သေနတ်ကျည်ဆံ ထိမှန်ခဲ့ခြင်းဖြစ်သည်။

✡ ✡ ✡

သက်တင်မျိုးမှာ ကျနော်ငှားရမ်းနေထိုင်သည့်အိမ်နှင့် ကပ်လျက်သားအိမ်တွင် နေထိုင်သည်။ သူတို့က သားအမိသုံးယောက်။ မအေဖြစ်သူ ဒေါ်လှရွှေက မုဆိုးမ။ ဆယ့်နှစ်နှစ်အရွယ် သမီးလေးက မူလတန်းကျောင်းသူ။ သက်တင်မျိုးက အသက် ၁၅ နှစ်။ မြို့ထဲရှိ ပန်းဆိုးတန်းကုန်တိုက်တွင် မအေနှင့်အတူ တန်းစီပြီး ကုန်ပစ္စည်းဝယ်၊ ပြန်ရောင်းပြီး ရရှိသည့်ငွေဖြင့် နေ့စဉ် အသက်မွေးခဲ့ကြခြင်းဖြစ်သည်။ ကုန်တိုက်ပိတ်ချိန်တွင် မအေကအိမ်ပြန်သည်။ သက်တင်မျိုးက အိမ်မပြန်နိုင်သေးပဲ ညဘက်လူစည်ကားရာ ဗိုလ်ချုပ်အောင်ဆန်းလမ်း ပလက်ဖောင်းပေါ်တွင် စာအုပ်အဟောင်းရောင်းသည်။ ဝတ္ထုဟောင်း၊ ကာတွန်းစာအုပ်ဟောင်း၊ နိုင်ငံရေးစာအုပ်၊ စာပေယဉ်ကျေးမှုဆိုင်ရာ စာအုပ်အမျိုးမျိုး။ မြူနီစပါယ် ဂဠုံအဖွဲ့က ဖမ်းမိသွားသည့်အခါတွင် ဆုံးရှုံးမှုများမှာ ကြီးမားသည်။ ထိုအခါပို၍ နလံမထူနိုင်အောင် ဖြစ်သွားရပြန်သည်။ တရားရုံးက ချသည့် ငွေဒဏ်၊ ဂဠုံတွေက သိမ်းကြုံးကောက်ယူသွားသည့် စာအုပ် တန်ဘိုး၊ ဆုံးရှုံးမှုဒဏ်က သက်တင်မျိုး၏ဦးခေါင်းကို ထိမှန်လေသည်။

လွန်ခဲ့သည့်နှစ်က ရှစ်တန်းကျောင်းသားဘဝတွင် သက်တင်မျိုးနှင့် ရင်းနှီးကျွမ်းဝင်ခွင့်ရခဲ့သည်။ သူ၏ ကျောင်းစာအခက်အခဲများကို ကျနော်က ရှင်းပြပေးသည်။ သင်္ချာဘာသာရပ်သာမကတော့ မြန်မာစာနှင့် သမိုင်းဘာသာရပ်ကိုပါ ဆွေးနွေးပေးရသည်။ အင်္ဂလိပ်စာ၊ သင်္ချာဘာသာရပ်သာမကတော့ မြန်မာစာနှင့် သမိုင်းဘာသာရပ်ကိုပါ ဆွေးနွေးပေးရသည်။ သူကျောင်းဆက်မတက်နိုင်တော့ပဲ ကျောင်းထွက်ခဲ့ရသောအခါ အားမငယ်ဖို့၊ ကျောင်းပညာကို တကယ် တတ်ချင်သည်ဆိုလျှင် ကျောင်းမတက်ပဲ ဆက်လေ့လာသွားလို့ရကြောင်း အားပေးခဲ့သည်မှာလဲ ကျနော်ပဲ ဖြစ်သည်။ ဘွဲ့လက်မှတ်က ဘဝကိုအာမခံချက်မပေးဘူး။ ဘွဲ့လက်မှတ်ဆိုတာ မှန်ဘောင်ထဲ ထည့်ထားဖို့လောက်ပဲ အသုံးကျသည်ဟု ကျနော်ကပြောပြသည်။ ဘွဲ့ရဖို့ထက် စားဝတ်နေရေးအတွက် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင်ကြိုးစားဖို့၊ စာဖတ်ဖို့၊ ပညာဆိုတာ ကျောင်းမှာမှမဟုတ်၊ အိမ်မှာ၊ လမ်းပေါ်မှာ၊ စာကြည့်တိုက်မှာ၊ ဘဝထဲမှာ၊ လူ့လောက ပလက်ဖောင်းပေါ်မှာ လေ့လာဆည်းပူး ရယူနိုင်ကြောင်း ကျနော်က အားပေးသည်။ အထူးသဖြင့် ယနေ့ဆိုက်ရောက်နေသော နိုင်ငံရေးနှင့် စီးပွားရေးဘဝနှင့် မိသားစုဘဝတွေကို ဆက်စပ်ပေးခဲ့သည်။

နောက်တော့ ကျနော်နေထိုင်ရာ အိမ်ခန်းသည် သူ၏စာကြည့်တိုက်။ သူ၏ပျော်မွေ့ရာ ရိပ်သာ တခုဖြစ်လာခဲ့သည်။ စားအိမ်၊ သောက်အိမ် ဖြစ်လာသည်။ ကျနော့် ကိုယ်ပိုင်စာကြည့်တိုက်တွင် သူ့ထံမှ ဝယ်ယူအားပေးသော စာအုပ်တွေက များလာသည်။ ညီမလေး ကျောင်းစားရိတ်မရှိလို့၊ ဆန်ဖိုးမရှိလို့၊ အိမ်လခပေးဖို့ ငွေလိုနေလို့ ... စသည်ဖြင့် ကျနော်ထံ သူ့စာအုပ်တွေ သယ်လာခဲ့သည်။ ဆရာလုပ်ပါအုံး၊ ဆရာဝယ်ပါအုံး၊ အားပေးပါအုံးဟူ၍ ကျနော့်ထံ အကူအညီတောင်းခံလာခဲ့သည်။ ကျနော်က တတ်စွမ်းသမျှ အလီလီ အလာလာ ဝယ်ယူပေးခဲ့ရသည်။ တခါတရံ စာပေအကြောင်း၊ နိုင်ငံရေးအကြောင်း သူနဲ့ကျနော် ဆွေးနွေးသောအခါ သူ့ထံမှ ဝယ်ယူခဲ့သော စာအုပ်များထဲမှ အကြောင်းအရာများကို ကောက်ကိုင်ပြကာ ဆွေးနွေးသည့်အခါ သူ့မှာ ပြုံးရွှင်ကြည့်လှဲ့နေလေသည်။ သူ့ထံမှ ဝယ်ယူခဲ့သည့်စာအုပ်က တန်ဖိုးရှိပါကလား ဟူသော ခံစားချက်ဖြင့် တောက်ပနေတတ်သည်။ နောက်တော့ ပလက်ဖောင်းပေါ်တွင် စာအုပ်အရောင်းသမား သက်တင်မျိုးသည် စာဖတ်ရမှာပါလားဆိုတာ သိလာကာ ဖတ်ရှုခဲ့သည်။ ပထမတုန်းက စာအုပ်ကို ဆန်ဖိုး၊ ဆီဖိုးအတွက် ရောင်းကုန်ပစ္စည်းအဖြစ်သာ သဘောပေါက် နားလည်ထားသည် မဟုတ်လား။

သူနဲ့ကျနော် ခင်မင်ရင်းချာခဲ့လေသည်။ သူတို့မိသားစု သုံးယောက်နှင့် ဆွေမျိုးသဖွယ်ဖြစ်သွားသည်။ အိမ်ထရံ နံရံနှင့် ခြံစည်းရိုး ကာရံခြားထားသော်လည်း၊ မှန်တိုင်းထန်သော ဘဝခရီးများထဲတွင် လက်တွဲဖော် လက်တွဲဖက်များ၊ သစ္စာရှိသော မိတ်ဆွေများ ဖြစ်လာခဲ့သည်။

✡ ✡ ✡

အရေးတော်ပုံကာလတွင် သူနဲ့ကျနော် အချိတ်အဆက်မမိဘဲ ကွင်းဆက်ပြတ်သွားခဲ့ကြသည်။ သက်တင်မျိုးသည် တချို့ညများ၌ အိမ်ကိုပြန်ရောက်ခဲ့ပုံမရ။ ကျနော်လည်း တချို့ညများတွင် မိတ်ဆွေရဲဘော်များအိမ်တွင် အိမ်မပြန်နိုင်ပဲ ပိတ်မိနေတတ်သည်။ ဆရာသမဂ္ဂ၊ ကျောင်းသားသမဂ္ဂ လုပ်ငန်းများထဲတွင် နစ်နေသဖြင့် သက်တင်မျိုးနှင့် မတွေ့နိုင်တော့။ ကျနော့်ကို သူမြင်လို တွေ့လိုသည့်အချိန်တွင် သူက သူရဲကောင်း တဦး ဖြစ်နေခဲ့လေပြီ။ သေနတ်ကျည်ဆံဒဏ်ရာဖြင့် ကျနော့်ကို စောင့်မျှော်နေခဲ့ခြင်းဖြစ်သည်။

“သက်တင် သက်တင် ... မင်းတွေ့ချင်တဲ့ ဆရာဦးအောင်တင့် ရောက်လာပြီ။ ခဏစကားပြောပြီးရင် ဟိုဘက်ရပ်ကွက်က ဆေးခန်းကို သွားကုကြမှာဖြစ်တယ် ... ငါပြောတာ ကြားတယ်မဟုတ်လားသက်တင်”

မင်းမင်းက သူ့ရဲဘော်သက်တင်မျိုး မျက်နှာပေါ်သို့ငုံ့ကာ အသံကိုအုပ်၍ပြောသည်။ သက်တင်မျိုးက အားယူပြီး မျက်လုံးဖွင့်ကြည့်သည်။ ထို့နောက် နာကျင်သောအပြုံးက နှုတ်ခမ်းထောင့်တွင် လှုပ်ခတ်သွားသည်။ ကျနော်က သူ့လက်ကို ခပ်တင်းတင်း ဆုပ်ထားလိုက်သည်။

"ငါတို့အားလုံး မင်းဘေးမှာရှိနေကြပြီ၊ ခဏကြာလို့ အဆင်သင့်ဖြစ်ရင် ဆေးခန်းသွားကြမှာဖြစ်တယ် ... ဆရာဝန်နဲ့ တွေ့ရတော့မှာဖြစ်တယ် ... မင်းဒဏ်ရာဟာ အမြန်ဆုံး ပျောက်ကင်းသွာရမယ်ကွာ... လူထုတိုက်ပွဲတွေထဲမှာ မင်းပြန်ပြီး ပါဝင်လာရမယ် ... ဒါပဲကွာ "

ကျနော်က စိတ်ကိုထိန်းထားကာ ပြောရသည်။ ရင်ဆို့နေပြီ။ စိတ်က ပူထူထိပ်ပြာသွားသည်။ သူ့ကိုကြည့်လိုက် မြင်လိုက်သည်နှင့် အခြေအနေမကောင်းမှန်း ကျနော်သိလိုက်ပြီ။ သူ့ခန္ဓာကိုယ်ထဲမှ သွေးတွေက အဘယ်မျှ သွန်ထွက် စီးဆင်းနေခဲ့သည်ကို ခန့်မှန်း၍ရသည်။ ရောဂါပိုးက ဒဏ်ရာမှတဆင့် ကိုယ်ခန္ဓာတွင်းသို့ ဝင်နေခဲ့လေပြီ။ ကျနော်က သူ့မျက်နှာပေါ်ငုံ့ကပ်ခါ အားတင်းပေးသည်။ မင်းကသူရဲကောင်းပဲ၊ စိတ်ကိုလျှော့မပစ်လိုက်နဲ့ ဆက်ပြီးအားတင်းထားကွာ ... ဟု ထပ်၍ပြောသည်။

"ဆရာ ... ကျနော့်စိတ်က မာပြီးသားပဲဆရာ။ အဆိုးဆုံးကို ကြိုတင်တွက်ထားပြီးသားပါ။ တွက်ပြီးမှ အသက်ပေးရတဲ့အလုပ်ကို လုပ်တာပါ ဆရာ"

သူ့အသံမှာ တိုးသဲ့နေလေပြီ။ သူ့စိတ်က မာကြောသန်မာသော်လည်း အားတင်းသန်စွမ်းသော စိတ်ကို အသံက လိုက်၍ မမှီတော့ပါလား။

"ဒဏ်ရာက စကားပြောရင် ပိုပြီးနာနေလိမ့်မယ် ... စကားမပြောပါနဲ့ကွာ"

"ဒဏ်ရာက နာတာမဟုတ်ဘူးဆရာ။ စိတ်ထဲကနာသွားတာ ... ရန်သူကို ကျနော်တို့ ခုခံတိုက်ခိုက်တာ မသေမခြာ ဖြစ်သွားတော့ ... ကျဆုံးသွားရတဲ့ ကျနော့်သူငယ်ချင်းတွေအတွက်၊ ကျောင်းသားတွေ၊ လူထုတွေအတွက် ... အသတ်ခံခဲ့ရတဲ့ လူထုတွေအတွက် ကျနော်ဘာမှ ထိထိရောက်ရောက် ပြန်မတိုက်နိုင်ခဲ့ဘူး။ အဲဒါကိုပဲ စိတ်ထဲမှာနာသွားတာ ... နာကျည်းနေတာ"

သွေးရူးသွေးတန်းဖြစ်ကာ အယောင်ယောင်အမှားမှားဖြင့် ပြောနေတာမဟုတ်မှန်း ကျနော် သိလိုက်ပြီ။ ကျနော့်နားကိုပင် မယုံနိုင်လောက်အောင် အံ့သြသွားသည်။ မေးစင်းနေသော မျက်လုံးတွေက သူ့ခံစားမှုကို မပြသနိုင်တော့။ စကားလုံးတွေကသာ ပြသနေသည်။  တိတ်ဆိတ်မှုက အပ်ကျသံကိုပင် ကြားနိုင်သည်။ သူဘာထပ်ပြောမလဲ ဝိုင်းအုံ နားထောင်နေကြသည်။

"သူသေသေ ကိုယ်သေသေတိုက်ကြတာပဲ ဆရာ။ ဒါတိုက်ပွဲပဲ။ အခုတော့ ... သူကမသေ၊ လူသတ်သမားကမသေ၊ ခုခံသူကသေ။ ကိုယ်သေရမယ်ဆိုတာ ဖြစ်သွားတယ်။ ဒီအတွက် စိတ်မကောင်းဖြစ်မိတယ်။ သေနတ်ကျည်မှန်တော့ ကျနော်နာတယ်ထင်သလားဆရာ ...  မြက်ခနဲ ခံစားလိုက်ခဲ့ရတယ်။ ဒီလောက်ပါပဲ။ ရင်ဝကိုထိမှန်လဲ နာဖြစ်မှာမဟုတ်ဘူး။ ကျည်ဆန်ကို မကြောက်ဘူးဆရာ။ လူတွေကို သတ်ဖြတ်နေတဲ့ လူသတ်ကောင်တွေကို ပြန်ပြီးခုခံတိုက်ခိုက်ရမယ်လို့ စိတ်ကို ပိုင်းဖြတ်ပြီးကတည်းက ကျနော့်မှာ ကြောက်စိတ်မရှိတော့တာ... ကျည်ဆံကိုလည်း မကြောက်ဘူးဆိုတာ အဲဒါကြောင့်ပဲ။ ထိထိရောက်ရောက် ပြန်ခုခံဖို့ ကျနော့်သူငယ်ချင်း မင်းမင်းတို့ကို ပြောခဲ့ချင်တယ် ..."

သူ သိပ်မောသွားပုံရသည်။ စကားကိုရပ်လိုက်သည်။ မေးစင်းမျက်လုံးအစုံကို ပိတ်ပြီး သူ့ခန္ဓာကိုယ်ကို တချက်လွန့်လူးလိုက်သည်။ ကြောက်စိတ် မရှိတော့သည့်အခါ ကျည်ဆံကို မကြောက်ဘူးဆိုသည့် စကားလုံးမှာ ရင်တွင်းသို့ရောက်သွား။ စကားလုံးများမှာ အသံများဖြစ်သွားကာ ပဲ့တင်ထပ်လျက် ရင်ထဲတွင် မြည်ကြွေးလေသည်။

"ဒီအဖြစ်အပျက်တွေကို သင်ခန်းစာယူပြီး တစ်ကနေ ပြန်စချင်တယ်။ အမေ့ကိုပြောပြပေးပါ။ သား အတွက် မငိုပါနဲ့။ မငိုပဲ ဂုဏ်ယူလိုက်စမ်းပါလို့ ပြောပြပေးပါ။ ညီမလေးရေ ... အကို့ကို နားလည်ပေးပါနော် ..."

နောက်ဆုံး စကားလုံးများမှာ သံတွေ သံခဲတွေများ ကပ်တွယ် ပါလာခဲ့လေသလားမသိ။ စကားလုံး များမှာ အလွန်အမင်း ဝေဝါးလေးလံသွားလေပြီ။ အမောဆိုက်လာခဲ့သည်။ မျက်လုံးမျက်ခွံကို ပြန်ဖွင့်ဖို့ပင် အားမရှိတော့။ စကားမပြောနဲ့တော့ကွာဟု ကျနော်ပြောနေဆဲတွင် သူ့လက်ချောင်း အေးစက်စက်များကို ဆုပ်ထားဆဲပင် ဖြစ်သည်။

တယောက်က ဘယ်လိုလုပ်ကြမလဲ၊ ဆေးကုဖို့ စီစဉ်ထားကြသလားဟု အသံကိုနှိမ့်၍ အုပ်၍ မေးသည်။ မေးသူ၏အသံမှာ တုန်ယင်နေလေသည်။ တယောက်က ကသုတ်ကရက်ဖြင့် တုံ့ပြန် ပြောဆိုသည်။

"ကျနော်တို့လည်း ဆရာဝန်လိုက်ရှာ၊ ကားလိုက်ရှာနဲ့ ကြာသွားတယ်ဗျ။ ဒီကြားထဲမှာ အမှောင် ထဲမှာမှ လှုပ်ရှားလို့ ကောင်းမှာဆိုတော့ မြန်မြန်မှောင်ပါစေ ဆုတောင်းနေတာ။ ခုတော့ အားလုံးအဆင်ပြေပြီ။ ကျနော်တို့ ကားစီစဉ်ထားတာ လမ်းထိပ်မှာ ကားရောက်နေပြီ အသင့်ပဲ ... ဆေးခန်းက ချောင်ကျတော့ ပိုကောင်းတယ်။ ဆရာဝန်ကလည်း လုံခြုံရေး တာဝန်ယူထားပေးပါ။ သူဆေးကုပေးမယ်တဲ့။ သက်တင်က သူ့ဆရာကို စကားပြောနေလို့ ကျနော်တို့ ခဏစောင့်နေတာ "

သူတို့က သပိတ်တပ်သားတွေဖြစ်သည်။ ရပ်ကွက် သပိတ်ကော်မတီဝင်တွေလည်း ဖြစ်သည်။ တချို့က ရပ်ကွက်ကိုအလှည့်ကျ ကာကွယ်စောင့်ကြည့်နေကြသည့် ကာကွယ်ရေးတပ်သားတွေ။ အရေး တော်ပုံကာလတွင် ရပ်ကွက်မီးရှို့မှု၊ သတ်ဖြတ်လုယက်မှု၊ စစ်အုပ်စုက ထောင်တွေကို ဖွင့်ပေးလိုက်သဖြင့် ရာဇဝတ် အကျဉ်းသားတချို့၏ လုယက်ရမ်းကားမှုတို့ကို ရပ်ကွက်တိုင်း စုပေါင်းကာကွယ်ကြသည်။ ကိုယ်ပိုင် လူထုအာဏာဖြင့် ကိုယ်ပိုင်အုပ်ချုပ်ကြရသည်။ ထိုကာကွယ်ရေး တပ်သားများသည် သက်တင်မျိုးအတွက် လျှို့ဝှက်စခန်း ချထားသည့်အိမ်သို့ စောစောကတည်းက ရောက်လာခဲ့ကြခြင်းဖြစ်သည်။

သက်တင်မျိုးကို သယ်ယူသွားရန် လူငယ်နှစ်ဦးက ပွေ့ချီလိုက်စဉ် ... ဟင် သက်တင်မျိုးဆုံးပြီ။ သူ့မှာ အသက်မရှိတော့ဘူးဟု လှမ်းပြောလိုက်သည်။ ကျနော် တွေးထင်ထားသည့်အတိုင်း သူကျဆုံးခဲ့လေပြီ။ လူတချို့မှာ ကျနော့်ကဲ့သို့ပင် တုန်လှုပ်သွားသည်။ အရုပ်ကြိုးပြတ် ဖြစ်သွားသည်။ တက်ခေါက်ကြ။ သက်ပြင်း ချကြ။ ဒေါ်လှရွှေက ကျမမငိုဘူး၊ မငိုတော့ပါဘူး။ သားက အမေမငိုရဘူးလို့ ပြောခဲ့တယ်မဟုတ်လား။ သား ကျေနပ်အောင် ကျမမငိုဘူးဟုပြောရင်း သူမရင်အုံကို သူမကိုယ်တိုင် လက်ဖြင့်ဖိကာ ရှိုက်ငိုနေလေသည်။ သားရေ ... သားကြီးရေ အမေရင်ကျိုးပါပြီသားရယ် ... အမေရင်ကျိုးရပြီကွယ့် သားရဲ့။

"ဆရာ ကျနော်တို့ သူ့ရဲ့ကောင်းရဲ့ဘော်ကို ဘယ်လိုသင်္ဂြိုဟ်ကြမလဲ၊ ဘယ်လိုစီစဉ်ကြရင် ကောင်း မလဲ ... ပြောပါဆရာ"

ကျနော်နှင့် သိကျွမ်းခင်မင်သူလည်းပါသည်။ သက်တင်မျိုးကို အသက်လုဖို့ကြိုးစားကြရင်း သပိတ် တပ်သားသစ်တွေ အချင်းချင်း ခင်မင်သွားကြသည်။ အပြန်အလှန် အားကိုးယုံကြည်စိတ်ဖြင့် လေးနက် သွားကြသည်။ ကျနော်စိတ်ကူးထားသည့် ကျနော့် စိတ်ကူးကိုပြောပြသည်။ အခြေအနေနှင့် အချိန်အခါအရ ထိုသို့ စီစဉ်ရကြောင်း ရှင်းပြရသည်။ မြို့နယ်ကောင်စီရုံးအနီးရှိ ပန်းခြံပျက် သစ်တောအုပ် ကလေးထဲတွင် သူ့ကို မြှုပ်နှံရမည်ဟု ကျနော်ကရှင်းပြသည်။

✡ ✡ ✡

# ၃

တခေတ်လုံး ကျွဲနွားစားကျက်ဖြစ်နေခဲ့သည့် ပြည်သူ့ပန်းခြံအမည်ခံ မြက်ရိုင်းတောထနေသော ပန်းခြံပျက်။ ပုပျပ်ပျပ် ပျဉ်းမပင်များနှင့် ရှည်မျှောမျှော ယူကလစ်ပင်များက ကျိုးတိုးကျဲတဲ သစ်တောအုပ် ဖြစ်နေသည်။ ကောင်စီရုံးမြေကွက်နဲ့ ကပ်လျက်သား။ ခပ်လှမ်းလှမ်းတွင် ပုလိပ်ရုံးရှိသည်။ မြို့နယ် ကောင်စီရုံးကို လူထုက မီးရှို့ပြာချခဲ့သဖြင့် ပြာပုံပဲကျန်ခဲ့သည်။ မီးကျွမ်းအုတ်ခုံမြင့်သာ ကျန်ခဲ့သည်။ ထို့ကြောင့် ဤဒေသကို ရန်သူ့တပ်က လာရောက် လက်စားချေမှုန်းနေခဲ့ခြင်း ဖြစ်သည်။

စျာပနကော်မတီကို ချက်ချင်းဖွဲ့စည်းလိုက်ကြသည်။ အဖွဲ့လေးဖွဲ့။ တဖွဲ့က မြေကျင်းနက်နက် တူးရန်။ တဖွဲ့က မြေကျင်းတူးသည့် နေရာတွင် လုံခြုံမှုရယူရန် လုံခြုံရေးအဖွဲ့။ တဖွဲ့ကအလောင်းကို သယ်ထမ်း လာခဲ့ရန်။ (ဘယ်လမ်းကိုဝင်၊ ဘယ်လမ်းကိုကျော်၊ ဘယ်လမ်းကို ဖေါက်ထွက်ရမည်ဟု စီစဉ်ထားသည့်အတိုင်း သူရဲကောင်းအလောင်းကို သယ်ထမ်းလာခဲ့ရန်)။ တဖွဲ့က ဆက်သွယ်ရေး တာဝန်ကိုယူရသည်။ နှစ်နာရီအတွင်း ပြီးစီးအောင် လုပ်ရှားဆောင်ရွက်ကြမည်။ ည ၁၀ နာရီတွင် ပြီးစီးမည်ဟု စုပေါင်း အစီအစဉ် ချလိုက်ကြသည်။

ထို့ပြင် သစ္စာကတိပြုကြပြန်သည်။ သူရဲကောင်းကို သင်္ဂြိုဟ်မြှုပ်နှံနေစဉ် ရန်သူကရောက်ရှိလာပြီး ဟန့်တားနှောက်ယှက် တိုက်ခိုက်လာပါက တုန့်ပြန်တိုက်ခိုက်ရင်း သူရဲကောင်းစျာပနကို ပြီးစီးအောင် ကျင်းပ သွားမည်ဟု ကတိပြုလိုက်ကြသည်။

ကျနော်က မြေကျင်းတူးသည့်အဖွဲ့နှင့် လုံခြုံရေးအဖွဲ့ကို တာဝန်ခံထားရပြီး ကျနော်ကိုယ်တိုင် ကူပြီး မြေကျင်းတူးနေခဲ့သည်။ ဤနေရာ မြေကွက်တောအုပ်သည် သင်္ချိုင်းမဟုတ်။ သို့သော် ဘာမှမတတ်နိုင်။ သူရဲကောင်းတဦး၏ အမှတ်တရ သမိုင်းမှတ်တိုင်အဖြစ် ပြောင်းလဲပစ်လိုကြသည်။ မြေကျင်းတူးရင်း မြို့စွန် တနေရာမှ သေနတ်သံများကို ကြားနေရသည်။ ညတိုက်ပွဲဖြစ်နေပြီ။ ထိုသေနတ်သံများအောက်တွင် သူရဲကောင်းတွေ ဘယ်နှစ်ယောက် အသက်စွန့်သွားကြမလဲ။ သူရဲကောင်းတို့၏ညသည် အမှောင်ထု သေနတ် သံအောက်တွင် အကျည်းတန်လွန်းနေကာ တောက်ပရင်ကော့ နေလေတော့သည်။

ထိုတိုက်ပွဲသံသည် အလှမ်းဝေးကွာလှသည်မဟုတ်။ ထိုတိုက်ပွဲသည် ကျနော်တို့ထံသို့ ရောက်လာ ခဲ့လေမလား။ စစ်ကားတွေ ရောက်လာနိုင်သည်။ အချိန်မရွေး တိုက်ပွဲဖြစ်နိုင်သည်။ လုံခြုံရေးအဖွဲ့မှ လူနှစ် ယောက်က ကျနော်တို့ မြေကျင်းတူးသည့်အဖွဲ့သို့ အပြေးရောက်လာခဲ့ကာ ကျနော်တို့ရှိရာသို့ စစ်ကားတွေ ဦးတည် မောင်းလာနေပုံရသည်ဟု သတင်းလာပို့သည်။

“တကယ်လို့ စစ်ကားတွေရောက်လာပြီး ကျနော်တို့ကို ရှာတွေ့သွားပြီဆိုရင်တော့ အလောင်း လုရမှာပဲ ... ကျနော်တို့ဘက်က ကျနော်တို့သူရဲကောင်းကို ကျနော်တို့ကိုယ်တိုင် သင်္ဂြိုဟ်နှုတ်ဆက်မယ် ... ရန်သူ့လက်ထဲ ပါမသွားစေရဘူး။ ရန်သူ့စစ်ကား ရောက်လာရင် ပထမဆုံး ကျနော်တို့လုပ်ရမှာက အလောင်း နဲ့အတူ ခြုံပုတ်တွေထဲမှာ ဝင်ရောက် ခိုအောင်းနေကြရမယ်။ ကားလမ်းမနဲ့ သိပ်မနီးသိပ်မဝေးတဲ့ မှောင်ရိပ် ထဲမှာ ကျနော်တို့ ရောက်နေကြတဲ့အတွက် ဆေးလိပ်မသောက်ပါနဲ့ ... မီးခြစ် မခြစ်ပါနဲ့“

သတင်းလာပို့သော သပိတ်တပ်သားနှစ်ဦးကို သတင်းပါးလိုက်သည်။ ကျနော် ရင်ခုန်လှိုက်မော သကဲ့သို့ အားလုံး သပိတ်တပ်သားတွေလည်း လှိုက်မောပူပန်ခဲ့ကြသည်။ ရန်သူ့ကားသံများမှာ တဖြည်းဖြည်း နီးကပ်လာခဲ့သည်။ မကောင်းဆိုးဝါးတွေ အော်ဟစ် ပြေးလာခဲ့သည့် အသံများအဖြစ် စက်ဆုတ်ရင်း ရင်ခုန် နေကြသည်။

✡ ✡ ✡

# ၄

ညကိုးနာရီခွဲလုနီးနီးတွင် သက်တင်မျိုး၏ အလောင်းကို ထမ်းသယ်လာခဲ့ကြသည်။ ယူကလစ်နှင့် ပျဉ်းမပင် တောအုပ်ကလေး၏ မှောင်ရိပ်ကို အကာအကွယ် ယူထားကြပြီးဖြစ်သည်။ ဘုန်းကြီးသုံးပါးကို ပင့်လာခဲ့သဖြင့် ကျနော့်မှာ အံ့သြချီးမွမ်းနေမိသည်။ မြေက ရွှံ့ဗွက်များဖြင့် အေးစက်စိုစွတ်နေသည်။ ပန်းခြံထဲက ချောင်ကျကျ ကုန်းမြင့်မြင့်တနေရာကို ရွေးချယ်ပြီး မြေကျင်းတူးထားပြီး ဖြစ်သည်။ ရွှံ့ဗွက်နွံတောတွေကို ဖြတ်ကာ အလောင်းကို သူတို့သယ်လာခဲ့ကြခြင်း ဖြစ်သည်။ ခေါင်းတလား လုပ်နေချိန်၊ ဝယ်ယူချိန်မရတော့။ အလောင်းကို ဖျာဖြင့်လိပ်ပတ်ကာ ထမ်းလာခဲ့ကြခြင်းဖြစ်သည်။

ဘုန်းကြီးသုံးပါးက သရဏဂုံတင်ပြီးသည်နှင့် သူရဲကောင်း သက်တင်မျိုးကို မြေကျင်းတွင် ချလိုက်ကြသည်။ အားလုံးက သဘောတူတောင်းဆိုခဲ့သဖြင့် ကျနော် စကားပြောခွင့်ရသည်။ အလေးပြုရန် စီစဉ်ခွင့်ရခဲ့သည်။ သပိတ်တပ်သားများကိုယ်စား၊ လူထုရဲ့ကိုယ်စား သဝဏ်လွှာဖတ်သည့်သဘော၊ ကမ္ပည်းထိုးမှတ်တမ်းတင်သည့် သဘောပင်ဖြစ်သည်။

"ဒီမိုကရေစီတိုက်ပွဲအတွင်းမှာ ကျဆုံးသွားသောပြည်သူများ၊ အသက်ပေးသွားကြသော သူရဲကောင်းများနှင့်တကွ သူရဲကောင်း သက်တင်မျိုးကို အလေးပြု"

ကျနော့်အသံမှာ လှိုက်ဆို့နေသည်ဟု ထင်သည်။ ခေါင်းမှ ဆံပင်ဖျားမှာ ဓါတ်လိုက်ခံရသကဲ့သို့ ထောင်ထနေသည်ဟု ခံစားရသည်။ ဝမ်းနည်းကြေကွဲခြင်း သက်သက်မဟုတ်တော့။ ခံပြင်းတက်ကြွစိတ်က ကျနော့်တကိုယ်လုံးကို တောင့်ကြွမာကြော လာစေခဲ့သည်။

"လေသံနဲ့ ရင်ထဲကလိုက်ဆိုပေါ့ ... သင့်ရဲ့တိုက်ပွဲ ... ငါတို့ရဲ့ မပြီးဆုံးသေးတဲ့တိုက်ပွဲကို ငါတို့ ဆက်လက်ဆင်နွှဲပါ့မယ် ... ဒီမိုကရေစီအရေးတော်ပုံ မုချအောင်ပွဲခံရမှာဖြစ်တယ် ...ငါတို့ ဆက်တိုက်သွားပါ့မယ်"

အတွဲလိုက် ပစ်လိုက်သော သေနတ်သံက အမှောင်ထုကိုထိုးခွဲကာ ပဲ့တင်ဟိန်းသွား။ သိပ်မဝေးလှ။ သုံးလေးဖာလုံမျှပင် ဝေးမည်မထင်။ ရန်သူ၏ ကားသံက နီးလာပြီ။ လူရိပ် မည်းမည်းမြင်ရာကို လှမ်းပစ်နေပုံရသည်။ ဒီရက်ထဲတွင် အစာတော်ခံ ဆန္ဒပြပွဲများကို ခေါင်းမထောင်နိုင်အောင် ချေမှုန်းထားခဲ့ပြီးဖြစ်သည် မဟုတ်လား။ သူရဲကောင်းဈာပနကို အလေးအနက် သဂြိုဟ်နေကြသော သပိတ်တပ်သားများက သေနတ်သံကြားသည်နှင့် အလိုအလျောက် မြေပြင်ပေါ်တွင် ထိုင်ချလိုက်ပြီးသား ဖြစ်နေခဲ့သည်။ သူရဲကောင်း သက်တင်မျိုးကို ကျနော်က ဆက်လက် မှတ်တမ်းတင် ကျူးရင့်ပြောကြားသောအခါ လူတိုင်းမတ်တပ်ရပ်ကာ ငြိမ်သက်အလေးပြုကြပြန်သည်။

"အာဏာရှင်စနစ်နဲ့ ဖက်ဆစ်စစ်အုပ်စုကို လူထုနဲ့အတူ သက်တင်မျိုးဟာ တော်လှန်ခဲ့တဲ့ ထက်မြက်တဲ့ လူငယ်တဦးဖြစ်တယ် ... အသင်ဟာ ကိုယ်ကျိုးစီးပွားအတွက် လုပ်ရင်းကိုင်ရင်း သေသွားခဲ့တာ မဟုတ်ဘူး ... အခုလိုအသက်ပေးပြီး တော်လှန်ခဲ့တဲ့သင့်ကို ငါတို့ ဂုဏ်ယူနေမှာဖြစ်တယ် ... သေနတ်မကြောက် ... ကျည်ဆံမကြောက်တဲ့ ခေတ်ရဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့တဲ့ သင့်ရဲ့စိတ်ဓါတ်ဟာ ဘယ်တော့မှ မသေဆုံးနိုင်တဲ့ အာဇာနည် သူရဲကောင်းစိတ်ဓါတ်ဖြစ်တယ်... ဟောဒီ တည်ငြိမ်ရင့်ကျက်တဲ့ မဟာပံသုကို ငါတို့ သက်သေပြုလိုက်ပါတယ်။ သင့်ရဲ့စိတ်ဓါတ်ကို ငါတို့ရင်ထဲ နှလုံးသွေးကြောတွေထဲမှာ ထည့်ထားပါ့မယ် ... ဦးညွှတ်စိုက်ထူ ထားလိုက်ပါ့မယ် ..."

ဂုဏ်ပြုပြောကြားအပြီး မင်းမင်းက သူငယ်ချင်း ချစ်ရဲဘော်ကို နှုတ်ဆက်ဂုဏ်ပြုသည်။

"သက်တင်ရေ ... ငါပဲပေါ့ ... မင်းအတွက်ဂုဏ်ယူတယ်။ သေမင်းကျည်ဆံက ငါ့မမှန်ခဲ့တာဟာ ရန်သူသေမင်းကို ငါဆက်လက် တိုက်ပွဲဝင်ဖို့ ထားခဲ့တာဖြစ်တယ် ... မင်းအတွက် ... ပြည်သူတွေအတွက် အသက်ပေးပြီ ဆက်လက် တိုက်ပွဲဝင်သွားမှာပါ ... မင်းဟာ ငါ့ရဲ့လမ်းပြသူရဲကောင်းဆိုတာကို ငါ့ရင်ထဲမှာ သိမ်းထားပါ့မယ် ... မင်းကျဆုံးသွားတော့ ငါ့ရင်တွေ ကွဲကျေသွားတယ်ကွာ ... ဒီကောင်တွေကို တသက် မကျေဘူး ကမ္ဘာမကျေဘူးကွ"

မင်းမင်းကို ကျနော် ဆွဲပွေ့ထားလိုက်ရသည်။ သူ့ဂုဏ်ပြုပြောကြားသံသည် ဆို့၍ လှိုက်လှဲကာ ပေါက်ကွဲလာခဲ့သည်။ မှန်တိုင်း အတိုက်ခံရသည့် သစ်ပင်မြင့်မြင့်တပင်နှယ် သူ့ရင်သည် သွက်သွက်ခါအောင် ယိမ်းထိုး လှုပ်ခပ်နေပြီဖြစ်ကြောင်း ကျနော်သတိပြုလိုက်မိသည်။ သူ့ပုခုံးထက်သို့ ကျနော့်လက်က ကျရောက် သွားကာ တင်းတင်းရစ်ရစ် ဖက်ထားလိုက်မိသည်။

"သားကြီးရေ မနိုးသောအိပ်ချင်းနဲ့ အိပ်ပေတော့ကွယ် ... သားက အမေ့ကို သူရဲကောင်းရဲ့ အမေ ဖြစ်အောင် လုပ်ခဲ့တာပေ့ါနော် ... လူယုတ်မာရဲ့ အမေမဟုတ်တဲ့အတွက် အမေ့ဘဝမှာ မျက်နှာပန်း လှနေမှာပါ ... မျက်နှာပန်းမလှရင်လဲ နေပါစေ ... အမေ့သားကိုပဲ အမေပြန်ရချင်တယ် ... ဒီသေမင်းတွေ မကောင်းဆိုးဝါး ကောင်တွေက လူတွေကို ပစ်ခတ်သတ်ဖြတ် ဒုက္ခပေးနေလို့ ငါတို့သားအမိတွေ လမ်းခွဲရပြီကွဲ့... သားကြီးရဲ့ ... နှမြောလိုက်ပါဘိသားရယ်"

သပိတ်တပ်သားများက မချိတင်ကဲ ကျိတ်ငိုနေသော ဒေါ်လှရွှေတို့ သားအမိကို တွဲခေါ်လာခဲ့ကြ သည်။ မှောင်ရိပ်ခိုကာ တသုတ်ပြီးတသုတ် ကသုတ်ကရက် ထွက်ခွာလာခဲ့ကြသည်။ ကျနော်နဲ့ နောက်ဆုံး ကျန်ခဲ့တဲ့လူထုသည် လမ်းမကြီးကို ဖြတ်ကူးကြသည်။ သေနတ်သံများက အဝေးမှ၊ အနီးဆုံးနေရာမှ ပေါ်ထွက် လာနေဆဲ။ သူရဲကောင်း ကြယ်ပွင့်တွေမှာ သည်လိုညမျိုးတွင် ကြွေတတ်သည်။ ကြွေနိုင်သည်။ သူရဲကောင်း သက်တင်မျိုးကို အမှောင်ညက မှတ်တမ်းတင်ခဲ့လေပြီ။ ညကိုယ်တိုင် ငိုကြွေးလိုက်ကာ မျက်ရည်စက်အဖြစ် ကြယ်တပွင့်ကို မဟာပံသုမြေလွှာပေါ်သို့ ခြွေချလိုက်လေသည်။

စစ်ကားတစီးသည် မောင်းလာခဲ့ရာမှ သက်တင်မျိုးကိုမြှုပ်နှံခဲ့ရာ အာဇာနည် သူရဲကောင်း ဗိမာန် မြေကွက်တည့်တည့် နေရာရောက်သည်နှင့် ကားကို အရှိန်လျှော့ချလိုက်သည်။ သေနတ်သံများ ပေါ်ထွက် လာသည်။ "စောစောက ဒီမှာလူရိပ်တွေ့တယ် ... ပစ် ... ပစ်စမ်း"ဟု အမိန့်ပေးလိုက်သည့်နောက် သေနတ်သံများ တရစပ် ပေါ်ထွက်လာခဲ့သည်။

■ ■ ■

ဒီဇင်ဘာ – ၉ ၊ ၂၀၀၇
သစ္စာအမှတ် (၁၆)၊ ဖေဖော်ဝါရီ၊ ၂၀၀၈

# တစ္ဆေ အိပ်မက်

၁

ကျနော်သည် နှင်းထုထဲတွင် ပြေးနေခဲ့ရသည်။ မြေသား၊ မြေလွှာတခုလုံးကို နှင်းထုက ဖုံးလွှမ်းသိမ်းပိုက်ထားသည်။ တညလုံး မိုးပွင့် နှင်းလွှာတွေ အဆက်မပြတ် ကျဆင်းလာခဲ့သဖြင့် မြေပေါ်တင်နေသော နှင်းထုမှာ ဆယ်လက်မခန့် ရှိနေပေလိမ့်မည်။ ထိုနှင်းထုထဲတွင် ကျနော် ပြေးလိုက်လာခဲ့ခြင်းဖြစ်သည်။ သမီးလေးကို တွေ့မှ တွေ့ရပါတော့မလား။ လွဲသွားပြီလား။ သူ့သူငယ်ချင်း တွေနဲ့မှ တွေ့ပါ့မလား။ ထိုပူလောင်သော သောကကြောင့် စိတ်ဇောအဟုန်သည် ကြီးမားလာခဲ့ကာ အရာခပ်သိမ်းတို့သည် ကျနော့် နောက်ကျောဘက်တွင် ကျန်ရစ်ခဲ့သည်။ အိမ်ခြံတခုနှင့် ကားလမ်းကိုကျော်လာခဲ့သည်။ သမီးကိုမတွေ့ရသေး။ ပို၍ လိုက်ဖိုမောပန်းလာသည်။ ပူလောင်သွားသည်။ သုညဒီဂရီအောက် ရောက်ရှိနေသော ရေခဲအမှတ် အအေးဓာတ်က ကျနော့်ကို သိမ်းပိုက်နေသော်လည်း သိမ်းပိုက်မိဖို့နေနေသာသာ ထိုရေခဲအမှတ်သည် ကျနော့်အပူကြောင့် တံလျှပ်အခိုးအငွေ့များ ဖြစ်ကုန်ကြသည် ဟုထင်သည်။ အိမ်ကထွက်လာခါနီး ကြုံရာအနွေးထည်တထည် ကောက်ကာငင်ကာဝတ်ကာ ရှူးဘိနပ်တရံကို ကောက်စွပ်လာခဲ့သဖြင့် ခေါင်းစွပ်ဦးထုပ်ပါမလာခဲ့။ လက်အိပ်များစွပ်မလာခဲ့ရ။ ရေခဲနှင်းပြင်ကြီးကို ဖြတ်လျှောက်ရင်း သမီးကိုရှာခဲ့သည်။

ပန်းခြံအစပ်ရှိ သစ်ပင်ကြီး သုံးလေးပင်ကို ကျော်လွန်လိုက်သည်နှင့် မြင်ကွင်းသည် ရှင်းကနဲဖြစ်သွားသည်။ ဟဲလ်မီ(ကယ်ကြပါအုံး)ဆိုသောအသံက ကျနော့်ခန္ဓာကိုယ်တခုလုံးကို သိမ့်သိမ့်ခါအောင် တုန်လှုပ် ပစ်လိုက်သည်။ ကျင်ခနဲ ခံစားလိုက်ခြင်းနှင့်အတူ ကျနော့် ခြေထောက်အစုံသည် ရှေ့သို့ လှမ်းမထွက်နိုင်ပဲ တုံ့ရပ်သွားသည်။

" သမီးလေး ... ဖေဖေလာပြီ ... ဖေဖေလာပြီ "

"ဖေဖေ သမီးတို့ကိုကယ်ပါအုံး ... သမီးတို့ကိုကယ်ပါ"

" ဟေ့ကောင်တွေ ... ခလေးနှစ်ယောက်ကို လွှတ်လိုက်ပါ ... လွှတ်ပါ "

နှင်းထုကြီးထဲကနေ ကျနော်ခုန်ထွက်လိုက်သည်။ မြေပြင်ပေါ် လျှောက်လှမ်းရသကဲ့သို့ မဟုတ်။ ရေထဲ ပြေးရသကဲ့သို့ တုံ့ဆိုင်းနေသည်။ နှင်းမှုံထဲတွင် ခပ်ဝါးဝါး တွေ့နေရသော သမီးလေးထံသို့ ကျနော့်ခြေလှမ်းများကို ဆန့်ထုတ် ရုန်းဆွဲနေမိသည်။ လူဆိုးက နှစ်ယောက်။ သမီးနှင့် သမီးသူငယ်ချင်းကို သိမ်းပွေ့ဖမ်းချုပ်ထားသည်။ သမီးသူငယ်ချင်းတွေထဲက ဘယ်သူဖြစ်မလဲ။ အမြင်အာရုံထဲတွင် မရှင်းလင်းသေး။ သမီးကလေးမှာ အသက်ဆယ့်နှစ်နှစ်သာ ရှိသေးသည်။ အပျိုပေါက်ဘဝကိုပင် မရရှိသေး။ အရပ်က ရှည်မျောမျောဖြစ်နေသည်ကလွဲ၍ အပျိုပေါက်စ လက္ခဏာရပ်များ သမီးလေးတွင်မရှိ။ ဘာမှမရှိ။ ခလေးတယောက် ခလေးအရွယ်သာ ဖြစ်သည်။

" ရှေ့မတိုးခဲ့နဲ့... ရပ်နေ ... ငါ့ကျည်ဆန်က မင်းရဲ့ ခန္ဓာကိုယ်ထဲ ဖောက်ဝင်ဖို့ အသင့်ဖြစ်နေပြီးသား ... မင်းရှေ့တလှမ်း တိုးလိုက်တာနဲ့ မင်းရင်ဘတ်ထဲကို ကျည်ဆံက ရောက်သွားမယ်ဆိုတာ ငါ့လူရေယုံပေတော့ "

အသက်အန္တရာယ် ကျရောက်တော့မည်ဆိုသည့် အသိတရားက ကျနော့်ခြေလှမ်းတွေကို ရပ်တန့်စေခဲ့သည်။ လူဆိုးနှစ်ယောက်က အရပ်မြင့်မြင့်၊ ဗလ ကောင်းကောင်း။ တယောက်က အဖြူ။ တယောက်က အမဲ။ အသက်က သုံးဆယ်ဝန်းကျင်ပဲ ရှိလိမ့်မည်။ သူတို့ကားဆီသို့ သမီးတို့ကို အဓမ္မပွေ့ချုပ်ပြီး ခေါ်သွား

နေစဉ် ကျနော့်ကို မျက်နှာချင်းဆိုင် သူတို့နှင့်ကျနော် ပေတရာခန့် ဝေးပေမည်။ သမီးတို့ပါးစပ်ကို သူတို့လက်ဝါးများဖြင့် ပိတ်ကာ လှုပ်မရအောင် ဖမ်းချုပ်ထားသည်။ ကျနော် သိပ်ပြီးအံ့သြသွားရခြင်းမှာ သမီးလေးနဲ့အတူ အဓမ္မခေါ်ဆောင်ခြင်း၊ အနိုင်အထက်ပြုကျင့်ခြင်း ခံနေရသည့် မိန်းကလေးမှာ စစ်စယ်လီယာ ဖြစ်နေသောကြောင့်ပင်တည်း။

ဒီကလေးမကလေးသည် သေရာမှ ထလာခဲ့လေသလား။ လွန်ခဲ့သည့် ဆယ့်ငါးရက်က အဓမ္မပြုကျင့်ခံရပြီး အသတ်ခံခဲ့ရသည်။ မြို့နှင့်ဝေးကွာသော တောအုပ်တခုတွင် သူ့အလောင်းကို ရဲက သွားတွေ့ခဲ့ခြင်းဖြစ်သည်။ မက်စီကိုမိသားစုမှ ပေါက်ဖွားလာခဲ့သော သမီးကလေး။ ကျောင်းကအပြန်တွင် ဖြားယောင်းသွေးဆောင်ခြင်းခံရပြီး လူသတ်သမားလက်တွင် အဓမ္မပြုကျင့်ခြင်း ခံခဲ့ရသည့် မိန်းကလေး။ သတင်းစာတွင် သူ့သတင်း ကိုဖတ်ရှုခဲ့ရခြင်းဖြစ်သည်။ ယခုအိမ်က သမီးကလေး ပေရယ်စိုးနှင့်အတူ ဓားစာခံဖြစ်နေသည့် စစ်စယ်လီယာကို ရန်သူ့လက်တွင် တွေ့ရသောအခါ အလွန်အမင်း အံ့သြသွားမိတော့သည်။

ပေတရာခန့်အဝေးမှ ကျနော့်အား သေနတ်ဖြင့် ချိန်ထားပြီဆိုသည်ကို သိလိုက်ရသဖြင့် အနွေးထည်အိတ်ထဲမှ ပစ္စတိုသေနတ်ကို ကျနော်ဆွဲထုတ်ကာ မောင်းတင်လိုက်သည်။ ကျနော့်ကိုယ် ကျနော်လည်း ကျနော်အားကိုးနစ်သက်သည့် မောင်းပြန် အော်တိုရိုင်ဖယ်ကို ယူမလာရကောင်းလားဆိုပြီး ကျိန်ဆဲ တက်ခေါက်နေမိသည်။ ပြန်ယူရရင် ကောင်းမလား။ အတွေးက လက်ခနဲ ဖြစ်သွားသည်။ ပြန်ယူလို့မဖြစ်။ အိမ်ကို ပြန်လှည့်သည်နှင့် သမီးကလေးနှင့် လွဲသွားမှာဖြစ်သည်။ ထို့ကြောင့် ကျည်အပြည့် ထည့်ထားသည့် ပစ္စတိုကိုပဲ အားကိုးရတော့သည်။ သေနတ်မောင်းကိုဆွဲရန် လက်ညှိုးဖြင့် အသင့်ပြင်ထားကာ ဘယ်လက်ဝါးလက်ဆုပ်ထဲတွင် ညာလက်ကိုထည့်ကာ ချိန်ထားလိုက်သည်။ တမိနစ်အတွင်း အသင့်ဖြစ်သွားသည်။ လှုပ်ရှားမှုမှာ တိပ သွက်လက်လွန်းလှသည်။ နဖူးနှင့်ခေါင်းတွင် ချွေးဖြင့် စိုစွတ်သွားသည်။ လှိုင်းထ မောဟိုက်နေသောရင်ကို ထိန်းချုပ်ထားရသည်။

“ဟုတ်ပြီ ... မင်းပြောတဲ့အတိုင်း ငါရှေ့မတိုးဘူး ဟုတ်ပြီ ... ရှေ့ကို မတိုးစေချင်ဘူးဆိုရင် အဲဒီအပြစ်မဲ့တဲ့ ကလေးနှစ်ယောက်ကို လွှတ်လိုက်ပါ ... ငါ့ သမီးလေးနဲ့ သမီးရဲ့သူငယ်ချင်းကို လွှတ်ပေးပါ ...အဓမ္မအနိုင်ကျင့်မှုကို ရပ်တန်းကရပ်လိုက်ပါ ... မရပ်ဘူးဆိုရင် ငါ့ကျည်ဆန်တွေက မင်းတို့ခေါင်းတွေထဲ ဝင်သွားလိမ့်မယ် ... ဒီတော့ အပြစ်မဲ့တဲ့ အပြစ်ကင်းတဲ့ ကလေးနှစ်ယောက်ကို လွှတ်လိုက်ပါ။”

စစ်စယ်လီယာကို သိမ်းပွေ့ဖမ်းချုပ်ထားသော အမဲကောင်လူဆိုးက ကျနော့်ကို ကျောခိုင်းကာ ကားဆီသို့ ရွေ့လျားနေသည်။ သမီးလေးကို ချုပ်ကိုင်ထားသော အဖြူကောင်က နောက်ဖက်သို့ တလှမ်းခြင်း ဆုတ်သွားနေသည်။ သမီးလေးသည် ဒရွတ်တိုက် ပါသွားနေလေပြီ။ ပန်းခြံထောင့်အနီး ကားလမ်းပေါ်တွင် အသင့်ရပ်ထားသော အညိုရင့်ရောင် ကားရှိရာသို့ သမီးလေး နှစ်ယောက်ကို ဆွဲခေါ်သွားနေကြခြင်း ဖြစ်သည်။ ကျနော့်အတွက် အကောင်းဆုံး အခွင့်အရေးကို ရလိုက်လေပြီ။ အမဲကောင်၏ နောက်ကျောကို အသေအချာချိန်ပြီး ပစ်လိုက်သည်။ ပထမတချက်က လွဲချော်သွားသော်လည်း ဒုတိယ ပစ်လွှတ်လိုက်သော ကျည်ဆံက အမဲကောင်၏ ကျောသို့ ထိမှန်သွားသည်။ နှင်းလွှာဖြူလွှပေါ်သို့ ကြဲချလိုက်သည့် သွေးစက်များကို တရဲရဲတွေ့လိုက်ရသည်။ ငမဲကောင်သည် နှင်းပြင်ပေါ်သို့ ကားကနဲ လဲကျသွားသည်ကိုလည်း မြင်လိုက်ရသည်။

သန်မာထွားကျိုင်းသော အပျိုပေါက်မ စစ်စယ်လီယာသည် အာဖရိကန် အမေရိကန် လူရမ်းကားလက်မှ လွတ်သွားသွားခြင်း အဖြူကောင်ထံ တဟုန်ထိုးပြေးကာ အဖြူကောင်၏ ခေါင်းနောက်ပိုင်းကို လွှဲ၍လွှဲ၍ ရိုက်လေတော့သည်။ အမေရိကန် အဖြူကောင်က သမီးကို ဖမ်းချုပ် ဒရွတ်တိုက် ဆွဲခေါ်ရင်းက စစ်စယ်လီယာကိုလည်း လှမ်းကန်ခဲ့၊ ကျိန်းမောင်းခဲ့သည်။ အမဲကောင် လက်ထဲမှ လွတ်လာကတည်းက ရပ်ကွက် ပတ်ဝန်းကျင်

ကြားသိစေရန် စစ်စယ်လီယာသည် တစာစာ အော်ဟစ် အကူအညီ တောင်းဆဲ။

"ရှေ့မတိုးနဲ့ ပစ်လိုက်မယ် ... မင်းသမီးကိုသနားရင် ရှေ့မတိုးနဲ့ မင်းသမီးရဲ့ အသက်ဟာ ငါ့လက်ထဲမှာ ရှိနေတုန်းပဲ "

ပန်းခြံနှင့် ပန်းခြံအနီး ရပ်ကွက်သည် နံနက်စောစော ကလေးများ ကျောင်းသွားချိန် ဖြစ်သော်လည်း ငြိမ်သက်ဆဲ။ အဖြူကောင်၏ ဟိန်းဟောက် ခြိမ်းခြောက်သံက ပန်းခြံကို လွှမ်းသွားသည်။ ရပ်ကွက်ထဲ ပဲ့တင်သွားသည်။ သို့သော် ငြိမ်သက်ဆဲ။ တလောကလုံး သေကုန်ကြပြီးလားမသိ။ အဖြူကောင်သည် သမီးလေးကို နားထင်သို့ သေနတ်ဖြင့် တေ့ထားနေပြီကော။ ဝရုန်းသုန်းကား ပြေးလာနေသော ကျနော့် ခြေလှမ်းတွေကို ရပ်လိုက်ရသည်။ သမီးထံမှ ငိုသံများ ထွက်လာနေသည်။ သမီးလေးကို ဘယ်လိုကယ်တင် ရပါ့မလဲ။ စိတ်ထဲတွင် မီးဖိုပေါ်က ရေနွေးအိုးကဲ့သို့ ပူလောင်လှိုက်ဆူခဲ့ပြီ။ နှလုံးခုန်သံမှာ စက်ကဲ့သို့ ဆူညံနေတော့သည်။

စစ်စယ်လီယာသည် အဖြူကောင်ထံမှ ထွက်ခွာသွားသည်။ ဘယ်ရောက်သွားသလဲ။ ဘယ်ပျောက်သွားပြီလဲ။ စိတ်ထဲက လှမ်းအော်ကြည့်သည်။ သစ်ပင်တပင်၏ ပင်စည်နောက်ကွယ်တွင် ရောက်သွားပုံရသည်။ ကသုတ်ကရက် ပြေးထွက်လာစဉ် ကလေးမ၏ လက်ထဲတွင် သစ်ကိုင်းခြောက် တုတ်တချောင်း ပါလာသည်။ အဖြူကောင်၏ ဦးခေါင်း နောက်စေ့ကို ထိုတုတ်ဖြင့် တအား လွဲရိုက်လိုက်စဉ် သေနတ်သံ ကြားလိုက်ရသည်။ နှင်းထုထဲသို့ ကျနော်ရုတ်တရက် ပစ်လှဲချလိုက်မိသည်။ ကျနော်ကို လှမ်းပစ်လိုက်သည် အထင်နှင့် ရှောင်လိုက်ပုံရသည်။ ခေါင်းကို အရိုက်ခံရစဉ် အဖြူကောင်က အယောင်ယောင်အမှားမှားဖြင့် သမီးလေးနာထင်ကို တေ့ပစ်လိုက်ခြင်းလား။ ကျနော် ကုန်းရုန်းထလာပြီး အဖြူကောင် လူရမ်းကားနောက်သို့ အပြေးလိုက်ခဲ့သည်။ ကလေးနှစ်ယောက်က ကျနော့်ထံ အော်ဟစ်ပြေးလာခဲ့ကြသည်။ လူယုတ်မာ အမေရိကန်သည် သူ၏ကားဆီ ရောက်သွားပြီး ကားကို အကာအကွယ်ယူကာ ကျနော့်ရင်ဝဆီသို့ တည့်တည့်ချိန်ကာ ပစ်ထည့်လိုက်သည်။ ကျနော်ပစ်ခတ်၍ လဲကျသေဆုံးနေသော အမဲကောင်၏ အလောင်းနှင့် မလှမ်းမကမ်းတွင် ကျနော် လဲကျသွားသည်။ ကျနော်ရင်ဘတ်ဆီမှ ပေါက်ထွက် ဖြာကျလာသည့် သွေးစက်တို့သည် နှင်းလွှာပေါ်တွင် နီမြန်းသွားသည်ကို ကျနော်ကိုယ်တိုင် တွေ့လိုက်ရသည်။ သမီးလေးက ကျနော့်ခန္ဓာကိုယ်ပေါ်သို့ ပိကျလာသည်။ ပြေးလာခဲ့သည့် အရှိန်အဟုန်ကို မထိန်းနိုင်တော့ပဲ ထပ်ကျပိကျလာခဲ့ခြင်း ဖြစ်သည်။

" ဖေ ဖေ "

" သမီးလေး "

✡ ✡ ✡

## ၂

" သမီးလေးရေ ... သမီးလေး "

သမီးလေးကို အော်ဟစ် ခေါ်ငင်နေသော အကြောင်းကြောင့်ပင် ကျနော်အိပ်ရာက ရုတ်တရက် နိုးထခဲ့ပုံရသည်။ ကျနော် သတိရသောအချိန်တွင် အိပ်ရာဘေးတွင် ကျနော် မတ်တတ်ရပ်မိလျက်သား ဖြစ်နေခဲ့သည်။ သက် အလုပ်သွားသည်ကိုပင် မသိလိုက်။ နံနက်စောစော ငါးနာရီငါးဆယ်တွင် အိမ်ကထွက်နေကျ။ တကယ်လို့ သူအလုပ်မသွားမီ အိပ်ပျော်နေဆဲ၌ ကျနော်ကယောင်ကတမ်းဖြင့် ယွန်းကဲ့သို့ ဟစ်အော် ခေါ်ငင်နေမည်ဆိုလျှင် "ကိုကို ... ဘာတွေ အိပ်မက်မက်နေတာလဲ " ဟုဆိုကာ ကျနော့်ကို ပုတ်နိုးပေလိမ့်မည်။ ကျနော့်ကို မေးခွန်းတွေတသီကြီး မေးပေလိမ့်ဦးမည်။ အခုတော့ သက်က အလုပ်ကိုရောက်နေပြီ။

ကျနော်သည် တခုခုကို သတိရလာကာ အမှောင်ခန်းထဲမှ စမ်းတဝါးဝါးဖြင့် ထွက်လာခဲ့သည်။ အိပ်ခန်းတံခါးကို တွန်းထွက်လာပြီး သမီးအခန်းကို အသာအယာ စမ်းဖွင့်သည်။ မီးခလုတ်ကို ညှစ်၍ဖွင့်သည်။ စောင်ပုံထဲတွင် တစောင်းလှည့်ကာ အိပ်ပျော်နေသော သမီးလေးကို မီးရောင်အောက်တွင် အထင်းသား တွေ့လိုက်ရသည်။

သမီးက ကျောင်းမသွားမီ ကျနော်တို့နှိုးစရာမလို။ သူ့ဝိရိယနှင့်သူ အိပ်ရာက နိုးနေကျ။ သမီးကို မနှိုးတော့ပဲ ကျနော် အိပ်ခန်းထဲ ပြန်ဝင်လာခဲ့သည်။ ကန့်လန့်ကာကိုဖယ်ပြီး အပြင်ကို လှမ်းကြည့်ပါသည်။ နှင်းပွင့် နှင်းလွှာများမှာ တသဲသဲ တဝေ့ဝေ့ ကျနေဆဲ။ တလောကလုံး ဖြူဖွေး ညှံ့ညက်နေလေသည်။ အပူချိန်က ရေခဲအမှတ်အောက် ရောက်နေပြီ။ အိပ်ယာပေါ် ထိုင်ချလိုက်စဉ် ကျနော့်ကိုယ်ကျနော် သတိပြုမိသည်။ အိပ်မက်ထဲတွင် ရန်သူနှင့် တိုက်ခိုက်ခဲ့ရသဖြင့် မောဟိုက်ခဲ့ရသည့် အမောသည် ရင်ထဲတွင် လက်ကျန် ရှိနေသေးသည်။ ရင်သည် တဒိတ်ဒိတ် ခုန်မြည်နေဆဲ။ အတွင်းခံစွပ်ကျယ်သည် ချွေးတဝက် စွတ်စိုနေသည်။ အိမ်မက်ဟာ တရားခံလား။ အိမ်မက်ထဲကဒေါသမှာ အနယ်မထိုင်သေးပဲ တငွေ့ငွေ့ လောင်နေဆဲ။

မသိစိတ်မှာ သိုလှောင် စုစည်းထားခဲ့သည့် ခံစားမှုများ အချက်အလက်များနှင့် သိမြင် ရှုမြင်ချက် အစွဲအလန်းများကို ဖော်ပြချက် အစီအစဉ်သည် အိပ်မက်ပဲ မဟုတ်လား။ ရုပ်ဘဝက အသိအမြင်ကိုပေးသည်။ အိပ်မက်က ထိုအသိအမြင်ကို ပြန်လည် ဖော်ပြခြင်းဖြစ်သည်။ ကူးယူပြီး တဆင့်ဖော်ပြခြင်းပင် ဖြစ်သည်။ စစ်စယ်လီယာနှင့် အဖြူကောင်၊ အမဲကောင်တို့မှာ မိုးကျရွှေကိုယ်များမဟုတ်။ မြေကြီးထဲမှ ဘွားကနဲ ထွက်ပေါ်လာသူတွေ မဟုတ်။ လူ့အဖွဲ့အစည်းဝင်တွေ။ သတင်းစာထဲတွင် အထင်ကရ ဖော်ပြခြင်းခံခဲ့ရသူတွေ။ သတင်းစာ ဖတ်ခဲ့ပြီးသည့်နောက် ကျနော့်စိတ်အမှတ်ထဲတွင် စွဲမှတ်ထားခဲ့ဘူးသူတွေ။ မှတ်တေးထားခြင်းခံရသူတွေ။ အဖြူနှင့်အမဲနှစ်ယောက်မှာ ဘဏ်တခုကို ဝင်ရောက်စီးနင်းခဲ့သည့် ဘဏ်ဓားပြတွေ။ စစ်စယ်လီယာသည် အပြစ်မဲ့တဲ့ ကျောင်းသူကလေး။ အဓမ္မပြုကျင့်ခြင်းခံခဲ့ရပြီး အသတ်ခံခဲ့ရသည့် ကလေးမလေး။ မုဒိန်းကောင် လူသတ်သမားက သူ့အမှုကို ဖော်ထုတ်နိုင်ဖွယ်ရာရှိသည့် သက်သေနှစ်ဦးဖြစ်သည့် သားအမိနှစ်ဦးကိုပါ အပြတ်စာရင်းရှင်းသည့်အနေဖြင့် သတ်ပစ်လိုက်သည်။ ထိုသားအမိ နှစ်ဦးမှာလည်း အခြား တစိမ်းတရံစာတွေ မဟုတ်။ လူသတ်သမား၏ ဇနီးမယားနှင့် သမီးပင်ဖြစ်သည်။ အို့ အို ... ဖြစ်မှ ဖြစ်ရလေဟု သတင်းစာဖတ်ရင်း တသသ ဖြစ်ခဲ့ဖူးသည်။

တကယ်က ယွန်ုထက် ထိတ်လန့်တုန်လှုပ်စရာ၊ ခြောက်ခြားစရာ၊ စိတ်ပျက်စရာ သတင်းများ၊ သတ်ဖြတ် အနိုင်ကျင့်မှု အဖြစ်အပျက်များမှာ ပုံထပ်နေခဲ့ပြီးဖြစ်သည်။ ဒီလူသတ်မှု၊ မုဒိန်းမှု၊ ဓားမြမှုလောက်က အံ့သြဖွယ်ရာ၊ ထိတ်လန့်ဖွယ်ရာ မဟုတ်တော့။ ဒီမျှမက အများကြီး။

စက်မှုအတတ်ပညာ၊ နည်းပညာယဉ်ကျေးမှု ထွန်းကား တိုးတက်လွန်းလှပါသည်ဆိုသော တိုင်းပြည်တွင် တမိနစ်ကို ရာဇဝတ်မှု တမှုနှုန်းဖြင့် တံခွန်ထူလျက်ရှိသည်။ ထူးချွန် ပြောင်မြောက်လျက်ရှိသည်။ လေးဆယ့်နှစ်ယောက်မြောက် သမ္မတ ကလင်တန် လက်ထက်တွင် ရာဇဝတ်မှု နှိမ်နင်းရေး၊ လျှော့ချရေးအတွက် ပုလိပ်တပ်ဖွဲ့ကို အကြီးအကျယ်တိုးချဲ့ တိုးမြှင့်လိုက်သည်။ သူ့လက်ထက်၌ နှစ်မိနစ်တွင် ရာဇဝတ်မှု တခုပဲရှိခဲ့တာပါဟု ထုတ်ဖော်ခဲ့သည့်သမ္မတ။ ယွန်ုမှု စက္ကန့်သုံးဆယ်တွင် ရာဇဝတ်မှုတခု ရှိနေပြီလားမသိ။ နဂိုမူလကတည်းက ထိုလူမှု စီးပွားရေးစနစ်က ရာဇဝတ်မှုများကို တိုးပွားစေခဲ့ပြီးဖြစ်ရာ ထိုစနစ်ကြောင့်ပင် စီးပွားရေး ကပ်ဆိုက်လာသောအခါ ပြောဖွယ်ရာမရှိတော့။ စီးပွားရေးကပ်ဆိုက်မှု ဒီလှိုင်းလိပ်ကြီးများက ရာဇဝတ်မှု အမှိုက်သရိုက်များကို တထပ်ပြီးတထပ် အင်နှင့်အားနှင့် ထပ်ပြီး သယ်ယူလာခဲ့သဖြင့် နဂိုမူလထက် ပိုဆိုးဝါးလာခဲ့သည်။ ဤသို့ဖြင့် ကမ္ဘာ့လူ့အဖွဲ့အစည်း အသီးသီးမှ ရာဇဝတ်မှု စံချိန်များလည်း ဤတိုင်းပြည်၏

နောက်ကျောဖက်တွင် ကျန်နေရစ်ခဲ့လေသည်။

“ကျနော် ခပ်ဝေးဝေးကနေ မှန်းဆပြီး လှမ်းကြည့်ခဲ့တာ ... အကောင်းမြင်မျက်လုံးနဲ့ ကြည့်ခဲ့မိတာလဲ ဖြစ်ပါလိမ့်မယ် ... မျက်နှာပေါ်က ကျောက်ပေါက်မာ အမဲစက်တွေကို မတွေ့ရပဲ လှပါလားလို့ ထင်ခဲ့တာဗျ”

ကျနော်ရှေ့မှာ မိတ်ဆွေနှစ်ဦး စကားအချီအချ၊ အခြေအတင် ပြောနေသည်ကို ကျနော်သည် ထုံးစံအတိုင်း အပြုံးမြမြနှင့်ပြုံးလှဲ့ကာ နားထောင်ကြည့်နေခဲ့ပါသည်။

“မင်းက အတော်ရှော်တဲ့ကောင် ... လေ့လာရေးမျက်လုံး မှန်ဘီလူးနဲ့ကြည့်ရတယ် ... အကောင်းမြင်နဲ့လဲ မကြည့်နဲ ... အဆိုးမြင်နဲ့လဲမကြည့်နဲ့ကွ ... အချစ်ကြည့် ... အမုန်းကြည့်ကိုရှောင်တော့ ပကတိအတိုင်း တွေ့ရှိတာပေါ့ကွာ ... ဟုတ်လား ... မင်းက အခုမှ ကျောက်ပေါက်မာ အမဲစက်တွေကို တွေ့တယ်ပေါ့လေ ...”

ပြောမနာဆိုမနာ ဗမာပြည်သား ဒုက္ခသည်မိတ်ဆွေနှစ်ဦးမှာ တသောသော ရယ်သွမ်း လိုက်ကြသည်။ အရုပ်ဆိုး အကျည်းတန်သည့် ကျောက်ပေါက်မာတိုင်းပြည်သို့ အခြေအနေအရ ရှောင်တိမ်းရန် ကျနော်ရောက်လာခဲ့ခြင်း ဖြစ်သည်။ ဒီရောက်လာခါမှ ရှိရိုးရှိစဉ်ဒုက္ခ ဝန်ထုပ်ဝန်ပိုးပေါ်သို့ နောက်ထပ် တင်ရှိလာသော ဒုက္ခများကို မချိမဆန့်၊ မချိတင်ကဲ ရှန်းဆွဲ သယ်ယူလာခဲ့ရခြင်းပင် ဖြစ်သည်။ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးကာမှ ဆေးကြောင့်ပင် ပို၍လေးခဲ့လေသည်။ ကျန် ဒုက္ခ သုက္ခတွေကို ခဏထားလို့ရသည်ပဲ ထားဦးတော့ ဘဝလုံခြုံရေး၊ အသက်လုံခြုံရေးကိစ္စကို မိနစ်နှင့်အမျှ ရင်ဆိုင်နေရလေသည်။ ဘေးဖယ်ထားလို့ မရတော့။ လုံးဝမရနိုင်တော့။

လူသတ်မှု၊ လုယက်မှု ၊ဓားမြတိုက်မှု၊ ပစ်ခတ်မှု၊ ခိုးမှု၊ ဖောက်ထွင်းမှု၊ မထီလေးစား အနိုင်ကျင့်မှုများက နေ့ရောညပါ လူတို့ကို ခြိမ်းခြောက်နေခဲ့သည်။ စိန်ခေါ်နေခဲ့လေသည်။ နေ့ခင်းကြောင်တောင် ရပ်ကွက်ထဲ လမ်းလျှောက်လာသည့် မွန်အမျိုးသမီးတဦးကို အမေရိကန်ဓားပြက ဓားဖြင့်ရင်ဝထောက်ကာ လက်ကိုင်အိပ်ထဲမှငွေကို ထုတ်ယူသွားခဲ့လေသည်။ တည၌ ဗမာပြည်သားတဦးကို အမဲတအုပ်က ဝိုင်းရိုက် လုယက်ခဲ့သည်။ တနေ့တွင် လူမဲဓားပြက ဘဏ်ထဲဝင်လာပြီး ဘဏ်စာရေးမကို သေနတ်ဖြင့် ဒေါ်လာတစ်သောင်း တောင်းဆိုခဲ့ရာ ဘဏ်စာရေးမက ငွေတသောင်း ပေးလိုက်ရသည်။ ထို့နောက် ဘဏ်စာရေးမမှာ ကြမ်းပြင်ပေါ်လဲကျသွားကာ သေဆုံးသွားခဲ့သည်။

စသည့် ထိုကျောက်ပေါက်မာ အရိပ်မဲ၊ အရိပ်ဆိုးများသည် ကျနော်နှင့် ကျနော်တို့အားလုံး၏နောက်သို့ ဝါးမြိုရန် လိုက်လာခဲ့ကြသည်။ ညဖက် လမ်းသွယ်၊ လမ်းကျဉ်း၊ လမ်းမပေါ်သို့ ရောက်လာသည့် လူပုဂ္ဂိုလ် တဦး၏နောက်မှ ထိုမကောင်းဆိုးဝါး ရာဇဝတ်မှု အရိပ်မဲများသည် ခြေသံမကြားရအောင် ထက်ကြပ်မကွာ လိုက်လာခဲ့သည်။ လုယက် ခံရပြန်သည်။ တိုက်ခိုက်မှု ခံရပြန်သည်။

စာတိုက်များတွင် ကြော်ငြာသင်ပုန်း၌ အသားပေး ဖော်ပြထားသည်မှာ ပျောက်ဆုံးသွားသော ကလေးများ၏ ဓာတ်ပုံနှင့် ဆက်သွယ်ရန် လိပ်စာများဖြစ်သည်။ အဖြူကလေးများ၊ အမဲကလေးများ၊ မက်စီကိုကလေးများ၏ သက်နုငယ်ရုပ်ပုံများ။ ထိုကြော်ငြာ သင်ပုန်းကို လှမ်းကြည့်မိသည့်အခါ ယေထိပ်ကို မိုးကြိုးပစ်သလို ခံစားရလေသည်။ ကျနော့်သားကလေး ဖြစ်နေခဲ့လျှင် ကျနော့်သမီးလေး၊ ကျနော့်တူမလေးများ ဖြစ်နေခဲ့မှဖြင့် ဆက်ပြီးမစဉ်းစားရဲ။ ဒီကလေးများမှာ လူလောကထဲတွင် သက်ရှိထင်ရှားမှ ရှိကြပါဦးမလား။ ရောင်းစားခံခဲ့ကြရပြီးလား။ အဓမ္မဝါဒီများ လက်ချက်ဖြင့် အသက်တွေ ဆုံးရှုံးခဲ့ကြရပြီလား။ ရောင်းစားခံခဲ့ကြရသည့် ကလေးများမှာ ဘယ်တိုင်းပြည်၊ ဘယ်ဒေသသို့ ရောက်နေကြပြီလဲ။ ကမ္ဘာလုံးဆိုင်ရာ လူအရောင်းအဝယ် ဂိုဏ်းကြီး၏ ဂိုဏ်းခေါင်းဆောင်များနှင့် ဂိုဏ်းချုပ်ကြီးသည် ဤကျောက်ပေါက်မာတိုင်းပြည်မှ ပုဂ္ဂိုလ်များ ဖြစ်နေခဲ့ကြသည်။

ထို့ပြင် စာတိုက်များ၏ ကြော်ငြာသင်ပုန်းတွင် လူဆိုးခေါးပြမျှား၏ စာရင်းများ၊ ဓာတ်ပုံများကိုပါ ပူးတွဲဖော်ပြထားသည်။ ပုလိပ်အဖွဲ့နှင့် အက်ဖ်ဘီအိုင်က နောက်ယောင်ခံ ခြေရာခံ ဖမ်းဆီးနေဆဲ။ ဖမ်း၍မမိသေး။ ဝရမ်းပြေးများက ပြေးနေဆဲ။ တွေ့တဲ့အရပ်မှာ ပုလိပ်အဖွဲ့ကို သတင်းပို့ကြရန် လူထုကိုပန်ကြား မေတ္တာရပ်ခံထားသည်ကို တွေ့ရမှာ ဖြစ်သည်။ မူးယစ်ဆေးဝါး အရောင်းအဝယ်၊ အမြတ်အစွန်းငွေကြေး၊ လူသတ်မှုတို့မှာ ထွေးရောယှက်တင် ဖြစ်နေတတ်လေသည်။

တရားရုံးတွင် ဒေဝါလီခံသူများ၊ အလုပ်လက်မဲ့များ၊ (ဟုမ်းမ်လက်စ်) အိုးမဲ့အိမ်မဲ့များနှင့် အထက်တန်းကျောင်းသားအချင်းချင်း၊ တက္ကသိုလ် ကျောင်းသားအချင်းချင်း ပစ်ခတ်သတ်ဖြတ်မှုများ တိုးပွား ကြီးထွားလာခဲ့သည်။ ရာဇဝတ်မှုများမှာ ခေတ်တခေတ်ထဲတွင် အပြိုင်းအရိုင်း ကြီးပြင်းလာကြသည့် ညီအစ်ကို နောင်ရင်းများ ဖြစ်ကြသည်။ သို့မဟုတ် ဆွေမျိုးရင်းချာများ၊ အမိဝမ်းထဲကနေ ခေါင်းနင်းဆင်းများဖြစ်ကြသည်။ တရိပ်ရိပ်တက်လာသည့် ဓာတ်ဆီဈေးနှုန်း၊ ကုန်ဈေးနှုန်းမှာ ရာဇဝတ်မှုနှင့် အပြိုင်အဆိုင် အနိုင်ကြဲနေခဲ့လေသည်။ ဘယ်သူက အရပ်အမောင်း အမြင့်ဆုံးလဲ။ ကျနော်သည် ဘောဂဗေဒပညာရှင်၊ ကွန်တိုဂရပ် ပညာရှင်မဟုတ်သဖြင့် သရုပ်ဖော်၍ မပြနိုင်တော့ပါ။ ကုန်ဈေးနှုန်းနှင့် ရာဇဝတ်မှုတို့ တရိပ်ရိပ် မြင့်တက်လာပုံမှာ တူကြသည်ဆိုသည့် အချက်ကိုမူ အတိအကျ ဖော်ပြနိုင်သည်။ ကုန်ဈေးနှုန်း မြင့်တက်လာသကဲ့သို့ သက်နုငယ်ဆယ်ကျော်သက် မိန်းကလေးများအား အဓမ္မပြုကျင့်မှု နှုန်းထားသည်လည်း မြင့်မားလာခဲ့သည်။ ပန်းခြံတခုသို့ (သို့မဟုတ်) တနေရာသို့ မိန်းကလေးကို သွေးဆောင်ဖျားယောင်း ခေါ်ဆောင်သွားမည်။ သတ်မှတ်ထားသောနေရာသို့ရောက်သည်နှင့် ထိုမိန်းကလေးအား ဝိုင်းဝန်းအဓမ္မ ပြုကျင့်ကြခြင်းဖြစ်သည်။ စိန့်ဂျိုးဆေးရုံတခုထဲမှာပဲ အဖျက်အစီးခံရသည့် မိန်းကလေးဦးရေမှာ ခြောက်လအတွင်း တစ်ရာ့ငါးဆယ်ကျော် ရောက်လာခဲ့သည်။ မိန်းကလေးများမှာ ဒဏ်ရာအနာတရများ ရရှိလာခဲ့ပြီး မချိမဆန့် ခံစားရသဖြင့် မိဘများက ဆေးရုံသို့ ကျိတ်ပို့ခဲ့ရသည့်အဆင့်သို့ ရောက်ခဲ့ကြသည်။ နေ့စဉ်သတင်းစာတွင် ဖော်ပြခဲ့သည့် နောက်ထပ် သတင်းတပုဒ်မှာလည်း ပင့်သက်ရှိုက်စရာ ဖြစ်နေခဲ့ပြန်သည်။ အာဖရိကန် အမေရိကန် ဆယ်ကျော်သက် အမျိုးသမီးငယ် ငါးဆယ်ရာခိုင်နှုန်းသည် အရွယ်မရောက်မီကတည်းက အဖျက်အဆီးခံကြရသည်တဲ့။ အဓမ္မပြုကျင့်ခြင်း ခံကြရသည်တဲ့။ စိတ်ထိခိုက် ရှူးသွပ်လောက်သည့် ယဉ်ကျေးမှုပါကလား။

✡ ✡ ✡

## ၃

ထိုအရိပ်ဆိုး အရိပ်မဲများသည် ကျနော့်ထံ ပြေးလိုက်လာခဲ့ပြီး ကျနော်ခန္ဓာကိုယ်ထဲသို့ တိုးကြိတ်ဝင်ရောက်လာခဲ့သည်။ ထိုကျောက်ပေါက်မှာ ယဉ်ကျေးမှု အရိပ်မဲများသည် ဓာတ်ပြောင်းအကူအညီဖြင့် မီးလျှံများဖြစ်လာခဲ့သည်။ ထိုသောကမီးလျှံသည် သမီးလေးအတွက် နိစ္စဓူဝ ရင်ထဲတွင် လောင်ကျွမ်းနေခဲ့လေသည်။ ဘဝကို လုံခြုံမှုမရှိသည့် ဘဝအဖြစ် ခံစားလာရလေသည်။ သမီးလေးကဲ့သို့ မိန်းကလေးတို့ ဘဝမှာမူ ပြောဖွယ်ရာမရှိတော့။ လုံခြုံမှုအတွက် အာမခံချက်မရှိတော့။

သမီးလေးအတွက် ပူလောင်ခဲ့သည့်မီးလျှံသည် သည်မနက်အရုဏ်ဦးတွင် တစ္ဆေအိပ်မက်ကို မက်စေခဲ့လေသည်။ မသိစိတ်တွင် သိုလှောင်ထားခဲ့သည့် အရိပ်မဲများသည် တစ္ဆေအိပ်မက်ကို မွေးဖွား ပေးခဲ့ခြင်းဖြစ်သည်။

မိဘနှစ်ပါးဖြစ်သည့် ကျနော်နှင့်သက်၏ ပူပန်မှုကို သမီးလေးအား ရှင်းပြထားခဲ့ပြီးဖြစ်သည်။ ဘယ်လို ကြိုတင်ကာကွယ်ရမည်ကိုလည်း ပြောပြထားသည်။

" သမီးလေး "

" ရှင် ... မေမေ "

"ပန်းခြံကို ဖြတ်ပြီဆိုတာနဲ့ အရှေ့၊ အနောက်၊ တောင်၊ မြောက်ကို လှည့်ကြည့် ... လူတွေရှိမရှိ လေ့လာနော် ... သမီးလေးနောက်က လူလိုက်လာသလား ... ဒါမှမဟုတ် သမီးလေးရှေ့ကနေ လူတယောက် ယောက် လာနေသလား ... လာနေတယ်ဆိုရင်တော့ သတိထား ... အနားအကပ်မခံနဲ့ ... သမီးကို နှောက် ယှက်ဖို့ အရိပ်အရောင်တွေ့တာနဲ့ လွတ်အောင်ပြေး ... ရပ်ကွက်ထဲကို အရောက်ပြေး ... အကူအညီ တောင်းနော် သမီး "

သမီးလေးကို သူ့အမေ ဒေါ်မမသက်က အထပ်ထပ်မှာနေကျ စကားတွေ။ ကျနော်က သမီးလေး ကို သတိရှိဖို့၊ သတ္တိရှိဖို့၊ သတ္တိသွေးကို ရဲစေခဲ့သည်။ ကလေးအရွယ်နှင့်အလျောက် စွမ်းအင်ခွန်အားတွေ ရှိကြောင်း ပုံပြင်တွေ ရုပ်ရှင်ဇာတ်ကားတွေနှင့် ပုံဆောင်၍ ရှင်းပြသည်။ ကလေးသူရဲကောင်းများ၏ တောက်ပ သော စိတ်ဓာတ်များကို ထုတ်ပြရသည်။ စိတ်ဓာတ်ကို ပျိုးထောင်လာခဲ့ရာ ခြောက်နှစ်သမီးအရွယ်တွင် အမှောင်နှင့်တစ္ဆေကို ကြောက်တတ်သည့် သမီးလေးမှာ အမှောင်ကို မကြောက်သည့်ကလေး၊ မရှိသည့် တစ္ဆေ ကို မကြောက်သည့်၊ မကြောက်တတ်သည့် ဆယ့်တစ်နှစ် သမီးလေးဖြစ်လာခဲ့သည်။

"သမီးကြီးရင် ဘာလုပ်မလဲ"

"တော်လှန်ရေးသမား ပန်းချီဆရာမ လုပ်မယ် "

"ဒါပဲကွ ... ဟုတ်ပြီ "

သမီးလေးဖြစ်လိုသည့် ဘဝအတွက်ကော ဖြတ်သန်းနေဆဲ ကျောင်းသူလေးဘဝမှာပါ စိတ်ဓာတ် ခိုင်မာဖို့၊ မပျော့ညံ့ဖို့၊ ဖွဲ့ သတ္တိရှိဖို့၊ လိုအပ်ကြောင်း သမီးလေး စတင်သိလာခဲ့ပေပြီ။ သူ၏ စိတ်အဆောက် အအုံထဲတွင် အခြေခံ အုတ်မြစ်များချခဲ့လေပြီ။ လူ့ဘဝသည် တိုက်ပွဲနှင့်စတင်ကာ တိုက်ပွဲထဲမှာပင် နောက်ဆုံး ထွက်သက်ကို လွှတ်ခဲ့ကြရသည် မဟုတ်လား။ လောလောဆယ် ဆယ်အထပ်ထပ်ဝိုင်းရံ၊ ဝိုင်းပတ်ထားသည့် အရိပ်မဲများအား ခုခံရေးတိုက်ပွဲနှင့် သမီးလေး ရင်ဆိုင်နေရလေပြီ။။

✡ ✡ ✡

## ၄

အိပ်ယာပေါ်တွင် ကျောက်ချထိုင်ကာ စောစောက ကျနော်မက်ခဲ့သည့် တစ္ဆေအိပ်မက်ကို ပြန်လည် စဉ်းစားရင်း တမျှော်တခေါ် တွေးတောနေမိသည်။ သမီးလေးက အိပ်ခန်းတံခါးကိုတွန်းဖွင့်ပြီး"ဖေဖေ ... သမီး ကျောင်းသွားတော့မယ် " ဆိုမှ အတွေးမှလန့်နိုးကာ ထလာခဲ့ရသည်။ သမီးလေးရေ ... ခဏစောင့်ကွာဟု ဆိုကာ အနွေးထည်ကိုဝတ်ရသည်။ ကသုတ်ကရက်ဖြင့် သမီးလေးနှင့်အတူ အိမ်မှ ထွက်လာခဲ့သည်။ အိပ်မက် ထဲကအတိုင်းပင် နှင်းလွှာနှင်းမှုံတောထဲ ဖြတ်လျှောက်ရလေသည်။ သမီးက နှင်းဖုံးရေခဲပြင်ထဲ လျှောက်ရသည် ကို ပျော်နေလေသည်။ သမီးကို ပန်းခြံဟိုဖက်ထိပ်အထိ ပို့ပေးမယ်လို့ ကျနော်က ပြောလိုက်သဖြင့် သမီးက ပို၍ ပျော်သွားသည်။

ကျနော်ကတော့ အိပ်မက်ထဲတွင် သေနတ်ဒဏ်ရာ သွေးအလိမ်းလိမ်းနှင့် ကျနော် လဲကျသေဆုံး ခဲ့သည့် နေရာအထိ သွားကြည့်ရန်ဖြစ်သည်။ ထိုနေရာသို့ ရောက်သောအခါ ရေခဲပြင်နှင့်းလွှာကိုပင် အရှိ

အတိုင်း တွေ့ရသည်။ တချက်ပြုံးမိသည်။ အရိပ်မဲအိပ်မက်၊ တစ္ဆေအိပ်မက်ထဲမှာ ငါသေခဲ့တဲ့နေရာပေါ့ဟု စိတ်တွင်ရေရွတ်ရင်း ပြုံးရယ်လိုက်မိသည်။

ထိုနေရာသို့ရောက်သည်နှင့် သမီးလေးက ပေသုံးလေးဆယ်သာဝေးနိုင်မည့် သူ့သူငယ်ချင်း အိမ်သို့ ဆက်သွားသည်။ သားအဖနှစ်ယောက် လမ်းခွဲလိုက်ကြသည်။ သမီးလေးကို နမ်းရှိုက်မွှေးကြူ နှုတ်ဆက်ကာ အိမ်သို့ ကသုတ်ကရက်ဖြင့် ကျနော်ပြန်လာခဲ့သည်။ အိမ်ပြန်ရောက်သည်နှင့် အလုပ်သွားရန် ထမင်းဘူး အတွက် ပြင်ဆင်ရ၊ အလုပ်သမား အဝတ်အထည်ကို အပြေးအလွှား ဝတ်ဆင်ရသည်။ အလုပ်လုပ်သည့် စက်ရုံသို့ ကားမောင်းထွက်လာခဲ့စဉ် ပန်းခြံရေခဲပြင်ပေါ်မှ သမီးလေးကို လှမ်းတွေ့လိုက်ရသည်။ ကားကို မောင်းအထွက် အိမ်နှစ်လုံးအကြား မြင်ကွင်းဆီမှ လှမ်းတွေ့လိုက်ရခြင်း ဖြစ်သည်။ သူ့သူငယ်ချင်းတွေနဲ့ လွဲသွားလို့များ အိမ်ပြန်လာပြီး သမီးကိုကျောင်းလိုက်ပို့ဖို့ လာပြောတာများလား။ ကားကို တုံ့ကနဲ ထိုးရပ် ကာ ပြေးထွက်ကြည့်မိသည်။ သမီးကလေးမဟုတ်ဘဲ အခြားကလေး တယောက်ဖြစ်နေသည်။ ကားပေါ် ပြန်တက်ပြီး မောင်းထွက်ခဲ့ရလေသည်။ တစ္ဆေအိပ်မက်နှင့် အရိပ်မဲများသည် ကျနော့် နောက်ကျောဖက်ရှိ ကားထိုင်ခုံတွင်ထိုင်လျက် လိုက်ပါလာခဲ့ကြသည်။

■ ■ ■

**မေ ၂၂ ၊ ၂၀၀၈**
**သစ္စာအမှတ် (၁၈) ဩဂုတ် ၂၀၀၈**

# နာတာရှည်

၁

ရွာတပိုင်းလုံးကို ထိုအသံက ပဲ့တင် ရိုက်ခတ်လိုက်သည်။ ရွာ့အရှေ့ဘက် ချောင်းကျိုးရွာမှ ကိုတင်မြက ဝက်ပေါ်ပြီး ရောင်းနေကျ။ ဝက်သားသည် ကိုတင်မြ၏ 'ဖျို့' ဟစ်သည့် အသံကိုကြားသည်နှင့် ဦးထွန်းရှိန်နှင့် ဒေါ်ဆေးတို့မှာ တယောက်မျက်နှာ တယောက် လှမ်းကြည့်လိုက်ကြသည်။ ဘယ်လိုလဲဟေ့။ ဝက်သားတွဲ တတွဲဆွဲလိုက်ကြရင် ကောင်းမလား။ ဟင်းတော်တာလည်းကြာခဲ့ပြီ။ ဝက်သားမစားရတာလည်း ခြောက်လထဲ ရောက်နေပြီမဟုတ်လား... ဆိုသည့် အကဲစမ်းသည့်မေးခွန်းများ ပါရှိသည့် အကြည့်များဖြစ်သည်။

"ဘယ်လိုလဲဖျို့ ဦးထွန်းရှိန်တို့ ဒေါ်ဆေးတို့ အခုပဲလတ်လတ်ဆတ်ဆတ် ဝက်ပေါ်ခဲ့တာဖျို့။ ဟင်းငတ်ပြေအောင် ဝယ်ထားလိုက်ကြလေဗျာ"

ဦးထွန်းရှိန်က အမိုးကုပ်ကုပ် တဲအိမ်ကလေးထဲကနေ လမ်းမဆီသို့ မျက်နှာကြောရှုံ့ကာ လှမ်းကြည့်သည်။ ပါးစပ်ကလဲ သူ၏မဟေသီဒေဝီကို တတွတ်တွတ်တောင်းဆိုသည်။ ဟုတ်တယ်ဟ။ တနွေလုံး ဟင်းချိုနဲ့ငပိရေပဲ လွေးခဲ့ရတာ။ ကလေးတွေကိုလည်း သနားတယ်ကွာ။ ဝယ်ချက်ပါမိဆေး ဆိုပြီး ဒေဝီသခင်ကို လှုံ့ဆော်သည်။

"ကောက်ရိတ်ပေး ကြိုတင်ယူထားတဲ့ ရှင့်အကြွေးတွေက များနေပြီကိုထွန်းရှိန်။ ကျုပ် ဒီ ကလေးကို ပစ်ထားခဲ့ပြီး ဒီမိုးတွင်းမှာကောက်စိုက်လို့ မရသေးဘူး ... ကလေးက ငယ်သေးတယ် "

"လာမဲ့ကောက်ရိတ်ချိန်မှာ နင်လဲ ကလေးတဖက်နဲ့ ကောက်ရိတ်နိုင်မှာပါဟာ ကိစ္စမရှိပါဘူး။ နင်ကောက်မရိတ်နိုင်လည်း ငါပဲ ရိတ်ရမှာပေါ့ဟာ။ တသက်လုံး ကောက်ရိတ်ခဲ့ရတာပဲ။ မသေခင် အလုပ်လုပ်ဖို့အတွက် အလုပ်လုပ်နိုင်အောင် တခါတလေလဲ ဟင်းဝယ်စားရတာပေ့ါ။ ဝက်သားဝယ်စားရတာ တကယ့်စွန့်စားခန်းပါပဲ။ လျှောက်မစဉ်းစားနဲ့တော့။ စဉ်းစားရင်၊ တွေးတောနေရင်၊ ဝက်သားဝယ်စားဖြစ်မှာ မဟုတ်တော့ဘူး ... ဟ။ သေမထူးနေမထူးတဲ့ဘဝ။ ဝက်သားဝယ်မစားလဲ ဆင်းရဲမြဲ ဆင်းရဲစုတ်ချာနေမှာပဲ ဒါက သေချာပြီးသား "

ဒေါ်ဆေးက ကလေးကိုနို့တိုက်ရာက ကိုယ်ကိုတချက်လွှန့်ကာ ရှင့်သဘောပဲ ရှင်ကောက်ရိတ်နိုင်ရင် အကြွေးဝယ်စားရတာ လွယ်ပါတယ်ဟု တုံ့ပြန်သည်။ အသားမှာဝက်ဆိုသည့်အတိုင်း ဝက်သားကို ဘယ်လိုပဲကြိုက်ကြိုက် သူ့ယောက်ျား ကိုထွန်းရှိန် ကောက်ရိတ်ပေး ကြိုတင်ယူရမည့် အရေးကို ရင်လေးနေမိသည်။

ဝက်သားသည် ကိုတင်မြကို လှမ်းအော်ခေါ်လိုက်သည့် သူ့ယောက်ျားအသံက သူ့ရင်ထဲတွင် မိုးကြိုးပစ်သကဲ့သို့ စူးရှကျင်စက်သွားသည်။ တကယ်က ကောက်ရိတ်ပေး ကြွေးတင်ပြန်ပြီပဲ့ ... ဆိုသည့် အသံက ကျင်စက်သွားစေခဲ့ခြင်းဖြစ်သည်။ ကြွေးတင်ရှင်ဘုရင်ဆပ်တဲ့၊ ရိစရာကောင်းလိုက်တာ။ ကြွေးတင်ရင် ထွန်းရှိန်နဲ့မိဆေးပဲ ဆပ်ရတာ။

အိမ်နှင့်ရွာလည်လမ်းက အလှမ်းဝေးလှသည်မဟုတ်သဖြင့် ဦးထွန်းရှိန် လှမ်းခေါ်လိုက်သည်နှင့် ဝါးကြမ်းခင်း အိမ်ကုပ်ကလေးထဲသို့ ကိုတင်မြ ရောက်လာသည်။ နီးကြိုးဖြင့် ချည်နှောင်ထားသော ဝက်သားတွဲများကို ငါးပေကျော် – ခြောက်ပေနီးပါး ဝါးလုံးတွင် သီချိတ်ပြီး ထမ်းလာခဲ့ခြင်း ဖြစ်သည်။ ကိုတင်မြက သူ့ဝက်သား ဘယ်လိုလတ် ဆတ်ကြောင်း၊ ဝက်နာကျလို့ ပေါ်တာမဟုတ်ကြောင်း၊ အမြတ်ဆိုလို့ အိမ်မှာစားဖို့ ဝက်ခေါင်းနဲ့အမြီးပဲ ကျန်ခဲ့ကြောင်း။ အလေးချိန်ခွင်ပြည့်ကြောင်း၊ ဝက်သားတပိဿာ နှစ်ထောင်ချင်းတူအုံးတော့ မြို့မှာဝယ်ရင် ရေထိုးထားတဲ့ ဝက်သားပဲ စားရမှာဖြစ်ကြောင်း ညွှန်းသည်။

ဒေါ်ဆေးက ဈေးလျှော့ခိုင်းသေးသည်။

ထောင့်ရှစ်ရာရမလား။ ကိုတင်မြက နှစ်ထောင်က တပြားမှမလျှော့။ ခုနှစ်ရက်ပဲ အကြွေးဆိုင်းသည်။ ခုနှစ်ရက်ကျော်ရင် နှစ်ထောင့်ငါးရာပေးရမည်ဟု ခတ်ပြတ်ပြတ်ပြောသည်။ ယူနိုင်မှယူနော်ဟုသတိပေးလိုက်သေးသည်။

ဒေါ်ဆေးက ဝက်သားတွဲများကို လှန်လှောကြည့်သည်။ သုံးထပ်သားထဲက အဆီများများ သုံးထပ်သားကို ရွေးယူရန် ဟန်ပြင်လိုက်သည်။ "ဒီကလေးကလဲဟယ်... နို့ပဲစို့နေတာပဲ"ဟု ငေါက်ငမ်းကာ ကလေးကို နို့ဖြတ်လိုက်သည်။ နို့ကတန်းလန်း။ ဒေါ်ဆေး၏ နောက်ကြောဘက်မှ ကလေးက လေးဘက်ထောက်ကာ အမေ့နို့ပြင်းကျကို လှမ်းဆွဲယူ သောက်စို့နေခြင်းဖြစ်သည်။ ရင်ဘတ်ပေါ်တွင် တွဲလျားကျနေသော နို့ပြင်းရှည်ကို လိပ်ရုပ်ပေါ်နေသော ညစ်ထေးထေးထမိန်နှင့်ဆွဲဖုံးကာ ရင်လျှားထားလိုက်သည်။ ကလေးသုံးယောက်က ဝက်သားစားရတော့မည်ဟုဆိုကာ အထပ်ထပ် တေးသီကုံးရင်း ဟစ်ကြွေးရင်း ဝါးကြမ်းခင်းပေါ်တွင် ခုန်ပေါက် ပျော်မြူးနေကြသည်။ ကြမ်းကွပ်များလွတ်ထွက်ကာ ချောင်ရွဲနေသော ဝါးကြမ်းခင်းများကလည်း မြည်ချင်တိုင်းမြည်နေလေသည်။ ကလေးတို့ထခုန်သလောက် မြည်နေလေသည်။ နို့စို့ ကလေးကတော့ ကြူကြူညံအောင် ပိုယိုဆူပွက်လျက်။

ဒေါ်ဆေးက အဆီများများ ဝက်သားတွဲတတွဲကို ဝါးတံပိုးထဲမှ ဆွဲချွတ်ယူလိုက်သည်။ ပြီးနောက် မီးဖိုချောင်ကလေးထဲသို့ ငုံ့ဝင်ကာ မီးဖိုပေါ်က ကျပ်ခိုးစင်ဝါးတန်းအစွန်းတွင် ချိတ်ထားလိုက်သည်။ ဦးထွန်းရှိန်ကဲ့သို့ ဝတ်တီးမွတ်သိပ်လွန်းသော ဗိုလ်စုတ်ဟူသည့် အိမ်ကခွေး'လေးလုံး'မှာ ဝက်သားတွဲကို မော့ကြည့်လျက် ပါးစပ်နှုတ်ခမ်းကို သူ၏လျှာဖြင့်အထပ်ထပ် လိမ်း၍နေလေသည်။

လာမည့်လဆန်း ဆယ့်တစ်ရက်မှာ ဆက်ဆက်လာခဲ့မယ်။ ဝက်သားဖိုးအတွက် အသင့်ပြင်ထားပေးပါဟုဆိုကာ ကြွေးစာရင်းစာအုပ်တွင် ကိုတင်မြကတေးမှတ်လိုက်သည်။ တဲကုပ်ကုပ် ကလေးထဲမှ ကိုတင်မြ ငုံ့ထွက်သွားသည့်တိုင် သူ၏ ကြိုတင်ကြွေးတောင်းသံက ငုံ့ထွက်မသွားပေ။ သူ့နောက်သို့ ကပ်ပါမသွားခဲ့။ ဒေါ်ဆေးနားထဲတွင် ရိုက်ခတ် ကျန်ခဲ့လေသည်။ ကျိန်စာဆန်လွန်းသည့် ထိုနိူးဆော်သံက သူဌေးကိုယ်စားလှယ် ဦးစိန်အောင်အိမ်သို့ လှမ်းချိုကြွမြန်းရန် ဦးထွန်းရှိန်ကို စေ့ဆော်လိုက်သည်။ အသင့်အတင့်ကြွယ်ဝချမ်းသာသော လယ်သမား ဦးစိန်အောင်ထံသို့ ကောက်ရိတ်ပေး သွားယူရပေဦးတော့မည်ကိုး။

✡ ✡ ✡

## ၂

မိသားစုထမင်းဝိုင်းတွင် အဆီရွှမ်းသော ဝက်သားဟင်းတပွဲကို စားရမည့်အရေးတွေးပြီး ပျော်ပါးရွှင်ကြည်ရမှာ ဖြစ်သော်လည်း လက်တွေ့တွင် မပျော်ပိုက်နိုင်တော့။ မိုးဦးကျ မိုးရေကိုတွေ့သွားသော ဘဲများကဲသို့ မပျော်ပါးနိုင်။ ကလေးတွေက မိုးဦးကျ ဘဲတွေကဲ့သို့ ပျော်နိုင်သည်။ မနာလိုစရာ ကောင်းလောက်အောင် ပျော်ပါးနိုင်ခဲ့ကြသည်။ ဘာကြောင့် မပျော်ပိုက်နိုင်ရန် စဉ်းစားတွေးတောနေရသနည်း။ ဦးစိန်အောင်ထံ ကောက်ရိတ်ပေး ကြိုတင်ငွေချေးဖို့ မျက်နှာမွဲ မျက်နှာပြာဖြင့် သွားရောက်ချေးငှားရမည့် အရေးက သူတို့စိတ်ကို လွှမ်းထားခဲ့လေသလား။

ဖလံဖြူတဝက်ရော ပြုပ်သီးတောင့် လက်ကျန်ရှိသမျှကို ပြုပ်သီးထည့်ထားသည့် ကော်ဗူးထဲမှ ဆွဲထုတ်သည်။ သုံးလေးတောင့် ထွက်လာသည်။ ပလပ်စတစ် ကြက်သွန်အိတ်ထဲရှိ တခြမ်းပုပ် ကြက်သွန်သေးသေးနှစ်လုံးက ဒေါ်ဆေး၏ မျက်လုံးများကို တအံ့တသြ မဖြစ်စေခဲ့။ ဝက်သားအစိတ်သားလောက်ပဲ ဟင်းချက်မယ်။ ဒီညစားမယ်။ ကျန်တဲ့ဝက်သားကို ပြုပ်ထားမယ်။ ခပ်နူးနူး ပြုပ်ထားမယ်။ နောက်နေ့တွေမှာ တခုခုနဲ့ ရောနှောချက်မယ်။ ထိုမျှသာ စိတ်ရောက်သည်။ ကပ်ဆိုက်ကာ ရှားပါးလွန်းလှသည့် ဆီ၊ ဆား၊ ပြုပ်သီးတို့ထံမှ စိတ်ကခွဲခွာလာခဲ့ကာ ဦးစိန်အောင်ထံ ရောက်သွားသည်။ ကောက်ရိတ်ပေးကြွေးယူဖို့။

မဟေသီ၏ အိမ်ဦးနတ်ကမူ သံချေးတက်ရေဇလုံထဲတွင် ဝက်သားတုံးကို နှစ်၍နှစ်၍ ဆေးကြော။

ရေထည့်သုံးနေသည့် နှုတ်ခမ်းကွဲ စဥ့်အိုးတွင် ခါးမ၏ အသွားကို ဘယ်ပြန်ညာပြန် ကျင်းလိုက်သည်။ ဝက်သားလှီးရာတွင် ရှထက်စေရန် ဓားသွားကို ဖိ၍ ခတ်သွေး သွေးလိုက်ရသည်။ စဥ့်တီတုံးပေါ်တွင် ဝက်သားတုံးကလေးများကို လှီးဖြတ်လိုက်သည်။ အစိတ်သားလောက်ပဲ ဟင်းချက်မယ်။ ကျန်တဲ့ ခုနစ်ဆယ့်ငါးကျပ်သားကို နူးအောင် ပြုပ်ထားရမယ်။ အားလူးနဲ့ဖြစ်ဖြစ်၊ ဟင်းရွက်နဲ့ပဲဖြစ်ဖြစ်၊ နောက်နေ့မှာ ကြော်မယ်၊ ချက်မယ်။ ထိုမျှသာ စိတ်ရောက်သည်။ မိသားစုနှင့် ပျော်ပိုက်ဖွယ်ရာ ဝက်သားဟင်း ချည်တိုင်မှ လွတ်ထွက်လာခဲ့ကာ ကောက်ရိတ်ပေး ကြွေးယူရမည့် နေရာဌာနသို့ စိတ်ကရောက်သွားခဲ့သည်။

တချိန်ထဲတွင် သူတို့နှစ်ဦးသည်တပြိုင်တည်း အတွေးတူနေကြသည်။ စိတ်နှစ်စိတ်မှာ အတွေးတူ တေးတပုဒ်ဖြင့် ပြိုင်တူ ယိမ်းကနေကြသည်။ စိတ်နှစ်စိတ်က ဦးစိန်အောင်နှင့်စကားပြောနေကြရသည်။ နှစ်ကိုယ့်တစိတ်ဆိုတာ ဒါပဲဖြစ်မည်။ ကောက်ရိတ်ချိန်တွင် တကေကို စပါးရိတ်ခ ကျပ်ငွေ လေးထောင့်ငါးရာ ရရှိမှာဖြစ်သော်လည်း ကောက်ရိတ်ပေးခ တကေအတွက် နှစ်ထောင်ပဲရမည်။ နှစ်ထောင့်ငါးရာ ကွာခြားမှာဖြစ်သည်။ ဆုံးရှုံးမှာဖြစ်သည်ကို မသိလို့မှ မဟုတ်ဘဲ။ လုပ်အားခနည်းနည်း စားစရိတ်ကများများ။ ထိုမျှမက ငွေပိုငွေလျှံဆိုလို့ ဆန်တပြည်စာမျှပင် လက်ထဲ မှာမကျန်ခဲ့။ ကျန်မနေခဲ့။ တန်ခိုးအာဏာမရှိ။ ငွေအရင်းမရှိ။ လုပ်အားပဲရှိသူ။ လုပ်အား ရောင်းစားရသူမှာ ထိုသို့ငွေအပိုမရှိ။ အလုပ်လုပ်ရင်းက ကြွေးအထပ်ထပ် ထူပြောလာခဲ့သည့် နှစ်ကာလမှာ နှစ်သုံးဆယ်ကျော်ခဲ့ပြီပဲ။

ကောက်ရိတ်ပေး၊ ကောက်စိုက်ပေး၊ လယ်ထွန်ပေး၊ တလင်းနယ်ပေး၊ မြက်ရိတ်ပေးတို့ကို ကြိုတင်ယူစားခဲ့သည်မှာလဲ နှစ်ပေါင်း သုံးဆယ်သို့ ရောက်လာခဲ့သည်။ ကြွေးရှင်မှာလည်း ဦးစိန်အောင်သာမကတော့။ ဦးအို၊ ဦးစံခအထိ ပြောင်းသွားသည်။ ကြွေးရှင်များစာရင်းတွင် ကြွေးစာရင်းဖြတ်လိုက် နောက်ထပ်ကြွေးစာရင်း ထပ်တိုးလိုက်။ လုံးလည်ချာလည်၊ သံသရာလည်ခဲ့သည်ပဲ။ ခါးလည်က အရိုက်ခံထားရသည့်မြွေကဲ့သို့ ကြွေးထုပြောမှု ဒဏ်ရာဒဏ်ချက်ဖြင့် ရှေ့မတိုးနိုင်တော့ လူး၍သာ လွန့်ခဲ့ရသည့် အသက်မျှင်းမျှင်း မရှူသာသည့်ဘဝ။

ဒေါ်ဆေးက ဟင်းချက်ရန်ပြင်သည်။ နို့စို့သား ဖိုးသာအောင်က မိခင်ဒေါ်ဆေး၏ ကျောဘက်မှထိုင်ကာ နို့ပြင်းများကို ဆွဲယူစို့သည်။ ဒေါ်ဆေးစိတ်က ဦးစိန်အောင်ထံသို့ ထပ်ကြော့ကာ ရောက်ရှိ နေလေသည်။ ထမင်းအိုးရေဆေးနေသော ဦးထွန်းရှိန်သည် သူ၏ဒေဝီကဲ့သို့ပင် ဦးစိန်အောင်ထံ ရောက်ရှိနေလေသည်။ တကယ်တော့ ဦးစိန်အောင်ကလည်း မြို့နယ်ရုံးစိုက်ရာတွင် နေထိုင်သော တရုတ်ကျင်စွိထံမှတဆင့် ငွေတိုးဖြင့် ငွေချေးယူလာပြီး တဆင့် ငွေတိုးချစားခြင်း ဖြစ်သည်ကိုတော့ ဦးထွန်းရှိန် ရိပ်စားခဲ့ပုံရသည်။

✡ ✡ ✡

## ၃

ညစာစားအပြီးတွင် ရွာအရှေ့ပိုင်းသို့ ဦးထွန်းရှိန် ထွက်လာခဲ့သည်။ နေလောင်ထားသဖြင့် နေဖြင့်ကျက်နေသောအသားရောင်ကမပြောင်နေသည်။ ကျောမွဲတို့ရွာတွင် တဆင်ထဲ တပုံစံထဲ ကျောမွဲများ စုစည်းနေထိုင်ရာ ရပ်ဝန်းဒေသ။ ဥတုသုံးပါးစလုံး အဝတ်ထည်ကင်းမဲ့နေသော ကျောပြောင်ပြောင်အတိုင်းပင် ပစ်ထားခဲ့သည်မှာလည်း ကြာခဲ့ပြီ။ တသုန်သုန် တိုက်ခတ်နေသော လေအဟုန်ဖြင့် လက်ကြားထဲရှိ ပြောင်းဖူးဖက်ဆေးလိပ်တိုက မီးခိုးတွေ အူထွက်လာသည်။ သူ့သူငယ်ချင်း ဦးတိုး အိမ်သို့ဝင်သည်။ ဦးတိုးမိသားစုလည်း ဒီဝက်သားဟင်းနှင့်ညစာလွေးနေဆဲ။ ထို့ကြောင့် ဦးတိုးထမင်းဝိုင်းတွင် ခေတ္တပဲထိုင်သည်။ ဦးစိန်အောင်ထံ ကောက်ရိတ်ပေးကြွေးယူမယ်။ မင်းကော လိုက်အုံးမလားဟူ၍ အဖော်လာညှိခြင်းဖြစ်သည်။ ဦးတိုးက ကောက်ရိတ် ပေးမယူတော့။ လယ်ပြီးမိုးနှောင်းမှာ မြက်ရိတ်ပေးနှင့် ငွေကြိုယူမည်၊ ချေးမည်ဟုဆိုသည်။

သူတို့လယ်ကူလီများမှာ မိုးမရောက်မီ

နွေကတည်းက လယ်ထွန်ပေးယူကာ ဆန်ဝယ်စား၊ ငြုပ်သီး၊ ကြက်သွန်၊ ဆီ၊ ဆား၊ ဝယ်စားရသဖြင့် စာရင်းငှားခ ကုန်နှင့်ပြီ။ မျှော်လင့်စရာမရှိတော့။ ကုန်ခဲ့ပြီ။ ထို့ကြောင့် ကောက်ရိတ်ပေး၊ ကောက်စိုက်ပေး ယူရခြင်းဖြစ်သည်။

ဦးတိုးအိမ်မှ ပြန်လာခဲ့သောအခါ မိုးကောင်းကင် ဟင်းလင်းပြင်သည် ခဲသားရောင် ဖြစ်နေခဲ့ပြီ။ အနောက် မိုးကောင်းကင်စွန်းတွင် ဖြူဖွေးဖွေး လလောင်းလေးသည် တိမ်ပင်လယ်တွင် ရွက်လွင့်နေပြီ။ နယုန်မိုးသည် သုံးလေးကြိမ် မိုးပြင်းမုန်တိုင်းများ ရွာချခဲ့ရာ ခြင်နှင့်မှက်များ ယင်ရဲများကို မွေးဖွားလိုက်သည်။ ထိုနောက် ရွာတွင်းသို့ ခေါ်လာသည်။ ရွာလယ်လမ်းပေါ်တွင် အုံကျင်းဖွဲ့နေသော ခြင်ရိုင်းအုပ်များကို ဝင်တိုးကာ သူ ဖြတ်ခဲ့ရသည်။

အိမ်ရောက်တော့ ကလေးတွေက “မိုးရွာရင် မိုးရေချိုးမယ်”သီချင်းကို ဟစ်ဆိုရင်း ခုန်ပေါက်နေသည်ကိုတွေ့ရသည်။ မဟေသီဒေဝီက ဝါးပိုးဝါး ခေါင်းအုံးတွင်မှေးကာ ကလေးကို နို့တိုက်နေသည်။ သူလည်း ဝါးပိုးဝါးခေါင်းအုံးကိုယူကာ ကြမ်းပေါ်တွင် ကျောခင်း လှဲချလိုက်သည်။ အကောင်းဆုံး ကတ္တီပါ ခြုံစောင်သဖွယ်ဖြစ်သည့် ဂုန်နီစောင်ကို ခြေရင်းတွင် အသင့်ပုံထားလိုက်သည်။ ဂုန်နီအိတ်များကိုဖြတ်ပြီး စပ်ဟပ်ချုပ်ထားသည့် ဂုန်နီစောင်။ နောက်တနာရီတွင် တိတ်ဆိတ်ညအမှောင်ထဲတွင် တဲကုပ် အိမ်ကလေးများသည် အိပ်စက်သွားကြသည်။

အိပ်မပျော်နိုင်အောင် လားပေါင်းများစွာ အတွေးပေါင်းများစွာက သူ့အား နှိပ်စက်ခဲ့လေသည်။ အိမ်ကလဲ မမိုးရသေးပါလား။ သက်ကယ်က မပြည့်စုံသေးပါလား။ မိုးဦး စာစောကျမှာလား။ မီးဖိုအတွက် ထင်းထပ်ရှာရအုံးမှာပါလား … ဆိုသည့်လားများကို စိတ်ဖြင့် ရွတ်ဆိုနေမိပြန်သည်။ နောက်တော့ စိတ်ပါးစပ်ဖြင့် ရွတ်ဆိုမှုများသည် ပျောက်ကွယ်သွား၊ အိပ်စက်ခြင်းတွင် နစ်ဝင်သွားလေတော့သည်။ သွေးတော်ခြင်အုပ်ကြီးက ခြင်ထောင်ကင်းမဲ့၊ အကာအကွယ်မဲ့ ခန္ဓာကိုယ်များကို စိတ်တိုင်းကျ သွေးစုပ်ကြသည်။ ခြင်တို့၏သွေးစုပ်သံ၊ တဝီဝီ အော်ဟစ်သံများသည် တယောဂီတသံစဉ် တေးသွားများ ဖြစ်ခဲ့လေပြီလားပင်မသိ။ ထိုသို့ပင် ညစဉ် သွေးလှူနေကျ။ အဖျားအနာနှင့် အဖုအပိန့်များ ယားနာများ ထစေသည်အထိ။ မိခင် ရင်ခွင်ထဲမှ အသားနုနုကလေး၏ မျက်နှာပေါ်တွင် သွေးတို့ စီးကျလာသည်။

တိတ်ဆိတ်ငြိမ်သက်မှုကို အကာအကွယ်ယူကာ ဖိုလ်စုတ်သည် မီးဖိုချောင်သို့ လွှားခနဲ ခုန်တက်လာသည်။ အိမ်အဆင့် အပေါ်ထပ်တက်ပြီး ပဒပ်ရပ်၊ (မက်တပ်ရပ်)သည်။ ဝက်သားဟင်းအိုးကို တဖက်သို့ စောင်းလှဲပစ်လိုက်ကာ ဆေးကြောစရာ မလိုတော့လောက်အောင် ဝက်သားဟင်းကို အကုန်စား၊ အကုန်လျက်ပစ်လိုက်သည်။ အိပ်ယာက နိုးသည်နှင့် ဒါကိုသိပြီဆိုလျှင် ဖိုလ်စုတ်တကောင်ကို မည်သို့ သဘောထားမည်နည်း။ မဟေသီဒေဝီက ကြုံကြုံပါ အော်ဟစ်ပြီး ဖိုလ်စုတ်ကို ဒေါသဖြင့် ဓားနှင့်လိုက်နေမည်လား။ ဦးထွန်းရှိန်ကကော ဘယ်သို့ ဖိုလ်စုတ်ကို ပြောဆိုပြုမူမည်နည်း။ မင်းတို့စနစ်ကြောင့် ငါတို့တွေ ဆိုးဆိုးဝါးဝါး ခံစားနေရတာ၊ မင်းတို့က နိဗ္ဗာန်မှာ အကြည်ဆိုက်နေကြတုံး ငါတို့က ငရဲရောက်နေကြတာဟူ၍ ပလ္လင်ပေါ်က ခွေးတအုပ်ကို အမုန်းဖွဲ့ အမြင်ကပ်ရာမှ အိမ်ကခွေးအမည် လေးလုံးကို ဖိုလ်စုတ်ဟု ခေါ်တွင်စေခဲ့သည်။ ဦးထွန်းရှိန်သည် ဖိုလ်စုတ်ကို မည်သို့ ပြုမူကြိမ်းဝါးမည်နည်း။ ဦးစိန်သောင်းအိမ်သို့ ခြေတလှမ်းပင် မလှမ်းရသေး၊ ဝက်သားကြွေးဆပ်ရန် ကောက်ရိတ်ပေးတောင် မယူရသေးမီမှာပဲဖိုလ်စုတ်က မတရား ဟင်းခိုးစားသည်ဟုဆိုကာ ဖိုလ်စုတ်ကို ဓားဖြင့် လိုက်နေမည်လား။

သွေးစုတ်ခြင်းအုပ်ကြီး၏ ဟစ်အော် အုံဖွဲ့မှုအောက်က အမှောင်ထဲတွင် မဟေသီဒေဝီတို့ မိသားစုကမူ သွေးပေး၍ အိပ်စက်နေကြဆဲ။ ■

မေ ၂၁ ၊ ၂၀၀၇

ဒေါင်းအိုးဝေ အမှတ်(၂) ဧပြီ၊ မေ၊ ဇွန်၊ ၂၀၀၇

# အမွှေ

"ဟော ... အမိုးပြန်လာပြီ ... ဘယ်လိုလဲအမိုး ... အမိုးယောက်ျားနဲ့ တွေ့ခဲ့ရဲ့လား ... ခေါ်မလာဘူးလား ..."

အိမ်၏ တံစက်မြိတ်အောက်မှ ငုံ့ထွက်လိုက်သည်နှင့် အမိုးကို မျက်နှာချင်းဆိုင် တွေ့လိုက်ရသည်။ ဟုတ်သားပဲ ... အမိုးပြန်လာပြီ ...။ စိတ်ထဲမှာ ရေရွတ်ရင်း အမိုးမျက်နှာကို အကဲခတ်ကြည့်မိသည်။ တံလျှပ်လှိုင်းထနေသော နေအပူရှိန်ထဲတွင်ဖြတ်၍ ပြန်လာခဲ့သဖြင့် အမိုးမျက်နှာက နီရဲနေသည်။ နဖူးပေါ်မှ ဆံမျှင်များက ချွေးရွှဲရွှဲတွင် စိုနစ်နေသည်။

ငွေမြိုင်လည်း ရေ့ဆက်မသွားနိုင်တော့။ ပြောပြောဆိုဆိုနှင့်ပင် အမိုးနောက်မှ လိုက်လာကာ အမိုးနှင့်အတူ အိမ်ထဲသို့ ဝင်လိုက်သွားသည်။ ထို့အတူပင် ကျနော်လည်း အိမ်ကလေးထဲသို့ ပြန်ဝင်လာခဲ့ရတော့သည်။ အမိုး၏ ဘဝဒဏ်ရာက လွှန်ခဲ့သည့် ရက်သတ္တနှစ်ပတ်က ကျနော့်ထံသို့ တိုက်ရိုက် ကူးစက်လာခဲ့သည်ပဲ မဟုတ်လား။ ထိုဝေဒနာက ရင်ကို တသိမ့်သိမ့် ခုန်မြည်လာစေပြီး အမိုးယောက်ျားနှင့် ပတ်သက်၍ သိချင်လာသည်။ သူ့ယောက်ျား ရှိနိုင်သည့်ဒေသသို့ အမိုး မထွက်ခွာမီက အမိုးရရှိခဲ့သည့် သတင်းကကော မှန်ပါ့မလား။ မှန်ပါစေ။ ခက်သည်က တဆင့်စကား တဆင့်နား သတင်းများကြောင့် အနယ်ထိုင်နေသော ဝေဒနာက အနယ်ထကာ ပို၍ နာကျင် ခံစားလာတတ်သည်။

အမိုး အိမ်ထဲရောက်သည်နှင့် ငွေမြိုင့်သားကလေး ဖိုးခွားက အမိုးကို ပြေး၍ဖက်သည်။ အမိုးလည်း ကလေးကို သူ့ရင်ခွင်ထဲ သိမ်းပွေ့ ဖက်ထားလိုက်သည်။ ကျနော်က ငွေမြိုင်နှင့်အတူ နံရံတွင် မှီထိုင်ရင်း အမိုး ပြောလာမည့်အဖြေကို စောင့်သည်။ ဖိုးခွားကို ထိန်းသိမ်း စောင့်ရှောက်နေသည့် ကလေးထိန်းနှင်းဖြူပါ ကျနော်တို့နှင့်အတူ လာထိုင်သည်။

တကယ်က ... အမိုးမျက်နှာပေါ်မှ ကြေကွဲရိပ်တွေကို မြင်လိုက်ရစဉ်ကတည်းကပင် ကြိုတင်မှန်းဆခဲ့ပြီးဖြစ်သည်။ ထင်သည့်အတိုင်းပင် အမိုးကလည်း ဤသို့ပြောသည်။

"သူ့ကိုမတွေ့ခဲ့ပါဘူးဟာ ... မတွေ့ခဲ့ရတဲ့အပြင် ... ဟိုတုန်းက သူနဲ့ အတူတကွနေလာခဲ့ကြတဲ့ လူတွေ ပြောတာကတော့ မယ်စရီယန်းဘက်ကို ပြောင်းသွားတာ နောက်ထပ် သူ့ကို ပြန်မတွေ့ရတော့ဘူးတဲ့ ... တချို့ကလည်း သူသေခဲ့တာကြာပြီတဲ့ ... တချို့ပြောတာကတော့ ... ဘန်ကောက်မှာ အလုပ်လုပ်နေတယ်တဲ့ ... ဘာကိုယုံရတော့မလဲ ..."

အမိုးက ရှိုက်၍ ငိုသည်။ တသိမ့်သိမ့်ငိုရင်း သူ့မျက်နှာကို လက်ဝါးဖြင့် အုပ်မိုးထားလိုက်သည်။ မျက်ရည်စက်တို့က သူမ လက်ဖဝါးအောက်မှ သွယ်ဆင်းစီးကျလာသည်။ ကျနော်က အမိုးကို မကြည့်ရက်တော့။ သူပြောမည့် စကားတွေကို မကြားရက်တော့။

အမိုးရေ ... ဒီလိုပဲပေါ့ ... ပျောက်သောသူ ရှာရင်တွေ့ ... တဲ့ ... တနေ့နေ့ တချိန်ချိန်မှာ အမိုး ... သူ့ကို ရှာတွေ့ရမှာပေါ့ ဟုတ်လား ... ဘာမှ အားမငယ်နဲ့အမိုး ... ကဲ ... ကျနော်သွားအုံးမယ် ... ဟုတ်လား "

အမိုးကို အားပေးစကားပြောခဲ့သည်မှာ ပြောရိုးပြောစဉ် စကားများ ဖြစ်နေမလားမသိ။ တကယ်က ဘဝတူ ခံစားမှု တူကြသူချင်း စာနာနားလည်မှုဖြင့် ဖျောင်းဖျ ပြောခဲ့ခြင်းသာဖြစ်သည်။

ငွေမြိုင့်ကို တချက်လှမ်းကြည့်ကာ အိမ်အပြင်သို့ ကျနော်ထွက်လာခဲ့သည်။ မရှေးမနှောင်းမှာပင် တဂျုံးဂျုံး တဂျိုင်းဂျိုင်း မြည်ကြွေးနေတတ်သည့် စက်ဘီးအိုကလေးကိုနင်းကာ ငွေမြိုင လမ်းမဆီသို့ ထွက်လာခဲ့သည်။ ကျနော့်အနားသို့ ရောက်လာသောအခါ စက်ဘီးထိုင်ခုံပေါ်သို့ ကျနော်ထိုင်လိုက်သည်။ မယ်တော်သို့ သွားမည့် ကားဂိတ်ဆီသို့ ဦးတည်ပြီး ထွက်လာခဲ့ကြသည်။ မဲဆောက်မြို့၏ အနောက်မြောက်ဘက်ရှိ လူနေရပ်ကွက်ကို လမ်းကြိုလမ်းကြားတွေအတိုင်း ကွေ့ပတ် ဖြတ်ထွက်လာခဲ့ကြသည်။

ခါတိုင်း စာသင်ပြီး အိမ်အပြန်မှာ ငွေမြိုင့်အိမ်ကို မကြာခဏ စက်ဘီးနှင့် ဝင်လည်လေ့ရှိသည်။ စက်ဘီးက တာရာကွဲသွားသဖြင့် မဲဆောက်နှင့်မယ်တော်ကို ဘတ်စ်ကားနှင့် သွားရ ပြန်ရသည်။ ငွေမြိုင်က ကားဂိတ်သို့ ကျနော့်ကို ပို့ပေးမည်။

ငွေမြိုင့် အိမ်တံစက်မြိတ်နှင့် အလှမ်း ဝေးလာခဲ့သော်လည်း အိမ်ကလေးထဲတွင် ကျန်ရစ်ခဲ့သည့် အမိုး၏ ရှိုက်သံသဲ့သဲ့က ကျနော့်ထံတွင် ပါလာခဲ့သည်။ ရှိုက်သံကို ပြန်ကြားနေရသေးသည်။ တကယ်လို့များ အမိုးနှင့် အမိုးယောက်ျား ပြန်လည်ဆုံဆည်း ဖြစ်ကြတယ်ဆိုရင် ဘယ်လောက်များ ကြည်နူးဝမ်းသာကြမလဲ။ အမိုးအသက် သုံးဆယ့်ငါးတွင် သူ့ယောက်ျား စောဂလိုတိုး ထောင်ကျခဲ့သည်။ ကရင်အမျိုးသား တော်လှန်ရေး အဖွဲ့အစည်းနှင့် အဆက်အသွယ်ရှိခဲ့၊ ထောက်ပံ့ကူညီခဲ့သဖြင့် ဗမာ စစ်အရာရှိများက သူ့ကို ထောင်ထဲ ပို့ခဲ့သည်။ ထောင်ထဲမှာ (၃) နှစ်ကြာခဲ့သည်။ ထောင်ကလွတ်လာပြီး ခြောက်လအကြာမှာ ဗမာစစ်တပ်က စောဂလိုတိုးကို စစ်ပစ္စည်းသယ်ယူရေးနှင့် မိုင်းရှင်းကိရိယာအဖြစ် (ပေါ်တာ)အထမ်းသမား လုပ်ခိုင်းသည်။

ပေါ်တာ အထမ်းသမားဘဝမှ ထွက်ပြေးခဲ့ရာ ထိုင်းနိုင်ငံဘက် ရောက်လာခဲ့သည်။ ဗမာပြည်ကို ပြန်မရောက်တော့။ မိသားစုနှင့် ဝေးကွာခဲ့ရသည့် အလွမ်းရက် နှစ်ကာလများမှာ ဆယ်နှစ်ပင် ကျော်လာခဲ့ပြီ။ တိုတောင်းသော လူ့ဘဝ သက်တမ်းခရီးတွင် မဖြစ်သင့်၊ မဖြစ်ထိုက်၊ မဝေးထိုက်ဘဲ ဝေးခဲ့ရသည့်၊ ကြေကွဲ ဝေဒနာ ခံစားရသည့် ရက်၊ လ၊ ရာသီများက ဘဝတွင် နေရာယူထားခဲ့လေပြီ။

ကရင်ပြည်နယ်၏ စစ်ဘေး၊ စစ်ဒဏ်သင့်၍ ရွာပျက်၊ အိမ်ခြေပျက်၊ စီးပွားပျက် အခြေအနေက အမိုးတို့မိသားစုကို စစ်ပြေးများအဖြစ် ထပ်မံဖန်ဆင်းခဲ့ပြန်သည်။ သောင်ရင်းမြစ် အရှေ့ဘက်ကမ်းပေါ်ရှိ ရွှေရောင်၊ ငွေရောင် ပြိုးပြက်နေသည့် မဲဆောက်သို့ သူတို့မိသားစု ရောက်လာခဲ့ကြသည်။ စောဂလိုတိုးနှင့် ဝေးခဲ့ကြစဉ် အမိုးမှာ ကိုယ်ဝန်သုံးလနှင့် ကျန်ခဲ့သည်။ ထိုသမီးလေးပင် (၁၁) နှစ်ရှိခဲ့ပြီ။ လူပျိုပေါက်၊ အပျိုပေါက် သမီးနှင့်သားအပြင် သမီးထွေးကလေး နန်းယဉ်ကြော့ကို ထိန်းသိမ်းပျိုးထောင်ရင်း ရုန်းကန် လှုပ်ရှားခဲ့သည်။ မဲဆောက်တွင် ကျပန်းအလုပ်ကို လုပ်ကြရသည်။ အမိုးက ငွေမြိုင့်ကလေးကို ထိန်းရသည်။ ကလေးထိန်း အိမ်ထောင်မှု အလုပ်သမား။

မဲဆောက်တွင် တနှစ်ကျော်ကြာခဲ့ အပြီးမှာ စောဂလိုတိုးကို လိုက်လံရှာဖွေခဲ့သည်။ သတင်းအစအန ကြားသည်နှင့် တပြိုင်နက် သူရှိနိုင်သည်ဟုထင်ရသည့် အရပ်ဒေသတွင် ရေမြေအနှံ့ ခြေဆန့်၍လိုက်ရှာခဲ့သည်။ ယခုလည်း လင်ပျောက်ရှာပုံတော် ဖွင့်ခဲ့လေပြီ။ စောဂလိုတိုးကို မတွေ့ခဲ့ရသည့်အပြင် ကလေးထိန်း အလုပ် ကပင် ထွက်ခဲ့ရပြီ။ ယောက်ျားကို ရှာဖို့အတွက် အိမ်မှထွက်သွားကတည်းကပင် ငွေမြိုင်က နောက်တယောက် ကလေးထိန်း အိမ်ထောင်မှု့ အလုပ်သမား နှင်းဖြူကို ငှားရမ်းခဲ့သည်။

သည်အိမ်ကလေးသို့ အမိုးပြန်လာခြင်းက အလုပ် ပြန်လုပ်ဖို့အတွက်မဟုတ်။ ဆိုးတိုင်ပင် ကောင်း တိုင်ပင် မိသားစုဖြစ်နေ၍ ကျနော်တို့ထံ အကျိုးအကြောင်း လာပြောခြင်းသာဖြစ်သည်။ အမိုးက အလုပ်လက်မဲ့ ဖြစ်သွားပြီ။ ထို့ကြောင့် အလုပ်တခု ထပ်ရှာရပေလိမ့်အုံးမည်။

ငွေမြိုင်က “ဆရာ ... ကားဂိတ်ရောက်ပြီ” ဆိုပြီး သတိပေးမှပင် အမိုးနှင့် ပတ်သက်သည့် အတွေးက

ပျယ်လွင့်သွားတော့သည်။ မယ်တော်သို့သွားရန် အသင့်ဖြစ်နေသော ဘတ်စ်ကားပေါ်သို့ ကသုတ်ကရက် တက်လိုက်သည်။ မွန်းတိမ်းစ မဲဆောက်ဈေးသိမ်းချိန်၊ မြဝတီတဘက်ကမ်းသို့ ပြန်ကြမည့် ဗမာဈေးသည်များ၊ ဈေးဝယ်များနှင့် ကားပေါ်မှာဆုံကြသည်။ ကိုယ့်အတွေးနှင့်ကိုယ် ကားစီးခဲ့သည်။ အမိုး၊ အမိုးရဲ့ယောက်ျား၊ အမိုးရဲ့ကလေးတွေ... ငွေမြိုင် ... စကြာမှန်ပြောင်းလှည့်သလို အတွေးအိမ်ထဲတွင် ရုပ်ပုံတွေက ချာလည်လှည့်ပတ် ပေါ်လာနေသည်။

မယ်တော် ဘုန်းကြီးကျောင်းရှေ့ရောက်တော့ ဘတ်စ်ကားက အတော်ကြာကြာရပ်သည်။ ဆင်းမည့် ခရီးသည်ကလည်း များသည်။ ကျနော်တိုးဝှေ့ပြီး ကားပေါ်မှ ဆင်းလာကာ မယ်တော်ရွာထဲသို့ မြေနီလမ်းကလေးအတိုင်း လျှောက်လာခဲ့သည်။ သရက်ပင်တန်း၊ အုန်းပင်တန်း၊ သဖန်းပင်တို့နှင့် ညှို့မှိုင်း အုံ့ဆိုင်းနေတတ်သည့် လမ်းကလေး။ ချောင်းအကူး သစ်သားတံတားအလွန်တွင် သစ်ရိပ်မရှိတော့၊ နေပူပူ လွင်တီးခေါင် တံလျှပ်အငွေ့ထဲ ဖြတ်ရသည်။

အတွေးထဲတွင် အမိုးတို့မိသားစုကို ဖျတ်ကနဲ သတိရလာပြန်သည်။ ထိုအတွေးကို နောက်ထပ် မိသားစု ရုပ်ပုံတခုက ဖုံးလွှမ်းသွားပြန်သည်။ ထိုမိသားစုကား ဗမာပြည်တွင် ကျန်ရစ်ခဲ့သည့် ကျနော့်မိသားစု။ တခါတရံ စိတ်ညစ်လောက်အောင်ပင် မိသားစုကို လွမ်းနေမိတတ်သည်။ သတိရတမ်းတတိုင်း စိတ်တွင် လောင်ကျွမ်းသည်။ တခါတခါ ကြေကွဲမှုများက ရင်သို့ ဆို့နင့်စေသည်။ ချုပ်တီး မေ့ဖျောက်ထားခဲ့သော်လည်း ယခုလို တိုက်ဆိုင်မှုတွေ ရှိလာသည့်အခါ ခံစားမှုက အနှယ်ပြန်ထလာသည်။

တောခို သူပုန်လုပ်ဖို့အတွက် တော်လှန်ရေးဒေသသို့ ထွက်မလာမီရက်က သီသီက ကျနော့်ကို ပြောသည်။ "ရှင့်သမီး အပျိုဖြစ်နေပြီ... ရှင်သတိထားပေတော့ "။ သီသီ ပြောသည်ကို ပြန်လည်ကြားယောင်လာသည်။ သမီးကြီး သီရိစိုး ယခုဆို အပျိုကြီး ဖြစ်နေပြီလား။ ကျနော့် ချစ်မေတ္တာရင်ငွေ့တွင် ခိုလှုံခဲ့ရသည့်သမီး၊ ကျနော့်ရင်ခွင်ထဲတွင် ကြီးပြင်းခဲ့ရသည့်သမီး။ သမီးကြီးက ခံစားနားလည်တတ်သည့် အရွယ်။ ထိုအရွယ်မှာပဲ သူတို့ကို ကျနော်ထားရစ်ခဲ့ရသည်။ သမီးကြီး ဖအေကို လွမ်းဆွေးတိုင်း ဘယ်လောက် ငိုကြွေးတမ်းတလိုက်လေမလဲ။ ကျနော့် အတွေးထဲတွင် သမီးကြီးပုံရိပ်ကို ပြန်တွေ့ရတော့ စိတ်ထဲတွင် ထိခိုက် ကြေကွဲမိတော့သည်။ သမီးကျောင်းမှ ပြန်လာတိုင်း ကျနော့်ကို သမီးက ရွှန်းရွှန်းနောက်နောက် အသံဖြင့်ခေါ်တတ်သည်။

"ဖေကြီး ... ဖေကြီးရေ့... "

ထိုသို့ပင် သမီးက ခေါ်တတ်သည်။ ယခု ကြားယောင်နေသော အသံမှာ ရယ်ရွှန်းနောက်ပြောင်သည့် အသံမဟုတ်တော့။ ကျနော့်ကို သမီးကြီး ခေါ်နေသည့်အသံမှာ ငိုရှိုက် ခေါ်ငင်နေသည့်အသံ။ မနီးမဝေး နေရာတခု ... မှ ဟစ်ခေါ် ပြေးလိုက်လာနေသော အသံဖြစ်နေသည်။

"ဖေဖေ ... ဖေဖေရေ ... ရပ်နေအုံး ... သမီး လိုက်လာနေတယ်လေ ... သမီးခေါ်တာလည်း မကြားဘူးလား မသိဘူး ... ဖေကြီးရေ ... "

" ဟယ် ... သမီးလိုက်လာတယ် ... သမီးလိုက်လာတယ်နော် ... "

သွေးကြောတွေ ရပ်တန့်သွား၊ နှလုံးခုန်သံတွေ တဒိန်းဒိန်း မြည်ဟိန်းနေသည်ကိုပင် သတိမထားနိုင်တော့၊ အံ့သြခြင်း ပြီးတော့၊ အံ့သြခြင်းနှင့် စိတ်ခြောက်ခြားမှု၊ အမြင်အာရုံတို့သည် ပြာဝေမှုန်မှိုင်းသွားသည်။

တာဝေး အပြေးသမားတဦး၏ ပန်းဝင်သည့်အတိုင်းပင် ကျနော့်အနီးအပါးအထိ သမီးက အဟုန်ဖြင့် ပြေးဝင်လာခဲ့ခြင်းဖြစ်သည်။ အုယားဖားယား။ မောဆို့လှိုက်ဖိုနေပြီး ...

"ဟင် ... ဖေဖေ လည်းမဟုတ်ပါလား "

" သမီး "

"... ... ..."

" သမီး "

"မှားသွားတယ် ... ဖေဖေလည်း မဟုတ်ပြန်ဘူး ... "

သမီးခမြာ ငိုပါလေတော့သည်။ သူ့ရှိုက်သံတွေက ဆင့်ကဲထွက်လာသည်။ ရှိုက်သံက ရင်ကို ရိုက်ခတ်နာကျင်စေရန် တမဟုတ်ခြင်း ကူးစက်ပျံ့နှံ့လာခဲ့သည်။ သမီးလေးက ကျနော့်အပါးမှ ထွက်ခွာသွားနေပြီဖြစ်သော်လည်း ရှိုက်သံသဲ့သဲ့မျှင်မျှင်က ကျနော့်ရင်ထဲတွင် လှိုင်းထ ပဲ့တင်ကျန်ရစ်ခဲ့သည်။ သမီးလေး၏ ပါးပြင်မှ မျက်ရည်စက်များသည် ကျနော့်မျက်လုံးအိမ်ထဲ ရောက်လာကာ တခဏမှာပင် ပါးပြင်ပေါ်၌ သွယ်ဆင်းကျလာနေပြီ။

ကျနော့်ရှေ့ကနေ သမီးလေးက အပြေးတဝက်နှင့် သွားနေသည်။ ကျနော်က သမီးလေးကို မမှီလိုက်တော့။ ပိုပြီးရှက်သွား အားငယ်သွားနိုင်သည်။ ထို့ကြောင့်ပင် ခြေလှမ်းကို လေးလေးတွဲ့တွဲ့လှမ်းရင်း နောက်မှာ တမင်ချန်ပြီး လိုက်လာခဲ့သည်။ အသက်က ဆယ့်တစ်နှစ်၊ ဆယ့်နှစ်နှစ်မျှသာ ရှိပေဦးမည်။ အသားက ဖွေးဖွေးညို။ စိမ်း၊ နီ၊ ပြာ၊ ဝါ ပန်းပွင့်တွေဖော်ထားသည့် စကပ်တိုလေးကို ဝတ်ထားသည်။ တီရှပ် အဝါနုနု။ ချစ်စရာကောင်းလိုက်တဲ့ သမီးလေး။ တကယ့် ပန်းပွင့်ကလေးတပွင့်ပါ။ သူပြောသမျှ စကားတွေက ကရင်သံဝဲနေသည်။

ကျနော်ဟာ သမီးလေးရဲ့အဖေများဖြစ်နေခဲ့ရင်... သမီးလေးကလည်း ကျနော့်ရဲ့ နှလုံးသွေး ဖြစ်နေခဲ့မှဖြင့်... ကမ္ဘာလောကထဲတွင် ကျနော်တို့သားအဖလောက် ပြန်လည်ဆုံဆည်းရသည့် ဝမ်းသာပျော်ရွှင် ကြည်နူးမှုကို ဘယ်ခံစားမှုကမှ လိုက်မှီနိုင်မည် မဟုတ်တော့။ ယခုတော့ သမီးလေးကလည်း ရင်နာနာ ကြေကွဲကွဲ။ ကျနော့်ရင်လည်း နာကျင် လောင်ကျွမ်းသွားခဲ့လေပြီ။

သမီးလေးက အိမ်တန်းတွေကို ကျော်လွန်ပြီးသည်နှင့် ဘယ်ဘက်သို့ ချိုးကွေ့ပြီး အစွန်ဆုံးအိမ်သို့ ဝင်လိုက်သည်။ ကျနော်နေသည့်အိမ်က ထိုအိမ်၏ ခေါင်းရင်းဘက် ဒုတိယအိမ်။ ကျနော် အိမ်ပေါ်သို့ ရောက်သည်နှင့် အိမ်နောက်ဖေး ရေကပြင်သို့သွားကာ မျက်နှာသစ်လိုက်သည်။ မျက်ရည်များ၊ ချွေးများသည် ရေထဲတွင် စီးမျော ပါသွားပါစေတော့။

အိမ်ရှေ့ဘက်ဆီသို့ ထွက်လာတော့ ဆရာချမ်းကို အသင့်တွေ့ရသည်။ ကျနော်က မိတ်ဆွေရဲဘော်ကြီး ဆရာချမ်းအိမ်တွင် မှီခိုတွယ်ကပ်နေသည်။ ဆရာချမ်းက ပူလိုက်တာ လွန်ပါရောဟုဆိုကာ ရေနွေးကြမ်းကို တကျိုက်ကျိုက် သောက်နေလေသည်။

"ဆရာစိုး ရောက်လာတာနဲ့ အတော်ပဲ... ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်က ဆရာစိုးကို စောင့်မျှော်နေခဲ့တာကြာပေါ့ဗျာ။ "

ကျနော်က သူ့ရှေ့မှာ ဝင်ထိုင်လိုက်သည်။ ဆရာချမ်းက ကျနော့်မျက်နှာကို အကဲခတ်သည့် အကြည့်ဖြင့် ကြည့်နေသည်။

"ဆရာချမ်း ... ဟိုဘက်ခြေရင်းအိမ်မှာ ဧည့်သည်တွေ ရောက်နေပုံရတယ်။ ဆရာချမ်း သူတို့ကို သိလား ..."

"သိပါတယ် ... ကရင်ပြည်နယ်က ထွက်ပြေးလာခဲ့တဲ့ ကရင် ဒုက္ခသည်တွေပဲလေ။ မနှစ်က ဒီမယ်တော်မှာ သူတို့နေသွားခဲ့ကြတယ်။ ဒီနှစ်ထဲမှာပဲ ဘန်ကောက်ကို သူတို့ပြောင်းသွားကြတာ။

သူ့စကား ပြတ်သွားတော့ စောစောက စိတ်ထိခိုက်စရာ အဖြစ်အပျက်ကို ကျနော်က ပြောပြလိုက်သည်။

"ဟုတ်တယ် ဆရာစိုးရေ ... အဲဒီကလေးက ဖအေပျောက်လို့ လိုက်ရှာနေတဲ့ ကလေး ...

ဘန်ကောက်ကနေ မဲဆောက်ကိုရောက်လာပြီး ဖအေကိုလာရှာတာ ဒါနဲ့ဆို နှစ်ခေါက်ရှိသွားပြီ ... သိပ်ပြီး သနားစရာကောင်းတဲ့ သမီးလေးပါဗျာ ...”

ဒီလိုဗျာ ... ဟု အစချီကာ ဆရာချမ်းက ကျနော့်ကို ရှင်းပြခဲ့သည်။ မနှစ်က (၁၉၉၃ မှာ) သမီလေးရဲ့ အဖေက ဟောဒီ မယ်တော်ဘုန်းကြီးကျောင်းရှေ့မှာ ကားတိုက်ခံခဲ့ရသည်။ ကားသမားတွေက ကလေး၏ အဖေကို ကားပေါ်တင်ပြီး ခေါ်သွားကြသည်။ ကားတိုက်မှုဖြစ်၍ ရွာထဲမှ ထွက်ကြည့်ကြသည့် ရွာသားတွေကို ကားသမားက မှာခဲ့သည်။ မိသားစုကို ပြောပြလိုက်ကြပါ ... မဲဆောက်ဆေးရုံကို ခေါ်သွားမှာဖြစ်တယ် ... မဲဆောက်ဆေးရုံကို လိုက်ခဲ့ကြဖို့မှာခဲ့သည်။ သမီးလေးအမေရယ်၊ အခြားမိတ်ဆွေတွေရယ်၊ မဲဆောက်ဆေးရုံကို လိုက်သွားကြသည်။ အရေးပေါ်ဌာနမှာလည်း သမီးလေးအဖေကိုမတွေ့ရ။ လူသေရုံမှာလည်း ရှာလို့မတွေ့။ အထပ်ထပ်အခါခါ နေရာအနှံ့၊ ဌာနအနှံ့ မြေလှန်ပြီး ရှာကြဖွေကြ မေးမြန်းစုံစမ်းကြသော်လည်း သတင်း အစအနပင် မရခဲ့တော့ပေ။ ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည်။

“အဲဒီထဲက သမီးလေးကော ... သူ့အမေပါ ... သောကမီးဝိုင်း အရှူးတပိုင်း ဖြစ်သွားခဲ့တော့တာ ပါပဲဗျာ ... ကျနော့်အထင်ပြောရရင် ကားတင်ပြီး တနေရာရာမှာ လူနာကို အစဖျောက်လိုက်တယ်လို့ ထင် တယ်... ဘယ်လာ ဆေးဝါးကုသပေးမှာလဲ ... ဒီနယ်စပ်က လူတယောက်ကိုသတ်ရတာ ပုရွက်ဆိတ် တကောင် ကိုသတ်ရသလိုပဲ သိပ်လွယ်တာ ... သတ်ပစ်လိုက်တော့ နောက်ထပ်လည်း ငွေမကုန်တော့ဘူး ... ကား အတိုက်ခံရတဲ့လူနာကြောင့် ရာဇဝတ်မှုလည်း မဖြစ်တော့ဘူးပေါ့ဗျာ။ အဲ ... မီးရှို့သတ်သလား ရေထဲမျှောပစ် လိုက်သလား ဆိုတာတော့ မသိဘူးပေါ့။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်စတဲ့ အဲဒီပြည်နယ်တွေလည်း စစ်ထဲမှာ ကြေမွကုန်တော့တာပါပဲ ... လူထုတွေလည်း ထွက်ပြေးခဲ့ကြရ ... တကွဲတပြားစီ ဖြစ်သွားကြ ... ဒုက္ခသည် တွေထဲကပဲ နယ်စပ်တရိုးမှာ အခုလို အဖြစ်ဆိုးနဲ့ သေသွားခဲ့တဲ့ ဗမာပြည်သားတွေ ဘယ်လောက်ရှိမယ်လို့ ထင်လဲ ဆရာစိုး။ မဲဆောက်ဆိုတာ ရွှေရောင်ငွေရောင် ပြောင်လက်နေပေမယ့် ဒုစရိုက်တွေ ဖုံးလွှမ်း မဲမှောင်နေတဲ့ တောနက်ကြီးပါဗျာ ”

သက်ပြင်းကို တမျှင်းမျှင်း ချလိုက်မိသည်။

“ အေးလေ ... သမီးလေးကတော့ သူ့အဖေဟာ အသက်ရှင်ဆဲပဲလို့ ထင်မှတ်နေတုန်းပဲ ... မျက်စိ ရှေ့မှာပဲ ပျောက်သွားလေတော့ ... သေသွားပြီလို့ပြောလည်း ယုံမှာမဟုတ်တော့ဘူး ... ဆရာချမ်း ပြောလိုက် တော့မှ ပိုတောင် စိတ်မကောင်းဖြစ်ရတယ်... ”

လမ်းပေါ်တွင် ဆုံဆည်းခဲ့သော အပြစ်ကင်းစင်သည့် သမီးလေးကို တွေးမိပြန်သည်။ မီးပုံကြီးထဲက ပန်းပွင့်ဖြူလေးတပွင့်။ တခဏမှာပင် ဗမာပြည်က သမီးကြီးကို ဖျတ်ခနဲ သတိရလာသည်။ မိသားစုကို ပြေး သတိရသည်။ ပြီးတော့ အမိုးတို့မိသားစု၊ ... ပြီးတော့ ... ။ ပြိုကွဲကြေမွနေသော မိသားစုတွေ ... အဲဒီ မိသားစုတွေ။ စစ်မီးထဲမှာ သေဆုံးခဲ့ကြတဲ့လူတွေ ... ဘယ်နှစ်သောင်း၊ ဘယ်နှစ်သိန်း ရှိသွားနေပြီလဲ ... ။

■ ■ ■

သြဂုတ်လ (၂၅) ရက်၊ ၂၀၀၁ ခုနှစ်၊ နေ့လည် (၁၂ )နာရီ၊
ဂျပန်နိုင်ငံ၊ ရွှေကြိုးကြာမဂ္ဂဇင်း၊ အမှတ်(၆)၊ ၂၀၀၁ ခု၊ ဒီဇင်ဘာလ(၃)ရက်။

# သစ္စာပျားရည်စက်တွေ ...

မြိုင့်ကိုပြန်တွေ့ရသည်နှင့် ရင်ထဲတွင် နွေးသိမ့် လှုပ်ခတ်သွားသည်။ မြိုင်က ကျောက်သလင်းလှေကားထစ်အစွန်းတွင် ထိုင်ရင်း တလှိုက်လှိုက်ပြုံးနေသည်။ သစ်တိုပင်ကြီးအောက်ကို ရောက်နေသည့် သူ့ကိုငေးကြည့်ရယ်ပြုံးရင်း စကားတွေ လှမ်းပြောနေစဉ် တခဏမှာပင် အပြေးတဝက်နှင့် ရောက်လာကာ သစ်တိုသီးတွေကို အလုအယက် ကောက်နေတော့သည်။ မြိုင်က သစ်တိုသီးကောက်လိုက်၊ သစ်တိုသီးတွေ စားရတော့မယ် အော်လိုက်နှင့် ကလေးတယောက်လို မြူးရွှင်နေသည်။ ဖားလျားတွဲခိုနေသည့် မြိုင့်ဆံမျှင်တွေကို လေက တိုးဖွ မြူးလွင့်ပစ်နေသည်။ သည်တုံးက မြိုင့်ကိုလှမ်းကြည့်ရင်း စိတ်ညွှတ်နူးပျော်ရွှင်ခဲ့သည်။ မောင်ရေ ... လာ၊ သစ်တိုသီးတွေ အများကြီးရပြီ။ သွားစို့ဟုဆိုကာ သူ့ထံရောက်လာသည်။ သူ့ ညာလက်မောင်းကို မြိုင်က တင်းတင်းတွယ်ဖက်ရင်း ပြေးတဝက်နှင့် နှစ်ယောက်သား ကျောက်လှေကားထစ်သို့ ရောက်လာခဲ့ကြသည်။

နှစ်ယောက်ကြားတွင် သစ်တိုသီးတွေကို ပုံလိုက်ပြီး မြိုင်က တလုံးပြီးတလုံး အခွံခွာသည်။ မြိုင်က အဲဒီ သစ်တိုသီးကို သိပ်ကြိုက်တာပဲမောင်ရဲ့ ... ပြောလိုက် စားလိုက်၊ သူ့ကိုလည်း ကျွေးလိုက်၊ သစ်တိုသီးအမွှာတွေကို ခွံ့ကျွေးနေတဲ့မြိုင့်ကို မျက်တောင်မခတ်ပဲ ကြည့်နေတော့ မြိုင်က ပူးကပ်တိုးဝင်လာပြီး မျက်နှာချင်းဆိုင်လိုက်သည်။ မြိုင့်နှုတ်ခမ်းဖျားက သစ်တိုသီးကို နှုတ်ခမ်းချင်း တေ့ဆက်ယူလိုက်စဉ်မှာပဲ မြိုင့်လက်တွေက သူ့လည်တိုင်ကို နွယ်မျှင်လို ရစ်ပတ်ထားသည်။ စွဲရစ်စေတဲ့ အနမ်းပွင့်တွေ မြိုင့်ကိုယ်သင်းရနံ့တွေကအစ ယခုတခဏမှာပဲ စိတ်မှာ ပြန်လည် သတိရလာသည်။ မြိုင့်ရဲ့ တသဲ့သဲ့ တန္ဓဲ့န္ဓဲ့ ရယ်သံတွေကို ပြန်ကြားရသည်။ တကိုယ်လုံး လှုပ်လို့၊ ရွေ့လို့မရလောက်အောင် ကျင်စက်ထုံကိုက်မှုတွေကို ဆွတ်ပျံ့မှုတွေက ဖယ်ရှားပစ်လိုက်သလိုပဲ။

စိမ်းညို့ဝေနေသည့် ကန့်ကော်ပင်တန်းအောက်မှာ ဆံမျှင်ဖားလျားချ၊ ကန့်ကော်ကိုင်းတွေကို တွန်းဖယ်ရင်း အတူသွားလာခဲ့စဉ်က မြိုင့်ပုံရိပ်တွေ၊ အင်းလျားကန်စောင်း သရက်ပင်အိုကြီးအောက်မှာထိုင်ရင်း ပခုံးပေါ်မှာ နွဲ့မှီထားတဲ့ မြိုင့်ပုံရိပ်တွေက စိတ်အတွင်းမှာ တဖျတ်ဖျတ် ပေါ်လာနေသည်။ ဖတ်ခဲ့ဘူးသည့် စာအုပ်တွေထဲက ကဗျာတွေ၊ ဝတ္ထုတွေ၊ သမိုင်းအဖြစ်အပျက်တွေ၊ နိုင်ငံရေး ခေါင်းဆောင်တွေရဲ့ အတ္ထုပ္ပတ္တိ အကြောင်းတွေကို ဆွေးနွေးဖြစ်ကြသည်။ သူရဲကောင်း ဂျူးလိယက် ဖူးချစ်နဲ့ ငုယင်ဗန်ထရွိုင်းအကြောင်း ပြောကြတော့ မြိုင်က သိပ်စိတ်ဝင်စားသည်။

မကြာခဏ ဖူးချစ်အကြောင်း ပြောပြခိုင်းတာတွေ၊ ငြိမ်သက် နားထောင်နေသည့် ရုပ်ပုံတွေကို ပြန်တွေ့ရတော့ စိတ်မှာနွေးလာသည်။

မြိုင်က သမိုင်းအဓိက ဒုတိယနှစ်ကျောင်းသူ။ ကျောင်းမနေနိုင်သည့် ရပ်ကွက်ထဲမှ ကလေးတွေကို အခမဲ့ စာသင်ပေးသည့် ဆရာမ မြိုင်။ ထိုကလေးတွေ၏ ဘဝကို နာကျင်နေမိသည့် ဆရာမမြိုင်ကို အချစ်တွေနှင့် လေးစားခဲ့သည် မဟုတ်လား။

ဆယ်တန်းမှာ သူကျကျန်ခဲ့တော့ မြိုင်က ပထမနှစ် တက္ကသိုလ်ကျောင်းသူ ဖြစ်နေပြီ။ ညီလေး၊ ညီမလေးနဲ့ မိသားစုအတွက် ကျောင်းဆက်မတက်ဘဲ ဆင်မလိုက် အထပ်သားစက်ရုံမှာ အလုပ်ဝင်လုပ်သည်။ အလုပ်သမားဘဝထဲမှာ ဘဝကို မြှုပ်ထားတာကို မြိုင်က ဘာမှမပြောလိုပေမယ့်၊ စာမေးပွဲတွေ ဆက်မဖြေတာကိုတော့ မြိုင်က စိတ်မကောင်းဖြစ်သည်။ မြိုင်ငိုတဲ့နေ့ကို အမှတ်ရလာပြန်သည်။ တက္ကသိုလ် ပုံနှိပ်တိုက်

အုတ်ခုံစွန်းမှာထိုင်ရင်း နှင်းမြူထဲက စိမ်းရင့်မှိုင်းညို့ သစ်တိုပင်ကြီးကို မြိုင်က ငေးတွေကြည့်လို့ မချင့်မရဲဖြစ်နေသည့်မြိုင်က ... မောင်က မြိုင့်အပေါ်မှာ ခေါင်းမာသည်ဟုဆိုသည်။ "ဆယ်တန်းဖြေဖို့ပြောတိုင်း စကားများရတယ်။" တင်းမာသည့် စကားလုံးတွေနှင့် ရန်တွေ့သည့်မြိုင့်ကို စိတ်မကောင်းဖြစ်မိသည်။

"မြိုင် ... မောင့်လက်ကိုတွဲဖို့ ဝန်လေးနေပြီမဟုတ်လား။ အထပ်သားစက်ရုံထဲက သစ်တုံးတွေ၊ ကရိန်းသံကြိုးတွေနဲ့ အလုပ်လုပ်နေရတဲ့ မောင့်လက်တွေကို ဘယ်လက်တွဲချင်ပါ့မလဲ ရပါတယ်မြိုင် ... မြိုင်နဲ့"

စကားမဆုံးမီမှာပဲ မြိုင်က သူ့နှုတ်ခမ်းကို လာဖိထားသည်။ သည်တုန်းက မြိုင့်ပါးပြင်ပေါ်မှာ မျက်ရည်စက်တွေ စီးကျသွယ်ဆင်းလို့။ မြောက်လေရိုင်းတွေ တို့ဖော့လှုပ်ခတ်သွားတိုင်း တဝေါဝေါ အော်မြည်ဟစ်ကြွေးနေသည့် သစ်တိုပင်ကြီးလို မြိုင့်မျက်နှာပေါ်မှာ မှိုင်းညို့ညို့။ မြိုင့်ကို ပြန်ချော့ရပြန်သည်။ တက္ကသိုလ်ကို တက်ချင်လို့တော့မဟုတ်ဘူးနော်။ ခရီးသွားဟန်လွှဲ လေ့လာဖို့အတွက်ပဲ ဖြေမယ်။ အကန့်အသတ် နှောင်ကြိုးတွေ တည်းထားတဲ့ပညာရေးကို အပြင်ကလည်း လေ့လာလို့ရတာပဲမြိုင် ... လို့ ပြောတော့ မြိုင်က အံ့ဩစွာ မော့ကြည့်သည်။ မြိုင်ပြောနေကျဖြစ်သည့် မောင်က သိပ်ပြီးခေါင်းမာတာပဲဆိုသည့် အဓိပ္ပါယ်ပါသောအကြည့်။ မြိုင့်မျက်ရည်စက်တွေကို သုတ်ဖယ်ပစ်တော့မှ သူ့ပခုံးစွန်းတွင် မြိုင်က နွဲ့မှီလာသည်။

အလင်းရောင်ဆို၍ မြူမှုန်တစပင်မရှိသည့် အမှောင်တိုက် ငရဲခန်းတွင်နေရစဉ် အတွေးစိတ်တွင် ထိုသို့ပင် မြိုင့်ကိုပြန်တွေ့ရသည်။ ကျောက်သလင်း လှေကားစွန်းပေါ် ပြန်ရောက်သွားကာ မြိုင်နဲ့ စကားပြောရသည်။ အလုပ်တဖက်နှင့် ဆယ်တန်းအောင်သည့်နှစ်မှာ မြိုင်က တတိယနှစ်သို့ရောက်နေပြီ။ သည်တုန်းက အမှတ်တရပင် ... မြိုင်ကြိုက်တဲ့ အလှဆုံး သင်းမြနှင်းဆီပွင့်နှစ်ပွင့်ကို ပလပ်စတစ်အိတ်တွင်ထည့်ကာ လက်ဆောင်ပေးခဲ့သည်။ မြိုင်မှာ ကလေးတယောက်လို ပျော်မြူးကာ "မောင်ရယ် ... ပျော်လိုက်တာကွယ်" ဟု ထပ်ဖန်တလဲလဲပြောရင်း၊ လည်တိုင်ကို သိုင်းဖက်ရင်း ဟီးလေးခိုလာသည့် မြိုင့်ရုပ်ပုံကို ပြန်တွေ့ရစဉ် ရင်ထဲမှာ နင့်လာသည်။ ယခုလို အတိုင်းမဲ့ တသ တမ်းတမှုတွေကို မြိုင့်ကို ပြောပြချင်လိုက်တာ။ မြိုင်နဲ့တွေ့ချင် လိုက်တာ။ ဒဏ်ရာတွေနဲ့ လှုပ်မရအောင် မှကျေနေတဲ့သူ့ကို မြိုင်ကော... မေမေပါ တွေ့လိုက်ရရင် ... ။ ဒါပေမဲ့ တင်းကြိတ်ပြုံးရင်း အားတင်းထားကြလိမ့်မယ် ထင်ပါရဲ့။

တကယ်က မြိုင်ကော လွတ်ရဲ့လား။ မြိုင် ပဲခူးမှာပဲလား။ ရန်ကုန်ကို ရောက်လာနိုင်သေးရဲ့လား။ အရေးတော်ပုံကြီးထဲမှာ မြိုင့်အဖေ အရာရှိလည်းပါဝင်ခဲ့သည်။ ထို့ကြောင့် ရန်ကုန်မှပဲခူးသို့ နယ်ပြောင်းရွှေ့ပစ်လိုက်သည်။ မိုးအေးနှင့် စိုးချစ်တို့ကြောင့် မြိုင်နှင့် မခင်နှင်းတို့အုပ်စုတွေပါ ဒုက္ခရောက်ကုန်ကြပြီလား။

ခဏမှာပဲ နံရံကိုအားပြုရင်း ရှန်းထကြည့်သည်။ လမ်းတဝက်မှာပဲ အရုပ်ကြိုးပြတ် ပုံလျှက် လဲကြသွားစဉ် သူအော်ငြီးသည့် ပဲ့တင်သံကို သူပြန်ကြားရသည်။ မီးလောင်ဖုမှ သွေးကြည်ရည်တွေက ခြေထောက်တလျှောက်လုံး စိုစွတ်ကုန်သည်။ ပရိယာယ်ကို နားမလည်သည့်၊ သူ့ရဲကောင်းလုပ်တတ်သည့်၊ မိုးအေးနှင့် စိုးချစ်တို့ကိုပဲ အပြစ်တင်ရမှာဖြစ်ပေမဲ့ အပြစ်မတင်ချင်တော့။

အရေးတော်ပုံကာလ အထွေထွေသပိတ်မှောက်တော့ မြိုင်နဲ့ပတ်သက်ပြီး ကျောင်းသားသမဂ္ဂက မိုးအေး၊ စိုးချစ်၊ ကိုလင်းဝေနှင့် ကိုချစ်အောင်တို့ကို သိကျွမ်းခဲ့ခြင်းဖြစ်သည်။ ပြီးတော့ ပဲခူးကောလိပ်က မခင်နှင်းကိုလည်း သိခဲ့ရသည်။ ထိုစဉ်က အထပ်သားစက်ရုံက အလုပ်သမားသမဂ္ဂ ခေါင်းဆောင်တွေနှင့် မြိုင်တို့ ကျောင်းသားသမဂ္ဂ အတူလက်တွဲခဲ့ကြသည်။ အရေးတော်ပုံကြီးသည် အထွေထွေသပိတ်များ၏ နှလုံးသွေးချွေး မျက်ရည်မြစ်ချောင်းတို့ စီးဆင်းပေါင်းဆုံရာ မဟာသမုဒ္ဒရာကြီးပဲ။ အင်မတန် ကြီးကျယ်ခမ်းနားသည့် မဟာသမုဒ္ဒရာ။ စစ်ဖိနပ်အောက်က လူထုသည် သူတို့၏ဘဝတွေထဲမှာ ရောက်ရှိနေသည့် ဟောင်းမြင်းဆွေးရိနေတာတွေကို သယ်ဆောင်သွားနေသည့် မုန်တိုင်းတွေပဲ။ ကျောင်းသားသမဂ္ဂ၊ လယ်သမားသမဂ္ဂ၊ စက်ရုံ

အလုပ်ရုံအလိုက် အလုပ်သမားသမဂ္ဂများ၊ အိမ်ရှင်မသမဂ္ဂများ၊ ပညာရှင်များ၊ တက္ကသိုလ်နှင့် ကောလိပ် ဆရာများ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ၊ လမ်းဘေးနေ ခြေသလုံးအိမ်တိုင်သမဂ္ဂများ၊ ဆိုက်ကားသမားသမဂ္ဂများ၊ တိုင်းရင်းသားလူမျိုးစုအသီးသီး အဖွဲ့အစည်းတွေ၊ သမဂ္ဂတွေ၊ လူမျိုးစုံ အသွေး အရောင်စုံ အတန်းအစား သမဂ္ဂပေါင်းစုံနှင့် လူထုအသချေ်ပါဝင်သည့် လူထုတိုက်ပွဲသွေးမှန်တိုင်းထဲတွင် ပါဝင်ခဲ့ပုံ တွေနှင့် လူလိုင်းလုံးတွေက စိတ်မှာ တရိပ်ရိပ်ပေါ်လာနေသည်။ အင်အားတမျှင်အဖြစ် ပါဝင်ရင်း ကြည်နူးစွာ ငိုခဲ့ဖူးသည့်အဖြစ်ကို သတိရသည့် ယခုအခိုက်အတန့်မှာပဲ ထပ်၍ ကြည်နူးပီတိဖြစ်စွာ ငိုချင်နေပြန်သည်။

ချစ်ခင်လေးစားမိသည့် ကိုသက်မောင်ပြောသလို ဘဝပေါင်း ကုဋေကုဋာ ဖိနှိပ်မှု ထမ်းပိုးအောက်မှ လွတ်မြောက်ဖို့၊ ဖိချေနင်းထားသည့် စစ်အာဏာရှင်စနစ်ကို ရိုက်ချိုး ဖျက်သိမ်းပစ်ဖို့ဆိုတာ ဘဝတွေကို စွန့်လွှတ်ရမည်။ အမြင့်မြတ်ဆုံးအရာဟာ အာဏာရှင်စနစ် ဖျက်သိမ်းရေးအတွက် တော်လှန်ရေးပေါ်မှာကော၊ အဖိနှိပ်ခံ လူထုပေါ်မှာပါ သစ္စာရှိခြင်းပဲ ...။ အဲဒီမဖောက်ပြန်တဲ့ သစ္စာတရားဟာ  အရဲရင့်ဆုံး သစ္စာတရားပဲ။ အဲဒီသစ္စာတရားကို အသက်သွေးနဲ့ လဲယူရတာလောက် ဂုဏ်သိက္ခာ ကြီးမားမြင့်မြတ်တာ ဘာရှိသေးလဲ။ သေခြင်းအပြင် ဘာရှိသေးလဲ။

တကိုယ်လုံး နာကျင်ကိုက်ခဲမှုတွေ၊ စိတ်နာကြည်းမှုက ကိုသက်မောင် ကြွေးကြော်လိုက်တဲ့ ပဲ့တင်သံ ထဲတွင် ပျောက်ရှကုန်သည်။ တိုက်ပွဲထဲမှာ ရလာခဲ့သည့် ယခုခံစားနေရသည့် ဝေဒနာအတွက် ညွတ်နူး ကျေနပ် နေမိသမျှ စောစောက မာကျောအေးစက်နေသည့် စိတ်ဝိဉာဉ်သည်ပင်လျှင် ရှိန်းမြပူနွေးလာနေသည်။ အမှောင် ထဲမှာပင် မျက်လုံးတွေက ဝင်းပနေမည်ထင်ရဲ့။

ကိုသက်မောင်လည်း အဖမ်းခံရပြီလား။ မြိုင်နှင့် ခင်နှင်းတို့ကော အဖမ်းခံနေရပြီလား။ ပြင်ပအ ကြောင်းကို ဘာမှမသိမြင်ရတော့။ အဆက်ပြတ်နေပြီ။ အသက်ထင်ရှားဖြင့် ငရဲခံနေရခြင်းကိုပဲ သိတော့သည်။ ပဋ္ဌမံတွေမေးတဲ့ မေးခွန်းတွေထဲက အဖြေတွေကို လိုက်ရှာရင်း ဘယ်သူတွေ အဖမ်းခံရနိုင်တယ်။ အဖမ်းမခံရ သေးဘူးဆိုတာကိုပဲ မှန်းဆကြည့်ရုံကလွဲလို့ တပ်အပ် သေချာမသိတော့။

မိုးအေးနှင့် စိုးချစ်တို့ကတော့ သေချာပေါက် အဖမ်းခံရပြီဆိုတာ သိလိုက်ပြီ။ အဖမ်းခံခဲ့ရပြီး နောက် တနေ့ ပထမဆုံး စစ်ဆေးတော့ ဝါဒဖြန့်ချိရေးစာရွက်တွေကို မိုးအေး၊ စိုးချစ်တို့နှင့်ဆက်စပ်ပြီး မေးလိုက် ကတည်းက သူတို့အဖမ်းခံလိုက်ရပြီဆိုတာ သိလိုက်ပြီ။ ပဋ္ဌမံတပ်အကြီးအကဲက အမှန်အတိုင်းဖြေဖို့ ပြောသည်။ “လူငယ်ဆိုတာ တခါတော့ မှားတတ် မိုက်တတ်တာပေါ့... ယခုမင်းလုပ်တဲ့ ဝါဒဖြန့်ချိရေးလုပ်ငန်းမှာ မိုးအေးနဲ့ စိုးချစ်တို့ကို ဖမ်းထားတယ်။ သူတို့က ဝါဒဖြန့်ချိရေးလုပ်ခိုင်းလို့ တာဝန်ပေးလို့ဆိုပြီး သူတို့ကပြောတယ်။ သူတို့ကတော့ ရိုးရိုးသားသားနဲ့ ဝန်ခံသွားကြတယ်။ ဒီတော့ အဖွဲ့ခေါင်းဆောင်က မင်းမဟုတ်လား။ မင်းတို့ နောက်ကွယ်က ခေါင်းဆောင်ကကော ဘယ်သူလဲ။ မှန်တဲ့အတိုင်းဖြေပြီး ဝန်ခံလိုက်ရင် မင်းသက်သာမှာပေါ့။ မဟုတ်ဘူးလား ” ပဋ္ဌမံခေါင်းဆောင်က အပျော့ပျောင်းဆုံးမေးသည်။ လူငယ်ဆိုတာ တခါတော့ မိုက်တတ် မှားတတ်တယ်ဟု ပြောသည်။ အုပ်စိုးဖိနှိပ်နေသည်ကို ဆန့်ကျင်တော်လှန်တာဟာ မိုက်နေတာ၊ မှားနေတာ မဟုတ်ဘူး ဆိုတာကို ပဋ္ဌမံခေါင်းဆောင်းရဲ့ မျက်နှာကို စေ့စေ့ကြည့်ရင်း စိတ်ကပြောနေမိသည်။

သူမေးတဲ့ မေးခွန်းပေါင်းများစွာကို “ကျွန်တော် ဒါတွေမသိဘူး” လို့ပဲဖြေသည်။ ထပ်ပြန်တလဲလဲ ဝေ့ဝိုက် မေးမြန်းလာပြန်သည်။ နောက်ပိုင်းမှာတော့ “မသိဘူး” ဆိုသည့်ဝေါဟာရကိုပဲ ရေလဲမပါပဲ ဖြေသည်။

နောက်မေးခွန်းတခုကတော့ အိန္ဒြေမပျက်၊ ရုပ်မပျက်ရအောင် အလွန်အမင်း ထိန်းထားလိုက်ရသည့် မေးခွန်းဖြစ်သည်။

“တောထဲက သူပုန်တွေဆီကပါလာတဲ့ စာရွက်တွေကို ချစ်အောင်က မင်းကိုပေးတယ်လို့ မိုးအေးနဲ့

စိုးချစ်တို့က ဖော်လိုက်ပြီ။ အဲဒီစာရွက်တွေ ဘယ်မှာလဲ ”

တခုတော့ရှိသည် ပဥ္စမံတပ်သားတွေ ရရှိထားသည့် သတင်းကလွဲနေပြီ။ ဘာပဲဖြစ်ဖြစ် သဲလွန်စ ရထားနေပြီ။ ချစ်အောင်နှင့်လင်းဝေ လူချင်းလွဲနေပြီဆိုတာကို သိလိုက်ပြီဆိုကတည်းက အသက်ရှူရ ချောင်သွားသည်။ စိတ်ထဲမှာ လက်ကနဲ ပြုံးလိုက်မိသည်။

မရှေးမနှောင်းမှာပဲ နောက်ဆုံးမေးခွန်းက ရောက်လာသည်။ ထိုမေးခွန်းက သွေးကြောနှလုံးအိမ်အထိ စိုးရိမ်တုန်လှုပ်မှုကို တွန်းဖြန့်လွှတ်လိုက်သည့်မေးခွန်း။

“ ဟောဒီမှာ ခင်လေးမြိုင် မင်းကိုရေးလိုက်တဲ့စာ”

ဗလာစာရွက်၏ စာမျက်နှာတခြမ်းပေါ်မှာ ရေးထားသည့်စာကို ရှေ့တည့်တည့် လာချပေးသည်။ အေးဆေးတည်ငြိမ်စွာနှင့်ပင် ငုံ့ကြည့်ဖတ်လိုက်သည်။“ထွန်းနဲ့အားလုံးအတွက် ငွေ(၅၀၀)ပေးလိုက်တယ်။” မြိုင့်လက်ရေးပင် ဖြစ်သည်။ ဒါပေမဲ့ လက်မှတ်ရေးထိုးမထား။

“ထွန်းတွေက အများကြီး၊ ဘယ်ထွန်းကို ရေးတာလဲမသိဘူး။ ဒီထွန်းဆိုတာ ကျုပ်မဟုတ်ဘူး။”

ခေါင်းကိုနှစ်ကြိမ် လှည့်ခါပြလိုက်သည်။ ထိုစဉ်က ရင်ခုန်သံကို နားထဲက ပြန်ကြားနေရသည်။ မြိုင့်ကို ပြေးမြင်မိပြန်သည်။ တခဏမှာ စိတ်အလျင်က မြိုင်၊ ခင်နှင်း၊ စိုးချစ်၊ မိုးအေးတို့ထံသို့ လှည့်ပြေးရောက်နေသည်။ သက်ပြင်းချတာကအစ တည်ငြိမ်မှုကို ချုပ်ထိန်း သိမ်းဆည်းထားသော်လည်း ရင်ခုန်သံက နားထဲမှာ စိတ်အဆောက်အအုံထဲမှာ ပွဲတင်ထပ် မြည်ဟိန်းလာနေသည်။ ရင်ထဲမှာ မောကြပ်လာနေသည်ကို အထပ်ထပ်ထိန်းချုပ်ထားရသည်။ တကယ့်ကို ဘာမှမသိ၊ ဘာတခုမှ မသက်ဆိုင် မပတ်သက်တော့သလို တာဝန်မရှိသလိုပဲ မျက်နှာပေါ်မှာ ဘာမှလာပြီးမထင်ရအောင် ထိန်းချုပ်ထားရသည်။ မျက်နှာဟာ စိတ်ရဲ့မာတိကာပဲ … လို့ဆိုပေမဲ့ စိတ်မှာဘာဖြစ်နေတယ်ဆိုတာ မျက်နှာပေါ်မှာ ဖတ်လို့မရအောင်၊ ရှုံ့မဲ့တွန့်လိမ်သွားတာမျိုး ဖြစ်မသွားရအောင် သတိထားရသည်။

ဒုတိယအကြိမ်မြောက် စစ်ဆေးတဲ့ညဟာ ငရဲပြည်ကို ပထမဆုံး အရှင်လတ်လတ် ဖမ်းပို့ခံရတဲ့ ညပဲဖြစ်လိမ့်မည်။ ပထမအကြိမ် စစ်ဆေးသည့်နေ့လောက် ဘာမှ မတို့မထိသလောက် ဒုတိယအကြိမ်မှာတော့ စစ်ဖိနပ်နှင့် လက်သီးတွေဟာ မိုးသီးမိုးပေါက်တွေ အကန့်အသတ်မရှိ တရစပ် ထိမှန်သလိုမျိုး ဖြစ်သည်။ ဘယ်နှစ်ချက်လည်း၊ ဘယ်နှစ်ကြိမ်လည်းဆိုတာ မမှတ်သားနိုင်တော့။ ည (၁) နာရီက စပြီးစစ်သည်။ မနက် (၃)နာရီ ထိုးလောက်ရောက်တော့ ညှဉ်းပန်းနှိပ်စက်မှုတွေ စတင်သည်။ တဒိုင်းဒိုင်း ပြေးထွက်လာသည့် ပဥ္စမံတပ်သား၏ စစ်ဖိနပ်က မြောက်တက်လာပြီး မျက်နှာပေါ် တအားဆောင့်ကန်လိုက်သည့် ထိုစက္ကန့်ကစပြီး ငရဲပြည်ကို စတင်ရောက်ရှိသည်။ နောက်တကြိမ်၊ နောက်တကြိမ်၊ ယိုင်သွားသည့် ခြေထောက်ကို ဆွဲမတ်ထားရင်း ပဥ္စမံတပ်သားကို စူးစူးရဲရဲ စိုက်ကြည့်နေသည်အထိ သတိရနေသေးသည်။

“မင်းရဲ့ခေါင်းဆောင်က ဘယ်သူလဲ၊ ဘယ်မှာရှိလဲ ”

“ … … …”

“ချစ်အောင်ယူလာတဲ့ တောထဲက စာရွက်တွေကော ဘယ်မှာထားလဲ၊ တောထဲက ဘယ်အဖွဲ့က စာရွက်တွေလဲ၊ ချစ်အောင် ဘယ်မှာလဲ”

“ … … …”

“မြိုင်ဆိုတာ မင်းတို့အဖွဲ့ကပဲ မဟုတ်လား။ မင်းရည်းစားဆိုတာ ဟုတ်လား။ စာက မင်းကိုရေးလိုက်တဲ့ ခင်လေးမြိုင်ရဲ့စာ မဟုတ်လား”

“ … … …”

ပဥ္စမံတပ်သား သုံးယောက်ရဲ့လက်သီးတွေက အဆီးအတား ကင်းမဲ့လှစွာ မျက်နှာပေါ်သို့ အပြင်းအထန် ကျလာနေသည်။ ကြမ်းပြင်ပေါ်သို့ ခွေလဲကျသွားသည်ကို ဆွဲထူရင်း ကုလားထိုင်ပေါ် ဆွဲတင်သည်။ သက်မဲ့ အရာဝတ္ထုတခုလိုပဲ ဖြစ်သည်။ စစ်ဖိနပ်များ၏ ဒဏ်ကို မျက်စိစုံပိတ်ခံနေရစဉ် အရှိုက်သို့ ပြေးဆောင့်လိုက်သည့်စစ်ဖိနပ်က အသက်ရှူရှိုက်နေသည်ကို ရပ်ပစ်လိုက်သည်။ ခွေဆင်း လဲပြိုကျသွားတာတော့ အမှန်ပဲ။ သားသတ်သမားတွေ ဝိုင်းပြီး အမဲဖျက်လိုက်သည့် အမဲကောင်ကို အကျဉ်းခန်း အမှောင်တိုက်ထဲ ဘယ်လို ပြန်ပို့လိုက်တယ်ဆိုတာတောင် မသိလိုက်တော့။

နာရီပေါင်းများစွာ မေ့မြောသွားတယ်လို့သာ မှန်းဆရသည်။ ဘယ်၍ဘယ်မျှ ကြာညောင်း ရှည်ကြာလှစွာ မေ့မြောနေသည်ဆိုတာ မသိနိုင်အားတော့။ နှစ်လအတွင်းမှာပဲ ဖြစ်မှာဘဲလို့ မှတ်ထင်ယူရသည်၊ ထိုကာလအတွင်းမှာပင် အကြိမ်ပေါင်းများစွာ ငရဲပြည်သို့ ရောက်ခဲ့သည်။ ဂုန်နီအိတ်ထဲ ထည့်ထားပြီး ရေပုပ်ကန်ထဲ ချတဲ့နေ့ကလည်း ဒီလိုပါပဲ။ ရေပုပ်ထဲပစ်ချ၊ ပြန်ဆယ်၊ ချစ်အောင်ကိုမေးသည်။ မြိုင်ကိုမေးသည်။ မေးပြီးသား မေးခွန်းတွေ ထပ်တလဲလဲ မေးသလောက်၊ ထပ်ပြန်တလဲလဲ ဘူးခံသည်။ ရေထဲပစ်ချ၊ မွန်းကြပ်မေ့မြောသွားမှ ကုန်းပေါ် ပြန်တင်၊ စစ်ဖိနပ်နှင့် ဗိုက်ပေါ်တက်ခုန်နင်း၊ ရေပုပ်တွေ ပါးစပ်က တဘွပ်ဘွပ် အံထွက်သည်အထိ။

လူနှင့်မမျှသည့် ညှဉ်းပန်းနှိပ်စက်မှုကို ခံရသည့်အခါ သေသွားတာထက် ဆိုးဝါးပက်စက်တဲ့ နာကျင်မွန်းကျပ်မှုတွေကို ခန္ဓာကိုယ်မှာ အပြည့်အသိပ်ရလာတိုင်း စိတ်ဓါတ်တွေကို အကြောက်တရားတွေက ဖျက်ဆီးဖြိုချပစ်လေ့ရှိသည်။ ရဲဘော်တွေအပေါ်မှာ သစ္စာရှိရမယ်၊ အမြင့်မြတ်ဆုံးအရာဟာ အရဲရင့်ဆုံး သစ္စာတရားပဲ။ အဲဒီ သစ္စာတရားတွေကို သွေးအသက်နဲ့ လဲယူရမယ် … ဆိုသည့် စိတ်ဓါတ်သည် တခါတခါ ယိမ်းယိုင်သွားသည်။ ယိုင်သွားပြီဆိုရင်ကော … ချစ်အောင်ကို ဖော်လိုက်ပြီဆိုသည်နှင့် အရှေ့တောင်ဘက် တော်လှန်ရေးဒေသကို ကူသယ်ခေါက်သယ် လူပို့ပေးနေရသည့် လင်းဝေ၊ နေအောင်တို့နဲ့ မလွတ်တော့ဘူး။ သူတို့နှင့်အတူ မြိုင်၊ မခင်းနှင်းတို့နယ်ကအဖွဲ့။ ပြီးတော့ ကိုသက်မောင်။ အဲဒီ ရဲဘော်တွေကို သစ္စာမဲ့သည့်မျက်နှာ၊ အရှက် သတ္တိကင်းမဲ့တဲ့၊ အတ္တကြီးလှတဲ့၊ သူရဲဘောကြောင်လှတဲ့ သစ္စာဖေါက်မျက်နှာနဲ့ ဘယ်လိုကြည့်ရမလဲ။ ပြီးတော့ သန်းလေးဆယ်ပြည်သူ …

ဒီထက် ဘာဆိုးအုံးမလဲ။ သေခြင်းအပြင် ဘာရှိသေးလဲ။ ပြင်းပြစွာ နာကျင်သွားတာ၊ အသက်ရှူရပ်သွားအောင် မွန်းကြပ် ပိတ်ဆို့သွားတာ၊ သွေးကြောတွေ ပြတ်ထွက်မတတ်၊ ဦးခေါင်းတခုလုံး အစိတ်စိတ်ကြေမွသွားလောက်အောင် နာကျဉ်ခံစားရတဲ့ ဝေဒနာအပြင် ဘာရှိသေးလဲ။ သေသွားရင်ကော အဲဒီသေခြင်းအပြင် ဘာရှိသေးလဲ။ ဘာများရှိနိုင်သေးလဲ။ စစ်ဖိနပ်တချက် အကန်ခံလိုက်ရတိုင်း၊ နံပါတ်တုတ်နဲ့ နံရိုးတွေပေါ်၊ သွား တွေပေါ် ဖြတ်ပြီးလွှဲချလိုက်တိုင်း ချိုမြိန်လိုက်တဲ့ဝေဒနာ၊ ချစ်သောရဲဘော်တွေ၊ ပြည်သူလူထုအတွက် စိတ်ဓာတ် ကို ကြံ့ကြံ့ခံ ခိုင်ကျည်ထားလိုက်တော့မှပဲ မကြောက်တရား စိတ်ဓာတ်တွေဟာ မြင့်မိုရ်တောင်လို၊ သံမဏိ တောင်ကြီးလို မားမတ်ခိုင်ကျည်လာတော့သည်။ ထွက်သက်ဝင်သက်တိုင်းမှာ နှလုံးသွေးစက်များစီးဆင်း ခုန်ဆင်းကျသံတိုင်းမှာ အဲဒီစိတ်ဓာတ်တွေကို အထပ်ထပ် ခိုင်ကျည်အောင် လုပ်ယူရသည်။

တကယ်လို့များ ထောင်ကထွက်လာရင် မြိုင်ကို ပြောပြရမည်လို့ သတိရနေတတ်သည်။ စိတ်ဓာတ်ဟာ အသက်လိုပဲ အရေးကြီးတဲ့အကြောင်း မြိုင်ကို ပြောပြရလိမ့်မည်။ တကယ်လည်း နောက်မဆုတ်တော့။ နှိပ်စက်မှုတွေ၊ ညှဉ်းပန်းမှုတွေ အထပ်ထပ်ခံရလေ ဖယ်လို မာလာလေလေ၊ သစ္စာတရားကို ချစ်တက်လာလေလေပဲ။ ရင်ထဲမှာ၊ စိတ်ထဲမှာ ယခုအခါ ဟစ်ကြွေး နေမိတတ်လာပြီလည်း ဖြစ်သည်။ "သစ္စာတရားဟာ အသက်ထက် အရေးကြီးလာတဲ့ အခါမှာတော့၊ မြတ်နိုးလာတဲ့ အခါမှာတော့ နှိပ်စက်ညှဉ်းပန်းခံရတဲ့ ဝေဒနာ

အစုအဝေးတွေဟာ ချိုမြိန်လာတယ်ဟေ့ ... ... ... ''လို့ စိတ်ထဲက ဟစ်ကြွေးမှုက တကယ်လည်း အမှောင်ခန်း တခုလုံး သိမ့်သိမ့်တုန် ပဲ့တင်ထပ်သွားသည်အထိ အထပ်ထပ် ကြွေးကြော် မြည်တမ်းနေမိသည်။

ခြေသလုံး ညိုသကြီးရိုးပေါ်ကို သံဒလိမ့်တုံးတွေနဲ့ နာရီပေါင်းများစွာ အလိမ့်ခံရတဲ့နေ့၊ ယခုနောက်ဆုံး ဖယောက်တိုင်မီးနဲ့ မီးမြိုက်၊ ရဲရဲတောက် လောင်ကျွမ်းနေတဲ့ စီးကရက်မီးပူနဲ့ ပေါင်တွင်းသားတွေကို အထိုးခံရတဲ့နေ့အထိ ထိုစိတ်ဓာတ်ကို စမ်းသပ်ခဲ့သည်။ နှစ်လအတွင်း အညှဉ်းပန်း အခံရဆုံးတွေထဲက ဒီကျဉ်စက်ကိုတော့ ဘယ်တော့မှ မမေ့နိုင်တော့ပါ။ ဓားအစင်းစင်း၊ မိုးကြိုးသွားအထပ်ထပ် ပစ်ခတ်ခုတ်ဖြတ်သလို ခံရတဲ့ နာကြည်းစူးရှတဲ့၊ ဘယ်ကနေ အသက်ထွက်ရမှန်း မသိရလောက်အောင် ခံစားရတဲ့ ဝေဒနာတွေက ယခုတော့ အချိုမြိန်ဆုံး ရသဖြစ်နေပြီပဲ။

စောစောက နံရံကို အားပြုပြီး ကုန်းရုန်းထရင်း အရုပ်ကြိုးပြတ် ကျသွားစဉ်မှာပဲ ရှမြတဲ့ လွှန်သွားနဲ့ ထိုးဆွထားသည့်နှယ် စီးကရက်မီးလောင်ကျွမ်း ဒဏ်ရာတွေမှ သွေးကြည်ပြည်ရည်ဖုတွေ ပေါက်ပြဲကုန်သည်ကို ပြန်စဉ်းစားကြည့်မိပြန်သည်။ သည်ထက် ဘာဆိုးနိုင်သေးလဲ။ ယခု အသက်မှန်မှန်ရှူနေသေးတာပဲ။ သေခြင်းအပြင် ဘာရှိသေးသလဲ။ တခါတလေ ဝေဒနာကို ရှောင်ရှားချင်သည်။ မေ့မြောသွားစမ်းပါ၊ သေသွားစမ်းပါဆိုပြီး ထွက်ပြေးကြည့်ချင်သည်။ ဒါဟာ တကယ်တော့ ရင်ဆိုင်ရမှာကို ရှောင်လွှဲ ထွက်ပြေးတာဟာ အချောင်လိုက်တာပဲ ...။ သူတို့က ကြောက်အောင်လုပ်တယ်။ တုန်လှုပ် ခြောက်ခြားအောင်၊ စိတ်ဓာတ်ကျဆင်းသေဆုံးသွားအောင်၊ နလန်မထူလောက်အောင်၊ အတွေးအခေါ်တွေကို ဖောက်ပြန် ပျက်ပြားသွားအောင်လုပ်တယ်။ သစ္စာဖောက် ဖော်ကောင်လုပ်ခိုင်းတယ်။ ဒါကို ရင်ဆိုင်ရမယ် မဟုတ်လား။

တော်လှန်ရေးသမားဟောင်း ဦးကြီးတယောက်က ပြောဘူးသည်။ မင်းတို့ခေတ် လူငယ်တွေဟာ စစ်ဖိနပ်နဲ့ တခါပဲကန်ရတယ်၊ လျှို့ဝှက် ဖုံးကွယ်ထားတာမှန်သမျှ တလုံးမကျန် ဖေါ်တော့တာပဲ ... ဆိုတဲ့ အထင်သေး စကားလား၊ သတိပေး စကားလားတော့မသိ။ ယခုတော့ အဲဒီဦးကြီး ပြောတာကို ပြန်ပြောလို့ရပြီ။

အံကိုကြိတ်ခဲရင်း ကိုယ်ကို ညာဘက်သို့ တဖြေးဖြေး စောင်းလှည့်ကြည့်သည်။ အေးစက်တောင့်ခဲနေသော ခန္ဓာကိုယ်တခုလုံးသည် ကိုက်ခဲနာကျင်နေသည့် ဝေဒနာအဆိုင်အခဲကြီး ဖြစ်နေသည်။

''မောင်ရေ ... ကိုထွန်းခိုင်ရေ ... မြိုင် ဒီဘက်အခန်းမှာ ရောက်နေတယ်၊ ဒီဘက်အခန်းထဲမှာ ရှိနေပါတယ် မောင် ...''

မှေးစင်းနေသော မျက်လုံးတွေ လင်းလက်ကျယ်ဝန်းသွားသည်။ ''မြိုင်လား ... မြိုင်မဟုတ်လား ...''လို့ အော်လိုက်အုံးမလို့ပဲ။ အားယူပြီး သတိနှင့် ထိန်းချုပ်ထားလိုက်ရသည်။ တကယ့် မြိုင်ပဲလား။ လူကိုယ်တိုင် ဟစ်အော်လိုက်တာများလား။ သံတိုင်ကို လှမ်းဆွဲရင်း ခေါင်းထောင်ထားသည်။ ဟုတ်ရဲ့လား။ မယုံတဝက် ယုံတဝက်။ ဒုတိယအကြိမ် ပီပီသသ ကြားလိုက်ရမှပဲ မြိုင်ခေါ်နေတာပါလားလို့ အတည်ပြုရသည်။ ဖျတ်ခနဲ ပြုံးလိုက်မိသည်။ ''ဒါပဲလား ပဥ္စမံတို့ရယ်'' လို့ တိုးတိုးလေးပြောကြည့်သည်။ အတုလုပ်ထားတဲ့ မြိုင်လား။ တိပ်ခွေနဲ့ အသံသွင်းထားတဲ့ မြိုင်အတုရဲ့အသံလား။ ဒါပဲဖြစ်မည်ထင်သည်။

မြိုင်ကို ပြန်တွေ့ရသည်။ သက်ပြင်းမျှင်းမျှင်းချစဉ်မှာပဲ ဖျတ်ခနဲ မြိုင်ကို အမှတ်ရစွာ ပြန်တွေ့ရတာ ဖြစ်သည်။ တက္ကသိုလ် ပုံနှိပ်တိုက်အဝင်ဝ အုတ်လှေခါးမှာထိုင်ရင်း သစ်သီးအမွှာတွေကို နှုတ်ခမ်းချင်းတေ့ ခွံ့ကျွေးတဲ့ မြိုင်ရုပ်ပုံးတွေကို စိတ်မှာပြန်မြင်ရသည်။

တပတ်အကြာမှာတော့ လမ်းလျှောက်နိုင်နေပြီ။ အခန်းကျဉ်းလေးဘက်နံရံထဲမှာ တရွေ့ရွေ့လမ်းလျှောက်ရင်းမှ ခေါက်တုံ့ခေါက်ပြန် လျှောက်လာနိုင်သည်အထိ အထပ်ထပ်ကြိုးစားရသည်။ စိတ်ကို တင်းထားရသည်။ သံစွမ်းအောင်၊ မာကျောထက်မြက်လာအောင် အတွေးအခေါ်နှင့် လုပ်ယူရသည်။ စိတ်ထဲ မှာရုပ်ပုံတွေက တဖျပ်

ဖျပ်ပေါ်လာလိုက် ပျောက်ကွယ်သွားလိုက်။ အစွဲလမ်းဆုံး၊ ကြေကွဲ နားကြည်းဖွယ်ရာ ရုပ်ပုံတွေကိုတော့ မပျောက်မပျက်နိုင်ပဲ တဝေ့ဝဲဝဲမြင်နေရသည်။ မြို့တော်ခန်းမရှေ့မှာ ဖက်ဆစ်တွေရဲ့ သေနတ်ပြောင်းဝရှေ့မှာ၊ လုံ့စွပ်အဖျားမှာ လဲပြိုနေသည့် သွေးအိုင်ထဲက ကျောင်းသားလူငယ်တွေရဲ့ ရုပ်ပုံများသည် ယခုအခါ ရှေ့မှာ ရောက်လာနေသည်။

"ကျမ မသေသေးဘူး၊ ကျမကို မီးသင်္ဂြိုဟ်စက်ထဲ မထည့်ကြပါနဲ့၊ မထည့်ပါနဲ့"တစာစာအော်သံ၊ ကယ်ပါယူပါ အော်ဟစ် တောင်းဆိုနေသည့် အသံတွေက သူ့ရင်ကို ပြေးရိုက်ပုံတင်နေသည်။ ဖက်ဆစ် စစ်အာဏာ ရှင်တွေကို အံ့ကြွဆန္ဒပြကြသည့် သာကေတလူထုကြီး ချီတက်လာနေစဉ် သုဝဏ္ဏသာကေတ တံတားအသစ် မရောက်မီမှာပဲ ဖက်ဆစ်တွေက လျှို့ဝှက် ကတုတ်ကျင်းတွေကနေ နှစ်ဖက်ညှပ် ပစ်ခတ် သတ်ဖြတ်တဲ့နေ့က လူထု လေးရာ့ရှစ်ဆယ်ကျော် သေဆုံးခဲ့တာတွေ၊ မသေမရှင်တွေကို လုံ့စွပ်နဲ့ထိုးပြီး အမှိုက်သိမ်းကားပေါ် ပစ်တင်ခဲ့တာတွေ၊ သွေးရူးသွေးတန်းနှင့် အော်ဟစ်ငိုယိုသံတွေ ...။ အို ... ဆက်မစဉ်းစားချင်တော့။ မခံစား နိုင်တော့။ ဒါပေမဲ့ အမျှင်မပြတ်တဲ့ အတွေးတွေက လူထုရုပ်ပုံတွေကို သယ်ယူလာခဲ့ပြန်သည်။ စိတ်မှာ ထပ်ကျော့ဝေ့ဝဲ ပေါ်လာသည်ကို တားလို့မရတော့။

ဇာတိရွာကလေးသို့ အခေါက်ခေါက် ပြန်သွားတိုင်း ဆင်းရဲသည်ထက် ဆင်းရဲပိတ်မှောင်လာသည့် ရုပ်ပုံတွေ၊ သတ်မှတ် စပါးမရောင်းနိုင်လို့ အချုပ်ခန်းထဲရောက်သွားတဲ့ လယ်သမားတွေ၊ အချုပ်ခန်းမဆံ့၍ မြေကြီးပေါ်မှာပဲ အိပ်၊ ဟိုအဝေးကြီးက လာပို့ခဲ့ရသည့် အိမ်က ငှက်ပျောရွက်ထမင်းထုပ်ကို ရင်နာနာနှင့် ဖြေစားခဲ့ရသည့် ရုပ်ပုံတွေ။ ထမင်းရှင် ကျေးဇူးရှင် ဦးကြီးများဟု ကျောသပ်သပ်ပြီး ထမ်းပိုးတင်ခိုင်းခဲ့လေသမျှ လိုချင်သည့်စပါးကို မရောင်းနိုင်သည့် အခါတွင်မှာတော့ ကျောပေါ်ကလည်း လျှောချ။ အချုပ်ခန်းထဲသို့လည်း ပို့ခဲ့သည့်အပြင်၊ ထမင်းရှင်များကို ထမင်းတနပ်တောင်မှ ပြန်မကျွေးခဲ့တော့။ အငတ်ထားသည်။ အိမ်က လိုက်ပို့သည့် ထမင်းကြမ်းခဲကို အားတင်း အံကြိတ်စားခဲ့ရသည့် လယ်သမားများမှာ လုံချည်တိုတိုဝတ်၊ ခမောက်တွေ ဆောင်းထား ကြ၊ မို့မောက်လျှံတက်နေသည့် ဒေါသတွေနှင့် အံ့ကြွဆန္ဒပြပွဲထဲမှာ စစ်အာဏာရှင် စနစ်ဖြုတ်ချပစ်ဖို့ ခြေထောက်တွေဟာ ဝန်ကြီးရုံးအထိ ရောက်သွားပြီ၊ ဒီမိုကရေစီကို ကြွေးကြော် တောင်းဆိုရင်း၊ စစ်အုပ်စုကို ဆန့်ကျင် အံတု ခြိမ်းခြောက်နိုင်ခဲ့တာတွေ၊ ပြည်တွင်းက စစ်အုပ်စု ဖိနပ်အောက်က အမျိုးသား ပြည်သူလူထုအတွက် ကာကွယ်ခုခံပေးနေသည့် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်၊ မွန်တို့ရဲ့ ကြည်နူးဝမ်းသာဖွယ်ရာ တက်ကြွတဲ့ သေနတ်သံတွေ ... အသံတွေ ရုပ်ပုံလွှာတွေက စက္ကူမှန်ပြောင်းလှည့်သလို တဖျပ်ဖျပ် တရိပ်ရိပ်ပေါ်လာစဉ် သွေးကြောထဲမှာ ပူနွေးလာသည်။ လက်ကို တင်းတင်းဆုပ်ထားဆဲမှာ ရင်က တဖြည်းဖြည်း ခုန်မြည်လာပြီ။ ရင်မှာ တလှိုက်လှိုက် နွေးပူလှိုက်လဲလာနေဆဲ ... စစ်ဖိနပ်နဲ့ တံခါးကို ဆောင့်ကန်ဖွင့်လိုက်သည်ကို လှမ်းကြည့်မိ လျှက်သား ဖြစ်သွားသည်။ ပဋ္ဌမံတပ်သား နှစ်ယောက်ကို တွေ့ရသည်။ ပြတ်တောင်း မာကြောသည့်အသံနှင့် သူတို့နှင့်လိုက်ခဲ့ဖို့ အမိန့်ပေးသည်။ ရဲဘော်တွေ၊ ပြီးတော့ သန်းလေးဆယ် ပြည်သူတွေရဲ့အင်အားတွေ၊ သူတို့ ချစ်မြတ်နိုးတဲ့ သစ္စာတရားတွေဟာ အသည်းနှလုံးထဲမှာ ပါလာခဲ့ပြီပဲ ... ဘာတွေရင်ဆိုင်ရမလဲ ... ။

တကိုယ်လုံး သွေးကြောတွေ နွေးပူသွက်လက်လာသည်။ နောက်ထပ် အဆောင်တခုကို ရောက် လာသည်။ စင်္ကြန်တလျှောက် မီးအလင်းရောင်က မှိန်ဖျော့လှသည်။ အဆောက်အဦးတွေက အမှောင်ထဲမှာ ဘာမှ မသဲကွဲ။ ပဋ္ဌမံတယောက်က သူ့ရှေ့က တယောက်က နောက်ကလိုက်လာသည်။ အဆောက်အဦး ထောင့်ချိုးတခုကို ကျော်လာပြီးသည်နှင့် ပထမဆုံးအခန်းသို့ ဝင်လိုက်လာခဲ့သည်။ ထို့နောက် စားပွဲတခုမှာ ဝင်ထိုင်ခိုင်းသည်။ ည ၁၀ နာရီ (သို့မဟုတ်) ၁၁ နာရီ သံချောင်းထိုးသံကို ကြားလိုက်ရသည်။ နာရီသံကို လိုက်ပြီး မမှတ်နိုင်တော့။

ဗိုက်စူစူစစ်ဗိုလ်က မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ တခါစစ်၊ တခါနိုပ်စက်တိုင်း၊ ပဋ္ဌမံလက်မရှိ စစ်ဗိုလ်တွေဟာ မတူကြ၊ လူလဲပြီးစစ်သည်။ ယခုစစ်ဗိုလ်က နောက်တဦး၊ ထူးခြားချက်တခုကို စားပွဲပေါ်မှာတွေ့ရသည်။ မြိုင်သိပ်ကြိုက်သည့် နှင်းဆီပန်း။ သင်းမြနီစွေးနှင်းဆီပွင့်နှစ်ပွင့်ကို ဖြူလွှကြွေပန်းအိုး မှာ ထိုးစိုက်ထားသည်။ သင်းရနံ့က တချက်တချက်တွင် ဝေ့ဝဲ ရောက်လာတတ်သည်။ လန်းကြွသင်းကြူ နှင်းဆီနှစ်ပွင့်ကိုကြည့်ရင်း မြိုင့်ကိုသတိရလာသည်။ စစ်ဗိုလ်က ခပ်ရဲ့ရဲ့ပြုံးရင်း သူ့ကိုတချက် စိုက်ကြည့်လိုက် သည်။ မကြာမီမှာပဲ လက်ဖက်ရည်နှင့်မုန့်ပွဲ ပဋ္ဌမံတပ်သားတဦး လာချပေးသည်။

“ကိုထွန်းခိုင် ကော်ဖီသောက်၊ မုန့်လဲစားပါ၊ ပြီးတော့ ဟောဒီမှာ စီးကရက်သောက်ပါ။” စစ်ဗိုလ်က စကားစသည်။

ပြီးတော့ စစ်တပ်က အာဏာသိမ်းခဲ့ရသည့် သဘောကိုပြောသည်။ စက်မှုတက္ကသိုလ် ကျောင်းသား တွေ ဖဲရိုက်ရလို့ ရန်ဖြစ်ရာကစပြီး ဆန္ဒပြပွဲတွေ ဖြစ်လာပုံကိုပြောပြသည်။ ပြည်သူ့တပ်မတော်၏ တာဝန်ကြီး(၃) ရပ်ကို ရှင်းပြသည်။ ဖုန်းမော်နှင့်စိုးနိုင် သေသွားတာကို စိတ်မကောင်းလို့ ဆန္ဒပြပွဲထဲ ပါလာကြတာဖြစ်တယ်။ ဒါလဲ ခဏပါပဲ။ ပြီးတော့လည်း ပြီးသွားတာပါပဲ။ အခုဆိုရင် ဆန္ဒပြပွဲမှာ ပါလာကြတဲ့သူတွေဟာ ဗိုနေမြဲ ကျားနေမြဲ အေးဆေးငြိမ်သက်သွားကြပြီဆိုပြီး ပြောသည်။ တောထဲကသူပုန်တွေဟာ လက်နက်ကိုင်ပြီး စီးပွား ရေးလုပ်နေတာ၊ အချို့ သောင်းကျန်းသူတွေက ဖယ်ဒရယ်စနစ်ကို တောင်းဆိုနေကြကြောင်း၊ ဒါဟာ မဖြစ်နိုင် ကြောင်း၊ အဲဒီသူပုန်တွေထဲမှာ ကျောင်းသား သောင်းကျန်းသူတွေက သွားပြီးမှီခိုနေကြောင်း၊ အာဏာရူး ပါတီ နိုင်ငံရေးသမားတွေက တပ်မတော်ကို သေးသိမ်အောင် လုပ်နေကြောင်း၊ အာဏာရူးတွေဖြစ်တဲ့အတွက် ဘယ် ပါတီရဲ့လက်ကိုမှ အာဏာလွှဲ၍မရသေးကြောင်း၊ ဘယ်ပါတီမှလည်း အေးချမ်းတည်ငြိမ်အောင် လုပ်နိုင်မှာ မဟုတ်လို့ အာဏာ မလွှဲတာဖြစ်ကြောင်း ပြောသည်။

ဩော် … ဒီညဟာ နားချ တရားချတဲ့ပွဲကိုး … လို့ စိတ်ထဲမှာ ရယ်သွမ်းပြောမိသည်။ ကြေးစား လက်မရှိ ပါးကွက်အာဏာသား စစ်ဗိုလ်ကိုကြည့်ရင်း သနားနေမိသည်။

“ဘယ်လိုလဲ ကိုထွန်းခိုင်၊ ကျနော်တို့ရဲ့ တပ်မတော် သဘောထားကိုသိပါပြီနော်။ ကိုထွန်းခိုင်ရဲ့ သဘောထားလဲ ပြောပြပါအုံး။ အမြင်ချင်းဖလှယ်ပြီး တိုင်းပြည်အတွက် အတူတူလက်တွဲ လုပ်ကြရအောင်လို့ပါ။ ကော်ဖီလည်း သောက်ပါအုံးလေ။”

သက်ပြင်းကို မျှင်းမျှင်း ဆွဲချလိုက်သည်။ အလုံ့ညီးညီး ဆူပွက်နေသည့် ဒေါသမီးတောင်ကို တည်ငြိမ် အောင် လုပ်နေရသည်။ စစ်ဗိုလ်က သော့ချက်ကို ဖွင့်ခိုင်းနေပြီဆိုသည်ကို သိလိုက်သည်။ အတွေးမဆုံးမီမှာပဲ ထပ်မံ ပြောခိုင်းနေသည်။

“ကျနော့်မှာ အပေးအယူလုပ်ဖို့ သဘောထား လုံးဝမရှိပါဘူး။ နောက်တခု ထပ်ပြောရရင် အလုပ် သမား လယ်သမားတွေ အပါအဝင် ပြည်သူလူထုရဲ့ ချွေးတွေ၊ သွေးတွေ ပေကျံနံစော်နေတဲ့ လစာရိက္ခာတွေကို စားသောက်နေပြီး အခုလိုပြောတာ သဘာဝမကျဘူး။ စစ်အုပ်စုရဲ့လုပ်အားနဲ့ လစာရိက္ခာကိုစားပြီးမှပြောရင် ပိုပြီး သဘာဝကျပါလိမ့်မယ်၊ မှန်ပါလိမ့်မယ်။ ဒီအမြင်က ကျနော်အမြင် ဖြစ်ရုံတင်မကဘူး လူထုတွေရဲ့ အမြင် လဲဖြစ်ပါတယ်။”

ဝုန်းကနဲ ထိုင်ခုံကိုရှေ့ကိုဆွဲပြီး စစ်ဗိုလ်က ပြင်ထိုင်လိုက်သည်။ စားပွဲပါ လှုပ်ခါသွားသဖြင့် နီစွေးစွေး နှင်းဆီပွင့်နှစ်ပွင့်သည် ယိမ်းလှုပ်သွားသည်။ သောက်ခိုင်းပေမဲ့ မသောက်ပဲထားတဲ့ ပန်းကန်ထဲက ကော်ဖီ တွေလည်း ဘောင်ဘင်ခတ် လွင့်စင်လျှံကျကုန်သည်။ စစ်ဗိုလ်မှာ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားရာမှ ထေ့ငေါ့ငေါ့ ပြုံးလိုက်သည့်အပြုံးတို့သည် မဲမှောင်နေသည်။

ဓါတ်ပုံတွေကို ထုတ်ပြသည်။ တပုံချင်း ထုတ်ပြရင်းပေးသည်။ မိုးအေး၊ စိုးချစ်တို့ဖြစ်နေသည်။ ပြီးတော့ ချစ်အောင်။ စက်ရုံက အလုပ်သမားသမဂ္ဂ ဆန္ဒပြနေစဉ် သူနှင့်တွဲရိုက်ထားသည့် သမဂ္ဂခေါင်းဆောင်တွေ၏ဓါတ်ပုံ။ ပြီးတော့ ကျောင်းသားသမဂ္ဂ ရှေ့တန်းမှာရပ်ပြီး ကြွေးကြော်နေသည့် မြိုင့်ရုပ်ပုံလွှာဓါတ်ပုံ။ သူ့ကို သိလားလို့မေးတော့ ယခင်နည်းအတိုင်းပင် ငြင်းလိုက်သည်။

"ဆန္ဒပြတော့ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်တွေနဲ့ ဆက်သွယ်ပြီး ဆန္ဒပြတာမဟုတ်လား"

"အဲဒီလူတွေကို မသိဘူး။ သိတာက မဆလ စစ်အုပ်စုကို သပိတ်မှောက်ခဲ့တယ်။ အဲဒီမှာ အလုပ်သမားတယောက်အဖြစ် ပါဝင်ခဲ့တယ်။ အဲဒါပဲသိတယ်။ သူတို့နဲ့သိလို့ သပိတ်မှောက်ခဲ့တာလည်း မဟုတ်ဘူး။ လူတွေမှာ ဘာမှပြောခွင့်မရဘူး။ လုပ်ခ နည်းနည်းလေးပေးပြီး နွားလိုခိုင်းတာကို ကုန်းရုန်းလုပ်ခဲ့ရတယ်။ မအေမုဆိုးမနှင့် မိသားစုလေးယောက်အတွက် ဘာမှ ဘဝအာမခံချက်မရှိဘူး။ ဘဝက ကြပ်တည်းစုတ်ချာရတဲ့အထဲ ဘာမှပြောဆိုခွင့်၊ တင်ပြခွင့်မရဘူး။ စကားတောင် ကျယ်ကျယ် ပြောခွင့်မရခဲ့ဘူး။ မတရားလို့၊ မလွတ်လပ်လို့ ဒီမိုကရေစီ လုံးဝမရှိတော့လို့ သပိတ်မှောက်ခဲ့တယ်။ ဖိနှိပ်ချုပ်ချယ်ထားတဲ့ စစ်အာဏာရှင်စနစ်ကို အလိုမရှိဘူးလို့ ဆန္ဒပြခဲ့တယ်။ အဲဒီလို ဒီမိုကရေစီကို မပိုင်ဆိုင် မရရှိခဲ့ကြရတဲ့လူဟာ မြန်မာပြည်မှာ သန်းလေးဆယ်နီးပါး ရှိတယ်။ အဲဒီလူတွေနဲ့ သပိတ်မှောက်ခဲ့တာဟာ ကျနော်ပါပဲ။ ဘဝချင်း၊ ခံစားမှုချင်း၊ မတော်တဆသွားတူနေကြတာ မဟုတ်ဘူး။ ဖိနှိပ်မှု တခုထဲအောက်မှာ ခံစားရတာခြင်း ထပ်တူဖြစ်နေကြတာ။ ဓါတ်ပုံထဲက လူပုဂ္ဂိုလ် နာမည်တွေထက် သန်း(၄၀) နီးပါး လူထုကို ကျနော်သိတယ်။ ဒီမိုကရေစီသာ ရှိခဲ့မယ်ဆိုရင် ယခုလို ထောင်ထဲထည့်ပြီး ဥပဒေမဲ့ ညှဉ်းပန်းနှိပ်စက်စရာတောင် လိုတော့မှာမဟုတ်ဘူး။ အခုလို ညှဉ်းပန်းတဲ့ အချုပ်ထောင်တွေလည်း ရှိစရာအကြောင်း မရှိတော့ဘူး။ ဒီမိုကရေစီကို ဖွင့်မပေးတဲ့ ဗျူရိုကရက် စစ်အုပ်စုသာ မြန်မာပြည်ရဲ့ တရားခံတွေဖြစ်တယ်။ သူတို့ကို ခုံရုံးတင်ပြီး ခင်ဗျားတို့ ကျုပ်ကိုမေးသလိုမေးဖို့ စစ်ဆေးဖို့ ကောင်းတယ်။ ကျနော်တို့က သက်သေလုပ်ပေးပါ့မယ်။ ဒါမှမဟုတ် တရားလိုလုပ်ပေးပါ့မယ်။ ခင်ဗျားက တရားသူကြီးလုပ်ပြီး စစ်ဆေးကြည့်စမ်းပါ။ "

"ဟော့ကောင် … မင်း … ခင်လေးမြိုင်ကို မသိဘူးလား။ တကယ်ပဲ မသိတာလား။ ဟောဒီပန်းအိုးထဲက နှင်းဆီပန်းဟာ မင်းရည်းစားမြိုင်က မင်းအတွက်ပေးလိုက်တာပဲ။ ပြန်ရင် ယူသွားပေတော့။ မင်းကို မြိုင်က သူ့ချစ်သူရည်းစားပါလို့ ပြောထားတယ်။ "

လက်မရှံ့ပဒ္မမ်စစ်ဗိုလ်က မြိုင်ကို ထပ်တလဲလဲမေးသည်။ စကားမဆုံးမီမှာဘဲ ခပ်လှမ်းလှမ်း မောင်ရိပ်တွင်ရှိနေသည့် ပဒ္မမ်လက်မရှံ့ပါးကွက်သားကို လှမ်းပြီးအချက်ပေးလိုက်သည်။ မကြာလိုက်သည့် ခဏမှာပင် သူထံလျှောက်လာသည့် ခြေသံတွေက နီးကပ်လာနေပြီဆိုတာ သိနေတယ်။ သူ့ကို ဆွဲခေါ်သွားတော့မယ်၊ အမဲဖျက်သလိုမျိုး ဝိုင်ဖျက်တော့မည်ဟု သိလိုက်ရသည်။ စိတ်ကို အားတင်းထားလိုက်ပြီးလည်း ဖြစ်သည်။ ခြေသံတွေက သူ့ရှေ့ကစားပွဲဆီသို့ ရောက်လာပြီ။ စစ်ဗိုလ်က ထိုင်ခိုင်းလိုက်တဲ့သူကို ကြည့်လိုက်တော့ မြိုင်ဖြစ်နေသည်။ မျက်နှာပေါ်မှာ အံ့သြမှု တဆံချည်မျှင်မျှ ပေါ်ပေါက်မလာရအောင် သတိနှင့်ထိန်းထားဆဲ …

" ကြုံတောင့်ကြုံခဲ ခင်လေးမြိုင်နဲ့ စကားပြောပါအုံး … ခင်ဗျား ဖြန့်ဝေခိုင်းတဲ့ ဝါဒဖြန့်စာရွက်တွေကို ခင်လေးမြိုင်လက်ထဲ ထည့်ပေးတယ်လို့ မိုးအေးက ဖွင့်ပြောပြီးပြီ။ စာရွက်တွေ ရောက်မရောက် မေးပါအုံး။ ခင်လေးမြိုင်ကို မေးပါအုံး။ ဟိုတုန်းထဲက ခင်ဗျားတို့က ချစ်သူတွေပဲဆိုတော့ … "

"သူ့ကို ကျုပ်မသိဘူး "

အသံကို ပုံမှန်အတိုင်း မနိမ့်မမြင့်ဘဲ တုံးတိတိ အဖြေပေးလိုက်သည်။ မြိုင့်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်စဉ် မြိုင့်မျက်နှာတခုလုံး တကိုယ်လုံးကို ဖြုံကြည့်မိလျှက်သား ဖြစ်သွားသည်။ မြိုင့်အကြည့်နှင့် ဆုံသွား

ကြသည်။ မြိုင့်မျက်နှာပေါ်က ပါးပြင်မို့မို့သည်ပင်လျှင် ပါးလျသွားလေပြီ။ အိန္ဒြေမပျက် ငြိမ်သက်အေးဆေး အောင် ဟန်ဆောင်ထားတဲ့ မြိုင့်ကိုကြည့်ရင်း စိတ်ထိခိုက်နေမိသည်။ ယခု မြိုင့်ကို ပိုလို့သဘောကျ လေးစား နေမိသည်။ ချီးကျူးမိတယ် မြိုင်ရယ် ... လို့ စိတ်မှာ ဟစ်ကြွေးမိသည်။

"ခင်လေးမြိုင် ရေးတဲ့စာထဲက ထွန်း ဆိုတဲ့လူနဲ့ တွေ့နေပြီလေ။ ငွေ(၅၀၀) ပေးလိုက်တာ ကိုထွန်းခိုင် ရမရ မေးပါအုံးလေ။ "

"ကျမ သူ့ကို မသိဘူးလို့ ပြောခဲ့တာဟာ အခုထိ မပြောင်းလဲသေးပါဘူး။"

စစ်ဗိုလ်က မျက်နှာတချက် တွန့်သွားသည်။ ဘာမှဆက်မပြောတော့ဘဲ အချိန်ပေးသလိုမျိုး စောင့်ဆိုင်း နေလိုက်သည်။ ခဏကြာမှ အမိန့်ပေးသည်။

"ဘာမှ ပြောစရာ မရှိတော့ဘူးပေ့ါ ဟုတ်လား။ ကဲ ... ဒါဖြင့် ကောင်းပြီလေ၊ ခေါ်သွားကြတော့ဟေ့ "

မြိုင်က တချက်လှမ်းကြည့် ပြုံးရင်းထွက်သွားပြီ။ စစ်ဗိုလ်က ဒီတခါတော့ ဒေါသတွေကို ထိန်းလို့မရ အောင် ဆူပွက်လျှံထွက်လာပြီး ဝုန်းခနဲ ထရပ်လိုက်သည်။ စားပွဲက သူ့ဗိုက်နဲ့ညိသွားပြီး ခါယမ်းရွေ့သွားစဉ် နှင်းဆီပွင့်ကြွေအိုးက ကြမ်းပြင်ပေါ်သို့ လွင့်စင် မှောက်ကျသွားသည်။ နှင်းဆီနှစ်ပွင့်က ပန်းအိုးဆီမှ တနေရာဆီ ကွဲကွာလွင့်ကျနေသည်။ အလှပန်း နီလွလွနှင်းဆီပွင့်နှစ်ပွင့်ကို အတိတ်စိမ်း ပေပဲလား ... ခံစားမိလိုက်စဉ်မှာပဲ စစ်ဗိုလ်က ဒေါနမောထကာ စားပွဲမှထွက်ခွာသွားစဉ် စစ်ဖိနပ်က နှင်းဆီပွင့်နှစ်ပွင့်ကို ရှပ်တိုက် နင်းချေပစ်ခဲ့သည်။ ဟိုတချပ် ဒီတချပ် ပွင့်ချပ်တွေက ကျိုးကြေလွင့်စင်ကုန်ပြန်သည်။

ခဏမှာပဲ စစ်ဖိနပ်သံတွေက အသွားအပြန် ရှုပ်ထွေးသွားသည်။ မှောင်ရိပ်ကနေ တဒိုင်းဒိုင်း နီးကပ် လာသော စစ်ဖိနပ်သံက သူ့အနီးသို့ရောက်လာသည်နှင့် အရာတခုက အရှိန်အဟုန်ပြင်းထန်စွာ မျက်နှာပေါ် သို့ ကန့်လန့်ဖြတ်ကျလာသည်။ သစ်ရွက်တရွက်လို စားပွဲပေါ်မှနေ သူလွင့်စင်ကျသွားစဉ်၊ သွေးစက်တွေက နှင်းဆီချပ်များပေါ်သို့ စီးကျသည်။

ယခင်ကလိုပဲ ပြန်သတိရသည့် အခါမှာတော့"ဒါပဲလား" ဟု ကြေးစား ပါးကွက်သားများကို မေး လိမ့်မည်။ လင်းဝေ၊ နေအောင်၊ ချစ်အောင်နှင့် ကိုသက်အောင်တို့ဟာ သူ့အတွက်၊ လူထုအတွက် ပိုပြီး အလုပ် လုပ်ကြလိမ့်မယ်။ သစ္စာပျားရည်စက်တွေကို ယခုလိုပဲ ညှဉ်းပန်းခံဝေဒနာတွေနှင့် လဲဖယ်ယူရမည်ပဲ။ မြင့်မြတ် ချိုမြိန်လှသည့် ဝေဒနာတွေကို ခံယူဖက်ပွေ့သွားစမ်းပါ့မယ်။ ဒါပဲလား ... ကြေးစားတို့ ။ ဒါပဲလား ... ဒီလောက်ပဲလား ... စစ်အာဏာရှင်တို့ ။ ... ယခု အခိုက်အတန့်မှာတော့ ဘယ်နှယ်ချက် ဘယ်နှယ်ကြိမ် သူ့ပေါ်သို့(စစ်ဖိနပ်တွေက)ထပ်ပြန်တလဲလဲ ... အဆင့်ဆင့် အကြိမ်ကြိမ် ဖိနှိပ်ရက်စက်နေသည်ကိုမူ သူ မသိနိုင်အားတော့ ... ။

■ ■ ■

ဇွန်လ ၃၀ ရက်၊ ၁၉၉၁ ခုနှစ်။

(ဝင်းတင့်ထွန်းလို သစ္စာပျားရည်စက်တွေကို ဖက်တွယ်ခဲ့ကြသည့် အာဇာနည်သူရဲကောင်းများသို့ )

၁၉၉၉ – ခု ဒဿနပန်းခင်းမဂ္ဂဇင်း အမှတ်(၆)(၇)။

# နှင်းဝတ်ရည်

*(ဒီဝတ္ထုကို အာရှတိုက်လွတ်မြောက်ရေး ရေဒီယိုဌာန (RFA)ရေဒီယို အသံလွှင့်ဇာတ်လမ်း အတွက်သာ ရည်ရွယ်ပြီး ဇာတ်ညွှန်းသဘောအဖြစ် ရေးသားခဲ့ခြင်းဖြစ်တယ်။ ယခု ဘာမှ မပြင်ဆင်တော့ပဲ ၁၉၉၉ ခု ဇွန်လ ထဲတွင် (RFA)မှ ဦးခင်မောင်စိုး စီစဉ် ထုတ်လွှင့်ခဲ့သည့်အတိုင်း ဝတ္ထုတိုအဖြစ် ဖော်ပြလိုက်ပါတယ်။ စာရေးသူ)*

ကျနော် ရောက်လာတဲ့ အချိန်မှာတော့ နှင်းဝတ်ရည်ကို မီးသင်္ဂြိုဟ်ဖို့အတွက် အသင့်ဖြစ်နေကြသည်။ နှင်းဝတ်ရည်ကို နောက်ဆုံးတွေ့လိုတဲ့ အတွက် လူအုပ်တွေကြားထဲကနေ တိုးဝှေ့ ဝင်လာစဉ်မှာပဲ ဗိုလ်ဉာဏ်လင်းဟာ ခရစ်ယာန် သမ္မာကျမ်း စာအုပ်ကိုဖွင့်ပြီး ရွတ်ဖတ်နေသည်။ အခြား ခရစ်ယာန်ဘာသာ ဝင်နှစ်ဦးကလည်း သူနဲ့အတူ လိုက်ပြီး ရွတ်ဖတ်နေကြတယ်။ နှင်းဝတ်ရည်က ဗုဒ္ဓဘာသာဝင်၊ စောစောကပဲ သရဏဂုဏ်တင်ခဲ့ကြပြီးပြီ။ ကျနော်က နှင်းဝတ်ရည်ကို ငုံ့ကြည့်နေရင်းက အသံတိတ် စကားပြောနေမိတယ်။

"နှင်းဝတ်ရည်ရယ် အသေစောလိုက်တာ။ မင်းသေသွားတာဟာ ငါတို့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ဆုံးရှုံးမှုတခုပဲ။ ငါတို့ရဲ့ ခန္ဓာကိုယ်တွေထဲက သွေးကြောတချောင်း ပြတ်တောက်သွားသလိုပဲ ခံစားရတယ် နှင်းဝတ်ရည်ရယ် ..."လို့သာ စိတ်ထဲမှာ ကြေကြေကွဲကွဲ မြည်တမ်းမိတယ်။

သမာကျမ်းစာဖတ်ပြီးသည်နှင့် ဗိုလ်ဉာဏ်လင်းဟာ ထာဝရခွဲခွာရတော့မယ့် ဇနီးသည်နှင်းဝတ်ရည်ကို နောက်ဆုံး နှုတ်ဆက်တဲ့အနေနဲ့ ငေးစိုက်ကြည့်တယ်။ ဗိုလ်ဉာဏ်လင်း မျက်နှာပေါ်မှာ ကြေကွဲမှုတိမ်ရိပ်တွေက မှိုင်းညို့လို့၊ မျက်ရည်မိုးတွေက သူ့ပါးပြင်ပေါ်ကတဆင့်နှင်းဝတ်ရည်ရဲ့မျက်နှာပေါ်ကို စီးကျလာနေတာကို တွေ့ရစဉ်မှာပဲ ဗိုလ်ဉာဏ်လင်းနဲ့ ထပ်တူထပ်မျှ ကျနော် ဆို့နင့်နေမိတယ်။ ခဏအကြာမှာ စတင် မီးသင်္ဂြိုဟ်ပါတော့တယ်။ မီးတောက်မီးလျှံတွေက နှင်းဝတ်ရည်ကို မြို့ဝါးလောင်ကျွမ်းလာခဲ့စဉ်မှာ ဗိုလ်ဉာဏ်လင်းရဲ့ ရင်ထဲမှာလည်း သောကပရိဒေဝ မီးတောက်မီးလျှံက တဟုန်းဟုန်း တောက်လောင်နေပြီလို့သာ ခံစားလိုက်ရတယ်။ ငိုကြွေးသံနှင့်အတူ သူ့ရင်ဟာ ပွင့်ထွက်သွားပြီ။

"ညီမရေ ... နှင်းဝတ်ရည်ရေ ... ညီမကို အစ်ကို ခွင့်လွှတ်တယ်။ ကိုယ့်ရင်ထဲမှာ 'နှင်း' ဆိုတဲ့ အကို့ဇနီးဟာ ထာဝရရှိနေမယ်လို့ ပြောလိုက်ပါရစေ ညီမရေ ... နှင်းရေ ... "

ဗိုလ်ဉာဏ်လင်းကို တွဲခေါ်လာပြီး မီးသင်္ဂြိုဟ်တဲ့နေရာနဲ့ မလှမ်းမကမ်း သစ်သားထိုင်ခုံ ရှိရာဆီသို့ လျှောက်လာခဲ့ကြတယ်။ သူ့မိတ်ဆွေ ရဲဘော် ကောင်းမြတ်နဲ့ ကျနော်ဟာ ဗိုလ်ဉာဏ်လင်းရဲ့ တဖက်တချက်မှာ ဝင်ထိုင်လိုက်ကြတယ်။ ကျနော်တို့ သုံးယောက် မီးတောက်မီးလျှံတွေ၊ ကောင်းကင်ပြာပြာထဲ ပြေးတက်လာနေတဲ့ မီးခိုးတိမ်လိပ်တွေကို ငေးတွေကြည့်ရင်းက ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်နေမိကြတယ်။

တကယ်လို့များ နှင်းဝတ်ရည်ရဲ့ ဝမ်းကြာတိုက်မှာ ဖအေမရှိတဲ့ ကလေးတစ်ယောက် ပါမလာခဲ့ရင် ... တနည်းပြောရရင် နှင်းဝတ်ရည်မှာ ကိုယ်ဝန်မရှိခဲ့ဘူးဆိုရင် ... ကျနော်ဟာ ဟင်းကနဲ သက်ပြင်းတချက် မှုတ်ထုတ်လိုက်မိတယ်။ ကျနော့်ရင်တွင်းက စိတ်အတွေးငှက်က ဝေးသထက်ဝေးတဲ့ သူတို့ ဇနီးမောင်နှံရဲ့ အတိတ်ကုန်းမြေမြင့်ဆီသို့ ပျံသန်းနေပါတော့တယ် ...။

❖ ❖ ❖ ❖

ဗိုလ်ဉာဏ်လင်းဟာ ဟိုစဉ်တုန်းက မဆလ ဖက်ဆစ်တပ်က ကြေးစားတပ်သား တဦးပေါ့။ ဖက်ဆစ်အရာရှိတွေရဲ့ မတရားမှု၊ ယုတ်မာပက်စက်မှု၊ လူထုအပေါ် ဖိနှိပ်ရက်စက်မှုတွေကို တပ်အတွင်းမှာ ဆန့်ကျင်ပုန်ကန်ရာမှ စစ်တပ်အချုပ်ခန်းထဲကို မကြာခဏ ဝင်ခဲ့ရသူလည်းဖြစ်တယ်။ အရေးတော်ပုံကြီး ပေါ်ထွက်လာချိန်မှာတော့ လူထုဘက်က ရပ်တည်ဖို့အတွက် ဆုံးဖြတ်လိုက်ပါတော့တယ်။ တော်လှန်ရေးနယ်မြေကို ရောက်လာစဉ် ကရင်အမျိုးသား တော်လှန်ရေးတပ်ထဲဝင်ခဲ့တယ်။ ကျောင်းသားတပ်ဦး ပေါ်လာတဲ့အခါ ကျောင်းသားတပ်ရင်းမှာ ဝင်ရောက်လာခဲ့တယ်။ ပြောက်ကျား စစ်တိုက်စွမ်းရည် အားကောင်းထက်မြက်တာရယ်၊ ကိုယ့်ကျင့်တရား ကောင်းတာရယ်၊ မိမိတော်လှန်ရေးတပ်ကို ဦးဆောင်ကွပ်ကဲနိုင်တဲ့အတွက် ကရင့်တော်လှန်ရေးတပ်မှာကော၊ ကျောင်းသားတပ်ဦးမှာပါ'ဗိုလ်'အဖြစ် ရာထူးတိုးမြှင့်ပေးခဲ့ကြတယ်။ တော်လှန်ရေးတပ်တွင်းမှာ တော်လှန်ရေးသမားတိုင်းက သူ့ကို ခင်မင်လေးစားကြ၊ အားကိုးယုံကြည်ကြတယ်။

သူဟာ ရှေ့တန်းမှာပဲ အနေများတယ်။ ဗိုလ်ဉာဏ်လင်း ရှေ့တန်းစစ်မျက်နှာ ရောက်နေတုန်းမှာပဲ နောက်တန်းတပ်ရင်းကနေ ပေးပို့လိုက်တဲ့ နှင်းဝတ်ရည်ရဲ့စာကို လက်ခံရရှိခဲ့တယ်။ ချစ်တဲ့ ဇနီးသည် နှင်းဝတ်ရည်နဲ့ ရက်ပေါင်း၊ လပေါင်းများစွာ ဝေးကွာနေခဲ့ရာမှ မမျှော်လင့်ဘဲ ဒီစာကို ရရှိလိုက်စဉ်မှာတော့ ဗိုလ်ဉာဏ်လင်းရဲ့ရင်ဟာ တဒိတ်ဒိတ် ခုန်နေပါတော့တယ်။ အံ့သြမှု၊ ထူးဆန်းမှုတို့နဲ့ ရောယှက်နေတဲ့ ဝမ်းသာကြည်နူးမှုတို့က နှလုံးသွေးကို ခုန်မြည်လှိုင်းထ စေခဲ့တယ်။

*အကိုလင်း*

*ဒီစာကို မဲဆောက်ကနေ ရေးလိုက်တာဖြစ်တယ်။ မဲဆောက်ကို ရောက်နေတာ တလရှိသွားပြီ။ အကို ဘယ်မှာရှိတယ်ဆိုတာ သိရအောင်လို့ မေးမြန်း စုံစမ်းရင်းက ကြာသွားတယ်။ မဲဆောက်မှာ ရပ်တည်ရမှာ မလုံခြုံဘူး။ စိတ်မချရဘူး။ သိပ်ပြီးခက်ခဲတယ်။ တော်လှန်ရေးထဲမှာပဲ အကိုနဲ့ လိုက်နေမယ်။ အကိုနဲ့အတူ တော်လှန်ရေးလုပ်မယ်။ ညီမကို အမြန်ဆုံးလာခေါ်ပါ။ မဲဆောက်ဈေးထဲက ဦးမှုန်ကြီး ထမင်းဆိုင်ကို ဆက်သွယ်ရင် ညီမဘယ်မှာရှိတယ်ဆိုတာ သိရပါလိမ့်မယ်။*

*ချစ်တဲ့အကိုရဲ့*
*နှင်း*
*ဖေဖော်ဝါရီ(၂၀)၊ ၁၉၉၂ ခု။*

နွေဦးပေါက် မုန်တိုင်း စစ်ဆင်ရေးထဲ ရောက်နေတဲ့ ဗိုလ်ဉာဏ်လင်းဟာ နှင်းဝတ်ရည်ထံ အရောက်မသွားနိုင်တော့။ နောက်ထပ် သုံးလအကြာမှာ နှင်းဝတ်ရည်ထံမှ စာတစောင်နဲ့ ဗမာငွေနှစ်ထောင် ရောက်လာပြန်တယ်။ နောက်တလအကြာမှာ ငွေငါးထောင်နဲ့ စာတစောင်။ နောက်ထပ် တလအကြာမှာ စိတ်တိုတိုနဲ့ ရေးသားထားတဲ့ စာတစောင်နဲ့ ငွေသုံးထောင်။ နှင်းဝတ်ရည် ပို့ပေးခဲ့တဲ့ငွေကြေးဟာ ဗိုလ်ဉာဏ်လင်းအတွက်သာမက တော်လှန်ရေးအတွက် ရဲဘော်တွေအတွက် ထောက်ပံ့ခဲ့တဲ့ ငွေကြေးဖြစ်တယ်။ ရဲဘော်တွေအားလုံးက နှင်းဝတ်ရည်ကို မမြင်ဘူးပေမဲ့ သူ့စိတ်ဓာတ်နဲ့ စေတနာကို လေးစားခဲ့ကြတယ်။ တကယ့်ကို ကျေးဇူး တင်နေခဲ့ကြတယ်။

၁၀ အလှည့်အပြောင်းဟာ တခါတရံ အံ့သြစရာ ကောင်းလှတယ်။ ကြည့် … ဗိုလ်ဉာဏ်လင်း မဲဆောက်ကိုရောက်လာတော့ နှင်းဝတ်ရည်ထံ ရောက်လာခြင်းမဟုတ်။ မဲဆောက်ဆေးရုံကို ရောက်လာခဲ့ခြင်းဖြစ်တယ်။ လက်နက်ကြီး ကျည်ဆံတွေက ခြေထောက်တွေမှာ ထိမှန်ထားတယ်။ သွေးအားနည်း၊ ငှက်ဖျားထ၊ သတိရတချက်၊ မရတချက်။ နှင်းဝတ်ရည်က ဗိုလ်ဉာဏ်လင်း မဲဆောက်ရောက်နေတာကို မသိသေး။ ဗိုလ်ဉာဏ်လင်းကို ဆေးရုံတင်ပြီးတာနဲ့ သူ့ရဲဘော်ကောင်းမြတ်ကတော့ မနှင်းဝတ်ရည်ကို ရှာပုံတော် ဖွင့်ပါတော့တယ်။ နှင်းဝတ်ရည်ကို တွေ့မယ့်တွေ့တော့ ပြည့်တန်ဆာရုံမှာ ပြည့်တန်ဆာအဖြစ်သာ တွေ့ရပါတော့တယ်။

နှင်းဝတ်ရည် မဲဆောက်ရောက်လာတဲ့ နောက်ပိုင်းမှာ မြို့ထဲနဲ့ ခပ်ဝေးဝေးရပ်ကွက်က သူ့ မိတ်ဆွေ ငှားထားတဲ့ အိမ်ကလေးထဲမှာ နှင်းဝတ်ရည် နဲ့ သူ့သူငယ်ချင်း မစောယုတို့ ထိုင်းပုလိပ်နဲ့ ထောက် လှမ်းရေးဘေးက ကင်းဝေးရန် ခိုကပ်ပုန်းအောင်း နေခဲ့ကြတယ်။ အရေးကြီးတဲ့ ကိစ္စရှိမှ မြို့ထဲကို ထွက် ကြတယ်။ မြို့ထဲကို ထွက်လာဖို့ဆိုတာ စွန့်စားခန်း တခုပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ထိုင်းပုလိပ်နဲ့ တကြိမ်မဟုတ် တကြိမ်တွေ့တာပါပဲ။ ပုလိပ်က သူတို့နေတဲ့ အိမ်ကို မှတ်ထားပုံရတယ်။ တနေ့မှာ ပုလိပ်ကားတစီး အိမ်ရှေ့ ထိုးရပ်ပြီး နှင်းဝတ်ရည်နဲ့ မစောယုတို့ကို ပုလိပ်တွေ က ဖမ်းဆီး ခေါ်ဆောင်သွားတယ်။ အိမ်တအိမ်ရဲ့ အခန်းထဲမှာ သူတို့နှစ်ဦးကို လှောင်ထားခဲ့တယ်။ ပုလိပ်တွေ တဖွဲဖွဲရောက်လာပြီး အဓမ္မကျင့်ကြံ ဖျက်ဆီးကြတော့တာပါပဲ။

ငရဲကြီးရစ်ထပ် မဟာယောယုဝမှာ တ ပတ်ကြာခဲ့ပြီးနောက် ပုလိပ်က သူတို့နှစ်ယောက်ကို ထိုင်းလူမျိုးတယောက်ရဲ့ လက်ထဲ လွှဲအပ်လိုက်တယ်။ ထိုသူက ပြည့်တန်ဆာရုံကို ခေါ်သွားပြီး၊ လူနဲ့ငွေ လဲယူပြီး သူတို့ကိုထားခဲ့တယ်။ အဲဒီကစပြီး နှင်းဝတ်ရည် နဲ့ မစောယုတို့ဟာ သည်းအူလှိုက်အောင် ခါးသီး စက်ဆုတ်တဲ့ ပြည့်တန်ဆာဘဝကို ရရှိခဲ့တော့တာပါပဲ။

ဗိုလ်ဥာဏ်လင်း ဆေးရုံမှာ ထူထူထောင် ထောင်ဖြစ်လာလို့ သုံးပတ်အကြာမှာတော့ ရဲဘော် ကောင်းမြတ်က ဗိုလ်ဥာဏ်လင်းကို နှင်းဝတ်ရည် အကြောင်း ရင်ဖွင့်ပြပါတော့တယ်။ မပြောလို့လဲမဖြစ်၊ နှင်းဝတ်ရည်သတင်းကို ကြားရသည်နှင့် ဗိုလ်ဥာဏ် လင်းတယောက် ယမ်းပုံမီးကျ ဒေါသပေါက်ကွဲခဲ့ပါ တော့တယ်။

“ကျုပ်နှင်းဝတ်ရည်ကို မုန်းတယ်။ ဒီလို ဘဝမျိုးကို သိပ်ရွံတယ်။ သူနဲ့ဘာမှ မပတ်သက်ချင် တော့ဘူး။ ကျုပ်ဘာမှ သတိမရဘဲ မေ့မျောနေချိန်မှာ သူ့ငွေနဲ့ဝယ်ပြီး သွင်းပေးခဲ့တဲ့ ဆေးပုလင်းနဲ့ ဆေးဝါး တွေကို ကျုပ်ခန္ဓာကိုယ်ထဲကနေ အခုပဲ ပြန်ထုတ်ပစ်ချင် တယ်ဗျာ။ ကျုပ်ဘာမှ မပတ်သက်ချင်တော့ဘူးဗျာ ...”

ရဲဘော်ကောင်းမြတ်က ဗိုလ်ဥာဏ်လင်းကို ဖြောင်းဖျ ပေးရပြန်တယ်။ အထပ်ထပ် အခါခါ နားချ တရားဟောရတယ်။

“နှင်းဝတ်ရည်မှာ ဘာမှအပြစ်မှမရှိဘူး ဗိုလ်ဥာဏ်လင်း၊ ပြည့်တန်ဆာ ဖြစ်ချင်လွန်းလို့ ဖြစ်ခဲ့ ရတာမဟုတ်ဘူး။ အဓမ္မ တွန်းပို့ခံခဲ့ရလို့ ပြည့်တန်ဆာ ဖြစ်ခဲ့ရတာ ... ပြည့်တန်ဆာဆိုတာ တရားခံတွေ မဟုတ်ဘူးဗျ။ ပြည့်တန်ဆာဘဝ ရောက်အောင် တွန်း ပို့နေတဲ့စနစ်ကသာ တရားခံဖြစ်တယ်။ ပြည့်တန်ဆာ တွေကို ထုတ်လုပ်ပေးနေတဲ့စနစ်၊ လူလူချင်း မတရား ဖိနှိပ် သွေးစုပ်နေတဲ့စနစ်ကိုသာ မုန်းတီး စက်ဆုပ် ရမှာ၊ တော်လှန်တိုက်ခိုက်ရမှာ။ နောက်တခုက တော် လှန်ရေးသမားဆိုတာ ပေးဆပ်သူပဲ။ အသက်ကိုတောင် တော်လှန်ရေးမှာ ပေးအပ်နှင်းထားရသေးတာ ... နွံနစ်နေတဲ့ ကိုယ့်ဇနီးကို ဘာဖြစ်လို့ ဘာကြောင့် အနစ်နာခံပြီး မမြတ်နိုးနိုင်ရမှာလဲ။ ပေးဆပ်စမ်းပါ ဗိုလ်ဥာဏ်လင်းရာ ... ကြမ်းတမ်းခက်ထန်တဲ့ ဘဝ ထဲမှာ တယောက်လက်ကို တယောက်က ခိုင်ကျည် မြဲမြံအောင် ဆုပ်ထားရမယ်ဗျ ... ဒါပဲ”

နောက်တလအကြာ ဗိုလ်ဥာဏ်လင်း ဆေးရုံ ကဆင်းလာလို့ အပြင်ရောက်လာတာနဲ့ နှင်းဝတ်ရည်နဲ့ မစောယုကို ပြည့်တန်ဆာရုံက ဆွဲထုတ်နိုင်အောင် ကြိုးစားကြတယ်။ တကယ့်ကိုပဲ ခက်ခက်ခဲခဲ ကြိုးပမ်း ခဲ့ကြရတယ်။ လွန်ခဲ့တဲ့တလက ပြည့်တန်ဆာတ ယောက်ကိုကယ်တင်ဖို့ ပြည့်တန်ဆာရုံကို လူနှစ်ယောက် ဝင်ရောက် စီနင်းတိုက်ခိုက်ရာက ရုံပိုင်ရှင်နဲ့ ရုံစောင့် သေခဲ့လို့ အထိတ်တလန့် ဖြစ်ခဲ့ကြတယ်။ အဲဒီ အဖြစ်အပျက်နဲ့ တိုက်ဆိုင်နေတဲ့အတွက် ပိုပြီးခက်ခဲ သွားတယ်။ တော်လှန်ရေး အဖွဲ့အစည်းတွေနဲ့ ကျောင်းသားတပ်ဦးက တဘက်က ငွေကြေးပေး၊ အခြားတဘက်က ခြိမ်းခြောက် ဖိအားပေးတဲ့အတွက် သူတို့နှစ်ယောက် လွတ်မြောက်လာခဲ့တယ်။

ပေးဆပ်နေရတဲ့ တော်လှန်ရေးသမား ဗိုလ်ဥာဏ်လင်းဟာ နှင်းဝတ်ရည်ကို သာမက နှင်းဝတ်ရည်ရဲ့ ဝမ်းကြာတိုက်မှာ ပါလာခဲ့တဲ့ ကလေး

ကိုပါ ကိုယ့်အသွေးအသားနဲ့မခြား ချစ်နေရပါတော့တယ်။ နှင်းဝတ်ရည်မှာ ကိုယ်ဝန်လေးလရှိနေပြီ။ ဟုတ်ပါတယ်။ ဖခင်မရှိတဲ့ ဗိုက်ထဲကကလေးအတွက် ဗိုလ်ဉာဏ်လင်းဟာ ဖခင်အဖြစ်နဲ့ အကျေနပ်ဆုံး ပေးဆပ်ရပ်တည်ခဲ့ပါပြီ။ သူတို့နှစ်ယောက်ရဲ့ ဘဝဟာ အေးချမ်းစွာ ပေါင်းစည်းသွားကြလေသတည်းလို့ ဝတ္ထုထဲမှာလို၊ ရုပ်ရှင်ပိတ်ကားပေါ်က ဇာတ်လမ်းထဲမှာလို အခုလောက်နဲ့ပဲ နိဂုံးချုပ်လိုက်ရင် ဘယ်လောက်များ ကောင်းလိုက်မလဲလို့ ကျနော် တွေးခဲ့ဘူးတယ်။ တကယ်တော့ ဘဝဆိုတာ စိတ်ကူးယဉ်အိပ်မက်မဟုတ်ဘူး။ တခါတခါ … ဘဝဟာ အိပ်မက်ထက် ဆန်းကြယ်နေတတ်တယ်။ တူညီတဲ့ ယုံကြည်ချက်တွေနဲ့ သူတို့နှစ်ယောက်ဟာ တော်လှန်ရေးထဲမှာ ဆက်လက်ပါဝင်ခဲ့ပြန်တယ်။နှစ်ယောက်စလုံးကလည်း စွန့်စားရေးသမားတွေ။ ပြည်တွင်းကို ဝင်ရောက်ထိုးဖောက်ဖို့ မြေအောက် လှုပ်ရှားမှုလုပ်ငန်းထဲမှာ သူတို့နှစ်ဦးစလုံး တာဝန်ယူခဲ့ကြတယ်။ အန္တရာယ်ချောက်ကမ်းပါးရဲ့ နှုတ်ခမ်းပေါ်မှာ လှုပ်ရှားလျှောက်လှမ်းခဲ့ရတာမို့လို့ အသဲယားထိတ်လန့်စရာ အကောင်းသား။ လုံခြုံရေးအတွက် ယခုအချိန်အထိ ဖွင့်ပြောပြဖို့ မဖြစ်နိုင်တဲ့အတွက် သူတို့နှစ်ဦး ဘယ်လိုလှုပ်ရှားခဲ့တယ်ဆိုတာ ကျနော် မပြောလိုတော့ပါ။ သေချာတာကတော့ ကရင်အမျိုးသား တော်လှန်ရေးအဖွဲ့နဲ့ ကျောင်းသားတပ်ဦးရဲ့ အရေးကြီးတဲ့တာဝန်တွေကို စွန့်စွန့်စားစား သူတို့ဆောင်ရွက်ခဲ့ကြတယ်။ သူတို့နှစ်ဦးကို ဖက်ဆစ် ထောက်လှမ်းရေး မျက်ခုံးပေါ်မှာ စကြ်န်လျှောက်ကြ သူတွေအဖြစ် ကျနော်တော့ ချီးကျူးလေးစားလို့မဆုံး ဖြစ်မိတယ်။

နောက်ဆုံးအကြိမ်ကတော့ ပိုလို့နက်ရှိုင်းခက်ခဲတဲ့ မြေအောက်လှုပ်ရှားမှု။ ၉၀ ခုရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေကို လွတ်မြောက်ဒေသကို ထွက်လာနိုင်အောင် လမ်းခင်းပေးတဲ့ လှုပ်ရှားမှု၊ သူတို့ဇနီးမောင်နှံရဲ့ ကြိုးပမ်းအားထုတ်မှုနဲ့ ကြီးမားတဲ့ စိတ်ဓာတ်ခွန်အားတွေကို ကျနော့်ရင်ထဲမှာ မော်ကွန်းထိုးထားမိတယ်။

အင်းလေ … ကံကြမ္မာဆိုးက ဝင်ချင်တော့ … နှင်းဝတ်ရည်ရဲ့ကိုယ်ဝန် ခုနစ်လဖြစ်လာစဉ်မှာပဲ မြေအောက်လှုပ်ရှားမှုကို ရပ်လိုက်ကြတယ်။ နောက်ထပ် မြေအောက်လုပ်ငန်း လှုပ်ရှားမှုတခု လုပ်ကိုင်လှုပ်ရှားရန် ပြင်ဆင်ဆဲ အနားယူလိုက်ကြတယ်။ နောက်နှစ်ပတ်အကြာမှာ နှင်းဝတ်ရည်တယောက် အိမ်သာထဲမှာချော်လဲပြီး မဲဆောက်ဆေးရုံကို ရောက်လာခဲ့တယ်။ အဲဒီအဖြစ်အပျက်က သူမဘဝ လမ်းဆုံးကိုရောက်သွားအောင် တွန်းပို့ပေးလိုက်တဲ့ ကံကြမ္မာဆိုးပါပဲ။ ကလေးပျက်ကျလို့ ဆေးရုံရောက်ပြီး ၃ ရက်အကြာမှာတော့ နှင်းဝတ်ရည်ကိုယ်တိုင် ကြာကြာမနေရတော့ဘူးဆိုတာ သိသွားပါပြီ။ သေမယ့်ရက်မှာ သေပန်းပွင့်လိုက်တဲ့ မိန်းကလေး။ နှုတ်ဆက်စကားတွေကိုသာ ကရားရေလွှတ် တတွတ်တွတ် ပြောနေပါတော့တယ်။ ဗိုလ်ဉာဏ်လင်းမျက်နှာကို တွေတွေကြည့်ရင်း … ယုယကြင်နာမှုကို ခံယူရင်းက သူမမျက်နှာပေါ်မှာ မျက်ရည်မိုးစက်တွေက စီးကျလို့ …။

"အကို … မိနှင်းကို ခွင့်လွှတ်ပါနော်။ မိနှင်းဘဝမှာ စွန်းထင်းခဲ့တဲ့ အပြစ်တွေကို ခွင့်လွှတ်ပါနော် …"

"စကားမပြောပါနဲ့ မိနှင်းရယ် … စကားပြောရင် ပိုပြီးတော့ မောမယ်ညီမ "

"မိနှင်းမနေရတော့ဘူး ဆိုတာ သိနေပြီ … အကိုနဲ့ ခွဲရတော့မယ်။ အကိုနဲ့ နေရမယ့်အချိန်၊ စကားပြောရမယ့်အချိန် နဲနဲလေးရှိတော့တယ်။ အကိုနဲ့ကျမ အသက်တွေကြီးတဲ့အထိ အတူတူ နေသွားကြမယ်လို့ယုံကြည်ထားတာ … အေးအေးချမ်းချမ်းနဲ့ လုံခြုံတဲ့ဘဝမှာ နေခွင့်ရမယ်ဆိုရင် … အကို့လက်ကို တွဲပြီး ဆံဖြူသွားကျိုးတဲ့အရွယ်အထိ အကိုနဲ့ကျမ မခွဲမခွာ နေနိုင်ကြမှာပဲလို့ မျှော်လင့်ယုံကြည်ထားတာ … အခုတော့ မျှော်လင့်ချက်ရွှေတောင်ကြီး ပြိုကျသွားပါပြီ။ နှင်းတို့ဘဝတွေ ပျက်စီးကြေမွအောင် ဖန်တီးခဲ့သူတွေကို နာကြည်းမိတယ် အကိုရယ် … အခုတော့ အကို့ကို ညီမထားခဲ့ရတော့မယ်။ အကိုတယောက်ထဲ ကျန်ရစ်ခဲ့တော့မယ်… ညီမ မရှိတော့ပေမယ့် ယုံကြည်ချက်အတိုင်း ဆက်လုပ်ပါ။ အကို့

ဘေးနားမှာ၊ အကို့ရင်ထဲမှာ ... ညီမရှိနေမယ်နော် ... အကို"

နှင်းဝတ်ရည်ရဲ့ နောက်ဆုံးမိနစ် စက္ကန့်တွေအထိ သူတို့နှစ်ယောက်နှင့်အတူ... ဆေးရုံလူနာကုတင်ဘေးမှာ ကျနော် ရှိနေခဲ့တယ်။ နှင်းဝတ်ရည်ရဲ့ နှုတ်ဆက်လွမ်းချင်းသံကို ရင်ထဲမှာကြားနေရဆဲမှာပဲ ...

"ကဲ ... ဆရာတို့သွားကြစို့ ။ မီးသင်္ဂြိုဟ်လို့ ပြီးသွားပြီလေ ... လာ ... ပြန်ကြစို့"

ရဲဘော် ကောင်းမြတ်က အိမ်ပြန်ကြဖို့ဆိုပြီး စိတ်အတွေးကို ပုတ်ခတ်လှုပ်နှိုးလိုက်စဉ် ဗိုလ်ဥာဏ်လင်းနဲ့အတူထိုင် နေရာကနေ ကျနော် မတ်တတ်ရပ်လိုက်ပေမယ့်လို့ တွေးလက်စအတွေးတခုက မပြီးဆုံးသေး။ မီးသင်္ဂြိုဟ် တဲ့နေရာဆီကို တချက်လှမ်းကြည့်လိုက်မိတယ်။ မီးတောက်မီးလျှံတွေ၊ မီးခိုးတိမ်လိပ်တွေဟာ မျက်စိရှေ့မှာပဲ ပျောက်ကွယ်သွားသလို၊ နှင်းဝတ်ရည်လည်း ကမ္ဘာမြေပေါ်ကနေ ပျောက်ကွယ်သွားခဲ့ပါပြီ။ လူဆိုတာ မွေးပြီးရင် သေရမှာပဲ။ ဒါဟာ သဘာဝ နိယာမ တရားလည်းဖြစ်တယ်။ ဒါဖြင့် မွေးဖွားခြင်းနဲ့ သေဆုံးခြင်းအကြားမှာ ဘဝကို ဘယ်လိုရှင်သန်သင့်သလဲ၊ ဘယ်လိုသေသင့်သလဲ။ ကျနော့်ရင်ထဲမှာ ကမ္ဗည်း ရေးထိုးတင်ထားခဲ့တဲ့ နှင်းဝတ်ရည်ဟာ အဲဒီမေးခွန်းရဲ့ အဖြေပဲ ဖြစ်လိမ့်မယ်ထင်ပါရဲ့။

■ ■ ■

*(ဧပြီလ(၄)ရက်၊ ၁၉၉၉ ခု ညနေပိုင်း(၇)နာရီမှာ ကျော်သက်(မွန်အမျိုးသား)ရဲ့ အိမ် တယ်လီဖုန်း လိုင်းကနေ (RFA) ရေဒီယိုဇာတ်လမ်းကို စီစဉ် ထုတ်လွှင့်ပေးခဲ့တဲ့ ဦးခင်မောင်စိုးထံ ဒီဇာတ်လမ်းကို ပေးပို့ခဲ့တယ်။ ပထမအကြိမ် ဇာတ်လမ်း အသံသွင်း စဉ်က နှင်းဝတ်ရည်အဖြစ် မမင်းမင်းထွေးငယ်၊ ဗိုလ်ဥာဏ်လင်း အဖြစ် မောင်ကျော်သက် (မွန်အမျိုးသား)၊ ရဲဘော်ကောင်းမြတ်အဖြစ် မောင်စိုးချိန်၊ ဇာတ်လမ်းကြောင်း ပြန်ပြောပြသူ စာရေးသူအဖြစ် ကောင်းမြတ်တို့က အသံဖြင့် သရုပ်ဆောင်ကြတယ်။ နောင်တွင် RFA အမှုထမ်းများနဲ့ သရုပ်ဖော်အသံသွင်းကာ ထုတ်လွှင့်ခဲ့တယ်။)*

ဧပြီလ (၄) ရက်၊ ၁၉၉၉ ခုနှစ်။
နံနက်(၃း ၃၅)။